
သစ္စာကြယ်စာပေ

ထုတ်ဝေခွင့်ရပြီးဖြစ်တဲ့ ကျောင်းသားသမဂ္ဂနောက်ခံ ၁၉၇၀ခုနှစ်က အောင်မြင်ထင်ရှားခဲ့တဲ့ ဝတ္ထု

# နှင်းဆီကမွှေး

ခင်ဆွေဦး




www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | မင်းတိုးနိုင် |
| ဒီဇိုင်း | - | အေးမြူအောင် |
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၂ စက်တင်ဘာ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (ဇင်ရတနာစာပေ)<br>အမှတ် ၂၀၅၊ တ၁၊ မြို့သစ် (တ+ခ) ရပ်ကွက်၊<br>အင်းစိန်မြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးစွန်ကော်လှ (မြ-၀၅၅၅၇)<br>မာကျူရီပုံနှိပ်တိုက်<br>၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| တအုပ်ချုပ် | - | စွယ်တော် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |
| စီစဉ်သူ | - | မိုးအောင်နိုင် |

၈၉၅.၈

ခင်ဆွေဦး

နှင်းဆီကမွေး / ခင်ဆွေဦး ။ - ရန်ကုန်

အရှေ့ကြယ်စာပေ၊ ၂၀၁၁။

၃၀၀ - စာ၊ ၁၃ စင်တီ × ၂၀ စင်တီ။

(၁) နှင်းဆီကမွေး

တအုပ်အမှတ်-၆

# နှင်းဆီကမွေး

ခင်ဆွေဦး

ဖြန့်ချိရေး

အရှေ့ကြယ်စာပေ

ဖုန်း - ၀၉၅၀၃၇၃၅၈၊ ၀၉၄၂၀၁၂၈၇၉၃

www.burmeseclassic.com

## ကျေးဇူးစကား

ကျနော်ယုံကြည်ရာကို လုပ်နိုင်ဖို့ မေတ္တာမပျက် ခွင့်ပြုခဲ့တဲ့ ကျနော့်ရဲ့ မိခင်နှင့် ဖခင်.....

ကျနော့်ကို မိခင်ရင်းသဖွယ် သွန်သင်ဆုံးမကူညီစောင့်ရှောက်ပေးနေတဲ့ မေဦး (ဆရာမကြီး ဒေါ်ခင်ဆွေဦး)....

ကျနော့်ရဲ့ လုပ်ရပ်များကို ဝေဖန်အကြံပေးခဲ့ပြီး "နှင်းဆီကမ္ဘေး" ဝတ္ထုအဖုံးကို မေတ္တာဖြင့်ရေးဆွဲပေးသော ကျနော့်အကို "မင်းကိုနိုင်"

"အရှေ့ကြယ်စာအုပ်တိုက်"ကို ဝန်းရံအားပေးနေကြသော လုပ်ဖော်ကိုင်ဖက်ရဲဘော်များ၊ စာဖတ်ပရိသတ်များကို ကျေးဇူးဦးတင်လျက်...

မျိုးအောင်နိုင်
စိစဥ်သူ
အရှေ့ကြယ်စာအုပ်တိုက်

## နှင်းဆီကမ္ဘေးအတွက် စကားဦး

(၁)

နှင်းဆီကမ္ဘေး ဇာတ်ဆောင်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသား တ-က-သ ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၊ အမှုဆောင်များ လှုပ်ရှားမှုကို အသက်ဝိညာဉ်သွင်းခဲ့တာ ဖြစ်ပါတယ်။ တည်နေရာကို ကျောင်းကြီးရဲ့အဓိပတိလမ်းဂိတ်အဝင်မှ စတင်ခဲ့ပါသည်။ ကမ္ဘာ့အလယ်မှာ ထင်ရှားတဲ့ ရုရှားစာရေးဆရာကြီး အီလယာအိုင်ရင်းဘတ်(ခ်) ILya Ehrenburg ပါရီကျဆုံးခန်း (၃)တွဲ ရေးခဲ့သူမှာ စာအတွေ့အကြုံ အတ္ထုပ္ပတ္တိမှတ်တမ်းကို ဝတ္ထုပုံမာရေးခဲ့သလို ကျမမှာ နှင်းဆီကမ္ဘေးကို ရေးတာဖြစ်ပါတယ်။ အိုင်ရင်းဘတ်(ခ်)၏ ပါရီမြို့ဟာ သူ့ဇာတ်ဆောင်ဖြစ်သလို ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှာလည်း ပင်မအဓိကဇာတ်ဆောင်ဖြစ်ခဲ့ပါတယ်။

မူလက ကျမ ပါရီကျဆုံးခန်းကို အင်္ဂလိပ်ဘာသာနှင့် ဖတ်ဖူးခဲ့သော်လည်း ကျမ ဆရာမြသန်းတင့် ဘာသာပြန် (ဘဝတက္ကသိုလ်စာပေ) ဖတ်ရချိန်မှာ ပို၍ပို၍ စွဲလမ်းနှစ်သက်ခဲ့ရပါတယ်။ နှစ်ဆီကမ္ဘေးနှင့် အကြောင်းအရာ မတူလှသော်လည်း အတွေ့အကြုံဖြတ်သန်းမှု သံတူကြောင်းကွဲ ဖြစ်ပါတယ်။ ပါရီကျဆုံးခန်းရဲ့ဇာတ်အိမ်က ပိုပြီး ခန့်ထည်ကြီးမားပြီး တောက်ပြောင်လှပါတယ်။ သို့သော်လည်း "နှင်းဆီကမ္ဘေး" ဝတ္ထုစာပေရဲ့ ဝိညာဉ်ကနေ၊ ဖြစ်ကြောင်းအထွေထွေကလည်း ဗမာနိုင်ငံသမိုင်းစဉ်ဆက် မှတ်ကျောက်တင်နိုင်ရန် ကျမ အားထုတ်ခဲ့တာဖြစ်ပါတယ်။ ဝတ္ထုထဲက အမျိုးသား၊ အမျိုးသမီး



www.burmeseclassic.com

ဇာတ်ဆောင်တွေကလည်း များပြားလှတယ်လို့ ထင်မိပါတယ်။

ကျမရဲ့ ပထမဦးဆုံး လုံးချင်းဝတ္ထု ဒို့တိုင်းဌာနီပမာ စာဖတ်သူတွေ ကြိုက်နှစ်သက်စွဲလမ်းခဲ့တဲ့ လုံးချင်းဝတ္ထုဖြစ်ပါတယ်။ စတ္တုကန့်သတ်ချိန် ၅၀၀၀ မရဘဲ ၄၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ စာဖတ်သူတွေ အားပေးဖတ်ကြလို့ ၄၀၀၀ တစ်ပတ်မတိုင်ခင် ပြိုက်ခနဲ ကုန်သွားခဲ့ပါတယ်။ ဒုတိယအကြိမ် ပြန်ရိုက်မယ် ကျမ ကြိုးစားတော့ ထုတ်ဝေခွင့်မရတာပါ။ ဝမ်းနည်းစရာပါပဲ။ ထိုစဉ်က ကျမ ရေးခဲ့တဲ့ 'အင်ကြင်းရဂုံ' လုံးချင်းဝတ္ထု၊ 'နှင်းဆီကမ္ဘေး' လုံးချင်းဝတ္ထု တို့မှာ ထုတ်ဝေခွင့်မရဘဲ တားမြစ်ထားတဲ့ ဝတ္ထုတွေဖြစ်ပါတယ်။ အမှန်မယ် ၁၉၆၂ ဇူလိုင်(၇)ရက် အရေးတော်ပုံပေါ်ခဲ့ပြီးဖြစ်ရာ ဒီဝတ္ထု ပထမအကြိမ် စိစစ်ရေးကလွှတ်လာတာကိုက ကျမ စာရေးသူနှင့် စာဖတ်သူတွေ ကံကောင်းခြင်းပါပဲ။

ဒီစာအုပ်ဖတ်သူ စိစစ်ရေးက ကျမ အစ်မရင်းပမာ ခင်မင်သူက လွှတ်လိုက်တာလည်းဖြစ်ပါတယ်။ နှင်းဆီကမ္ဘေးဝတ္ထု အမှန်မှာ ၁၉၇၀ မှာ ထွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဝတ္ထုဂယက်က အတော်ပင်ရိုက်ခဲ့ပါတယ်။ စာဖတ်သူ တွေတချို့က 'ဒို့တိုင်းဌာနီ'လို ကြိုက်နှစ်သက်အားပေးသူတွေလည်း ရှိကြပါ တယ်။ ဥပမာအားဖြင့် မန္တလေး စာအုပ်ဖြန့်ချိသူ ကိုသန်းဋ္ဌေး(သင့်နော်) ကျောင်းသားဘဝ ဒီဝတ္ထုဖတ်ချိန် ဆယ်တန်းစာမေးပွဲ ကျတယ်လို့ဆိုခဲ့တယ်။ ထို့နောက် မုံရွာ ခင်သန်းဝင်း စသည်တို့နှင့် ကျမ မမှတ်မိတော့သော စာဖတ် ပရိသတ်များကလည်း စာတွေရေးသား ပို့ပေးကြတာပါပဲ။

ဆရာတက်တိုးက ဆရာနှင့် ကျမ အဆက်အသွယ်ဝေးနေတဲ့အချိန် ကာလ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့တဲ့ လုပ်သားသတင်းစာလား၊ ဂါဒီယန်း သတင်းစာမှာလားမသိ စာပေသုံးသပ်ချက် (Review) ရေးသားထောက်ခံခဲ့ ပါတယ်။ ဆရာတက်တိုး ခေါင်းစဉ်က

Khin Swe Oo's 23rd novel.

ဆရာ့ခေါင်းပါးမှာ appreciate လုပ်တာတွေများပါတယ်။ ကျမ ဘဝ ဝမ်းသာတဲ့အချက်တစ်ရပ်က ဆရာတက်တိုး ဂရုတစိုက် တသီးတသန့် ဖော်ပြခြင်း၊ ဒုတိယအချက်မှာ ဆရာက novel ဆိုတဲ့ ဂန္ထဝင်ဝတ္ထုသုံးနှုန်းလိုက် တာပင်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျမရေးခဲ့တဲ့ လုံးချင်းဝတ္ထုတွေဟာ





နိုဗယ်(လ်)အဆင့် ဂန္ထဝင်ဖြစ်တယ်ရယ်လို့ မထင်မိတဲ့အတွက် ဖြစ်ပါတယ်။

ဆရာတက်တိုးမှာ စာတွေအတော်ဖတ်ပြီး စာလည်း အများကြီးရေးနိုင် တဲ့ ဆရာကြီးဖြစ်ပါတယ်။ သည်လို ကံကောင်းပေမယ့် မ·ဆ·လ ခေတ်ကာလ တစ်လျှောက် ထုတ်ဝေခွင့်မရတဲ့ ဝတ္ထုဖြစ်နေပါပကော၊ ဒါတင်မက ကျမရဲ့ အဓိကဇာတ်ဆောင် သမဂ္ဂအဆောက်အဦကြီးကို ဒိုင်းနမိုက်နှင့် ဖြိုခွဲလိုက်ပြီးထဲက ခွပ်ဒေါင်း အိုးဝေအော်သံ ဗမာနိုင်ငံက ပျောက်ကွယ်ခဲ့တာလဲ ကြာခဲ့ပြီကောလေ။

တ·က·သ ဘက်တော်သားလူငယ်တစ်ဦး (စံညိမ်းဦး) ကဗျာဆရာ ရေးတာ ကျမ ဖတ်တော့ လွမ်းမိရုံမက ရင်ဝယ် ဒေါင်းအိုးဝေသံ ပွေ့ပိုက်လို့။

(၂)

အခု···

သေနတ်သံမှာ၊ မိုင်းခွဲခံမှာ

နားပင်းသွားရတဲ့ ကံ့ကော်ပွင့်တွေကို အမှျဝေရမယ်

သွေးစွန်းသွားရတဲ့ ကံ့ကော်ပွင့်တွေကို အမှျဝေရမယ်

အခု

ဘဝဖြိုး အမုန်းမှာ၊ မျက်ရည်ယိုဗုံးမှာ

အတုံးအရုံးကျသွား

အဓိပတိလမ်းကို အမှျဝေရမယ်

တ·က·သ အဆောက်အအုံ နံရံများကို အမှျဝေရမယ်

အမှျဝေရမယ်···

ခု ကျမရေးခဲ့တဲ့ ဝတ္ထုဇာတ်ကို ကျမ တက္ကသိုလ်မရောက်မီ ၁၉၄၆ ခုနှစ်မှာ စတင်ခဲ့ပြီး ကျမတို့ မယ်သစ်လွင် နောက်ဆယ်စုနှစ်မတိုင်မီခေတ် ၁၉၅၁ မှသည် ၁၉၅၆ ခုနှစ်ထိ၊ ရန်ကုန်တက္ကသိုလ် အဝန်းအဝိုင်း ဟူသမျှ ကျမတို့ ခြေရာထပ်ခဲ့တာ အမှန်ပင်။ နေ့ကျောင်းသူ ကျမတို့ ကျောင်းပွဲတော်၊ အစည်းအဝေး၊ ဆွေးနွေးပွဲတို့မှာ အင်းလျားနှင့် သီရိဆောင်တွေမှာ (ယခင် Benton) ညအိပ်ခဲ့သည်ချည်းပင်။ တက်ကြွဖျတ်လတ်တဲ့ ဆယ်ကျော်သက် (၁၇)နှစ်၊ မယ်သစ်လွင်ဘဝ ကမောက်ကမ ဗရမ်းဗတာ ဗမာနိုင်ငံကို ကျမတို့ ကျောင်းသူတွေလည်း ကယ်တင်နိုင်လိမ့်မည်ရယ်လို့ စိတ်ကူးနဲ့ ရူးခဲ့ပါတယ်။



www.burmeseclassic.com

နှင်းဆီကမ္ဘေး အရေးပါတဲ့ဇာတ်ဝင်ခန်း ကျောင်းသားခေါင်းဆောင် 'ညှိအောင်'ကို အာဏာပိုင်စစ်ကြောရေးအခန်းကဏ္ဍမှာ ဦးအောင်မျိုး(ဆေးသိပ္ပံ) နှင့် မောင်ရေအေးတို့ရဲ့ ဂျူလီယက်ဖူးချစ် ဆောင်းပါးကို မှီးပါတယ်။ ကျမ သင်ဆရာများဖြစ်ကြတဲ့ ဆရာဦးမောင်မောင်ကြီး၊ ဦးကျော်ရင်၊ ဦးလှမောင်၊ ဦးလှရွှေ၊ ဒေါ်သန်းဆွေ၊ ဒေါ်ခင်စော၊ ဒေါ်မြင့်သန်း၊ ဒေါ်နုနု(စိတ်ကြိုက်မြန်မာစာ)၊ ဆရာဦးဘညွန့်(သမိုင်းပါမောက္ခ)၊ ဒေါ်မြစိန်၊ ဒေါက်တာသန်းထွန်း(သမိုင်းပါမောက္ခ)၊ ဒေါက်တာအုန်းခိုင်၊ ဦးတင်အုန်းနှင့် ဒေါ်မမကြီး(ခေတ်သစ်ကမ္ဘာ့သမိုင်း)၊ ဒေါက်တာဦးလှဘူး၊ ဒေါက်တာစိန်တူ၊ မစ္စတာကား၊ မစ္စတာ ဒတ်(စ်)၊ ဆရာဦးဖေအောင်၊ ဒေါ်အေမီ သွယ်နှင့် ဒေါ်မမလေး (စိတ်ပညာနှင့် ဒဿနိက)၊ ဒေါ်သိန်းညွန့်၊ ဆရာ ခင်မောင်လတ်၊ မစ္စစ်ဒွေး၊ ဒေါ်တင်စောမူ၊ မစ္စကံကြီးနှင့် ဒေါ်ခင်သီဒါ (အင်္ဂလိပ် ဘာသာ)တို့ကို ဒီစာအုပ်နှင့် ပူဇော်ကန်တော့ပါကြောင်း မှတ်တမ်းတင်ခဲ့ပါတယ်။

သည်စာအုပ် နှင်းဆီကမ္ဘေးကို ပြန်ထုတ်ဝေခွင့်ရတဲ့အတွက် ဒီမိုကရေစီလမ်းစဉ် ဆောင်ရွက်နေဆဲ လက်ရှိအစိုးရကိုလည်းကောင်း၊ သမိုင်းစဉ်ဆက်၊ ခေတ်အဆက်ဆက်၊ ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်၊ မျိုးဆက်သစ်လူငယ်အပေါင်းတို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။

ဘယ်လိုမှ မမေ့နိုင်တဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာစာအပွဲ့ဟာ ကျမတို့ရင်ထဲ နှလုံးသားမှာ ကမ္ပည်းတင်လို့ အမဝေဖြစ်နေပါပြီ။

ကောင်းကျိုး အထွေထွေရယ်နှင့်
ချွန်စေ မြစေ စော
ခေါင်းအိုးဝေရယ်လို့
တွန်စေ ကစေ သော ....

ခင်ဆွေဦး

* * *



ခင်ဆွေဦး

# နှင်းဆီကမ္ဘေး

(၁)

မမေ့ရက်နိုင်သော အတိတ်ကြေးမုံပြင်သည် တစ်သက်ပန်လုံး ရေးရေးမကထင်ခဲ့သည်ချည်းပင် ဖြစ်ပါသည်။ ယောင်းဖြစ်သနစ်ကို ဆန်းစစ်၍ မတွေးချင်ပေမင့်လည်းမရပါ။ အရိပ်သဖွယ် နောက်က ထက်ကြပ်လိုက်၍သာ နေတော့သည်။

ရန်ကုန်တက္ကသိုလ် အဆောက်အဦ နေရာဌာနတွေအားလုံးမှာ ဟိုယခင်ရှေးနှင့် မတူပေပြီ။ အပိုင်းလေးမှ ဆင်းလိုက်သည်နှင့် ငွေမင်ရောင်သံတံခါးကို ခန့်ထည်စွာ တွေ့မြင်လိုက်ရပေသည်။

အမိပတိလမ်းဘေး တစ်ဖက်တစ်ချက်မှ တမာပင်များကတော့ ဟိုရှေးတုန်းကလို စိမ်းလန်းစိုပြေမြဲ ဖြစ်သည်။ နုစိုသော နှင်းရည်ငွေစက်ဖျန်းပက်ထားသဖြင့် မြစိမ်းရောင် လျှမ်းနေသည့် မြက်ခင်းပြင်ကလေးများမှာ ညီညီညာညာ ရိတ်ဖြတ်ထားလေသည်။

ကိုညှိအောင်မှာ တဖြည်းဖြည်း လမ်းလျှောက်ဝင်လာရင်း ဒဂုံဆောင်သို့ သွားရာလမ်းဆီသို့ ဦးတည်သွားလေရာ အုတ်နီရင့်ရင့်နှင့် ဒဂုံဆောင် (ဟိုတုန်းက ဝယ်လင်တန်)က တည်ငြိမ်စွာ ဆီးကြိုလင့်ဟန်ရှိသည်။

ဒဂုံဆောင်နှင့် မျက်နှာချင်းဆိုင်တွင် ကိုညှိအောင်တို့ခေတ်က မရှိခဲ့သော တောင်ငူဆောင်ကို တွေ့မြင်ရသည်။

ထို့နောက် ရွှေဘိုဆောင် (ဟိုစဉ်က နေ့သယ်ယော (ဝါ) ဥတ္တရဆောင်)ကား သစ်ပင်ဝါးရိပ်များ အကြားတွင် ထီးထီးကြီး တည်ရှိနေသည်။ အစိမ်းရှင့်တွင် အဝါပြောက်ကျားနှင့် နီညိုမှိုင်းမှိုင်း ရွက်လှပင်လေးများကို ရွှေဘိုဆောင်

www.burmeseclassic.com

ဆင်ဝင်ရှေ့တွင် စီရရီ စိုက်ပျိုးထားလေသည်။ ရွှေဘိုဆောင်ကတော့ သုံးနှစ်သုံးမိုး အရိပ်ခိုခဲ့ရသည်မို့ ထူးခြားသော တွယ်တာမှုနှင့် လှမ်းမျှော် ကြည့်လိုက်မိသည်။

ရွှေဘိုဆောင်နှင့် ဓားလွယ်ခုတ်နေရာတွင်တော့ ကျောင်းသူများနေထိုင်ရာ သီရိ (ယခင် ဘင်တန်)ဆောင်ကို ပြည်လမ်းနှင့် ဘေးတိုက်တည်နေသည်ကို တွေ့ရသည်။ ဘင်တန်ရှေ့မှ ဂျပ်ဆင်ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှ ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိလှလေသည်။ ကျေးတောင်ဖြန့်ဘိသကဲ့သို့ စိမ်းလန်းသော ဝါးရုံပင်များက ဝိုင်းရံလျက် ပေါက်ရောက်နေသည်။

ဝါးရုံပင် ခပ်အုပ်အုပ်လေးများကို မြင်ရတော့ ဟိုယခင်က ရှိခဲ့သလား မရှိသလား မမှတ်မိတော့။ သည်ဆီ နေရာတစ်ဝိုက်တွင် သစ်ပင်ကလေးများ ခပ်အုပ်အုပ် ရှိတတ်သည်ကိုတော့ အမှတ်ရနေမိလေသည်။

ပို၍ အမှတ်ထင်ထင်ရှိတာ တစ်ခုကတော့ မင်္ဂလာဒုံလမ်းဘက် ခပ်ကျကျ၌ မရမ်းပင်အိုများ။ ရွက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်လျက်၊ ရိပ်လည်း မြိုင်မြိုင် ရှိခဲ့သည်ပင်တည်း။

ထိုမရမ်းပင်များအောက်၌ ခြောက်သွေ့သော မြက်ခင်းကွင်းပြင် ရှိလေသည်။ ကွင်း၏အဆုံး လှည်းတန်းထိပ်တက်၌ ပေပင်ကြီးတစ်ပင် ခပ်မြင့်မြင့် ပေါက်ရောက်နေသည်။ ထိုအပင်၌ သရဲခြောက်သည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ ကိုညိုအောင်တို့မှာ သရဲခြောက်သည် ဆိုသည်ကို မယုံကြည်လှသော်လည်း ည လှည်းတန်းထိပ်သို့ ဘယ်သူမှ တစ်ဦးတစ်ယောက်တည်း သွားလေ့မရှိကြ။ ညနက်နက်အချိန်ဆိုလျှင် အုပ်စုနှင့်သာ သွားလေ့ရှိကြသည်။

ယခုအချိန်ကား ဤကွင်းပြင်နေရာ၌ ရာမညနှင့် အမရဆောင်တို့ အသစ်မွေးဖွားခဲ့ပေပြီ။ အချိန်နှင့်အတူတူ အစစအရာရာ ပြောင်းလွဲခဲ့ပေပြီတကား။

မိန်းကလေးများ၏ သီရိဆောင် ခြံဝင်းမှာ ရွက်လှပင်များနှင့် ခြံစည်းရိုး ခတ်ထားလေသည်။ ဆင်ဝင်ရှေ့ အုတ်နံရံတွင်ကပ်လျက် ပေါက်ရောက်နေသော ခရမ်းပြာရောင် ပန်းကုပ်ကုပ်လေးများ ပွင့်လျက်ရှိသည့် နွယ်ပင်တစ်မျိုးကတော့ ဟိုယခင်ရှေးကတည်းက ရှိခဲ့လိမ့်မည်ဟု ကိုညိုအောင် တွေးနေမိသည်။

အမိတက္ကသိုလ်နယ်မြေသို့ ပြန်လည်လာရခြင်းသည် အမိ၏ရွှေးထွေး





သောရင်ခွင်ထဲသို့ မှေးဝင်လာရသည့်ပမာ လန်းဆန်း အားတက်သွားမိလေသည်။ နုပျိုသစ်လွင်သော စိတ်လည်းဖြစ်မိသည်။ ထို့နောက် တမ်းတစရာတွေ တဝေဝေနှင့် လွမ်းမျှော်မိသည်။

ဤနေရာ ဤဌာနတွင် လူငယ်ဘဝ ဇရုတ်ကျ၍ ပျော်လည်းပျော်ခဲ့ဖူးပြီ။ အချစ်အတွက် အသည်းလည်း ကွဲခဲ့ဖူးသည်။ အရိုးကြေကြေ အရေခန်းခန်း စိတ်နှင့် ပညာရေး၌ ကြိုးလည်းကြိုးပမ်းခဲ့ဖူးသည်။ နိုင်ငံရေး၊ လူမှုရေး၊ ရည်မှန်းချက် အပြည့်နှင့် ခေါင်းဆောင်လမ်းပြ ကိုအောင်ကျော်ကဲ့သို့ ရှုပ်ရှုပ်ချုံချုံ ထမ်းရွက်ကာ သေမင်းနှင့်လည်း အကြိမ်ကြိမ် စစ်ခင်းခဲ့ဖူးပေပြီ။

လူ့ဘဝ၌ ကိုးပါးတည်းဟူသော စိတ်ခံစားမှု ရသာစုံကိုလည်း မြည်းစမ်းခဲ့ဖူးပေပြီ။ 'ချစ်ရွှင်သနား၊ တည်ကြားကြမ်းကြုတ်၊ စက်ဆုတ်ကြောက်ရွံ့၊ ရဲဝံ့အံ့ဩ၊ နောအရသာ ကျူမ်းဝင်လာ' ဆိုသည့်အတိုင်း

သိင်္ဂါရ ရသ မည်သော ချစ်ခြင်းနှင့် ချစ်လည်းချစ်ခဲ့ဖူးပေပြီ၊ ဟာသ ရသမြောက်စရာ ကောင်းအောင် ရွှင်လည်းရွှင်လန်းခဲ့ဖူးပြီ။

ကရုဏာရသနှင့် အလွမ်းခန်းတွင် အပူတိုက် ငိုပွဲဆင်ခဲ့ဖူးပေပြီ။

ရဲရဲဝံ့ဝံ့နှင့် စွန့်စားခန်းတွေလည်း ကြုံခဲ့ရဖူးသည့်အပြင် ကြောက်စရာ အဖုံဖုံ၊ စက်ဆုတ်စရာ အနန္တတွေနှင့် လူ့ဘဝအဓိပ္ပာယ် ဖွင့်လှစ်ခဲ့ဖူးပေပြီ။

သည့်နောက်တော့ ဘာလိုသေးသနည်း။

* * *



www.burmeseclassic.com

(၂)

၁၉၅၁ ခုနှစ် ရန်ကုန်တက္ကသိုလ်၏ ဆောင်းည တစ်ည။

ထိုညက ပြည့်လုဆဲဆဲ လမှာ ထိန်ထိန်သာနေသည်။ ထို့ကြောင့် တက္ကသိုလ်တစ်ခုလုံးကို ငွေရောင်က သိုင်းခြုံရစ်ပတ်နေသည်။ အရိပ်ကျသော နေရာတို့တွင်သာ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

ည ၈ နာရီခန့်သာရှိသေးသော်လည်း စိမ့်အေးသော ဆောင်းညမို့ထင့်။ အဆောင်များတွင် အသံဗလံများ မကြားရ။ သီရိဆောင်မှ အသံစာစာကလေး များကလည်း တိတ်ဆိတ်နေသည်။

သို့ကြောင့်ပင် 'အောင်မောင်း' က ပိုလို့အတင့်ရဲကာ သူ့ အသံပြာကြီးနှင့် ဟစ်၍ဟစ်၍ နေသည်။ အသံမှာ စူးစူးဝါးဝါး ရှိလှလေသည်။

"လမင်း ထိန်ထိန်သာလေ့
မောင်ကြီး လာပါပြီလေ့
ညချမ်း ချိန်ခါမှာလေ့
ပျိုလေး ဘယ်ဆီမှာလေ့
ကြောက်လွန်းလို့ တော်တော်၊ ခေါ်ပါနဲ့ လေး…လေး"

သန်းငွေမှာ အောင်မောင်းနှင့် ဘောချင်းယှဉ် လျှောက်လာရာမှ …

"မင်း ဒီလိုဟစ်နေရင် ပိုဆာမှာပေါ့ကွ၊ ဆာတယ်လည်း ဆိုသေး၊ အသံပြဲကြီးနဲ့ အော်နေ"

ဟန့်လိုက်သော်လည်း အောင်မောင်းကား သီချင်းအဆို မပျက်ပေ။



www.burmeseclassic.com

ချစ်ဦးက ဖြည်းညင်းစွာ လျှောက်လာရင်း သူ့ပုဆိုးကို အောင်မောင်းနည်းတူ ကွင်းသိုင်းလိုက်လေသည်။

"ဟော ဟော၊ လန်ဘား တောသား၊ ဓာတ်က ပြလာပြီ"

သန်းဌွေးက ပြောရင်း ရယ်နေသည်။ အောင်မောင်းကမူ လုံချည် ကွင်းသိုင်းထားရာမှ ပခုံးထက်၌မြဲ့ရင်း သီချင်းတစ်ပုဒ်ကို ကောက်ဟစ်လိုက် ပြန်သည်။

*ရွှေလမှုန်မှုန်၊ ပန်းခြံဝဆီက…ပုဆိုးခြုံကာ လှုပ်ပြပါလို့၊*
*ခွန်းသလျှက်သံတကြော်ကြော်၊ချိုးမွတ်လို့ ခေါ်တယ်လေလေ…။*

အောင်မောင်းက သီချင်းအချ ချစ်ဦးက သူ့ပါးစပ်တွင် လက်နှစ်ဖက် အုပ်ကာ 'ချိုးမွတ်' သလို တကူးကူးနှင့် မှုတ်ရင်း သီရိဆောင် အပေါ်ထပ်သို့ မော့ကြည့်လိုက်လေသည်။ အောင်မောင်းက ချစ်ဦးအား …

"အေး မော့မကြည့်နေနဲ့၊ သတ္တိရှိရင် တံခါးက ကျော်ဝင်သွား"

ချစ်ဦးက ဓာတ်ဟန်နှင့် ခေါင်းတခါခါ ရမ်းကာ …

"အမေစံဌွေးကို ကြောက်လွန်လွန်းလို့ပါနော်"

အောင်မောင်းက သီချင်းကို ဆက်ဆိုပြန်သည်။

*မိခင် ဖခင်အုပ်ပါလို့ ကျဉ်းကြပ်တယ်…ကျဉ်းကြပ်တယ်။*
*မောင်တွေ မောင်တွေ အုပ်ပါလို့ စိတ်ရှုတ်တယ်…စိတ်ရှုတ်တယ်။*
*ဘယ်နဲ့ ကြံလို့ ဗျာဆံဝိုက်ကယ်…ဆင်းလိုက်ရ လိုက်ရမယ်…။*

ဟစ်ရင်းဟစ်ရင်း ကျင့်သားရကာ အောင်မောင်း၏ အသံပြာလွဲလွဲမှာ ကြည်လင် ကောင်းမွန်လာလေသည်။ အဟိုက်အဟဲတွေနှင့် ဘယ်သံညာသံ အကူးအပြောင်း ပညာစုံပြနေသည်။

"အောင်မောင်းကွ အောင်မောင်း၊ သူ့အမေ ပွဲခင်းထဲဗိုက်နာပြီး မွေးလာရတဲ့ ကလေးနော်၊ ဘာတဲ့ ကြိုးစားလိုက်စမ်း"

ချစ်ဦးက အောင်မောင်း၏ ကျောပြင်ကျယ်ကြီးကို ပုတ်ကာ ချီးကျူး ထောပနာ ပြုလိုက်လေသည်။ ထို့နောက် ချစ်ဦးက အောင်မောင်းငယ်စဉ်က အကြောင်းကို ဇာတ်ကြောင်းပြန်နေသေးသည်။ ပုသိမ်မြို့တွင် ဇာတ်မင်းသားကြီး





ဦးအောင်မောင်း လာကစဉ်အခါက ကျောင်းသားအောင်မောင်း မိခင်က သူ့ကိုယ်ဝန်ကြီးနှင့် ဝမ်းနာသည်ဆိုပဲ။

ဦးအောင်မောင်းက အိမ်တွင်း မင်းမဟာဂီရိ ဇာတ်ခင်းရာ ပန်းပဲ မောင်တင့်တယ်အဖြစ်နှင့် ပန်းပဲဖိုကပြန်အလာ သူ့ အလွန်ချစ်မြတ်နိုးသော နှမလေးများ မြတ်လှ၊ ဒွေးဖြူတို့အတွက် ကစားစရာနှင့် စားစရာ သစ်သီး၊ ပန်းမန်များ ယူလာလေသည်။ အိမ်ကျတော့ နှမကြီးမြတ်လှကို ရှင်ဘုရင်က အိမ်ကို ရာဇမတ်ကာပြီး မင်းအာဏာနှင့် ကောက်သွားသည်ကို သိရသောအခါ ရင်ထဲ ဟာခနဲဖြစ်သွားပြီး မျက်ရည်စိုရွှဲ၍ ငိုပွဲကြီး ဆင်ပါလေတော့သည်။

အောင်မောင်းကလည်း အလွမ်းကောင်းကောင်း၊ သူကောင့်သား အောင်မောင်းလေး မိခင်ကလည်း မျက်ရည်တရွှဲရွှဲနှင့် ကြည့်ရင်း ဗိုက်နာပါလေ တော့သည်။ အိမ်သို့ မြင်းလှည်းနှင့်ပြန်တော့ ရေမွှာပေါက်ကာ လမ်းမှာတင် အောင်မောင်းလေးကို မွေးဖွားလေတော့သည်။

သို့ကြောင့် 'အောင်မောင်း' ဤမျှ အသံကောင်းခြင်း ဖြစ်သည်ဟု ချစ်ဦးက ထောက်ခံပြောဆိုနေခြင်း ဖြစ်သည်။ သန်းဌွေးက ရယ်၍သာနေသည်။ ညိုအောင်ကမူ စကားမပြော တုံဏှိသော။ လမ်းတစ်လျှောက်လုံး ငြိမ်သက်လာကာ တစ်ပဲတန် ကျားပုံမကောက်ဆေးလိပ်ကို မြိန်ရေယှက်ရေ ရှိုက်ဖွာလာလေသည်။

"ငါ့နှယ်နော် ဆာလိုက်တာ၊ ဆာလိုက်တာ"

အောင်မောင်းက သီချင်းရပ်နားသည့် အခိုက်အတန့် အတွင်းမှာပင် တစာစာ ညည်းညူလာလေသည်။

"မသေမချင်းမှတ်ထား မသာရဲ့၊ ခုလို ဘိုင်ကျနေတဲ့အခါမှာ ထမင်းကို အဝအပြဲ ကောင်းကောင်း မကောင်းကောင်း သွပ်မျိုဆို့ရတယ်၊ ခုမှ ခွေးနာ လောက်ကိုက်သလို ညည်းမနေနဲ့၊ ညနေက အဝ စားမထားဘဲနဲ့"

ချစ်ဦးက အောင်မောင်း ခေါင်းကိုပုတ်ပြီး ပြောလိုက်လေသည်။

"ဘယ်လိုလုပ် အဝမျိုနိုင်ပါ့မလဲ သူငယ်ချင်းရယ်၊ မတရားမပြောပါနဲ့ ဘဲဥချဉ်ရေဟင်းကြီးကို၊ ထမင်းကလည်း မနူးမနပ်၊ စိမ်းဆတ်ဆတ်၊ ထမင်းပေါ့လို့ ကလည်း အပဲ့၊ ထမင်းအုပ်မှ မရှိဘဲကိုး၊ ဦးသော် ပန်းကန်စက်က ပန်းကန်



www.burmeseclassic.com

ကလည်း စားပွဲမှာ တလည်လည်နဲ့၊ ဟင်းရည်လေးလိုချင်လို့ စားပွဲထိုးကို ဖွန်းနဲ့ခေါက်ခေါ်လိုက်ပါတယ် ကြေညှိတက်နေတဲ့ ငွေဖွန်း အကောင်းစားကလည်း ကျိုးသွားတော့ အမယ်မင်း အမွေသားဖြစ်ပုံ မြင်လှည့်ပါဦး"

အောင်မောင်းက ငိုချင်းချကာ ငိုဟန်နှင့် ပုဆိုးကို မျက်နှာတွင် အုပ်လိုက်လေသည်။ ထို့နောက် အဟုတ်တကယ် နပ်ညှစ်ပြီး ချစ်ဦး၏ပခုံးကို လှမ်း၍ နပ်သုတ်လိုက်လေသည်။

"ဟော့ မညစ်ပတ်နဲ့ မအေပေးမျိုး" ဟု ချစ်ဦးက ဆဲရေးနေသည်။

အဖော်များက ရယ်နေကြသည်။

"ခုနယ်များနော် စားချင်လိုက်တာ၊ ဘဲပေါင်းခေါက်ဆွဲ၊ ကော်ပြန့်စိမ်း၊ ပြီးတော့ ကီးမားပလာတာ၊ ဆိတ်သားကင်၊ အမေတို့ ချက်တတ်တဲ့ ဆိတ်ကလီစာဟင်းရယ်၊ အုန်းထမင်း၊ ဗာလချောင်ကြော်၊ ပြီးတော့ ပြီးတော့"

အောင်မောင်းက နှုတ်ခမ်းကို လျှာနှင့်သိမ်းကာ ပြောဆဲ၊ ချစ်ဦးက…

"ညည်းမနေနဲ့ ငါ့လူ ညည်းမနေနဲ့၊ အခွင့်အရေးဆိုတာ ညည်းနေလို့ မရဘူး၊ အနုနည်း အကြမ်းနည်း တိုက်ယူမှရတယ်၊ တိုက်ပွဲဆင်ရတယ် နားလည်လား၊ ခုတင်ထိ၊ ကုလားထိုင်ထိ၊ စားပွဲထိဖွင့် သံမံသလင်းပေါ် အိပ်တဲ့လူ အိပ်ရတယ်၊ ပြီးတော့ တစ်လအတွက် ကြိုပေးရတဲ့ ထမင်းလခ ကြွေးကလည်း မပေးရသေးဘူး၊ ကြွေးမကြေရင် စာမေးပွဲ မဝင်ရဘူးတဲ့၊ ထမင်းလခ ကြွေးကျန်တဲ့သူတွေကို ထမင်းမကျွေးရဘူး၊ စားပွဲမှာ မချရဘူးလို့ အမိန့်ထုတ်တယ်ကွ"

"ဟေ တကယ်လား"

နဂိုဆတသည့် ဗိုက်မှာ ပို၍ ဟောင်းလောင်းဖြစ်ကာ အောင်မောင်း၏ ကျည်းမြောင်းသော မျက်လုံးပေါက်မှာ ပြူးသွားလေသည်။ သန်းငွေးက …

"ဝမ်းတစ်ထွာတိုက်ပွဲဆိုတာ ဒါပဲမောင်၊ ဝမ်းတစ်ထွာကြောင့် ငါတို့လို တက္ကသိုလ်မလာနိုင်တဲ့ လူတွေကလည်း တစ်ပုံကြီး၊ ကောလိပ်ပညာ တစ်ပိုင်း၊ တစ်စနဲ့ အလုပ်ထွက်လုပ်တဲ့လူက လုပ်၊ စစ်ထဲဝင်တဲ့လူက ဝင်၊ ငါတို့ထက် ဆင်းရဲတဲ့လူတွေက မြန်မာပြည်မှာ တစ်ပုံကြီး၊ ငါတို့လည်း ဘယ်တော့





ကျောင်းထွက်ရမယ် မသိ"

သည်တော့ လေးနက်တည်ကြည်သော စကားများကို ဆိုနေပြန်သည်။ ချစ်ဦးကမူ ပြောရင်း ဖောက်လာပြန်ကာ လက်အုပ်ချီလျက် နားထောင်နေသည်။ ထို့နောက် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသော 'ညှိအောင်' ဘက်သို့ မျက်စပစ်လိုက်လေသည်။

သန်းငွေးက တစ်စုံတစ်ခုကို သတိရသလို။

"ဟော့ ခုတစ်လော ညှိအောင်တစ်ကောင် ငြိမ်ချက်သားကောင်းလှ ချည့်လား"

"ဒီကောင် ကျဆုံးတာ တော်တော်ကြာပြီပဲ"

ချစ်ဦးက ဝင်ဖြေသည်။ ညှိအောင်က တစ်လမ်းလုံး ဆေးပေါ့လိပ်ကို ဖိမ်နှင့် မှိန်းလာလေသည်။ ချမ်းသဖြင့် ဘယ်လက်ကို အသာပိုက်ကာ ကိုယ်ကို အသာကျုံ့ထားသည်။ ဆေးလိပ်ခိုးများ မှုတ်ထုတ်ကာ စကားမပြော ငြိမ်မြဲ ငြိမ်နေသည်။

သူသည် ချစ်ဦး ဝေဖန်သကဲ့သို့ပင် အခိုက်အတန့်အားဖြင့် ကျဆုံးသော လူတစ်ယောက် ဖြစ်နေပေသည်။ ဟိုစဉ် ၁၉၄၇ ခုနှစ်ထဲက တက္ကသိုလ်ရောက် ခဲ့သော ကိုညှိအောင်သည် ကျောင်းသားတစ်ပိုင်း၊ နိုင်ငံရေးသဗ္ဗဝါတစ်ပိုင်းလည်း ဖြစ်ခဲ့ချေသည်။

၁၉၄၇ ခုနှစ်သည် ပြည်သူလူထု၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ပြင်းထန်လျက်ရှိသော အချိန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လန်ဒန်မြို့တွင် ဗြိတိသျှအစိုးရနှင့် လွတ်လပ်ရေးအတွက် အရေးဆိုနေစဉ် မြန်မာပြည်တွင် အထွေထွေသပိတ်ကြီးမှောက်လေသည်။

တက္ကသိုလ်သမဂ္ဂသည်လည်း အမျိုးသားလွတ်လပ်ရေး တိုက်ပွဲတွင် အားတက်သရော ပါဝင်ခြင်းအားဖြင့် သပိတ်မှောက်ကြသည်။ သပိတ်မှောက် စခန်း သီးသန့်ဖွင့်ခြင်းမရှိသော်လည်း သပိတ်မှောက်ပြီး အိမ်သို့ပြန်ကြသည်။

ထိုစဉ်က ကိုညှိအောင် ခေါင်းဆောင်သော ကျောင်းသားတစ်စုသည် သမဂ္ဂအဆောက်အဦပေါ်သို့ စုရုံးရောက်ရှိလာခဲ့ကြသည်။ လူငယ်အများအပြားမှာ



www.burmeseclassic.com

ဖက်ဆစ်တော်လှန်ရေး ရဲဘော်ဟောင်းများနှင့် အာရုလူငယ်များ ဖြစ်ကြသည်။

သမဂ္ဂအလံတော်အောက်တွင် တက္ကသိုလ် သံမဏိတပ်ဖွဲ့ကို ကျောင်းသားလူငယ်တို့ ဖွဲ့စည်းကြသည်။ တပ်မှူးမှာ ဂျပန်ပြန် ကိုဗထွေး(ယခု အရှေ့တောင်တိုင်း ဒုဗိုလ်မှူးကြီးဗထွေး) ဖြစ်လေသည်။

သမဂ္ဂဥက္ကဋ္ဌ ကိုသန်းမောင်က "ကလောင်မှ ရိုင်ဖယ်ဖြစ်စေမည်၊ မင်အိုးမှ လက်ပစ်ဗုံး ဖြစ်စေမည်"ဟု လွတ်လပ်ရေးအတွက် ကြွေးကြော်ခဲ့သည်။ ယင်း ကြွေးကြော်သံနှင့်အညီ စစ်ပညာ လက်တွေ့သင်တန်းကို နေ့ရောညပါ ရက်တိုတိုနှင့် ပြင်းပြင်းထန်ထန် သင်ကြားခဲ့ကြရသည်ကို မမေ့နိုင်လေ။

ထိုစဉ်ကပင် လက်တွေ့စတင် ရင်းနှီးခဲ့ရသော ရိုင်ဖယ်သေနတ်နှင့် လက်ပစ်ဗုံးဆိုသည်ကို ၁၉၄၉ ခု နွေနှောင်းဝသာန်ကာလတွင် စုလျားရစ်ပတ် ခဲ့ရပေသည်။

ထိုအချိန်၌ အသက်ကို တွက်စစ်လျှင် (၁၈)နှစ်ပင် မပြည့်တတ်သေး။ သို့သော် မိမိတို့ခေတ်က (၁၈)နှစ်ဆိုသည်မှာ နို့အပ်မစင်သော အရွယ်ကဲ့သို့ မိဘရင်ခွင်တွင် နွဲ့နေခဲ့ရသည်မဟုတ်ပါ။ ကြောက်မက်ဖွယ်ရာ ဒုတိယကမ္ဘာစစ်၏ အတွေ့အကြုံနှင့် ဖတ်ရှုလေ့လာခဲ့ရသော နိုင်ငံရေးကျမ်းကြီးကျမ်းငယ် အသွယ်သွယ် တို့ကြောင့် ရင့်ကျက်ခဲ့ရပေသည်။

သည်အရွယ်မျိုးနှင့်ပင် ကိုယ်ကျိုးကို လုံးဝ စွန့်လွှတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယုံကြည်ချက်နှင့် စိတ်ဓာတ်က ပြင်းလည်းပြင်းပြ၊ ထက်လည်းထက် သန်ကာ၊ ကိုလိုနီပညာရေးနှင့် လူတန်းစားတိုက်ပွဲကို ဆင်နွှဲရင်း အစိုးရက သတ်မှတ်ထားသော အမှောင်ဖုံးလောကသို့ ဖြုန်းစားကြီး မမျှော်လင့်ဘဲ ရောက်ခဲ့ လေသည်။ သည့်နောက်တော့ …

"ညိုအောင်"

"ညိုအောင် ဟေ့ ကောင်ကြီး"

"ဘာတုန်းကွ၊ တကြော်ကြော်နဲ့"

အတွေးများ တမဟုတ်ခြင်း ပျက်ပြယ်သွားခဲ့ရသဖြင့် ညိုအောင်က သူ့ကို တကြော်ကြော်နှင့် ခေါ်၍မဆုံးနိုင်သော သန်းဌွေးကို လှမ်းငေါက်ပစ်လိုက်





လေသည်။ သန်းဌွေးက ညိုအောင်၏ ပခုံးကို ဖျတ်ခနဲ ပုတ်ကာ …

"ဘယ့်နှယ့် ဘေးထိုင်ပြီလား သူငယ်ချင်း"

သန်းဌွေးမှာ သူနှင့် ရွယ်တူပေမင့် မနေ့တစ်နေ့ကမှ တက္ကသိုလ်ရောက် လာကာ စိတ်အားထက်သန်စွာနှင့် တက်တက်ကြွကြွ ဖြစ်နေသည်။ သမဂ္ဂ အမှုဆောင်အဖြစ် အရွေးခံရန် အစစအရာရာတွင် စိုင်းပြင်းနေသည်။

သို့ကြောင့်ပင် တစ်ချိန်က သူ ကြည်ညိုလေးစားခဲ့ရသော သူနှင့် တစ်ရပ်ထဲသားလည်းဖြစ်သော ကျောင်းသားခေါင်းဆောင် ညိုအောင်ကို အားမလိုအားမရ ဖြစ်နေသည်။ သူ့စိတ်ထဲက ညိုအောင့်အား များစွာ အပြစ်တင် ဝေဖန်နေဟန် ရှိသည်။

ညိုအောင်ကမူ ဘာကိုမှ မမှုဟန်နှင့် ဆေးလိပ်ကိုသာ တွင်တွင်ဖွာရှိုက် နေသည်။ အောင်မောင်းက ညိုအောင် သောက်လက်စ ဆေးလိပ်ကို ဇတ်ခနဲ လှမ်းယူကာ …

"ဆေးလိပ်ကြီးက တဖွားဖွားနဲ့ စည်းစိမ်ကြီးနေလိုက်တာ တကတည်း ပေးစမ်း၊ ဘိုင်ကျတဲ့ဘဝ ဆေးလိပ်လေးတစ်လိပ်တောင် ဝယ်မသောက်နိုင်ဘူး တောက်"

ညိုအောင်က အောင်မောင်းလက်ထဲမှ ဆေးလိပ်ကို ပြန်လုကာ …

"ပေးစမ်းပါကွာ၊ ငါသောက်နေတာကို၊ ဒီကောင် မရှိဘူးလား"

သို့ ပြောမဆုံးမီ အောင်မောင်းလက်ထဲမှ ဆေးလိပ်သည် ချစ်ဦး လက်ထဲသို့ ရောက်သွားပြန်သည်။

"တယ် ဒီကောင်တွေကွာ ဟာ"

ညိုအောင်က ကြိမ်းနေသည်။ ချစ်ဦးက ဖြဲစပ်စပ်မျက်နှာနှင့် …

"သမဝါယမတွေ ထွန်းကားတဲ့ ဒီခေတ်မှာ ဆေးလိပ်တစ်လိပ်ထဲ အတူတူသောက်တာ တွန့်တိုစရာလားကွ၊ ငါတို့ အာပုပ်သမဝါယမဆိုပြီး ဖွဲ့ထားရရင် မကောင်းဘူးလား၊ ခုလို ဘိုင်ကျနေတဲ့ အချိန်မှာလေ"

ညိုအောင်တို့လူစုသည် ရွှင်လန်းပျော်ပါးစွာ ရယ်မိလေသည်။ သန်းဌွေးက ညိုအောင်အား သမဂ္ဂအမှုဆောင် ရွေးကောက်ပွဲထဲ ပါဝင်ရန် တအိအိနှင့်



www.burmeseclassic.com

နားပူနေသည်။ ညီအောင်ကား မတုန်မလှုပ်နှင့် နှုတ်ဆိတ်နေပြီးမှ …

"ဒီမှာ သူငယ်ချင်းသန်းဌေး၊ ငါအလုပ်လုပ်ရင် တစ်ဆုံးတစ်ဆ လုပ်တတ်တယ်၊ ခွဲနဘဲကြီးတယ်ဆိုတာ မင်းအသိဆုံး၊ ခုနေခါမှာ ငါနေရာယူပြီး ဘာမှ မလုပ်ချင်ဘူး၊ မင်းအတွက် ငါနောက်ပိုင်းမှာ အကုန်လုပ်ပေးမယ်"

"မင်းအတွက် စကားကို ငါကန့်ကွက်တယ်၊ ရုပ်သိမ်းကွာ၊ ခုရုပ်သိမ်း၊ အများအတွက်၊ ပြည်သူ့အတွက် ဆိုစမ်းပါကွာ"

သန်းဌေးက ရှုံ့ရှုံ့ရှားရှား ဖြစ်နေသည်။ ဘာကြောင့်ရယ် မသိ၊ စိတ်ကလည်း တိုတောင်းနေတတ်သည်။ ညီအောင်ကမူ ပြုံးလျက် …

"အေးလေ ငါက အများကိုယ်စားပြုတဲ့ 'မင်း'ကို ဆိုလိုတာပေါ့။ ငါ့အနေနဲ့ မင်းတို့ကို ရှင်းရှင်းပြောထားချင်တာက ငါ စင်ပေါ်မတက်ချင်ဘူးကွာ၊ စင်နောက်က မင်းတို့ လုပ်ပေးစေချင်တာ အကုန်လုပ်ပေးမယ်၊ ကိုင်း‥ကျေနပ်ပလား"

သန်းဌေးကတော့ ကျေနပ်ရမည်လား၊ မကျေနပ်ရမည်လား ဇဝေဇဝါ စိတ်နှင့် ခေတ္တငိုင်ပြီး နောက်ဆုံး မျက်မှောင်ကုတ်လိုက်လေသည်။

ထို့နောက် လက်ရှိပညာရေးစနစ်၊ ပညာတတ် အလုပ်လက်မဲ့များ အကြောင်း၊ မျက်နှာကြီးရာ ဟင်းဖတ်ပါသော ဗျူရိုကရက် သားသမီးများနှင့် ကိုလိုနီပညာရေးအကြောင်း၊ အနောက်တိုင်းဆန်သော မိတ်ဆက်သဘင် အချို့နှင့် ပွတ်သဘင်များအကြောင်း၊ ဝမ်းစာအတွက် ရေခဲချောင်း မြေပဲဆားလှော်ရောင်း နေရကာ ပညာသင်ကြားခွင့် မရရှာသော ကလေးများအကြောင်း၊ ကျောင်းသား အရေးအတွက်နှင့် အဆောင်များ မလုံလောက်၍ အဆောက်အဦများ လိုအပ်နေ ကြောင်း၊ အဆောင်၏ မသေထမင်း မသေဟင်းများအကြောင်းတို့ကို မမောနိုင် မပန်းနိုင် ပြောပြနေသည်။

ညီအောင်သည် ဆေးလိပ်ကို ဖွာရင်း ငေးနေပြန်သည်။ ချစ်ဦးက ဝါးခနဲ တစ်ချက်သန်းကာ အောင်မောင်းက သီချင်းကို ဟစ်၍ဟစ်၍ ဆိုနေ ပြန်သည်။

* * *



(၃)

ထိုနေ့သည အကြောင်းကတော့ ပြောမဆုံးပေါင် 'တော'သုံးထောင်ပင် ဖြစ်နေသည်။

အဓိပတိလမ်းမဘက်သို့ ထွက်လာပြန်တော့ ကဗ္ဗရာလမ်းမသည် ငွေရောင်အောက်ဝယ် ဖြူးဖြောင့်နေသည်။

ဂျပ်ဆင် (ယုဒသန်) ခန်းမဆောင်သည် မီးတွေထိန်ထိန်လင်းနေသည်။ အသင်းကြီးတစ်သင်း၏ ခမ်းနားသော မိတ်ဆက်သဘင်ပွဲ ရှိနေသည်။ အငြိမ့် မင်းသမီးလေး၏ တေးသံစာစာသည် လေတွင်ပျံ့ဝဲလာသည်။

"ရွှေနှင်းဆီ လက်ထောက်မင်းသမီးလေးတွေက တုတ်တုတ်ခဲခဲလေးတွေ ချစ်စရာလေးတွေပဲ၊ အက,ကတော့ ရွှေနှင်းဆီသင်ထားတော့ ယောက်ျားက ချီးတွေဖြစ်နေတယ်"

ချစ်ဦးက ဝေဖန်နေသည်။

"ရွှေနှင်းဆီက အက နိုင်ပါတယ်ကွ၊ ရုပ်သေး က,ကတာ သိပ်လှတယ်၊ မြန်မာ့ရိုးရာဟန်ပန်တွေ မြင်ရတယ်၊ တစ်လောက ဘာအငြိမ့်လဲကွ၊ ဂစ်မီးဖိုက်မိနစ်မိုး (get me five minute more) သီချင်းကို 'မောင့်ရင်မှာ နေပါရစေ…ငါးမိနစ်သာ နေပါရစေ… ငါးမိနစ်သာ ငါးမိနစ်သာ နေပါရစေဆိုပြီး မင်းသမီးက တင်ရောရင်ရော လှုပ်ကပြတာ"

အောင်မောင်းက အမူအရာနှင့် ဟန်ပန်လေသံ လုပ်ပြရင်း ညီအောင် ဘက်သို့ လှည့်မေးလိုက်လေသည်။

"မသိပါဘူးကွာ၊ ငါဖြင့် စိတ်ကုန်တာ"



www.burmeseclassic.com

ညိုအောင်က တိုတောင်းစွာ ဖြေသည်။ အောင်မောင်းက ချစ်ဦးဘက်သို့ မေးငေါ့ပြ၍ …

"စိတ်မကုန်နဲ့၊ မောင်ချစ်ဦးနဲ့ အာသာ နှစ်ကောင်ပေါင်း ဒီအငြိမ့်ကြည့်ပြီးကတည်းက ဆေးချည်းထိုးနေရတာ"

ချစ်ဦးက အောင်မောင်း၏ခေါင်းကို လှမ်းပုတ်ကာ "ခွေးသား" ဟု ဆဲရေးနေသည်။

ဂျပ်ဆင်သို့အဝင် လမ်းသွယ်ဘေး တစ်ဖက်တစ်ချက် အုတ်ခုံတန်းလေးများရှိရာသို့ လျှောက်လာကြလေသည်။ အုတ်ခုံတန်းလေးများမှာ လမ်းနှစ်ဖက်ဘေးတွင် ဘောင်ဘင်ခတ်နေသလို ပြုလုပ်ထားသည်။ အောင်မောင်းနှင့် ချစ်ဦးက တစ်ဖက်၊ ညိုအောင်နှင့် သန်းဌေးကတစ်ဖက် ထိုင်လိုက်ကြလေသည်။

ခန်းမဆောင်၏ မြက်ခင်းများနံဘေးဝယ် ကားကြီးကားငယ် အသွယ်သွယ် ဆိုက်ကပ်ထားလေသည်။

"တောက်၊ ဒါလောက်ပေါများတဲ့ ကားတွေကြားထဲမှာ ငါ့ကားလေး တစ်စီးတလေမှ မပါလေတယ်"

ချစ်ဦးက အားအားယားယား ညည်းနေသည်။ အောင်မောင်းက…

"မင်းကားက အသာထားပါဦး၊ ဆာလွန်းလို့ ရှိရတဲ့ကြားထဲ၊ ခုနေ ဆိတ်သားမုန့်တွေ ခိုးလို့ရရင် သွားခိုးချင်တယ်"

"သြော်၊ ဗစ်တာဟူးဂိုးများ အမြော်အမြင်ကြီးတာ၊ ဆာလို့ ခိုးတာကို အပြစ်မယူသင့်ဘူးတဲ့၊ ဒါကြောင့် ကမ္ဘာကျော်စာရေးဆရာ ဖြစ်တာပဲ" ဟု ချစ်ဦးက ထောက်ခံဆဲ …

"ဒါပေါ့၊ အုမတောင့်မှ သီလစောင့်နိုင်မှာ"

သန်းဌေးက မှတ်ချက်ချနေသည်။

"ဟော၊ လာပါပြီ၊ အုမတောင့်ရဲ့နဲ့ သီလမစောင့်နိုင်ကြတဲ့ ဓာတ်လမ်း တစ်ပုဒ်"

ယုဒသန် ခန်းမဆောင်မှ ကျောင်းသူနှစ်ယောက်၊ ဘောင်းဘီဝတ်နှင့် တစ်ဦး၊ တိုက်ပုံအင်္ကျီနှင့် တစ်ဦး၊ အသီးသီး လူရွယ်နှစ်ဦးနှင့် တွဲခုတ်လာသည်ကို





ညိုအောင်က လှမ်းမြင်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ထိုနှစ်စုံတွဲသည် အိုပယ်မှန်ကားကြီးပေါ် တက်လိုက်ကြသည်။ ရှေ့က တစ်စုံတွဲ၊ နောက်ကတစ်စုံတွဲ။

"ကျောင်းသားထဲကတော့ မဟုတ်ဘူးမောင်၊ အတွင်းဝန်သား အရာရှိပေါက်စတွေလား၊ အိုကျိုအယ် သူဌေးတွေလားပဲ၊ ဟော့၊ ဒီဘက်ကဆံပင်ဖားလျားချထားတဲ့ ကောင်မက မေစီလှ မဟုတ်လား၊ တစ်ယောက်ကတော့ မှောင်ရိပ်ကျနေလို့ မမြင်ရဘူး၊ ဖွဟဲ့ လွဲစေ ဖယ်စေ၊ ငါ့တင်တင်ဝင်းတော့ မဖြစ်ပါစေနဲ့"

အောင်မောင်းက သူနှင့် ငါးဆယ်ရာခိုင်နှုန်း သေချာနေသော တင်တင်ဝင်း အတွက် ဆုကြီးပန်လိုက်လေသည်။

ယင်းအခိုက် ကားကြီးသည် အရှိန်ယူကာ တဖြည်းဖြည်း ညိုအောင်တို့ရှိရာသို့ ဦးတည်လာလေသည်။ ထို့နောက် ညိုအောင်တို့လူစုရှေ့မှ ဖြတ်ကျော်မောင်းနှင်သွားသည်။ ပိုး၊ ဖဲ၊ နိုင်လွန်ရောင်နှင့်တကွ လက်ဝတ်ရတနာများ ရတ်တရက် ပြိုးပြက်တောက်ပကာ ထိုခေတ်လက်သုံး ပဲရစ်ညနေခင်း ရေမွှေးနံ့က သင်းပျံ့ကျန်ရစ်သည်။

ကားမောင်းသူ ရှေ့စုံတွဲထက် နောက်စုံတွဲက ပိုလူရွှေမရဖြစ်ကာ လူချင်းပူးကပ်နေသည်။ ယောကျ်ားလက်တစ်ဖက်က မိန်းမ၏ပခုံးကို ဖက်ထားကာ မိန်းမက ယောကျ်ား၏ ရင်ခွင်ထက်တွင် မှီနေသည်။

ချစ်ဦးက ရုတ်တရက် "အူး ဟူး ဟူး" ဟု အသံပေးပြီးနောက်…

"သမိုင်းတည်းခိုခန်း အပေါ်ထပ်အားတယ်၊ နာရီပိုင်းနဲ့ ငှားမယ်" ဟု တီးတိုးရေရွတ်လိုက်လေသည်။

"ဘယ်လောက်ဖောက်ပြန်တဲ့ ဗိုမ ဆက်ဆံရေးလဲ၊ နေရှင်လူတန်းစားရဲ့ လူမှုဆက်ဆံရေးဆိုတာ ဒါပဲ"

သန်းဌေးက နေရင်းထိုင်ရင်း ဒေါသထွက်နေပြန်သည်။

ဂျပ်ဆင်ခန်းမထဲမှ ဆိုင်းသံနှင့်တကွ လူပြက်များ ပြက်လုံးထုတ်အပြီး ဝေါခနဲ ရယ်မောသံများ အပြင်သို့ အန်ထွက်လာလေသည်။ ညဦးလေပြေအသုတ်တွင် အုတ်ခုံအနီးမှ အခါမလပ် ပွင့်တတ်လေသော တရုတ်စကားပင်မှ စကားပွင့်လေးနှစ်ပွင့်သည် မြေထက်သို့ လျောခနဲ ကြွေကျလာလေသည်။



www.burmeseclassic.com

စောစောက ဆိတ်ဆိတ်နေခဲ့သော ညိုအောင်ပင်လျှင် ရှေးဟောင်းသီချင်းလေးတစ်ပုဒ်ကို သီကျူးလိုက်မိလေသည်။

*ဗျာပါဆံက တစ်ခက်နှစ်ခက်၊ မြဘာယက်က တစ်သွယ်နှစ်သွယ်။*

*သုံးတောင်ပြည့် ခန်းသာလယ် သုံးတောင်ပြည့်ခန်းသာလယ်မှာ၊*

*မောင်ကြံရွယ်တဲ့ စပယ်ကုံးရယ် မင်း ဘယ်သို့တုံး။*

ထိုအခိုက် လက သာသာနှင့် ဘယ်ကမှန်းမသိ။ လာကစားကြသော ကလေးငယ်အချို့သည် ညိုအောင်တို့ထိုင်နေရာ ခုတ်ခုံအနီးသို့ လာရောက်စုရုံးနေကြသည်။ အလုပ်သမားများ၏ ကလေးများ ဖြစ်ဟန်တူသည်။

အသက် ၆ နှစ်နီးပါးခန့် ယောကျ်ားလေးတစ်ယောက်သည် ညိုအောင့်အနီးတွင် လာရပ်ကာ ညာလက်ကို စုပ်ရင်း ငေးကြည့်နေသည်။ ရှပ်အင်္ကျီကုပ်ပြဲနှင့် အောက်ပိုင်းတွင် အဝတ်က ဗလာ။ သူ့ပါးစောင်နှင့် နှာခေါင်းတစ်ဝိုက်တွင် နှပ်တွေ ပေပွနေသည်။ ကလေးချစ်တတ်သော ညိုအောင်က ထိုကလေးကို လက်ယပ်ခေါ်ကာ ...

"ဟေ့ လာစမ်းပါဦးကွ၊ မင်းနာမည် ဘယ်သူလဲ"

"ကျိုးကျစ်"

"ဘာ၊ ဖိုးချစ် ဟုတ်လား"

"ဟင့်အင်း၊ ကျိုးကျစ်"

"သြော်၊ တိုးချစ်လား"

ကလေးက ခေါင်းညိတ်ပြလိုက်သည်။

"မင်း ထမင်းစားပြီးပြီလား"

"ချားပြီးပြီ"

"ဘာဟင်းနဲ့ စားလဲ"

"နံကြာရေနဲ့"

"ငံပြာရည်၊ ဟား ဟား ဟား၊ မင်းပြောတဲ့ နံပြာရေလည်း မမှားပါဘူး၊ ဒါကြောင့် မင်းပါးစပ်ကလေးက အခု နည်းနည်းထွက်နေတာကိုး"

ချစ်ဦးက ရယ်လျက် ကြားဖြတ်ကာ ...





"ဟေ့ တိုးချစ်၊ ငါတို့ မင်းကို သုတေသနလုပ်ပြီး၊ ဝေါဟာရအသစ်တွင်မယ်၊ ဒီနေ့ကစပြီး 'ငံပြာရည်ကို' 'နံပြာရေ' ခေါ်တွင်စေ၊ အမျိုးသမီးခုနစ်ရာကျော်ရှိတဲ့ ကျောင်းဆောင်မှာ ရေမလာတော့ သုံးလေးရက် ရေမချိုးလို့ ပုပ်တဲ့အနံ့က ဒီအတိုင်းပဲ"

အောင်မောင်းက ရယ်လျက် ချစ်ဦး၏ ကျောပြင်ကို ဖြန်းခနဲ ပြောတင်လိုက်သည်။

"စုတ်ပဲ့တဲ့နေရာတော့ သူမတူအောင်"ဟု ပြောလိုက်လေသည်။

ကလေးငယ်က နားမလည်သဖြင့် မျက်စိလေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ငေးနေရှာသည်။ နှပ်များစီးကျလာကာ နှပ်တရှုံ့ရှုံ့။ ညိုအောင်က ကလေးငယ်၏ ရှပ်အင်္ကျီအောက်စကို ဆွဲမကာ နှပ်များကို သုတ်ပေးရင်း...

"မင်းက နို့ဆီ တယ်ပေါတာပဲကွ၊ အောင်မောင်း ဆာတာနဲ့ အတော်ပဲ၊ လျှာနဲ့ လျက်ခိုင်းရအောင်"

ကလေးငယ်က ဒါတော့သိရှိကာ 'အင်' ဟု တစ်ချက်ရယ်ပြီး အနီးမှ ထွက်ပြေးလေသည်။

"ဟေ့ကောင် လာပါဦးကွ၊ ရော့ မင်းအတွက် မုန့်ဖိုးတစ်ပဲ၊ ဒါ ငါ့အချမ်းသာဆုံးပဲ ငါ့လူရ"

ညိုအောင်က သူ့ရှပ်အင်္ကျီအိတ်ကပ်ထဲမှ ရှိစုမဲ့စု ပိုက်ဆံတစ်ပဲကို ထုတ်ပေးလိုက်လေသည်။

ဤကဲ့သို့ လမ်းမပေါ်မှ ကလေးများကို မြင်ရတော့ တစ်နှစ်က ဂျပ်ဆင် စာသင်ခန်းအချို့၌ စစ်ပြေးဒုက္ခသည်များကို နေရာချထားခဲ့ရာ၊ အိုးပစ် အိမ်ပစ်၊ မျက်ရည်တလည်လည်၊ မျက်စိသူငယ်နှင့် နေသားမကျ ဖြစ်နေရှာသော အိုးမဲ့အိမ်မဲ့ အိမ်ထောင်စုများကို မြင်ယောင်မိလေသည်။

ဆာလောင်မွတ်သိပ်သော ကလေးငယ်များကား တကျိကျိနှင့် အစာတောင်းနေကြသည်။ စိတ်မရှည်သော မိခင်များမှာ ကလေးငယ်တို့ကို ရိုက်နှက်ကြသဖြင့် ငိုသံတို့မှာ ပို၍ ဆူညံသွားလေသည်။ ဒုက္ခကို ဒုက္ခမှန်း မသိတတ်သော ကလေးများကတော့ ည လသာသာတွင် စိန်ပြေးတမ်း ကစားနေကြသည်။



www.burmeseclassic.com

လူကြီးများကတော့ ရှေ့ နေရေးထိုင်ရေး စားဝတ်နေရေးအတွက် အမျိုးမျိုး ပူပန်ကာ တွေဝေငေးမောနေကြရှာသည်။

အပြစ်မဲ့သော မြေဇာပင်များအတွက် စစ်၏ အနက်အဓိပ္ပာယ်မှာ ဒါပဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးလို့မှ စစ်၏ အထုအထောင်းဒဏ်ကို အလူးအလဲ ခံလို့မှ မဆုံးခင် နယ်ချဲ့သွေးခွဲသော ပြည်တွင်းစစ်က ဝင်လာပြန်သည်။

စစ်ဘေးစစ်ဒဏ်နှင့် စပ်လျဉ်း၍ ကျွန်စစ်မင်း မွန်ဘာသာနှင့် ရေးထိုး ထားသော ရွှေစည်းခုံကျောက်စာကို ညိုအောင်က အမှတ်ရနေမိသည်။

*များစွာသော ပြည်သူခပ်သိမ်းတို့သည် သားတကွဲ၊ မယားတကွဲ၊ မိတကွဲ၊ ဖတကွဲ ဖြစ်ကြရကုန်၏။ ထိုသူတို့၏ ဆင်းရဲဒုက္ခကို ငါငြိမ်း ပါအံ့။ ထိုသူတို့၏ မျက်ရည်ကို ငါသုတ်ပါအံ့။ ငါ၏ ယာလက်ဖြင့် ဆန်စပါးပေးအံ့။ ငါ၏ လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာ ပေးအံ့။ အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့။ ။*

ယခုတော့ ပြည်သူတို့၏ ဒုက္ခလည်း မငြိမ်းပါလေ။ မျက်ရည် ကလည်း မစဲနိုင်သည့်အပြင် သွေးများပင် စီးယိုခဲ့လေသည်။ **သွေးတွေ… သွေးတွေ။** ဒီနောက်တော့ ညိုအောင်၏ ထမင်းလုံးတစ္ဆေအိပ်မက်များကို မမက်ချင်ပေမင့်လည်း မက်ခဲ့ရပေသည်။ ယခုလည်း မက်နေဆဲဖြစ်လေသည်။

"သေသွားတဲ့ ကလေးလေးဟာ ဒီအရွယ်ပဲ"

မျက်စိကို မှိတ်ထားကာ ဆေးလိပ်ကို ဖွာရှိုက် ရှိုက်လိုက်သော်လည်း ပိုးတိုးဝါးတားနှင့် ကျည်သင့်၍ အသက်ပျောက်သွားရှာသော ကလေးငယ်၏ အလောင်းကို မြင်ယောင်နေမိသည်။ ကလေးအလောင်းအနီးမှ မိခင်ဖြစ်သူသည် ပရိဒေဝမီး တောက်လောင်ကာ ဆောက်တည်ရာမရ ဖြစ်နေရှာလေသည်။

မျက်စိထဲ ပို၍ ပျောက်မရနိုင်တာကတော့ သထုံခရိုင် (***)ရွာတွင် မိမိနှင့်တကွ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရှာသော သူငယ်ချင်း 'မြင့်ဦး' ကိုပင်တည်း။ မြင့်ဦးမှာ ဦးဆက်လန်ကာ ဦးနှောက်များထွက်နေသည်။ တစ်ခါတည်း မျက်ဖြူ လန်ကာ ပွဲချင်းပြီး အသက်ပျောက်ရလေသည်။ အစိုးရတပ်မှ ကျဆုံးသူအချို့





မှာလည်း ညိုအောင်၏ သူငယ်ချင်းများသာပင်တည်း။

အသက်အရွယ် တွက်စစ်လျှင် အသက်နှစ်ဆယ်ပင် မပြည့်တတ် သူများ ဖြစ်ကြသည်။ ထိုမျှငယ်ရွယ်၍ ထွန်းတောက်လာမည့် သူများသည် ခွေးသေဝက်သေ သေကြလေသည်။

ယခုတော့ ညိုအောင်အဖို့ သူ့အကြောင်းများကို စိတ်အားထက်သန် နေကြသော သူ့ရဲဘော် ရောင်းရင်းတစ်စုအား လှစ်ဟဖွင့်ဆိုခြင်းမရှိဘဲ အတွေးထဲ နစ်နစ်သွားလေသည်။

အားနက်(စ်) ဟမ်းမင်းဝေး ရေးသလို …

*မိမိတို့တိုင်းပြည်အတွက် သေဆုံးရခြင်းသည် မွန်မြတ်လျော်ကန် သည်ဟု သူတို့ ရှေးက ရေးခဲ့ကြပေသည်။ သို့သော် မျက်မှောက် ခေတ်စစ်ပွဲများတွင် သေဆုံးရခြင်းအားဖြင့် သင့်အဖို့ မွန်မြတ်လိမ့်မည် မဟုတ်။ လျော်ကန်လိမ့်မည်လည်း မဟုတ်။ သင်သည် ခွေးတစ်ကောင် ပမာ လုံလောက်သော အကြောင်းရင်းမရှိဘဲ သေဆုံးရလိမ့်မည်။*

ဆိုသည့် စကားမျိုးကို စိတ်ဒွိဟနှင့် တွေးနေဆဲပင် ဖြစ်သည်။

များလှစွာသော စစ်ပွဲများပြီးဆုံး၍ နှစ်ဖက်စလုံးသည် စစ်၏ဒဏ် ချက်ဖြင့် ခြေကုန်လက်ပန်းကျကာမှ ငြိမ်းချမ်းရေးစကားကို ဆိုလာကြသည်၊ နောက်ဆုံး၌ ပြည်သူလူထုသည် စစ်၌ အဘယ်အမြတ်ကို ရရှိလိုက်သနည်း။ အခွန်အကောက်များ၊ မုဆိုးမများ၊ သစ်သားခြေထောက်များနှင့် ကြွေးမြီများ ဖြစ်သည်ဟူသော ဖရန့်စစ်(စ်)၏ အဆိုကိုတော့ ထောက်ခံရမည်သာတည်း။

စင်စစ်အားဖြင့် 'စစ်'ဆိုသည်မှာ ကမ္ဘာစစ်ဖြစ်ဖြစ် ပြည်တွင်းစစ်ဖြစ်ဖြစ် လူသားတို့အတွက် ကျိန်စာသင့်ခြင်းပင်ဖြစ်သည်ဟု ညိုအောင်က တွေးနေ မိသည်။ ထိုစဉ်က သူ့လက်မောင်းတွင် ရှပ်ထိလိုက်သော ဒဏ်ရာက မပြောပ လောက်သော်လည်း သူ့နှလုံးသားတွင်တော့ ကြီးစွာသော ဒဏ်ရာအနာတရ ဖြစ်ကျန်ရစ်လေသည်။

* * *



www.burmeseclassic.com

(၄)

“ဟေ့ ညီအောင် ချမ်းလာပြီကွ၊ တို့ ပြန်ကြမှထင်တယ်”

သန်းဌွေးက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်လေသည်။ ဆောင်းနှင်းမြူလွှာက ရစ်ဖုံးလိုက်ရာ လရောင်အောက်တွင် မှုန်ပြေပြေ ဖြစ်နေသည်။ မြောက်လေက စိမ့်အေးသည်ထက် အေးလာလေသည်။ အောင်မောင်းနှင့် ချစ်ဦးကား ပုဆိုးခြုံမြဲ ခြုံထားကြသည်။ သန်းဌွေးနှင့် ညီအောင်တို့က လက်ကို ပိုက်ထားကြသည်။ ညီအောင်ကလွဲလို့ အားလုံးပင် ဖြိုင်တူလို ထကြသည်။

“လ သိပ်သာတာပဲ၊ ငါတော့ မပြန်ချင်သေးဘူး၊ ခုမှ ကိုးနာရီပဲ ရှိသေးတာပဲကွ၊ မင်းတို့ဥစ္စာ”

ညီအောင်က နာရီကြည့်ကာ ကန့်ကွက်နေသည်။

“ပြန်မယ်ကွာ ပြန်မယ်၊ ချမ်းလည်းချမ်း ဆာလည်းဆာလာပြီ၊ အကြွေးတွေ ပတ်လည်ဝိုင်းလွန်းလို့ ဘယ်အမေ့လင် လက်ဖက်ရည်ဆိုင်ကမှ အကြွေးရမှာ မဟုတ်ဘူး၊ ဟိုကောင် အောင်မောင်းလည်း မသာဖြစ်တော့မယ်”

ချစ်ဦးက ဆောင့်ကြီးအောင့်ကြီး ပြောနေသည်။ အောင်မောင်းက ဗိုက်ကိုပွတ်သပ်ကာ မျက်နှာကိုရှုံ့မဲ့ပြနေသည်။ သည်တော့လည်း ညီအောင်က တိုလွန်းမက တိုနေသော ဆေးပေါ့လိပ်တိုကို လွှင့်ပစ်လိုက်ကာ လေးတွဲ့စွာ ‘ထ’ လိုက်လေသည်။

သွားတော့လည်း ညီအောင်က ရှေ့ဆုံးက ဖြစ်နေသည်။ သူသည် ဤသို့ပင် ပါးစပ်က ‘မလုပ်ဘူး မလုပ်ဘူး’ ပြောရင်းနှင့် လုပ်တော့သည်း



www.burmeseclassic.com

ရှေ့ဆုံးကပင် ဦးစွာလုပ်ဖြစ်သော အကျင့်ကပါနေသည်။ ဤသို့ စိတ်မြန် လက်မြန် ပြုလုပ်တတ်သောကြောင့်လည်း သူ့ဘဝတွင် စွန့်စားခန်းများကို သူများထက်ပို၍ ရင်ဆိုင်ရခြင်းဖြစ်ပေသည်။

သန်းဌေးက ညိုအောင့်ပခုံးကို ဖက်ရင်း လျှောက်လာလေသည်၊ အောင်မောင်းက သူ့အသံပြာကြီးကို ဟစ်လိုက်ပြန်သည်။

*ရွှေလမှုန်မှုန် ပန်းခြံဝဆီက၊ ပုဆိုးခြုံကာ လှုပ်ပြပါလို့ ခွန်းသလျက်*
*သံတကြော်ကြော်....ချိုးမှတ်လို့ ခေါ်တယ်လေလေ့....။*

ထိုအခိုက် သူတို့ နောက်နားဆီမှ ဆွဲလွဲသံကလေးတွေ လွင်လွင်ချို နေသည်။ ကျောင်းသူများ၏ စကားသံလေးများသည် လေတွင် ပျံ့လွင့်လာလေသည်။

"သင်းကလည်းကွယ် မကောင်းဘူး၊ မစနဲ့"

ချစ်ဦးက ဖျတ်ခနဲ ခေါင်းကို သမင်လည်ပြန် လှည့်ကြည့်လိုက် လေသည်။ တောက်ပသောဝတ်စုံနှင့် တဏ္ဍသိုလ်နတ်မိမယ်လေးများ၊ တီးတိုး စကားသံနှင့် ရယ်မောသံလေးများကား ညဦးအခါ စောင်းညှင်းသည့်နှယ်။

ချစ်ဦး၏ ခြေလှမ်းများက တန့်သွားသည်။ အောင်မောင်းက ဒရွက်ဆွဲ ခေါ်လည်းမရတော့။

"စောစောကတော့ ပြန်မယ်ဆို၊ ဒါမျိုး တယ် ဝါသနာကြီးတယ်၊ ငါ့သားလို့ မပြောရဘူး၊ မအေပေးမျိုး"

အောင်မောင်းက ချစ်ဦး၏ခေါင်းကို အသာ လက်သီးနှင့်ထုရင်း ဆဲဆိုနေသည်။

"မဟုတ်ဘူးကွ၊ ဟိုမှာကြည့်စမ်း ကောင်မလေးတွေ တစ်ခုခုပျောက် လို့ရှာနေတာ၊ မတွေ့ဘူးလား၊ အားနွဲ့သူကို ကူညီဖို့ တို့ဝတ္တရားရှိတယ်၊ လာကွာ"

ချစ်ဦး၏ ခြေလှမ်းများကား ယက်ကန်ယက်ကန်နှင့် အုတ်ခုံဆီသို့ ဦးတည်နေသည်။ အောင်မောင်း ဆွဲထားလည်းမရ။ နောက်ဆုံး အောင်မောင်းပါ တန်းလန်းတန်းလန်း ပါသွားလေသည်။

'တယ်ခက်တဲ့ ကောင်တွေပဲ' ဟု သန်းဌေးက ညည်းရင်း ညိုအောင်





နှင့်အတူ ရပ်လျက် ကျန်ရစ်လေသည်။

"ဒါဖောက်ပြန်တဲ့ ဖိုမဆက်ဆံရေး မဟုတ်ပါဘူးကွာ၊ ငါတို့ကောင် တွေဆိုတော့ လျှော့လျှော့ပေါ့ပေါ့ ဝေဖန်ရမယ်၊ ဒါဟာ သဘာဝကလှူ့ဆော်တဲ့ သွေးသားတောင့်တမှုပဲ၊ ခွင့်လွှတ်လိုက်ပါ"

ညိုအောင်က မျက်နှာထား တည်တည်ကြီးထားကာ စကားကြီး စကားကျယ် ဟောလေ့ပြောလေ့ရှိသော သန်းဌေးအား တီးတိုးစကားဆိုရင်း ခနဲ့လိုက်လေသည်။ သန်းဌေးက မျက်မှောင်ကုတ်ပြီးမှ ရယ်နေသည်။

"ညိုအောင်ရေ၊ ဟေ့ ညိုအောင်"

ချစ်ဦးက သူ့ အသံပြဲကြီးနှင့် ၆ ကိုက်ထက်ပိုဝေးပုံမရသော နေရာမှ လှမ်းအော်ခေါ်နေသည်။

"ဘာတုံးကွ"

"ဒီမှာ ရင်ထိုးကလေးတစ်ခု ကျသွားတာ ရှာမရလို့ လာကူရှာပေး စမ်းပါ"

"မင်းတို့ဘာသာ ရအောင်ရှာပေါ့ကွ"

"ရှာမရလို့ပေါ့၊ လာပါကွာ မင်းမှာ နတ်မျက်စိ ရှိပါတယ်၊ ပစ္စည်းပျောက် ရှာတဲ့ဘက်မှာ မင်းက စွမ်းတတ်တယ်။ လာပါကွ၊ ညိုအောင်ရ၊ သန်းဌေးကော လာဟေ့"

ချစ်ဦး၏ တကြော်ကြော် အော်ခေါ်သံပြီးသည့်နောက် အောင်မောင်းက ဆက်၍ ...

"ငါ့အသိတွေပါကွ၊ တင်တင်ဝင်းတို့ပါ၊ အံမယ် တော်တော်ပင့်ရခက်တဲ့ ကိုယ်တော်တွေပဲ၊ ဟန်ကလည်း ကြီးပါ့၊ လာလည်း လာချင်ရဲ့သားနဲ့"

သန်းဌေးနှင့် ညိုအောင်တို့သည် မတတ်သာသည့်အဆုံး တရုတ်စကားပင် ရှိရာ အုတ်ခုံတန်းဆီသို့ ရောက်လာပြန်လေသည်။ ဘယ်အချိန်က ပြန်ဝတ် လိုက်မှန်းမသိသော သူတို့ ပုဆိုးများကို သေသေသပ်သပ် ချပ်ချပ်ရပ်ရပ်ဝတ် ထားသော အောင်မောင်းနှင့် ချစ်ဦးတို့၏ မချိုမချဉ် မျက်နှာထားကို မြင်တွေ့ ရသောခဏ၌ ညိုအောင်က ဝမ်းထဲပြုံးနေမိသည်။



www.burmeseclassic.com

ထို့နောက် အုတ်ခုံနှင့်ကပ်လျက် ရပ်နေသော စိမ်းပြာမလေးကမကြည့်တော့။ သူ့အဖော်များဆီသာ လှမ်းကြည့်နေသည်။

"ဒီနေရာမှာ ကျတာကော ဟုတ်ရဲ့လား သင်းရဲ့၊ ဟော(လ်)ထဲ ကျနေတာဖြစ်နေပါဦးမယ်၊ တစ်ခေါက် သွားပြန်ရှာဦးမလား"

'သင်း' ဆိုသူ၏ အဖော်က ပြောလိုက်ရာ 'သင်း' မှာ ခေါင်းလေး တခါခါရမ်းကာ ...

"ဒီမှာကျတာပါ၊ သင်းသိပါတယ်၊ စောစောက 'စီစီ' သင်းကို လှမ်းရိုက်တော့ ကျသွားတာ၊ မရရင် နေပါစေတော့၊ နို့တစ်ဘူတ်မှာ ကြော်ငြာ ကပ်ရမှာပဲ၊ ပျောက်လည်းပျောက်ပေါ့၊ ဘယ်တတ်နိုင်မလဲ"

ပြောလို့သာ ပြောရသော်လည်း သင်း ဆိုသူ၏အသံမှာ ချုံ့သံပါနေသည်။ မျက်မှောင်လေးကုတ်ကာ စိတ်အိုက်နေပုံလည်း ရလေသည်။ သန်းဌေးက ချစ်စဖွယ် မျက်လုံးလေးနှင့် သင်းအား ငေးကြည့်ရင်း ...

"ရင်ထိုးက ဘာရင်ထိုးမို့လဲ"

"ပုလဲရင်ထိုးပါ၊ ရွှေနဲ့ လုပ်ထားတာ"

"ဟာ၊ ဒီလိုဆိုရင် အဖိုးတန်မှာပေါ့"

သန်းဌေးက ပျာပျာသလဲ ပြောနေသည်။

"ဟုတ်ကဲ့၊ ဘိတ်ပုလဲ အစစ်ပါ၊ ရွှေက သုံးမူးသားတောင် ရှိတယ်"

သို့ပြောနေကြစဉ် ခပ်မဆိတ်နေသော ညိုအောင်က ငေး၍သာနေသည်။ အောင်မောင်း၊ ချစ်ဦးနှင့် သန်းဌေးတို့ တကုန်းကုန်းရှာကြဆဲ။ ညိုအောင်က သူတို့ အရှာရလွယ်စေရန် ကတ္တရာလမ်းဘေးသို့ ကိုယ်ကိုရှိကာ တိုးကပ်သွားလေသည်။ အဘယ်ကံကြမ္မာက စေ့ဆော်သည်မသိ။ မာကျောသော အရာတစ်ခုကို ညိုအောင်၏ ရာဘာဖိနပ်က တက်နင်းမိလေသည်။ ခါတိုင်း ညဘက်ထွက်လျှင် ခုံဖိနပ်စီးထွက်နေကျ။ ယခုလို ရာဘာဖိနပ်စီးလာမိသည်ကိုပင် ကျေးဇူးတင်ရသည်။

ညိုအောင်က ထိုအရာကို အကျင့်ပါနေသော လျင်မြန်ဖျတ်လတ်ခြင်းနှင့် ဇတ်ခနဲ ကောက်ယူကာ ဆိုင်းမပါဗုံမဆင့်ဘဲ ကောင်မလေးလက်ထဲသို့ ထည့်လိုက်လေသည်။ ရုတ်တရက်သော် သူ့မျက်နှာလေးမှာ အံ့ဩသောအရိပ်တွေ





လျှမ်းလျက် 'ဟယ်' ဟုသာ ဝမ်းသာအားရ ဆိုနိုင်တော့သည်။

"ဒီကောင်ကြီး ရှာလည်းမရှာဘဲနဲ့ ဘယ်လို တွေ့သွားတာလဲ"

ချစ်ဦးက မနာလိုသံနှင့် မေးလိုက်လေသည်။ ညိုအောင်က သင်း ဆိုသူဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်ကာ သူ့ခေါင်းထဲ၌ ရုတ်တရက် ဟာသဉာဏ် ကွန့်မြူးလာလျက် ...

"ဘုန်းရှင် ကံရှင်ဆိုတော့ ဒီလိုပေါ့ကွ၊ ပေါ့တီး ပေါ့ဆ အဖိုးတန် ပစ္စည်းကို ချပျောက်တဲ့လူက ပျောက်ပေမယ့် အလိုအလျောက် ခြေတော်ရင်းမှာ တစ်ခါတည်း ဝပ်စင်းလာရတာကိုး"

ညိုအောင် ခင်းလိုက်သော အကွက်ထဲသို့ဝင်လာကာ ယဉ်ရှယ်နုနယ်သော မျက်နှာလေးမှာ ရုတ်ခြည်းမှိုင်းမှုန်လာပြီး နှုတ်ခမ်းစူသွားလေသည်။

"အို၊ ရင်ထိုးခလုတ်က မခိုင်လို့ ပြုတ်ကျတဲ့ ဥစ္စာ၊ ဒီက ဒီလို ပေါ့ပေါ့ဆဆ ဘယ်တော့မှ မနေတတ်ပါဘူး"

သူ့ အသံလေးကလည်း ခပ်မာမာ။

ညိုအောင်ကမူ စိတ်လက်ပေါ့ပါးစွာ ရယ်ချင်စိတ်ကို မြိုသိပ်လျက် သူ့မျက်နှာကို တည်တည်ကြီး ထားလိုက်ရလေသည်။ ကျွမြီးတိုနေသော သူကလေးက ညိုအောင်အား မော့ကြည့်ကာ မျက်နှာနား ရင်ထိုးကိုပြလျက်...

"ဘုန်းရှင် ကံရှင် ခြေတော်ရင်းမှာ အလိုအလျောက် ဝပ်စင်းတဲ့ ရင်ထိုးကို ကောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ အများကြီး ကျေးဇူး တင်ပါတယ် "

"အလဲ့၊ အာဂပါလား"ဟု ညိုအောင်က ရင်ထဲ၌ ကြိတ်တွေးနေသည်။ မထူးတော့ပြီဖြစ်သည့်အတွက် သူ က ချင်ရာဇာတ်ကို က ဟန်ပြင်ရင်း ...

"ရေအဆုံး ကုန်းတစ်ဝက်ဗျ။ ပါးစပ်နဲ့ ကျေးဇူးတင်လို့ ဘယ်ရမလဲ၊ ကျေးဇူးဆိုတာ ဆပ်တတ်ရတယ်၊ ကျေးဇူးအဆပ်ကောင်းရင် ကုသိုလ်ရတယ်၊ ဆပ်ရကောင်းမှန်းမသိရင် အပြစ်ကြီးတယ်"

သန်းဌေးက မျက်မှောင်ကျုံ့ကာ ညိုအောင်ကို လှမ်းကြည့်လိုက်လေသည်။ ချစ်ဦးက ညိုအောင့်တင်ပါးကို သူများမမြင်ကွယ်ရာ လှမ်းဆိတ်



www.burmeseclassic.com

လိုက်လေသည်။

'ငါ့ကို မဆိတ်ပါနဲ့ ချစ်ဦးရ၊ ဒီမှာ စကားကောင်းပြောနေတာကို' ဟု ညီအောင် အော်ကြီးဟစ်ကျယ် ပြောသဖြင့် ချစ်ဦးခမျာ ကုပ်ပုသွားရှာလေသည်။

"အို၊ ဆပ်မယ် ဆပ်မယ်၊ ရှင် ပိုက်ဆံ ဘယ်လောက် လိုချင်လို့လဲ"

သင်းက ခပ်သွက်သွက် မေးလိုက်လေသည်။ ညီအောင်က သူ့မေးစေ့ကို ပွတ်ကာ ...

"ရေအဆုံး ကုန်းတစ်ဝက်ဆိုတော့ ခင်ဗျားရင်ထိုး အဖျင်းဆုံး တစ်ရာ တန်တယ်ပဲထား၊ ငွေငါးဆယ် ကျနော်ဆိုင်တယ်၊ ဒါပေမဲ့ ရှိပါစေတော့လေ၊ ရှေးတုန်းက ရှင်ဘုရင်တွေ အခွန်ကောက်သလို ဆယ်ဘို့ တစ်ဘို့သာ ကောက်ရင် ငွေတစ်ဆယ်တော့ ရဖို့အကြောင်းရှိတယ်"

သင်းက မျက်နှာလေးကို အရုပ် မဆိုးတဆိုးလေးနေအောင် မဲ့ရွဲ့လိုက်လေသည်။

"ဟင်း ငွေတစ်ဆယ်၊ အဲဒီငွေတစ်ဆယ်ကို လွှင့်တောင် ပစ်လိုက်နိုင်သေးတယ်။ ရော့ ဟောဒီမှာ၊ ကျွန်မဆီမှာ ဆယ့်ငါးကျပ်တောင်ပါတယ် ယူတော့"

သူ့ ရွှေရောင် လက်ပွေ့အိတ်လေးကို ဖွင့်ကာ ညီအောင့်လက်ထဲသို့ ငွေတစ်ဆယ်တန်တစ်ရွက် ငါးကျပ်တန်တစ်ရွက်ကို ဆောင့်ကြီးအောင့်ကြီးနှင့် ထည့်လိုက်လေသည်။ ညီအောင်က ငွေတစ်ဆယ်သာယူ၍ ငါးကျပ်ကို ပြန်ပေးပြီးနောက် ...

"ကျွန်တော် တစ်ဆယ်ပဲ တောင်းပါတယ်ခင်ဗျာ၊ တစ်ဆယ်ပဲ၊ ငါးကျပ်ပြန်ယူပါ၊ သံဃာ့စည်းကမ်းကို ကျွန်တော် ဘယ်တော့မှ မဖောက်တတ်ပါဘူး"

မိန်းကလေးအဖော်တစ်စုက ညီအောင့်ကို စိုက်ငေးကြည့်နေကြသည်။ ညီအောင်က ဘာမှ မမှုသည့်ဟန်နှင့် ဆယ်တန်ကို သူ့ရှပ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေသည်။ ချစ်ဦးက သူ့နဖူးကိုသူ လက်ဝါးနှင့် ရိုက်နေသည်။ အောင်မောင်းကမူ တင်တင်ဝင်း မျက်နှာကို လှမ်းကြည့်ကာ မျက်နှာပျက်ချင်ချင်





ဖြစ်နေသည်။ ညီအောင့် အကြောင်းကိုသိနေသော သန်းဌေးကမူ ပြုံး၍သာ ကြည့်နေသည်။

တင်တင်ဝင်းနှင့် အောင်မောင်းတို့ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြပြီးနောက် အုပ်စုခွဲကြသောအခါ ...

"ဘယ်လိုဟာတွေလဲ၊ ကောလိပ်ကျောင်းသားတွေမှ ဟုတ်ကဲ့လား၊ ရုပ်တွေကိုက ဂျပိုးတွေလိုပဲ" ဟူသော ချီးကျူးထောပနာသံလေးကို သဲ့သဲ့မျှ ကြားလိုက်ရလေသည်။

စင်စစ်တော့ ညီအောင်တို့ လူစုသည်လည်း ကျောင်းသူများသွားရာ လမ်းနှင့် တစ်လမ်းတည်း အတူတူသွားရမည် ဖြစ်သော်လည်း တမင် နောက်ချန်နေရစ်ကြသည်။ လှိုက်လှိုက်လှဲလှဲ မရယ်မိတာ အတော်ကြာပြီဖြစ်သော ညီအောင်က ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။

"ဟေ့ကောင် ဘယ်လို လုပ်လိုက်တာလဲ ညီအောင်ရာ"

အောင်မောင်းက တဖျစ်တောက်တောက် ပြောမဆုံးခင်ပင် ...

"ဘာလဲ လက်ဖက်ရည်မသောက်ဘူးလား သောက်မလား တစ်ခွန်းတည်းပြော၊ မသောက်ချင်နေရစ်ခဲ့ ငါ့လူ၊ ဒီအချိန် သမဂ္ဂဆိုင်ဖွင့်သေးတယ် သွားမယ်"

ညီအောင်က လေသံတင်းတင်းနှင့် ဆိုလိုက်လေသည်။

အဓိပတိ လမ်းမတစ်လျှောက်တွင် ဤသို့ မရှုင်မြူးစဘူး ရှင်မြူးလာသော ညီအောင်က ပေါ့ပါးသွက်လက်စွာ လျှောက်လာလေသည်။ အောင်မောင်းနှင့် ချစ်ဦးတို့က ပုဆိုးများကို ခြုံလာကြပြန်သည်။ သန်းဌေးကမူ နောက်မှ ကုတ်ချောင်း ကုတ်ချောင်းနှင့် လိုက်လာလေသည်။

ဒီတစ်ခါတော့ ညီအောင်က တေးချင်းတစ်ပုဒ်ကို ကျူးရင့်လာလေသည်။

*(နှုံးမျက်စ ဟန်ချီတယ်...သုံးရက်လ စံမဓိတယ်...ချစ်ချင်ဘွယ်*
*ကြိုက်ချင်ဘွယ်... မှုရာတွေလွှန်ကြွယ် လှလည်းလှပေတယ်)*
*ရှေးဘဝက်ရယ်၊ ဖေးမပြန်တယ်၊ အကြောင်းချင်းဆက်သွယ်၊*
*ပေါင်းသင်းဖက်မယ် ယုံကွယ်...။*

* * *



www.burmeseclassic.com

## (၅)

*မသင်းသင်းအေး ခင်ဗျား ...*

*လွန်ခဲ့တဲ့သုံးရက် လသာတဲ့ ညတစ်ညက အကြောင်းသင့်လို့ ပေါင်းဆုံခဲ့ကြရပြီး မသင်းသင်းအေးဆီက ကျွန်တော် သေနင်္ဂဗျူဟာ နည်းသစ်တစ်ရပ်နဲ့ ယူလာခဲ့မိတဲ့ ငွေ ၁၀ (ကျပ်ငွေတစ်ဆယ်တိတိ)ကို ပြန်ဆပ်လိုက်ပါပြီ ခင်ဗျား။ အခု စာယူလာသူ အောင်မောင်းနဲ့ အတူတူ ပေးလိုက်ပါတယ်။ အဲဒီညက ဘိုင်ကကျ ငါ့ဝမ်းပူဆာ မနေသာလည်း ဖြစ်နေတော့ ဒီလို ကြံမိကြံရာ ကြံမိတာကို ခွင့်လွှတ်စေချင်ပါတယ်။ ကျွန်တော်တို့ အဆောင်နဲ့ မသင်းသင်းအေးတို့ ဘင်တန်ဆောင်ဆိုတာ ဘေးလွယ်ခုတ် လက်တကမ်းသာသာသာ ဝေးကြတာမို့ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော်တို့ဆီ အချိန်မရွေး လာလည်လိုက လာနိုင်ပါတယ် ခင်ဗျား။*

*သာယာခြင်းအပေါင်းနဲ့ ပြည့်စုံပါစေ*
*ညိုအောင်*

"ဟင်း သိပ်အမြင်ကပ်စရာ ကောင်းတာပဲ၊ အဲဒါကြောင့်ကို မုန်းတာ စာရေးပုံကိုက"

သင်းသင်းအေးက စာကြည့်စားပွဲရှေ့ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ရင်း တင်တင်ဝင်း ဖတ်ပြသောစာကို နားထောင်ပြီး နှုတ်ခမ်းကို တင်းနေကာ



www.burmeseclassic.com

ပြောလိုက်လေသည်။

နှစ်ယောက်အခန်းတွင် ခုတင်က နှစ်လုံးထားကာ အိပ်ရာဖုံးများ ဖုံးကာ ရေစိုအဝတ် အနည်းငယ်မှလွဲ၍ အဝတ်များတိုးလို့တွဲလောင်း မရှိ၊ ရှင်းပြောင်၍ သေသပ်နေသည်။ တင်တင်ဝင်းရော သင်းသင်းအေးရော နှစ်ဦးစလုံး သပ်ရပ်သူများဖြစ်သောကြောင့် စာကြည့်စားပွဲတွင်လည်း စာအုပ်များ သူ့နေရာနှင့်သူ စီထပ်နေသည်။

ခုတင်ခေါင်းရင်းနံရံ၌ ဘုရားစင်တစ်ခု လုပ်ထားကာ ဘုရားဆောင် သေးသေးလေးတစ်ခုပင် ထားသည်။ ခပ်ရှည်ရှည်နှင့် အဝင်ယ်သော ကြွေအိုး တစ်လုံးတွင် နှင်းဆီအဖြူပွင့်များ ထိုးစိုက်ထားလေသည်။ ဖန်ခွက်ငယ် သုံးလုံးနှင့် ဘုရားသောက်တော်ရေ ကပ်ထားလေသည်။

နော်စီစီနှင့် ဝင်းဝင်းမော်တို့က သင်းသင်းအေးနှင့် တင်တင်ဝင်းတို့ ခုတင်အသီးသီးတွင် လှဲလျောင်းရင်း ပြုံးရယ်နေကြသည်။

"ဝေး၊ သူ့ စာက ဘာစိတ်ဆိုးစရာပါလို့လဲ"

နော်စီစီက မေးလိုက်လေသည်။

သင်းသင်းအေးက နော်စီစီ ဘက်သို့လှည့်ကာ ...

"စာ အသွားအလာ ကြည့်ပါလားကွဲ့၊ ဘယ်လောက် လူပါးဝထားတုံး၊ ပြီးတော့ သူ့အဆောင်ပဲ သင်းက သွားလည်ရမလိုလို၊ ဒါ အကောင်းရေးတာ မဟုတ်ဘူး၊ သက်သက်မဲ့ အပေါစီးနဲ့ ပြောင်နေတာ စီစီရဲ့၊ ရုပ်တွေကိုက ကြည့်လိုက်တော့ သေခါနီးနေပြီ၊ သင်း သိပ်မုန်းတာပဲ ဟယ်"

တင်တင်ဝင်းက နော်စီစီ၏ ဘေးတွင် ဝင်ကပ် လှဲအိပ်ကာ ...

"မမုန်းနဲ့ ရွှေသင်း မမုန်းနဲ့၊ သိပ်မုန်းရင် သိပ်ချစ်သွားတတ်တယ်"

"ဟင်း"

သင်းသင်းအေးက တစ်ခွန်းသာ ဆိုလိုက်လေသည်။ ထိုခေတ်က ယောကျ်ားအဆောင်ဆိုသည်ကို ကျောင်းသူများ ကြောက်လန့်လိုက်ပုံမှာ မဝေး ဝေးအောင် ရှောင်ကွင်းသွားကြလေ့ ရှိလေသည်။ ဘာမှဖြစ်လို့တော့မဟုတ်။ မိန်းမ မည်းမည်းအရိပ်မြင်သည်နှင့် အမျိုးစုံ အော်ကြ၊ ဟစ်ကြ၊ ပြောင်ကြ၊





လှောင်ကြသည်။ ယောကျ်ားအဆောင်များသို့ အလည်သွားသည်ဆိုသည်မှာ မကြားစဘူး။ မောင်ရင်းရှိသော နှမ၊ အစ်မများပင်မသွား။ သွားလို့လည်း မောင်တွေက မကြိုက်။

သွားသောသူ လုံးဝမရှိမဟုတ်။ ရှားရှားပါးပါး တစ်ဦးစ နှစ်ဦးစ သွားသည်ကို ကြားရဖူးသော်လည်း သွားမိသော မိန်းကလေးများကို အပျိုရည် ပျက်တော့မလောက် သိက္ခာချကာ စကားတင်းဆိုကြလေသည်။ သို့ကြောင့်ပင် သူ့အား ဥတ္တရဆောင် (ယခု ရွှေဘိုဆောင်)သို့ အလည်ခေါ်သော ညီအောင်ကို အခဲမကျေခြင်းပင် ဖြစ်သည်။

"သူတို့က ဘယ်အခန်းကလဲ၊ ကိုယ်ဖြင့် ဒီရုပ်တွေကို တစ်ခါမှ မတွေ့ပါဘူး" ဟု ဝင်းဝင်းမော်က စူးစမ်းနေသည်။

တင်တင်ဝင်းက ရယ်လျက် ...

"အမိတို့ ဘယ်တွေ့မလဲ၊ သူတို့က ကျောင်းမှမတက်ကြတာ၊ တစ်နှစ်ကို ၃၆၅ ရက် ကျောင်းပြေးနေကြတဲ့ဟာတွေ၊ တော်တော်တေတဲ့လူတွေ စာကို မကျက်ဘူး"

"ဒါဖြင့် မင်းရဲ့လူတွေက တော်တော်လေး နည်းပေးလမ်းပြကောင်းတဲ့ စံပြကျောင်းသားကြီးတွေပေါ့"

သင်းသင်းအေးက ခနဲ့၍မဆုံး။ တင်တင်ဝင်းက သင်းသင်းအေးအား လှမ်း၍ ...

"ဒီလို တေတာပေတာ ကလွဲလို့ လူကောင်းတွေပါကွ၊ တော်ကြပါ တယ်"

"ဘာတော်တာလဲ၊ မင်းရဲ့ အောင်မောင်းကြီး ညည ပုဆိုးခြုံပြီး ဘင်တန်အရိပ်မှာ နောက်ပိုးသီချင်းတွေ လာဟစ်တာ တော်တာလား၊ ဟုတ်လား"

သင်းသင်းအေးက ပြုံးလျက် မေးလိုက်လေသည်။ တင်တင်ဝင်းက အိပ်နေရာမှ 'ထ'ကာ ...

"ဒီလိုရှိတယ် သူငယ်ချင်းရေ၊ လူငယ်သဘာဝဆိုတာက ပျော်တတ် ပါးတတ်တော့ ဒီလို တေတာပေတာလေးတွေရှိမှာပဲ၊ ကိုင်း မင်းတို့အထင်ကြီးဆုံး



www.burmeseclassic.com

ဖြစ်တဲ့ ဂုဏ်ထူးတန်းသားတချို့ကိုကြည့်၊ ဥပမာ ဘော်ဘီဆိုပါတော့၊ မင်းတို့ငါတို့လူကို မမြင်ဘူးခင်ထဲက ဘော်ဘီ့သတင်း ကြားနေရတယ်၊ ဟိုအမျိုးသမီးကလည်း ဘော်ဘီ၊ ဒီအမျိုးသမီးကလည်း ဘော်ဘီ၊ ကွန်ဆာကားလေးက တဝီဝီ၊ နိုင်ငံခြား စီးကရက်လေးက တမြမြ၊ နိုင်ငံခြားဖြစ် နိုင်လွန်တို့၊ ဘီစကွတ်တို့၊ ချောကရက်တို့လည်း လက်ဆောင်လှိုင်လှိုင် ပေးနိုင်တယ်"

"လူကလည်း အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်းနဲ့ ခန့်လည်းခန့် ချောလည်းချော"

ဝင်းဝင်းမော်က ဝင်ထောက်လိုက်လေသည်။

"စာကလည်းတော်တယ်။ သူ့ဆရာတွေတချို့က ဘော်ဘီဟာ ပညာရေးဘက်မှာ အလားအလာရှိတဲ့ လူငယ်တစ်ယောက်ပေါ့။ ကျောင်းမှန်မှန်တက်၊ မက်ထရစ်အောင်တုန်းကတည်းက အိမ်မှာ ပရိုက်ဗိတ်ဆရာ သုံးဦးလောက်ခေါ်သင်ပြီး ဂုဏ်ထူးသုံးခုနဲ့ အောင်တယ်၊ ဘာလိုသေးလဲ၊ ကိုင်း"

"ကြင်ယာ"ဟု ဝင်းဝင်းမော်က ဖြေသည်။

"ပထမ ဘော်ဘီ ဖရက်ရှာနှစ်မှာ ပက်ဂီနဲ့ အကြီးအကျယ်ပေါ့၊ ဖရက်ရှာတွေထက်စာရင် ပွဲချိန်တစ်ဝက်ပဲ မျက်နှာပြကြတယ်၊ ကျန်တဲ့အပိုင်းကတော့ ပိတ်ကားပေါ်မှာကြည့်ပါ"

ရိုးလွန်း အ လွန်းသော နော်စီစီက ...

"ပိတ်ကားပေါ်မှာ၊ သူတို့ ရုပ်ရှင်ရုံသွားကြတော့ ရုပ်ရှင်ရုံထဲမှာ ဘယ်လိုလုပ်"

'သြော် မိစီစီကလည်း 'အူ' ရာကနေ 'အ'ပြ နေပြန်ပြီ၊ အင်းလျားကန်ဘောင် သွားကြတာမမ အင်းလျားကန်ဘောင်၊ ညကလည်းဖြစ် လူခြေကလည်း တိတ်တော့ နောက်ဆုံး ပက်ဂီမှာ"

တင်တင်ဝင်းက ဆောင့်ဆောင့်အောင့်အောင့်နှင့် သူ့ဗိုက်ရှေ့ကို လက်ကိုဝိုင်းပြလိုက်ပြီး "သိပြီလား"ဟု မေးလိုက်လေသည်။ သင်းသင်းအေးက တင်တင်ဝင်းအား လှမ်း၍ ...

"ဟော့ အဲဒါ မမသန်းကြီးလည်း ပြောဖူးသားပဲ၊ ပက်ဂီအဆိပ်သောက်





တယ်ဆို၊ သူ့အဖော်တွေနဲ့မိသွားပြီး ဝါဒင့်ကို သွားပြောတော့ ဝါဒင်က တစ်ညလုံး နားချရတယ်တဲ့"

ပြောလိုက်လေသည်။ တင်တင်ဝင်းက ခုတင်ပေါ်သို့ ပြန်လှဲချပြီး...

"အေး ဒီတော့လည်း ပက်ဂီ သနားစရာကောင်းတော့တာပဲ၊ ဒါလောက် ခပ်ဖြောင့်ဖြောင့် တောင့်တောင့် ခန္ဓာကိုယ်ဟာ ပိန်သွားလိုက်တာ လူက တစ်ခြမ်းပဲရှိတော့တယ်"

"မသနားပါဘူး၊ ဘာလို့ အစက မိုက်သေးလဲ၊ ဒီလိုမိုက်ရင် ဒီလိုဖြစ်မှာပေါ့၊ အို သင်းတော့ ယောကျ်ားတွေလည်း မုန်းတယ်၊ သူတို့လည်း အဲဒီအဖြစ်မျိုး ဖြစ်ဖို့ကောင်းတယ်၊ လောကကြီးက မတရားပါဘူး၊ မိုက်တော့ နှစ်ယောက်စလုံး၊ ခံရတော့ တစ်ယောက်တည်း၊ သိပ်မတရားတာဘဲ"

သင်းသင်းအေးက ဒေါသထွက်နေသည်။ နော်စီစီက မျက်စိလေး ပုတ်ခတ် ပုတ်ခတ်နှင့် ...

"ခု အဲဒီ ပက်ဂီ ဘယ်ရောက်သွားလဲ"

"ကျောင်းကထွက်သွားပြီး သူ့အိမ်က ယောကျ်ားပေးစားလိုက်တယ် ထင်ပါရဲ့၊ ငါပြောချင်တာက ဘော်ဘီလို စာတော်တယ်ဆိုတဲ့ လူစားဟာ ဘယ်လိုလဲဆိုတာ၊ နောက်တစ်ယောက်က မြမြကြည်တဲ့၊ ယောဒီ မိသင်းလိုပဲ အရုပ်မြင့်မြင့်၊ ခပ်သွယ်သွယ်၊ ရုပ်ကလေးက ရှင်းပြီး သန့်နေတာပဲ၊ လှကလှနဲ့ တို့ဘင်တန်းက မဟုတ်ဘူး အင်းလျားက၊ ယူတဲ့ ဘာသာရပ်ချင်းလည်းမတူ၊ စရိုက်ချင်းလည်းမတူဘဲ ဘယ်လို ချိတ်မိတယ်မသိဘူး ချိတ်ကြပြန်ရော၊ နောက် မြမြကြည်လည်း ကျောင်းက ပျောက်သွားရတော့တာပဲ"

"တောက်၊ ခွေးတိရစ္ဆာန်ကြီး"

ဝင်းဝင်းမော်က ဆဲရေးနေသည်။

"မဆဲနဲ့ အစ်မရေ မိန်းမတွေကလည်း မိုက်တာကိုး၊ မြမြကြည်က သူ့ရုပ်လေး အားကိုးပြီးတော့ သူ့ကို အတည်ယူလိမ့်မယ် ထင်ခဲ့တာ နောက်ဆုံး 'ကော' ကျန်ရစ်တာပေါ့၊ ဘော်ဘီက ဟယ်လင်ဖေဝင်းနဲ့ ဆက်တဲ့အချိန်ကျတော့ ငါကလည်း ငါ့အဒေါ်အိမ်သွားတာသိလား၊ ဖြစ်ချင်တော့ ငါ့အဒေါ်



www.burmeseclassic.com

အိမ်နားမှာ မြမြကြည်က နေတာကိုး"

ဝင်းဝင်းမော်က ခုတင်ပေါ် လှဲအိပ်နေရာမှ 'ထ'လာပြီး တင်တင်ဝင်းနှင့် စီစီ လှဲအိပ်နေရာသို့ လာထိုင်လေသည်။

"မိန်းမ ဝါသနာက ဒါမျိုးဆို ရှေ့ဆုံးက"

တင်တင်ဝင်းက ပြောလိုက်သည်တွင် သင်းသင်းအေးက မျက်နှာလေးရှုံ့ကာ ရင်ဘတ်ကိုဖိပြီး ...

"ဟယ် သင်း ခုတင်တော့ ကျိုးပါပြီ၊ သုံးယောက်တက်လို့ ဘယ်ဖြစ်ပါ့မလဲ"

ပြုံးစူလိုက်မှ ဝင်းဝင်းမော်က သူ့နေရာသူ ပြန်ပြေးပြီး ...

"ကဲ ပြောပြော၊ မိတင်ဝင်းအသံက ရှပ်ရှပ်ရှပ်ရှပ်နဲ့ ငါမှ မကြားရဘဲ၊ တကတဲ သူ့လင် စကားပြောတာကျနေတာပဲ၊ အသံကလည်း တိုးလိုက်တာ"

"ဟဲ့ ဟိုဘက်ခန်းမှာ မြမြကြည် ကာဆင်ရှိတယ်၊ စကားဆိုတာ ရှေ့ပြောနောက်ကြည့်၊ အရမ်းအော်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါဖြင့်လည်း သောက်တင်းလေးကို တိုးတိုးပြောတော်မူပါ သခင်မဖုရား"ဟု ဝင်းဝင်းမော်က လက်အုပ်ချီကာ ပြောလိုက်ရာ အားလုံးက ရယ်မောကြလေသည်။ တင်တင်ဝင်းက ဆက်၍ ...

"မြမြကြည်ကို အိမ်ရှေ့ဝရန်တာကနေ ရိပ်ခနဲ ဝင်သွားတာတွေ့ရတယ် မောင်ကြီးချုံလို့၊ ငါက ဘာဖြစ်လို့လဲလို့ ဒေါ်ဒေါ်ကိုမေးတော့ တိုက်ဖျိုက်ဖြစ်လို့ ကျောင်းကပြန်လာတာတဲ့၊ ငါ့စိတ်ထဲမှာ တိုက်ဖျိုက်ဖြစ်ရင်လည်း ဆန္ဒင်းတွေ ထိန်နေအောင် လူးရပါလားလို့တောင် အောက်မေ့မိသေးတယ်၊ အင်း ဘော်ဘီတို့များ သောင်းကျန်းတာ အဲဒီလောက်၊ ကိုင်း မိရွှေသင်း ဒါကို လူတော်လို့ နင် သတ်မှတ်မလား"

"ဒါတော့ ဟုတ်တာပေ့ါ၊ အကျင့်မကောင်းရင်တော့ ငါလည်းရွံတယ်၊ နင့်လူတွေကကော အကျင့်ကောင်းလို့လား"

သင်းသင်းအေးက ဖျတ်ခနဲ မေးလိုက်လေသည်။ တင်တင်ဝင်းက မာန်ပါပါနှင့် ...





"လူတော် လူကောင်းဆိုတာ ဘာလဲ၊ ဒီဂရီတွေ ရအောင်၊ ဂုဏ်ထူးတွေရအောင် စာကျက်နိုင်တာလား၊ အကပ်ကြိုက်တဲ့ ဆရာတချို့ အလိုကျ ဖော်လံဖားတတ်တာလား၊ အင်္ဂလိပ်စကား တရွှတ်ရွှတ် ပြောတတ်တာလား၊ ကျောင်းသင်ရိုး စာတွေပဲကျက်ပြီး အပြင်ဗဟုသုတက နားမျက်စိတွေ ပိတ်ပြီး နေတတ်တဲ့လူလား၊ ကွန်ဗရီအဖွဲ့ ဖွဲ့ပြီး ပွတ်သဘင်တွေ တက်တတ်တဲ့ လူလား၊ ရည်းစားတွေ မှိုလိုပေါက်အောင်ထား၊ မိန်းကလေးတွေ ဖျက်ဆီးပြီး နောက်ဆုံး မိဘပေးစားမယ့် နေဥစ္စာနဲ့ပေါက်တတ်တဲ့ ချိုကျိုးနားရွက်ပဲ့ မိန်းမမျိုးကို မျက်စိမှိတ်ယူတတ်တဲ့ လူမျိုးလား၊ ထက်မြက်တဲ့စိတ် နှမ်းစေ့လောက်မှ မရှိဘဲ ကိုယ့်ကျောင်းသားအရေးတွေကို မျက်နှာလွှဲပြီး ကိုယ်ကျိုးအတ္တစွဲ တစ်ခုနဲ့ တစ်ကိုယ်ကောင်းဆန်တဲ့လူလား"

သည်တော့ သင်းသင်းအေးက ရယ်လျက် အင်းလေးထဘီကို ကုလားထိုင်ပေါ်တင်ကာ တင်တင်ဝင်းဘက်သို့ စက္ကူစုတ်ကလေးတစ်ခု လုံးပစ်လိုက်ပြီး…

"တို့မိတင်ဝင်းကလည်း ဘယ်ဆိုးလို့တုံး၊ သဘောတရားရေးရာတွေ ဘာတွေနဲ့ပါလား"ဟု ပြောလိုက်လေသည်။

"တို့ ဖရက်ရှာတွေအနေနဲ့ တက္ကသိုလ်ရဲ့ လူမှုဆက်ဆံရေးတွေကို လေ့လာရမယ်လေ၊ အထူးသဖြင့် မိသင်းတို့လို ကြော့ကြော့ရှင်း နေတဲ့သူအဖို့ ပိုပြီး သတိထားရမယ်၊ ခုတောင် အာသာမြတို့ ဟင်နရီဘဝင်းတို့လို ယင်မမဲရိုင်းကြီးတွေက တဝီဝီနဲ့"ဟု တင်တင်ဝင်းက ပြောဆဲ ...

"ဟော့၊ ယင်မမဲရိုင်း တဝီဝီဖြစ်တာတော့ မိသင်းနဲ့ တွဲနေတဲ့ နင့်ကို ဝဲတာပဲဖြစ်မယ် တင်တင်ဝင်း၊ နင် ရေချိုးခန်း မအားလို့ ရေမချိုးတာ နှစ်ရက်ရှိပြီမဟုတ်လား"

ဝင်းဝင်းမော်က ရယ်လျက် ပြောလိုက်ရာ တင်တင်ဝင်းက ဝင်းဝင်းမော်၏ လည်ပင်းကို ထ၍ညှစ်လေသည်။ ဝင်းဝင်းမော်က အော်လျက် ရယ်နေသည်။

တင်တင်ဝင်းက ဝင်းဝင်းမော် အိပ်နေရာ ခုတင်စွန်းတွင် ထိုင်လျက်…

"ခု မိသင်း မုန်းတယ်ဆိုတဲ့ ကိုညီအောင်ကြည့်၊ သူက မကျေ[illegible]၊ သူ့မိဘတွေက ပိုက်ဆံရှိတဲ့ ကုန်သည်တွေဆိုပါတော့"



www.burmeseclassic.com

"အင်း၊ ပိုက်ဆံရှိလို့ ငါ့ဆီက ငွေတစ်ဆယ်ကို မလိမ့်တပတ်ချေးရတာ ပေါ့နော်"

သင်းသင်းအေးက ပြောလိုက်ရာ နော်စီစီက …

"အို၊ ဒါတော့ သူ့အိမ်က ပိုက်ဆံမပို့သေးလို့ ဖြစ်မှာပေါ့"ဟု လျှောက်လဲလိုက်လေရာ နော်စီစီကို ကြည့်ကာ အားလုံးက ရယ်လျက် တင်တင်ဝင်းက "ကိုညိုအောင်ရဲ့အကြောင်း မိစီအသိဆုံး၊ ညက သူ့ကို ပြောသွားတာ" ဟု ရွှတည်တည် ပြောလိုက်လေသည်။

စလို့မှ စမှန်းမသိသော နော်စီစီက …

"ဘယ် ညက ကိုယ်တို့မှ မဆုံကြတာကွဲ့၊ ဟိုနေ့ညက တွေ့ပြီး ကတည်းက တစ်ခါမှ မတွေ့တော့ဘူး"ဟု ကပျာကယာ ထုချေရာ အားလုံး ဝိုင်းရယ်ကြပြန်သည်။

"ကိုင်း၊ ပြောစမ်းပါဦး သင်းရဲ့၊ ကိုညိုအောင့် အကြောင်းကို"

ဝင်းဝင်းမော်က ဆက်မေးလိုက်ရာ သင်းသင်းအေးက နှုတ်ခမ်းရှုံ့ နေသည်။

"မကွေးကျောင်းကနေ မြို့မကျောင်း လာနေတယ်တဲ့၊ ၁၉၄၇ ခုနှစ်မှာ မက်ထရစ်ကို သင်္ချာနဲ့ အင်္ဂလိပ်စာ ဂုဏ်ထူးနဲ့ အောင်တာကွ"

တင်တင်ဝင်းက ပြောနေရာ သင်းသင်းအေးက မျက်နှာမဲ့ပြနေသည်။ နော်စီစီကမူ "ဟယ် ဟုတ်လား"ဟု တအံ့တဩ ဖြစ်နေသည်။

"ဒါတောင် ဆော်ဘီတို့ ဟင်နရီတို့လို ပရိုက်ဗိတ်ကျူရှင် ကြိတ်ယူတာ မဟုတ်ဘူး၊ မိဘကလည်း သာမန်ကုန်သည်တွေ၊ နယ်ကပဲ၊ ပညာတတ်လူတန်းစား မဟုတ်ဘူး၊ ဒီလိုက ဂုဏ်ထူးနဲ့အောင်တာ၊ သူက စာသိပ်ဖတ်တယ်၊ သိပ်ဖတ်တယ် ဆိုတာ အပြင်စာတွေကို ပြောတာ၊ အင်္ဂလိပ်စာရော ဗမာစာရော နှစ်ဖက်စလုံး တော်တယ်၊ ဗမာတစ်ယောက်အနေနဲ့ ဗမာစာတော်တာ ထားပါတော့၊ မနှစ်က နှစ်လည်မဂ္ဂဇင်းမှာ သူရေးတဲ့ အင်္ဂလိပ်ဆောင်းပါးကို ကြည့်ပါလား"

"ဟယ်၊ သူလည်းစာရေးတယ်၊ ဘယ်မှာလဲ၊ ငါဖတ်ချင်လိုက်တာ၊ ပြစမ်းပါဦး"





နော်စီစီက စိတ်ဝင်စားစွာ ပြောလိုက်ရာ တင်တင်ဝင်းက နော်စီစီ ရှိရာ လာထိုင်ကာ နော်စီစီ၏ခေါင်းကို လက်နှင့်ပွတ်လျက် …

"အင်း၊ မိစီ မိစီ၊ မိရွှေသင်းနဲ့တော့ တွေ့ကြရလိမ့်မယ် ထင်တယ်"

"အို၊ မတွေ့ဘူး မတွေ့ဘူး စိတ်ချ၊ သိကြားသားဖြစ်ပါစေ၊ မကြိုက် ရေးချ မကြိုက်" ဟု သင်းသင်းအေးက ခေါင်းကို ခါရမ်းပြကာ ပြောလိုက် လေသည်။

တင်တင်ဝင်းက "အင်း၊ ကြည့်သေးတာပေါ့"ဟု ပြောပြီးနောက် သူ့စကားကို ဆက်၍ …

"၁၉၄၇ ခုနှစ် ကျောင်းသားသပိတ်မှောက်တော့ သံမဏိတပ်သား ဖြစ်လာသတဲ့၊ သူက သူ့ယုံကြည်ချက် အပြည့်အဝနဲ့ ကျောင်းသားအရေး၊ ပြည်သူ့အရေးကို ရှေ့တန်းတင်တယ်၊ ဒါနဲ့ ၁၉၄၉ ခုနှစ်မှာ ကျောင်းသားသူပုန် အဖြစ်နဲ့ တောခိုသွားခဲ့တယ်၊ တောထဲမှာ သူ့နာမည်က ဗိုလ်အောင်စည်တဲ့"

နော်စီစီ၏ နဂိုဝိုင်းနေသော မျက်လုံးလေးများမှာ ပို၍ ဝိုင်းသွား လေသည်။ ဝင်းဝင်းမော်က သင်းသင်းအေး ဘက်သို့ မေးငေါ့ပြကာ …

"ဟော့ မိသင်း၊ နင့်လူက ဗိုလ်အောင်စည် ဆိုပါလား၊ ဗိုလ်အောင်ဒင်ပေါ့၊ ဒီတော့ နင်က မြမြဝင်းပေါ့၊ မြမြဝင်း"

သင်းသင်းအေးက သူ့နှာနှစ်ဖက်ကို ပိတ်ထားလိုက်လေသည်။ ထို့နောက် …

"ထွီ၊ ရုပ်ကိုက ဗိုလ်အောင်ဒင်နဲ့ တခြားစီ၊ အညာသားပဲစား၊ ရေငံသောက်၊ မြက်ခြောက်စား" ဟု ပြောရင်း မျက်နှာကို ရှုံ့နေလေသည်။ နော်စီစီက…

"အသား နည်းနည်းညိုလို့ပါ၊ လှပါတယ်ကွ"ဟု ဘက်လိုက် နေပြန်သည်။

"အေး၊ သူတို့က အညာကချည်းပဲ၊ တို့ ကိုအောင်မောင်းကြီး တစ်ယောက်ပဲ ပုသိမ်က ပါတယ်၊ သူတို့အုပ်စုက ကိုသန်းဌွေးကလည်း မကွေးကပဲ၊ ကိုသန်းဌွေးက တရားဟောကောင်းတယ်၊ သူက အစိုးရဝန်ကြီးမြင့်နဲ့



www.burmeseclassic.com

တက္ကသိုလ်ဝင်တန်း တစ်နှစ်ထဲအောင်ခဲ့ပေမယ့် နိုင်ငံရေးလုပ်ရင်း အင်တာမှာ တစ်နေရတာ၊ ကိုညိုအောင်လိုပေါ့၊ ကိုညိုအောင်ကိုလည်း အစိုးရတပ်က ဖမ်းမိပြီး ရဲက ဖမ်းချုပ်အမှုစစ်တာ တောထဲမှာ ရာဇဝတ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိတဲ့အတွက် လွှတ်လိုက်ပြီး ခုကျောင်းဆက်နေတာပဲ၊ ဒါကြောင့် အင်တာက ဒုတိယနှစ်မှာပဲ ရှိနေတာပေါ့၊ သူ့ဘက်ချိကလူတွေ ခု ဒီဂရီတောင် ရကုန်ပြီ၊ ခု တို့ကျူတာတွေ ဆရာကိုထိုက်အောင်တို့ ကိုညွှန့်မောင်တို့က ကိုညိုအောင်နဲ့ တစ်နှစ်ထဲပေါ့"

"သြော် သြော်၊ ဒါဖြင့် ဟိုအရပ်ရှည်ရှည် ပိန်ညှောင်းညှောင်းနဲ့ လူဟာကော"ဟု ဝင်းဝင်းမော်က မေးလိုက်လေသည်။

"ကိုချစ်ဦးလား"

"နာမည်ကိုက စီးစီးပိုးပိုး ချစ်ဦးတဲ့"

သင်းသင်းအေးက နှုတ်ခမ်းကို တွန့်မဲ့နေပြန်သည်။ ဝင်းဝင်းမော်က ရယ်လျက် ...

"ရုပ်ကလည်း ကာတွန်းလိုပဲ၊ သူတို့အထဲမှာ ဗရုတ်အကျဆုံးပဲ၊ အမူအရာကလည်း ငါးခူခေါင်းကို မသေမရှင် ရိုက်ထားတဲ့အတိုင်း တဖျတ်ဖျတ်နဲ့"

"အေး အဲဒါ မိမော်နဲ့ ပေးစားရမယ်၊ မိမော်အရပ်က ၄ ပေ ၁၀ လက်မ၊ ချစ်ဦးအရပ်က ၆ ပေနီးပါး၊ တို့တက္ကသိုလ်မှာ အိုင်တီ (it) စုံတွဲ တစ်တွဲ ရှေ့သွားနောက်လိုက်ညီစွာ ထွက်လာမှာပဲ"

ဝင်းဝင်းမော်က သူအုံးနေသော ခေါင်းအုံးနှင့် တင်တင်ဝင်း၏ခေါင်းကို တအား ရိုက်ချလိုက်လေသည်။

* * *



(၆)

ယခုတစ်လော၌ ညိုအောင်သည် ဆေးလိပ်တိုကိုပင် ခိမ်နှင့်မမှိန်းအား လောက်အောင် အလွန် အလုပ်များလျက်ရှိလေသည်။ သန်းဌေးက စိတ်အား ထက်သန်လေလေ ညိုအောင်ကား နောက်က တကားကားနှင့် ဖားလေလေပင် ဖြစ်နေသည်။

သန်းဌေးက သူလူတစ်ကိုယ်စာကို (၁၀)ယောက်စာလောက် အလုပ် လုပ်ချင်နေသူဖြစ်သည်။ ဘီအယ်(လ်)ပထမနှစ် သင်တန်းသား ကိုသိန်းမောင် ဆိုသူနှင့် ပေါင်းကာ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အမှုဆောင်အဖြစ် အရွေးခံရန် စိုင်းပြင်းသည်။ တက္ကသိုလ်ရှိရှိသမျှ အသင်းအပင်းတွေတွင် ခြေကုတ်ရယူချင်သည်။ သဟာယနှင့် စာကြည့်တိုက်အသင်းတွေမှာလည်း ကိုယ့်အဖွဲ့အစည်း ပါဝင်နိုင်ရန် စည်းရုံးရေးကို အင်တိုက်အားတိုက် လုပ်နေပြန်သည်။

တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းကိုလည်း သန်းဌေးတို့ ဝင်စီးမိပြန်သည်။ ဒီလိုကိစ္စမျိုးတွေ၌ သန်းဌေးက ညိုအောင်ကို အထူးအားကိုးလျက် ရှိနေသည်။ နာမည်မခံပါရစေနှင့် ပြောသည့်ကြားထဲကပင် မဂ္ဂဇင်းကော်မတီ အတွင်းရေးမှူး လုပ်ပါ ပြောလိုပြော၊ အလုပ်မန်နေဂျာလုပ်ရန် တောင်းပန်လို တောင်းပန်၊ မြန်မာစာကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍတို့တွင် စာတည်းလုပ်ရန် တိုက်တွန်းလို တိုက်တွန်းနှင့် တကျက်ကျက် စကားများနေရသည်။

"ဟ လုပ်မယ့်လူတွေက ပြည့်လို့၊ ငါ့ပဲကွာ မင်းက"

ညည်းမိသည်။

"အလုပ်လုပ်ချင်တဲ့ လူတွေတော့ ရှိတာပဲကွာ၊ အလုပ်ကို နားမလည်

www.burmeseclassic.com

ကြဘူး၊ ဒီကြားထဲ ခပ်တိမ်တိမ် အရည်အသွေးမရှိတဲ့ လူမျိုးဆီမှာ ငါတို့မဂ္ဂဇင်း ထိုးအပ်ရင် မဂ္ဂဇင်းက မသေမသပ်နဲ့ ထွက်လာပြီး ပျက်ရလိမ့်မယ်။ လုပ်စမ်းပါ ညီအောင်ရာ၊ ဒါတစ်ခုတော့ လုပ်စမ်းပါသူငယ်ချင်း"

တကယ်တော့ လုပ်ရသည်မှာ ဒါတစ်ခုတည်းမကပါ။ ကော်မတီ အဖွဲ့ဝင် ဆယ့်တစ်ဦးမှ နာမည်ခံလုပ်ရပေမယ့်လည်း အတွင်းရေးမှူးလည်းသူ၊ အလုပ်မန်နေဂျာလည်း သူ၊ စာတည်းအလုပ်လည်း သူပဲ လုပ်နေရသည်။ သန်းဌေးက မရမက ညီအောင်၏နာမည်ကို အင်္ဂလိပ်စာကဏ္ဍ စာတည်းနေရာတွင် အမည်တပ်လိုက်လေသည်။

အကြံပေး စာတည်းများဖြစ်ကြသော ဒေါ်သိန်းညွန့် (အင်္ဂလိပ်စာ ကဏ္ဍ)နှင့် ဆရာဦးကျော်ရင် (မြန်မာစာကဏ္ဍ)တို့ကို ညီအောင်ကပင် သွား၍ ခေါ်ရသည်။ ဆရာတွေကလည်း ညီအောင့်မျက်နှာနှင့် ရှောရှောရှူရှူ လက်ခံ ကြရှာပါသည်။

အပင်ပန်းဆုံးက စာမူတွေစုဆောင်းကာ စက်တင်ခြင်း၊ ပန်းချီ ဘလောက်အပ်ခြင်း၊ ကြော်ငြာစာများ လိုက်ကောက်ခြင်းကို ယက်ကန်းရှယ်သလို ဟိုပြေးဒီလွှား လုပ်နေရလေသည်။ မော်ဘီမှာနေသော အာသာမြ၏အိမ်က လင့်ရှိဗာကားကိုဆွဲကာ ကြော်ငြာလိုက်ရသည်မှာ အပင်ပန်းဆုံးပင်တည်း။

မဂ္ဂဇင်းအတွက် ကြော်ငြာလိုက်သည်ဆိုသည်မှာ သူများပိုက်ဆံအိတ်ထဲမှ ငွေကို နှိုက်ထုတ်ရသည့်ကိစ္စမို့ အလျှုခံရသလိုပင် မျက်နှာပူစရာကောင်းလေသည်။ အားနာလောက်အောင် မိန်းကလေးတွေပါမှလည်း အလုပ်ပို၍ တွင်ကျယ်တတ် လေသည်။

မိန်းကလေးများကတော့ ဘင်တန်မှ တင်တင်ဝင်း၊ နော်စီစီနှင့် ဝင်းဝင်း မော်တို့အပြင် အင်းလျားမှ သိန်းမောင် စုစည်းခေါ်ဆောင်ခဲ့သော သန်းသန်းမေနှင့် ပိုပိုတို့ ပါလာလေသည်။ ညီအောင် နဂိုကတွက်ထားသည့်အတိုင်း သင်းသင်း အေးတော့ ပါမလာပေ။ သင်းသင်းအေးလို ခပ်သွက်သွက် စကားဆိုတတ်၍ လူမြင်လျှင် ချစ်ချင်ဖွယ်အသွင်နှင့် မိန်းမငယ်တစ်ယောက်တော့ ပါလာလျှင် ကောင်းမှာပဲဟုပင် တောင့်တမိသေးသည်။ သို့သော် သင်းသင်းအေးနှင့် တစ်ခါသာ





ဆုံစည်းရပြီးသည့်နောက် မဆုံဖြစ်တော့။

မိမိကလည်း ဘင်တန်၊ အင်းလျားနှင့် တီတီစီ အဆောင်များကို သွားလေ့မရှိသည်ကြောင့် ဆုံစရာအကြောင်းလည်း မရှိတော့ပေ။

* * *

သည်တုန်းက စိမ်းစိုမြမှိုင်းသော ဘိုဟီးမီးယားပင်များထက်တွင် ပန်းနုနု ဝတ်လွှာဆင်မြန်းသော ပန်းများပွင့်နေကြသည်။ နံနက်ခင်း ဆောင်းနှင်း ပွင့်တို့သည် မြရွက်တို့တွင်လည်းကောင်း၊ မြက်ခင်းပြင်တွင်လည်းကောင်း ပုလဲဥစီကာ ကွန်းထောက်နေကြသည်။ ရွှေနေခြည်လင်းပွင့်လာမှ နှင်းပုလဲတို့မှာ ကြေကွဲသူတို့၏ မျက်ရည်စပမာ ကြွေကျနေတော့သည်။

ဂျပ်ဆင်ခန်းမ၏ အရိပ်သည် ထူးကဲစွာ အေးချမ်းလျက်ရှိလေသည်။ ဥတ္တရဆောင်နှင့် ဂျပ်ဆင်ဆိုသည်မှာ အနီးကပ်ဆုံးဖြစ်သော်လည်း ညီအောင်က စိတ်များနေသဖြင့် ကမန်းကတန်းပင် လာလေသည်။ ဒဿနိကနှင့် တက္ကဗေဒ ဌာနမှ ကထိကဆရာဦးဖေအောင်ဆီသို့ ကိစ္စလေးတစ်ခုမေးချင်သဖြင့် လာပြီး မြို့ထဲသို့လည်း ခပ်စောစော အချိန်မီထွက်ချင်သောကြောင့် ကော်ရစ်ဒါ တစ်လျှောက်ကို ခပ်သွက်သွက် လျှောက်လာလေသည်။

သို့လျှောက်လာရင်း လှေကားရင်းမှ ထောင့်ချိုးတစ်ခုတွင် တစ်စုံ တစ်ယောက်သောသူနှင့် တိုက်မိလေသည်။ တက္ကသိုလ်တွင် ဤသို့ တိုက်မိ ခိုက်မိကြသောကိစ္စသည် ဆန်းလှသော ကိစ္စတစ်ရပ်မဟုတ်ပေမင့် သေသပ် ရှင်းပြောင်လှသော ဆံပင် ဆင်ယင်ထုံးဖွဲ့မှုနှင့် ကြည်လင်သန့်စင်သော မျက်နှာပေါ်မှ စပါးကြီးပမာ ညို့လျက်ရှိသော တောက်ပသော မျက်လုံးအစုံကို ဖျတ်ခနဲ မြင်တွေ့လိုက်ရသည့် ခဏ၌ ...

"သင်းသင်းအေးပါလား"

သင်းသင်းအေးက မပြုံးမရယ်၊ တည်ကြည်သော မျက်နှာထားနှင့် ညီအောင်အား လှမ်းမော့ကြည့်ပြီး စကားပြန် မပေးဘဲ နေလေသည်။ သင်းသင်း အေးနှင့် ယှဉ်လျက်ရပ်နေသူ နော်စီစီကသာ ...

"ဝေး၊ ကိုညီအောင်ပါလား၊ ဘယ်သွားမလို့လဲ" ဟု ပျာပျာသလဲ



www.burmeseclassic.com

နှုတ်ဆက်လိုက်လေသည်။

"ကျွန်တော် ဆရာဦးဖေအောင်ဆီ ခဏလာပြီး မြို့ထဲသွားမလို့ပါ"

"ကျမတို့က ကလပ်(စ်) တက်မလို့"

နော်စီစီက မစစ်ဆေး မမေးမြန်းရဘဲနှင့် ဖြေလိုက်လေသည်။

"သြော်၊ ဟုတ်ကဲ့"

ညိုအောင်က သင်းသင်းအေးအား တစ်ချက်မျှ လှမ်းကြည့်ပြီး ဤမျှသာဖြေသည်။ သင်းသင်းအေးက စာအုပ်လေးများပိုက်ကာ ကြမ်းပြင်သို့ စိုက်ငေးကြည့်ရင်း မျက်မှောင်ကုတ်နေသည်။ နော်စီစီကမူ ပြုံးနေသော မျက်နှာထားလေးနှင့် …

"ညိုအောင်တို့များ နေနိုင်လိုက်တာ၊ ဘင်တန်ကို တစ်ခေါက်မှ လာမလည်ဘူး၊ သင်းနဲ့ မိတ်ဆွေဖြစ်ပြီဆို၊ လာလည်မှပေါ့"

သည်တော့ သင်းသင်းအေးက နော်စီစီနှင့် ကပ်လျက်ရပ်ပြီး ညိုအောင် မမြင်အောင် နော်စီစီ၏ လက်မောင်းအိုးကို လှမ်းဆိတ်သည်ကို ညိုအောင်က ကပ်ကပ်သပ်သပ် မြင်မိလေသည်။ ညိုအောင်က နှုတ်ခမ်းကိုစေ့ကာ ပြုံးလျက်…

"မဖိတ်ဘဲနဲ့ မလာကောင်းဘူး ထင်တယ်ဗျ"

"အို … ဖိတ်ပါတယ် ဖိတ်ပါတယ်၊ ဘာလို့ မဖိတ်ဘဲနေရမလဲ၊ ကိုအောင်မောင်းကြီးလည်း တင်တင်ဝင်းဆီ ခဏခဏ လာတာပဲ၊ ကိုသန်းမြွေ တောင် သမဂ္ဂလျှောက်လွှာပုံစံတွေ လာပေးပြီးနောက်ပိုင်း နှစ်ခေါက်ရောက် သေးတယ်၊ ကိုချစ်ဦးတောင် ခုလာတာ ညနေတိုင်း တစ်ပတ်ရှိသွားပြီ၊ ကျွန်မတို့က ခင်တတ်ပါတယ်၊ လူတိုင်းတော့ မဖိတ်ဘူးပေါ့၊ မရှိဘူးပြောခိုင်းတယ်၊ ကိုညိုအောင် ဆိုရင်တော့ သင်းက ဆင်းလာမှာပါ"

နော်စီစီက ရေပက်မဝင်အောင် အားရပါးရ ပြောဆိုနေသည်။ ညိုအောင်က နော်စီစီ၏ ရိုးသားပွင့်လင်းသော မျက်နှာလေးကို တစ်ချက်လှမ်း ကြည့်ပြီး ရယ်လိုက်လေသည်။ သင်းသင်းအေးကမူ မျက်နှာကို တင်းသည်ထက် တင်းထားသည်။ မျက်မှောင်ကိုလည်း ကုတ်မြဲကုတ်နေသည်။ ထို့နောက်…

"အို စီစီကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ လာ သွားမယ်၊





ကလပ်(စ်) မမီဘဲ နေမယ်"ဟု ရှေ့မှ ခပ်ဆောင့်ဆောင့်လေး ထွက်ခွာသွား လေသည်။

ညိုအောင်က ဘာမှမပြောတော့ဘဲ ပြုံး၍သာနေသည်။ သင်းသင်းအေးက ပင်နီတိုက်ပုံအင်္ကျီအသစ်၊ မြောက်ပြင်ပိုးလုံချည်အစိမ်းနှင့် လှရောင်ပြောင်နေသော ညိုအောင်ကို တစ်ချက်မျှ လှမ်းကြည့်သွားလေသည်။ ညိုအောင်က ခရမ်းပြာ ရောင်လေး၏ နောက်ကျောကို အမှုမဲ့ငေးနေပြီးမှ ကြမ်းပြင်ပေါ် ကျကျန်ရစ်သော လက်ကိုင်ပဝါ ပန်းရောင်လေးတစ်ထည်ကို ကောက်ကိုင်လိုက်ရာ လျှင်မြန် ဖျတ်လတ်သော မျက်စိနှင့် လက်ကိုင်ပဝါ ထောင့်စွန်းမှ T.T.A ဆိုသော သင်းသင်းအေးနာမည် အတိုကောက်စာလုံးကို မြင်တွေ့လိုက်ရသည့်ခဏ၌…

"သင်းသင်းအေး၊ ဒီမှာ သင်းသင်းအေး"

သင်းသင်းအေးက လှည့်မကြည့်တော့။ လှည့်ကြည့်သော နော်စီစီကိုပင် ဒရွတ်ဆွဲခေါ်သွားလေရာ …

"သင်းသင်းအေး"

ညိုအောင်က စိတ်လိုက်မာန်ပါ သင်းသင်းအေး၏ လက်လေးကို ဖျတ်ခနဲ လှမ်းဆွဲကာ ရပ်စေပြီးနောက် လက်ကိုင်ပဝါကို လှမ်းပေးလိုက်လေသည်။

"အို…ဘာဖြစ်လို့ ကျွန်မလက်ကို ကိုင်တာလဲ၊ ရှင် တော်တော် ရိုင်းပါလား၊ လူယဉ်ကျေးက မွေးတာမှ ဟုတ်ရဲ့လား"

ညိုအောင်က သူ့ထုံးစံအတိုင်း မမှုသောမျက်နှာနှင့် သင်းသင်းအေး၏ နီမြန်းသော မျက်နှာလေးကို ငေးကြည့်ကာ …

"ခင်ဗျားကမှ ခေါ်လို့မရဘဲကိုးဗျ၊ ဒီမှာ ခင်ဗျားလက်ကိုင်ပဝါ ကျန်ရစ်ခဲ့တဲ့ဥစ္စာ၊ ဒီလက်ကိုင်ပဝါကို အောင်မောင်းကတစ်ဆင့် ပြန်ပေးလိုက်ရင် ခင်ဗျားနဲ့ ကျွန်တော့်ကို သူတို့ ဘယ်လိုထင်မလဲ၊ ကျွန်တော်ဒီလို အထင်မခံ နိုင်ဘူး"

"ဘာ"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘာလိုလို အထင်မခံနိုင်ဘူးလို့"

"တော်တော် လူပါးဝပါလား"



www.burmeseclassic.com

"ဟုတ်ကဲ့ အဆောင်မှာ ထမင်းမဝပေမယ့် လူပါးတော့ ဝပါတယ်"

ညိုအောင်၏ ခေါင်းထဲ၌ ဟိုတစ်ခါ ညတုန်းကလို ဟာသဉာဏ်ကွန့်မြူးကာ ရယ်ချင်စိတ်ပြင်းပြလျက် သင်းသင်းအေးကို စ ရသည်ကို ပျော်သလိုဖြစ်လာလေသည်။ နော်စီစီက အဟုတ်ရန်ဖြစ်သည်ထင်သဖြင့် မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် မျက်နှာပျက်နေရှာသည်။ သင်းသင်းအေးက နှုတ်ခမ်းများတုန်လျက် မျက်ရည်ဝဲကာ ...

"နောက်တစ်ခါတော့ ပါးအကျိုးပဲ၊ အာထာပိုင်တွေလည်း တိုင်မယ်၊ ရှင် ကြပ်ကြပ်သတိထား"

"ဟုတ်ကဲ့ ကျွန်တော့်ကို ဒီလိုမေတ္တာထားပြီး သတိပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ကိုင်း အရေးတကြီး သွားစရာလေးကရှိနေလို့ ခွင့်ပြုပါဦး"

ဟု ပြောပြောဆိုဆို လှည့်ထွက်ခဲ့ရာ ကျယ်လောင်သော တောက်ခေါက်သံတစ်ချက်သည် မြည်ဟီးကာ ကျန်ရစ်လေသည်။

ညိုအောင်က ပြုံးလျက် ကော်ရစ်ဒါတစ်လျှောက်ကို ခပ်သုတ်သုတ်လျှောက်လာခဲ့လေသည်။ ဂျပ်ဆင် ပတ်ဝန်းကျင်ရိပ်သာမှ သာရကာကျေးငှက်တို့သည် တကျီကျီ တကျာကျာ အသံပြုနေကြလေသည်။ ညိုအောင်၏ရင်ထဲတွင်လည်း ငှက်ကလေးများနှင့်အပြိုင် ရွှင်မြူးစရာတေးကို သီဆိုလာခဲ့မိလေသည်။

* * *



(၇)

'နော့သ်ဟောလ်ခေါ် ဥတ္တရဆောင် (ယခု ရွှေဘိုဆောင်)တွင် ချစ်ဦးနေသော အခန်းလောက် ညစ်ပတ်တာမရှိ။ ချစ်ဦးသည် အလုပ် အလွန်များသော သန်းရွှေနှင့် တွဲနေလိုက်သောအခါ အခြေအနေ ပိုဆိုးသွားလေသည်။

ဆယ်ပေပတ်လည် အခန်းတွင် ခုတင်နှစ်လုံးကို တစ်ခုကအလျားလိုက်၊ တစ်ခုက အနံလိုက် ထားထားသည်။ စာကြည့်စားပွဲနှစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ ပက်လက်ကုလားထိုင် တစ်လုံးကို ဖြစ်သလို ဖရိုဖရဲ ထားထားသည်။ အခန်းနံရံနှစ်ဖက်အမြင့်တွင် ကြိုးတန်းတစ်တန်း တန်းထားပြီး၊ ပုဆိုးများ၊ ဘောင်းဘီရှည်၊ စွပ်ကျယ်အင်္ကျီ၊ တိုက်ပုံနှင့် ရှပ်အင်္ကျီများ အစုလိုက်အပြုံလိုက် ကြိုးတန်းအိနေအောင် လုံးထွေးတင်ထားလေသည်။

အခန်းနံရံတွင် လီနင်နှင့် စတာလင်ပုံကြီးကို မှန်ဘောင်သွင်းကာချိတ်ဆွဲထားပြီးနောက် ယင်းပုံများအောက်တွင် ဟောလိဝုဒ်မင်းသမီး အကျီစသာဝီလျံ ရေကူးဝတ်စုံနှင့် ဆေးရောင်စုံပုံ၊ ဂျင်းနက်လေးက မျက်နှာသုတ်ပဝါနှင့်ကိုယ်ကို မလုံ့တလုံ ပတ်ထားသောပုံ၊ ဂျပန်မ မပေါ့်တပေါ် ဖော်ထားသောအရုပ်များနှင့် ပြက္ခဒိန်ကားချပ်များ ချိတ်ဆွဲထားလေသည်။

စာအုပ်စင်ပေါ်တွင် စာအုပ်များစီထားခြင်း အလျှဉ်းကင်းကာ အစုလိုက်တောင်ပုံရာပုံ ပြည့်နေပြီး ဂျာနယ်နှင့်မဂ္ဂဇင်းများ သံမံသလင်းပေါ်တွင်မသပ်မယပ် ရှိနေသည်။

ဆေးလိပ်ပြာများ တစ်ခန်းလုံး ပြန့်ကျဲလျက်နေသည်။ ဒဂုန်တာရာကဦးညိုမြ နေထိုင်ခဲ့ဖူးသော သထုံကျောင်းဆောင်ခန်းကို သရုပ်ဖော်ခဲ့ဖူးသကဲ့သို့ပင်



www.burmeseclassic.com

ချစ်ဦးနှင့် သန်းဒွေးတို့ အိပ်ခန်းသည်လည်း အပေါ်စား ပြည့်တန်ဆာအခန်း၏ ပုံသဏ္ဌာန်အတိုင်း ရှော့ရှိရှော့ရဲ မသပ်မယပ်။

တနင်္ဂနွေ နေ့လယ်လည်း ဖြစ်သောကြောင့် အဆောင်မှာ တိတ်တိတ်ဆိတ်ဆိတ်။

ခုတင်တစ်လုံးပေါ်တွင် လှဲလျောင်းနေသော သန်းဒွေးက ညိုအောင် ရေးပေးထားသော ကြော်ငြာစာတမ်းတစ်ရပ်ကို ဖတ်နေသည်။ ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးပေါ့လိပ်နှင့် မှိန်းနေသော ညိုအောင် ကြားရအောင်လည်း မတိုးမကျယ် ဖတ်ပြနေသည်။

ကျန်ခုတင်တစ်လုံးပေါ်တွင် အောင်မောင်းနှင့် အာသာတို့က နှစ်ယောက်တွဲအိပ်ကာ ချစ်ဦးက စွပ်ကျယ်အင်္ကျီ၊ ဘောင်းဘီတိုလေးဝတ်လျက် အိပ်နေသူနှစ်ယောက်အပေါ် ခြေကန့်လန့်ဖြတ်တင်၍ အုတ်ထရံကို မှီထိုင်နေသည်။

သန်းဒွေးက ကြော်ငြာစာတမ်းကို ဖတ်အပြီး လက်နှိပ်စက်ရိုက်ရန်၊ စာကူးစက်နှင့် ရိုက်ရန်ဆိုကာ အဝတ်အစားကောက်လဲပြီး ထွက်ခွာသွားလေသည်။

ချစ်ဦးက သန်းဒွေး ကုလားထိုင်သို့ ပြောင်းထိုင်လိုက်ရင်း ညိုအောင်၏ ညာလက်ကို ဆွဲကိုင်လျက် ...

"သင်းသင်းအေးရဲ့ လက်ကို ဆွဲလိုက်တယ်ဆိုတာ ဒီလက်လား ပြောစမ်းပါဦး"

"ဒီအကြောင်း မင်းကို ဘယ်သူပြောသလဲ"

"အံမယ်၊ ဘယ်သူရှိရဦးမလဲ စီစီ၊ စီစီကနေ ဝင်းဝင်းမော်၊ တင်တင်ဝင်း၊ ဘင်တန်တစ်ခုလုံး နှံ့နေပြီ၊ တင်တင်ဝင်းကနေ အောင်မောင်း၊ ငါ၊ နော့ဟောလ်တစ်ခုလုံး သတင်းဖြန့်ချိလိုက်ပါပြီ၊ နိုင်ငံတော်အစိုးရ ပြန်ကြားရေးဌာနက ဖြန့်ချိလိုက်တဲ့ သတင်းထက်တောင် ပိုပြန့်သေး၊ ညီညာသေး၊ ဟား ဟား ဟား။ ညိုအောင်ကြီး ညိုအောင်ကြီး"

"တယ်ခက်တဲ့ ကောင်တွေပဲ တစ်ဖက်သား အရှက်ရအောင်"

"အံမယ် အံမယ်၊ မင်းကများ ခက်ရတယ်ရှိသေးကွာ၊ တစ်ခါတည်း နားဖောက်ပြီးသား ဖြစ်တာတောင် မင်း မကျေနပ်ဘူးလား"





"မတော်တာတွေ မပြောချင်ပါနဲ့ကွာ၊ ငါလည်း အစက ဒီလိုလုပ်ဖို့ မရည်ရွယ်တာအမှန်ပါ၊ သူ့ကို စေတနာကောင်းနဲ့ လက်ကိုင်ပဝါလေး လိုက်ပေးတာကို သူကခေါ်လို့ လှည့်မကြည့်တာနဲ့"

"ဒါနဲ့ လက်ဆွဲလိုက်ရောလား"

ညိုအောင်က ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်ကာ အမိုးမျက်နှာကြက်ကို မော့ကြည့်ရင်း ပြုံးလိုက်လေသည်။ ညိုအောင်က သူ့လက်ကို ဆွဲရုန်းကာ...

"ဖယ်စမ်းကွာ၊ ဘာလုပ်တာလဲ"

"သင်းသင်းအေးရဲ့ သနပ်ခါးနံ့လေးများ ကျန်ရစ်မလားလို့"

ချစ်ဦးကပြောရင်း ညိုအောင်လက်ကို မလွှတ်ဘဲ မဆုံးနိုင်အောင် နမ်းနေသည်။ အာသာက အိပ်ရာထက်မှ ထကာ ခေါင်းအုံးကိုပိုက်ထားပြီး ရယ်လျက်...

"ငမ်းငနဲ နမ်းပါစေ နမ်းပါစေ၊ ကိုညိုအောင်ကြီး ခုနပဲ အိမ်သာက ဆင်းလာတာ၊ ဟုတ်တယ်မဟုတ်လား"

"အေး၊ ဘရိုမိုစက္ကူက လက်ကျန်မရှိတာနဲ့ ရေပဲ အသုံးပြုခဲ့ရတယ်"

ဤတွင် ချစ်ဦးက "ထွီဝေ့"ဟု အော့အန်ပြနေသည်။ အောင်မောင်းနှင့် အာသာတို့က ရယ်နေကြလေသည်။ ချစ်ဦးက မျက်နှာရှုံ့တွကာ ပခုံးတွန့်ပြပြီး...

"ကုလားပဲရယ်၊ အာလူးရယ်၊ ဆိတ်ရိုး၊ ကြက်ရိုးရယ်၊ ဝမ်းဘဲဥရယ်၊ ဝက်သားပုပ်ရယ် ရောမွှေပြီး ဝမ်းချဉ်ပေါက် ထွက်လာတဲ့ အနံ့ပဲ"

အာသာက တသောသော ရယ်မောရင်း ချစ်ဦးအား ခေါင်းအုံးနှင့် လှမ်းပေါက်လိုက်လေသည်။ အာသာက ရယ်မောရာမှ ခုတင်ပေါ်တွင် အိပ်နေသော အောင်မောင်းကိုယ်ပေါ် ကန့်လန့်ဖြတ် မှောက်အိပ်ကာ ညိုအောင်၏လက်ကို ဆွဲကိုင်လှုပ်ပြီး ...

"သင်းသင်းအေး လက်ကို ကိုင်လိုက်ရတာနဲ့ တစ်ပြိုင်နက် ခင်ဗျား စိတ်ထဲ ဘယ်နှယ့်ဖြစ်သွားသလဲ"

"ဘယ်နှယ့် ဖြစ်ရမလဲကွ"

"ဟို ဟိုလေ၊ တစ်မျိုးကြီး ဖြစ်မသွားဘူးလားလို့"



www.burmeseclassic.com

"ဘာဖြစ်စရာရှိလဲကွ၊ မိန်းမလက်ပဲ မကိုင်ဘူးတာ မှတ်လို့"

"မိန်းမလက်ပေမယ့် လက်ချင်းက ကွာဦးမှာပေါ့၊ ဂေါ်ရင်ဂျီ ကုလားမလက် ကိုင်ရတဲ့အရသာနဲ့ သင်းသင်းအေးလက် ကိုင်ရတဲ့အရသာချင်းက ကွာဦးမှာပေါ့ဗျ။ ခင်ဗျားကြီး မညာနဲ့"

"ဟား ဟား ဟား"

ညှိအောင်က မတတ်သာသည့်အဆုံး လိုက်လှဲစွာ ရယ်မောနေမိသည်။ ထို့နောက် အာသာ ဆံပင်များကို ဆွဲဖွလိုက်လေသည်။ အာသာက …

"ကျွန်တော့် အတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြီး ပြောရတာပါ၊ မာဂရက်လေ သိတယ်မဟုတ်လား တီတီစီက၊ အဲဒီတုန်းက မိုးတွေကရွာနေတယ်၊ သူက တီတီစီ အဆောင်ကနေထွက်ပြီး မြို့ထဲသွားမလို့နဲ့ တူပါတယ်၊ သူ့အဖော် ကောင်မလေး တစ်ယောက်လည်းပါတယ်၊ ကျွန်တော်ကလည်း ပြည်ကျောင်း ဆောင်သွားပြီး မြို့ထဲအထွက်၊ လမ်းက ခဲလုံးလေးတစ်လုံးကို သူ့ခုံမြင့်ဖိနပ်လေးနဲ့ တက်နင်းမိတော့ သူ့ဘေးနားကလျှောက်လာမိတဲ့ ကျွန်တော်က သူ့လက်ကလေးကို ကိုင်မပြီး လှမ်းဆွဲလိုက်မိတယ်၊ သူက 'အို သင့်(ခ်)ယူ'တဲ့ ကျွန်တော့်ရင်ထဲ တစ်ခါတည်း ဒိတ်ခနဲဖိုသွားပြီး လေးငါးဆယ်ရက် ရင်အဖိုမပျက်ဘူး၊ ချစ်ဦးကြီး တောင် ကျွန်တော်စားမြုံ့ပြန်လို့ သူပါ ရင်ဖိုမိတယ်တဲ့"

ချစ်ဦးက သူ့ရင်ဘတ်ကို သူ့လက်နှင့် ဖိပြနေသည်။ ညှိအောင်က မျက်စိများမှိတ်ထားကာ ဆေးလိပ်ကို ဖိမ်နှင့် မှိန်းကာ ဖွာရှိုက်နေပြန်သည်။

"ညှိအောင်ကြီး၊ မင်း သင်းသင်းအေးအပေါ် ဘယ်နှယ့်မှ မနေဘူး လား" ဟု ချစ်ဦးက ရုတ်တရက် ကောက်မေးလိုက်လေသည်။

"ချစ်ချင်စရာလေးပဲကွ" ဟု ညှိအောင်က မဆိုင်းမတွ ဖွင့်ဟ ဝန်ခံမိလေသည်။

"သူ့ အလှဟာ ကြော့ရှင်းတယ်၊ ကြည်လင်သန့်စင်တယ်၊ ဒီနှစ် ဖရက်ရှာတွေထဲမှာ လှတာတွေတော့ တစ်ပုံကြီးပဲ၊ ရီစီတို့၊ ဝင်နီတို့၊ ခင်ခင်ချစ်တို့၊ တင်တင်အုန်းတို့လည်း လှတာပဲ၊ အများအားဖြင့် ပခုံးပေါ်ဝဲတဲ့ ဆံပင်ကို ဖြန့်ထားလိုက်ထား၊ ခေါင်းအမောက်ကြီးတွေ နှုတ်ခမ်းနီထူလပြစ်နဲ့ ရင်ကြီးတင်ထွား



တောင့်ပေ့ဖြောင့်ပေ့တွေပါပဲ၊ ဒီကြားထဲမှာ သင်းသင်းအေးကို ကြည့်ရတာ သူ့နှာမည်နဲ့ လိုက်အောင် မျက်စိအေးတယ်"

အာသာက သင်းသင်းအေး ချီးမွမ်းခန်းကို ဖွင့်နေသည်။ ချစ်ဦးက ဆက်၍…

"သင်းသင်းအေး တစ်ပတ်လျှို ဆံထုံးလေးက ချောပြောင်နေတာပဲ၊ အုန်းဆီနဲ့ ဒေါနပန်းခြောက်နံ့လေး မွှေးလွန်းလို့ အောင်မောင်းကြီးကတောင် သင်းသင်းအေးခေါင်းက သန်းဖြစ်ချင်သတဲ့"

ပေါက်ကရ ဋီကာများ ပြောနေသူများအကြားဝယ် ညှိအောင်က မလှုပ်မယှက် ငြိမ်သက်ကာ ပြုံး၍သာနေလေသည်။ သူ့မျက်စိထဲတွင် သင်းသင်းအေး လှသလား မလှသလားတော့ သေချာစေ့ငုစွာ သရုပ်မခွဲမိ။ သင်းသင်းအေးကို ကြည့်ရသည်မှာ မျက်စိထဲ ရှင်းနေသည်ကတော့ သေချာသည်။

ဆံပင်ထုံးဖွဲ့မှုက အမြဲလိုပင် ရှင်းနေသည်။ ပန်းပန်လည်း နှစ်ကြိမ် တွေ့ရဖူးသည့်အခါ၌ သေးသေးနုပ်နုပ် ပန်းခက်အစိုသာ ပန်လျှင်ပန်၊ နောက် တစ်ခါတော့ နှင်းဆီပွင့်တစ်ပွင့်သာ အရွက်နှင့် တွဲလျက်ပန်သည်ကို တွေ့ပေသည်။ မျက်နှာတွင် ပေါင်ဒါသနပ်ခါး ဖုံမနေ။ တို့ဖတ်နှင့်ပွတ်သပ်ရုံသာ ပြုပြင်ထား ပုံရသည်။ အသားကလည်း ဝင်းဖန့်ဖန့်နှင့် စိုပြည်သည် နှုတ်ခမ်းလည်း ဆေးဆိုးထားခြင်း မရှိ။

နဖူးကျပုံ ပြေပြစ်ပြီး မျက်နှာလေးက ခပ်သွယ်သွယ်၊ မျက်ခုံးကောင်း၍ နှာတံ အသင့်အတင့် ပေါ်လွင်လေသည်။ ထူးထူးခြားခြား အလှဆုံးကတော့ သင်းသင်းအေး မျက်လုံးများပင်တည်း။ ရှည်လျားသော မျက်တောင်မွေးများ ပတ်ရံထားသော မျက်လုံးများမှာ နက်ရှိုင်းကာ တောက်ပြောင်နေသည်။

မေးသွယ်ပုံလေးကတော့ မင်းသမီး မေရီမြင့် မျက်နှာလေးလို ခရာတာတာရှိသည်။ ပါးရိုးကျပုံ၊ လည်တိုင်ရှင်းပုံနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ကတော့ ယခု 'ခရမ်းလွှင်ပြင်' ရိုက်နေဆဲကားမှ 'ဝင်းမင်းသန်း'နှင့် တူသည်ဟု ထင်မိသည်။

အလုံးအရပ် အလောတော်၊ ခါးသေး၍ ကိုယ်ဟန်မှာ ခွဲနှောင်း



www.burmeseclassic.com

သွယ်ပျောင်းလေသည်။ သို့ကြောင့် တင်တင်ဝင်းလို ဒေါင်ရှည်မြင့်မြင့်၊ နော်စီစီလို ခပ်တုတ်တုတ်ဝဝ၊ ဝင်းဝင်းမော်လို ဂျူပုမလေးများ အကြားတွင် သင်းသင်းအေးမှာ ထူးခြားနေလေသည်။

"သူက သထုံက၊ ဖအေက ပင်စင်စားအရာရှိ၊ မနှစ်ကပဲ ဆုံးရှာတယ်။ မအေက ပိုက်ဆံတော့ရှိတယ်၊ ရာဘာခြံတွေရှိတယ်ဆိုလား၊ အစ်ကိုတစ်ယောက် မောင်တစ်ယောက်ပဲရှိတယ်၊ မိန်းကလေးဆိုလို့ သူပဲပါတယ်၊ သူ့ဆွေမျိုးတွေ ထဲမှာ ကောလိပ်ရောက်တာဆိုလို့ သူတစ်ယောက်ထဲတဲ့" ချစ်ဦးက သင်းသင်းအေး ၌ကာဖွင့်ဆဲ ...

"ဒါကြောင့်မို့ ဖင်ခေါင်းကျယ်တာပေါ့" ဟု ညိုအောင်က မှတ်ချက် ချနေသည်။ အာသာက ...

"သိက္ခာလေးကတော့ အပြည့်အဝလေးပဲဗျို့၊ မဟုတ်မခံ ဇတ်ဇတ် ကြဲထဲကပဲ၊ ဟာင်နရီဘဝင်းက သူ့အဖေ နိုင်ငံခြားကယူလာတဲ့ ချောကလက် ဘူးရယ်၊ နိုင်လွန်အင်္ကျီစရယ်ကို အတင်းမိတ်ဆက်လက်ဆောင်ပေးတော့ 'ကောလိပ်ရောက်လို့မှ မိန်းမအကဲ မခတ်တတ်သေးဘူးထင်တယ်၊ ကျွန်မ လက်ဆောင်ယူတတ်တဲ့ မိန်းမ မဟုတ်ပါဘူး ပြန်ယူသွားပါ'လို့ ဖြောင်ဖြော လိုက်တာ ငတိ မျက်နှာကို မဲသွားတာပဲတဲ့"

ဟုဝင်ပြောလိုက်လေသည်။

"လူတွေရှေ့ ပေးလို့ထင်ပါရဲ့ကွာ" ဟု ညိုအောင်က မှတ်ချက်ချ နေသည်။

"မဟုတ်ဘူးဗျ၊ ဒါမျိုးက ဖုံးကွယ်လို့ ဘယ်ရမလဲ၊ ဟုတ်ရင် ကျော်တယ်၊ ပုပ်ရင်ပေါ်တာပဲ၊ အပုပ်နံ့ဆိုတာ တယောင်ယောင် လှိုင်နေတာ၊ တက္ကသိုလ်နယ်မြေမှာ လူမသိဘူးထင်ပြီး ခင်းတဲ့ဇာတ်လမ်းတိုင်းဟာ ပေါ်တာပဲ မဟုတ်လား၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိဘူးဗျ"

သည်တစ်ခါတော့ စိန်ပေါက ငတိလေး အာသာသည် ကမ္ဘာ့ဝါဖတ် တော့မည့်နှယ် စကားကြီးစကားကျယ်ကို ဆိုနေသည်။

"ဒီတစ်ခါတော့ အာသာပါးစပ်က နတ်စကား ထွက်သားပဲကွ"





ညိုအောင်က ရယ်မောကာ ပြောလိုက်လေရာ အာသာက မိန်းမ အမူအရာ ဟန်ပန်မျိုးလုပ်လျက် ညိုအောင့်အား မျက်စောင်းပစ်ထိုးလိုက် လေသည်။

"ဟင်း ကိုကိုအောင်က သူများကို သိပ်အထင်သေးတာပဲ၊ ဒီလိုဆိုရင် သင်းကို မချစ်နဲ့သိလား။ သွား... သွား... သူများဆီမလာနဲ့ သွား"

ခေါင်းတခါခါ လည်တခါခါနှင့် အသံကို တမင်နွဲ့ရင်း ပြောနေသော အာသာဆီသို့ ချစ်ဦးသည် ပြေးလာကာ မျက်နှာသုတ်ပဝါ အစုတ်တစ်ခုနှင့် တဖုတ်ဖုတ် ရိုက်ပြီး...

"မအေသေရာ ငါ ဆယ်နှစ်စာလောက် စိတ်ကုန်သွားတာပဲ၊ တစ်ခါတည်း"

ကြိမ်းမောင်းလိုက်လေရာ မေးရိုးကြီးကြီး လည်ဇလုတ်ကြီးကြီးနှင့် ထောင်ထောင်မောင်းမောင်း ကိုယ်ဟန်ရှိသော အာသာသည် အမဲခြောက်ဖုတ်ပမာ တွန့်လိန်ကောက်ကွေးနေလေသည်။

* * *



www.burmeseclassic.com

## (၈)

တက္ကသိုလ် အခန်းနံပါတ်(၁)တွင် ဆရာ မလာသေးသဖြင့် တဝေါဝေါနှင့် ဆူညံနေသည်။ စကားဆိုသံ၊ ရယ်မောသံ၊ လေချွန်သံ၊ မိန်းကလေးများ တွတ်ထိုးသံ၊ ကြိတ်၍ ရယ်သံများမှာ ညံမစဲနိုင်အောင်ပင်။

အသက်ဆယ့်ခုနစ်နှစ် မပြည့်တတ်ခဲ့သေးသော ဟိုက်စကူးကျောင်းသူ အရွယ်မှသည် မြန်းစားကြီး တက္ကသိုလ်သို့ရောက်လာတော့ ဆရာများက‥

"မင်းတို့ လူကြီးဖြစ်ပြီ။ ကိုယ့်ကိုယ်ကိုယ် ထိန်းကြသိမ်းကြ၊ လူကြီးလိုနေထိုင်ကြ မင်းတို့အားလုံးဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ဖြစ်တယ်"

ဟု ပြောဆို ခုံးမကြကာ Ladies(အမျိုးကောင်းသမီး)နှင့် Gentlemen (အမျိုးကောင်းသား) ဟု အမည်တပ်ခေါ်ခဲ့သည်နှင့် သင်းသင်းတို့မှာ နတ်ရေကန်ထဲ တွန်းအပို့ခံခဲ့ရသလို ဖြစ်ခဲ့ရလေသည်။

သည်လိုနှင့် ခြောက်လတည်းဟူသော အချိန်ပိုင်းသည် မြန်းစားကြီး ကုန်လွန်ခဲ့ရာ ကိုယ့်ကိုယ်ကို ရင့်ကျက်အောင်မွေး၍ ထိန်းသိမ်းခဲ့ရလေသည်။ တကယ်တော့လည်း ဘယ်နေရာ၌မဆို မိန်းကလေးများ မှည့်တစ်ပေါက်မှ မစွန်းအောင်မှာ သံကွန်ခြာခုနစ်ထပ်နှင့် အုပ်၍ မရစကောင်း။ ကိုယ့်ကိုယ်ကို ထိန်းမှသာ ဖြစ်နိုင်သည့်ကိစ္စဟု သင်းသင်းအေးက တွေးလေသည်။

သင်းသင်းအေးတို့ရှေ့မှ 'အိုင်ဗီ'သည် ရင်ကိုကော့၍ တင်ကိုနောက် ပစ်ကာ အတန်းထဲဝင်လာသည်နှင့် ကျောင်းသားတစ်စုက အမျိုးစုံအော်ဟစ်



www.burmeseclassic.com

နောက်ပြောင်တော့သည်။ ခေါင်းကို သူ့လက်နှင့် သပ်လိုက်ကာ အသာစောင်းငဲ့၍ နှုတ်ခမ်းလေးကို စူတူတူလုပ်ရင်း ရှေ့ဆုံးတန်းက သူ့အဖော်များအားဘေးတွင် ဝင်ထိုင်လိုက်လေသည်။

သူဝတ်ထားသော ဆွယ်တာအနီလေးကို ချွတ်ကာ နောက်ခုံတန်းသို့ မျက်လုံးလေး ကလယ်ကလယ်နှင့် မျက်စိကစားလိုက်လေသည်။ ကျောင်းသားတွေက 'ဟေး'ခနဲ အော်ကြပြန်သည်။

"ဟော့၊ အဲဒါ အာသာရဲ့ ကာဆင်တော်တယ်၊ စက်ရှင်တရားသူကြီး ဦးထွန်းမောင်ရဲ့သမီး၊ မန္တလေးကနေ 'ထရန်စဖာ' လုပ်လာတာ"

ဝင်းဝင်းမော်က တီးတိုးပြောနေသည်။ နော်စီစီက မျက်နှာလေးရှုံ့ကာ…

"သူကြည့်ရတာ စိတ်ညစ်ပါတယ်၊ တစ်ကိုယ်လုံး လှုပ်နေတာပဲ၊ အထဲက ဘော်လီမှ ဝတ်ထားရဲ့လား မသိပါဘူး"

"နင် သွားလှန်ကြည့်ပါလား မီစီ"

တင်တင်ဝင်းက ပြောလိုက်ရာ နော်စီစီက ရယ်မောနေသည်။ သင်းသင်းအေးကမူ 'ဘရက်စတက်' နိုင်ငံသမိုင်းစာအုပ်အထူကြီးကို ဖွင့်ဖတ်လျက် 'ရှူး'ဟု ပါးစပ်ကို ကပ်ပြလိုက်လေသည်။ ဝင်းဝင်းမော်က …

"မရှူးနဲ့၊ နင် ဒုက္ခရောက်တော့မယ် ရွှေသင်း"

"ဟင်၊ ဘာဖြစ်လို့လဲ"

သင်းသင်းအေးက ချစ်စဖွယ် အမူအရာလေးနှင့် မေးလိုက်လေသည်။ တင်တင်ဝင်းက ဆက်၍ …

"ဘာဖြစ်ရမလဲ၊ သူက တစ်ဦးတည်းသော သမီးလေး၊ သူ့အိမ်က မနိုင်ဘူး၊ အသက်နဲ့ ရည်းစားနဲ့ အမျှပဲ၊ သူတို့အိမ်မှာ ဒရိုင်ဘာ ခပ်ငယ်ငယ်တောင် မထားရဘူး၊ သူက ကြိုက်မိပြီဆိုရင် ဘယ်လို ယောကျ်ားမျိုးဖြစ်ဖြစ် ကောင်းကင်တမွတ် ကြယ်ကိုဆွတ်ပဲ၊ ဒီဘက်မှာတော့ သိပ်တော်တယ်၊ သူ့အမူအရာ ကြည့်ပါလား"

"အဲဒါနဲ့ သင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပြီလား၊ ဆိုင်တာမှ သိပ်ဆိုင်"





"အင်း၊ မဟုတ်တန်းတရားလေးတွေ ပြောလိုက်စမ်းပါဦး"

"ဟုတ်တာ ပြောမှာနော်၊ ပြီးတော့ မငိုနဲ့ မိရွှေသင်း"

'အံမယ်၊ လာ လာချေသေး"

"အိုင်ဗီက အာသာရှိတဲ့ နော့သ်ဟောလ်ကို တစ်ယောက်တည်း သွားသတဲ့"

တင်တင်ဝင်းက ပြောလိုက်ရာ သင်းသင်းအေးက တအံ့တသြ ဖြစ်နေသည်။

"နော့သ်ဟောလ်ကို သွားတယ်၊ ပြီးတော့ တစ်ယောက်တည်း၊ တယ် ကြောင်ပါလား၊ ရဲလည်း ရဲတယ်နော်"

"အို၊ ရဲဆို လောကကြီးမှာ အိုင်ဗီ မလုပ်ရဲတဲ့အလုပ် တစ်ခုမှမရှိဘူး၊ သူ့အဖော်မိန်းကလေးတွေကလည်း ယောကျ်ားလေးအဆောင်ဆိုတော့ ဘယ်သူ လိုက်ရဲမလဲ၊ ဒီတော့ သူတစ်ယောက်တည်း သွားတာပေါ့၊ အာသာနဲ့ တွေ့ဖို့ဆိုပြီး အကြောင်းကိစ္စပြလို့ပေါ့၊ အာသာကလည်း လန့်သွားဆို ထင်ပါရဲ့၊ ဒီတုန်းက ကိုအောင်မောင်းရယ်၊ ကိုချစ်ဦးရယ်၊ ကိုညီအောင်ရယ်ကလည်း မြို့ထဲသွားမလို့ ညှိခန်းအဆင်း၊ ဆုံကြတာပေါ့"

တင်တင်ဝင်း၏ စကားကို နော်စီစီက မအောင့်နိုင်၊မအည်းနိုင်…

"အင်း ဆုံကြတော့"

ဝင်းဝင်းမော်က နော်စီစီ၏ ပေါင်ကိုပုတ်ကာ ရယ်မောရင်း …

"နင်ကလည်း ကာယကံရှင် လှုပ်ဖို့ ချန်ပါဦး၊ အဲဒီ အိုင်ဗီက မိတင်ဝင်းရဲ့ အောင်မောင်း အသားဖြူချောကြီး လဲမကျ၊ ငါ့ပိန်တာရှည်ကြီး ချစ်ဦးကိုလည်း စာမလိတ်၊ မိသင်းရဲ့ ညီအောင်ကြီးကို စက္ကူရှုပေ သံဝါသ တာပေါ့၊ ကိုညီအောင်က မျက်လုံးလှန်ကြည့်လိုက်တယ်ဆိုလား၊ ပြုံးလိုက်တယ် ဆိုလား၊ အသားညိုပေမယ့် ဂရေဂရီပက်(ခ်)နဲ့ တူလို့တဲ့၊ အိုင်ဗီ အရူးအမူး ဖြစ်သွားရှာတယ်၊ မငိုနဲ့နော်၊ ငိုတော့မလို့လား"

"မငိုရေးချ မငို၊ ကြားရတာနဲ့ ဝမ်းသာလွန်းလို့၊ ဒါမှ မျက်စိနောက် သက်သာတယ်၊ ကြာရှပ် ကြာရှပ်ချင်းတွေ့တာ ကောင်းတာပေါ့"



www.burmeseclassic.com

သင်းသင်းအေးက နှုတ်ခမ်းကို တွန့်မဲ့ကာ ပြောလိုက်လေရာ တင်တင်ဝင်းက …

"ဟော့ ကောင်မလေး၊ ဟန်ဆောင်ကောင်းလိုက်တာ၊ ညကျ စောင်ခေါင်းမြီးခြုံ မငိုနဲ့နော်"

ဟု တီးတိုးနောက်ပြောင်နေသည်။ ဝင်းဝင်းမော်က …

"ငိုမှာပဲ ငိုမှာပဲ စိတ်ချ၊ ခုတောင် လူတွေရှေ့မို့ ဝမ်းထဲက ငိုပွဲဆင်နေပြီ၊ ဟိုနေ့ကလည်း ၁၉၄၈ ခုနှစ်က နှစ်လည်မဂ္ဂဇင်းအဟောင်း ကြည့်နေလို့ ငါ မိသင်းကို အသာချောင်းတာ၊ ကိုညိုအောင် ရေးထားတဲ့ 'လင်းအရုဏ်ဝယ်' ဝတ္ထုတိုကို ဖတ်နေတယ်"

"အို ပေါက်ပေါက်ရှာရှာ၊ ဖျင်းလွန်းလို့ ဟိုလှန် ဒီလှန် ဖတ်နေတာပါ၊ တော်စမ်းပါ၊ ပေါက်ကရတော့ စ မနေစမ်းပါနဲ့"

"ပေါက်ကရ စတာမဟုတ်ပါဘူး၊ ငါတို့ဖြစ်စေချင်လို့ပါ၊ ကိုညိုအောင်ကြီးက လူကောင်းတစ်ယောက်ပါ၊ သူက မိန်းမတွေကို စိတ်ဝင်စားတာ မဟုတ်ဘူး၊ ဘယ်အဆောင်မှ မသွားတာကြည့်၊ နင့်ကျမှ ဒီလိုလုပ်တော့ ငါတို့ကတောင် အံ့သြနေသေးတယ်"

တင်တင်ဝင်းက ခပ်ဆွယ်ဆွယ်လေး ပြောလိုက်ရာ သင်းသင်းအေးက…

"အံမယ်၊ အံမယ်၊ အောင်သွယ် တော်တော်ကောင်းပါလား၊ ဒီကနဲ့တော့ အဝေးကြီး၊ အောင်သွယ်နဲ့ ညားနေဦးမယ်နော်၊ သတိထား" ဟု ရန်ထောင်သလို ပြောနေသည်။

နော်စီစီက ဆီမီးခွက် ထ တောက်ကာ …

"အေးဟယ်၊ ကိုညိုအောင်ကို အိုင်ဗီနဲ့တော့ မဖြစ်စေချင်ပါဘူး၊ နှမြောပါတယ်၊ သင်းနဲ့ သဘောတူတယ်"

"အလို၊ ဆေးရိုးသည်က ကန့်လန့်၊ စီစီနဲ့ ဘာဆိုင်လို့လဲ သဘောတူ ရအောင်၊ အေး၊ အမိကြိုက်ရင်တော့ ယူပေါ့၊ မိတင်ဝင်းကြိုက်ရင် မိတင်ဝင်းယူ၊ မိမော်ကြိုက်ရင် မိမော်ယူ ဒါပဲ၊ သင်းအဖို့ကတော့ အဲဒီလူအပေါ် အဲဗာ 'နိုး'ပဲ၊ နိုးဆိုနိုး ဘယ်တော့မှ မ'ရက်စ်'ဘူး၊ သင်း မကြိုက်ဘဲနဲ့ သင်းကို စရင်





စတဲ့လူနဲ့ ရကြပါစေ၊ ကိုင်း ကျိန်လိုက်မယ်"

သင်းသင်းအေးက ဝါးလုံးရှည်နှင့် သိမ်းရမ်းကာ ရန်ထောင်လေသည်။ ဒေါသလည်း အနည်းငယ်ထွက်ကာ မျက်နှာလေးမှာ နီမြန်းလာလေသည်။ တင်တင်ဝင်းတို့က စ ကောင်းတိုင်း ဖွတ်စနေသဖြင့် နောက်ဆုံး သင်းသင်းအေးက လက်လျှော့ကာ ဘာမှမပြောဘဲ နှုတ်ဆိတ်နေသည်။

အနောက်တိုင်းဆိုင်ရာ နိုင်ငံသမိုင်းဘာသာရပ်များ သင်ကြားရန် ဆရာဦးတင်အုံး ဝင်လာမှ ကျောင်းသားကျောင်းသူများ၏ ဆူသံပူသံသည် မီးကိုရေနှင့် ငြိမ်းသတ်ဘိသကဲ့သို့ ငြိမ်သက်သွားကြလေသည်။

* * *



www.burmeseclassic.com

## (၄)

ကျောင်းဆောင် ထမင်းစားခန်းကြီးတွင် အလျား ခြောက်ပေ၊ အနံ လေးပေရှိသော သစ်သားစားပွဲကြမ်းကြီးများ၊ သစ်သားခုံရှည်များ ချထားသည်။ ကြမ်းပေါ်တွင် ထမင်းစေ့များ၊ အရိုးအရင်းများ ပြန့်ကျဲနေသည်။ စားပွဲများပေါ်တွင် မြန်မာပြည်ဖြစ် ထုံးခြောက်ရောင် ပန်းကန်ပြား၊ ပန်းကန်လုံး အပဲ့အရွဲ့များ ချထားသည်။ ပန်းကန်ပဲ့အချို့ကို ပန်းကန်ရွဲ့နှင့် အုပ်ထားလေသည်။

စားပွဲတစ်ခုစီတွင် ကြွေရည်ကွာကာ သံချေးတက်ဇလုံပေါက် နှစ်လုံးစီ ရှိသည်။ ယင်းဇလုံပေါက်တို့ကို ယင်မမဲရှိင်းများ ဝိုင်းအုံနေကြသည်။

ထိုနေ့က ဆာတတ်သော အောင်မောင်းကြောင့် ညနေ ခပ်စောစောပင် ထမင်းစားခန်းသို့ ဆင်းလာကြလေသည်။ နောက်ဘက်တံခါးပေါက် ဘီဒိုတန်း လျှားနားတွင် စွပ်ကျယ်အင်္ကျီ ညစ်ထပ်ထပ် ဆန်ကာပေါက်နှင့် ချည်လုံချည်စုတ်ကို ဝတ်ထားကာ ခေါင်းစုတ်ဖွားနှင့် လူတစ်ယောက်က ညစ်ပတ်ပေရေသော လက်နှီးစုတ်တမျှ မည်းနေသည့်အဝတ်နှင့် ပန်းကန်သုတ်နေသည်။

အောင်မောင်းနှင့်ချစ်ဦးက ရှေ့ဆုံးကဝင်လာပြီး သန်းဌွေးနှင့် ညို အောင်က စကားတပြောပြောနှင့် နောက်မှလိုက်လာလေသည်။ အောင်မောင်းက စွပ်ကျယ် လက်ပြတ်၊ ချည်လုံချည်ဝတ်ကာ ချစ်ဦးက ဟာဝေရှပ်အင်္ကျီ အကြောင်းအကျား နှင့် ယောလုံချည်တစ်ပတ်နွမ်း။ သန်းဌွေးနှင့် ညိုအောင်တို့က ပေါပလင် ရှပ်ဖြူလက်ရှည်ကို လက်ခေါက်လျက် ပလေကပ်လုံချည် မတိမ်းမယိမ်း အဆင်များကို ဝတ်ထားကြသည်။

ထမင်းစားခန်းတွင် ကျောင်းသား တစ်ဦးတစ်ယောက်မျှ မရောက်ကြ



www.burmeseclassic.com

သေးသဖြင့် ချစ်ဦးက ဟိုကြည့် ဒီကြည့်နှင့် တစ်ဖက်စားပွဲမှ ငါးပိကြော်ပုလင်းကို အလစ်သုတ်လိုက်လေသည်။

"ဟေ့ကောင် ပြန်ထားလိုက်"

ညီအောင်က လှမ်းမြင်သဖြင့် အော်လိုက်လေသည်။ ချစ်ဦးက နှုတ်ခမ်းစူပွကာ ...

"ငါတို့ဥစ္စာလည်းပျောက်တယ်၊ သူတို့ဟာ ပြန်ယူမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ခိုးတဲ့အလုပ်တော့ မလုပ်နဲ့"

ညီအောင်က မာန်လိုက်လေသည်။ သန်းဌွေးက ဝင်၍ ...

"ဟုတ်သားပဲကွ၊ ချစ်ဦး ပြန်ထားလိုက်"

"မထားဘူးကွာ ငါ့သဘော"

"ထားလိုက်စမ်းပါ၊ ထားစမ်းပါ"

ညီအောင်က ချစ်ဦးလက်ထဲမှ ငပိကြော်ပုလင်းကို ဇွတ်ခနဲ လုကာ သူ့နေရာသူ ပြန်ထားလိုက်လေသည်။

အောင်မောင်းက အုပ်ထားသော ဟင်းပန်းကန်ပေါ်ကို လက်ဝါးဖြန့်ဝဲကာ

"ဖွ လက်ရှောင် ပေါက်ကောင်ဖွင့်မယ်"

"ဖွင့်မနေနဲ့၊ ဆိတ်ရိုးညှီဟောက်ဟောက်နဲ့ ပဲလား၊ ကြက်ရိုး ငြီးစီစီနဲ့ အာလူးလား ဒါမှမဟုတ်ရင် ဘဲဥပုပ်"

ချစ်ဦးက ရွှံ့ရွှံ့မဲ့မဲ့နှင့် ပြောလိုက်လေသည်။ အောင်မောင်းက ဟင်းခနဲ သက်ပြင်းချလိုက်ကာ ...

"ဟင်းမကောင်းရင်တော့ လှည်းတန်းထိပ် သွားမယ်ကွာ"

"မင်းမှာ ပိုက်ဆံရှိလို့လား"

ချစ်ဦးက မေးလိုက်လေသည်။ အောင်မောင်းက ခေါင်းတခါခါရမ်းကာ ညီအောင်နှင့် သန်းဌွေးတို့ ဘက်သို့ မေးငေါ့ပြလိုက်လေသည်။

"မရှိဘူးဟေ့ တို့ဆီတော့မမျှော်လင့်နဲ့၊ ဆေးလိပ်ဖိုး တစ်မူးတောင် မနည်းကပ်ထားရတာ"ဟု ညီအောင်က လှမ်းပြောလိုက်လေသည်။ ချစ်ဦးက





"ကိုင်း ကိုင်း၊ ဒီလိုဆိုရင် ရွှေဟင်းခွက်ကို ဖွင့်တော်မူပါဘုရား"

လက်အုပ်ချီကာ ပြောနေသဲ အောင်မောင်းက ဇတ်ခနဲ ဟင်းခွက်အဖုံးကို လှပ်၍ ဖွင့်လိုက်ပြီးနောက် နှာခေါင်းရှုံ့လျက် ...

"ကျက်သရေ၊ ဘဲသရေ၊ ခွေးသရေ အပြည့်အဝပဲ၊ သာဓု သာဓု"

"ဘာလဲ ပုစွန်ထုပ် ဆီပြန်လား"

"ဒူးခေါင်းလောက်ဆိတ်ရိုးနဲ့ ကုလားပဲ"

အောင်မောင်းက ဖြေလေသည်။ ချစ်ဦးက ကုလားပဲဟင်းကို ရွံရှာသော အမူအရာနှင့် လှမ်းကြည့်ရင်း ...

"ဟိုနေ့က အာသာ ဝမ်းပျက်သွားတာ သတိရလိုက်တာနော်"

"ဟေ့ကောင် တော်ကွာ"

ညီအောင်က လှမ်းအော်လိုက်လေသည်။ သန်းဌွေးက ...

"တို့ရောက်တဲ့နေ့ကစပြီး အစားအသောက် ညံ့ဖျင်းလိုက်တာ၊ အခြေအနေက ဆိုးတာထက်ဆိုးနေတာပဲ၊ တို့ဆီမှာ ဖြတ်စားလာဘ်စားတွေကများနေတာ၊ နို့ဆီအလုံးနှစ်ဆယ်ပေးရင် ကြားက အလုပ်သမားတွေက ငါးလုံးလောက်ဘဲ့တယ်၊ သကြား နှစ်ပိဿာပေးရင် ငါးဆယ်သားလောက် ကဲ့ထားတယ်၊ ဘယ်သွား ကောင်းတော့မလဲ"

"ဩော် သာဓု သာဓု၊ ဒါကြောင့်မို့ ကိုချစ်ဆိုင်က လက်ဖက်ရည်ကို ပါနီ လေးခွက်ရောထည့်ရင် ငါတို့အဆောင် လက်ဖက်ရည်ဖြစ်ရတာကိုး"

ဆာနေကြပေမင့်လည်း ထမင်းကို စိတ်မပါ့တပါနှင့် စားနေကြသည်။ ထမင်းစားအပြီး မှုန်မှိုင်းမှိုင်းနှင့် ကော်ဖီညှိတက်နေသော ဖန်ခွက်ထဲမှရေကို မြင်ရသော် ညီအောင်မှာ ရေသောက်ချင်စိတ်ပါ ကုန်ခမ်းသွားလေသည်။

"ဖြစ်လေရာဘဝ ကျောင်းဆောင်နေရတဲ့ဘဝ မရောက်ပါစေနဲ့ ဘုရား မြတ်ရှင်စော ဩကာသ၊ ဩကာသ၊ ဩကာသ"

ချစ်ဦးက သူ၏လက်ကိုင်ပဝါကို ထုတ်ကာ လက်ရော၊ ပါးစပ်ရော မျက်နှာက ချွေးရော တစ်ပြိုင်နက်သုတ်ရင်း ပြောလိုက်လေသည်။

"အမယ်လေး မင်းဆုတောင်းဖို့ မလိုပါဘူး၊ သုံးခါကျရင် အဆောင်က



www.burmeseclassic.com

ထွက်ရမှာပဲ ငါ့လူ၊ ဖင်ခေါင်းတော့ ကျယ်မနေနဲ့"

အောင်မောင်းက ဟိန်းလိုက်လေသည်။ သန်းဌေးက မျက်မှောင်ကုတ်လျက် ...

"နယ်ချဲ့အစိုးရှင် အင်္ဂလိပ်ခေတ်တုန်းကတောင် သုံးခါကျ ပြဿနာ မရှိဘူး၊ ကျောင်းဆောင်ပြဿနာတို့၊ စာသင်ခန်းပြဿနာတို့လည်း မရှိဘူး၊ ကျောင်းဆောင်ခ မှန်မှန်ပေးနေရင် အဆောင်က လက်ခံတာပဲ၊ ကျောင်းစာဆိုတာ လဂ်း ငါတို့မင်းတို့လို အခြေအနေမျိုးကြောင့် မကျက်နိုင်တာရှိတယ်၊ လေတာ တေတာလည်း ရှိသပေါ့ကွာ၊ ဒီကြားထဲ ဒီတက္ကသိုလ်မှာ ဆရာအများက သိက္ခာပြည့်ဝပေမယ့် တချို့က 'ကလေးကလား' စိတ်၊ သောက်မြင်ကပ်လို့ စာမေးပွဲချပစ်တာက ရှိသေး ဟုတ်လား၊ ငါတို့စစ်ကိုင်းဆောင်က စိန်ဘမြင့်နဲ့ သိန်းလှတို့ ခံလိုက်ရပြီမဟုတ်လား၊ သူတို့ အင်တာနှစ်တုန်းကပေါ့၊ ပါမောက္ခချုပ်အထိ တက်တိုင်ကြတာမောင်၊ ဒေါက်တာထင်အောင်ကလည်း အင်မတန် ချိုနှိုချိုနှဲ့ဆဆ စဉ်းစားတဲ့လူဆိုတော့သိတာပေါ့၊ သမာသမတ်လည်းရှိတဲ့ ဆရာကြီး မို့ပါ၊ ကျောင်းသားတွေ မတရားခံရတာလည်းသိတော့ 'ဆီးနိတ်'ကကို စာမေးပွဲ အောင်ပေးရတာပေါ့"

"အင်း ဒုက္ခ ဒုက္ခ"

ချစ်ဦးက ညည်းနေသည်။ သန်းဌေးက ဆက်၍ ...

"ကျောင်းလခတော့ လွတ်ပါရဲ့၊ စာအုပ်ဖိုးတွေက ငွေနှစ်ဆယ်အစိတ် ခေါင်ခိုက်နေအောင် ဈေးကကြီးတော့ မဝယ်နိုင်၊ စာကြည့်တိုက်မှာ စာအုပ်တွေက မလုံလောက်၊ စားရတာက ထောင်ထမင်း ထောင်ဟင်း၊ ရေချိုးခန်း၊ အိမ်သာကအစ လုရ၊ အတန်းတက်တော့လည်း ခွေးပြေးသလို ပြေးရ၊ ဒီလောက် ဒုက္ခခံပြီး ဒီဂရီရတော့လည်း ဘဝရပ်တည်မှုက ဘယ်မလဲ၊ အခွင့်အရေးတွေက ဆုံးရှုံးတာထက် ဆုံးရှုံးနေပြီ၊ ဒါ တိုက်ယူမှရမယ့် ကိစ္စတွေပဲ"

ဒေါနှင့် မောနှင့် ပြောနေသည်။ ညိုအောင်ကမူ နှုတ်ဆိတ်နေကာ သန်းဌေး ဂက်စတာနာနှင့် လှည့်ယူလာသော သူ ရေးထားခဲ့သည့် ကြော်ငြာ စာတမ်းကို အမှားအယွင်း ပါမပါ အချောပြန်ဖတ်ကြည့်နေသည်။ ဆေးလိပ်ကို





ဖွာရှိုက်ကာ ဖတ်ရင်း အသံထွက်လာလေသည်။

"ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး"

ဒုတိယကမ္ဘာစစ်သည် ကမ္ဘာသူ ကမ္ဘာသားတို့၏သွေးများ ဒလဟော စီးဆင်းလျက်၊ စစ်နတ်ဆိုးကြီးကို ယစ်ပူဇော်ခဲ့ရပေသည်။ လူထုအများ အိုးမဲ့ အိမ်မဲ့၊ လယ်ပျက်၊ယာပျက် ကပ်ဆိုးကြီးဆိုက်ခဲ့ရလေသည်။ ယခုလည်း တစ်ဖန် ကျွန်ုပ်တို့တိုင်းပြည်၌ ပြည်တွင်းနတ်ဆိုးကို ယစ်ပူဇော်ရပြန်ချေပြီ။ ရွာတွေမှာ အိုးပျက် အိမ်ပျက် မီးလောင်မြေပြင်ဖြစ်၊ ချောင်းမြောင်းတွေမှာ သွေးသံရဲရဲ၊ စီးပွားပျက်၍ ထမင်းငတ်နေရသောသူများ ဒုနှင့်ဒေး။ သေဆုံးကြသူပေါင်းက သောင်းနှင့်ချီ၍ ပျက်စီးသော ရွာပေါင်းက ထောင်နှင့် ချီနေသည်။

နိုင်ငံတော်အစိုးရသည် ပညာရေးအတွက်သုံးသော ငွေထက် အဆပေါင်းများစွာ သန်းနှင့်ချီ၍ ပြည်တွင်းစစ်အတွက်သုံးနေရသည့် ပြည်တွင်း စစ်ကြောင့် နိုင်ငံတော်အပေါ်ဝယ် နိုင်ငံခြားကြွေး ကုဋေနှင့်ချီ၍ တင်ခဲ့သည်။

ကျောင်းသားထု၏ မိဘဆွေမျိုး၊ အလားတူများသည် ပြည်တွင်းစစ် ဒဏ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းနှင့်သော်လည်းကောင်း အလူးအလဲ ခံနေကြရသည်။ ကျွန်ုပ်တို့ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်အထည်ဖော်မှသာ ဖြစ်မည်ကြောင့် ကျွန်ုပ်တို့ရည်ရွယ်ချက်သည် ငြိမ်းချမ်းရေးလမ်းစဉ်သို့ ဦးတည်လျက်ရှိလေသည်။

**ပညာရေးလွတ်လပ်ခွင့်**

ပညာသည် မီးရှူးတန်ဆောင်ဖြစ်သလို လောက၏အလင်းရောင်လည်း ဖြစ်ချေသည်။ ဗုဒ္ဓ၊ ခရစ်တော်၊ မိုဟာမက်၊ ကွန်ဖြူးရှပ် စသော လောက၏ ခေါင်းဆောင်ကြီးတို့သည် အမှန်တရားကို လူတို့စရိုက် ခေတ်နှင့်လိုက်၍ အမျိုးမျိုးအဖုံဖုံ ဟောကြားတော်မူခဲ့လေသည်။

တစ်ဖန် ဂရိပညာရှင် ဆိုကရေးတီး၊ ပလေတိုမှသည် ကားလ်မတ်(စ်) လီနင်တို့အထိ လူ့လောက၏ အကြောင်းတရားများကို လွတ်လပ်သော



www.burmeseclassic.com

အတွေးအခေါ် အယူအဆများဖြင့် ရှာဖွေတင်ပြခဲ့ကြပေသည်။

ပညာရေးလွတ်လပ်ခွင့်သည် ကမ္ဘာပေါ်ရှိ တက္ကသိုလ်တိုင်း၏ အစဉ်အလာကြီး တစ်ခုဖြစ်သည်။ ပညာရေးလွတ်လပ်ခွင့်သည် တက္ကသိုလ်၏ ဂုဏ်သိက္ခာတစ်ရပ် ဖြစ်သည်။

လွတ်လပ်သော ပတ်ဝန်းကျင် (ဝါ) အနေအထားနှင့်အဖွဲ့ ကင်းလွတ်သော ပတ်ဝန်းကျင်များ၌သာလျှင် တက္ကသိုလ်၏ ရည်ရွယ်ချက်များ ဖွံ့ဖြိုးနိုင်ပေမည်။ သို့ကြောင့်ပင် ကမ္ဘာအရပ်ရပ်မှ တက္ကသိုလ်တို့သည် ပညာရေးလွတ်လပ်ခွင့်တည်းဟူသော ပြည်တန်ပတ္တမြားကို လက်ဝယ်ထားကြကာ အပြိုင်အဆိုင် ဂုဏ်ယူနေကြသည်။ ဤသို့ တက္ကသိုလ်ကြီးများသည် မိမိတို့ဦးခေါင်းကို အသုံးပြုလျက် အထက်တန်းပညာရှင်များဟူသော အောင်လံတံခွန်ကို လွှင့်ထူ ဝင့်ကြွားနေစဉ် ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ်မှာ အငှားဦးခေါင်းကို တပ်ထားရသည်။

ရှက်ဖွယ်ကောင်းလေစွ။ ပညာရေးလွတ်လပ်ခွင့် ပိတ်ပင်ခြင်းခံရခြင်းသည် နိုင်ငံ၏ဂုဏ်သရေဖျက်ဆီးခြင်း တစ်ရပ်ပင်တည်း။ အုပ်ချုပ်ရေးကိစ္စများ၌ ဗြိတိသျှတက္ကသိုလ်များသည် သီးခြားလွတ်လပ်သည်။ ယနေ့တိုင် အောက်စဖို့ဒ် ကင်းဘရစ် တက္ကသိုလ်များသည် ခါတိုင်းကဲ့သို့ပင် တက္ကသိုလ်တွင်း၌ တက္ကသိုလ်ကျောင်းအတွင်း ရှိသူများသာ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သည်။ အပြင်တစ်စုံတစ်ဦးမှ ဝင်ရောက်စွက်ဖက်ခြင်း၊ ချုပ်ချယ်ခြင်းမရှိသည့်အတွက် ဆရာများနှင့်တကွ ကျောင်းသားထုတစ်ရပ်လုံး ညီညွတ်စွာ အရေးဆိုကြရမည်ဖြစ်သည်။ ညီညာမှ ပြည်သာပေလိမ့်မည်။

အမှန်တရားအတွက် အရေးဆိုကြရာ၌ ကျွန်ုပ်တို့ကျောင်းသားများသည် ဆင်ကန်းတောတိုး တဇောက်ကန်းများ မဟုတ်။ စည်းကမ်းစနစ်ကို သွေဖည်ခြင်း မဟုတ်။ အမှန်တရား ရှာဖွေရာ၌ လောကပညာရှင်များသည် စည်းစိမ်ကို စွန့်ခဲ့ကြသည်။ အသက်ကိုပင် စတေးခဲ့ကြရသည် မဟုတ်လော။ သို့ကြောင့် အမှန်တရားအတွက် ကိုယ်ကျိုးမဖက် ဦးဆွေးဆံမြွေ တိုက်ကြပါစို့။





## ပြည်သူ့တက္ကသိုလ်

မြောက်များစွာသော ပြည်သူ့သားသမီးများသည် တက္ကသိုလ်သို့ လာရောက်နိုင်ဖို့ရန် ခဲယဉ်းပါဘိသည်။ လမ်းဘေးမှ မြန်မာ့တဲစုတ်ငယ်များ၊ ရွံ့နွံ့ဗွက်များအကြားမှ ရှစ်ဆယ်ရာခိုင်နှုန်းမျှသော လယ်သမားတို့၏ လယ်တဲများမှ သားသမီးတို့အတွက် တက္ကသိုလ်ပညာဆိုသည် ယောင်၍မျှ စိတ်မကူးမိကြရှာ။ ရန်ကုန်တက္ကသိုလ်တည်းဟူသော ဘုံဗိမာန်ကြီးသည် ဆင်းရဲသားနှင့် လားလားမှမထိုက် မင်းကြိုက်စိုးကြိုက် ဖြစ်သည်။ ဓနရှင် အထက်တန်းစား လောင်းရိပ်မိသော တက္ကသိုလ်သာ ဖြစ်ချေသည်။

လူတိုင်းနေခွင့်မရ။ နေခွင့်ရသူများအဖို့လည်း ပြဿနာပေါင်းအထွေထွေ။ ဒုက္ခတည်းဟူသော ဘောင်ကို ခတ်ထားသည်။ ထို့ပြင် ဘဝရပ်တည်မှုအတွက် ဖူလုံသော အသက်မွေးဝမ်းကျောင်းပညာကား အဘယ်နည်း။ ခေတ်ပညာတတ် အလုပ်လက်မဲ့ဦးရေ တိုးပွားလာစေရန်သာ ဖန်တီးသည်။

သို့ကြောင့် နယ်ချဲ့အမွေဆိုးဖြစ်သော ကိုလိုနီပညာရေးစနစ်ကို အတူတူ လက်တွဲတိုက်ကာ ပြည်သူ့အတွက် ပြည်သူ့တက္ကသိုလ်ကြီးဖြစ်လာရန် ကျွန်ုပ်တို့ ကျောင်းသားထုတစ်ရပ်လုံး တာဝန်ရှိပေသည်။

**အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး**

မြန်မာမှု မြန်မာ့ယဉ်ကျေးမှုတွင် ဟိရိဩတ္တပ္ပတည်းဟူသော မကောင်းမှုကိုပြုရမှာ ရှက်ကြောက်ခြင်း သဘောထား အယူအဆများ ရှိခဲ့ပေသည်။ မြန်မာအမျိုးသမီးတို့ လွတ်လပ်မှုအခွင့်အရေးများ ရှိခဲ့သော်လည်း သိက္ခာအရာ၌ သူမတူအောင် ထိန်းသိမ်းမှုရှိသည်။ ဣန္ဒြေကို တန်ဖိုးထားသည်။ ထို့နည်းတူ မြန်မာအမျိုးသားများသည်လည်း မိမိ၏ အမိနှမသားချင်းနှင့်တူစွာ အမျိုးသမီးတို့ကို စောင့်ရှောက်တတ်သော အကျင့်ကောင်း ရှိခဲ့ကြသည်တမုံ့။

ယနေ့ တက္ကသိုလ်လောက၏ လူမှုဆက်ဆံရေးသည် များစွာဖောက်ပြန်လျက်ရှိလေသည်။ ပညာတတ်ဟူသော ဂုဏ်သရေနှင့် မလိုက်အောင်ပင် သိက္ခာမဲ့နေကြသည်။ ယဉ်ကျေးမှုနှင့် ပေါင်းသင်းဆက်ဆံရေး အမည်လှလှများတပ်ကာ မြန်မာနှင့် မအပ်စပ်သော အနောက်တိုင်းယဉ်ကျေးမှုကား



www.burmeseclassic.com

ထိုးဖောက်လျက်ရှိနေသည်။ အမေရိကန် ယဉ်ကျေးမှုသည် ရန်ကုန်တက္ကသိုလ် ခေါင်မိုးမှ အောက်ခြေအုတ်ခုံအထိ လွှမ်းမိုးနေသည်။

ဟော့ဟော့ရမ်းရမ်းရှိလှသော မိတ်ဆက်သဘင်ပွဲ အချို့နှင့် ပွတ်သဘင်ပွဲများကလည်း တက္ကသိုလ်၏ တည်ငြိမ်သောသိက္ခာနှင့် အလှကျက်သရေကို ဖျက်ဆီးလျက်ရှိလေသည်။

အနာဂတ်ကောင်းစားရေးကို ရှေ့ရှုကာ ကျောင်းသူကျောင်းသားတို့ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရင်း မှုမမှန် ဖောက်ပြန်နေသော လူမှုဆက်ဆံရေးကို တိုက်ထုတ်ကြပါစို့။

* * *



(၁၀)

ထိုညနေက တိမ်ရောင်စုံက လှလှပပလေး တောက်ပနေသည်။ ဝင်လုဆဲဆဲ နေမင်းကြီးကား နီရဲသော ရောင်ခြည်ဖြန့်ကာ အနောက်ဘက် တစ်ခိုတွင်ရှိနေသော သစ်တစ်ပင်၏ထိပ်တွင် မေးဖျားတင်နေသည်။

သို့ကြောင့်ပင် တက္ကသိုလ်ပတ်ဝန်းကျင် တစ်လျှောက်တွင် ရွှေခြည်မျှင်များ သွယ်တန်းနေဆဲဖြစ်လေသည်။ လေပြေက ညင်းတွဲ့တွဲ့နှင့် မှုန့်နေသလို မထိခလုတ် ထိခလုတ်ဆော့ကစားနေသည်။ တစ်ခါတစ်ခါ ဆော့သရမ်းချင်သောကြောင့် သင်းသင်းအေး၏ ဆံယဉ်စလေးများကိုပင် လေနှင့်အတူ မြူးကြွစေလေသည်။

သင်းသင်းအေးတို့ လူစုသည် သီရိဆောင်မှထွက်၍ ပြည်လမ်းဘက်သို့ လျှောက်လာလေသည်။ ပြည်လမ်းမှတစ်ဖန် အင်းလျားလမ်းချိုးသို့ ဝင်ခဲ့ကြသည်။ လမ်းထိပ်ညာဘက်၌ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးသည် အိုမင်းပြီ ဖြစ်သော်လည်း ရှေးအစဉ်အလာမပျက် တက္ကသိုလ် အလှကျက်သရေဆောင် အဖြစ် တည်ရှိမြဲဖြစ်ပေသည်။

အင်းလျားလမ်းအဝင်ဝမှ အစပြု၍ စိမ်းရင့်မှောင်မှောင် အခက်အလက်များနှင့် ညီမှိုင်းသော သရက်ပင်များ၊ ပန်းနုရောင်ပန်းပွား ဝတ်ဆံပွင့်လေးများနှင့် ကုက္ကိုပင်များ ပေါက်ရောက်နေကြသည်။

အင်းလျား၏ ဘယ်ဘက်ဘေးတစ်လျှောက်တွင် မြသားပြက်နော့ စိမ်းလဲ့သော အင်းလျားကန်မှာ တည်ငြိမ်စွာ ဝပ်ဆင်းနေသည်။ ထိုမှ ဆက်လျှောက်လျှင် ကုံကော်ပင်တန်းများ၏ သဘာဝအလှကို မြင်ရတွေ့ရသည်။



www.burmeseclassic.com

နွေဦးပေါက်ရာသီ၌ ရွှေဝတ်ဆံနှင့် ကံ့ကော်ပွင့်တို့သည် ဝေဝေဆာဆာ ဖူးပွင့်တတ်လေသည်။

လောကီထုပွတ် လူတို့ဇာတ်၏ လွမ်းစရာအထွေထွေကို ကံ့ကော်ပင်တန်းများက ပြောပြနေသယောင်ယောင် လေပြေညင်းအသွဲ့တွင် အသက်ဝင်လျက် ရှိချေသည်။

"ဟော့၊ တို့ထွက်လာတာ အရေးမကြီးဘူး၊ မိတင်ဝင်းရဲ့ ကိုအောင်မောင်းကြီး လာရင် တို့ကို ဆဲနေပါဦးမယ်"

ဝင်းဝင်းမော်က တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်လေသည်။ သည်တော့ တင်တင်ဝင်းက …

"စာမေးပွဲ ဒါလောက်နီးမှတော့ ဘယ်သူမှ နှောင်ဖွဲ့လို့မဖြစ်ဘူးဟေ့၊ ငါတို့ သုံးလလောက် ပြတ်စဲကွာရှင်းထားတယ်၊ နွေကျောင်းပိတ်ရက်ပါ တစ်ခါတည်း ထည့်ပေါင်းလိုက်တယ်၊ ပြီးရော"

ရှုတည်တည်နှင့် ပြောလိုက်ရာ နော်စီစီက "ဟေ ဟေ ဟေ"ဟု သဘောကျစွာ ရယ်မောနေသည်။

"အံမယ်၊ ချီးနဲ့ နှလုံးခွေ့သွားပြီ"

ဝင်းဝင်းမော်က လှမ်းပြောလိုက်လေသည်။ သင်းသင်းအေးက ရယ်လျက်…

"သင်းဖြင့် မိတင်ဝင်း ဖင်ထောင်နေအောင် စာကျက်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ကျက်မှ ကျက်မှ၊ သုံးဆယ့်ခုနစ်ရက်ပဲ လိုတော့တယ်နော်၊ အရင်ကလို ကွန်ပတ်စနစ် မရှိတော့ဘူး၊ တစ်ဘာသာကျရင် အကုန်ပြန်ဖြေရမှာ၊ သေရော"

"သေပေါ့၊ အစောကြီးထဲက စာကျက်ပါလို့ပြောတာ၊ ပြောလို့မှ မရဘဲ၊ ချေးယိုခါနီးမှ ချေးတွင်းပေါက်ရှာတဲ့ဟာတွေ သေကြ"

သင်းသင်းအေးက မာန်သလို ပြောလိုက်လေသည်။ တင်တင်ဝင်းက သင်းသင်းအေး၏ ကျောပြင်ကို လက်နှင့်သပ်ကာ

"တော်တယ်၊ ငါတို့မိသင်းက သိပ်တော်တယ်၊ စာကို သူ့အချိန်နဲ့သူ မှန်မှန်ကျက်သွားတော့ ဣန္ဒြေရရပဲ၊ ငါတို့မှာတော့ ချွေးပြေးဝက်ပြေး ပြေးလွှား





နေရလို့ ကားနေပြီ"

"ကားတော့ မကားပါနဲ့ဟယ်"

နော်စီစီက ပြောလိုက်ရာ နော်စီစီ၏ခေါင်းကို တင်တင်ဝင်းက လှမ်းထုလိုက်လေသည်။

"မိသင်းတို့မှာတော့ 'ကျူတိုရီရယ်' အမှတ်တွေကလည်း ကောင်း၊ (၆)မှတ်အောက် ဘယ်တော့မှ မလျော့ဘူး၊ ငါတို့မှာတော့ (၃)မှတ် (၄)မှတ် အနိုင်နိုင်၊ ဂဏန်းရှေ့က အနုတ်လက္ခဏာမပါတာ ကံကောင်း၊ အင်း ဒုက္ခ ဒုက္ခ"

တင်တင်ဝင်းက ညည်းညူဆဲ သင်းသင်းအေးက တင်တင်ဝင်း၏ တစ်ချောင်းတည်းသော ဆံကျစ်ကို လှမ်းဆွဲကာ …

"မိုက်ဦးလေ မိုက်ဦး၊ ကျောင်းလာတာ ဘာလုပ်ဖို့လဲ"

"လင်ရှာဖို့၊ အဲ ဟုတ်ပေါင်"

"ပညာရှာရမယ် မဟုတ်လား၊ ပညာရှာရမယ်၊ လူကြီးပြောရင် ဘယ်တော့မှ နားမထောင်ဘူး၊ တစ်သက်လုံးမှတ်ထား၊ ကျောင်းဆိုတာ အလေလိုက်တဲ့နေရာ မဟုတ်ဘူး၊ နောက် ဒီလို အလေလိုက်ရင် ဟောဟို သရက်ပင်မှာ ကြိုးနဲ့ချည်ထားမယ် မှတ်ထား"

တင်တင်ဝင်းမှာ သင်းသင်းအေးက ကျစ်ဆံမြီးကို ဆွဲထားသောကြောင့် ခေါင်းကိုမော့ထားရကာ …

"အမယ်လေး ကြောက်ပါပြီ ထိပ်ထား သခင်မလေးရယ်၊ ဥစ္စာရ ကလျာဏီ ကိုညီအောင့် အဆက်ကလေးရယ်"

"သွား၊ သိပ်မုန်းစရာ ကောင်းတာပဲ"

သင်းသင်းအေးက မျက်စောင်းထိုးကာ တင်တင်ဝင်းအား အဟုတ်တကယ် တွန်းပစ်လိုက်လေသည်။ တင်တင်ဝင်းက ယိမ်းထိုးယိမ်းထိုးနှင့် ယိုင်လဲတော့မလို ဖြစ်သွားပြီး နော်စီစီ၏ လက်မောင်းကို အားပြုကိုင်ကာ ရယ်နေသည်။

စာမေးပွဲကြီးနီးပြီ ဖြစ်သောကြောင့်လည်းကောင်း၊ နေဝင်မိုးချုပ်ဖြစ်ခါနီးကြောင့်လည်းကောင်း လမ်းလျှောက်သူများ ပါးနေသည်။ မိန်းကလေးတစ်စု



www.burmeseclassic.com

နှစ်စု သုံးစုမျှသာ ဝတ်ကောင်းစားလှနှင့် လမ်းလျှောက်နေကြသည်။

"သူများ များ လမ်းလျှောက်ရင် စတိုင်မလိုင်အပြည့်၊ ငါတို့များတော့ စုတ်ပြတ်သပ်နေတာပဲဟာ"

ဝင်းဝင်းမော်က ညည်းညူနေရာ ...

"ဘာလဲ၊ ခုမှ နောင်တရနေသလား၊ သွားပြင်ချေ သွားပြင်ချေ၊ အချိန်ရှိသေးတယ်၊ ပြီးတော့ နင့်ပိန်တာရှည်ကြီးပါ မျက်စပစ်ခေါ်ခဲ့"

တင်တင်ဝင်းက လှမ်းဟောက်လိုက်သဖြင့် ငြိမ်သွားလေသည်။ သင်းသင်းအေး အပါအဝင် ခုံဖိနပ်များနှင့်သာ ထွက်လာခဲ့ကြလေသည်။ အားလုံး ဘီးစပတ်၊ ဗလောက်(စ်)ခေါ် အင်္ကျီလက်ပြတ်အစုတ်၊ အရောင်မှိန်သော ထမီများနှင့်။ သင်းသင်းအေး တစ်ယောက်သာ ဘီးပတ်ထားတာကအစ သေသပ်သန့်ရှင်းလေသည်။ မျက်နှာကို သနပ်ခါးရေကျဲလေး လူးထားလေသည်။ လိမ္မော်ရောင်ဖျော့ဖျော့ ဂျပန်ပိုးအင်္ကျီ လည်ဟိုက်လက်ပြတ်၊ အနီမှိုင်းခံတွင် အဖြူစက်များနှင့် သရက်ထည်လုံချည် ဝတ်ထားသော သင်းသင်းအေးမှာ ဆည်းဆာကေရီ ဖြစ်မြဲပင်။

တဖြည်းဖြည်း အင်းလျားကန် သစ်ရိပ်နန်းသို့ ရောက်လာခဲ့ကြလေသည်။ သစ်ပင်အရိပ်အောက်တွင် ဟိုတစ်တွဲ ဒီတစ်တွဲ စုံတွဲ ဒွိယံဒွိယံအစုံ။

"အမယ်လေးတော် စာမေးပွဲ ဒါလောက်နီးမှပဲ"

သင်းသင်းအေးက နှာခေါင်းရှုံ့ကာ ပြောလိုက်လေသည်။ တင်တင်ဝင်းက...

"ဩော် ခွဲကြရခါနီးလို့ အလွမ်းသယ်ရတာလေ၊ အလွမ်းသယ်ရတာ၊ နင်က မကြုံဘူးတဲ့လူဆိုတော့ ဘယ် ကိုယ်ချင်းစာတတ်မလဲ မိသင်း၊ စာမေးပွဲနီးလေလေ ဒီမှာ အတွဲတွေက မှိုလိုပေါက်လေလေပဲ၊ ထုကြရိုက်ကြ၊ ဖက်ကြပွေ့ကြ၊ ငိုကြ ယိုကြ"

ပြောပြီးနောက် ဝင်းဝင်းမော်က မျက်နှာထားတည်တည်နှင့် ကြားဖြတ်ဝင်ကာ ...

"အင်းလျားကန်ကြီးက အစက သေးသေးလေးရယ်၊ အနှစ်သုံးဆယ်လုံးလုံး ဒီလိုအတွဲတွေကြောင့် ကန်ရေတွေတိုးပြီး ဒါလောက်ကြီးလာတာပေါ့ဟ"





"ဟင် ဟုတ်လား"

နော်စီစီက 'ကြောင်' နေပြန်သည်။ သင်းသင်းအေးကမူ နော်စီစီ၏ ပခုံးကို လှမ်းပုတ်ကာ ရယ်နေသည်။ မလှမ်းမကမ်းတွင် မြင်နေ တွေ့နေရသော စုံတွဲများကတော့ ဘာကိုမှ မမှုနိုင်။ လောကကြီးကို မေ့နေကြလေသည်။ တချို့လည်း ဣန္ဒြေရရ၊ အလွန်ဆုံး နီးနီးကပ်ကပ် ထိုင်ရုံမျှသာ။ တချို့လည်း လက်ကလေးကိုင်ရုံ၊ မျက်ရည်လေး သုတ်ပေးရုံ။ တချို့လည်း တချို့လည်း...

"ဟော့ ဟိုဟာ အိုင်ဗီ မဟုတ်လား"

ဝင်းဝင်းမော်က အလန့်တကြား အော်လိုက်လေသည်။

"ဘယ်မှာလဲ၊ ဘယ်မှာလဲ" ဟု နော်စီစီက စပ်စုနေသည်။

"ဟိုမှာလေ ဟိုမှာ၊ ဟိုချုံကြီးနားက သစ်ပင်အောက်မှာ၊ အရေးဆို မျက်လုံးတွေက ကန်းနေကြပြန်ပြီ"

"တို့မြင့်ပါတယ်ဟဲ့၊ နင်ကလည်း တိုးတိုးပြောစမ်းပါ"

တင်တင်ဝင်းက မာန်နေသည်။ နော်စီစီနှင့် ဝင်းဝင်းမော်တို့က ရှေ့ဆုံးက သွားကာ ...

"လာပါဟယ်၊ အမှတ်တမဲ့ သွားချောင်းရအောင်"

သင်းသင်းအေးက ဝင်းဝင်းမော်၏ လက်ကို လှမ်းဆွဲထားကာ ခေါင်းကို ခါရမ်းလျက် ...

"မသွားနဲ့" ဟု ဟန့်တားထားလိုက်သည်။

သို့ ဟန့်တားထားသည့် ကြားထဲကပင် ဝင်းဝင်းမော်က စပ်စပ်စုစု "လာပါဟာ၊ အိုင်ဗီနဲ့ တွဲတဲ့လူကို ငါသိချင်လို့ပါ"ဟု အတင်းဆွဲခေါ်ကာ နော်စီစီက အားပေးအားမြှောက် ပြုပြီး သူကပါ ဆွဲသဖြင့် တွန့်ဆုတ်နေသော သင်းသင်းအေးနှင့် တင်တင်ဝင်းတို့မှာ တန်းလန်းတန်းလန်း ပါလာလေသည်။

သို့နှင့် ဝါးတစ်ရိုက်အကွာလောက် ရောက်လာခဲ့ကြသည်။ ကုန်းအမြင့်မှ အပေါ်စီးနှင့် မြင်နေရသည်။ ယောကျ်ား၏ ကျောကို သိုင်းဖက်ထားသော လက်ဖြူဖြူလေးများကို မြင်တွေ့ရသည်။ ဆံပင်ကို အိုင်ဗီပုံစံအတိုင်း ဟာဝယံ ကျွန်းသူများကဲ့သို့ ဖားလျားချထားလိုက်လေသည်။



www.burmeseclassic.com

"ကျောင်းသားရဲ့ ကျောပဲ မြင်ရတယ်၊ ဘယ်သူဖြစ်နိုင်မလဲဟေ့ ကြည့်စမ်း"

ဝင်းဝင်းမော်က တီးတိုးဆိုဆဲ၊ တင်တင်ဝင်းက …

"ဘယ်သူ ဘယ်ဝါဖြစ်ရော နင်က သိမှာမို့လား"

"ဩော် တို့အသိထဲက ဖြစ်နေမလားလို့"

သင်းသင်းအေးက ဝင်းဝင်းမော် စကားအဆုံး ဝင်းဝင်းမော်၏ လက်ကို ဆွဲကိုင်ကာ …

"မမြင်အပ်တာကို မမြင်စေနဲ့၊ မကြည့်အပ်တာကို မကြည့်ရစေနဲ့၊ လာ သွားစို့ မိမော်"

"ဝေ၊ ဘာလို့လောတာလဲ၊ ခဏလောက် ကြည့်ရအောင်ပါဆိုတာ"

နော်စီစီက ပြောလိုက်လေသည်။

"မကောင်းဘူးဟဲ့ မိစီရဲ့၊ သူများမြင်သွားရင် ငါတို့ကို ဒါတွေလိုက်ချောင်းတဲ့အစား အောက်မေ့နေမယ်"

သည်တစ်ခါတော့ တင်တင်ဝင်းက စကားကောင်း ဆိုနေသည်။

သင်းသင်းအေးက စုံတွဲဘက်သို့မကြည့် မျက်နှာလွှဲနေသည်။ ဝင်းဝင်းမော်က လှမ်းကြည့်ရင်း …

"ဟေ့ မိသင်း ငါထင်ရင်တော့ မလွဲဘူး၊ အဲဒီလူက နင့်ကိုညိုအောင်ကြီးပဲ"

သင်းသင်းအေးက ဘာဘာညာညာ ထင်မြင်ချက်မပေးခင် တင်တင်ဝင်းက …

"ဟယ် မဟုတ်နိုင်တာ"ဟု ပြောပြီး ခေါင်းကို ရမ်းနေသည်။

"ဟေ့ ဘာလို့မဟုတ်နိုင်ရမှာလဲ၊ ကိုညိုအောင်လည်း ဘာသားနဲ့ ထုထားတာမို့လဲ၊ လူဟာလူပဲ၊ ပုထုဇဉ်ဟာ ပုထုဇဉ်ပဲ၊ ရဟန်းချာန်ပျံမို့ ခံနိုင်မှာလား၊ တို့ဆီက ယူဂိုစလားဗီးယားပြန် ကိုမြမိုးကြီးတောင် ပွတ်သဘင်တက်ပြီး ကွန်ဗရိုက နန်စီခူးနဲ့ တွဲခုတ်သေးတာ၊ ကိုညိုအောင်က ဘာလို့ အိုင်ဗီနဲ့ မတွဲရမှာလဲ"





ဝင်းဝင်းမော်က သင်းသင်းအေး၏ မျက်နှာကို လှမ်းကြည့်ရင်း ပြောလိုက်လေသည်။

"အိုင်ဗီနဲ့တွဲတာကို ပြောတာမဟုတ်ပါဘူး။ ဒီလို ဣန္ဒြေမဲ့လိမ့်မယ် မထင်ဘူး ပြောတာပါ၊ ဟိုနေ့က ကိုအောင်မောင်းကြီး တို့ကို ဝေသွားတဲ့ ကြေညာစာတမ်း မဖတ်ဘူးလားကွယ့်၊ အဲဒါ ကိုညိုအောင် ရေးတာပဲဟာ"

တင်တင်ဝင်းက ရှင်းတမ်းထုတ်နေသည်။ နော်စီစီက …

"အေး ဟုတ်ပါရဲ့ကွယ်၊ ကိုညိုအောင်တော့ ဟုတ် မထင်ပါဘူး"

"အို တို့တော့ လူတွေကိုမယုံဘူး၊ လူတွေက အပြောနဲ့အလုပ် တခြားစီ၊ ခေါင်းဆောင်တွေက ပိုဆိုးသေး၊ လူကြီးဖြစ်လာလေလေ အသံကောင်း ဟစ်လေလေ၊ အဲလို အသံကောင်း ဟစ်လေလေ အခွင့်အရေးက ယူလေလေပဲ မိတင်ဝင်း၊ အဲဒီလူက ငါ့မျက်စိထဲတော့ ကိုညိုအောင်မှ ကိုညိုအောင်အစစ် ရေမရောဘူး၊ ဘိုကေကလည်း ခပ်တိုတိုညှပ်ထားတယ်၊ ရှပ်အကျႌကလည်း လက်မသေမသပ် ခေါက်လို့၊ ပြီးတော့ ပလေကပ်လုံချည် အဖြူခံကလည်း ကိုညိုအောင် ခဏခဏ ဝတ်တတ်တယ်"

ဝင်းဝင်းမော်က ဂဃနဏ ပြောပြနေသည်။ တင်တင်ဝင်းက မျက်လုံးပြူးကာ လှမ်းကြည့်လိုက်လေသည်။ နော်စီစီကလည်း မျက်တောင်မခတ်ဘဲ လှမ်းကြည့်လိုက်လေသည်။ သင်းသင်းအေးကမကြည့်။ မကြည့်သည့်အပြင် ခပ်မဆိတ်နေသည်။ ဒီတော့ ဝင်းဝင်းမော်က သင်းသင်းအေး၏ ခေါင်းကို ဆွဲလှည့်ကာ ….

"ကြည့်စမ်းပါအုံးဟဲ့၊ နင်ကလည်း မကြိုက်ရသေးဘူး၊ ဆံတပင်တင်း မျက်စပ်ပိုးဝင်နေလိုက်တာ တကတဲ၊ အိုင်ဗီဆိုတာတော့ မြဲမှာမဟုတ်ပါဘူး၊ ယောကျ်ားတွေကို အရုပ်လိုကစားနေတဲ့ မိန်းမဥစ္စာ"

သင်းသင်းအေး ကြည့်ခိုက်တွင် ခန္ဓာကိုယ်နှစ်ခုပူးကပ်သည်ထက် ပူးကပ်သွားလေသည်။ တစ်ယောက် ကျောကို တစ်ယောက် သိုင်းဖက်ထားလေသည်။ နှုတ်ခမ်းချင်း ပူးကပ်နေကြသည်မှာ စက္ကန့်ပိုင်းမကပြီ။ သူတို့နှစ်ခုသည် မြေပေါ်သို့ လှဲချလိုက်ကြသည်။ ထို့နောက် …



www.burmeseclassic.com

လေးဦးသား မတိုင်ပင်ဘဲနှင့် ထိုသူနှစ်ဦးနှင့် ဝေးရာသို့ပြေးလာခဲ့ကြသည်။ ခြောက်ခြား တုန်လှုပ်သောစိတ်နှင့် ပြေးလာရင်း ဟောဟဲ ဟောဟဲနှင့် မောနေကြလေသည်။ တစ်ခါမှ မတွေ့ဘူး မကြုံဘူးသော အဖြစ်မို့ ထမင်းလုံးတစ္ဆေခြောက်လှန့်သလို ထိတ်လန့်နေကြလေသည်။

"ငါ မသွားပါနဲ့လို့ ပြောနေတာ၊ မိမော်က သိပ်ဆတ်ဆော့တာပဲ၊ မကောင်းဘူး ကောင်းကို မကောင်းဘူး၊ ငါသိပ်စိတ်ဆိုးတာပဲ"

သင်းသင်းအေးက အပြစ်တင်လို့ မဆုံး။ ဝင်းဝင်းမော်က နည်းနည်းအမောပြေလောက်သောအခါ ...

"နင့် ကိုညိုအောင် ဖြစ်နေတဲ့အတွက် ငါစိတ်မကောင်းပါဘူးဟာ" ဟု နောက်သလိုလိုနှင့် အတည်လည်း ပြောလိုက်လေသည်။

သင်းသင်းအေး၏ နီမြန်းသော မျက်နှာလေးမှာ အရောင်မပြောင်းသေး။

"အို သူ့လင်ပဲ စကားထဲထည့်ပြောနေ၊ ဒါက ကိုညိုအောင် ဖြစ်တာ မဖြစ်တာနဲ့ ဘာမှ မဆိုင်ပါဘူး၊ ရှက်စရာ အလွန်ကောင်းတာကို ပြောနေတာ၊ ယိုသူမရှက် မြင်သူရှက်ဆိုတာ အဲဒါပဲ"

ဝင်းဝင်းမော်က သင်းသင်းအေး၏ လက်ကိုကိုင်လှုပ်ကာ ...

"ဒို့ ပညာရတာပေါ့၊ ဒို့တက္ကသိုလ်မှာ ဒါမျိုး တစ်ခါမှ သင်တန်းမပို့ချသေးဘူး၊ အနောက်နိုင်ငံတွေမှာတော့ ပို့ချနေပြီ၊ 'ဆက်(က်)(စ်)အက်ဂျူကေးရှင်း' ပေါ့"

"တော်စမ်းပါ"

သင်းသင်းအေး က ဆွဲဆွဲငင်ငင် ပြောလိုက်လေသည်။ သင်းသင်းအေး၏လက်ကို ဆုပ်ကိုင်ထားသော ဝင်းဝင်းမော်က အေးစက်တဲ့ လက်ရှိတဲ့လူရဲ့ နှလုံးသားကတော့ ပူနွေးနေတတ်ပါသတဲ့။ A cold hand with a warm heart ဆိုတာ မကြားဖူးဘူးလား"

သည့်နောက်တော့ လေးယောက်သား ရယ်နိုင်ပြုံးနိုင်လာကြလေသည်။

* * *



(၁၁)

"ဟော"

သင်းသင်းအေးတို့ အံ့သြခြင်းမက အံ့သြရလေသည်။

အိုင်စီတို့ ရုံတွဲဆီမှ လှည့်ထွက်ပြေးပြီး အလွန်တိုတောင်းလှသော အချိန်ပိုင်းမှာပင် ညိုအောင်တို့လူစု လမ်းလျှောက်လာကြသည်ကို တွေ့ရသော ကြောင့်ပင်တည်း။

ညိုအောင်၊ သန်းဌေး၊ အာသာ၊ ချစ်ဦးနှင့် အောင်မောင်းတို့သည် သုံးယောက်တစ်တွဲ နှစ်ယောက်တစ်တွဲ တွဲကာ သင်းသင်းအေးတို့ဆီသို့ တူရှုခပ်သုတ်သုတ် လျှောက်လာကြသည်။ ဤသို့ ဆုံစည်းရခြင်းမှာ ညိုအောင်တို့အဖို့တော့ တိုက်ဆိုင်မှုတစ်ရပ် မဟုတ်ပါလေ။ အောင်မောင်းက သီရိအဆောင်အသွား တင်တင်ဝင်းတို့ လမ်းလျှောက်ထွက်မှန်း သိရသည်နှင့် တစ်ပြိုင်နက် ချစ်ဦးနှင့် အာသာကို လမ်းလျှောက်ခေါ်ထုတ်ခဲ့သည်။ ထို့နောက် ညိုအောင်နှင့် သန်းဌေးကိုပါ မလိမ့်တပတ် ခေါ်ထုတ်ခဲ့ခြင်းဖြစ်သည်။

သင်းသင်းအေး၊ တင်တင်ဝင်း၊ ဝင်းဝင်းမော်နှင့် နော်စီစီတို့က မတိုင်ပင်ဘဲ ပြိုင်တူလိုပင် ညိုအောင့်အား လှမ်းကြည့်လိုက်ရာ ညိုအောင်မှာ ပေါပလင် ရှပ်ဖြူလက်ရှည်ကို မသေမသပ် ခေါက်တင်လျက် ပလေကပ်လုံချည် အဖြူခံ ဝတ်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

နော်စီစီက သင်းသင်းအေးအား လက်ကုတ်ကာ ညိုအောင်၏ လုံချည်ကို မျက်လုံးနှင့် အရိပ်ပြလိုက်လေသည်။ တင်တင်ဝင်းနှင့် ဝင်းဝင်းမော်



www.burmeseclassic.com

တို့က ပခုံးတွန့်ပြနေသည်။ တင်တင်ဝင်းက ...

"ရှင်တို့ ဘယ်က ဘယ်ကို လာကြတာလဲ" ဟု စတင် မေးလိုက်ရာ ချစ်ဦးက ...

"ဒီကို တမင်လာတာ၊ စာကျက်ပြီး မျက်စိညောင်းလာတာနဲ့ လမ်းလျှောက်ထွက်လာကြတာ"

"စာကျက်နေပြီ ဟုတ်လား"

ဝင်းဝင်းမော်က အံ့သြဆဲ ...

"ဟာ၊ ညလုံးပေါက်ပဲ၊ မအိပ်တာ သုံးညအလင်း"

ချစ်ဦးက လက်သုံးချောင်းထောင်ကာ ဖြေနေရာ ...

"ဟား ဟား ဟား"

အာသာနှင့် အောင်မောင်းတို့က အော်ရယ်နေကြသည်။ ဝင်းဝင်းမော်က ချစ်ဦးအား မျက်စောင်းထိုးကာ ...

"ဒီလူကြီးက မဟုတ်တာတွေ ပြောတော့မယ်"

"သြော် မေးကြည့်၊ မအိပ်တာတော့ အမှန်ပဲ"

"ဘာလုပ်တာလဲ"

"ဖဲရိုက်တာ"

တင်တင်ဝင်းတို့က ရယ်နေကြသည်။ သင်းသင်းအေးကသာ မပြုံးမရယ် တည်ကြည်သော မျက်နှာလေးနှင့် မြေပြင်ပေါ် ငေးစိုက်ကြည့်နေသည်။ တင်တင်ဝင်းက သင်းသင်းအေးကို လှမ်းကြည့်နေရာမှ ညိုအောင်အား လှမ်းကြည့်ပြီး ...

"နေစမ်းပါဦး၊ ကိုညိုအောင်ကြီးက ဘယ်ကဘယ်လို ပါလာတာလဲ၊ ညနေ အပြင်မထွက်စဘူး ထူးလှချည့်လား"

"ဟာ၊ ဒီကောင်ကြီးလည်း နေ့ရော ညရော စာကြည့်လွန်းလို့ ခါးကို ချည့်နေပြီ၊ ဒါကြောင့် လေကောင်းလေသန့် ရအောင်လို့"

ချစ်ဦးက ဖြေလေရာ၊ တင်တင်ဝင်းက ...

"တကယ်လား" ဟု မေးလိုက်လေသည်။





"တကယ်ပေါ့၊ ခု ခုတင်ပေါ်မှာ စာအုပ်ရင်ဘတ်ပေါ်တင်ပြီး ဆန့်နေလို့ နှိုးလာရတာ။ ဒါတောင် အိပ်ချင်မူးတူးနဲ့ မောနင်းကလပ်(စ်) 'ဂ' နာရီလား '၉' နာရီလား၊ လုပ်နေသေးတယ်"

ညိုအောင်က မီးသေနေသော ဆေးပေါ့လိပ်ကို ပါးစပ်တွင်တပ်ကာ ပြုံးနေလေသည်။ အောင်မောင်းနှင့် သန်းဆွေတို့က တင်တင်ဝင်းအား အသင်းအပင်း ကိစ္စများကို ပြောဆိုနေကာ အာသာက နော်စီစီအား ဘုရားရှိခိုးကျောင်း တက်ရာ၌ တရားဟောဖို့ကိစ္စ ဆွေးနွေးနေကြသည်။ ချစ်ဦးက သင်းသင်းအေးအား လှမ်းကြည့်ကာ ...

"သင်းသင်းအေးက စာတော်တဲ့လူဆိုတော့ သိပ်မကျက်ရပါဘူးနော်"

"ကျက်တော့ ကျက်ရတာပေါ့"

ညိုအောင်က မျက်လုံးများကို ဖျတ်ခနဲဝင့်ကာ သင်းသင်းအေးအား စွေစောင်းကာ လှမ်းကြည့်လိုက်လေသည်။ ထို့နောက် ဆေးလိပ်ကို ပါးစပ်မှ ယူလိုက်ကာ ...

"သင်းသင်းအေးနဲ့ ကျွန်တော် တွေ့တုန်းဆုံတုန်း ကျွန်တော် စကားနည်းနည်း ပြောပါရစေ"

"ပြောစရာ ဘာရှိလို့လဲ"

သင်းသင်းအေးက မျက်နှာထားတည်တည်နှင့် တိုတောင်းစွာ ပြန်မေးလိုက်လေသည်။

"ကျွန်တော့်အနေနဲ့တော့ သင်းသင်းအေးကို ပြောစရာရှိနေပါတယ်"

"အို၊ ကျွန်မနဲ့ ဘာဆိုင်လို့ ပြောစရာရှိရမှာလဲ"

"ဆိုင်တာ မဆိုင်တာတော့ မသိဘူးလေ၊ ပတ်သက်စရာအကြောင်းတွေကတော့ ရှိနေခဲ့တယ် မဟုတ်လား"

"အို...ဘာများ ပတ်သက်စရာရှိလို့လဲ၊ ကျွန်မကို ဒါလောက်အရှက်ခွဲရတာ မတော်သေးဘူးလား"

သင်းသင်းအေးက ပြောရင်းဆိုရင်း မျက်ရည်များ ဝိုင်းလာလေသည်။



www.burmeseclassic.com

ညိုအောင်က ပျာပျာသလဲ အမူအရာနှင့် လက်ထောင်ပြကာ …

“သင်းသင်းအေး ကျွန်တော့်ကို အထင်လွဲနေပြီ၊ သင်းသင်းအေးလို သိက္ခာရှိတဲ့ မိန်းကလေးမျိုးကို ကျွန်တော် ဘာလို့ အရှက်ခွဲရမလဲဗျာ၊ ဘယ် အရှက်ခွဲရက်ပါ့မလဲ၊ မဟုတ်တာချည်းဘဲ”

သို့ အချီအချ ပြောကြဆဲ ဘယ်သူက ဘယ်လိုစီမံကြသည်မသိ။ အချင်းချင်းလက်တို့ကာ ညိုအောင့် အပေါင်းအဖော်နှင့် သင်းသင်းအေး၏ အဖော်တစ်စုတို့မှာ မသိမသာ တစစ ရှောင်ထွက်သွားကြလေသည်။ သင်းသင်း အေးက ဘာကိုမှ ဂရုမပြုနိုင်ဘဲ မျက်နှာ ခပ်အိုအိုနှင့် …

“ကျွန်မကို သူများတွေက ပြောကြဆိုကြ နောက်ကြပြောင်ကြနဲ့ ကျွန်မ စိတ်သိပ်အနှောင့်အယှက် ဖြစ်တာပဲ”

“ကျွန်တော် တောင်းပန်ပါတယ် သင်းသင်းအေး၊ ကျွန်တော်ပြောစရာ ရှိတယ်ဆိုတာလည်း သင်းသင်းအေးကို တောင်းပန်ဖို့ပါပဲ၊ ဟော်စတယ်အထိ လိုက်လာပြီး တောင်းပန်ဖို့ပါပဲ၊ သူများတွေ ပိုပြီးအထင်လွဲစရာ ဖြစ်နေမှာ စိုးတာနဲ့ မလာရတာပါ၊ ခွင့်လွှတ်ပါ သင်းသင်းအေး”

သင်းသင်းအေးက ဘယ်သို့မှ မပြော။ မြေပြင်ကို ငေးစိုက်ကြည့် နေသည်။ ညိုအောင်က ထပ်ဆင့်၍ …

“ဘယ့်နှယ့် သင်းသင်းအေး ခွင့်လွှတ်တယ် မဟုတ်လား၊ သင်းသင်းအေး အပေါ် စေတနာဆိုး စေတနာယုတ် နှမ်းစေ့လောက်တောင် မရှိပါဘူး ယုံပါ၊ ဟိုနေ့မနက်က သင်းသင်းအေးကို ပြောမိပြောရာတွေ ပြောခဲ့တာလည်း စရုံသက်သက်ပါ။ သင်းသင်းအေး မျက်ရည်တွေဝိုင်းနေတာကို မြင်ခဲ့ရပြန်တော့ နည်းနည်းမှ စိတ်မကောင်းပါဘူး”

ညိုအောင်က သင်းသင်းအေး၏ ချစ်စရာကောင်းသော မျက်နှာလေးကို ငုံ့ကြည့်ကာ ညင်သာသိမ်မွေ့သော လေသံနှင့် ပြောလိုက်လေသည်။ သင်းသင်းအေး၏ မျက်လုံးအိမ်တွင် ယခုပင် မျက်ရည်များဝိုင်းနေသည်။ တောက်ပသော မျက်လုံးအစုံနှင့် သူ့ကို စိုက်ကြည့်နေသော ညိုအောင်အား လှမ်းမော့ကြည့် ပြီးနောက် မျက်လုံးချင်းဆိုင်သည့် ခဏ၌ မျက်စိလွှဲလိုက်သည်။



ထို့နောက် သင်းသင်းအေးမှာ သူ့ကို ခွဲထွက်သွားသော အဖော်တစ်စုကို သတိရကာ ကပျာကယာ ညိုအောင်၏အပါးမှ ထွက်ခွာခဲ့လေသည်။ ညိုအောင်သည် သင်းသင်းအေးနောက်မှ ခေါင်းငိုက်စိုက်ချကာ လိုက်လာရင်း …

“ဟို စတွေ့တဲ့ညကလည်း သင်းသင်းအေးကို ကျွန်တော် သက်သက်နောက်ပြောင်မိတာပါ၊ သင်းသင်းအေးရဲ့ အဝတ်အစား အဆင်အပြင်နဲ့ မျက်နှာထားကို မြင်ရကတဲက ဘယ်လိုမိန်းမစားလဲဆိုတာ ကျွန်တော် အကဲခတ် မိခဲ့ပါတယ်။ လေးလည်းလေးစားပါတယ်။ ကျွန်တော့်ထက် အသက်အပိုင်ကြီး ငယ်ပေတဲ့ ကျွန်တော့်လေးစားမှုဟာ လျော့မသွားပါဘူး၊ ဒါ့ကြောင့်မို့လည်း ရင်းရင်းနှီးနှီး ဆက်ဆံပြောဆိုမိသလို ဖြစ်ရတာပဲ”

သင်းသင်းအေးက ရှေ့မှ ခပ်သုတ်သုတ် လျှောက်လာလေရာ ညိုအောင်က ဂူနွေမပျက် ခြေလှမ်းကျဲကြီးများနှင့် နောက်မှလိုက်လာလေသည်။ အဖော်တွေကလည်း အင်းလျားလမ်းချိုးတွင်ပင် မျက်ခြည်ပြတ်သွားကြလေသည်။ သည်တော့ သင်းသင်းအေးနှင့် ညိုအောင် နှစ်ယောက်ထဲလမ်းလျှောက်နေသလို ဖြစ်နေသည်။ သင်းသင်းအေးကား မျက်နှာလေး နီမြန်းလျက် စကားမပြော တုံဏှိဘော တိတ်ဆိတ်ငြိမ်သက်နေသည်။

“ဘယ်လိုလဲ သင်းသင်းအေး၊ စကားပြောပါဦး”

“ပြောစရာ ဒါပဲမဟုတ်လား”

“ကျွန်တော့်ကို ခွင့်လွှတ်တယ်နော်၊ ခွင့်လွှတ်ရင် ခွင့်လွှတ်တယ်လို့ ပြောဦးမှပေါ့”

“တောင်းပန်နေမှတော့ ခွင့်မလွှတ်စရာ မရှိပါဘူး”

“ဒါဖြင့် ကျွန်တော်နဲ့ သင်းသင်းအေး စစ်ပြေငြိမ်းပြီနော်၊ ရန်သူတွေ မဟုတ်ကြတော့ဘူး၊ ရန်သူမဟုတ်တော့ရင် မိတ်ဆွေပေါ့ ဟုတ်လား”

သင်းသင်းအေးက စကားမပြန်ပေ။ ညိုအောင်က သင်းသင်းအေးနှင့် ဘေးချင်းယှဉ်လျှောက်လာလျက် …

“ဘယ်နှယ့် မိတ်ဆွေလို့ကော သဘောထားနိုင်ပြီလား သင်းသင်းအေး”

သည်တော့ သင်းသင်းအေးက မဆိုင်းမတွပင် …

www.burmeseclassic.com

"ကျွန်မမှာ ယောကျ်ားမိတ်ဆွေရယ်လို့ မရှိပါဘူး၊ ဒီလိုရှိတယ်ဆိုရင်လည်း ကျွန်မအိမ်က သဘောကျမယ် မဟုတ်ဘူး၊ ပူပူနွေးနွေး မုဆိုးမဖြစ်သွားရတဲ့ ကျွန်မမေမေက တက္ကသိုလ်ကို ပညာတစ်ခုတည်း ဆောက်ချသင်ဖို့ လွှတ်လိုက်တာပါ၊ ဟိုနေ့ညက ဖန်ရှင်တက်တာတောင် ဝင်းဝင်းမော်ကို အားနာလို့၊ တက္ကသိုလ်ကို အပျော်ရှာဖို့ လာတာမှမဟုတ်ဘဲ"

စီကာစဉ်ကာ ဖြေလိုက်လေသည်။ သည်တစ်ခါ နှုတ်ဆိတ်သွားသူကား ညိုအောင်သာလျှင်တည်း။ ညိုအောင့်ရင်ထဲတွင် တိတ်တခိုး 'အာဂဟာလေးပဲ' ဟု မှတ်ချက်ချနေမိပြီး 'ယဉ်ပါပေ့ ကျုပ်နှမဗျား' ဟု ချီးမွမ်းမိလေသည်။ ညိုအောင်က သူ့ထုံးစံအတိုင်း နှုတ်ခမ်းစေ့ကာ ပြုံးလျက် ...

"ကျွန်တော့်မှာလည်း မိန်းမမိတ်ဆွေရယ်လို့ မရှိခဲ့ပါဘူး၊ မိန်းကလေးအဆောင်တွေကို မရောက်တာသာကြည့်ပါတော့၊ ကျွန်တော်ကတော့ တက္ကသိုလ်ကို ပညာတစ်ခုတည်းရှာဖို့ထက် အမိတက္ကသိုလ် တိုးတက်ဖွံ့ဖြိုးဖို့ ဆောက်ချကြိုးပမ်းလိုစိတ်နဲ့ပဲ ရောက်လာခဲ့တာပါ၊ ဒီတော့ သင်းသင်းအေးနဲ့ ကျွန်တော်ဟာ ဘဝတူပေါ့ဗျာ၊ ဘဝတူချင်းဆိုတော့ ခင်မင်ရင်းနှီးမှုဟာ မြန်တတ်ပါတယ်"

သင်းသင်းအေးက ဘယ်သို့မှ မဖြေတော့၊ ရှေ့မှ ခပ်သုတ်သုတ်သွားနေသည်။ သင်းသင်းအေး၏ အဖော်များသည် အဆောင်သို့ ပြန်သွားကြသည်မှာ သေချာသည်။ အရိပ်အရောင်ပင် မမြင်ရတော့ပေ။ ညိုအောင့် အဖော်များလည်း ထိုနည်းလည်းကောင်း၊ သင်းသင်းအေးက မျက်မှောင်ကျုံ့ကာ ...

"သူတို့က ပြန်သွားကြတာကိုး သိပ်ဆိုးတာပဲ၊ ဘယ်လိုလဲ မသိဘူး" ဟု ညည်းညူနေရှာလေသည်။

"ကျွန်တော့် အဖော်တွေကလည်း ပြန်သွားကြပြီ၊ ဒီနေရာမှာလည်း သင်းသင်းအေးနဲ့ ကျွန်တော် ဘဝတူဖြစ်ပြန်ပြီနော်"

"အိုး...ဘာမှန်းလည်း မသိဘူး"

သည်တော့ သင်းသင်းအေးက ငယ်ရွယ်နုနယ်သော အသွင်လေးနှင့် ပြောလိုက်လေသည်။ ညိုအောင်က သင်းသင်းအေး၏ မျက်နှာလေးကို မမှိတ်မသုန် ငေးစိုက်ကြည့်ရှုနေကာ ...





"ကျွန်တော်က ခင်မိရင် လှိုက်လှိုက်လှဲလှဲ ခင်တတ်တယ်၊ တစ်မျိုးပဲ၊ ရေစက်လို့ပဲ ပြောရမလား မသိဘူးလေ၊ သင်းသင်းအေးကို စတွေ့တဲ့ညကတည်းက ခင်မိတာ၊ ဒါကြောင့် ကြည့် မိတ်ဆွေရင်းတစ်ယောက်လို ပိုက်ဆံတစ်ဆယ် ချေးမိတာပေါ့၊ အကြောင်းကလည်း ဆိုက်လာတယ် မဟုတ်လား"

ညိုအောင်က ဆက်တိုက် ပြောလိုက်လေသည်။ သင်းသင်းအေးက လမ်းလျှောက်ရင်း ညိုအောင့်အား လုံးဝမကြည့်တော့၊ ခပ်သုတ်သုတ်သာ ရှေ့မှ လျှောက်နေသည်။ သိရီဆောင်ရှိရာလမ်းသို့ ပြည်လမ်းဘက်မှ ချိုးဝင်လာခဲ့သည်အထိ နှစ်ယောက်သား နှုတ်ဆိတ်နေကြပြန်သည်။

ညိုအောင်၏ ရင်ထဲတွင် ဘုရားပွဲလှည့်သလိုဖြစ်ပြီး အရွယ်ရောက်ကာစ လူပျိုလူရွယ်လေးပမာ တထိတ်ထိတ် ရင်များဖိုလျက် သူ့ဝမ်းထဲ၌ ကြိတ်ရယ်မိနေသည်။

ထိုအချိန်နှင့် ဝီလီဂျစ်ကားတစ်စီးသည် သင်းသင်းအေးနှင့် ညိုအောင်ရှိရာလမ်းသို့ ချိုးကွေ့လာပြီး ကားပေါ်မှ လူရွယ်ကျောင်းသားတစ်စုက 'ပြည်တော်သာတယ်ဆော့' ဟု အော်ဟစ် နောက်ပြောင်သွားလေရာ သင်းသင်းအေး၏ မျက်နှာလေးမှာ တမဟုတ်ချင်း နီမြန်းသွားခဲ့လေသည်။

ညိုအောင်က ပြုံးလျက် သင်းသင်းအေး၏ မျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်ရင်း ဖျတ်ခနဲ ရှင်မြူးလာသောစိတ်နှင့် ...

"ကျွန်တော်တို့တက္ကသိုလ်မှာ အတွဲ တစ်တွဲတွဲကို တွေ့မိရင် ပိုက်ဆံမပေးရတိုင်း အရမ်း ဘာလိုလိုထင်လိုက်တာပဲ၊ ကျွန်တော်တို့ သမီးရည်းစား မဖြစ်ကြသေးခင်မှာ ဒီလိုအထင်ခံရတာ စိတ်ဆိုးစရာ မကောင်းဘူးလားဟင် သင်းသင်းအေး"

သင်းသင်းအေးသည် ညိုအောင့်စကားများကို စဉ်းစားမိပြီး ရုတ်တရက် ဒေါသထွက်သော မျက်နှာနှင့် ...

"အိုး၊ ဘယ်လို စကားတွေပြောတာလဲ၊ ရီးတီးရားတား မပြောနဲ့နော် ကျွန်မ မကြိုက်ဘူး၊ ပြောတော့ ကျွန်မရဲ့သိက္ခာကို လေးစားတယ် ပြီးတော့



www.burmeseclassic.com

ကျွန်မရဲ့သိက္ခာကို အဲဒီကပဲ ချ,ချပစ်နေတယ် ကျွန်မ သိပ်စိတ်ဆိုးတာပဲ''

''ဆောရီးဗျာ၊ ကျွန်တော် အမှုမဲ့ ပြောမိတာပါ၊ စိတ်မဆိုးပါနဲ့ဗျာ''

''အို၊ ဆိုးတယ် ဆိုးတယ်၊ သိပ်ဆိုးတယ်၊ အဟုတ်၊ ကျွန်မစိတ်ဆိုးအောင်ပဲ အဲဒီက အမျိုးမျိုး လုပ်နေတာပဲ''

''ကဲကဲ မလုပ်တော့ဘူး၊ နောက်ကို မလုပ်တော့ပါဘူး၊ ကတိပေးပါတယ်၊ နောက် ဘယ်တော့ဆို ဘယ်တော့မှ သင်းသင်းအေး စိတ်ဆိုးအောင် မလုပ်တော့ပါဘူး၊ ကိုင်း..ကျေနပ်ပလား''

သင်းသင်းအေးက စကားပြန်မပြောတော့။ ရှုတည်တည် မှင်သေသော မျက်နှာထားလေးနှင့် တည်ငြိမ်စွာနေသည်။ သို့နှင့် အဆောင်တံခါးပေါက်သို့ ရောက်သောအခါ အထဲဝင်မည်ခြေလှမ်းပြင်ဆဲ ...

''ကိုင်း သွားတော့ သင်းသင်းအေး၊ ကျွန်တော် အထဲအထိလိုက်ပို့ရင် အထင်လွဲစရာတွေ ဖြစ်နေဦးမယ်''

''အို ပို့ဖို့မလိုပါဘူး''

''စိတ်ကျေပြီနော်''

သင်းသင်းအေးက မဖြေ။ ညိုအောင်က သင်းသင်းအေး အနီးသို့ တိုးကပ်ကာ ''စိတ်ကျေပြီမဟုတ်လား သင်းသင်းအေး''ဟု ထပ်မေးလိုက်လေသည်။

သင်းသင်းအေးကား ဘယ်သို့မှ မဖြေတော့ဘဲ တံခါးဝမှ အထဲသို့ ကပျာကယာ ဝင်သွားလေသည်။ နောက်သို့ လုံးဝလှည့်မကြည့်တော့။ ညိုအောင်ကလည်း တံခါးဝမှ ထွက်ခွာလာခဲ့ကာ ခေါင်းငိုက်စိုက်ချလျက် ယုဒသန် ဘုရားရှိခိုးကျောင်း ဘေးမှ ဖြတ်လျှောက်လာခဲ့လေသည်။

* * *



(၁၂)

တောင်ထိပ်တွင် ကြာပေါက်၍ အနောက်တွင် နေထွက်သည့်သတင်း ကြားရသလို ညိုအောင်တစ်ယောက် စာကျက်နေသည်ဆိုတော့ အပေါင်းအသင်းများက အံ့သြခြင်းကြီးမက အံ့သြနေကြလေသည်။ အိမ်တွင်းပုန်း ကုလားမလို ညိုအောင်သည် အခန်းအောင်းကာ ကျောင်းစာများကို ဒလကြမ်းဖတ်နေသည်။

ထိုနည်းတူစွာ ချစ်ဦးနှင့် အောင်မောင်းကြီးတို့သည်လည်း အောင်မောင်း ရှာဖွေခူးဆွတ်လာသော မရမ်းသီးအစိမ်းကို ချစ်ဦး မီးဖိုဆောင်မှ ခိုးယူလာသော ငါးပိနှင့်တို့စားကာ နံနက် (၃)နာရီအထိ စာကို ညလုံးပေါက်နှိုးပါး ကျက်ကြလေသည်။ အာသာကမူ အချဉ်မကြိုက်။ မစားတတ်သဖြင့် အိပ်ချင်တိုင်း သောက်ရေနှင့် မျက်နှာ ထ,သစ်ဖန်များသောကြောင့် နှာစေးနေသည်။

သန်းဋ္ဌေးကို စာကျက်ဖို့ ဆွယ်လို့မရသည့်အပြင် စာကျက်နေသော ညိုအောင်ကိုပင် ရန်လုပ်နေသည်။ ခနဲ့လို့မဆုံး။ သန်းဋ္ဌေးက ဘီအယ်(လ်)စာမေးပွဲ ဖြေရမည့် ကိုသိန်းမောင်နှင့်ပေါင်းကာ သက်သက်အမိုက်ခံ စာမကျက်ဘဲနေသည်။

ထို့ပြင် 'ရောမတစ်မြို့လုံး မီးလောင်နေတုန်း စောင်းမတီးချင်ဘူး၊ ဘာဘူး' ဆိုသော စကားကြီးစကားကျယ်တွေ ဆိုနေသေးသည်။

ညိုအောင် စာကျက်နေရာ အနီးအနားသို့လာ၍ ကိုသိန်းမောင်နှင့်အတူ တွဲထိုင်ကာ ကျောင်းစာများအစား မော့က်စ်နှင့် အိန်ဂျယ်၏ ကွန်မြူနစ်ကြေညာစာတမ်း၊ မော်ရစ်ကွန်ဖော့ တင်ပြသော အခြေခံရုပ်ဝါဒ၊ ကားလ်မော့က်စ်၏ အရင်းကျမ်း စသည်များကို အော်ကြီးဟစ်ကျယ် ဖတ်ကာ ဆွေးနွေးကြသေးသည်။



www.burmeseclassic.com

တစ်ခါတစ်ရံ ဆွေးနွေးကြသောဝိုင်းတွင် မျက်နှာစိမ်းဖြစ်သော သိန်းမောင် တမင်သိအောင် ညီအောင်က ဝင်ဆွေးနွေးသည့်အခါ ဆွေးနွေးလေသည်။ တကယ်တော့လည်း သည်စာအုပ်တွေကို ဟိုက်စကူးကျောင်းသားဘဝ အသက်(၁၆)နှစ် အရွယ်က စတင်ဖတ်မိပြီး (၁၈)နှစ် (၁၉)နှစ်အရွယ်ကျတော့ သူများပင် သင်တန်းအဖြစ် သင်ကြားပို့ချပေးခဲ့ရဖူးလေသည်။ ''ဒါတွေ ငါ့ဝမ်းထဲ ကျေညက်ရုံမကဘူး ချေးဖြစ်လို့တောင်နေပြီ ငါ့လူ''ဟု ဝမ်းထဲက ရေရွတ်ရင်း အပြင်ပန်းအားဖြင့်တော့ သူ့ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆေးပေါ့လိပ်ကို ဖွာရှိုက်ကာ တစ်နေရာတည်းကိုသာ စိုက်ငေးနေသည်။ သန်းဋ္ဌေးက ...

''စာ တော်တော်ကျက်ပြီးပြီထင်ပါ့၊ ဘယ့်နှယ် လူ့ဘဝရဲ့အနှစ်သာရရော တော်တော် ရှာတွေ့ရဲ့လား''ဟု သူ့ဝသီအတိုင်း ခနဲ့နေသည်။

ညီအောင်က အေးဆေးတည်ငြိမ်စွာပင် ဆေးလိပ်ကို ဖွာရှိုက်ပြီးနောက်

''ဟာ တွေ့တာပေါ့၊ တွေ့ပြီလား၊ ခု ငါ လောလောဆယ် ဖတ်နေမိသလောက်တော့ ဆယ့်ကိုးရာစု ကမ္ဘာ့အနောက်ပိုင်း ပြောင်းလဲတိုးတက်လာမှုတွေ၊ လူမှုရေးရာ ပြောင်းလွဲမှုတွေ ဖြစ်ပေါ်လာတာတွေ၊ စက်ရုံဥပဒေတို့ ပညာရေးဥပဒေတို့ မြူနီစပယ်ဥပဒေတို့ တစ်တစ်စ တိုက်ပွဲဝင်ရင်း ပေါ်လာခဲ့ပုံတွေ၊ ပြီးတော့ ခု မင်းတို့ တဖွဖွအော်နေတဲ့ နယ်ချဲ့အရင်းရှင်စနစ်၊ အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမနီ နယ်ချဲ့သမားတွေအကြောင်း၊ ပြီးတော့ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဆိုတဲ့ နိုင်ငံရေးဝါဒသစ်တွေ ထွန်းကားလာပုံတွေ၊ အဲ... မှာက်စ်၊ အိန်ဂျယ်၊ လီနင်တို့တစ်တွေရဲ့ အယူအဆ သဘောထားပေါ်ပေါက်လာရာ အရင်းအမြစ်ကို မြစ်ဖျားခံကြည့်နေတာပဲ''

သန်းဋ္ဌေးကမူ ညီအောင်၏ မျက်နှာကို စိုက်ကြည့်ကာ ...

''ခုနေတော့ ငါ့စိတ်ကို မကွယ်မထောင့် ဖွင့်ပြောရရင် ငါ့အနေနဲ့ ပညာရေးသုတေသီတို့၊ ပါရဂူတို့ ဖြစ်ချင်ပြီ၊ ဒေါက်တာဘွဲ့တောင် ယူချင်စိတ်ပေါက်နေတယ်၊ မမဲ့ပါနဲ့ကွ၊ ငါ ဟန်မဆောင်တတ် မညာတတ်လို့ ဒီအတိုင်း





ပြောနေရတာ သူငယ်ချင်း''

'မင်း သင်းသင်းအေးက မင်းကို တော်တော်ကြီး လွှမ်းမိုးလိုက်တာပေါ့''ဟု သန်းဋ္ဌေးက ခနဲ့နေပြန်သည်။

သိန်းမောင်က ညီအောင့်အနီးတွင် ထိုင်နေကာ စီးကရက်ကို ရှိုက်ဖွာရင်း ပြုံးနေသည်။

''ဟာ၊ သင်းသင်းအေးနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ၊ မင်း သူ့ကို ဆွဲမထည့်ပါနဲ့ကွ၊ သူနဲ့ ငါနဲ့ အနေသာကြီးပါ၊ ဒီလို စကားတွေ ဆွေးနွေးဖို့ နေနေသာသာ စကားတောင် ဟုတ်ဟုတ်ဟတ်ဟတ် ပြောကြတာ မဟုတ်ဘူးကွ''

''မသိဘူးလေ၊ မင်း ပြောင်းလဲနေတာကို ငါတို့က အံ့သြနေကြလို့''

''ခက်ပါဘိ၊ ငါ့လူရာ၊ စာကျက်တာပဲ ပြောင်းလဲလာတာလားကွ၊ စာမေးပွဲနီးလို့ စာကျက်တာ ဘာဖြစ်တုန်းဟ၊ ကျောင်းဆောင်မှာနေပြီး တစ်လ တစ်လ တစ်ရာ တစ်ရာ့ငါးဆယ် အကုန်ခံနေတဲ့ ကျောင်းသားဟာ မိဘပိုက်ဆံ ထိုင်ဖြုန်းပြီး ဒီလိုပဲနေရမှာလား၊ ငါ ဒီလိုပြောတော့ မင်းက ငါ့ကို ဖောက်ပြန်ရေးသမား စွပ်စွဲဦးမယ်''

''စွပ်စွဲမှာပဲ''

''ဒီမှာ၊ ဒီလိုဆိုရင် စကားများမနေနဲ့ ကိုယ့်လူ၊ မင်း ဘာလို့ ကျောင်းဆောင်လာနေပြီး တက္ကသိုလ်ကျောင်းသား နာမည်ခံသေးသလဲ၊ ကျောင်းက ခုထွက်၊ နိုင်ငံရေးထွက်လုပ်၊ စာကို သင်မနေနဲ့၊ ခုထွက်''

''ဒီလို ထွက်လုပ်ချင်တာပေါ့၊ အိမ်ကို ငဲ့နေလို့''

''အေး၊ ငါလည်း ဒီလိုရှိတော့မပေါ့၊ မင်းက အချင်းချင်း ဖင်ခေါင်းကျယ်ချင်လို့ ရမလား၊ လူ့ဘဝ တာရှည်ပြေးပွဲမှာ ပန်းတိုင်က တစ်ခုတည်းမဟုတ်ဘူးကွ၊ အဆင့်ဆင့် ဖြတ်ကျော်ရမှာ၊ နောက် လေးငါးဆယ်နှစ်မှာ မင်းကို စောင့်ကြည့်ချင်တယ်၊ မင်း ပုတ်ခတ်နေတဲ့ ဒီဂရီပညာ မင်း မယူဘဲနေမလား ယူမလားဆိုတာကို''

ညီအောင်က ပြတ်ပြတ်သားသား ဟိန်းဟောက်လိုက်ပြန်တော့ သန်းဋ္ဌေးမှာ ငြိမ်သွားလေသည်။ ညီအောင်က သူ့စကားကို ဆက်၍ ...



www.burmeseclassic.com

"အလုပ်လုပ်တယ်ဆိုတာ ရေရှည်ကို ကြည့်ရမယ်ကွ၊ မျက်မွေး တစ်ဆုံး ကြည့်လို့မရဘူး၊ လူမှာ ဘဝရပ်တည်မှုဆိုတာ ရှိသေးတယ်၊ ကိုလိုနီ ပညာ၊ ကျွန်ပညာဆိုပြီး ၁၉၃၆ ခုနှစ်ထဲက ပြင်းပြင်းထန်ထန် တိုက်ခဲ့ကြတာပဲ၊ ဒီလိုနဲ့ပဲ ကိုအောင်ဆန်းဆိုရင် ဝိဇ္ဇာတွဲ့ရပြီး ဥပဒေသင်တန်းတောင် တက်လိုက် သေးတယ်၊ ကိုကြီးနုလည်း ဒီဂရီရနေတဲ့သူပဲ၊ ပြန်အပ်တာက တခြား၊ ဒီဂရီ ရတာဟာ ရတာပဲ၊ ကိုလှရွှေဆို အမ်ဘီဘီအက်(စ်) ဆရာဝန်တစ်ယောက်၊ ပြီးတော့ မင်း အင်မတန် ကြည်ညိုတဲ့ ကိုဗဟိန်းက ဥပစာအထက်တန်းကို ပါဠိဘာသာ ဂုဏ်ထူးနဲ့ အောင်ခဲ့တယ် မဟုတ်လား"

"ဒါဖြင့် ဒီဂရီရမှ တက္ကသိုလ်ကစာ တတ်မှပဲ လူတော်လို့သတ်မှတ်မလား"

"ဒါတော့ ပုံသေကားချပ် ဘယ်ပြောနိုင်မလဲ၊ ဒီဂရီရ လူပေါတွေ ရှိသလို ဒီဂရီမရှိဘဲ တော်တဲ့လူတွေလည်း ရှိတာပဲ၊ တော်တယ် မတော်ဘူး ဆိုတာ လူပေါ်မူတည်တာပဲ၊ လူဟာ သူ့ရဲ့ပင်ကိုအရည်အသွေး အစွမ်းအစနဲ့ သူ့ရဲ့ဆည်းပူးတာတွေအပေါ် ကြည့်ပြီး ဆုံးဖြတ်ရတာပဲ၊ 'ဂျေဘားနတ်ရှော' တို့ဆို တက္ကသိုလ် ဘယ်မှာရောက်ဖူးလို့လဲ၊ မိဘစီးပွားရေးချို့ငဲ့တော့ ကျောင်းစာ တောင် ရေရေရာရာ ရှိတာမဟုတ်ဘူး၊ ဒီလိုနဲ့ ကမ္ဘာကျော်တာပဲ"

"အေးကွ၊ ဟုတ်သားပဲ၊ သခင်သန်းထွန်းဆိုလည်း (၁၀)တန်းပဲ အောင်တာပဲ၊ ဒါပေမဲ့ စာသိပ်ဖတ်တယ်၊ မော့က်စ်စာပေကို သူများအရင် ပဝေသဏီက လေ့လာလိုက်စားတာပဲ"

သန်းဌွေးက ဝင်ထောက်ပြောလိုက်လေသည်။

"သူကတော့ ကျောင်းနေထဲကကို စာတော်တာ၊ (၁၀)တန်းကို အင်္ဂလိပ်စာ ရာဇဝင် ဗမာစာ ဂုဏ်ထူးသုံးခုနဲ့ အောင်ခဲ့တာပဲ၊ အဲဒီတုန်းက ဂုဏ်ထူးဆိုတာ အင်မတန် ရှားရှားပါးပါး ရတောင့်ရခဲတာ၊ ဒီအကြောင်း ဒဂုန်တာရာ ရေးတဲ့ အထဲမှာတောင် ပါသေး"

ညိုအောင်က ပြောပြီးနောက် ဆေးလိပ်ကို ပြာခံခွက်ထဲထည့်ကာ လက်နောက်ပစ်လျက် ခုတင်ပေါ် လှဲအိပ်နေလိုက်လေသည်။

"မင်းလည်း တော်တာပဲ၊ အင်္ဂလိပ်စာ၊ သင်္ချာဂုဏ်ထူးနဲ့ (၁၀)တန်း





အောင်ခဲ့တာပဲ၊ ဂုဏ်ထူးတန်းလေး ဘာလေး တက်ရအောင်မှန်းပေါ့"

သန်းဌွေးက အတည်ပြောတာလား၊ ရွဲ့ပြောတာလား မသိ။ ညိုအောင်ကမူ ခပ်သောသော ရယ်မောလျက် ...

"ငါက 'ရာဘင်ဒြာနတ်တဂိုး'ကို တော်တော်အားကျနေတာ၊ နိုင်ငံခြားတက္ကသိုလ်က ဒေါက်တာ(ပါရဂူ)ဘွဲ့တွေ ဘာတွေယူပြီး ဘင်္ဂလားပြည် ရှန်တိနိကေတန် အရပ်က ကျောင်းမျိုး တည်ထောင်ချင်တယ်၊ တဂိုးတည်ထောင် တဲ့ကျောင်းကို တက္ကသိုလ်အဖြစ် အိန္ဒိယအစိုးရက အသိအမှတ်ပြုခဲ့တာ မောင်၊ အိန္ဒိယအစိုးရ ပညာရေးဝန်ကြီး 'မော်လနတ်အာဇတ်'ကတောင် အခမ်းအနားနဲ့ ဖွင့်ရတဲ့ တက္ကသိုလ်ပဲကွ"

ထို့နောက် ညိုအောင်က တဂိုး၏ ဂီတဥ္စလီမှ ...

*"စိတ်က အကြောက်ကင်း၍ ဦးခေါင်းကို မော့်ထားနိုင်သော*
*အရပ်သို့လည်းကောင်း။*
*ပညာသည် လွတ်လပ်ခွင့်ရှိသော အရပ်သို့လည်းကောင်း"*

ဆိုသည့်မျိုးကို စိတ်ထဲ၌ ရေရွတ်နေမိသေးသည်။

သူ့မျက်စိများကို မှိတ်ထားရင်း တဂိုးတက္ကသိုလ်၏ ဆိတ်ငြိမ်အေးချမ်း ခြင်းကို မြင်ယောင်နေမိသည်။ နောက်သို့ မျက်နှာပြုကာ တည်ဆောက်ထားသော ခေတ်ဆန်သည့် အဆောက်အအုံတို့မှာ သန့်ရှင်းစင်ကြယ်လျက် ရှိလေသည်။ စာသင်တန်းများကို စိမ်းလန်းသော မြက်ခင်းအလယ် အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးများအောက်၌ လုပ်ထားသည်။

မိုးပြာပြာအောက်မှ သစ်ပင်ပန်းမာလ်၊ မြက်ခင်း၊ လယ်ကွင်းများ၊ ရေကန်စသော တောတောင်ရေမြေသဘာဝနှင့် ဆက်စပ်လျက် လွတ်လပ်သော ပညာနှင့် အတွေးအခေါ်များကို ဖန်တီးလျက်ရှိလေသည်။ သိပ္ပံပညာ ဝိဇ္ဇာ ပညာရပ်များအပြင် ဗေဒ၊ ပေါရာဏ၊ ဗုဒ္ဓ၊ ဂျိန်း၊ အစ္စလာမ် ယဉ်ကျေးမှုတို့မှ စာပေဘာသာစကား စသည်တို့ကိုလည်း သင်ကြားပေးလေသည်။

ရှန်တိနိကေတန် တက္ကသိုလ်၏ ထူးခြားစွာသော ကျော်ကြားမှုတစ်ရပ်မှာ ပန်းချီပန်းပု ရုပ်ထုပညာကို စာသင်သားတို့ ထူးချွန်တတ်မြောက်အောင်



www.burmeseclassic.com

သင်ပေးခဲ့ခြင်းပင် ဖြစ်လေသည်။ ထိုတက္ကသိုလ်ကျောင်းတော်၌ သာယာနာပျော်ဖွယ် ဂီတတေးသံကိုလည်း နာခံရလေသည်။ တဂိုးကိုယ်တိုင်က ပန်းချီဆွဲ တော်လျက် သူ့ပန်းချီများကို မော်စကို၊ ဘမင်ဂမ်မြို့၊ ဘာလင်မြို့၊ မြူးနစ်၊ ပါရစ်နှင့် နယူးယော့မြို့များတွင် လှည့်လည်တင်ပြခဲ့ခြင်းဖြင့် ကမ္ဘာကျော်သူဖြစ်လေသည်။ ထို့ပြင် ဂီတစာဆိုအဖြစ်နှင့်လည်း တဂိုးသည် သီချင်းအပုဒ်ပေါင်း ၃,၀၀၀ ကျော်မျှ ရေးသားစပ်ဆိုခဲ့သေးသည်။

သို့ တွေးရင်းတောရင်းပင် ညှိုအောင်သည် စာအုပ်ထူကြီးကို ရင်ဘတ်ပေါ်တင်လျက် တဂိုး တက္ကသိုလ်အတွေးကို သီချင်းလုပ်ဆိုရင်း အိပ်မောကျသွားလေသည်။

* * *

(၁၃)

ယခုတစ်လောတော့ စာကျက်ရင်း အိပ်ပျော်သွားသည်သာ များသည်။ အိပ်ပျော်သည့်အခါတိုင်း၌ သင်းသင်းအေးကို အိပ်မက် မက်နေတတ်သည်။ တစ်ခါတစ်ရံ သင်းသင်းအေးနှင့် ဘင်တန်ဆောင် ညည့်ခန်းတွင် စကားပြောနေတတ်ပြီး တခါတရံ၌ သင်းသင်းအေးသည် သူ့ကိုရန်ထောင်ရင်း ငိုနေတတ်သည်။

တစ်ညတော့ အိပ်မက်ထဲ စစ်ဖြစ်နေသည်။ အိပ်မက်ထဲ၌ မီးခိုးလုံးတွေအကြားမှာ လူတွေမှာ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။ သူက သင်းသင်းအေး၏ လက်ကလေးကို ဆွဲကိုင်ကာ ပြေးနေရသည်။ ဘယ်ရယ်လို့လည်းမသိ။ ခြေဦးတည့်ရာသာ သွားနေကြသည်။ အိပ်မက်ထဲမှာပင် သင်းသင်းအေး၏ နွေးထွေးသောလက်ကလေး ကိုင်ရသည်မှာ ရင်ထဲ တထိတ်ထိတ်ဖိုနေမိသေးသည်။

“သင်း မောတယ် ကိုညှိုအောင်၊ သင်း မလိုက်နိုင်တော့ဘူး”ဟု သင်းသင်းအေးက အိပ်မက်ထဲတွင် တစ်ခါမှ မပြောဘူးသော ကန့်ကလျလေသံလေးနှင့် ဆိုလိုက်လေသည်။

ညှိုအောင်ကလည်း ဆက်မသွားတော့။ ဆက်မသွားဆို မြန်းစားချည်းသွားသတိရသည်မှာ ညနေပိုင်းအချိန် စာမေးပွဲဖြေပြီး ခုံအမှတ် မတပ်မိခဲ့ခြင်းကိုပင်တည်း။ အိပ်မက်ဆိုတော့ ဒီလိုပင် ကမောက်ကမ နိုင်လှပေသည်။ ရေရေရာရာလည်း မရှိလှပေ။

“ကိုယ် ရိုးလ်နံပါတ် မတပ်ခဲ့မိဘူး သင်းရယ်၊ ဖြေနိုင်ခဲ့သားနဲ့

www.burmeseclassic.com

ဒုက္ခပါပဲ''ဟု အိပ်မက်ထဲတွင် ချုသံပါအောင် ညည်းကာ တကယ်အမှတ်နှင့် ခေါ်ချွေးများပြန်၍ အိပ်ရာမှ လန့်နိုးလေသည်။

သည့်နောက်တော့ အိပ်ရာထက်တွင် တစ်စုံတစ်ယောက် လွှမ်းကာ ခြုံပေးထားခဲ့သော စောင်နှင့် ထွေးလုံးရစ်ပတ်ကာ ချွေးပေါက်များသီးနေသည်။ အိပ်ရာကနိုးသည်အထိ အမောမပြေသေး။

တစ်ဖက် ခုတင်မှ အောင်မောင်းသည် တခေါခေါနှင့် အိပ်ပျော်နေရာ အချိန်မှာ သန်းခေါင်ထက်တော့ နည်းမည်မထင်ပေ။ သည့်နောက်တော့ ညိုအောင်မှာ တစ်ရေးနိုး အိပ်လို့မပျော်တော့ပေ။ သူ့လက်အချင်းချင်းဆုပ်ကိုင်ကာ ရင်ဘတ်ပေါ်တင်လျက် သင်းသင်းအေး၏ ရုပ်ပုံလွှာကို ပုံဖမ်းကာကြည့်နေမိသည်။

ယုဒသန် ကော်ရစ်ဒါတွင် သင်းသင်းအေး၏ လက်ကလေးကို ဆွဲကိုင်မိသောအခါက မျက်ရည်များ ရစ်ဝိုင်းနေသော မျက်လုံးအစုံနှင့် မျက်နှာလေးမှာ မျက်စိထဲက မထွက်။ ထို့နောက် အင်းလျားလမ်းတစ်လျှောက်တွင် နှစ်ယောက်အတူတကွ လျှောက်လာကြစဉ်အခါက သင်းသင်းအေး၏ နီမြန်းသောမျက်နှာလေး။ သူ့စိတ်ကလှုပ်ရှားနေသလို ညိုအောင်၏ စိတ်ကလည်း လှုပ်ရှားခဲ့မိလေသည်။

သင်းသင်းအေး ကြည့်ရသည်မှာ ယင်ဖိုမှ မသန်းဘူးတော့သလို အတွေ့အကြုံ နည်းရှာသေးသူ ဖြစ်ဟန်ထင့်။ သင်းသင်းအေး၏ နှလုံးသားတွင် ပထမဦးဆုံးအကြိမ် တံဆိပ်ခပ်နှိပ်သူ ဖြစ်လေမလားဟု ထင်စားမိသေးသည်။ (၁၇)နှစ်သာသာ,သာ ရှိသေးသော သင်းသင်းအေးအဖို့ ဖြစ်လည်းဖြစ်နိုင်စရာ အကြောင်းရှိလေသည်။

မိမိအဖို့ ရင်ခုန်လှုပ်ရှားရသည်မှာ ဒီအကြိမ်သည် ဒုတိယအကြိမ် ဖြစ်လေသည်။ အသက် ၂၃ နှစ်အရွယ် ယောကျ်ားပျိုတစ်ယောက်အဖို့ သည်လို တွေ့ခဲ့ကြုံခဲ့ရခြင်းသည် အပြစ်တင်ဖွယ်ရာ မရှိသော်လည်း ညိုအောင်အဖို့ ပြန်လည်မတွေးချင်သော အကြောင်းများသာတည်း။

တမ်းတမက်မောစရာ မရှိသော အတိတ်၏အရိပ်က ထမင်းလုံးတစ္ဆေ ချောက်လှန့်သလို ချောက်လှန့်ပြန်လေသည်။





ညိုအောင်သည် တွေးတောရင်း ခံတွင်းချဉ်လာကာ အိပ်ရာမှထပြီး ခြင်ထောင်အပြင်ထွက်၍ ခေါင်းရင်းဘေး စာအုပ်စင်ပေါ်မှ ဆေးလိပ်ကို စမ်းလေသည်။ ဆေးလိပ်ကို မီးညှိသောက်ပြီးနောက် မီးခိုးများနှင့်အတူ အတွေးမျှင်များ သန်းနေမိသည်။

* * *



www.burmeseclassic.com

## (၁၄)

သည်တုန်းက 'တောခို' သူပုန်ကျောင်းသားပေမင့် အသက်မှာ ၁၈ နှစ်မျှသာ ရှိသေးသည်။

ဖြုန်းစားကြီး ဆူးခက်ပေါ်သို့ ရောက်လာရခြင်းသာ ဖြစ်ပေသည်။ ယခင်က နူးညံ့သော လက်တို့သည် ရိုင်ဖယ်သေနတ်ကို ကိုင်လာခဲ့ရ၍ အသားမာများ တက်လာခဲ့လေသည်။ အဆက်မပြတ် လမ်းလျှောက်ခဲ့ရသော ခြေဖဝါးတို့မှာ ကြမ်းတမ်း ရင့်ရော်လာခဲ့လေသည်။

သထုံခရိုင် (×××)ရွာလေး၏ အိုးခြေအိမ်ခြေများသည် စစ်မီးခိုးများ မှိုင်းဝေလျက် ဝါးရုံပင်များမှာ အစိမ်းရောင်များ ပျောက်လျက် ညှိုးခြောက် တွန့်လိမ်နေလေသည်။ စပါးပင်တို့သည် ဝါရော်လျက် ခြောက်သွေ့ကုန်ကြ လေသည်။

စစ်ဒဏ်ကိုမခံနိုင်၍ ပြေးကြ ရှောင်လွှားကြသဖြင့် လူနေကျိုးတိုးကျဲတဲ မျှသာ။ ညိုအောင်တို့ တပ်စုသည် သည်ရွာသို့ ရောက်လာခဲ့ကြသည်။ သည်ရွာ ကတော့ ညိုအောင် တာဝန်ကျကာ ရောက်လာခြင်းဖြစ်သည်။ သူတို့တပ်စုတွင် မိန်းကလေးနှစ်ယောက် ပါလာခဲ့လေသည်။ တစ်ဦးက ကရင်မလေး နော်ဖော့လူ နှင့် ကျန်တစ်ဦးက မမြစိမ်း။

နှစ်ဦးစလုံး သင်တန်းဆင်းပြီးစ သူနာပြုမလေးများ ဖြစ်ကြသည်။ တစ်ဦးကိုတစ်ဦး အတွေ့အကြုံချင်း ဖလှယ်ကြရာ၌ ...

"မမစိမ်းက ၁၉၄၈ ခုနှစ်က ဆယ်တန်းအောင်ပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

မိဘ ဘဝရပ်တည်မှုက မကောင်းတော့ တက္ကသိုလ်ကို ဆက်မသွားနိုင်ပါဘူး၊ ဒါနဲ့ ရန်ကုန်မှာ သူနာပြုသင်တန်း သွားတက်တယ်၊ အဲလေ သူနာပြုအလုပ်ကို ဘာလို့ ရွေးချယ်လိုက်ရသလဲဆိုတော့…”

မမြစိမ်းက သည်အကြောင်းများကို ပြန်လည်တင်ပြစဉ်ပင် မျက်ရည်များလည်နေလေသည်။

“နေရာတိုင်းမှာ ဥစ္စာဓနနဲ့ ဂုဏ်က လွှမ်းမိုးကြီးစိုးတယ် မဟုတ်လား၊ မမစိမ်းရဲ့ဖေဖေ နေမကောင်းဖြစ်တယ်၊ အသည်းကြီးရောဂါ၊ အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး အောက်ပိုင်းတစ်ပိုင်းလုံး ချိနေတာပဲ၊ လမ်းမလျှောက်နိုင်တော့ဘူး၊ မမစိမ်းမှာ မေမေကလည်း မရှိတော့ သိပ်အားငယ်တာပေါ့၊ ဒါနဲ့ မော်လမြိုင်မှာ ဆေးရုံတင်လိုက်ရတယ်၊ ဖေဖေ လမ်းမလျှောက်နိုင်လို့ ဘီးတပ်ကုလားထိုင်တောင်းတာ၊ အဲဒီတုန်းက သူနာပြုတစ်ယောက်က “သေသေ” ဆိုပြီး ငေါက်ခဲ့တယ်၊ ဖေဖေ့နောက်မှ ရောက်လာတဲ့ အရာရှိကတော်တစ်ယောက်တော့ ရောဂါသိပ်မသည်းဘဲ ဘီးတပ်လှည်းပေးတယ်၊ ဖေဖေ့ကျတော့ လမ်းလျှောက်ရတယ်၊ ဒါနဲ့ပဲ ဖေဖေ့ကို တွဲခေါ်လာခဲ့ရတာ ပင်ပန်းတကြီးပဲ၊ ဖေဖေလည်း အဲဒီဒဏ်နဲ့ အသက်ပျောက်ခဲ့ရတယ်”

“ဒါနဲ့ မမစိမ်းက ဘာဖြစ်လို့ သူနာပြု ဝင်လုပ်ရတာလဲဗျ”

ညိုအောင်ကား မမြစိမ်းကို နော်ဖော့လူ ခေါ်သလိုပင် ‘မမစိမ်း’ဟု တရိုတသေ ခေါ်လိုက်လေသည်။ အမှန်လည်း မမြစိမ်းသည် ညိုအောင့်ထက် အသက် သုံးလေးနှစ်ထက်မနည်း ကြီးပုံရသည်။ ထိုစဉ်က မမြစိမ်းသည် နှစ်ဆယ်ကျော်ခန့် ရှိပေပြီ။

“အို မမစိမ်းသာ သူနာပြုတစ်ယောက် ဖြစ်လာရင် ငွေတို့၊ ဂုဏ်တို့ မျက်နှာမကြည့်ဘဲ လူနာတွေကိုရော လူနာရှင်ကိုရော ကောင်းကောင်းမွန်မွန် ဆက်ဆံမယ်၊ ကိုယ့်ကိုယ် အားကိုးတကြီးနဲ့လာတွေ့ပြီး မျက်စိသူငယ် ဒုက္ခရောက်နေတဲ့ လူတွေကို အတတ်နိုင်ဆုံး ကူညီမယ်ဆိုတဲ့ စိတ်နဲ့ပဲ”

“ကောင်းပါတယ် မမစိမ်းရာ ကောင်းပါတယ်၊ ဘာမဆို စိတ်စေတနာ အရင်းခံပြီး ယုံကြည်ချက်နဲ့လုပ်မှ မွန်မြတ်တာ”





တကယ်တော့ သူနာပြုအလုပ်ဆိုသည်မှာ မွန်မြတ်သလောက် လွယ်ကူသော အလုပ်မဟုတ်ပေ။ အင်မတန် အပင်ပန်းခံနိုင်မှ အောက်ခြေသိမ်းလုပ်နိုင်မှ ဖြစ်မည်။ သူနာပြုဂေဟာတွင် စတင်နေရကတည်းက (၃)လတိတိ စာတွေ့သင်တန်းကို ရက်တိုတိုနှင့် အမြန်ဆုံး သင်ကြားရလေသည်။ Sister Tutor ခေါ် နည်းပြဆရာမများ၊ ဆရာဝန်များနှင့် စာသင်ကြားရပြီးနောက် (၃)လအကြာတွင် လက်တွေ့ ဆေးရုံ(Ward) ထဲ ဆင်းရလေသည်။

မနက်အလုပ်ချိန်မှာ ၆ နာရီခွဲမှ စလေသည်။ နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိကတော့ လူနာများ၏အိပ်ရာခင်း လဲပေး၊ ခေါင်းဖြီး၊ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင် စသည်များကို လိုက်လုပ်ရလေသည်။ သည်အချိန်တွင် ခေါင်းဆောင်း မဆောင်းရသေး။ ထဘီနီသာ ဝတ်ရလေသည်။ လက်တွေ့သင်တန်း၌ (၃)လအောင်မှသာ ဦးထုပ်ဆောင်းရလေသည်။

ထို့နောက် နံနက်အလုပ်ချိန်ကို ၆ နာရီ ၃၀ မှ ၁၀ နာရီ ၃၀ အထိ၊ ၁၀ နာရီခွဲတွင် ထမင်းစားပြန်ကာ ၁၁ နာရီ ၃၀ အရောက်ပြန်လာရပြီး ၄ နာရီအထိ အလုပ်လုပ်ရလေသည်။ အလုပ်များကတော့ လူနာအမျိုးအစားလိုက်၍ Chart(စာအုပ်ကြီး) အတိုင်းလိုက်၍ ကော်ဖီချိန် ကော်ဖီ၊ ထမင်းချိန်ထမင်း လိုက်လံချထားပေးရလေသည်။ ထို့ပြင် သွေးခုန်နှုန်း (Pulse)၊ အသက်ရှူနှုန်း (Respiration) စသည်တို့ကို စစ်ဆေးရလေသည်။ တာဝန်ကျသည့်အခါ၌ ခွဲစိတ်ခန်း (Operation Theatre) မှ လူနာကို စောင့်ရလေသည်။

တစ်ခါတစ်ရံတွင် ညစောင့်တာဝန် (Night Duty) ကို ထမ်းဆောင်ရလေသည်။

ဒါတွေကတော့ မမစိမ်း ပြောပြနေသော သူ့လုပ်ရပ်များသာတည်း။ ညိုအောင်ကလည်း စိတ်ပါဝင်စားစွာနှင့် ဂရုတစိုက် နားထောင်မိလေသည်။

နော်ဖော့လူနှင့် ရန်ကုန်ဆေးရုံကြီးတွင် သင်တန်းတက်ကြစဉ်က တွေ့ခဲ့ကြခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်ကျတော့ ‘နော်ဖော့လူ’ နှင့်အတူ ထွက်လာခဲ့ကြလေသည်။

သည့်နောက်တော့ ကျောင်းသားညိုအောင်ဘဝမှ မှတ်သိတ်မွေး၊



www.burmeseclassic.com

ပါးသိုင်းမွေး ထူလပြစ်နှင့် ဗိုလ်အောင်စည် ဘဝသို့ တမုဟုတ်ချင်း တဖြစ်လဲလာသောအခါ 'မမြစိမ်း'တည်းဟူသော သံယောဇဉ် ကြိုးတစ်ချောင်းနှင့် လာ၍ငြိလေသည်။

ဖြစ်ချင်တော့ (×××)ရွာက အပျိုကြီး ဒေါ်ငွေအိမ်၏အိမ်တွင် သောင်တင်ကြခိုက် ညိုအောင်က သုံးရက်လုံးလုံး လူမှန်းမသိဖြစ်ပြီး အပြင်းဖျားလေသည်။ တောင်သူမကြီး ဒေါ်ငွေအိမ်သည် ညိုအောင် သေမည်အမှတ်နှင့် ...

"ဆရာမလေးရယ် ဗိုလ်ကြီးရယ် ဖျားမှဖျား၊ လုံးလုံး သတိမရပါလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရှာရှာမယ် ထင်ပါရဲ့" ဟု မျက်ရည်လေးစမ်းစမ်းနှင့် ဆိုရှာသည်။

နော်ဖော့လူက ရဲဘော်တစ်စုနှင့် မျှစ်ချိုးသွားခိုက်၊ ရဲဘော်နှစ်ဦးက ကင်းလှည့်ချိန်တွင် မမြစိမ်းက ညိုအောင့်အား ပွေ့ပွေ့ပိုက်ပိုက် ပြုစုရလေသည်။ သို့ကြောင့်ပင် ညိုအောင်မှာ မမြစိမ်း၏ အပြုအစုနှင့်ပင် အသက်ရှင်လာရလေသည်။

"ကိုအောင်စည် ဒီလိုဖြစ်တာ မမစိမ်း စိတ်မကောင်း ဖြစ်မိတယ်၊ အသက်က သိပ်ငယ်နေတယ်၊ ဒုက္ခနဲ့ မမျှဘူးကွယ်" ဟု ကရုဏာသံနှင့် ညည်းမိရှာလေသည်။

အသားညိုပေမင့် အရပ်မနိမ့်မမြင့်၊ ကိုယ်ဟန်တောင့်တင်းကာ လည်တံမြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့် ယောကျ်ားရုပ် ပီသသော ညိုအောင်အား ငေး၍သာ ကြည့်နေမိသည်။ မျက်နှာလေးကတော့ သူ့ကိုယ်ဟန်နှင့် မလိုက်အောင်ပင် နုနယ်လွန်းလှပေသည်။

နဖူးပြေပြေ၊ မျက်ခုံးကောင်းကောင်း၊ စူးရှညိုမှောင်သော မျက်လုံးများနှင့် မျက်နှာသွယ်သွယ်တွင် မေးရိုးခိုင်ခံ့လျက် မြင့်မားသော နှာတံ၊ သေသပ်ပုံကျသော နှုတ်ခမ်းများနှင့် လူရည်သန့် လူချောလေးတစ်ယောက် ဖြစ်ချေသည်တမုံ့။

"ယုံကြည်ချက်နဲ့ အလုပ်လုပ်နေတဲ့ လူကိုး၊ဗျ၊ ကျောင်းသားဘဝဟာ





ပြည်သူလူထုအရေးနဲ့ ဆက်စပ်နေတယ်လို့ ကျွန်တော်ထင်တယ်လေ မမစိမ်း၊ ဒါကြောင့်မို့လည်း ကျွန်တော့်မိတ်ဆွေတွေ ဝိုင်းဆွဲထားကြတဲ့ ကြားထဲကပဲ စာသင်ခန်းကို ကျွန်တော် စွန့်လွှတ်ခဲ့တာပေါ့"

ထိုစဉ်တုန်းက အသက်ကလေး ခပ်ငယ်ငယ်နှင့်ပင် အကြီးကျယ်ဆုံးသော စကားရပ်များကို ဝင့်ကြွားစွာ ဆိုခဲ့မိလေသည်။ အသံကလည်း ခပ်ဩဩ၊ နှုတ်ခမ်းမွေးစစနှင့် ငယ်ရုပ်ကလည်း မဖျောက်နိုင်သေး။ သို့ကြောင့်ပင် မမစိမ်းက ညိုအောင်အား ကြည့်ကာ ရယ်မောမိလေသည်။

"ကိုအောင်စည်က ကလေးပဲရှိသေးတာပဲ"ဟု မမြစိမ်းက မှတ်ချက်ချနေသည့်အခါတွင် ညိုအောင်က သူ့အား ဆဲရေးသလိုပင်နာကာ သုန်သုန်မှုန်မှုန်နှင့် ဒေါသဖြစ်နေသည်။ မမြစိမ်းကို စကားမပြောတော့ပေ။

သည်တော့လည်း မမြစိမ်းက လိုက်ချော့ရလေသည်။ သို့နှင့် သူတို့သည် အခြားတပ်များနှင့် အဆက်အသွယ်ပြတ်ကာ ပြေးရင်းလွှားရင်း တိုက်ရင်းခိုက်ရင်းပင် သည်ရွာလေးအရောက်၊ တောင်သူမကြီး ဒေါ်ငွေအိမ်၏ နေအိမ်တွင် အိပ်မက်ကမ္ဘာလေးတစ်ခုကို တည်ဆောက်မိကြလေသည်။

သည်မှာပင် ထမင်းက နပ်ကျော်စားနေရသဖြင့် ရိက္ခာပြဿနာက ဝင်လျက်ရှိလေသည်။ ဝါးမျှစ်များ ပြုတ်စားရဖန်များနေသဖြင့် အပူဝမ်းများသက်ကာ ကိုယ်လက်များလည်း ကိုက်ခဲနာကျင်နေတတ်ပေသည်။

သည်ကြားထဲကပင် သူ့ကို မိခင်ပမာ ရင်ငွေ့ပေး၍ ပြုစုရှာသော မမြစိမ်းအပေါ်၌ ချစ်ခင်နှစ်လိုစိတ်တွေ တဝေဝေနှင့် မြတ်နိုးနေမိတာကိုတော့ ကိုယ့်ကိုယ်ကို အပြစ်တင်ရမည်လား မဝေခွဲတတ်နိုင်ပေ။

တောစခန်း အခြေကလည်း တိတ်ဆိတ်၍ မီးလောင်မြေတို့ ရောဖက်သော ကြားထဲကပင် သာယာမြဲဖြစ်သည်။ လူသူလေးပါးကလည်း ကင်းဝေးသည်။ ထို့ပြင် အသက်ရွယ်နုနယ်၍ သွေးသားလှုပ်ရှားလွယ်သော အရွယ်တွေကလည်း ဖြစ်ပေသည်။

နယုန်ဆန်းစ ညတစ်ညတွင် မိုးက ပြေပြေလေးရွာလျက် ရှိလေသည်။ လကလည်း မရှိ။ ကြယ်ရောင်များပင် ပျောက်လျက် အမှောင်ထုကား ပိန်းပိတ်



www.burmeseclassic.com

နေသည်။ ဘာဆိုဘာမှ မမြင်ရ။ ည ၉ နာရီခန့်သာ ရှိသေးသော်လည်း ညနက်သန်းခေါင်ပမာ တိတ်ဆိတ်လွန်းမက တိတ်ဆိတ်နေသည်။

ခြံဝ မန်မိုးတဲလေးမှ ကင်းစောင့် ရဲဘော်လေးမှအပ အားလုံး အိပ်မောကျနေကြလေသည်။ တဲအဖီအောက် ကွပ်ပျစ်ပေါ်တွင်လည်းကောင်း၊ တဲတွင်းဘက် မီးဖိုနှင့်ကပ်လျက် အခန်းတစ်ခန်းတွင်လည်း မမြစိမ်းနှင့် နော်ဖော့လူတို့၏ တတွတ်တွတ် စကားပြောသံ ခါတိုင်းလို မကြားရပေ။

အိမ်ရှေ့နှင့်ကပ်လျက် အခန်းကျဉ်းလေးထဲတွင် ညိုအောင်က တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ဘဲ ရှိလေသည်။ သို့ မျက်လုံးကြောင်နေဆဲတွင် ရေနံဆီမီးခွက် မှုန်မှိုင်းမှိုင်းကိုကိုင်ကာ သူ့အခန်းဆီသို့လာပြီး မီးခွက်မြှောက်ကြည့်နေသော မမြစိမ်းကို မြင်တွေ့ရလေသည်။

"မမစိမ်းလား"

"ဟုတ်တယ်၊ ညည်းသံလိုလို ကြားလို့ လာကြည့်တာ၊ ကိုအောင်စည် နေမကောင်းဘူးလား"

ညိုအောင်က မဖြေ။ အသံပြန်မပြုဘဲ အခန်းဝတွင် ရပ်နေသော မမြစိမ်းအား ငေး၍သာ ကြည့်နေမိသည်။ မမြစိမ်းသည် ဆံပင်များကို ကပိုကရို ထုံးကာ ဆံယဉ်စများ ဖရိုဖရဲ ဝဲကျနေသည်။ အသားညိုပေမင့် အသားမှာ ချောညက်နေသည်။ မျက်နှာလေးမှာ ပြည့်ပြည့်ဝိုင်းဝိုင်းနှင့် နဖူး မကျဉ်းမကျယ်။ မျက်ခုံး အလိုက်သင့်ခုံးကာ မျက်လုံးလေးများကား ဝိုင်းစက်တောက်ပနေသည်။

နှာတံက ပေါ်ပေါ်ထင်ထင်၊ နှင်းဆီဖူးသဏ္ဌာန် နှုတ်ခမ်းလေးများကား လုံးဝန်းကာ အစဉ်အမြဲ ပြုံးယောင်သန်း နေတတ်ပေသည်။ ရယ်လိုက်လျှင်တော့ ပါးကလေးနှစ်ဖက်မှာ သိသိသာသာ ခွက်ဝင်သွားသော ပါးချိုင့်လေးများလည်း ရှိလေသည်။ အရပ်ပုပ်သော်လည်း ဖွံ့ဖြိုးသောကိုယ်ဟန်မှာ ခပ်တုပ်တုပ် ရှိသည်။ မမြစိမ်း၏ သွားဟန်လာဟန်မှာ ဖျတ်လတ် သွက်လက်သော်လည်း စကားကိုတော့ ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး ပြောတတ်သည်။

"နေမကောင်းဘူးလားလို့"

မမြစိမ်းက စကားပြန်မပေးသော ညိုအောင့်ကို ထပ်ဆင့်ကာ မေးလိုက်





လေသည်။ ညိုအောင်က အိပ်ရာထက်မှ မမြစိမ်းကို မျက်လုံးများ လှန်ကြည့်ကာ …

"မမစိမ်း ခဏ" ဟု လှမ်းခေါ်လိုက်လေသည်။

မမြစိမ်းက ခါတိုင်းလိုပင် သဘောရိုးနှင့် ခေါ်သည်ထင်ရှာသဖြင့် အနီးသို့ တိုးကပ်သွားလေရာ ညိုအောင်က အိပ်ရာထက်မှ ထထိုင်ပြီး ဖြုန်းဆို မမစိမ်း၏လက်ထဲမှ မီးကို 'ဖူး'ခနဲ မှုတ်ပစ်လိုက်လေသည်။ မမြစိမ်းက ရုတ်တရက် ကြက်သေသေကာ အံ့ဩနေဆဲ ညိုအောင်သည် မမြစိမ်း၏လက်ထဲမှ မီးခွက်ကို ကြမ်းပြင်ပေါ်သို့ ယူချလိုက်ပြီး မမြစိမ်း၏ လက်နှစ်ဖက်ကို အားနှင့် ဆွဲယူလိုက်လေသည်။

မမြစိမ်းက ဒူးညွှတ်ကွေးပြီး ညိုအောင်၏ ရင်ခွင်ထဲသို့ ရောက်သွားလေသည်။ ညိုအောင်က မမြစိမ်းကို တင်းကျပ်စွာ ဖက်ပြီးနောက် တုန်လှုပ် ချောက်ချားသော လေသံနှင့် …

"ကျွန်တော် အိပ်လို့မရတော့ဘူး မမစိမ်း၊ အိပ်မပျော်တာ နှစ်ည ရှိသွားပြီ၊ ကျွန်တော် ဘယ့်နှယ့်ဖြစ်တယ် မသိဘူး၊ ဒီလို တစ်ခါမှ မဖြစ်ဖူးဘူး၊ ကျွန်တော်"

ပြောပြီးနောက် မလွှတ်တမ်း ဖက်ပွေ့ထားလေသည်။ မမြစိမ်းက ရုန်းရင်းကန်ရင်းကပင် …

"မမစိမ်းကို လွှတ်ကွယ်၊ လွှတ်"

မမြစိမ်းက အသံတွေတုန်လျက် ဤမျှသာ ပြောနိုင်လေသည်။ ညိုအောင်ကတော့ မလွှတ်။ ဖွတ်တရွတ်ပင် ဖက်ထားကာ မမြစိမ်း၏ပါးပြင်ကို အကြိမ်ကြိမ် နမ်းမိလေသည်။

"မမစိမ်းကို ကျွန်တော် တကယ်ချစ်တာပါ"

"သြော်၊ မမစိမ်းကို ချစ်လို့ မမစိမ်း စေတနာတွေကို ကျေးဇူးဆပ် နေတာပေါ့ ဟုတ်လား"

မမြစိမ်း၏အသံမှာ တုန်နေသည့် ကြားထဲကပင် ဒေါသသံလေးစွက်နေ နေလေသည်။ ညိုအောင်က မမြစိမ်း၏ မျက်နှာလေးကို သူ့ပါးနှင့်ကပ်ကာ…



www.burmeseclassic.com

"ဒီလိုမပြောနဲ့ မမစိမ်းရယ်၊ ကျွန်တော် မမစိမ်းကို ရာသက်ပန် ကျေးဇူးဆပ်ချင်နေပါတယ်၊ ပြီးတော့ မမစိမ်းကို ကျွန်တော် မခွဲနိုင်ဘူး၊ ကျွန်တော့်ဝမ်းထဲကို မမစိမ်း ဝင်ကြည့်စမ်းပါ၊ ကျွန်တော် ဘာဖြစ်သလဲဆိုတာကို"

သည်တော့ မမြစိမ်းက သက်ပြင်းခပ်လေးလေး ချလိုက်ကာ …

"မဖြစ်ဘူးကွယ်၊ မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ မမစိမ်း၊ ကျွန်တော့်ခေါင်းထဲမှာ အစီစဉ်တွေ အကုန်လုပ်ပြီးသား၊ ခု အခိုက်အတန့် အဆက်အသွယ်ပြတ်နေပေတဲ့ ပါတီဗဟိုဌာနချုပ်စခန်းကို ကျွန်တော်နဲ့ မမစိမ်းတို့ ကိစ္စကိုတင်ပြပြီး လက်ထပ်ဖို့ အခွင့်တောင်းမယ်၊ မမစိမ်းကို ကျွန်တော် လက်ထပ်မယ်ဗျာ"

"မဖြစ်နိုင်ပါဘူး ငါ့မောင်ရယ်"

"ကျွန်တော့်ကို မယုံဘူးလား၊ ကျွန်တော့်မေတ္တာကို သံသယမရှိစေချင်ဘူး မမစိမ်း၊ ဂုဏ်တို့ဓနတို့နဲ့ ဖလှယ်နေကြတဲ့ အထက်တန်းစား ပြည့်တန်ဆာ အချစ်မျိုး မဟုတ်ဘူး၊ ယာယီသာခံမယ့် တဏှာ့ကျေးကျွန် အချစ်မျိုးလည်း မဟုတ်ဘူးဗျ။ မြတ်မြတ်နိုးနိုးနဲ့ ချစ်နေမိတဲ့ ရာသက်ပန်အချစ်မျိုးပါ မမစိမ်း။ အို… မမစိမ်းရာ မမစိမ်းကို ကျွန်တော် ဘယ်လောက်တောင် ချစ်နေမိတယ်ဆိုတာကို ကျွန်တော့်အသည်းနှလုံးထဲက အချစ်အမတေလုံးကို ခွဲထုတ်လို့များ ရရင် ခွဲပြချင်ပါရဲ့ မမစိမ်း"

ညိုအောင်က လှုငယ်စိတ်နှင့် လှိုက်လှဲစွာ ပြောနေမိလေသည်။ မမြစိမ်းက ခေါင်းကိုသာ တွင်တွင်ရမ်းခါလျက် …

"အင်း မမစိမ်းတို့ဘဝဟာ မသေချာတဲ့ ဘဝ၊ မရေရာတဲ့ ရှေ့ရေးဆိုတာ စဉ်းစားမိရဲ့လားကွယ်၊ သေမင်းခံတွင်းကို ဆင်းနေကြတဲ့အချိန်မှာ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်မထားချင်ပါနဲ့ ငါ့မောင်ရယ်၊ မမစိမ်းကို ချစ်လည်းမချစ်နဲ့၊ လက်လည်း လက်မထပ်နဲ့၊ ဒါပဲ မမစိမ်း ပြောမယ်"

"ကျွန်တော်ကတော့ မမစိမ်းကို ချစ်လည်းချစ်မယ်၊ လက်လည်း လက်ထပ်မယ်၊ ရာသက်ပန် ပေါင်းလည်းပေါင်းမယ်၊ ဒါပဲ ကျွန်တော်ပြောမယ်၊ ဒါပဲ"





ညိုအောင်က ကလေးဆိုးသဖွယ် ဇွတ်တိုးပြောပြီး ဇွတ်အတင်းပွေ့ဖက်ကာ နမ်းပြန်လေသည်။ မမြစိမ်းက ရုန်းကန်ရင်းပင် လှိုင်းလုံးကြီးအကြားတွင် နစ်မြုပ်သလို တွယ်ရာမဲ့စိတ်ကို ခံစားမိလေသည်။

အပြင်၌ လေပြင်းမုန်တိုင်းက တိုက်ခတ်လာလေသည်။ မိုးကလည်း ခပ်သည်းသည်းနှင့် မစဲနိုင်အောင် ရွာနေသည်။ လျှပ်စီးများကား ကြောက်မက်ဖွယ်ရာ ပြိုးပြက်နေသည်။ လေတိုးသဖြင့် ဝါးရွက်သစ်ရွက်တို့သည် အချင်းချင်း ထိခတ်ကာ တရှဲရှဲ အော်မြည်နေကြလေသည်။ ကျူထရံယက်ထားသော တံခါးမှာ လေတိုးသဖြင့် တဝုန်းဝုန်း မြည်နေသည်။

* * *



www.burmeseclassic.com

## (၁၅)

နံနက် နေခြည်ထိန်ထိန်လင်းမှ အိပ်ရာက နိုးတော့သည်။ အိပ်ရာထက်မှ နိုးနိုးချင်း မမြစိမ်း၏အသံကို မကြားရသောကြောင့်လည်းကောင်း၊ မမြစိမ်း၏ အရိပ်အယောင်ကို မတွေ့ရသောကြောင့်လည်းကောင်း အိမ်ရှေ့အဖီသို့ ကမန်းကတန်း ဆင်းလာခဲ့လေသည်။

ခြံတွင်း ပိန္နဲပင်အောက်ရှိ ရေတွင်းတွင် ရေငင်နေသော မမြစိမ်းကို မြင်တွေ့ရမှ စိတ်အေးတော့သည်။ မမြစိမ်း၏အနီးတွင် နော်ဖော့လူက ဒန့်သလွန် ရွက်နှင့် ကန်စွန်းရွက်များကို ရေထဲစိမ်ပြီး သင်နေသည်။ ညိုအောင်က လည်ပင်း၌ မျက်နှာသုတ်ပဝါ ရစ်သိုင်းလာကာ သူတို့ဆီသို့ ခပ်သွက်သွက် လျှောက်လာ ခဲ့လေသည်။

“မမစိမ်းရာ ကျွန်တော်ဖြင့် မမစိမ်းကို မတွေ့ရလို့ တစ်ခါတည်း ထိတ်သွားတာပဲ”ဟု ပြောလိုက်လေသည်။

မမြစိမ်းက ညိုအောင့်ကို မကြည့်၊ ခေါင်းငုံ့လျက် နော်ဖော့လူနှင့် အတူတူ ဟင်းရွက်များ လိုက်သင်နေသည်။ နော်ဖော့လူကသာ ညိုအောင့်အား မော်ကြည့်လျက် …

“ဗိုလ်ကြီးတို့ကတော့ သည်းမှသည်း။ မမစိမ်းကို မတွေ့ရတာနဲ့ ထိတ်သွားတာပဲလား”

ညိုအောင်က ရယ်နေကာ မမြစိမ်း၏မျက်နှာကို ငုံ့ကြည့်ရင်း

“မမစိမ်းက ကျွန်တော့်ကိုပစ်ပြီး ထွက်ပြေးသွားမှာစိုးလို့ ထိတ်တာပေါ့၊ မဟုတ်ဘူးလား နော်… မမစိမ်း”



www.burmeseclassic.com

မမြစိမ်းက မဖြေ။ ခါတိုင်း ချိုမြမြနှင့် ပြုံးနေတတ်သော မျက်နှာထား ကိုပင် တင်းထားလေသည်။ ညီအောင်က ရေတွင်းက ရေကို ငင်ယူကာ သဲနှင့်သွားများကို ပွတ်တိုက်ပြီး မျက်နှာသစ်လိုက်လေသည်။ ပြီးနောက် လက်က ရေစက်နှင့် မမြစိမ်း၏မျက်နှာကို တောက်ခါလိုက်လေသည်။

မမြစိမ်းက စိတ်ဆိုးမာန်ဆိုးနှင့် ရေစက်များကို မျက်နှာမှ ပွတ်ချ နေသည်။

နော်ဖော့လူက ပြုံးလျက် ဟင်းရွက်ထည့်သော ဆန်ကာကို ကောက် ကိုင်ကာ မမြစိမ်းနှင့် ညီအောင်တို့အပါးမှ ထွက်ခွာသွားလေသည်။ ညီအောင်က မမြစိမ်း၏ အနီးတွင် ဒူးထောက်ထိုင်ကာ ...

"ကျွန်တော့်ကို စိတ်ဆိုးနေတုန်းပဲလား မမစိမ်း"

"မမစိမ်းကို သက်သက်မဲ့ နှိပ်စက်တော့ စိတ်ဆိုးတာပေါ့၊ စဉ်းစား ကြည့်လေ၊ နောင်တစ်နေ့ကျ မမစိမ်းနဲ့ မောင်လေးနဲ့ ကွဲသွားကြတဲ့အခါ မမစိမ်း အရူးမလို ရင်ကျိုးကျန်ရစ်အောင် လုပ်နေတာနဲ့ မတူဘူးလား"

မမြစိမ်းက ပြောရင်း မျက်ရည်များဝဲလာလေသည်။ ညီအောင်က လက်နှစ်ဖက်ကို စိတ်လိုက်မာန်ပါ ခါရမ်းပြီးနောက် ...

"ဒီကွဲစကားကို မပြောပါနဲ့လို့ မမစိမ်းကို ကျွန်တော် ဘယ်နှခါ ပြောရမလဲ၊ တောင်းပန်ပါတယ်ဗျာ၊ ဒီစကားကို မပြောစမ်းပါနဲ့"

"မပြောလို့ ဖြစ်မလား မောင်ရဲ့ မပြောလို့ဖြစ်မလား၊ လူတွေမှာ တိုက်ကြခိုက်ကြ ခွေးပြေးသလို ပြေးရနဲ့၊ မောင်နဲ့ မမစိမ်းတို့ဟာ ဝါးရုံပင်အောက် မှာ ဝါးမျှစ်စားပြီး ဝက်လိုသေကြရမယ်လို့ ပြောနေကြတာ မကြားဘူးလား"

"တော်တော့ မမစိမ်းရာ တော်တော့၊ မပြောနဲ့ဆို မပြောနဲ့ဗျာ"

ညီအောင်က ပြောရင်းဆိုရင်း မမြစိမ်း၏လက်ကို ဆွဲကိုင်မကာ ထိုင်ရာမှထပြီး ...

"လာထ မမစိမ်း၊ ကျွန်တော် ပြောမယ်"

မမြစိမ်းကို ဆွဲခေါ်နေသည်။ နှစ်ယောက်စလုံး မတ်တတ်ရပ်မိကာ

"အို... ဘာလုပ်မလို့လဲ"





"လာစမ်းပါ မမစိမ်းရဲ့၊ ကျွန်တော် စီမံထားတာ တစ်ခုရှိလို့ပါ"

မမြစိမ်းသည် ညီအောင် ဆွဲခေါ်ရာသို့ လိုက်ပါလာလေသည်။ ခြံဝရှိ ကင်းတဲရှေ့နားသို့ ရောက်သောအခါ ...

"ဒွေးလေး ငွေအိမ်တို့၊ ရဲဘော်ကြီး ကိုစံထူး၊ ရဲဘော် ကိုရဲမောင်၊ ရဲဘော် သိန်းတင်၊ ကိုသာတုတ်၊ ကိုလှဘော်နဲ့ ရဲမေ နော်ဖော့လူ တို့ခင်ဗျား.."

အော်ဟစ်ခေါ်ငင်ပြီးနောက် ဘယ်လက်နှင့် မမြစိမ်း၏ လက်တစ်ဖက်ကို ဆွဲကိုင် မ,လိုက်လေသည်။ ညာဘက်နှင့် သူ့ကာကီရောင် ရှပ်အင်္ကျီအောက်မှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်၍ ညာလက်ဝါးပေါ်တွင်တင်ကာ ...

"ဗဟို ပါတီဌာနချုပ်ကို မတင်ပြခင် ရဲဘော်တို့ ရဲမေတို့ ရှေ့မှောက်မှာ သက်သေပြုပြီး ကျွန်တော်နဲ့ မမြစိမ်းကိစ္စကို ဟောဒီ ခြောက်လုံးပြူးနဲ့ တိုင်တည် သစ္စာပြုရင်း တင်ပြလိုက်ပါတယ် ခင်ဗျား၊ ကျွန်တော့်အနေနဲ့ မမြစိမ်းအပေါ် သစ္စာဖောက်ပြား ချွတ်ယွင်းခဲ့ရင် ကုန်းသွားသွား ရေသွားသွား ဟောဒီ ကျည်ဆန်သင့်လို့"

"အို"

မမြစိမ်းက ညီအောင်၏ပါးစပ်ကို လက်ဝါးနှင့် လှမ်းပိတ်လိုက်လေသည်။ ရဲဘော်များကမူ တသောသောရယ်ကာ သဘောကျ၍ လက်ခုပ်တီးနေကြသည်။ တချို့က "သဘောတူတယ်"ဟု အော်ကြသည်။ ညီအောင်က အားရပါးရ ပြုံးလျက် မမြစိမ်း၏ လက်ကိုလွှတ်ကာ ခြောက်လုံးပြူးကို ခါးကြားထဲ ပြန်ထည့်လိုက်သည်။

အားလုံး လူစုကွဲသွားတော့ မမြစိမ်းက မျက်စိမျက်နှာပျက်လျက်...

"မောင်က ကွန်မြူနစ်ဆိုပြီး ကျိန်တာတွေ၊ သစ္စာပြုတာတွေ ယုံလို့ ဒီလိုလုပ်ရတာလား"

ပြောရင်း ရန်တွေ့နေသည်။ ညီအောင်က မမြစိမ်း၏ မျက်နှာကို စိုက်ငေးလျက် ...

"မမစိမ်း ယုံအောင်လေ"

"အို ယုံအောင် ဒီလိုပဲ ကြောက်စရာကောင်းအောင် ကျိန်ရဲသလား၊

www.burmeseclassic.com

မောင်ဟာလေ ကွန်မြူနစ်ဖြစ်ပြီး တက္ကသိုလ်ကျောင်းသားမို့ ထင်ပါရဲ့ သိပ် စိတ်ကူးယဉ်တတ်တာပဲ''ဟု ညည်းညည်းညူညူ ပြောလိုက်ရှာလေသည်။

သည့်နောက်တော့ မမြစိမ်းသည် ညိုအောင့်အပေါ်၌ သူ့မောင်ရင်း တစ်ယောက်လိုပင် သနားကြင်နာလျက် ရှိလေသည်။ တစ်ခါတစ်ရံ သူကလည်း မမြစိမ်းအပေါ် နွဲ့ဆိုးဆိုးနေတတ်သည်။ ဒါတွေကတော့ လောကထုံးတမ်း လူ့သဘာဝတွေမို့ ညိုအောင်က သူ့ကိုယ်သူ အပြစ်မယူဘဲ လျော့လျော့ပေါ့ပေါ့ တွက်သည်။ သူ့နေရာ၌ တခြားယောက်ျား တစ်ယောက်ယောက်သာဆိုလျှင် ဒီလိုပဲ ဖြစ်နေလိမ့်မည် ထင်ပါသည်။

နှုတ်က ဘာတွေပြောပြော၊ ဘယ်လို သံမဏိစည်းကမ်းတွေ ချချ၊ ၎င်းဆိုသည်မှာ သွေးနှင့်သားနှင့် ပြုလုပ်ထားသော သတ္တဗေဒ အကောင်အထည်ပင် ဖြစ်ပေသည်။ ထို့ပြင် ချစ်တတ်သော နှလုံးသားလည်း ရှိလေသည်။ ဒါတွေကတော့ ဖုံးကွယ်ရနိုင်ကောင်းသော အရာတွေမဟုတ်။

သို့ပေမင့်လည်း စိတ်ကူးယဉ် အိပ်မက်ဆိုတာကတော့ ရေရေရာရာ ရှိလှသည် မဟုတ်။ လူ့ဘဝစခန်းတွင် ပျော်ရွှင်စရာ သုခဆိုသည် အစဉ်တည်မြဲ နေသည် မဟုတ်သောကြောင့် လူ့ဘဝတွင် ဒုက္ခတည်းဟူသော ဘောင်က တစ်ရံမလပ် ခတ်လို့နေပြန်သည်။

သထုံခရိုင် ×××ရွာတွင် စတဲချလို့ (၁၀)ရက်မပြည့်ခင်တွင်ပင် ညိုအောင်နှင့် အတူတကွ တောခိုခဲ့သော မြင့်ဦးတို့တပ်စုနှင့် ဆုံမိကြလေသည်။ မြင့်ဦးတို့လူစု အရေအတွက်မှာ ညိုအောင်တို့ လူလောက်ပင်ရှိလေသည်။ ကံကောင်းသည်က မြင့်ဦးတို့တွင် ရိက္ခာများပါလာသည်။ ထွေထွေရာရာတော့ မဟုတ်။ အီကာလယ်ဆန်ကြမ်းနှင့် ကုလားပဲများ ဖြစ်သည်။

ညိုအောင်တို့ ဝမ်းသာအားရ ဖြစ်၍မှ မဆုံးခင်၊ ညအခါတွင် သေနတ် စိန်ပြောင်းသံများ ရွာဦးဆီမှ အဆက်မပြတ် ပေါ်လာလေသည်။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်လျက် ကလေးငိုသံ ဆူသံပူသံများ ကြားရလေသည်။

''အစိုးရတပ်တွေ လာတယ်ဟေ့''

မြင့်ဦး၏အသံကို ကြားရလေသည်။ မြန်းဆို သေနတ်ကောက်ကိုင်၍





ထွက်လာခဲ့သော် တဒိုင်းဒိုင်း တဒက်ဒက် သေနတ်သံများသည် ရုတ်ခြည်း နီးကပ်သည်ထက် နီးကပ်လာလေသည်။

''နေရာယူ အသင့်ပြင်ထား''ဟု ညိုအောင်က အမိန့်ပေးသော်လည်း နောက်ကျသွားခဲ့လေပြီ။

သူနှင့် မြင့်ဦးတို့သည် ရွာဦးဘက်သို့အထွက် မြန်းဆို မော်တာဆန် တစ်ခုသည် မြင့်ဦးနှင့် ညိုအောင့်အနီးသို့ ကျလာပြီး ဝုန်းခနဲ အသံမြည်ဟီးကာ ပေါက်ကွဲသွားရာ နှစ်ယောက်စလုံး ရုတ်တရက် မှောက်ရက်လဲကျသွားလေသည်။

ညိုအောင်၏ဘယ်လက်တွင် ပူခနဲဖြစ်သွားကာ မော်တာကျည်ဆန် အစ ရှပ်ထိလေသည်။ ထိုဒဏ်ရာနှင့်ပင် သတိထက်ချပ်ကပ်လျက် မြင့်ဦးကို စမ်းလိုက်ရာ မြင့်ဦးမှာ ဦးဆက်လန်လျက် ဦးနှောက်များထွက်၍ အသက်ပျောက် နေလေသည်။ သည့်နောက်တွင် သွေးတွေ··· သွေးတွေကို အထိတ်တလန့် မြင်တွေ့လိုက်ရလေသည်။

ညိုအောင်မှာ ချောက်ချားသောစိတ်နှင့် မြင့်ဦးအပါးမှ ခွာလာသော အခါ လရောင်မှုန်ဝါးဝါးအောက်တွင် လူတွေမှာ ကမ္ဘာပျက်ခမန်း ပြေးကြ လွှားကြ၊ အော်ဟစ်နေကြလေသည်။ ညိုအောင်တို့လူစုသည် ကျည်ဆန်များ တဝီဝီကြားထဲတွင် လူစုကွဲကာ အားလုံး ကစဥ့်ကလျား ဖရိုဖရဲ ဖြစ်ကုန်ပုံ ရလေသည်။ အင်အားကြီးမားသော ရန်သူကို ခုခံနိုင်ခြင်း မရှိတော့။

ရွာသူရွာသားထဲမှလည်း နှစ်ဖက်စလုံးကျည်ဆန်ဒဏ်ချက်နှင့် သေကြေကြလေသည်။

နံနက်သုံးနာရီ ရောင်နီပျို့လုဆဲဆဲ ကြယ်အရောင်ကလည်း ဝင်းပြောင် နေဆဲတွင် ငရဲသားတို့ပမာ ပြေးလွှားကာ ရန်းရင်းဆန်ခတ် ဖြစ်နေသည်ကို မြင်ရလေသည်။ အမိငယ်တစ်ဦးသည် အသက်မရှိတော့သော ငါးနှစ်အရွယ် ယောက်ျားလေးကို ပွေ့လျက် သွေးရူးသွေးတန်း ပြေးလာလေသည်။ ကလေးငယ် ရင်ဘတ်မှာ မြင်မကောင်းအောင် စို့ရွှဲနေသော သွေးများ။

ဆံပင်ဖားလျားနှင့် ကလေးမိခင်သည် အရူးမတစ်ယောက်ပမာ ခုန်ပေါက် ပြေးလွှားလာရင်း ရှိုက်ကြီးတငင် ငိုကြွေးလာလေသည်။



www.burmeseclassic.com

ညီအောင်လက်မှ ဒဏ်ရာကလည်း သွေးများ တပွက်ပွက် ထွက်နေသည်။ သွေးရှင်သောအရွယ်မို့ သွေးများကား ဘုံဘိုင် ရေပွင့်ချလိုက်သလို ဖြစ်နေသည်။ ခေါင်းထဲ၌လည်း မူးခနဲ မိုက်ခနဲ ဖြစ်လာလေသည်။ ဝေဒနာခံစားသည့်ကြားထဲကပင် မမြစိမ်းကို ရုတ်ခြည်း သတိရမိသည်။

ခပ်စောစောက သူနှင့် မမြစိမ်း အတူတူ ဒေါ်ငွေအိမ်၏ အိမ်ခန်းလေးထဲတွင် အိပ်နေကြရာမှ မမြစိမ်းက တပိုတပါး သွားချင်သည်ဆိုကာ အိမ်နောက်ဖေးမှ ချုံစပ်သို့ လက်နှိပ်ဓာတ်မီးတစ်လက် ဆွဲကိုင်ပြီး ထွက်သွားလေသည်။

သည့်နောက်တော့ သေနတ်စိန်ပြောင်းသံများ အဆက်မပြတ် ဆူညံလာခြင်း ဖြစ်လေသည်။

ညီအောင်က စိုးရိမ်တကြီး ပူပန်လျက် ဆောက်တည်ရာမရ ဖြစ်ကာ

"မမစိမ်း"

"မမစိမ်း"

တကြော်ကြော် ခေါ်လာပြီးနောက် ဒေါ်ငွေအိမ်၏ ခြံဝသို့အရောက် ကင်းတဲရှေ့တွင် သွေးထွက်လွန်သော ဒဏ်နှင့်ပင် ဗုန်းဗုန်းလဲကျသွားလေသည်။ ဤတွင် ညီအောင်၏ မျက်စိထဲတွင် ပိန်းပိန်းပိတ် အမှောင်ကြီး ကျရောက်သွားလေသည်။

* * *



(၁၆)

ညအမှောင်သည် ပိန်းပိန်းပိတ်နေသည်။ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် အမှောင်ကသာ ကြီးစိုးနေသည်။ ညီအောင်သည် အဆောင်၏ ခုတင်ထက်တွင် ခြင်ထောင်အပြင်ထွက်၍ ငုတ်တုတ်ထိုင်ကာ မျက်လုံးကြောင်တောင်နှင့် နံရံဘက်သို့ ငေးကြည့်နေသည်။ ဆေးပေါ့လိပ်မီးငွေ့နှင့်အတူ သူ့အတွေးများသည်လည်း တစ်ပိုင်းတစ်စတွင် ရပ်နားလိုက်လေသည်။ ဆက်၍လည်း မတွေးချင်တော့ပါ။

မီးသေသော ဆေးလိပ်ကို တစ်ဖန်ပြန်လည်ညှိပြီး သောက်သောအခါတွင် သူ့အတွေးများကား ပြန်လည် စခန်းထချင်သည်။ သို့ပေမင့် မတွေးမိအောင် သူ့စိတ်ကို ချုပ်လိုက်လေသည်။ ဒါတောင် နိဂုံးချုပ် တွေးလိုက်မိတာကတော့ သူ ဆေးရုံကအဆင်း အမှုစစ်ဆေးချိန်၌မှ သူ့မိတ်ဆွေများပြောသဖြင့် သတင်းစာအပေါင်းတွေထဲတွင် သထုံခရိုင် (×××)ရွာ တိုက်ပွဲနှင့် သူ့ပုန်ဗိုလ်ကျောင်းသားရဲဒင်(ခေါ်)သိန်းနိုင်(ခေါ်)မြင့်ဦး တိုက်ပွဲတွင် ကျဆုံးခြင်းနှင့် ဗိုလ်အောင်စည်(ခေါ်)ထွန်းဟန်(ခေါ်)ညီအောင် ထိခိုက်ဒဏ်ရာနှင့် ဖမ်းမိကြောင်း တခမ်းတနားပါလာခြင်းပင် ဖြစ်လေသည်။

နောက်ဆက်တွဲ သတင်းဖြစ်သော သူ့ပုန်မ မမြစိမ်း(ခေါ်)မရင်လှ(ခေါ်)ညွန့်ညွန့် ကျဆုံးသည့်သတင်းကို ဖတ်ရပြီးသည့်အချိန်၌ ညီအောင်သည် အရူးတစ်ယောက်ပမာ သတိလက်လွတ် ဖြစ်ခဲ့ရလေသည်။ တစ်သက်တာတွင် အကြီးကျယ်ဆုံးသော ဒဏ်ရာတစ်ချက်ရပြီး သောကဗျာပါတွေ ရွေလျက်



www.burmeseclassic.com

နေသည်မှာ အတော်ကြာလေသည်။

ယခုတော့လည်း ထုံ၍ နေပေပြီ။

လောကတွင် ရေလိုက်ငါးလိုက် ပေါ့ပေါ့ပါးပါး နေတတ်သော အကျင့်လေးတစ်ခုကိုလည်း စွဲမြဲစွာ ရနေပေပြီ။ အမာခံစိတ်ကိုလည်း မွေးနိုင်ပေပြီ။ ဘာမဆို သက်သောင့်သက်သာ ခံယူတတ်သော အကျင့်လည်း ရရှိနေပေသည်။ တစ်နည်းတော့လည်း မကောင်း။ ဘူးသီးနုနုကို အပွေးသပ်လို ါလိုများ ဖြစ်ရလေသည်လားဟု ကိုယ့်ဘာသာကိုယ် တွေးမိသည်။

တစ်ဖက် ခုတင်မှ အောင်မောင်းကြီးက လှုပ်လှုပ်ရွရွနှင့် နိုးလာလေသည်။

"ဟ ညီအောင်ကြီး၊ မှောင်ထဲငုတ်တုတ်ထိုင်ပြီး မအိပ်သေးဘူးလား"

အောင်မောင်းက အိပ်ချင်မူးတူးလေသံနှင့် မေးလိုက်လေသည်။ ညီအောင်က မဖြေ။ ဆေးလိပ်ကိုသာ တွင်တွင် ဖွာရှိုက်နေသည်။

"မှောင်ထဲမှာ ခြင်မကိုက် ဘာမကိုက်နဲ့ မင်းမို့လို့ကွာ" ဟု ဝါးခနဲ တစ်ချက်သမ်းရင်း ပြောလိုက်လေသည်။

ထို့နောက် အောင်မောင်းကား မှောင်ထဲ ကြည့်၍ရသော ခေါင်းအုံးအောက်မှ သူ့လက်ပတ်နာရီကို ထုတ်ကာ ကြည့်လိုက်ပြီး ...

"ဟ သောက်ကျိုးနည်း သုံးနာရီတောင် ထိုးပြီပဲ၊ ငါ့လခွေးတဲ့၊ ညက ၈ နာရီလောက်က အိပ်ပြီး သန်းခေါင်လောက် ထမယ်မှန်းတာ အချိန်တွေတောင် ကုန်သွားပြီ"

ပြောရင်း မီးခလုတ်ကိုဖွင့်လျက် စာကြည့်စားပွဲပေါ်တင်ကာ သောက်ရေအိုးထဲက ရေခပ်၍ ပါးစပ်ဆေး မျက်နှာသစ်ပြီး ကုပ်ဆက်ကို ရေနှင့်ပုတ်လိုက်လေသည်။

ထို့နောက် ညီအောင်၏ မျက်နှာကို လှမ်းကြည့်ပြီး ...

"ဘယ့်နှယ့် တေမိကိုယ်တော် နှုတ်ဆိတ်လှချေလား၊ ဘာတွေများ တွေးနေတာလဲ၊ ဒါလောက်တောင် စိတ်ကူးထဲမှာ သင်းသင်းအေးလေးကို မွေးမွေးပေးနေပြီလား ကိုကိုအောင်"





အောင်မောင်းက အသံကို ညံ့စာစာလုပ်ရင်း မေးလိုက်လေသည်။ ညီအောင်က ရယ်လျက် ...

"ကောင်မလေးက မွေးချင်စရာလေးပဲ"

ရုတ်တရက် ပြန်ပြောလိုက်လေသည်။ အောင်မောင်းက ဖျင်းရိလေးတွဲ့စွာ စာအုပ်များကို တဘုံးဘုံးနှင့် စားပွဲပေါ်ပစ်တင်ရင်း သီချင်းတစ်ပုဒ်ကို တီးတိုးညည်းနေသည်။ ကိုစောငြိမ်း၏ စံပယ်သီချင်းကို နားအာရုံစိုက်ရင်း ညီအောင်က ဆေးလိပ်ကို ရှိုက်ဖွာနေပြန်သည်။

*(စံပယ်)ᴿ ပန်းရယ်××သင်းရနံ့ကြူ××ဖြူဖြူမွှေးရယ်××*

*မွှေးမွှေးလေး×× ပေးချင်အောင်...ကွယ်××မှူယာစုံကြွယ်××*

*ညာသွယ်သွဲ့သွဲ့ နွဲ့ကာသာယမ်းဖယ် ××*

ထို့နောက် အောင်မောင်းက စာကျက်ဖြစ်လေသည်။ ခဲတံတစ်ချောင်းနှင့် အကြမ်းစာအုပ်တွင် ဂဏန်းများကို တချစ်ချစ်နှင့် ရေးတွက်နေသည်။

ညီအောင်ကလည်း ဦးကြော့၏ စုံနံ့သာမြိုင် စာအုပ်ကို ကောက်ကိုင်လိုက်လေသည်။ စုံနံ့သာမြိုင်ကို ဆရာဦးကျော်ရင်(ယခုကွယ်လွန်)က သင်လေသည်။ ဦးကြော့၏ မြန်မာစာအရေးအသား သိပ်သည်းကျစ်လစ်သလို ဆရာဦးကျော်ရင်ကလည်း အသင်အပြအရာ၌ စေ့စေ့စပ်စပ် ရှိသည်။ ဟာသဉာဏ်ရွှင်၍ အာဝဇ္ဇန်းလည်းကောင်းသည်။ တစ်နှစ်လုံး လေးငါးခါမျှသာ အတန်းတက်ဖူးရသည့်အတွက် နှမြောနေမိသေးသည်။

စိတ်ကြိုက်မြန်မာစာအတန်းများ တက်ရသည်မှာ ပျော်စရာကောင်းလှလေသည်။ မြန်မာအနုစာပေ၏ အနှစ်သာရတွေကို ဆရာကြီး ဆရာမကြီးတွေက တပြုံးပြုံးနှင့် ထုတ်ပြကြကာ ကျောင်းသားကျောင်းသူတွေကလည်း တအုံးအုံး။

မင်းသမီးလေး၏ ခရီးလမ်းကြမ်း၊ စခန်းစဉ်ကို ဖော်ပြရာ၌ ပါဠိကျမ်းဂန်လာထင်ရှားသော အရပ်ဒေသ၊ တောတောင်၊ အင်းအိုင် စသော အမည်တို့ကို ထည့်သွင်းခဲ့၏။ ဦးကြော့သည် ဘုရားဟောဇာတ်တော်များမှ ပုံဝတ္ထုငြို့ဖြင့် အကျွမ်းဝင်လှပေသည်။



www.burmeseclassic.com

သို့ကြောင့် ငုံးမင်းဇာတ်၊ စန္ဒကိန္နရီဇာတ်၊ သုဝဏ္ဏသာမဇာတ်တို့တွင် လောကီဆိုင်ရာ သစ္စာကို ပြခဲ့လေသည်။ ရှေးအခါက လူတို့အကျင့်သိက္ခာသည် ယခုလောက် မဖောက်ပြား၊ မချွတ်ယွင်း။ သို့ကြောင့် လူတို့၏နှုတ်ဖျားဝယ် 'သစ္စာ'သည် တည်လာခဲ့ရလေသည်။ ယခုမူကား…။

ညိုအောင်၏ ဆေးလိပ်မှ မီးခိုးနှင့်အတူ အတွေးများကား လူးလွန့်နေပြန်သည်။

"မောင်က ကွန်မြူနစ်ဆိုပြီး ကျိန်တာတွေ၊ သစ္စာပြုတာတွေ ယုံလို့ ဒီလိုလုပ်ရတာလား"

ဤကား မမြစိမ်း၏ အသံ။

သည့်နောက်တော့ ညိုအောင်သည် မျက်လုံးများကို ပိတ်ထားလိုက်လေသည်။ စာဆိုဦးကြော့သည် လောကီဆိုင်ရာသစ္စာအပြင် စုံနံ့သာမြိုင်ရာပုံတော် တစ်စောင်လုံးဖြင့် လောကုတ္တရာသစ္စာဆိုင်ရာကိုလည်း ပြခဲ့သေးသည်။ သစ္စာလေးပါးအစ ဒုက္ခသစ္စာပေတည်း။

ဓမ္မစကြာသုတ်တော်တွင် ဘုရားရှင်က ဒုက္ခတို့ကိုဖွင့်လှစ်ရာ၌ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲတို့အပြင် ချစ်သူနှင့် ကွေကွင်းရသောဆင်းရဲ၊ မချစ်သူနှင့် ပေါင်းဖော်ရသောဆင်းရဲ၊ လိုသည်ကိုမရသော ဆင်းရဲဟူ၍ ဖော်ပြတော်မူခဲ့လေသည်။ ဦးကြော့၏ ရာပုံတော်သည် မရှုတတ်သူအဖို့ တဏှာဖြစ်သော်လည်း ရှုတတ်သူအဖို့ ဘာဝနာ ဖြစ်နိုင်ပေသည်။ သတိရဖွယ်ပေတကား။

ဤစုံနံ့သာမြိုင်သည် ကရုဏာရသအပြင် သတိရ၍ တရားကျသော် ငြိမ်းအေးသော သန္တရသကိုပါ ခံစားနိုင်လေသည်။

"ညိုအောင်"

"ညိုအောင်ရေ"

"ဟ ညိုအောင်ကြီး၊ ခေါ်မကြား အော်မကြားနဲ့ ဘာတွေများ စဉ်းစားနေတာလဲ၊ ဒါလောက်တောင်"

ညိုအောင်သည် ခါတိုင်း သူ့ညာဉ်အတိုင်းပင် အော်မကြား၊ ခေါ်မကြားနှင့် ငိုင်နေပြန်သည်။ ထို့နောက် ညိုအောင်က သူ့စိတ်ကူးများ တမုဟုတ်ချင်း





ပျက်ပြယ်သွားသောကြောင့် …

"ဘာတုံးကွ" ဟု စိတ်တိုစွာ ပြန်မေးလိုက်လေသည်။

"ဒီမှာကွ လုပ်စမ်းပါဦး၊ ငါ 'ထရီကို'တစ်ပုဒ် တွက်လို့မရတော့လို့၊ တစ်ခါတည်း 'လည်' နေတာပဲ၊ မအေပေးဉာဏ်က အရေးကြီးဆို မထွက်တော့ဘူး၊ စိတ်ကောက်နေတဲ့ အင်းလျား ဘင်တန်သူတွေအတိုင်းပဲ"

အောင်မောင်း၏ ဥပမာကို သဘောကျကာ ညိုအောင်က စိတ်လက်ပေါ့ပါးစွာ ရယ်မောနေသည်။

"အဖြစ်မရှိဘဲ 'မက်(သ်စ်)' ယူတဲ့ကောင်၊ ပေးစမ်း"

ညိုအောင်က စူစူအောင့်အောင့်နှင့် Trigo(ထရီကို)ခေါ် သင်္ချာတစ်ပုဒ်ကို တွက်ချက်ပေးရာ ၁၀ မိနစ် မပြည့်မီပင် တွက်လို့ရသွားလေသည်။ အောင်မောင်းက ဝမ်းသာအားရနှင့် ညိုအောင်၏ ခေါင်းကိုပွတ်ကာ …

"အဖိုးတန်ရွှေခေါင်း၊ စိန်ခေါင်း၊ ပတ္တမြားခေါင်းဟဲ့နော်၊ ဒီလိုခေါင်းမျိုး တို့တက္ကသိုလ်မှာ တစ်သောင်း တစ်ယောက်မရှိဘူး၊ 'အလီမူလာ'မှာပဲရှိတယ်"

ညိုအောင်က ရယ်လျက် "ခွေးမသား"ဟု ဆဲရေးကာ အောင်မောင်း၏လက်ကို ပုတ်ထုတ်လိုက်လေသည်။

"တကယ်ပါ၊ မင်း 'မက်(သ်စ်)' ဂုဏ်ထူးရပြီး ဘာလို့ ဆက်မယူတာလဲ၊ မင်းလုပ်တာတွေက အကုန် ဗွစာချည်းပဲ၊ ဒါကြောင့်မို့လည်း မင်းကို သန်းဌွေးတို့က ဝေဖန်တာ"

အောင်မောင်းပြောလည်း ပြောစရာ။ ယခု သူယူထားသော ဘာသာတွဲမှာ စိတ်ကြိုက်မြန်မာ၊ လောဂျစ်(တက္ကဗေဒ) ဘာသာနှင့် နိုင်ငံသမိုင်း ဖြစ်လေသည်။ ဂဏန်းသင်္ချာကို ဉာဏ်လေးရှိသဖြင့် ဂုဏ်ထူးရသော်လည်း အတွက်အချက်ကို သိပ်ဝါသနာ မပါလှပေ။

"လောကကြီးမှာ ငါစိတ်မပါရင်၊ ဝါသနာမပါရင်၊ မယုံကြည်ရင် ဘာမှမလုပ်ဘူး။ မင်းတို့သိထားဖို့က ငါစိတ်ပါတာ၊ ဝါသနာပါတာ၊ ယုံကြည်တာဆိုရင် မဖြစ်ဖြစ်အောင် လုပ်မှာပဲ၊ တစ်ခါတုန်းကတော့ အိမ်ကလူကြီးတွေ တိုက်တွန်းချက်အရ 'ဘိုင်အို' ယူခဲ့ဖူးပါတယ်၊ မင်းတို့လည်းသိသားပဲ၊ သတ္တဗေဒ



www.burmeseclassic.com

ဖားခွဲခန်းထဲက ထွက်ပြီး 'ဒိုင်း…ဒိုင်း' လုပ်ပြီးကတည်းက လူကြီးတွေ ရည်ရွယ်ချက်က ပျက်ပြားခဲ့ရတယ်၊ ခုတော့ ငါ့ရည်မှန်းချက်နဲ့ ငါပဲ မောင်"

"ကောင်းပါတယ်၊ မင်းကတော့ အမြဲတမ်း ကိုယ့်စိတ်နဲ့ကိုယ် အလုပ်လုပ်နေတဲ့လူပဲ၊ မင်းမှာ လွတ်လပ်တဲ့ အတွေးအခေါ်တွေရှိတယ်။ ဘာ အချုပ်အနှောင်မှ မရှိဘူး၊ ကောင်းတယ်၊ ငါတော့ ခု သင်္ချာရယ်၊ ပထဝီရယ်၊ ဘောဂဗေဒရယ် ယူထားမိတာ မသာဖြစ်ကိန်းပဲ၊ စာကျက်ရတာ စိတ်မပါဘူးကွ၊ ဟို ခွေးကောင် ချစ်ဦး ဆွယ်လို့ပေါ့၊ သူကျတော့ ခုပြောင်းလိုက်ပြီ၊ အဲလေ၊ ငါကလည်း ငါပဲ၊ တစ်နှစ်ပတ်လုံး စာမကျက် အတန်းမတက်ဘဲ နေလာလိုက်တာ ခုတော့ မရဏာသေပွဲဝင်ပြီး အသုဘ ဖြစ်ရတာပေါ့"

"ကောင်းတယ်၊ မိုက်သူခံပေါ့"

"အင်း၊ ငါတို့ ဥတ္တရကိုယ်တော်တွေလည်း ကုတ်ချောင်းကုတ်ချောင်းနဲ့ တော်တော်လေသား၊ တစ်နှစ်လုံးမှာ စာအံချိန်က နာရီသုံးဆယ်၊ ကျန်နာရီ သုံးရာသုံးဆယ့်ငါးနာရီက အသင်းအပင်းလုပ်၊ ရုပ်ရှင်ကြည့်၊ ညညလျှောက်ပြန် သံပေးလုပ်၊ ဘောလုံးပွဲတိုး၊ ပြီးတော့ ဘင်တန်ဆောင်ခေါ်တဲ့ သီရိဆောင် သီလရင်ကျောင်းတိုက်မှာ အချိန်ဖြုန်းနဲ့၊ ခုတော့ ကုန်ခဲ့တဲ့ရက်တွေ လတွေ 'ပျိုပျိုကြည် နှမြောမိပါသည်' ဖြစ်နေရပြီ သူငယ်ချင်း"

ညိုအောင်က ဆေးလိပ်ကို ပြာခံခွက်ထဲထည့်ကာ စာအုပ်စင်ပေါ်မှ တရုတ်သံရောက်မော်ကွန်း၊ ဝေဿန္တရာပျို့၊ ပဋ္ဌာနသမုပ္ပာဒ် စာအုပ်များကို လှမ်းယူလိုက်လေသည်။

"နှမြောမနေနဲ့ နှမြောမနေနဲ့၊ လွန်ပြီးတာ လွန်ပစေ၊ နောက်နှစ်တော့ စည်းကမ်းကာလနားခွဲထား၊ အသင်းလုပ်တာ သပ်သပ်၊ လေတာတေတာ သပ်သပ်၊ ဘင်တန်ဆောင်လည်တာ သပ်သပ်၊ မူးတာသပ်သပ်၊ စာကြည့်တာ သပ်သပ် ဒါပဲ၊ ငါလည်း ဆရာဦးမောင်မောင်ကြီး ကလပ်(စ်)တွေ အတော်လွတ်သွားတာ နှမြောနေတာ၊ ဆရာ မသင်ခင်က ဒီစာကို လုံးလုံးစိတ်မဝင်စားဘူး၊ တရုတ်သံရောက်မော်ကွန်းလေ၊ ဆရာကကွာ တရုတ်သံရောက်မော်ကွန်းကို တရုတ်သံပေါက်အောင်၊ တရုတ်နံ့ရအောင်ကို သင်နိုင်စွမ်းတာ၊ ငါဖြင့် အံ့ဩ





ယူရော၊ တို့လူတွေ တဝါးဝါး ပွဲကျနေကြတာ"

"တရုတ်နံ့က ဘယ်လိုနေလို့လဲ"

"မနှစ်က မင်း အရူးအမူးလိုက်နေတဲ့ မကြင်စန်း အနံ့အတိုင်းပဲ"

ညိုအောင်က မုန်းမုန်းရှိသည်နှင့် ပြောလိုက်ရာ အောင်မောင်းက တဟားဟား အော်ရယ်လျက် ညိုအောင်၏ပခုံးကို လှမ်းပုတ်လိုက်လေသည်။ ညိုအောင်က နှုတ်ခမ်းကို လက်ညှိုးနှင့် ကပ်ကာ 'ရှူး' ခနဲ သတိပေးလိုက်ရလေသည်။

"ခုတော့၊ မင်း တော်တော်ဟန်ကျနေပြီပေါ့၊ ပိုင်ပြီလား"

'အသင့်အတင့်ပေါ့ကွာ၊ ဖြေမယ်ဆို ဖြေနိုင်လောက်ပါပြီ၊ ငါက စာကျက်ရင် စိတ်ပါတယ်လေ၊ ငါစိတ်ပါတာပဲ ငါလုပ်မယ်လို့ ပြောပါရောလား၊ ပြီးတော့ ငါ့ဘာသာတွေက ပုဂ္ဂိုလ်ခင်လို့ တရားမင်ရတာတွေလည်း ရှိတယ်၊ 'ပဋ္ဌာနသမုပ္ပာဒ်' လို ငြီးငွေ့စရာ စာအုပ်မျိုးကို လေ့လာချင်ရင် ဆရာဦးလှမောင်ရဲ့ အတန်း မင်းလိုက်တက်ပေတော့၊ ပျော်စရာ အလွန်ကောင်းလာလိမ့်မယ်၊ ဒီနှစ် ဆရာသင်တဲ့ မင်္ဂလာရတုပေါင်းချုပ်လည်း တော်တော်ပွဲကျကြတယ်၊ မန်လည် ဆရာတော်ဘုရားကြီးရဲ့ အရေးအသားကလည်း အင်မတန် ပြောင်မြောက်တယ် မဟုတ်လား"

"သြော်… အဲ၊ အဲဒါ ငါသိပါတယ်၊ အသဒိကုမာရ မင်းသား လေးတင်ခန်းမှာ လူတွေ ပြေးကြလွှားကြဖြစ်ပုံကို စပ်ဆိုထားတာလေ၊ ချစ်ဦး တောင် ရွတ်ရွတ်ပြနေပါသေးတယ်၊ ဘာတဲ့ 'တစ်လုံးနှစ်လုံး၊ ဂျိုးဥလုံးကို၊ မဖုံးနိုင်ပြီပဲတည့်လေး။ ။ တစ်ပေါင်နှစ်ပေါင်၊ သပြေရောင်ကို၊ လုံအောင် တတ်နိုင်ပဲတည့်လေး။ တစ်ပေါ်နှစ်ပေါ်၊ ကိုယ်လုံးပေါ်သည်၊ ပဲလှော်အာတာကွဲ တည့်လေး' ဆိုတာလား"

"ခွေးမျိုး ဒါမျိုးတော့ရတယ်၊ ဆရာဦးလှမောင်က ဒါမျိုးတော့ ထည့်ကို မသင်တော့ဘူး၊ ကျောင်းသားတွေရမယ့် စာပုဒ်မျိုးကို ဆရာက သိနေတာပဲ၊ ကျန်တာပိတ်ကားပေါ်ပဲ ဆရာပြောတာ၊ နောက်ပြီး ဂမ္ဘီရ သင့်တယ်ဆိုပြီး ဆရာချန်ထားတာ 'ကြောက်စဖွယ်အောင်၊ အမယ်မင်းကြီး



www.burmeseclassic.com

မြားရှင်၊ ဗာရာသားငယ်၊ မောင့်မြားမွေလိုက်ချင်၊ အမြင့်မကောင်း၊ တို့အပေါင်းမှာ၊ မုန့်ပေါင်းပြုပြုစင်ပေ့၊" ဆိုတာမျိုးကို ချစ်ဦးလို ကျောင်းသားက မကျက်ရဘဲ ရနေတာ။ ရကာန်ဆိုတော့ ရှန်းရင်းကြမ်းတမ်းတဲ့ ဂမ္ဘဒေါသသင့်မှာကို သိပ် ဂရုမစိုက်ဘူး၊ လွတ်လွတ်လပ်လပ် ရေးနိုင်တာကိုးကွ"

"ကောင်မလေးတွေကတော့ စိတ်ညစ်မှာပဲ"

"ဟာ ခေါင်းကို မဖော်တော့ဘူး၊ ဆရာတွေကလည်း အလိမ္မာနဲ့ သင်တာပဲ"

ထိုသို့ပြောရင်း ညီအောင်က သူ့တစ်လအတွင်း အတန်းတက်ကျင်လည်ခဲ့ရသော ဆရာများသင်ပြပုံကို စဉ်းစားမိလေသည်။ သူ့စကားကို ဆက်၍ ...

"ငါတို့ သင်တဲ့ဆရာတွေကတော့ စေတနာ တော်တော်ကြီးပါတယ်၊ ဆရာဦးလှရွှေဆိုလည်း အသံကလည်းကြည် ပြတ်လည်းပြတ်သားပြီး လေအေးအေးနဲ့ တောက်လျှောက်သင်တာ၊ စာသင်ရင်း မောပြီး သက်ပြင်းချတာ မတွေ့ဖူးဘူး၊ ပြီးတော့ ဗမာစာဘက်က ဒေါ်သန်းဆွေ သိပ်စေ့စပ်တယ်၊ လိုရင်းအချက်ကို ငုံမိတယ် တစ်ခါတည်း။ ဒေါ်ခင်စော၊ ဒေါ်မြင့်သန်းနဲ့ ဒေါ်ခင်နုတို့လည်းပဲ ဒီလိုပဲ၊ ခုတော့ မတက်ရတဲ့ ကလပ်(စ်)တွေကို နှမြောနေတာပဲ၊ ပြီးတော့ ဆရာဦးဖေအောင်"

"ဆရာကလည်း တပည့်တွေ သံယောဇဉ် တော်တော်ကြီးတယ်၊ သိပ်သင်တာပဲ၊ လက်တွေ့ လူ့ဘဝမှာ အသုံးပြုလို့ရမယ့် ဆရာရဲ့ Dilemma (အကျဉ်းအကျပ်) သဘောတရားတွေကို ငါတို့တွေက သိပ်သဘောကျတယ်၊ ငါတို့ကတော့ ဒီလို စိတ်စေတနာလည်း ကောင်း၊ ဝါလည်းဝါရင့်နေတဲ့ ဆရာတွေကို ကြည်ညိုတယ်ကွ၊ ဆရာဦးသန်းထွန်းဆိုရင် ရှေးခေတ်အီကျစ်လူမျိုးတို့ ရုပ်ပုံသင်္ကေတကို သင်တာ သိပ်ရှင်းတာပဲ၊ ကျောက်ခေတ်နံရံတွေက အရုပ်စာတွေကနေပြီး စကားရဲ့ သင်္ကေတဖြစ်တဲ့ အက္ခရာတွေ စုပေါင်းဖွဲ့စည်းလာပုံတွေကို ဆရာက လွယ်လွယ်ကူကူပဲ ရှင်းပြတယ်"

သည့်နောက်တော့ ညီအောင်သည် သူ့ကျောင်းစာများအပေါ်၌ စိတ်ပါ





ဝင်စားကာ အောင်မောင်းနှင့်သူ 'ဆက်ရှင်'ခေါ် အတန်းခွဲခြင်း မတူသောကြောင့် အောင်မောင်း တက်ခွင့်မရသော ဆရာဦးခင်မောင်လတ်နှင့် ဆရာမဒေါ်သိန်းညွန့်တို့၏ အင်္ဂလိပ်ဘာသာ သင်တန်းပို့ချမှုများကို ဖောက်သည်ချနေမိလေသည်။

ဆရာဦးခင်မောင်လတ်၏ စာသင်တန်းတွင် ကျောင်းသားတစ်တွေသည် ဆရာဦးမောင်မောင်ကြီး၊ ဦးကျော်ရင်တို့ အတန်းနည်းတူ တရုံးရုံးနှင့် စည်ကားလျက်ရှိလေသည်။ ဆရာ့ကို တဝေါဝေါနှင့် ပွဲကျလျက်ရှိလေသည်။ "သားရိုင်းနှင့် နတ်မိမယ်" (Beauty And The Beast) ပြဇာတ်မှ ဇာတ်ကောင်တို့စရိုက်မှာ ဆရာ့သင်ပြမှုအောက်တွင် ပီပြင်သည်ထက် ပီပြင်လာလေသည်။

ရှိတ်စပီးယား၏ "နွေလည်ညအိပ်မက်" (Mid Summer Nights Dream) ကို ဆရာမကြီး ဒေါ်သိန်းညွန့်က သင်လေသည်။ ရှိတ်စပီးယား၏ ဟာသရသပေါ်လွင်သော အရေးသားကို ဆရာမကြီးက သူ၏ကြွယ်ဝသော အင်္ဂလိပ်ဘာသာ စကားပရိယာယ်များနှင့် ဖော်ထုတ်လေသည်။

* * *

"ပညာရဲ့တန်ဖိုး ပညာရဲ့အနှစ်သာရကတော့ ဒီလို ဆရာမျိုးတွေဆီက တစ်ဆင့် ထိတွေ့ခံစားနိုင်တာပဲ၊ နောင် သုတေသနပိုင်းကျတော့ ဒါတွေဟာ လက်တွေ့အသုံးချရမယ့် ကိစ္စတွေပဲ၊ နောင်တစ်နေ့ကျ ဒီဆရာတွေ အသက်အရွယ်ကြီးပြင်းလာကြတဲ့အခါ နောင်ပညာသင်နှစ်ခေတ်တစ်ခေတ်က လူငယ်တွေကို လက်ဆင့်ကမ်းဖို့ ငါတို့တာဝန်ပဲ မဟုတ်လား"

ညီအောင်က သည်တစ်ခါတော့ လေးလေးနက်နက် စကားများကို ရှုတည်တည်နှင့် ပြောဟောနေသည်။ အောင်မောင်းက ဘီစကွတ်ပုံးလွတ်တစ်ခုထဲ ထည့်ထားသော ပဲကြီးလှော်များကို လက်နှင့်ဆုပ်နှိုက်ကာ ဝါးနေရင်း ...

"ဒါတွေ မင်း သန်းဒွေးကို ရှင်းမပြဘူးလား၊ သန်းဒွေးတစ်ယောက် စာကိုမကျက်ဘူး၊ ဒီကောင် တစ်ယူသန်ကြီးပဲ"

"မရှင်းပါဘူးကွာ၊ လေကုန်တယ်၊ ဒီကောင်က တစ်ယူသန်တာ မဟုတ်ဘူး၊ အနယ်မထိုင်သေးတာ၊ ငါ ချစ်ဦးနဲ့ အာသာရှေ့ မပြောချင်လို့၊



www.burmeseclassic.com

အနယ်မထိုင်သေးတော့ ငါသိတယ် ငါတတ်တယ် ငါဟုတ်တယ်တွေနဲ့ တက်တက်ကြွကြွ ဖြစ်နေတာပေါ့၊ ငါကလည်း စကားများများပြောချင်တဲ့ကောင် မဟုတ်ဘူး၊ မင်းသိတဲ့အတိုင်း"

သည့်နောက်တော့ ညိုအောင်သည် ဆေးလိပ်တိုကို ကောက်ယူကာ မီးညှိပြီး မှိန်းနေပြန်သည်။ အောင်မောင်းက ညိုအောင်၏ မျက်နှာကိုလှမ်းကြည့်ကာ…

"ဟေ့ သူနဲ့တွဲနေတဲ့ သိမ်းမောင်ကော ဘယ့်နှယ်လဲ"

"ဘာဖြစ်လို့လဲ"

"သူကြည့်ရတာ ငါတို့ကောင်တွေနဲ့ သဟဇာတဖြစ်မယ် မထင်လို့၊ တို့တွေက ဘွင်းဘွင်းရှင်းရှင်းသမား၊ ဝမ်းထဲ ထားတတ်တဲ့ကောင်တွေမဟုတ်ဘူး၊ သူကတစ်မျိုးပဲ၊ ချစ်ဦးကဆိုရင် လုံးလုံးကြည့်လို့မရဘူး၊ သမဂ္ဂအမှုဆောင် အဖွဲ့မှာ သိန်းမောင်ပါလာရင် လုပ်မပေးချင်ဘူး ပြောနေတယ်"

"သန်းဌွေး ပင့်လာတာပဲ၊ ဘယ်တတ်နိုင်မလဲ"

"သန်းဌွေးအပေါ် သူက တော်တော်လွှမ်းတာ မောင်၊ မင်းလိုကောင် ကိုတောင် သန်းဌွေး ပြောတဲ့စကားလုံး ကြည့်ပါလား အရင်လိုမဟုတ်ဘူး"

သည်တော့ ညိုအောင်က ပြုံး၍သာနေသည်။ နောက်မှ …

"ငါနဲ့ သန်းဌွေးတောင် မနေ့က အချီအချ ဖြစ်ကြသေးတယ်၊ ငါက ပြောတယ် သန်းဌွေးကို၊ သိန်းမောင်ကိုလည်း ပြောချင်လို့ ဆိုပါတော့ကွာ၊ သန်းဌွေး မင်း ဒါလောက်ရှိလှတာ မင်း မြို့ပေါ်ကိုမနေနဲ့တော့၊ မင်း လက်နက် လိုရင် ငါရှာပေးမယ်၊ မင်းသွား၊ စကားတော့ ကြီးကြီးကျယ်ကျယ် ပြောမနေနဲ့လို့"

"ဒီတော့ သန်းဌွေးက ဘာပြောသလဲ"

"ဘာပြောမလဲကွ ဘာပြောနိုင်မလဲ၊ သိန်းမောင်လည်း ငြိမ်နေတယ်လေ၊ နောက်မှ စိတ်ကူးပေါက်ပြီး ငါပါလိုက်ပေါ့၊ ငါဦးဆောင်ရင် သူသွားမယ်ပေါ့၊ ဒီတော့ ငါက ပြောလိုက်တယ်၊ ဟေ့ ဒီမှာ ငါက လက်တွေ့ပြုပြီးပြီ၊ အလုပ် လုပ်တဲ့နေရာမှာ ငါက သူမတူအောင် ရှုပ်ရှုပ်ခံခံ လုပ်တတ်တယ်၊ ခုလောလောဆယ် မှာတော့ ငါ သွေးကိုမကြည့်ချင်တော့ဘူး၊ သွေးဆိုလို့ ထိရောက်တဲ့ ရန်သူ့ သွေးကလွဲလို့ လမ်းပေါ်က ခွေးတစ်ကောင်သွေးကိုတောင် မကြည့်လိုဘူး၊





လူသားအချင်းချင်း သွေးထွက်စေမယ့် နည်းလမ်းထက် ကောင်းတဲ့နည်းလမ်းကို ငါ ရှာကြည့်နေတယ်လို့"

"ဒီတော့ မင်းကို သူတို့က သွေဖည်ရေးသမားလို့ မပြောဘူးလား၊ သိန်းမောင်ကတော့ နောက်ကွယ်ပြောမှာ သေချာတယ်"

"ပြောတော့ ရယ်စရာကြီးပေါ့ကွာ၊ သူ့လို ကွန်မြူနစ်နာမည်ခံပြီး မြို့ကြီးပေါ်တက်၊ အမေရိကန်ရုပ်ရှင် လိုင်လိုင်ကြည့်၊ ပိုးလုံချည် ခါးပေါ်ကမချ၊ နိုင်ငံခြားဖြစ် ပျားအုံဘရန်ဒီ တမြမြနဲ့ ငါးသုံးလုံးစီးကရက်ခဲလို့ အလုပ်သမား လယ်သမား လူတန်းစားအကြောင်းတွေ ပြောလို့ လူကဲ့ရဲ့စရာဖြစ်မှာပေါ့၊ သူ့လိုကောင်တွေကြောင့် ကွန်မြူနစ်ကျောင်းသားတွေကို အထင်သေးစရာ ဖြစ်တာပေါ့၊ ငါ ကလေးကလား မပြောချင်ပါဘူး၊ သိန်းမောင်ဆိုတာက မိန်းကလေး ဂေါ်တာဟောင် မြေကြီးပေါ်လမ်းလျှောက်နေတဲ့ မိန်းကလေးထက် ကားပေါ်က မိန်းကလေးကို ပိုအာရုံစူးစိုက်တာ"

"အေးကွ၊ မောရစ်မိုင်နားစ ကားစိမ်းလေးနဲ့ပါတ်တော့ သိနေတာပဲ"

"ငါတို့က အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းပြီး ပွတ်သဘင်ပွဲတွေကို ရှုတ်ချချိန်မှာ သူက အင်္ဂတာနေရှင်နယ်ဆိုပြီး အားပေးအားမြှောက်ပြုနေတာ"

"သြော် ညိုအောင်ရေ သူများသားသမီး သူများနှမကို ခါးဖက် ရင်ချင်းအပ်ရတာ နည်းနည်းနောနော အရသာမှတ်လို့၊ လက်ဖက်ရည်ထက် အရသာရှိဘာ ငါ့လူ၊ ငါတောင် အင်္ဂတာနေရှင်နယ်ချင်သေး၊ ဟား··ဟား··ဟား"

အောင်မောင်းက ပြောရင်း ရယ်နေသည်။ ညိုအောင်က ဆေးလိပ်ကို အားပါးတရ ရှိုက်ပြီး မီးခိုးများကို ခေါင်းမော့ မှုတ်ထုတ်ကာ …

"အစည်းအဝေးတွေမှာလည်း ဘယ်တော့မှ လိုရင်းမရောက်ဘူး၊ ငြင်းကြခုံကြ ရန်ဖြစ်ကြ ဆူကြပူကြနဲ့ အလုပ်ဖြစ်အောင် မနည်းဆွဲခေါ်ရတယ်၊ တစ်ယောက်နဲ့ တစ်ယောက်ကလည်း သိပ်သင့်မြတ်ကြတာ မဟုတ်ဘူး၊ ငါ တော်တယ်၊ ငါသိတယ်၊ ငါပိုနိုတယ်တွေပေါ့ကွာ"

"မင်းစကားလို အနည်မထိုင်သေးတာပေါ့ကွာ"

"ငါပြောတာက မင်းတို့စည်းရုံးရေးက ကျဆင်းနေတယ်၊ စည်းရုံးရေးကို

www.burmeseclassic.com

အင်တိုက်အားတိုက် ဆောင်ရွက်ရမယ်၊ ဒါကြောင့်မို့ မင်းတို့ ချစ်ဦးတို့ အာသာတို့က လူပေါင်းဆန့်တယ်၊ လူချစ်လူခင်လည်း ပေါတော့ မင်းတို့ကိုသုံးရမယ်၊ ခုဆို သန့်ရှင်းသော ကျောင်းသားအုပ်စုက သမဂ္ဂရွေးကောက်ပွဲ အနိုင်ရတာ သုံးနှစ်ရှိသွားပြီ၊ ဒါ သူတို့လည်း သူတို့နည်းနဲ့သူတို့ စည်းရုံးရေးကောင်းလို့ပေါ့၊ ဒါကြောင့်မို့ သဟာယနဲ့ စာကြည့်သင်းတွေ၊ အသင်းအပင်းတွေမှာ နေရာဝင်ယူ၊ စည်းရုံးရေးကို မပေါ့နဲ့၊ ငါ အစောကြီးထဲကပြောခဲ့တာပဲ၊ ငါ အလုပ်လုပ်တာလည်း မင်းတို့မျက်မြင်ပဲ၊ ပြောရတာ လေကုန်ပါတယ်ကွာ”

ညိုအောင်က ရှည်ရှည်ဝေးဝေးတွေ မပြောစဘူး ပြောပြီးနောက် နှုတ်ဆိတ်သွားလေသည်။ သူ နှုတ်ဆိတ်သွားသည့်နောက်တော့လည်း တစ်ခွန်းတစ်ပါဒမှ ထပ်မပြောတော့ပေ။ အဟုတ်တကယ် ဆိတ်ဆိတ်နေနိုင်သူဖြစ်လေသည်။ တတ်နိုင်လို့ သန်းဌွေးနှင့် သိန်းမောင်က သူ့ရှေ့တည့်တည့်လာကာ အမျိုးစုံ ပုတ်ခတ်ဝေဖန်ဦးတော့လည်း ဆေးလိပ်အဖွာမပျက် လက်ပိုက်ကာ သူ့ကိုမပြောသလိုနေမည့် သူ့သာလျှင်တည်း။

အောင်မောင်း၊ ချစ်ဦးနှင့် အာသာတို့ကမူ ညိုအောင်၏ ထုံနေသော စိတ်နှင့် အရေထူသော သဘောထားကို သဘောကျကာ ဩဘာပေးလျက်ရှိလေသည်။

* * *

(၁၇)

လွမ်းစရာ နွေ၏သရုပ်သည် တဏ္ဍုသိုလ်ရိပ်သာ၌ ဝိုဝိုဖြင်ဖြင် ရှိနေသေးသည်။ မိန်ရာသီ သာတာပေါင်းတွင် ရွက်ကျင်ရွက်ဟောင်းတို့ ကျကြွေပြောင်းလျက် ပင်ယံထက်မှ ဥဩငှက်ငယ်တို့သည် အမိတက္ကသိုလ်အတွက် လွမ်းတေးကို သီဖွဲ့လေသည်။

တန်ခူးလတွင် ပွင့်ကြတော့မည့် ကံ့ကော်ဖူးတို့သည် ဖူးငုံစီလျက် ရာသီကို လင့်နေကြလေသည်။ ထို့နည်းတူစွာ နွေအဆန်းဝယ် ပွင့်လန်းလာကြတော့မည့် ပိတောက်နှင့် ငုတို့သည် ဝါရည်ရွှေသွေး၊ ရေးရေးထင်လျက်ရှိချေပြီ။

ကျောင်းသားကျောင်းသူများ စာမေးပွဲကို တကုန်းကုန်း ဖြေဆိုကြပြီးနောက် မိမိတို့နေရပ်ဌာန်သို့ ပြန်ကြရန် အသီးသီး စိတ်စောနေကြလေသည်။ မိန်းကလေးများဆိုလျှင် စာမေးပွဲမပြီးခင်ကပင် ကြို၍ ပစ္စည်းများသိမ်းထားနှင့်ပြီးသည်။ နေ့လယ် စာမေးပွဲအပြီး ရက်မကူးဘဲ ညနေ ဘူတာရုံဆင်း ပြန်ကြတာများပါသည်။

သင်းသင်းအေးတို့လည်း ထိုနည်းလည်းကောင်း။ ညိုအောင်နှင့် သင်းသင်းအေးတို့သည် စာမေးပွဲခန်းများတွင် ရိပ်ခနဲ ရိပ်ခနဲ မြင်တွေ့လိုက်ရသော်လည်း စာမေးပွဲခန်းဝင်ရမည့် စိတ်ဇောတွေကြောင့် တခြား ဘာအာရုံမှ မထားနိုင်ကြပါ၊ စာမေးပွဲနတ်က ကြီးလျက်ရှိလေသည်။ သို့ကြောင့် သင်းသင်းအေးနှင့် ညိုအောင်တို့သည် တွေ့သော်လည်းမမြင်။ မြင်ရပြန်လည်း မမြင်သကဲ့သို့ နေကြသည်။





www.burmeseclassic.com

သင်းသင်းအေးကလည်း နှုတ်ဆက်ပြုံးပင် ပြုံးဖော်မရ။ မိမိကလည်း ထုံးစံအတိုင်း နေစိမ့်တတ်သူမို့ ပြုံးယောင်ပင် မသန်းမိပေ။ သို့ နေရင်းထိုင်ရင်းပင် သင်းသင်းအေးနှင့် နှုတ်ဆက်ပွဲလေးတစ်ပွဲ ကျင်းပဖြစ်လေသည်။

သင်းသင်းအေးတို့ စာမေးပွဲမပြီးခင် မပြန်မီတစ်ရက်က ဖြစ်သည်။

စင်စစ် 'ချစ်ဦး' သက်သက် ဝင်နှောင့်တာ ဖြစ်သည်။ ညီအောင်တို့ စာမေးပွဲဖြေစဉ် ကြားရက် နှစ်ရက်သုံးရက်ခန့်အနား၊ အောင်မောင်းကြီးက လက်ဖက်သုတ် ဝယ်လာကာ စုဝေးစားကြလေသည်။ အောင်မောင်းက လက်ဖက်သုတ်တွေ ပလုတ်ပလောင်း စားရင်း ညီအောင်အား စာတစ်စောင် ကမ်းပေးလိုက်ကာ …

"ဒီမှာဟေ့ အရေးပေါ် နှုတ်ဆက်စာလေး၊ တင်တင်ဝင်းက တစ်ဆင့်ပေးလိုက်တာ"

ပြောလိုက်လေသည်။ စာမှာ မိန်းမလက်ရေး ဝိုင်းဝိုင်းလှလှလေးနှင့် သပ်သပ်ရပ်ရပ် ဖြစ်သည်။ စာအိတ်ဖြူလေးတွင် သူ့နာမည် တပ်ထားသောစာကို ညီအောင်က ဖောက်ဖတ်လိုက်လေသည်။

*ကိုညီအောင်*

*မေးစရာတစ်ခုရှိလို့ ဘင်တန်ကို ဒီညနေ သို့မဟုတ် မနက်ဖြန်ညနေ ဆက်ဆက်လာခဲ့ပါ။ သန်ဘက်ခါပြန်မယ်။*

*သင်းသင်းအေး*

ညီအောင်၏ နဂိုပြုံးသော မျက်လုံးအစုံသည် ပို၍ ပြုံးကျယ်သွားလေသည်။ စာကို အပြန်အလှန် ဖတ်ကြည့်နေမိသည်။ လက်ရေးကိုကြည့်တော့လည်း သင်းသင်းအေး၏ လက်ရေးလှလှလေးအစစ်။ သင်းသင်းအေး၏ လက်ရေးကိုတော့ နည်းပြသင်တန်းစာအုပ်တွေတွင် မြင်ဖူးသည်။

"ဘယ်လိုလဲဟ"

ညီအောင်က စူးစမ်းနေသည်။ သည်တော့ ချစ်ဦးက ပြုံးဖြဲဖြဲကြီးလုပ်ကာ …

"သြော် မင်းပဲ ဘင်တန်ကို ပြေးပြေးပြီး မဒီအလှပဂေး သင်းသင်းအေးကို မွှေးမွှေးပေးချင်တယ်ရယ်လို့ 'တစ်ညသန့်က် ညကြီးမင်းကြီး၊ ထပြီး ထိုင်နေ၊ ဖိနပ်ရာတွေလည်း တွန့်ကျေလိပ်ပြီး၊ အောင်မောင်းကြီးကို ပြောတယ်ဆို' ဒီတော့ သင်းသင်းအေးက ဖော် လာလှည့် ချစ်သူ တဲ့"

အာသာက သူ့ပုဆိုးကို ထဘီစဆွဲသလို စွန့်တောင်ဆွဲကာ ညီအောင်ပန်းပေါ် လက်တင်လျက် …

"ကိုကိုအောင် သူများ ဒီလောက်ခေါ်နေတာတောင် မလာချင်ဘူးလားလို့၊ အဟင့် အဟင့်၊ လာပါလို့ ဆိုနေ"

ဟု ကနွဲ့ကလျလေး မူပြရာ ချစ်ဦးက အာသာ၏ခေါင်းကို ဖျတ်ခနဲပုတ်လိုက်ပြီး …

"လာပြန်ပြီ ဒီ မအေသေရာရုပ်ကြီးနဲ့၊ ငါ စိတ်ကုန်အောင် မလုပ်နဲ့လို့ဆိုနေတာ"

ပြောပြီး အာသာ၏လည်ပင်းကို ထညှစ်လေသည်။ အာသာက လည်ပင်းတအစ်အစ် ဖြစ်နေလျက်ပင် …

"နှိပ်စက်ပါ၊ နှိပ်စက်ပါ၊ အားရအောင် နှိပ်စက်ပါ၊ သူများသားသမီးကိုယူပြီး ဒီလိုနှိပ်စက်တာ ကောင်းတာပေါ့၊ ဟင့် ဟင့် ဒီကဖြင့် သူ့ကိုချစ်လိုက်ရတာ၊ သိလား"

မပီကလာ ပီကလာ ပြောပြီး သူ့လည်ပင်း ညှစ်ထားသော ချစ်ဦး၏ ခြေသလုံးမွေးများကို အောက်မှနေ၍ တဖျင်းဖျင်း ဆွဲနှုတ်လိုက်သဖြင့် ချစ်ဦးမှာ "အမယ်လေး" တ,အော်ကာ အာသာအား လွှတ်လိုက်ရလေသည်။

အာသာက "ကဲ မှတ်ထား"ဟု မိန်းမဟန်ပန်နှင့် မျက်စောင်းကို တအားချိတ်လိုက်လေသည်။ အောင်မောင်းက ရယ်နေသည်။ ညီအောင်က စာကိုကိုင်ကာ ငိုင်လျက် …

"ဟေ့ မဟုတ်သေးပါဘူးကွ၊ သင်းသင်းအေးက ငါ့ကို မခေါ်စဘူး အခေါ်ထူးလှတယ်၊ မင်းတို့ကောင်တွေ ငါ့နောက်ကွယ် ဘာတွေလုပ်ထားလဲ ပြောစမ်း"

"ချစ်ဦးက ဗျာဗျာသလဲ အမူအရာနှင့် …







www.burmeseclassic.com

"မလုပ်ရပါဘူး သူငယ်ချင်းရယ် မလုပ်ရပါဘူး၊ အို သေရပါစေရဲ့၊ ငါ မင်းအကျိုးမဲ့အောင် ဘာမှ မလုပ်ပါဘူး"

"အေး လုပ်ရင် အသိသာကြီးပဲ"

"မလုပ်ပါဘူးကွာ မလုပ်ပါဘူး"

အာသာက ညီအောင်၏စာကို လှမ်းယူ ဖတ်ကြည့်ပြီးနောက် …

"ခင်ဗျားကလည်းဗျာ၊ သင်းသင်းအေးက သူ့အဆောင်ကို လာဖို့ ခေါ်တာ ဝမ်းသာစရာကြီးပဲ၊ သင်းသင်းအေးက ယောကျ်ားအသိမိတ်ဆွေ ရှိတာမဟုတ်ဘူး၊ သူ့ဆီသွားလည်ရင်တောင် အဖက်လုပ် ဆင်းတွေ့တဲ့ဟာ မဟုတ်ဘူး။ မယုံမရှိနဲ့ ကိုယ်တွေ့ဗျ၊ ခင်ဗျားကို ဒါလောက် အရေးစိုက်တာ ဝမ်းသာရမယ် မဟုတ်လားလို့"

"တော်စမ်းပါကွာ၊ ငါ့ကို ဘာဆော်ပလော်တီးမလို့လဲ မသိဘူး၊ ကျောင်းပိတ်ခါနီး နောင်ကိုနှုတ်ရရင် မနိပ်ဘူးကွ၊ ငါက လွမ်းမျက်ရည်နဲ့ ခွဲရမလားလို့ စိတ်ကူးယဉ်နေတာ"

အောင်မောင်းက တဟဲဟဲနှင့် ရယ်နေသည်။ ချစ်ဦးက ညီအောင်အား လှမ်း၍ …

"မင်း အစထဲက ဒီမာနခဲလေးကို သွားစမ်းတာကိုး၊ ပြီးတော့ ငါတို့ အညာသားတွေ 'အောက်သူမစမ်းနဲ့' စကားပုံရှိသား မဟုတ်လား"

"ကျောက်ဖြူကို မနမ်းနဲ့၊ အောက်သူကို မစမ်းနဲ့တဲ့"

အာသာက ဝင်ထောက်နေဆဲ ချစ်ဦးက ဆက်၍ …

"ငါက စကားပုံသစ်ထွင်ပြီး ဒီနေရာမှာ ပြင်ချင်တယ်၊ 'ကျောက်ဖြူကို မစမ်းနဲ့၊ အောက်သူကို မနမ်းနဲ့' လို့ ကျောက်ဖြူစမ်းရင် လက်ပွန်းတတ်တယ်၊ အောက်သူနမ်းရင် အဲ"

"အောက်သူနမ်းရင် ဘာဖြစ်သလဲ"

အာသာက မေးလိုက်လေသည်။

"အောက်သူနမ်းရင် ဒညင်းသီးစော် နံတတ်တယ်၊ မယုံရင် အောင်မောင်း ကြီးကို မေးကြည့်"





အောင်မောင်းက "မအေပေး ခွေးသူနိုး"ဟု ချစ်ဦးကို ဆဲရေးနေသည်။

ညီအောင်က သူ့လက်ပတ်နာရီကို မြှောက်ကြည့်ကာ ထိုင်ရာမှ 'မြန်း' ဆိုထပြီး စွပ်ကျယ်ပေါ်မှ ရုပ်အင်္ကျီလက်တို တစ်ထည်ကို ချိတ်မှလှမ်းယူကာ ဝတ်လိုက်လေသည်။ ထို့နောက် ခုတင်ခြေရင်းတွင် လွှားထားသော အဖြူခံတွင် အစိမ်းစင်း အစိမ်းနုနှင့် ပလေကာပ်ကို ဝတ်လိုက်ပြီး …

"ငါသွားမယ်"ဟု ပြောကာ စိတ်မြန်လက်မြန်နှင့် အခန်းဝဆီသို့ လျှောက်သွားလေသည်။

"ဟော့၊ အချိန်ရှိသေးလို့လား ညီအောင်ရ၊ မနက်ဖြန့်ညနေမှ သွားပါလား၊ စကားကြာကြာ ပြောရတာပေါ့"

"ရှိပါသေးတယ်ကွ၊ ငါးနာရီခွဲပဲ ရှိသေးတာ၊ ဒီကလျှောက်သွားရင် ငါးမိနစ်ပေါ့၊ အောင်မောင်းကော မင်း တင်တင်ဝင်းဆီ လိုက်ဦးမလား"

"အမယ်လေး၊ ငါ့ကို မလာခဲ့နဲ့တဲ့ ရာဇသံပေးထားတယ်"

အောင်မောင်းက ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလိုက်လေသည်။ ချစ်ဦးက ညီအောင်အား လှမ်းကြည့်ကာ …

"ဟော့၊ ခေါင်းမဖြီးဘူးလား"

"မလိုပါဘူးကွာ"

ညီအောင်ကပြောရင်း သူ့ခေါင်းကို ညာလက်ဝါးနှင့် သပ်လိုက်လေသည်။ အာသာက စီးကရက်တစ်လိပ်ကို ကဗျာကယာ မီးညှိကာ ညီအောင်အား လှမ်းပေးပြီး …

"ခင်ဗျား ပါးစပ်က ဆေးလိပ်တိုကြီး ဖယ်လိုက်စမ်းပါဗျာ၊ တကာထဲ နှိမ့်ချက်တဲ့ကလေးကြီး ချိုလိမ်ထားတာ ကျနေတာပဲ ရွံ့ရွံ့မြဲမြဲ၊ ရော့ စီးကရက်လေး ဘာလေး ရှိုးနဲ့ သောက်သွားစမ်းပါဗျ"

ညီအောင်က အာသာ ကမ်းပေးသော စီးကရက်ကို လှမ်းမယူဘဲ အခန်းထဲမှ 'မြန်း'ဆို ထွက်ခဲ့လေသည်။

* * *

www.burmeseclassic.com

## (၁၈)

သီရိဆောင်ညှော်ခန်း (ပါလာ)အဆောင် ဝင်ဝင်ချင်း ထောင့်စွန်း နံရံနှစ်ခုကပ်ထောင့်ရာ ချောင်ကျသော ညှော်ခန်း စားပွဲကုလားထိုင်နေရာကို တမင် ရွေးထိုင်လိုက်လေသည်။ နံရံထောင့်နှင့် ကပ်လျက် ညိုအောင်ထိုင်သော နေရာမှာ အမှောင်ရိပ်တွင် ကျနေသည်။

စာမေးပွဲကာလည်းဖြစ်သောကြောင့် ဒွိယံဒွိယံ အစုံကလည်း ရှားရှားပါးပါး ဖြစ်လေရာ လူခြေမှာ တိတ်ဆိတ်သလောက် ဖြစ်နေသည်။ ညှော်သည်စာရင်း စာအုပ်တွင် 'ညိုအောင်' အမည်မတပ်ဘဲ 'အောင်စည်၊ ဥတ္တရဆောင်'ဟု တပ်လိုက်လေသည်။ ဒရဝမ်တက်သွားပြီး မကြာမီပင် သင်းသင်းအေး ဆင်းလာလေသည်။

သင်းသင်းအေးက ဆင်ယင်ထုံးဖွဲ့မှု၌ ပြင်ဆင်ထားခြင်းမရှိ။ ဆံပင်ကို အသက်ရင့်ရော်သော မိန်းမကြီးပမာ ဘီးနှင့်ပတ်ထားလေသည်။ မျက်နှာလေးက တော်တော့်ကို နုသဖြင့်သာ တော်တော့သည်။ အစိမ်းနုနုတွင် ပုလဲဖောက်ထားသည့် ရိုဘီယာ ရှန့်သားအင်္ကျီလက်ပြတ်၊ အစိမ်းလွင်တွင် အဖြူခက်သေးသေးလေးများနှင့် တူတယ်တိုဘရက်ကို လုံချည်ကိုဝတ်ထားရာ သင်းသင်းအေးကို မြင်ရသည်မှာ မျက်စိကြည်အေးမြပင်တည်း။

ခုံဖိနပ်ကိုစီးလျက် အသံမမြည်ရန်သာ ကြွ၍ လမ်းလျှောက်လာလေသည်။ ညိုအောင်သည် သင်းသင်းအေးကို လှမ်းမြင်ရသည်နှင့် ဘာဂလိုလို ရင်ဖိုသလိုလို ဖြစ်မိသေးသည်။ နောက် သူ့ပါးစပ်တွင်တပ်ထားသော ဆေးပေါ့လိပ်တိုကို



www.burmeseclassic.com

သတိရကာ ကဗျာကယာယူလျက် မီးသတ်ပြီး စားပွဲပေါ် အသာတင်ထားလိုက်လေသည်။

သင်းသင်းအေးသည် မပြုံးမရယ် တည်ကြည်သော မျက်နှာထားနှင့် ညိုအောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။ ထိုင်ပုံကလည်း ခါးကိုဆန့်၊ ဒူးများကိုစေ့ကာ သေသေသပ်သပ်ကလေး ဖြစ်လေသည်။

ညိုအောင်၏ မျက်နှာကို လှမ်းကြည့်ပြီး …

"ဒီမယ်၊ ကျွန်မကို နောက်တာပြောင်တာ အနှောင့်အယှက်ပေးတာတွေက တရားလွန်နေပြီထင်တယ်"

"ဗျာ"

ညိုအောင်က မတုန်မလှုပ် ငြိမ်သက်နေရာမှ နားမလည် အံ့ဩဟန်နှင့် မေးလိုက်လေသည်။

"ခုမှ ဟန်ဆောင်မနေပါနဲ့၊ ဒါ ကျွန်မ နောက်ဆုံးအကြိမ် သတိပေးတာပဲ၊ နောက်ကို ကျွန်မကို အဆိုးမဆိုနဲ့"

သင်းသင်းအေးက ပြောရင်း ဒေါသထွက်ကာ မျက်နှာလေး နီမြန်းနေသည်။

"ကျွန်တော် ဘာတွေ ဟန်ဆောင်လို့လဲ၊ သင်းသင်းအေးကို ဘာတွေ နှောင့်ယှက်နေလို့လဲ"

သည်တော့ သင်းသင်းအေးက သူ့ညာလက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော စာရေးစက္ကူ အပြာရောင်လေးကို တစ်ခြမ်းခေါက်လျက် ညိုအောင်၏ မျက်နှာရှေ့သို့ ထိုးပြကာ …

"ဒီမယ် ကြည့်ပါဦး၊ ဘယ်သူ ဆွဲတာလဲ"

အပြာရောင် စာရေးစက္ကူပေါ်တွင် မင်အနက်ပြားကြီးကြီးနှင့် တစ်ကြောင်းဆွဲ ပန်းချီဆွဲထားသော သင်းသင်းအေး၏ ရင်ဘတ် တစ်ပိုင်းပုံ ဖြစ်သည်။ ဆံထုံးမြင့်မြင့်နှင့် အင်္ကျီလက်ရှည်ဝတ်ကာ လည်ပင်းတွင် ပုလဲသွယ် သုံးကုံးကပ်လျက် သင်းသင်းအေး ညမိတ်ဆက်ဖက်ရှင်ပွဲမှ ပြန်လာသော





ဆင်ယင်ထုံးဖွဲ့မှုအတိုင်း သင်းသင်းအေးနှင့် အဟုတ်တကယ်တူသော ရုပ်ပုံ ဖြစ်လေသည်။ ညိုအောင်က အံ့ဩသော မျက်နှာနှင့် …

"ဒီပုံကတော့ ကျွန်တော်ဆွဲတာပဲဗျ၊ ဒါပေမဲ့ ဘယ့်နှယ့်ကြောင့် သင်းသင်းအေးဆီ ရောက်နေရတာလဲ"

"ခုမှ အိပ်ချင်ယောင်ဆောင်မနေပါနဲ့၊ အဲဒီက ကျွန်မလိပ်စာနဲ့ ပို့လိုက်တာပဲဟာ"

"ဟာ၊ မပို့ရပါဘူးဗျာ မပို့ရပါဘူး၊ ကြံကြီးစည်ရာ၊ လူမှာ စာမေးပွဲအတွက် လုံးပန်းနေရလို့ ပွမ်းစိုက်နေရတဲ့ ကြားထဲ၊ မပို့ရပါဘူးဗျာ၊ အားအားယားယား"

"ဒါဖြင့် ဘာဖြစ်လို့ အားအားယားယား ဒီပုံကိုဆွဲရတာလဲ၊ ဒီကဗျာကရော အဲဒီက လက်ရေးပဲ မဟုတ်လား၊ ဒီမှာလည်း အဲဒီက လက်မှတ်"

သင်းသင်းအေးက သူ့ရုပ်ပုံပါသော စာရွက်ပြာလေးကို ညိုအောင့်လက်ထဲသို့ ဆောင့်ထည့်လိုက်လေသည်။ ညိုအောင်က သင်းသင်းအေး ရုပ်ပုံအောက်မှ သူ့လက်ရေးနှင့် ကဗျာရော လက်မှတ်ရော ငေးကြည့်ကာ မျက်လုံးများပြူးသွားရင်း …

*ချစ်မိပြီတဲ့ ချစ်မိပြီ*
*ဧည့်သို့ မြင်ပါရ*
*တခဏပင်*
*တမ်းတစိတ်စော*
*ချစ်ဟုန်စောနှင့်*
*ရင်မောလှသည်တကား။ ။*
*ညိုအောင်*

နောက်မှ ညိုအောင်က တစ်စုံတစ်ခုကိုတွေးမိကာ ခပ်သဲ့သဲ့ ရယ်မောကာ …

"ကဗျာကတော့ ကျွန်တော်ရေးတာ မဟုတ်ဘူးဗျ၊ မှန်ရာပြောသည်ာ ကျွန်တော် မလိမ်တတ်ပါဘူး၊ ဒါ ချစ်ဦး လက်ချက်နေမှာပဲ၊ ဒီကောင်က



www.burmeseclassic.com

အင်မတန် မွေတတ်တဲ့ကောင်"

"အို၊ လက်ရေးက အသိသာကြီးဥစ္စာ၊ ဒီမှာ တိုက်ကြည့်ပါဦး။ အရင်တုန်းက ငွေတစ်ဆယ်ပြန်ဆပ်လို့ အဲဒီက ပေးတဲ့စာက လက်ရေးနဲ့ တစ်ပုံတည်းပဲ"

သင်းသင်းအေးက ညှိအောင် ပေးခဲ့ဖူးသော စာကိုပါ ထုတ်ပြလိုက်လေသည်။ ညှိအောင်က ပြုံးတုံးတုံးနှင့် ...

"သြော်၊ ကျွန်တော့်စာလေးကို သိမ်းထားသေးတယ်နော်"

"ဒီမှာ၊ အနှောင့်မလွှတ်တာတွေ မပြောနဲ့နော်။ တစ်ခုခုနဲ့ ကောက်ပေါက်မိလိမ့်မယ်၊ ဒီက စိတ်ဆိုးနေတယ်"

"မဟုတ်ပါဘူး၊ ကျွန်တော် ရိုးရိုးတန်းတန်း ပြောတာပါ၊ အထင် မလွဲပါနဲ့၊ ဒီကဗျာကတော့ ကျွန်တော် စပ်လည်းမစပ်ဘူး ရေးလည်းမရေးဘူး၊ ဒါ ချစ်ဦး နှောက်တာပဲ၊ ဒီကောင်က လက်ရေးတူ လက်မှတ်တူရေးနိုင်တယ်၊ ဒီဘက်မှာ ဝီရွာပဲ၊ မယုံရင် အောင်မောင်းလာရင် မေးကြည့်၊ အာသာကိုလည်း မေးကြည့်ပါ၊ ဆရာ့လက်ရေးတွေတောင် တူအောင်ရေးနိုင်တယ်၊ တစ်ခါလည်း ဆရာတစ်ယောက် လက်ရေးနဲ့ ငွေချေးခိုင်းတာ ညွှန့်အေးဆိုတဲ့ ကျောင်းသား ချောက်ကျဖူးပြီ၊ ဒီကောင်က မှင်စာလိုပဲ အင်မတန် ဒုက္ခပေးတဲ့ကောင်"

"ကဗျာကတော့ ထားပါတော့၊ ဒီပုံဆွဲတာကရော"

"ဒါတော့ ပန်းချီဆရာ တစ်ယောက်အနေနဲ့ သူမြင်တာ သူအာသီသ ရှိရာ လွတ်လွတ်လပ်လပ် မဆွဲရဘူးလား"

"ရှင်၊ ပန်းချီဆရာ"

"သင်းသင်းအေးကလည်း အထင်သေးလိုက်တာ၊ သင်းသင်းအေးရဲ့ ပုံတူကို တစ်ကြောင်းဆွဲနဲ့ အင်မတန်တူအောင် ဆွဲနိုင်တာတောင် ကျွန်တော့်ရဲ့ လက်ရာကို အကဲမခတ်မိတော့ဘူးလား"

"ဟင်း"

သင်းသင်းအေးက နှုတ်ခမ်းကိုမဲ့ကာ တစ်ချက် ရယ်လိုက်လေသည်။

"သင်းသင်းအေးက ကျွန်တော့်ကို မုန်းနေတော့ အပြစ်ချည်းပဲ





မြင်တော့တာပေါ့လေ၊ ကျွန်တော့်အနေနဲ့ သင်းသင်းအေးကို နှောင့်ယှက်လိုတဲ့စိတ် နှမ်းစေ့လောက်တောင် မရှိဘူးဆိုတာယုံပါ၊ ဒီပုံဆွဲဖို့ဖြစ်ရတာလည်း ကျွန်တော်နဲ့ ချစ်ဦး တအတူတူကျက်ကြရင်း ညမှာ ဟိုပြောဒီပြောနဲ့ တက္ကသိုလ်အကြောင်း ပြောမိတယ်၊ အသက် (၆၀) ကျော်မှာ ပန်းချီဆရာကျော်ကြီးဖြစ်လာတဲ့ တဂိုးကို ကျွန်တော်က အားကျတယ်ဆိုတော့ ချစ်ဦးက ကျွန်တော့်ကို မင်းလည်း ပန်းချီဆွဲ တတ်အောင် ကြိုးစားပေါ့တဲ့၊ ဒါမှ သင်းသင်းအေး ပုံတူကို ဆွဲရအောင်လို့ ပြောလိုက်တယ်၊ ဒီတော့ ကျွန်တော်က 'ဟ မင်းက ငါ့ ဘာထင်သလဲ' ဆိုပြီး ဒီပုံကို ဆွဲမိတော့တာပဲ"

"သြော်၊ အဲဒီက ပြောင်မြောက်တဲ့ ပါရမီရှင်ပေါ့၊ ဆွဲစရာပုံကလည်း ရှားရှားပါးပါး ကျွန်မ ပုံကိုမှပဲ ဆွဲရတယ်နော်"

သင်းသင်းအေးက ခနဲ့သော လေသံနှင့် ထေ့လိုက်လေသည်။ ညှိအောင်က ပြုံးလျက် ...

"ချစ်ဦးက ကျွန်တော့်ကို သင်းသင်းအေးပုံတူ ဆွဲရအောင်လို့ ဆိုလိုက်တော့ သင်းသင်းအေးရဲ့ ပုံတူပဲ ဆွဲမိတာပေါ့ဗျာ၊ ပန်းချီဆိုတာမျိုးက အလှနဲ့ ဆက်စပ်နေတော့ ရှုမျှော်ခင်းတို့၊ မိန်းကလေးလှလှပုံတို့ကို ဆွဲကြတာပဲ၊ ဒီလိုဆွဲမိတာ ကျွန်တော့်အပြစ်လား၊ ဟိုကောင်က ဆက်ဆော့ပြီး ကဗျာတွေစပ်၊ သင်းသင်းအေးဆီ ပို့တာတော့ ကျွန်တော့်တာဝန်မဟုတ်ပါဘူး။ ဒါမှ သင်းသင်း အေးကို အနှောင့်အယှက်ပေးရာ ရောက်တယ်လို့ဆိုရင် ကျွန်တော်တောင်းပန်ဖို့ ဝန်မလေးဘူး၊ ဒီလိုဆိုရင် ကျေနပ်ပြီလား"

သင်းသင်းအေးက ဘာမျှ ပြန်မပြော၊ ညှိအောင်က သင်းသင်းအေးကို စိုက်ငေးကြည့်နေသောအခါ သင်းသင်းအေး၏ မျက်လုံးများသည် စားပွဲပေါ်ဆီသို့ စိုက်နေသည်။ သင်းသင်းအေးက ခဏတာမျှ ငြိမ်သက်နေပြီးမှ ...

"ဘာပဲဖြစ်ဖြစ်။ ကျွန်မကို ဒီလို အနှောင့်အယှက် ပြုတာမျိုးဆိုရင် သိပ်ခေါ်သထွက်တာပဲ၊ ရန်ကုန်တက္ကသိုလ်မှာ ရှုပ်ရှုပ်ယှက်ယှက်တွေ မဖြစ်ချင်ဘူး၊ ကျွန်မ ဘာသိဘာသာ အေးအေးဆေးဆေး နေနေတာပေါ့။ ဒီလိုနေတာတဲ့ မိန်းကလေးမျိုးဆိုရင် နမချင်းစာနာပြီး စောင့်ရှောက်ဖို့တောင် ကောင်းတယ်"



www.burmeseclassic.com

အလိမ္မာ အလှကလေးက နှုတ်ရေးစကားတတ်နှင့် ဆိုလေသောအခါ ညိုအောင်သည် ရုတ်တရက် ဘာပြန်ပြောရမည် မသိဘဲ ငိုင်နေမိလေသည်။ နောက်မှ လူးလွန့်လှုပ်ရှားကာ …

"ကျွန်တော်လည်း သင်းသင်းအေးကို အနှောင့်အယှက် မပေးသိုပါဘူး။ အရင်တစ်လောတွေက သင်းသင်းအေးနဲ့ ကျွန်တော်ဟာ အကြောင်းကြောင်းတွေကြောင့် အဆင်မပြေဖြစ်ရတာကလွဲလို့ ကျွန်တော် သင်းသင်းအေးနဲ့ ကင်းကင်းဝေးဝေးပဲ နေခဲ့တယ်မဟုတ်လား။ ပြန်စဉ်းစားပါဦး၊ ကျေးဇူးတင်တတ်ရင် သင်းသင်းအေးအနေနဲ့ ကျွန်တော့်ကို ကျေးဇူးတောင် တင်ဖို့ကောင်းသေးတယ်"

သည်တစ်ခါတော့ ညိုအောင်က စကားနှင့် အနိုင်ယူလေသည်။ သင်းသင်းအေးက နှုတ်ဆိတ်နေသည်။ ညိုအောင်က ပြုံးလျက် သင်းသင်းအေးအား ဖျတ်ခနဲ မျက်လုံးလှန်ကြည့်ကာ …

"ကိုင်း၊ သင်းသင်းအေး မေးချင်တယ်ဆိုတာ ဒါပဲမဟုတ်လား၊ နောင်ကို သင်းသင်းအေးကို ကျွန်တော် မနှောင့်ယှက်ဖို့ ကတိပေးပါတယ်၊ သင်းသင်းအေးကလည်း ကျွန်တော့်ကို မနှောင့်ယှက်ဖို့ ကတိပေးပါ"

"အလို၊ ကျွန်မက အဲဒီကကို ဘားများ နှောင့်ယှက်လို့လဲ၊ ဖြစ်မှ ဖြစ်ရလေရှင်"

"ဟာ ခုနှောင့်ယှက်တာပေါ့၊ ခု သင်းသင်းအေးက ကျွန်တော့်ကို သက်သက်မဲ့ခေါ်ပြီး ကျွန်တော့်စာကြည့်ချိန်တွေ ဖြုန်းပစ်လိုက်တယ်မဟုတ်လား၊ စာအုပ်နဲ့ မျက်စိ အပြတ်မခံနိုင်တဲ့ ခုလိုအချိန်မျိုးမှာ ကျွန်တော့်အဖို့ နာရီဝက်ဆိုတဲ့ အချိန်ကလည်း မနည်းဘူး"

ညိုအောင်က သူ့ထုံးစံအတိုင်း မှင်သေသော မျက်နှာထားနှင့် သင်းသင်းအေးအား စမြဲစကာ ကလိနေပြန်သည်။ သင်းသင်းအေးက မျက်နှာနီမြန်းနေကာ …

"သူများ ကြားမကောင်းအောင် မပြောပါနဲ့ရှင်၊ အဲဒီကကို ဘာဖြစ်လို့ ကျွန်မက အားအားယားယား ခေါ်ရမလဲ၊ စာကြည့်ချိန်ကို အနှောင့်အယှက် ပြုမိတယ်ဆိုရင် တောင်းပန်ပါတယ်ရှင်၊ ကဲ"





"ကဲဆိုတဲ့ စကားကလွဲလို့ သင်းသင်းအေး တောင်းပန်တာကို ကျေနပ်ပါတယ်"

သည်တော့လည်း မထူးတော့သည့် အတူတူမို့ သင်းသင်းအေးက ဘာမှပြန်မပြောတော့၊ မျက်မှောင်ကုတ်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားလေသည်။ ညိုအောင်က သင်းသင်းအေး မျက်နှာလေးကို အသေအချာ စိုက်ကြည့်ပြီး ထိုင်ရာမှ မြုံးဆိုထလျက် …

"သင်းသင်းအေး ကျွန်တော့်ကို ပြောစရာစကားတွေ ရှိသေးသလား"

"မရှိဘူး မရှိဘူး"

"မရှိရင် ကျွန်တော် ပြန်မယ်နော်"

သင်းသင်းအေးက ဘာမှမပြောတော့ဘဲ ထိုင်နေရာမှ ခပ်ဆောင့်ဆောင့် ထလိုက်လေသည်။ ညိုအောင်က သွားမပေါ်ဘဲ နှုတ်ခမ်းစေ့ကာ ပြုံးလျက်…

"ကျွန်တော့်ကို ဂိတ်ဝအထိ လိုက်မပို့နဲ့တော့လေ၊ သူများတွေ အထင်လွဲနေဦးမယ်၊ နေပါစေ" ဟု ပြောမိအောင် ပြောမိလေသည်။

သည်တစ်ခါတော့ သင်းသင်းအေးက ညိုအောင့် အကြောင်းသိသည့်အလား စိတ်မဆိုးတော့ပေ။ မျက်နှာကလည်း ရယ်ချင်စိတ်ကို သိုသိပ်ထားရသော မျက်နှာထားမျိုးနှင့် အပေါ်နှုတ်ခမ်းကို ကိုက်ထားလေသည်။ ညိုအောင်က ဧည့်ခန်းဆောင် အဝနားဆီသို့ လျှောက်သွားရင်း …

"သင်းသင်းအေးကို ကျွန်တော်တွေ့တိုင်း ပျော်တယ်၊ ပျော်တော့ စမိနောက်မိတယ်၊ ဒီလို စတိုင်း၊ နောက်တိုင်း သင်းသင်းအေးက စိတ်ဆိုးတယ်နော်"

သင်းသင်းအေးက စကားမပြော၊ မျက်လုံးတောက်တောက်လေးများနှင့် လှမ်းကြည့်လိုက်လေသည်။

"ကျွန်တော့်နှမ အငယ်ဆုံးလေးက သင်းသင်းအေးလိုပဲ၊ အင်မတန် စလို့ကောင်းတယ်၊ ခု (၁၅)နှစ်ရှိပြီ၊ နောက် နှစ်နှစ်လောက်ဆိုရင် ကောလိပ်ရောက်မှာပဲ၊ ကျွန်တော် အစလွန်သွားတဲ့အခါ တစ်ခါတလေ အဟုတ်တကယ် စိတ်ဆိုးပြီး စကားမပြောဘဲနေတာ တော်တော်ကြာတယ်၊ ဒါပေမဲ့ အစ်ကိုဆိုတော့



www.burmeseclassic.com

မုန်းတော့မမုန်းဘူး၊ ကျွန်တော်နဲ့ ခွဲရတဲ့အခါ ညီတွေနှမတွေထဲမှာ သူ့အသည်းခုံးပဲ၊ ကျောင်းဖွင့်လို့ တစ်ခါတစ်ခါ ကျောင်းပြန်လာရင် မျက်ရည်နဲ့မျက်ခွက်၊ ကျွန်တော့်ကိုလွမ်းလို့ စာတွေရေးရတာလည်း အမော၊ သင်းသင်းအေးရော နွေကျောင်းပိတ်ရက်တွေမှာ လွမ်းနေမှာပဲလား"

"အိုး၊ အဲဒီကနဲ့ ဘာဆိုင်လို့"

"ကျွန်တော့်ကိုဆိုလိုတာ မဟုတ်ပါဘူးဗျာ၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ်ပေါ့၊ သင်းသင်းအေးမှာ လွမ်းတတ်တဲ့စိတ် မရှိဘူးလားလို့၊ မိတ်ဆွေတို့ ဘာတို့ပေါ့"

"မလွမ်းတတ်ပါဘူး၊ လွမ်းဖို့အချိန်လည်း မရှိပါဘူး၊ အမေ့ရဲ့စီးပွားရေး လုပ်ငန်းကို ကျွန်မတို့က နွေရာသီမှာ ကူနေရတာ"

"ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်၊ သင်းသင်းအေးဟာ လိမ္မာတဲ့ မိန်းကလေးပဲ၊ စိတ်ထားကလည်း တည်ငြိမ်တော့ ပြောစရာမရှိဘူးပေါ့ဗျာ၊ အများအားဖြင့်တော့ မိန်းကလေးတွေရဲ့ စိတ်နေသဘောထားက ပျော့ပျောင်းတယ်၊ ကျောင်းကိုလာရင်လည်း အိမ်ကိုလွမ်းပြီး ငိုတတ်ကြသတဲ့၊ အိမ်ရောက်ပြန်တော့လည်း ကျောင်းကမိတ်ဆွေတွေ ဘာတွေ ညာတွေကိုပေါ့ဗျာ လွမ်းတတ်တယ်တဲ့၊ သင်းသင်းအေးမှာလည်း အဲလို လွမ်းရမယ့်လူ မပေါ်ပါစေနဲ့လို့ ဆုတောင်းပါတယ်"

"အဲဒီက ဆုတောင်းစရာ မလိုပါဘူး"

"မလိုရင်လည်း ပြီးတာပဲ၊ ကျွန်တော်ပြန်မယ်၊ အဲ မပြန်ခင် တစ်ခုတော့ မေးပါရစေဦး"

အခန်းဝတွင် ညီအောင်က ရပ်လိုက်လေသည်။ လှေကားမှ အပေါ်ထပ်ဆီသို့ တက်ရန် ခြေလှမ်းပြင်နေသော သင်းသင်းအေး၏ ခြေလှမ်းများက တန့်သွားလေသည်။ ညီအောင်က သင်းသင်းအေး၏ မျက်လုံးများကို စိုက်ကြည့်ကာ ...

"ကျွန်တော့်ကို ဘာဖြစ်လို့ 'အဲဒီက' 'အဲဒီက' ခေါ်ပြီး စကားပြောရတာလဲ"

သင်းသင်းအေးက မဖြေ။ မျက်လွှာချနေသည်။ ညီအောင်က ဆက်၍...





"အဲဒီကလို့ခေါ်တာ နားထောင်လို့လည်း မကောင်းပါဘူး၊ နာမည် ခေါ်ပါလား၊ နာမည် ရှိသားနဲ့ဟာ"

"မခေါ်ချင်ပါဘူး"

"နာမည်တောင် မခေါ်ချင်တော့ဘူးလား။ ကျွန်တော့်ကို အဲဒီလောက် မေတ္တာထားတယ်လား၊ ချစ်တယ် ခင်တယ်လား"

"အို ပြန်မယ်ဆို ပြန်ပြန်၊ မြန်မြန် ပြန်"

သင်းသင်းအေးက နှင်လွှတ်ပြီး လှေကားဆီသို့ ကပျာကယာ တက်သွားလေသည်။ ညီအောင်လည်း ဘင်တန်ညှော့ခန်းဆောင်မှ ထွက်ခဲ့ရင်း တသောသောရယ်မောနေသည်။ ဘင်တန်ဆောင်ရှေ့ ဆင်ဝင်ဝန်ရံတွင် ကပ်လျက် ပေါက်နေသော ခရမ်းပြာရောင် ပန်းကုတ်ကုတ်လေးနှင့် နွယ်ပင်များသည် လေအတိုးတွင် လှုပ်ယိမ်းကာ ကျန်ရစ်လေသည်။

* * *



www.burmeseclassic.com

# (၁၉)

၁၉၅၂-၅၃ ခုနှစ် စာသင်နှစ်ကား ညိုအောင်တို့ အုပ်စုအဖို့ အသွင်ပြောင်းလွဲသော နှစ်ဖြစ်လေသည်။ ပြောပလောက်စရာကောင်းသော နှစ်တစ်နှစ်ဟုလည်း ဆိုနိုင်သည်။ ကျောင်းသားအရေးအောင်မြင်မှုတွေ အဆင့်ဆင့်နှင့် ပျော်စရာအတွေ့တွေ့ရှိသလို သမဂ္ဂအမှုဆောင် လုပ်ငန်းတွေကလည်း ကြီးမား များပြားလှပေသည်။

အလုပ်ကို စိတ်ပါလက်ပါ လုပ်လေ့ရှိသော ညိုအောင်က အလုပ် လုပ်ရသည်ကိုပင် ပျော်နေသည်။ ညိုအောင့်အဖို့ သမိုင်းပေးတာဝန်ကို အင်တိုက် အားတိုက် ထမ်းရွက်ရသည်ဟု ယုံလည်းယုံကြည်မိလေသည်။ သမဂ္ဂအမှုဆောင် နေရာ တစ်နေရာမှမယူခဲ့သော်လည်း ကန့်လန့်ကာနောက်ကွယ်မှ လုပ်ပေးခဲ့ရ၍ အစစအရာရာ ညိုအောင့် အကြံဉာဏ်၊ ညိုအောင့် ဖန်တီးချက်၊ သူ့လုပ်ဆောင်ချက် များကို အများက ကျေနပ်မှုရရှိခဲ့ပေသည်။

တကယ်တော့ သမဂ္ဂအမှုဆောင်သည် အမျိုးသားရေးလုပ်ငန်းများတွင် ပါဝင်ထမ်းရွက်ရင်း အမျိုးသားပညာရေး တည်ဆောက်ရေးလုပ်ငန်းများတွင် ကြိုးပမ်းခဲ့လေသည်။

ဟိုရှေး ယခင်ထဲကဆိုပါတော့။ လွတ်လပ်ရေးကြိုးပမ်းစဉ် အရင်းရှင် နယ်ချဲ့ကိုတိုက်ခဲ့ရာ၌ တပ်ဦးမှ ရှပ်ရှပ်ချွံချွံ ပါဝင်ခဲ့လေသည်။ အနာဂတ် မြန်မာပြည်၏အကျိုးအတွက် ကြီးမားသောအခန်းကဏ္ဍမှ မလွဲမသွေ ဦးလည်းမသုန် ပါဝင်ခဲ့လေသည်။ 'တ·က·သ'သည် မြန်မာပြည်သူများအကြားတွင် နိုင်မာစွာ ရပ်တည်ခဲ့လေသည်။



www.burmeseclassic.com

၁၉၃၅-၃၆ ခုနှစ်မှအစပြု၍ သမဂ္ဂဥက္ကဋ္ဌ ဦးနုသည် တန်ခိုးထွားသော နယ်ချဲ့သမားကို စတင် အံတုခဲ့လေသည်။ အရိုအသေပေးမှု၊ ဆာ(Sir) ထူးမှုကို ကြိုက်သော နယ်ချဲ့ကိုယ်စားလှယ် ကျောင်းအုပ်ကြီး မစ္စတာစလေ့အား ဥက္ကဋ္ဌက ကျောင်းသားဘက်မှရပ်တည်ကာ စာရေးလိုက်သဖြင့် ကျောင်းမှ ထုတ်ပစ်လိုက်လေသည်။

ထို့ပြင် ဆောင်းပါးရှင် ဦးညိုမြ ရေးသားခဲ့သော 'ငရဲခွေးကြီး လွှတ်နေပြီ' (Hell hound at large) ဆောင်းပါးနှင့်ပတ်သက်၍ အိုးဝေ တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းက ထုတ်ဖော်မပြောသဖြင့် ကိုအောင်ဆန်းအား ကျောင်းမှ ထုတ်ပစ်လိုက်ပြန်သည်။ ဤတွင် ကျောင်းသားအရေးတော်ပုံကြီး ပေါ်ပေါက်လာလေသည်။ အရေးတော်ပုံသည် တစ်ပြည်လုံးပျံ့နှံ့ခဲ့ကာ တက္ကသိုလ်မှစ၍ အထက်တန်းကျောင်းသားများအထိ သပိတ်မှောက်ခဲ့လေသည်။ ဤကား နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲအစပင်တည်း။

၁၉၃၆-၃၇ ခုနှစ်

သမဂ္ဂဥက္ကဋ္ဌ ဦးရာရှစ်သည် ကျောင်းသားသပိတ် ရှေ့တန်းခေါင်းဆောင် တစ်ဦးဖြစ်၍ ၁၉၃၆ ခုနှစ်တွင်ဖွဲ့စည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂ၏ ပထမဆုံး ဥက္ကဋ္ဌလည်းဖြစ်၏။ ပထမဆုံး တကသ ကိုယ်စားလှယ် ကောင်စီလူကြီးအဖြစ် တာဝန်ယူလုပ်ဆောင်ခဲ့သည်။

၁၉၃၇-၃၈ ခုနှစ်

ထိုနှစ် ဥက္ကဋ္ဌဦးဘဂျမ်းသည် ဂျပန်ခေတ် အာရှလူငယ်အစည်းအရုံးကို တည်ထောင်သူဖြစ်ကာ 'ဗ·လ·စ' လူငယ်အမည်နှင့် တွဲလျက်ကျော်ကြားသူ ဖြစ်လေသည်။ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရ အဖွဲ့ဝင် ဝန်ကြီးတစ်ဦးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးတစ်ဖွဲ့လုံး လုပ်ကြံသတ်ဖြတ်ရာတွင် မသေလို့ကျန်ရစ်သူ ဖြစ်လေသည်။

၁၉၃၈-၃၉ ခုနှစ်

ကိုအောင်ဆန်း (ဝါ) ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၃၆ ခုနှစ် သပိတ် ပြန်ကြားရေးတာဝန်ခံဖြစ်ပြီး ၁၉၃၆-၃၇ ခုနှစ် တ·က·သ ဒုတိယဥက္ကဋ္ဌဖြစ်၍





ဗ·က·သ ပထမဦးဆုံး အတွင်းရေးမှူးဖြစ်ခဲ့သည်။ ကုလားဗမာ အဓိကရုဏ်းကြောင့် ဒုက္ခရောက်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ အရေးတော်ပုံတွင် ဖွဲ့စည်းပေးခဲ့ရသော ဆာမြဘူး အစီရင်ခံစာကို ကန့်ကွက်ခဲ့၍ ဒေါက်တာဘမော်အစိုးရ၏ တက္ကသိုလ်အက်ဥပဒေကြမ်း အစီအစဉ်ကို လက်မခံခဲ့ပေ။ အောက်တိုဘာလတွင် ကျောင်းထွက်၍ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကာ နိုင်ငံရေးကို အချိန်ပြည့်လုပ်လေသည်။

၁၉၃၈-၃၉

ထိုနှစ်မှာပင် ကိုအောင်ဆန်း နှုတ်ထွက်သွားသဖြင့် ကိုဗဟိန်းက ဥက္ကဋ္ဌအဖြစ် ဆက်လက် တာဝန်ယူရလေသည်။ ကိုဗဟိန်းသည် တစ်ချိန်တည်း မှာပင် ဗ·က·သ ဥက္ကဋ္ဌဖြစ်လေသည်။ ကိုဗဟိန်းသည် ဗ·က·သ ဥက္ကဋ္ဌအဖြစ် ပို၍ ကျော်ကြားလေသည်။ ၁၉၃၈ ခုနှစ် ရေနံမြေသပိတ် ပေါ်ပေါက်လာကာ ရန်ကုန်မြို့သို့ ချီတက်ဆန္ဒပြရန် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရေနံချောင်းမှ ထွက်ခဲ့ကြ၏။

ကိုဗဟိန်းသည် ထိုစဉ်က တ·က·သ အထွေထွေအတွင်းရေးမှူး ကိုဗဆွေနှင့်အတူ သပိတ်သားများနှင့်တွေ့ရန် ခရီးထွက်ခဲ့ကြပြီး မကွေးမြို့၌ ရေနံမြေမှ ချီတက်လာသော သပိတ်သားများအား တရားဟောနေစဉ် အဖမ်းခံခဲ့ ရလေသည်။

ထိုနှစ်မှာပင် ကျောင်းသားများသည် အတွင်းဝန်များရုံးသို့ ချီတက် ဆန္ဒပြကြရာ ဂေါ်ရာစားသင်များက မြင်းနှင့်တိုက်၊ နံပါတ်တုတ်နှင့် ရိုက်သဖြင့် ဂျပ်ဆင်ကောလိပ်မှ ကိုအောင်ကျော် ကျဆုံးခဲ့လေသည်။ ကျောင်းသားအများအပြား ဒဏ်ရာရခဲ့ကြသည်။ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား သပိတ်ပေါင်းစုံ စုစည်းမိကာ ၁၃၀၀ ပြည့် အရေးတော်ပုံဟု သမိုင်းဝင်မှတ်တမ်း တင်ခဲ့ကြရသည်။

၁၉၃၉-၄၀

၁၃၀၀ အရေးတော်ပုံတွင် အာဇာနည်ရှင် ကိုလှရွှေဟု ကျော်ကြားခဲ့သူ ဖြစ်သောကြောင့် ကိုလှရွှေသည် ၁၃၀၀ ပြည့် အရေးတော်ပုံ၏ အမှတ်အသား ဖြစ်လေသည်။ ၁၉၃၆-၃၇ ခုနှစ်တွင် တ·က·သ အတွင်းရေးမှူး၊ ၁၉၃၈-၃၉



www.burmeseclassic.com

ခုနှစ်တွင် တ·က·သ ဒုတိယဥက္ကဋ္ဌ၊ ၁၉၃၉–၄၀ တွင် ဥက္ကဋ္ဌဖြစ်လာလေသည်။ သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်း အဖမ်းခံရပြီးနောက် ကိုလှရွှေသည် အရေးတော်ပုံကြီးကို ဆက်လက် ခေါင်းဆောင်ကာ တိုက်ပွဲဝင်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် တ·က·သမှကြီးမှူးသော ဗိုလ်အောင်ကျော် ကျဆုံးသော နေ့ကို အာဇာနည်နေ့ဟု သတ်မှတ်ပြီး ပထမဦးဆုံး ကျင်းပလေသည်။

၁၉၄၀–၄၁

၁၉၃၈–၃၉ နှစ်တွင် တ·က·သ နှင့် ဗ·က·သ အထွေထွေအတွင်းရေးမှူး ဖြစ်ခဲ့သော ကိုဗဆွေသည် တ·က·သ ဥက္ကဋ္ဌဖြစ်လာလေသည်။ မကွေးမြို့တွင် ရေနံမြေသပိတ်သားများအား တရားဟောစဉ်၊ ဥက္ကဋ္ဌဗဟိန်းနှင့်အတူ ဖမ်းဆီးခြင်း ခံခဲ့ရလေသည်။ ထိုနှစ်တွင် ဆာမြဘူးအစီရင်ခံစာ တိုက်ဖျက်ရေးအတွက် ဆက်လက်လုပ်ဆောင်ခဲ့ပြီး တက္ကသိုလ်အက်ဥပဒေပြင်ဆင်ရေးအတွက် အရေးဆိုခဲ့သည်။ ကျောင်းဆောင်ခများ လျှော့ပေါ့ရေးအတွက် တောင်းဆို အောင်မြင်ခဲ့လေသည်။

၁၉၄၁–၄၂ ခုနှစ်

ထိုနှစ် တ·က·သဥက္ကဋ္ဌမှာ ကိုလှမောင်ဖြစ်သည်။ ၁၉၃၆–၃၇ ခုနှစ်ထဲက အမှုဆောင်ဖြစ်ကာ နိုင်ငံတကာတက္ကသိုလ်များနှင့် ဆက်ဆံရေးအဖွဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။ ထိုစဉ်အခိုက် ဒုတိယ ကမ္ဘာစစ်မီးသည် အရှေ့အာရှတိုက်သို့ ကူးစက်လာသည်နှင့် ရန်ကုန်တက္ကသိုလ် ပိတ်လိုက်ရကာ တ·က·သ လုပ်ငန်းများလည်း ခေတ္တရပ်ဆိုင်း လိုက်ရလေသည်။

* * *

သို့နှင့် ကျောင်းအဖွင့် မိုးဦးအစကတည်းကပင် ညိုအောင်၏ အတွေးများသည် သမဂ္ဂလုပ်ငန်းများနှင့် ဆက်စပ်လို့နေခဲ့သည်။ စိန်ပန်းပွင့် နီတျာတျာတို့ ပွင့်ကြစဉ်ကပင် တ·က·သ ရွေးကောက်ပွဲအတွက် စိုင်းလည်း စိုင်းပြင်းကာ နေ့မအားညမအား အလုပ်လည်း လုပ်ခဲ့ကြလေသည်။

ရွေးကောက်ပွဲမတိုင်မီက အစည်းအဝေးများ လုပ်ကြသည်မှာ ည၊ည ၁၁ နာရီ၊ ၁၂ နာရီအထိ။





နံနက်တိုင်း အိပ်ရာကနိုးတိုင်း မျက်စိများ ကျိန်းစပ်နေသော်လည်း လွန်ခဲ့သော ၁၉၄၇ ခုနှစ်ထဲက တက်ကြွခဲ့သော ညိုအောင့် စိတ်တို့သည် ပြန်လည်ဆန်းသစ်လျက် အားသစ်အင်သစ်များ ပြည့်ဖြိုးပြန်လေပြီ။ သို့ကြောင့်

ခေါင်းအိုးဝေ မြည်ကြူးလို့
ရှင်မြူးတဲ့ ဗမာပြည်
လွတ်လပ်ခဲ့ပြီ။ ။

ဆိုသည်ကိုလည်းကောင်း။

ရှေ့ပြုပ္ပါတောင်ဖျားက
ဝင့်ကြွားတဲ့ ဒို့အောင်လံ
မိုးထိအောင်ပျံ့
အိုးဝေသံ မြည်ဟန်နှင့်တွန်ကျူး
ထိပ်ဦးစွန် နေခြည်ထွန်းတော့
ရဲရည်တင့်မွန်။ ။

ဆိုသည်ကိုလည်းကောင်း။

နောက်မတွန့်ပြီဘု
ကြောက်မရွံ့ သည်ဇမ္ဗူ
ခေါင်းကျူပေါ့ ချိုအေး။

ဆိုသည်ကိုလည်းကောင်း။

ရင်ထဲမြည်ကြွေးလျက် လွန်ခဲ့သောကာလမှ အိုးဝေမဂ္ဂဇင်းအဟောင်းတွင် ပါဝင်ခဲ့သော ကဗျာအလှများကို သတိရလျက်နေသေးသည်။

သူကိုယ်တိုင်ကလည်း 'အိုးဝေမြည်သံ' အမည်နှင့် ဆောင်းပါးရှည်ကြီး တစ်ပုဒ်ကိုရေးသားရန် စာအုပ်စာတမ်းအဟောင်းများကို ဖတ်လို့နေသည်။ ညိုအောင် သွားလေရာရာတွင် သူ့လွယ်အိတ်ထဲ ထိုစာအုပ်များ အပြည့်ပါတတ်သောကြောင့် ချစ်ဦးက …

"ဘွန်တေဝါးလား သတင်းစာအဟောင်း၊ စက္ကူအဟောင်းဝယ်တယ် အစ်မ" ဟု နောက်ပြောင် နေတတ်လေသည်။



www.burmeseclassic.com

ညိုအောင့်အဖို့ လွန်ခဲ့သောတစ်နှစ် နှစ်နှစ်ခန့်က အနားပေးခဲ့သော စာဖတ်သည့် အလေ့အထကို ပြန်လည်လေ့ကျင့်နေပြန်သည်။ ဆေးလိပ်တိုကို ကိုက်လျက် နဂါးဘတ်(စ်)ကား (ယခု အမှတ် ၇) မှတ်တိုင်တွေတွင် ကားစောင့်ရင်း သော်လည်းကောင်း၊ ရုပ်ရှင်ကြည့်ရင်း မီးမမိုတ်မီ အချိန်တွင်လည်းကောင်း စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေတတ်သည်။

ဖတ်သည့် စာအုပ်တွေကတော့ ဆယ့်နှစ်မျိုး ဂျင်းသုတ်လို အုပ်စုံ ဖြစ်သည်။ ဘောဂဗေဒ ပါမောက္ခ 'ဆယ်မြူရယ်ဆန်' ရေးသားပြုစုသော ဘောဂဗေဒကျမ်းလို စာအုပ်မျိုးအပြင် အောက်(စ်)ဖို့(ဒ်) တက္ကသိုလ်မှ ထုတ်ဝေသော အလုပ်လက်မဲ့ မရှိစေရသော ဘောဂဗေဒ ( the Economics of Full Employment) စသော စာအုပ်မျိုးကြီးများကို ဖတ်လေသည်။

'ဒေးဗစ်ရုပ်' ရေးသားသော လီနင်အတ္ထုပ္ပတ္တိကတော့ ပေါ့ပေါ့ပါးပါး သွားလေရာ သယ်လို့ကောင်းသော ခါးပိုက်ဆောင် စာအုပ်လေးဖြစ်သည်။ လီနင်၏ ငယ်စဉ်ဘဝ၊ ဆိုက်ဗေးရီးယား အကျဉ်းသမားဘဝ၊ ဇော်ရှီဗစ်ပါတီ မွေးဖွားလာခြင်း စသည်များကို စိတ်ပါဝင်စားလျက်ရှိလေသည်။

"လူထုဆိုတာကတော့ သူတို့ဝမ်းဗိုက်ပြည့်ဖို့အတွက် အာလူးများကိုသာ လိုချင်တဲ့ဆန္ဒ ပြင်းပြနေတာပါပဲ၊ ဘယ်လို ဖွဲ့စည်းပုံအခြေခံဥပဒေတို့ ဘယ် အစိုးရတို့ဆိုတာ သူတို့က လုံးဝ စိတ်မဝင်စားပါဘူး၊ ဒါတွေကို စိတ်ဝင်စားတဲ့ လူတွေကတော့ မြို့နေပညာတတ်လူတန်းစားပါပဲ၊ ဒါပေမဲ့ လူနည်းစုဆိုတာ ကတော့ ဘာကိုမှမလုပ်နိုင်တဲ့၊ မစွမ်းဆောင်နိုင်တဲ့ တန်ခိုးမဲ့ လူတစ်စုပါ" ဟူသော 'ဘိုင်လင်စကီ'ဆိုသော ပုဂ္ဂိုလ်တစ်ဦး၏ ရေးသားချက်ကို ညိုအောင်က ခဲတံတစ်ချောင်းနှင့် မျဉ်းတားနေသည်။

သည်လို စာအုပ်ထဲ၌ နစ်မွန်းနေသောအခါမျိုးတွင် အနီးမှ သန်းဌေးက စက်သေနတ်ပစ်သလို ဒလစပ် ပြောကြားနေသော စကားများကို ပါးစပ်မှ အင်း လိုက်နေသော်လည်း တစ်လုံးတစ်ပါဒမှ မကြားဘဲနေသည်။

ဤသို့လျှင် ညိုအောင်မှာ သန်းဌေးပြောသရွေ့ တစ်လုံးတစ်ပါဒမှ မကြားသည့်အဖြစ်ကို သန်းဌေးက ရိပ်မိကာ ညိုအောင်အား မဆီမဆိုင်





မေးခွန်းတစ်ခုကို ဖျတ်ခနဲ မေးလိုက်သောအခါ ညိုအောင်က ကြောင်နေသည်ကို တွေ့ရသည်။ သည်တော့ သန်းဌေးက စိတ်ဆိုးမာန်ဆိုးနှင့် ညိုအောင့်အား ဆဲရေးနေလေသည်။

"ခွေးမသား၊ ငါကတော့ ဖတ်ဖတ်မောလို့ ပြောလိုက်ရတာ၊ မအေသေရာကဖြင့် လှုပ်တောင် မလှုပ်ဘူး"

သည်အခါတွင် ချစ်ဦး၊ အောင်မောင်းနှင့် အာသာတို့က တသောသော ရယ်မောနေကြလေသည်။

* * *



www.burmeseclassic.com

## (၂၀)

ညှိုအောင်တို့အားလုံး အဆောင်မှထွက်ခဲ့ကြကာ မင်္ဂလာဒုံလမ်းဘက်ဆီက ရိပ်ကောင်းမှောင်မှောင် စိမ်းညို့ရောင်နှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိသော မရမ်းပင်များရှိရာသို့ လာခဲ့ကြလေသည်။ မရမ်းပင်အုပ်ထဲတွင် ချစ်ဦး၊ အာသာနှင့် အောင်မောင်းတို့ လူစုသည် ဒိုးပတ် အတီးကျင့်နေကြသည်။

ဒိုးပတ်ဆိုသည်မှာ 'ဗုံ'တွင် အကျုံးဝင်သော သားရေတူရိယာတစ်မျိုးဖြစ်လေသည်။ သားရေတွင် ပတ်စာတပ်၍ လက်ဖြင့်တီးရသော 'ဗုံ'အမျိုးအစားဖြစ်သည်။ မြန်မာ့ရိုးရာအမျိုးသား တူရိယာဖြစ်သလို တောင်သူလယ်သမား ဆင်းရဲသားပိုင်းမှ အများဆုံး အသုံးပြုခဲ့သောကြောင့် ပြည်သူ့သုံးပစ္စည်းလည်း ဖြစ်လေသည်။

ဒိုးနှင့် ပတ်တည်းဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်လိုက်လျှင် လည်ပင်း၌လွယ်ကာ လက်နှင့်ရိုက်ပုတ်၍ တီးရသောတူရိယာဟု အနက်အဓိပ္ပာယ် ကောက်ယူနိုင်လေသည်။

ဒိုးပတ်သည် ရှင်ဘုရင်ကြိုက် ထီးသုံးနန်းသုံး မဟုတ်မူ၍ မျက်နှာငယ်ခဲ့ရှာလေသည်။ သို့သော်လည်း ပြည်သူအများ ဆင်းရဲသား ကာလသားကြိုက်ဖြစ်သောကြောင့် ကျေးလက်တောရွာ အလှူပွဲတို့၌ ဒိုးပတ်သံ တခြိမ့်ခြိမ့်ကို ကြားရမည်သာ ဖြစ်လေသည်။ စိတ်လှုပ်ရှား တက်ကြွစေသောအခါ၌ ဒိုးပတ်အတီးများသည် များစွာ အသုံးဝင်လျက်ရှိလေသည်။

'ဒိုးပတ်အယိုင်' တီးရာ၌ စည်းချက်သွက်လက်စွာ တီးလိုက်လျှင်



www.burmeseclassic.com

က,ပြသူကလည်း သွက်လက်ဖျတ်လတ်စွာ က,ပြသည်။ မြိုင်ဆိုင်လှသည့် ဒိုးပတ်သံကို ကြားရလျှင် မက,တတ်သောသူများပင် ရှိုးတိုးရှတန့် ဖင်တကြွကြွ၊ ခြေတလှုပ်လှုပ်၊ လက်တလှုပ်လှုပ်နှင့် ဖြစ်နေတတ်ကြသည်။ ဒိုးပတ် အဟိုင်တီးတွင် အများအားဖြင့် အပြောင်က,များသာ က,ပြလေ့ရှိပြီး လက်လှုပ်ရာတွင်လည်းကောင်း၊ ခြေလှုပ်ရာတွင်လည်းကောင်း စည်းဝါးကိုက်စေရသည်။ ရယ်စရာဖြစ်အောင်လည်း က,ပြနိုင်စွမ်းရှိရသည်။ သို့ မက,ပြနိုင်လျှင် ဒိုးပတ်အကသည် အနုပညာ မမြောက်တော့ပေ။

ညိုအောင်တို့ ခေတ်တစ်ခေတ်မှ အစပြု၍ ရန်ကုန်တက္ကသိုလ်တွင် ဒိုးပတ်အတီး ခေတ်စားလာသည်ဟု ညိုအောင်က တွေးထင်မိလေသည်။ နောင်၌ ဒိုးပတ်နှင့် အိုးစည်ဗြိုင်ပွဲများ တခြိမ့်ခြိမ့် ကျင်းပနိုင်ခဲ့လေသည်။ ယခင်က ခေတ်စားလျက်ရှိသော အနောက်တိုင်း 'ဘင်ခရာ' တေးဂီတအသံနှင့် ချီးပန်းအက Rock 'N Roll တီးလုံးများအကြားတွင် ဒိုးပတ်သံများက ထိုးဖောက်လျက် ရှိလေသည်။

အာသာတို့လို ဘောင်းဘီဝတ် သတ္တဗေဒကျောင်းသားများပင် ချစ်ဦး၊ အောင်မောင်းတို့နှင့် ပေါင်းကာ ဒိုးပတ်ကို လက်သွေးခြည်ဥအောင် တီးတတ်နေပေပြီ။

*ချစ်ပါတဲ့…ကြိုက်ပါ၊ လှပျို့တွေ လယ်ကန်သင်းက…ပျင်းတိုင်း*
*နေ့တိုင်းလာ…။*
*မချစ်သာလို့ နေပါသေးတယ်…မကြိုက်သာလို့ နေပါသေးတယ်၊*
*နှမလေး ကိုယ်မအားတယ်…ရဲစားနှင့်လေး…။*

နည်းပြဆရာ ကိုထိုက်အောင်က ဒိုးပတ်အတီးကျင့်ရန် စီစဉ်ပေးသည်။ အောင်မောင်းနှင့် အာသာတို့က တီးကာ ချစ်ဦးနှင့် ချစ်ဦး ခါးလယ်လောက်သာရှိသော ဂျပုလေး တင်ကြည်ဆိုသူက ကွေးနေအောင် က,ကြသည်။ သိန်းမောင်နှင့် သန်းဌွေးတို့က လက်ခုပ်တီးပေးသည်။ ညိုအောင်ကမူ ပထမသာ လက်ခုပ်တီးပေးလျက် နောက် ဘိန်းမှိန်းသလို ဆေးပေါ့လိပ်ကို မှိန်းရင်း 'ဆမ်းမားဆက်မွန်' ရေးသားသော 'ကိတ်မုန့်နှင့် သပြက်ရည်' ဝတ္ထုကို ဖတ်နေသည်။





များမကြာမီပင် ချစ်ဦးနှင့် အောင်မောင်းတို့က ချွေးတွေသံတွေနှင့် ညိုအောင့် အနီးတွင် လာထိုင်ကြသည်။ ချစ်ဦးက မရမ်းပင်စည်ကိုမှီကာ မြေပေါ် ဖိနပ်ခုထိုင်နေသော ညိုအောင်၏ ပေါင်ကို လှမ်းပုတ်လျက်…

"ဟေ့ ညိုအောင်ကြီး"

တဟောဟော မောနေရာမှ လှမ်းခေါ်လိုက်လေသည်။

ညိုအောင်က ချစ်ဦး၏လက်ကို လှမ်းသာကိုင်လိုက်ပြီး သူ့ စာအုပ်ဆီမှ မျက်နှာမခွာ။ စာအုပ်ကိုသာ သဲသဲမဲမဲ ကြည့်နေသည်။ ချစ်ဦးက ညိုအောင့် စာအုပ်ကို ဖတ်ခနဲ ဆွဲလုကာ …

"နေစမ်းပါဦး။ ဒီစာအုပ်ကို ဘေးချိတ်ထားလိုက်၊ မင်းကို စာအုပ်ထက် အရေးကြီးတာ ပြောမလို့ကွ"

"ပေးစမ်းပါ၊ ပေးစမ်းပါ ငါ့စာအုပ်ကို၊ မှတ်ထားတဲ့ စာမျက်နှာတွေ တစ်ခါတည်းသွားပြီ၊ ဒီကောင်တယ် ရှုပ်တဲ့ကောင်ပဲ"

"မရှုပ်ပါနဲ့ကွ၊ ငါ အကောင်းပြောမှာပါ၊ သင်းသင်းအေး မနေ့ညနေက အဆောင်ရောက်လာပြီကွ"

"ဒါ ဆန်းသလားကွ၊ သူ့ အမေဆုံးလို့ အလာနောက်ကျတာပဲ၊ ဟိုမှာ ရက်လည်ပြီးရင်ဖြစ်ဖြစ် နေသားကျရင်ဖြစ်ဖြစ် သူရောက်လာမှာပေါ့၊ ကျောင်းဆက်နေဖို့ သူ့မှာ အခြေအနေ ရှိနေတာပဲဟာ"

"ဟ အမေတစ်ယောက်လုံးဆုံးတာ မကြေကွဲလို့ ဝမ်းသာနေရမှာလားဟကောင်ရ"

"အေးလေ၊ ဒါကြောင့် ကြေကွဲနေပါတယ်လို့ဆိုနေ၊ ဒီလိုအခါမျိုးမှာ မင်း သွားအားပေးဖို့ကောင်းတယ်"

အာသာက သူ့ကိုယ်က ချွေးများသုတ်ကာ ရှပ်အင်္ကျီကို ထပ်ဝတ်လျက်…

"ကိုညိုအောင်ကြီးနဲ့ ကံတူ အကျိုးပေးဖို့"

ဝင်ပြောလိုက်ရာ ညိုအောင်မှာ မျက်လုံးပြူးသွားလေသည်။

"ဘာတုံးကွ၊ ငါ့အမေက အကောင်းကြီးပါကွာ၊ နိမိတ်မရှိတာတွေ မလုပ်စမ်းပါနဲ့"



www.burmeseclassic.com

"မဟုတ်ပါဘူး၊ ကျွန်တော်ပြောတာ တခြားပါ၊ သင်းသင်းအေးက ကိုညိုအောင်ကြီးလိုပဲ၊ ဂုဏ်ထူးတစ်ခုချိတ်ပြီး အောင်တယ်လို့၊ ရတောင့်ရခဲ နိုင်ငံသမိုင်းဘာသာနဲ့လေ၊ ကိုညိုအောင်က လောဂျစ် ဂုဏ်ထူးရတယ် မဟုတ်လား၊ အဲဒါပြောတာ"

"အေး၊ အဲလို လုပ်စမ်းပါကွ၊ မင်းဟာ ဘာများလဲလို့"

"ကျွန်တော်က ခင်ဗျားတို့ချင်း လိုက်ဖက်သင့်ကြောင်း ပြောမလို့ပါ၊ သင်းသင်းအေးတို့ အုပ်စုမှာ သင်းသင်းအေးနဲ့ နော်စီစီက မတ်လမှာ တစ်ခါတည်း အောင်ကြတဲ့အပြင် သင်းသင်းအေးက ဂုဏ်ထူးရတယ်၊ တင်တင်ဝင်းနဲ့ ဝင်းဝင်းမော်တို့ကတော့ ဇွန်လမှာ ထပ်ဖြေပြီးမှ အောင်တယ်၊ ဇွန်မင်းသမီးတွေပေါ့၊ ကျွန်တော်တို့ဆီက ချစ်ဦး၊ အောင်မောင်းနဲ့ ကိုသန်းဌေးတို့လိုပေါ့၊ ဘဝဆက်တိုင်း ဇွန်မင်းသား ဖြစ်နေရမယ်ဆိုရင်"

ချစ်ဦးက အာသာ စကားမဆုံးမီပင် အာသာ အနီးသို့ ပြေးလာကာ အာသာ့ပါးစပ်ကို လက်နှင့်ပိတ်ပြီး …

"မအေပေး ချေးစားတဲ့ ပါးစပ်ပုတ်ကြီးနဲ့ ပြောဦး…ပြောဦး" ဟု ပြောလျက် အာသာ့နားရွက်ကို တအား ဆွဲလိမ်လိုက်လေသည်။

အောင်မောင်း၊ သိန်းမောင်နှင့် သန်းဌေးတို့က ရယ်မောနေကြသည်။ ညိုအောင်က သူ့ဆေးပေါ့လိပ်တိုနှင့် ချစ်ဦးကို လှမ်းပေါက်လိုက်လေသည်။ ထို့နောက် သူ့ရုပ်အင်္ကျီအိတ်ထဲ နှိုက်စမ်းကာ ဆေးပေါ့လိပ်အသစ်ကို ထုတ်ယူပြီး မီးညှိနေပြန်သည်။

သန်းဌေးနှင့် သိန်းမောင်တို့က ပြန်ရန် ထကြလေသည်။ ခြေပစ် လက်ပစ်နှင့် ထိုင်နေကြသော ချစ်ဦးနှင့် အောင်မောင်းတို့က ထလိုက်ကြလေသည်။

သန်းဌေးနှင့် သိန်းမောင်က ရှေ့ဆုံးမှ အတူတွဲလျက် လျှောက်သွားကာ အောင်မောင်း၊ အာသာနှင့် ချစ်ဦးတို့ တစ်ယောက်လည်ပင်း တစ်ယောက် ဖက်လျက် ယိမ်းတိယိမ်းထိုး လျှောက်သွားကြလေသည်။ ညိုအောင်က ဆေးပေါ့လိပ်ကို ပါးစပ်တွင်ကိုက်လျက် နောက်မှ ဖြည်းဖြည်းလိုက်လာခဲ့ လေသည်။





လမ်းလျှောက်ရင်း လေအတိုးတွင် ဆေးလိပ်မီးဖွားကျသဖြင့် ပုဆိုး ခါးပုံစကို ခါထုတ်နေသည်။ အာသာက နောက်သို့လှည့်ပြီး …

"ဗျို့ ကိုညိုအောင်ကြီး၊ ခင်ဗျား စာမေးပွဲအောင်ပွဲအတွက် ကျွေးမယ် ကတိပေးထားတယ်နော်၊ မြို့ထဲထွက်မယ်၊ ဝက်(ထ်)ဒင်းနား (အရက်ပါတဲ့ညစာ) မဟုတ်လား"

"အေးပါကွ၊ ငါမမေ့ပါဘူး၊ အိမ်ကငွေရောက်တာ စောင့်ပါရစေဦး"

"ဒါပေါ့ဗျ၊ ကျွန်တော့်ကာဆင် မျောက်မလေး အိုင်ဗီကို ရုပ်ရှင်ဖိုး ပူဇော်ပသရသေးတယ်၊ သူတို့အတွဲက တစ်ပြုံလုံးကြီး ကျတယ်လေ။ အိုင်ဗီ၊ မာဂရက်၊ ပက်ဂီ၊ ခင်ခင်ကြီး လေးယောက်စလုံးကျပြီး စတယ်လာနဲ့ မယ်ရီနှာ တော့ ဇွန်လမှာမှ အောင်ကြတယ်"

အာသာက လုံးစေ့ပတ်စေ့ ပြောနေရာ ညိုအောင်က ပြုံးလျက်…

"တို့ အာသာက တက္ကသိုလ်ကျောင်းသူ အင်ဆိုက်ကလိုပီးဒီးယား အပြုကောင်းလွန်းလို့ ကြိတ်ပြီး ပင်နယ်စလင်ထိုးရတာ အကြိမ်ပေါင်း မရေမတွက်နိုင်ဘူး"

အာသာက ချစ်ဦး၏လက်ကို ပုတ်ထုတ်ကာ ဆဲရေးနေသည်။ အောင်မောင်းက ရယ်လျက် ချစ်ဦး၏ဖက်ကို နှိမ်ကာ …

"အသံကောင်းဟစ်လို့၊ မင်းကကော ဝင်းဝင်းမော်ကတောင် ကြပ်ထွက်နေတဲ့ရုပ်မျိုးကြီး မကြိုက်ဘူး ဘာဘူးပြောတာ ဘယ်သူ့ကိုလဲ ဟင်း"

"အေပေးမ ဂျပုမလေး၊ ငါ့ကိုကြပ်ထွက်သလေး ဘာလေးနဲ့၊ ဒီကြားထဲ ကောင်မလေးတွေရှေ့မှာ သိလား၊ ဟော့ ညိုအောင်ကြီး မင်း သင်းသင်းအေးကလေ ကြပ်ဆိုတာ ဘာလဲလို့ မေးသေးတယ်တဲ့၊ သောက်ရှက်ကွဲချင်တော့ တောက်"

ချစ်ဦးက ညည်းရင်း တောက်ခေါက်လိုက်လေသည်။ အောင်မောင်းက ချစ်ဦး၏ မေးစေ့ကို မ,ကာ …

"ဒီမျက်ခွက်ကြီးလား ရှက်တာ" ဟုမေးရင်း ရယ်နေသည်။ ညိုအောင်က ရယ်ကာ ဆေးလိပ်ကို ပါးစပ်မှဖြုတ်လျက် …



www.burmeseclassic.com

သင်းသင်းအေးက ကလေးပဲကွာ၊ သူဘာယ်နားလည်မလဲ ကောင်မလေးက သိပ်ဖြူစင်တာ”

ညိုအောင်မှာ လေးနက်စွာပင် မှတ်ချက်ချမိလေသည်။

* * *



(၂၁)

အလုပ်တွေ ဒလစပ်များလွန်းသဖြင့် မှန်မှန်တက်မည် စိတ်ကူးထားသော အတန်းတွေ မတက်မိ။ သို့ကြောင့်ပင် အလွန်တက်ချင်နေသော ဆရာဒေါက်တာလှဘူး၊ ဆရာဦးဘညွန့်နှင့် ဒေါ်မြစိန် အတန်းများ ‘လွတ်’ နေလေသည်။

မအားမလပ်ရှိသည့်ကြားထဲကပင် သင်းသင်းအေးနှင့် တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာတွင် တွေ့ဆုံဖို့ရန် ညိုအောင်က အတောင့်တကြီး တောင့်တလျက် ရှိလေသည်။

သို့ ပြင်းပြသောစိတ်နှင့် တောင့်တဆဲ တွေ့မည့်တွေ့တော့ အလွန်ချောင်သော နဂါးဘတ်(စ်)ကားပေါ်တွင် ကျောင်းဂိတ်ဝထိပ်မှ အတူတကွ တက်မိလျက်သား ဖြစ်နေသည်။ မိမိက သန်းဌွေးနှင့် အတူတူ။ သင်းသင်းအေးက နော်စီစီနှင့် အတူတူဖြစ်သည်။

“သင်းသင်းအေး”

သင်းသင်းအေးက ဆတ်ခနဲ ခေါင်းမလှည့်ဘဲ ဣန္ဒြေရရပင် အသာလှည့်ကြည့်လေသည်။ စောစောက သူနှင့် အတူတကွ ကားပေါ်တက်ကြသော ညိုအောင်နှင့် သန်းဌွေးတို့ကို မြင်ခဲ့ဟန် မတူပေ။

ညိုအောင်က သင်းသင်းအေး နောက်တန်းခုံမှ ကိုယ်ကို ရှေ့သို့ကိုင်းကာ …

“ကျွန်တော် သင်းသင်းအေးဆီကို လာမလို့ပဲ၊ ခုကျောင်းရှေ့မှာကတည်းက သိပ်ကို မအားတာနဲ့”



www.burmeseclassic.com

"ကိုသိန်းမောင်နဲ့ ကိုသန်းဌေးတို့ သမဂ္ဂဝင်ခွင့် လျှောက်လွှာပုံစံတွေ လာပေးကြရင်းနဲ့ ပြောပါတယ်၊ အဲဒီက"

သင်းသင်းအေးက ပြောရင်း သူ့စကား တုံ့ဆိုင်းသွားလေသည်။ ညိုအောင့်က အသာအယာ ပြုံးလျက် ...

"ကျွန်တော် သင်းသင်းအေး ဂုဏ်ထူးနဲ့အောင်တာကို ချီးကျူးဂုဏ်ပြုချင်တာနဲ့ လာမလို့ပါ"

"အဲဒီက၊ အဲလေ၊ ကို...ကိုညိုအောင်လည်း 'လောဂျစ်' ဂုဏ်ထူးရတယ်ဆို၊ ကိုအောင်မောင်းတို့ ပြောနေကြတယ်၊ ပြီးတော့ ဂုဏ်ထူးတန်း တက်မယ်လို့ ကိုသန်းဌေးက ပြောနေတယ်"

"ဂုဏ်ထူးတန်း တက်ဖို့ကတော့ မသေချာသေးပါဘူး"

"အို၊ ဘာဖြစ်လို့"

"ကျွန်တော် အလုပ်တွေကလည်း လုပ်စရာရှိနေတယ်၊ အခြေအနေ အရပေါ့ သင်းသင်းအေး"

သင်းသင်းအေးက ဘာမှမပြောဘဲ ငြိမ်နေသည်။ နော်စီစီကမူ နှုတ်ခမ်းစူလျက် ...

"ကိုညိုအောင်များ ကျွန်မတို့ ဘင်တန်ဆောင်လာဖို့ ပင့်လိုက်ရတာ တစ်ခါမှ ပေါ်မလာဘူး၊ ကိုသန်းဌေးတို့တောင် လာကြတယ်"

"ကျွန်တော်ကတော့ အလုပ်နဲ့လာနေမှာပဲဗျ"

သန်းဌေးက ရယ်လျက် ဝင်ဖြေရာ ညိုအောင်က သန်းဌေး၏ကျောပြင်ကို ပုတ်ကာ ...

"အလုပ်နဲ့နော် အလုပ်နဲ့" ဟု စနေသည်။ သည်တော့ နော်စီစီက...

"ရီရီမြလေးက သိပ်လှတယ်နော်" ဟု ဆက်နောက်နေသည်။

သန်းဌေး၏ မျက်နှာမှာ တမဟုတ်ချင်း နီမြန်းသွားလေသည်။ သင်းသင်းအေးက ပြုံး၍သာနေသည်။ ညိုအောင်က သင်းသင်းအေးအား စိုက်ကြည့်ကာ ...

"ခုချိန်မှာ သင်းသင်းအေးဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့





ကြိုးစားရပြီဟုတ်လား၊ ကျွန်တော် ဒါလည်း အားပေးရင်း လာမလို့ပါ၊ သင်းသင်းအေး ဘယ်လို အကူအညီမျိုးမဆို လိုရင်ပြောပေါ့၊ ဟုတ်လား"

ညိုအောင်က ပြောရင်း ပိုက်ဆံလာကောက်သော စပယ်ယာအား သင်းသင်းအေးနှင့် နော်စီစီတို့ အတွက်ပါ လက်မှတ်ဖိုးပေးလိုက်ပြီးမှ 'မြို့ထဲကို မဟုတ်လား' ဟု မေးလိုက်လေသည်။

"အို၊ မဟုတ်တာ" ဟု သင်းသင်းအေးက အားနာစွာ ပြောလိုက်လေသည်။ ညိုအောင်က လက်မှတ်နှစ်စောင်ကို သင်းသင်းအေး လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

သည့်နောက်တော့ အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြသည်။ သင်းသင်းအေးမှာ မျက်နှာလေး ခပ်ညှိုးညှိုး ဖြစ်နေရှာသည်။ မျက်နှာတွင်လည်း ချောင်ကျနေကာ ပိန်နေသည်။ ညိုအောင်က သင်းသင်းအေးအား ညင်သာသော လေသံနှင့် ...

"သင်းသင်းအေး ကြည့်ရတာ ပိန်သွားသလိုပဲ၊ စိတ်ကို လွှတ်လွှတ်လပ်လပ်ထား၊ ဘာအနှောင်အဖွဲ့မှ မထားနဲ့ပေါ့၊ ပြီးပြီးတာတွေလည်း ပြန်မတွေးနဲ့ပေါ့၊ ခုလောလောဆယ် ကိုယ်ဘာလုပ်နေတယ် ဆိုတာရယ်၊ ရှေ့ကို ဘာလုပ်မယ်ဆိုတာရယ် ဒါတွေပဲ စဉ်းစားပေါ့ သင်းသင်းအေး၊ လောကကြီးမှာ စိတ်နှလုံး အေးအေးချမ်းချမ်း နေနိုင်ထိုင်နိုင်ဖို့ အရေးကြီးဆုံးပဲ"

ဖျောင်းဖျလိုက်ရာ သင်းသင်းအေးကို ဘေးတိုက်မြင်နေရသော မျက်နှာလေးမှာ ဝမ်းနည်းကြေကွဲနေပုံရလျက် ဝန်းဝိုက်သော မျက်တောင်အောက်မှ မျက်လုံးအိမ်ထောင့်စွန်းတွင် ပုလဲဥ စီနေသည်။ သည့်နောက် သင်းသင်းအေးသည် လက်ညှိုးလေးနှင့် ပုလဲဥကို အသာအယာ ဖယ်ထုတ်လိုက်လေသည်။

သူတို့အား စိတ်ပါဝင်စားစွာ ငေးကြည့်နေသော စပယ်ယာ၏မျက်နှာထားကြောင့် ညိုအောင်သည် နှုတ်ဆိတ်ကာ ငြိမ်သက်စွာ လိုက်ပါလာလေသည်။ နောက်မှ သန်းဌေးက ...

"သင်းသင်းအေးတို့ မြို့ထဲပဲလား"



www.burmeseclassic.com

"ဟုတ်ပါတယ်၊ စီတီး ဘွတ်ကလပ်မှာ စာအုပ်တွေဝယ်မလို့"

"ကျွန်တော်တို့က လွှစ္စလမ်း ကမ္ဘာသစ် ဘလောက်တိုက် သွားကြမလို့၊ သင်းသင်းအေးတို့က ပန်းဆိုးတန်း သွားရမယ်ဆိုတော့ နီးကြသားပဲ၊ အတူတူ သွားကြတာပေါ့"

သို့နှင့်ပင် အတူတကွ ဘတ်(စ်)စီးခဲ့ကာ အတူတူလမ်းလျှောက်ခဲ့ကြပြန်လေသည်။ သင်းသင်းအေးသည် ဆံပင်ကို တစ်ပတ်လျှို ကပိုကရိုထုံးလျက် အဝါနုရောင် ရိုဘီယာ ရှန်သားအင်္ကျီလက်တိုနှင့် နီညိုရောင် ပြောလင်နင်လုံချည်ကို ဝတ်ထားလေသည်။ သင်းသင်းအေးသည် ရိုဘီယာ ရှန်သားအင်္ကျီအထူကို အဝတ်များလေသည်။ သူ့တွင် အရောင်စုံ ရှိနေတတ်သည်။ မျက်နှာကို သနပ်ခါး ပေါင်ဒါမလိမ်းဘဲ ပြောင်တင်းလေး ထားထားသည်။ လောလောဆယ် သွေးပူနေတုန်းမို့ သင်းသင်းအေးသည် ပုပင်သောက ရောက်လျက်ရှိလေသည်။

ညိုအောင်က သင်းသင်းအေးကို သနားလျက် ရှိလေသည်။

"စိတ်ညစ်ရင် ရုပ်ရှင်ကြည့်တာပေါ့၊ ကျွန်တော်က စိတ်ညစ်ရင် ရုပ်ရှင်တွေ ပွဲဆက်ကြည့်တာပဲ၊ ခေါင်းမထူနိုင်အောင်မူးနေမှ လက်လျှော့တယ်"

"ကျွန်မ ရုပ်ရှင်ကြည့်ခဲတယ်၊ သိပ်ဝါသနာမပါဘူး"

"ကြည့် ကြည့်ပါလေ၊ ကြည့်ရင်း ဝါသနာပါလာလိမ့်မယ်၊ ခုနေခါတော့ ရယ်စရာကားလေး ဘာလေး အရင်ကြည့်ပေါ့"

သည့်နောက် ဟိုပြောသည်ပြော ပြောကြရင်း သင်းသင်းအေးတို့နှင့် လမ်းခွဲကြလေသည်။ နော်စီစီက နောက်သလို အတည်လိုလိုနှင့် …

"ဘင်တန်ကို ဆက်ဆက်လာလည်ဦးနော်"ဟု ဖိတ်လိုက်လေသည်။

"သန်းဌွေးနဲ့ အတူတူလာခဲ့မယ်၊ တော်နေ ခဏခဏ လာနေလို့ မျက်စိနောက်တယ်လို့ မပြောကြနဲ့နော်"

"မနောက်ပါဘူး၊ မနောက်ပါဘူး၊ မျက်စိက လူကြည့်နောက်တာပါ၊ ကိုညိုအောင် ဆိုရင်တော့ မျက်စိမနောက်ပါဘူး"

နော်စီစီက ဆက်၍ စ,နေသေးရာ ညိုအောင်နှင့် သန်းဌွေးတို့က ရယ်မောနေကြသည်။ သင်းသင်းအေးက ညိုအောင်တို့ မမြင်ကွယ်ရာ စီစီ





လက်မောင်းကို အသာလှမ်းဆိတ်လိုက်ရာ ညိုအောင်ကလည်း ကပ်ကပ်သပ်သပ် မြင်မိပြန်သည်။

* * *



www.burmeseclassic.com

## (၂၂)

ကိုသိန်းမောင်သည် အသားခပ်ဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ရည်သန့်လေသည်။ နဖူးထိပ်ပြောင်သည်။ မျက်လုံးလှ၍ နှာတံပေါ်လွင်သည်။ ရန်ကုန်သား ဇာတိဖြစ်သည်။ အသက်ကား ညီအောင်နှင့် မတိမ်းမယိမ်း နှစ်ဆယ့်လေးနှစ်ခန့်။ ဒီဂရီ ရပြီးကာ ဥပဒေသင်တန်း တက်နေသည်။

သူ့ကို သန်းဌေးကပင် ဆရာတင်ကာ တိုးတက်သော ကျောင်းသား အများစုကပင် ကိုသိန်းမောင်ကို ကြည်ညိုလေးစားလျက် ရှိလေသည်။

ကြည်ညိုလေးစားလောက်အောင်လည်း လုပ်ငန်းအမှုဆောင် အစည်းအဝေးတွေတွင်သော်လည်းကောင်း၊ လူများစုအစည်းအဝေး (Mass Meeting) များတွင်သော်လည်းကောင်း၊ ရဲရဲတောက်စကားများကို မီးဟုန်းဟုန်း တောက်ခမန်း ပြောတတ်သူ ဖြစ်လေသည်။

မကြာခဏပင် သူသည် "ပြတ်သားစမ်းပါ" ဟူသော စကားမျိုးကို ထပ်တလဲလဲ ပြောတတ်လေသည်။ တစ်ခါမှ လက်နက်မကိုင်ဘူးပါလျက် လက်နက်ကိုင် တော်လှန်ပါကိုလည်း တဖွဖွ ပြောလေသည်။ ထို့ပြင် ဝါဒရေးရာ တွင်လည်း အဆုံးစွန်ရောက်သည်အထိ ပြောသည်။

ဖြစ်နိုင်လျှင် ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ကိုးကွယ်သော ဘုရား ဆင်းတုတော် ရုပ်ပွားတော်များကိုပင် ကျောက်လမ်းခင်းပစ်ချင်သည်ဟုပင် ကြက်သီးထခမန်း အပက်စက်ဆုံး ပြောလေသည်။ ဌာပနာတိုက်များကို ဖောက်၍ ထိုငွေများနှင့် ပြည်သူ့စက်ရုံများ တည်ဆောက်ချင်သည်ဟု ရဲဘော်



www.burmeseclassic.com

အချင်းချင်း ဆုံရာ၌ ပြောလေသည်။

လူငယ်အချို့က ကိုသိန်းမောင်ကို ဩဘာပေးလျက် ရှိလေသည်။ ညိုအောင်ကို လေးစားသလောက်ပင် ကိုသိန်းမောင်ကို လေးစားကြလေသည်။ သို့ကြောင့်ပင် ကိုသိန်းမောင်သည် တိုးတက်သော ကျောင်းသား ထိပ်တန်းခေါင်းဆောင်တစ်နေရာကို တမုဟုတ်ချင်း ရယူသွားလေသည်။ သန်းဋ္ဌေးကပင် သိန်းမောင်အား ညိုအောင့်ထက် အလေးထားလေသည်။

တစ်ပြိုင်တည်းမှာပင် အလုပ်လုပ်ရာတွင် တွင်တွင်ကျယ်ကျယ် လုပ်တတ်လျက် လာဘ်လည်းမြင်ကာ အောင်အောင်မြင်မြင် လုပ်ကိုင်ဆောင်ရွက်နိုင်သော ညိုအောင်ကိုလည်း သန်းဋ္ဌေးက လက်မလွှတ်နိုင်ပေ။

ချစ်ဦးတို့ လူသိုက်ကလည်း သိန်းမောင်ကို ကြည့်မရသဖြင့် တကျိုကျို။ ညိုအောင်က အချိန်ရတိုင်း ရင်ကြားစေ့ပေးနေရသည်။ သိန်းမောင်ကလည်း ချစ်ဦးနှင့် အောင်မောင်းတို့ကလည်း သဘောတရားရေးရာတွင် ပိုင်သင့်သလောက် ပိုင်သည်ဖြစ်၍ သိန်းမောင်နှင့် အငြင်းအခုံ ဖြစ်ကြသည်။

တစ်ရက်တော့ ညိုအောင်သည် သန်းဋ္ဌေးကို တိုးတိုးတိတ်တိတ် ကမာရွတ် လက်ဖက်ရည်ဆိုင်သို့ ခေါ်ကာ ...

"ဒီမယ် သူငယ်ချင်းရ၊ လောလောဆယ်က တို့အချင်းချင်းညီညွတ်ဖို့နဲ့ ရွေးကောက်ပွဲမှာ တို့နေရာယူဖို့ပဲ၊ မင်းရဲ့လူက တစ်ခါတလေ သဘောထားတော်တော့်ကို ကျဉ်းမြောင်းတယ်၊ သူကပြောတော့ တို့ကို ကျဉ်းမြောင်းတယ်တဲ့၊ ငါ တစ်ခါတလေ သံသယဖြစ်မိတယ်ကွ၊ သူယုံကြည်တဲ့အတိုင်း ပြောမှ ပြောရဲ့လားလို့"

"ဘာဖြစ်လို့လဲကွ"

သန်းဋ္ဌေးက မှုန်တေတေ။

"မင်းကတော့ သိန်းမောင်ဆေး မိနေပြီထင်တယ်၊ တို့ ကျောင်းသားလောက မပြောနဲ့ နိုင်ငံရေးလောကမှာတောင် ဒီလို ဆေးမိမှုတွေရှိတယ်၊ ပရိယာယကြွယ်ဝတဲ့လူနဲ့ အနားကပ်ပေါင်းမိရင် ဆေးမိသလိုပဲ မောင်၊ သူက အမည်းကို အဖြူလို့ပြတောင် မျက်စိမှိတ်ပြီး အဖြူအဖြစ် မြင်နေမိတာကွ"





"သိန်းမောင်က တို့ကို ဘာလုပ်လို့လဲကွ"

"မင်း အဲလို မေးနေတာကိုက နည်းလမ်းမဟုတ်ဘူး သန်းဋ္ဌေး၊ သိန်းမောင်ဟာ မင်းတို့ငါတို့လို ရိုးရိုးဖြောင့်ဖြောင့်သမား မဟုတ်ဘူးထင်တယ်ကွ၊ သူ့စေတနာကိုလည်း ငါ သံသယရှိတယ်၊ သူ့အတွက် အရေးကြီးနေတာက ကုလားထိုင်နေရာပဲ၊ ဒီတစ်ခုအတွက် ဟန်ဆောင်နည်းပရိယာယ်အမျိုးမျိုးတွေ သုံးနေတယ်လို့ ငါထင်တာပဲ"

"မဟုတ်နိုင်ပါဘူးကွာ"

"မင်း ငါပြောတာ လက်မခံဘူး မဟုတ်လား၊ သိန်းမောင်ရဲ့ ဆေးချက်က ဦးနေပြီ၊ ရှိပါစေ၊ ငါ သိန်းမောင်ကို မကြိုက်တဲ့အချက်က သဘောထားအယူအဆ ကျဉ်းမြောင်းတာ၊ ဥပမာကွာ ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူတစ်ရပ်လုံးက အမျိုးသားခေါင်းဆောင်ကြီးရယ်လို့ အသိအမှတ်ပြုကြတာပဲ၊ ဒါကို သိန်းမောင်ရယ် သူ့လို အလားတူ လက်ဝဲသမားတချို့က အမျိုးသားခေါင်းဆောင်အဖြစ်နဲ့ အသိအမှတ်မပြုကြဘူး၊ သူ့စွမ်းဆောင်ချက်က စွမ်းဆောင်ချက်ပဲ သူငယ်ချင်း၊ ကိုယ်တိုင်ကလည်း မစွမ်းဆောင်နိုင်၊ စွမ်းဆောင်နိုင်သူကိုလည်း အသိအမှတ် မပြုလိုကြဘူး၊ တရုတ်ကွန်မြူနစ်တွေတောင် ဒေါက်တာ စွန်ယက်ဆင်ကို အမျိုးသားခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခဲ့တာပဲ"

"ဒါတွေကတော့ မင်းပြောဖို့ မလိုပါဘူး၊ သူ့အကြောင်းနဲ့ သူပဲ သူငယ်ချင်း" ဟုပြောကာ သန်းဋ္ဌေး၏ မျက်နှာက ရှုံ့သိုးဆဲ။

"ငါ လေကုန်မခံတတ်ဘူးဆိုတာ မင်းအသိ၊ ဒါပေမဲ့ ဒီတစ်ခါတော့ လေကုန်ပါရစေ၊ လူတွေကသာ တရားပျက်ကြလို့ နိုင်ငံသမိုင်းမှာ ကြီးတဲ့အဖြစ်ကို သေးအောင်လုပ်ကြတယ်၊ ဘာမဟုတ်တဲ့ သေးသေးဖွဲဖွဲလေးတွေကတော့ လက်ရှိလူတွေက ပုံကြီးချဲ့လို့ ကြီးသယောင်ဖြစ်နေပေမယ့် နိုင်ငံသမိုင်းကိုတော့ လူတွေ လှည့်စားလို့မရပါဘူး၊ နိုင်ငံသမိုင်းဟာ လူတွေအပေါ် သစ္စာကြီးပါတယ်။ အမှန်တရားဆိုတာကတော့ ဖုံးကွယ်လို့ ရတာမှမဟုတ်ဘဲ၊ လူတွေက နိုင်ငံသမိုင်းအပေါ် ဘယ်လိုပဲ ဗလောင်းဗလဲ လုပ်လုပ်၊ သူကတော့ မြဲလှုပ်မှာ



www.burmeseclassic.com

မဟုတ်ဘူး၊ ဒါပဲ''

သန်းဌေးက ပြောစရာစကား မရှိသလို ငြိမ်နေပြီးမှ လှုပ်လှုပ်ရှရှ ဖြစ်ကာ ...

''ကိုသိန်းမောင်ဟာ မင်း စွပ်စွဲသလို နိုင်ငံသမိုင်းကို ဇလောင်းဇလဲ လုပ်နေတဲ့ လူစားမဟုတ်ပါဘူး၊ သူလည်း သူ့တွေးခေါ်ယူဆချက်နဲ့ သူကိုး၊ သူ့စေတနာဟာ သန့်တယ်လို့ ငါယုံတယ်''

''ယုံချင်တယ် ပြောစမ်းပါ''

''အေး ယုံလည်း ယုံချင်တယ်လေ''

သန်းဌေးက ဖွင့်ဟဝန်ခံလေသည်။

''အယူစွဲလမ်းပြီး အမြင်သေးနုပ်တာကို ငါက မကြိုက်တာ၊ ကိုယ်လုပ်တာမှအဟုတ် သူများက သောက်လွဲပေါ့၊ အတ္တစွဲကကြီးလွန်းတော့ ကိုယ့်ဘာသာကိုယ် သောက်လွဲဖြစ်နေတာ မသိဘူး၊ ကျောင်းသားအများရဲ့ ထောက်ခံမှုက လောလောဆယ်မှာ အရေးကြီးတယ် မဟုတ်လား၊ ဒါ သူ့အနေနဲ့ သိရမယ်၊ သူ့ဆရာကြီးတွေ လေသံလိုက်ပြီး တို့ ကိုအောင်ကျော်လို ကျောင်းသား မျိုးတောင် အမြင်သေးအောင် လုပ်ချင်တဲ့လူ၊ ကိုအောင်ကျော်က သွေးမြေကျ အသက်စွန့်ခဲ့တယ်၊ သူ ဘာကို စွန့်စားသလဲ ပြန်မေးကြည့်၊ သူဘယ်လောက် အနစ်နာခံသလဲကြည့်၊ အရေးပေါ်ရင်တော့ သိရမှာပေါ့ကွာ''

''သူက စည်းရုံးရေးကောင်းတယ်ကွ''

''ဘာကောင်းတာလဲ၊ ခုနေခါ ကွန်မြူနစ်လက်ဝဲသမားဆိုတာ ခေတ်စားပြီး နာမည်ခံကောင်းတော့ မှန်ကားလေးစီးပြီး နှုတ်ခမ်းနီဆိုးလို့ ကဗျာ တစ်ပုဒ်စ နှစ်ပုဒ်ရေးတဲ့ မိန်းကလေးကလည်း စကားပြော၊ အင်္ဂလိပ်နာမည် မှည့်ပြီး အင်္ဂလိပ်စကား တရွှတ်ရွှတ်ပြောနေတဲ့ လူ့မလိုင် အမျိုးသမီးကလည်း လက်ဝဲပဲ၊ ပြီးတော့ ကားပေါ်ကဆင်းတော့ ရွှံ့စင်မှာစိုးလို့ လုံချည်လေး ဆွဲမ တတ်တဲ့ အမျိုးသမီးကလည်း လက်ဝဲတစ်ပြားဖို့မှ မလျော့ဘူး၊ ဒါကတော့ ချစ်ဦး သက်သေထူတဲ့စကားပါ။ ငါ့အနေနဲ့တော့ ဒီလို သောင်းပြောင်း တွေကြောင့် တို့လက်ဝဲအုပ်စု မသန့်မှာကိုဘဲ စိုးတယ်''





''ခု မသန့်လို့ ဘာဖြစ်နေလို့တုံးကွ''

မင်းတို့ကောင်တွေ ဘာဖြစ်နေသလဲဆိုတာတော့ ငါမပြောချင်ဘူး ပန်းသတင်း လေညင်းဆောင် လူ့သတင်း လူချင်းဆောင်တာ ငါ့လူ၊ တစ်နေ့ကျ ပုပ်ရင်ပေါ်မှာပဲ၊ သိန်းမောင်က ချစ်ဦး ဖာလိုက်တာကို ပုတ်ခတ်တယ်၊ ငါ မြင်တာတော့ သိန်းမောင်က မိန်းမကောင်းလေးတွေကို ဖာအဖြစ် ဆက်ဆံတယ်၊ ဒါနဲ့စာရင်တော့ တို့ချစ်ဦးက အပြစ်ကင်းတယ်လို့ ငါယူဆတယ် မောင်''

သန်းဌေးက တဒင်္ဂပဟာန်မျှ နှုတ်ဆိတ်နေသည်။ ထို့နောက် ညိုအောင် ပြောဆိုသမျှတွေကို စဉ်းစားမိပြီး စိတ်ညစ်နေလေသည်။ သည်နှစ် ရွေးကောက်ပွဲတွင် အရေးရှုံးနိမ့်မှာကို သေမလောက် ကြောက်ရွံ့သည့်စိတ်ကလည်း လူငယ်စိတ်နှင့် ပြင်းထန်လျက်ရှိပြီး ရင်ထဲ၌ ဇလောင်ဆူနေသည်။ ညိုအောင်က သန်းဌေး၏ ပခုံးကို လှမ်းပုတ်ကာ ...

''အမှုဆောင် ကုလားထိုင်နေရာရဖို့အတွက် မှုမတူတဲ့လူချင်း မင်းတို့ပူးပေါင်းချင်တယ်၊ တို့တိုးတက်တဲ့ အင်အားစုရယ်၊ လူငယ်အဖွဲ့ရယ် သန်းရှင်းသော ကျောင်းသားအဖွဲ့က ပဲ့ထွက်လာတဲ့ ကိုကိုကြီး၊ ကိုကိုလေး အဖွဲ့ရယ် ဝါဒချင်းဟာ ပြဒါးတစ်လမ်း သံတစ်လမ်း၊ နိုင်ငံရေးမျက်စိနဲ့ကြည့်ရင် အတော် ဇလောင်းဇလဲနိုင်တဲ့ ပူးပေါင်းမှုပဲ၊ မင်းတို့ ပြောပြောနေတဲ့ ကျောင်းသား ညီညွတ်ရေး သပ်သပ်၊ ခု ယာယီပူးပေါင်းမှုဟာ ယာယီပူးပေါင်းမှုပဲ၊ သူများ လက်ညှိုးထိုးစရာ ဖြစ်တာပေါ့၊ ငါဆိုလိုတာက ငါတို့ပါတီက သန့်တယ်၊ ဦးတည်ချက်ကလည်း ခိုင်မာတယ်၊ တော်ရုံ အနစ်နာခံတဲ့စိတ်နဲ့ ပါတီဝင် မဖြစ်နိုင်ဘူး၊ ဟုတ်တယ်မဟုတ်လား၊ ဒီတော့ ဆွမ်းဆန်ထဲ ကြွက်ချေး အရောရောဖြစ်အောင် ဘာလို့ လုပ်ချင်သလဲ၊ မင်း စဉ်းစားကြည့်''

''ဒါတော့ ငါတို့လူများစုက နေရာယူမှာပဲကွ''

''မင်း ဒီလိုထင်သလား၊ တစ်ဖက်ကို ရှပ်သေးရှပ် လုပ်မလို့ပေါ့။ ရှပ်သေးဟာရှပ်သေး လူကလူပဲမောင်၊ ဟိုလူတွေကလည်း မင်းတို့ကို ဒီလို သဘောထားတော့မပေါ့။ ကြည့် မင်းတို့ အမှုဆောင်အတွင်းမှာ အလုပ်ဖြစ်မှာ မဟုတ်ဘူး၊ ပြဿနာပေါ်မှာပဲ၊ စောင့်သာကြည့်၊ မင်းတို့ကို ငါမေးချင်တယ်၊



www.burmeseclassic.com

ကိုယ့်ကိုယ်ကို မယုံကြည်ဘူးလား၊ အားမကိုးချင်ဘူးလား၊ ဒါပဲ''

''ခုလောလောဆယ်မှာ လက်ရှိလူကို တိုက်ရမှာ မလွယ်ဘူးကွ၊ မင်းလည်း တို့အခြေအနေ သိသားပဲ''

''အေးလေ ထားပါတော့၊ ဒါကြောင့်လည်း အစည်းအဝေးမှာ မင်းတို့ဆန္ဒကို ငါလိုက်လျောခဲ့ပါတယ်၊ နောင်ကို ပြဿနာကြီး ဖြစ်မလာပါစေနဲ့သာ ငါဆုတောင်းတယ်၊ မင်းသိန်းမောင်က ဒီလိုတော့လည်း ဖင်ရက်ဆားဖြူးပါလား၊ မူဝါဒချင်းမတူတဲ့ လူကို ပြတ်ပြတ်သားသား တိုက်ရမယ်ဆို၊ သူက ငါ့ ''အိုးဝေမြည်သံ''ဆောင်းပါး ရေးလက်စကိုတောင် ဖတ်ပြီး ဟိုအဖွဲ့အစည်းက လုပ်တာတွေ ခင်ဗျားက အကောင်းလုပ်ရေးမလို့လား ဘာလားနဲ့ကွာ၊ ငါဖြင့် အံ့ရော၊ ကျယ်ကျယ်ပြန့်ပြန့်တွေး ကျယ်ကျယ်ပြန့်ပြန့် ရေးနေရင်တော့ သဘောထားသေးနေလို့ မရဘူးကွ''

''မင်းဥစ္စာက ဘယ်အတွက်လဲ၊ အိုးဝေမဂ္ဂဇင်း အတွက်လား''

သန်းဌေးက ဖျတ်ခနဲ မေးလိုက်လေသည်။

''ဘယ်အတွက်ဖြစ်ဖြစ်ပေါ့ကွာ၊ ငါက အပြင်မဂ္ဂဇင်းတွေမှာ ပိုတောင် ထည့်ချင်တယ်၊ အများဖတ်နိုင်တာပေါ့၊ ပြီးတော့ ငါ့ဆောင်းပါးက နည်းနည်း ရှည်ချင်ရှည်မယ်''

ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သော ညိုအောင့်ပါးစပ်များမှ မီးခိုးလိပ်ကလေးများသည် လူးကာလွန့်ကာနှင့် ထွက်လာလေသည်။ သူ့စိတ်တို့သည် အဝေးသို့ လွင့်သွားပြန်လေရာ သူ့အကြည့်မှာ မှုန်ငေးငေး ဖြစ်သွားလေသည်။

မျက်စိထဲတွင် မြင်ရတာတော့ မိုးသားအပြာ။ ပကတိ ကြည်လင်သန့်စင်သော အပြာ။ မိုးပြာ နောက်ခံလျက် သမဂ္ဂအလံတိုင်ထိပ်တွင် အမြဲမပြတ် တလူလူလွင့်နေသော ခွပ်ဒေါင်းနှင့် အောင်လံနီ။ ဒေါင်းငှက်လေးသည် 'အိုးဝေ'ဟု မြည်သံပေးကာ ကျူးရင့်နေသယောင်ယောင်။

* * *



(၂၃)

ထိုနေ့ညကပင် 'အိုးဝေမြည်သံ' ဆောင်းပါးကို ဆက်ရေးဖြစ်လေသည်။

၁၉၄၅-၄၆ ခုနှစ်

ကိုသန်းအား စစ်ပြီးခေတ် တ·က·သ၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် အသိအမှတ်ပြုရသည်။ ၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အမျိုးသားလှုပ်ရှားမှုကြီးများပေါ်ပေါက်ခဲ့သည်။ ယင်း ၁၉၄၆ ခု အထွေထွေသပိတ်ကြီးတွင် ကျောင်းသားများ သပိတ်မှောက်ခဲ့သည်။ ကင်းဘဲ(လ်) ပညာရေးစီမံကိန်း ဖျက်သိမ်းရန် တောင်းဆိုခဲ့သည်။ ဂျပန်ခေတ် ဒီဂရီဘွဲ့များကို အသိအမှတ်ပြုရန် လုပ်ဆောင်ပေးခဲ့သည်။ အကြိုတက္ကသိုလ်သင်တန်းများ သင်တန်းအောင်သူများ တက္ကသိုလ် ဆက်လက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ အင်္ဂလိပ်နှင့် မဟာမိတ်စစ်တပ်များ သိမ်းပိုက်ထားသော တက္ကသိုလ်နယ်မြေကို ပြန်ရအောင် ဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး အကူအညီဖြင့် တစ်ပြည်လုံးကျောင်းသားများ စုစည်းကာ ဗ·က·သ၊ ရ·က·သ တို့ကို ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

၁၉၄၆-၄၇ ခုနှစ်

ကိုသန်းမောင်သည် ၁၉၄၁ ခုနှစ်ထဲကပင် သမဂ္ဂအမှုဆောင် ဖြစ်ခဲ့ပြီး ၁၉၄၆-၄၇ ခုနှစ် တ·က·သ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၁၉၄၇ ခုနှစ်တွင် တစ်ပြည်လုံး ကျောင်းသားသပိတ်ပေါ်ပေါက်ခဲ့ရာ ရန်ကုန် တက္ကသိုလ်သည် ကျောင်းသားများသပိတ်တွင် ပါဝင်ခဲ့လေသည်။ အင်္ဂလိပ်နှင့်



www.burmeseclassic.com

မဟာမိတ်စစ်တပ်များသိမ်းပိုက်ထားသော ရန်ကုန်တက္ကသိုလ်သမဂ္ဂ အဆောက်အဦကို ပြန်လည်ရရှိခဲ့လေသည်။ တက္ကသိုလ်အဆောက်အဦတချို့တွင် ကျန်နေသေးသော အင်္ဂလိပ်စစ်တပ်များအားလုံးကို ဖယ်ရှားပေးသည်။

နိုင်ငံခြား ကျောင်းသားများ၊ သမဂ္ဂများနှင့် အဆက်အသွယ်ရခဲ့သည်။ ၁၉၄၇ ခု မေလတွင် အိန္ဒိယပြည် မဒရပ်မြို့၌ကျင်းပသော ကမ္ဘာ့ကျောင်းသားဝန်ထမ်း (International Student Service) အာရှကွန်ဖရင့်နှင့် ၁၉၄၇ ခုနှစ် ဇွန်လတွင် ဒိန်းမတ်ပြည်၌ ကျင်းပသော ကမ္ဘာ့ကျောင်းသားဝန်းထမ်း ကမ္ဘာ့လုံးဆိုင်ရာ ကွန်ဖရင့်များသို့ တက်ရောက်ခဲ့လေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ၊ ချက်ကိုစလိုဗေးကီးယားပြည်တွင် ကျင်းပသော ပထမအကြိမ်မြောက် ကမ္ဘာ့ကျောင်းသားများသမဂ္ဂ (International Union of Students) နှင့် ဆက်သွယ်ခဲ့သည်။ ကမ္ဘာ့ကျောင်းသားသမဂ္ဂကောင်စီ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

၁၉၄၇-၄၈ ခုနှစ်

ကိုစိန်လှသည် ၁၉၃၇ ခုနှစ်ထဲက ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်သို့ပြန်လည်ရောက်ရှိ၍ ဥပဒေပညာကို ဆက်လက်သင်ကြားရင်း ၁၉၄၆-၄၇ ခုနှစ် ငွေသိန်းအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ၁၉၄၇-၄၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ တက္ကသိုလ် သမဂ္ဂအဆောက်အဦတွင် လိုအပ်သော စားပွဲ၊ ကုလားထိုင်၊ စာကြည့်တိုက်၊ ဘီရိုများ ပြည့်စုံအောင် လုပ်ဆောင်ခဲ့သည်။

၁၉၄၈-၄၉ ခုနှစ်

ကိုရန်ဝေးသည် ၁၉၄၁ ခုနှစ်တွင် အောင်မြင်၍ ရန်ကုန်တက္ကသိုလ်၌ ပညာ ဆက်လက်သင်ကြားသည်။ ၁၉၄၆-၄၇ ခုနှစ် အထွေထွေအတွင်းရေးမှူး အဖြစ်ဖြင့်လည်းကောင်း၊ ၁၉၄၇-၄၈ ခုနှစ် တ·က·သ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၄၈-၄၉ ခုနှစ်တွင် တ·က·သ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

၁၉၄၈ ခုနှစ်တွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားသည်။ ၁၉၄၉ ခုနှစ်တွင်





ကေအင်ဒီအို သူပုန်များပေါ်ပေါက်ပြီး အင်းစိန်၊ တောင်ငူများကို သိမ်းသဖြင့် ကျောင်းသားများ တောင်းဆိုချက်အရ တက္ကသိုလ်ကျောင်း ပိတ်ပေးရသည်။ နယ်မှ ကျောင်းသူကျောင်းသားများ အချိန်မီပြန်နိုင်ရန် စီစဉ်ခြင်း၊ နယ်သို့ မပြန်နိုင်အောင် အဆက်အသွယ်ပြတ်နေသော ကျောင်းသားများကို ကျွေးမွေး စောင့်ရှောက်ခြင်း ပြုရလေသည်။ တက္ကသိုလ် အပျော်ထမ်းစစ်တပ်ကို ပြန်လည် ထူထောင်ပြီး တိုက်ပွဲများတွင် ဝင်ရောက်တိုက်ခိုက်ရာ ကျောင်းသား (၃)ဦး ကျဆုံးခဲ့သည်။

အင်ဒိုနီးရှားတွင် ဒတ်(ချ်)စစ်တပ်များက ဝင်ရောက်တိုက်ခိုက်ခြင်းကို ဆန့်ကျင်သောအားဖြင့် နယ်သာလန် သံရုံးကို ဝိုင်းဝန်းဆန္ဒပြခဲ့သည်။ ကိုလိုနီ စနစ်ကိုဆန့်ကျင်သော အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ထောက်ခံခဲ့သည်။

၁၉၄၉-၅၀ ခုနှစ်

ကိုမောင်မောင်ကျော်သည် ၁၉၄၆-၄၇ ခုနှစ်မှစ၍ ၁၉၄၈-၄၉ ခုနှစ် အထိဆက်လက်၍ တ·က·သ အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၄၉-၅၀ ခုနှစ်တွင် တ·က·သ ဥက္ကဋ္ဌဖြစ်သည်။

မြို့ရွာ အများအပြားကို သူပုန်များ သိမ်းပိုက်ထားလျက်ရှိရာ ခရီး အခက်အခဲကြောင့် ကျောင်းသားအများအပြား စာမေးပွဲမဖြေနိုင်သဖြင့် တစ်နှစ်အတွင်း စာမေးပွဲ ၄ ကြိမ် ကျင်းပပေးရသည်။ တောခိုရာမှ လက်နက်ချ ဝင်လာသော ဗန်းမော်ကျောင်းသား ၆ ဦးအား သေဒဏ်ပေးသဖြင့် လွတ်မြောက် ရန်ဆောင်ရွက်ခဲ့သည်။ ကျောင်းသားများ ရွေးကောက်တင်မြှောက်သော ကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်ကောင်စီလူကြီး နှစ်ဦးအနက် တစ်ဦး ဖြစ်ခဲ့သည်။

၁၉၅၀-၅၁ ခုနှစ်

ကိုကိုလေးသည် ၁၉၄၈-၄၉ ခုနှစ်နှင့် ၄၉-၅၀ ခုနှစ်များတွင် အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရ၍ တ·က·သ အတွင်းရေးမှူး အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၀-၅၁ ခုနှစ်တွင် တ·က·သ ဥက္ကဋ္ဌဖြစ်သည်။ မူလတန်းမှ တက္ကသိုလ်အထိ အခမဲ့ပညာရေးစနစ် ပြုလုပ်သည်။ တက္ကသိုလ်

www.burmeseclassic.com

ပထမနှစ်သင်တန်းများ ဥပစာအပိုင်း 'က' နှင့် ဝိဇ္ဇာအပိုင်း 'က' အား စာမေးပွဲလုပ်ရေးနှင့် ပတ်သက်၍ ပယ်ဖျက်ရန်ပြုလုပ်ခဲ့သည်။

နော်ဝေပြည် အော်စလိုမြို့တွင် ကျင်းပသော ကမ္ဘာ့တက္ကသိုလ်ဝန်ထမ်းအဖွဲ့ (World University Service) ညီလာခံသို့ တက်ရောက်ခဲ့သည်။

၁၉၅၁-၅၂ ခုနှစ်

ကိုစိန်ဘန်းသည် ၁၉၅၀-၅၁ ခုနှစ်တွင် တ-က-သ အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လေသည်။

ရန်ကုန်တက္ကသိုလ် အဆောက်အဦတိုးချဲ့ရေး အရေးပေါ်ကော်မတီ၏ အကြံပေး အစီရင်ခံချက်အရ စာသင်ခန်း တိုးချဲ့အဆောက်အဦ၊ ကျောင်းဆောင်သစ် ခြောက်ဆောင်၊ ကျောင်းသုံးကိရိယာပစ္စည်းများနှင့် ပရိဘောဂများအတွက် အစိုးရက သိန်း(၅၀) သုံးခွင့်ပြုခဲ့သည်။ အဆောက်အဦများ ရုပ်လုံးဖော်ရန်အတွက် စီမံကိန်းများ စတင်ရေးဆွဲဆောင်ရွက်ရသည်။

သမဂ္ဂအနေနှင့်လည်း အစည်းအဝေးခန်းမအတွက် စားပွဲ၊ ကုလားထိုင်များ၊ စာကြည့်တိုက်အတွက် ဘီရို၊ စားပွဲ၊ ကုလားထိုင်များ၊ ရုံးသုံးစက်ပစ္စည်းများနှင့် အဆောက်အဦ မွမ်းမံပြင်ဆင်ခွင့် ရရှိခဲ့လေသည်။

စစ်ပြီးခေတ် ၁၉၄၆ ခုနှစ်မှစ၍ တက္ကသိုလ်စာမေးပွဲများကို အရစ်ကျ ပြုလုပ်ခဲ့ရာမှ အပိုင်း(က) အပိုင်း(ခ) စနစ်သို့ ပြောင်းလဲရန်အတွက် သမဂ္ဂမှ ဦးစီးပြီး ကျောင်းသားထုအများဆန္ဒကို မဲဖြင့်ရယူကာ ကျင်းပပြုလုပ်ပေးခဲ့သည်။ ကျောင်းသားအများစုက ယခုစနစ်ကိုကျင့်သုံးရန် ဆန္ဒပေးခြင်းပြုခဲ့ကြလေသည်။

* * *



(၂၄)

ကဲ၊ အဲဒါပဲ ဖတ်ကြည့်တော့ သန်းဌေး၊ ဒါ တကာသ သမိုင်းတစ်စောင်ကို အထောက်အကူပြုလိမ့်မယ်လို့ ငါယူဆတယ်၊ တက္ကသိုလ်သမဂ္ဂဖွဲ့လာတာ ၁၉၃၀ ခုနှစ်ကဆိုတော့ ခုတွက်ကြည့်ရင် အနှစ် နှစ်ဆယ်ကျော်ခဲ့ပြီ၊ ဒီအတွင်းမှာ တကာသ အမှုဆောင်တွေဟာ ဦးဆွေးဆံမြေ့ အလုပ်လုပ်ခဲ့ကြတာချည်းပဲ၊ ဘယ်သူလုပ်တာ ကောင်းတယ်၊ ဘယ်သူလုပ်တာ မကောင်းဘူးလို့ ကိုယ့်တပ်ကို ကိုယ်ပြန်နှင်းရမှာလား၊ သမိုင်းဖြစ်စဉ်ကို မသိတဲ့လူတွေကတော့ အခြောက်တိုက် ဘဝမြင့်ရောဂါ ရနေတတ်တာပေါ့၊ မင်းနဲ့ သိန်းမောင်လို ကောင်မျိုးတွေပဲ"

သည်တစ်ခါတော့ ညိုအောင်က ဆေးပေါ့လိပ်ကို ပါးစပ်တွင် တေ့ထားရာမှ ပယ်ပယ်နယ်နယ် ပြောလိုက်လေသည်။ သန်းဌေးက ရုတ်တရက် သူ့ စာကြည့်ကုလားထိုင်မှ ခုန်ထကာ ...

"ဒီစကားကို ရုပ်သိမ်းပါ ညိုအောင်၊ ပြန်ရုပ်သိမ်းပါ"

ချစ်ဦးက ခုတင်ထက် ပက်လက်လှဲနေရာမှ မျက်စိမှိတ်ကာ အသံသေး အသံကြောင်နှင့် ...

"မရုပ်သိမ်းဘူး၊ မရုပ်သိမ်းဘူး" ဟု ပြန်အော်နေသည်။

"ငါ မင်းတို့ကို ဆဲတာမဟုတ်ပါဘူး"

ညိုအောင်က ပြောနေခိုက် ချစ်ဦးက "ဆဲတာဆဲတာ"ဟု ပြောလိုက်လေသည်။ အောင်မောင်းက ချစ်ဦး၏ ဦးခေါင်းကို အသာလှမ်းပုတ်ကာ သူ့ပါးစပ်ကို လက်ညှိုးနှင့် အသာကပ်ပြပြီး လက်ဝါး ကာပြနေသည်။



www.burmeseclassic.com

ညီအောင်သည် သန်းဒွေး၏ ပခုံးကိုကိုင်ကာ သန်းဒွေး၏ မျက်နှာကို စိုက်ကြည့်ရင်း …

"ငါပြောနေတာက Human Nature (လူ့သဘာဝ)ပါ၊ လူတွေဟာ ကိုယ့်ဘဝလေးကို အထင်ကြီးပြီး ဖြစ်ခဲ့ပြီးသမျှတွေကို မသိတော့ဘူး၊ အဲဒီတော့ ကိုယ့်ဘဝလောက် မနိပ်ဘူး၊ ကိုယ်လုပ်တာလောက် ဘယ်သူမှ ဟုန်မကျဘူး၊ ငါတော်တယ်၊ ငါတတ်တယ်၊ ငါအနုစ်နာခံတယ် တွေနဲ့ပဲပေါ့ မင်းတို့က ခေတ်သစ် အလောင်းစည်သူတွေပဲ"

"ဘာကွ"

သန်းဒွေး အသံက ခပ်မာမာ။

"ဗမာနိုင်ငံသမိုင်းမှာ အလောင်းစည်သူဟာ သူ့လုပ်ရပ်တွေသူ ပီတိဖြစ်ပြီး သူ့ဘေးလောင်းတော် ဘိုးလောင်းတော်တွေဟာ သူ့လောက်မနိပ်ဘူးပေါ့ ပြစ်မှားခဲ့တယ် မဟုတ်လား၊ လူတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကို သူ့ခေတ် သူ့အချိန်အခါ သူ့အခြေအနေနဲ့ ဟပ်ကြည့်ပြီးမှ ဝေဖန်ရမယ်၊ အနာဂတ်ကာလကို ပိုင်ဆိုင်ဖို့ဟာ အတိတ်က အုတ်မြစ်ချခဲ့ရတယ်၊ ပစ္စုပ္ပန်မှာ အုတ်စီရမယ် မဟုတ်လား"

ချစ်ဦးက သူ့ခြေရင်းတွင် ခုတင်ကန့်လန့်ဖြတ် မှောက်နေသော အာသာ့ ခေါင်းအား ခြေထောက်နှင့် ခတ်ပြီး …

"မှန်တယ် မှန်တယ်၊ ကျောင်းဆောင်ကြီး ပြောတာမှန်တယ်" ဟု လှမ်းပြောလိုက်လေသည်။ အာသာက ချစ်ဦး၏ ခြေထောက်ကိုလှမ်းဆွဲကာ ခြေမကို လှန်ချိုးပစ်လိုက်လေရာ 'ဂွတ်'ခနဲ မြည်သွားပြီး "အား"ဟု အော်လိုက်လေသည်။

ညီအောင်က သူ့စကားကို ဆက်၍ …

"တစ်ခေတ်တစ်ခါက သမဂ္ဂလူငယ်တွေဟာ အမျိုးသားရေးနဲ့ မျိုးချစ်စိတ်အခြေခံပြီး တက်လာခဲ့ကြတာပဲ၊ ဒီတော့ ငါတို့ဟာ အမျိုးသားရေး ပုံသဏ္ဌာန်ကိုလည်း ဆက်ပြီး ထိန်းသိမ်းသင့်တယ်ကွ၊ မင်းနဲ့ သိန်းမောင်တို့က စကားပြောတာ မိုးလားကဲလား ဖြစ်လွန်းတယ်၊ အစွန်းသိပ်ရောက်တယ်၊



သိန်းမောင်က ငါပြောရမှာ မဟုတ်ဘူး၊ မင်းကိုတော့ ငါနဲ့ တစ်ရပ်ထဲသား တစ်ရေထဲသောက်ကြတာမို့ မင်းမကြာခင် အမှုဆောင်ဖြစ်တော့မယ်၊ ဒီအခါမယ် စကားပြောဆင်ခြင်ဖို့၊ လုပ်နည်းလုပ်ဟန် သပ်ရပ်ဖို့၊ အတွေးအခေါ်မှန်ကန်ဖို့ ငါပြောနေရတာ သူငယ်ချင်း"

သည်တော့ စိတ်နေချွန်မြအောင် ထက်နေသော သန်းဒွေးကို နားချနေလေသည်။ သန်းဒွေးက ဘာမှမပြောတော့။ တုံဏှိဘော လုပ်နေသည်။ ညီအောင် ပြောသောစကားကိုလည်း မငြင်းနိုင်နှင့် စိတ်များ ညစ်ကျုံရှုပ်ထွေး နေလေသည်။ ထို့နောက် ကုလားထိုင်ပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့် ထိုင်ချကာ …

"မသိဘူးကွာ မသိဘူး၊ ခုတစ်လော အလုပ်တွေကများလွန်းလို့ လူမှာ ဦးနှောက်ခြောက်ရတဲ့ကြားထဲ မင်းတို့က တောပြောတောင်ပြောနဲ့ ငါ စိတ်ညစ်တယ်၊ စိတ်ညစ်တယ်ကွာ"

ပြောရင်းဆိုရင်း အသံတုန်ကာ မျက်ရည်များ ကျလာလေသည်။ သည်တော့လည်း သန်းဒွေးသည် ညစ်ကျုံရှုပ်ထွေးသော စိတ်နှင့် ထိခိုက်လာပြီး အဟုတ်တကယ် ငိုပွဲဆင်လေသည်။

ညီအောင်က သန်းဒွေး၏ပခုံးကို လှမ်းကိုင်ကာ ချော့ရလေသည်။ အောင်မောင်း၊ ချစ်ဦးနှင့် အာသာတို့က တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မျက်စပစ်နေကြလေသည်။

သန်းဒွေးမှာ ဆံပင်တွေ ဆီလုံးဝမရှိဘူး။ မျက်ကွင်း လက်တစ်နှိုက်နှင့် ပိန်ချုံးနေသည်။ အလုပ်ကို သဲသဲမဲမဲ လုပ်လည်းလုပ်၍ စိတ်ကလည်း အလုပ်တွင် အချိန်ရှိသရွေ့ နစ်မြုပ်နေသည်။ သည်တော့ သာယာမှုကင်းမဲ့သော သူ့စိတ်များကလည်း ခုလိုချိန်မျိုး၌ ငယ်နေတတ်ပေသည်။

စိတ်ညစ်နေမှန်း သိရသောအခါ၌ ချစ်ဦးက ညီအောင်အား လှမ်း၍…

"ဟေ့ ညီအောင်ရာ မင်းကျွေးမယ့် ဝက်(ထ်)ခင်းနာ ဒီနေ့သာ ချကြစို့ကွာ၊ အချိန်ဆွဲမနေနဲ့၊ နောက် မင်း ဒီ့ထက်မအားဘဲ ဖြစ်မယ်၊ ခု သန်းဒွေးလည်း စိတ်ညစ်တယ်၊ ငါလည်း စိတ်ညစ်တယ်"

www.burmeseclassic.com

အောင်မောင်းက ချစ်ဦး၏မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း "ဒီမျက်ခွက်ကြီးလား စိတ်ညစ်တာ" ဟု မေးလိုက်လေသည်။ သည်အခါတွင် ချစ်ဦးက အောင်အောင်း၏လက် ဖယ်ထုတ်လိုက်ကာ ...

"တယ် ဒီလက်စုတ်ကြီးက ဖယ်စမ်း၊ အမယ်လေး ဘယ်လက်ကြီးပြီးတော့"

ထိုအခိုက် ညိုအောင်က စဉ်းစားသလို တွေလျက် ...

"အေး ငါလည်း စဉ်းစားနေတယ်၊ နောက်ဆိုရင် ငါတို့ အလုပ်များကြမယ်၊ နောက်တစ်ချက်က တ.က.သ အမှုဆောင်တွေ ဖြစ်လာကြရင် မင်းတို့ကောင်တွေ သောက်လားစားလား သိပ်လုပ်လို့ မကောင်းဘူးကွ၊ ဟောဒီချစ်ဦးကြပ်ကြပ်ဆင်ခြင်"

"လာလာချေသေး၊ ပိန္နဲပင် အကောင်းစားလေးကို ခွဲခွဲထည့်နေရသေးတယ်"

"မင်းက အကဲဆုံးမို့ ပြောရတာပေါ့ကွ၊ ဒါပဲပြောမယ်၊ ထမ်းတော့ မထုတ်ရစေနဲ့ မောင်၊ မင်းကို ဘယ်သူမှမထမ်းဘူး၊ ကားလမ်းလယ်မှာ ပစ်ထားခဲ့မယ်" ဟု အာသာက ဝင်ပြောလိုက်လေသည်။

ညိုအောင်ကား သန်းဌေးဘက်သို့ လှည့်၍ ...

"သိန်းမောင်ကိုလည်း ဖိတ်လိုက်ပါ၊ ငါတွေ့ရင်လည်း ဖိတ်ပါ့မယ်၊ အရက်ကတော့ ရေတစ်စက်မှ မရောတဲ့ နိုင်ငံခြားအရက်ပါလို့"

ပြောပြီး ခပ်သွဲ့သွဲ့ ရယ်မောနေသည်။

* * *

ည။

မိုးလယ် ရောက်လုလု ကာလပေမဲ့ မိုးကမရွာ။ သို့ကြောင့် အိုက်စပ်စပ်ဖြစ်နေသည်။ လဆန်းရက်တွင် လရောင်က မလင်းတလင်း။ ကြယ်အစုံကမူ တောက်ပနေသည်။

နံနက်ပိုင်းက ညိုအောင်နှင့် သန်းဌေးအခန်းမှာ အချီအချ ပြောကြပြီးနောက် ချစ်ဦးတို့လူစုက ပိုစတာများ လိုက်ကပ်လေသည်။ ပိုစတာ၊ ပန်းချီနှင့်





ကာတွန်းကို ညိုအောင်က ရေးဆွဲသည်။ ထိုနောက် စာရွက်စာတမ်းတွေ ရိုက်ဖို့ကိစ္စအတွက် မြို့ထဲသွားကြလေသည်။

တကယ်တော့လည်း ချစ်ဦး၊ အာသာနှင့် အောင်မောင်းတို့သည် ပါးစပ်က တဗျစ်ဗျစ် နောက်ရင်းပြောင်ရင်းပင် အလုပ်ဟူသရွေ့ မခိုမကပ်လုပ်လေသည်။ သည်နေရာ၌ ချစ်ဦးက ဖြိုးဖြိုးဖျတ်ဖျတ်နှင့် ဖြတ်ထိုးဉာဏ်လည်းကောင်းသောကြောင့် အလုပ်ကို ခဏချင်း ပြီးတတ်လေသည်။

သည့်နောက်တော့ လေမိတေမိ ပြီဆိုလျှင်လည်း သူမတူအောင်ပင်။

ယခုလည်း ကြည့်လော့။ ညရှစ်နာရီအထိ ဆူးလေဘုရားလမ်းမှ ကြဲ့ရာပိုတယ်တွင် စားကြသောက်ကြပြီး ချစ်ဦးက အရက်မဝသေးဘူးဆိုကာ တကျည်ကျည် ဂြိုဟ်လုပ်သောကြောင့် နောက်ဆက်တွဲ ဆိုင်တစ်ဆိုင်တွင် ဝင်သောက်ကြပြန်သည်။

ထို့နောက် ည(၉)နာရီခန့်တွင် အင်းစိန်ဘတ်(စ်)ကားနှင့် ပြန်လာကြကာ ချစ်ဦး လက်ထဲတွင် ဘုရင်မ ဘရန်ဒီ အရက်ပုလင်းပါလာလျက် "လာကွာ လက်ကျန်ရှင်းရအောင်" ဟုဆို၍ ဟံသာဝတီအဝိုင်းအနီးတွင် သူကပင် ဦးဆောင်ဆင်းပြန်သည်။

ဟံသာဝတီအဝိုင်းက ဘူးသီးကြော်ဆိုင်တွင် ဘူးသီးကြော်ကို အမြည်းလုပ်ကာ သောက်ကြပြန်သည်။

ချစ်ဦးနှင့် အာသာတို့မှာ စိုင်းနေအောင် မူးကြသည်။ အောင်မောင်းကြီးမှာ မျက်စိများ၍ အခိုးများဝေကာ နှုတ်ခမ်းများ တွဲကျနေသည်။

သိန်းမောင်က မျက်နှာများ ရဲရဲနီနေသော်လည်း ထိန်းထားသဖြင့် ကူးမြွေပျက်ခြင်း မရှိလှ။ တစ်ချက်တစ်ချက် ကြို့ထိုးနေသည်။ ညိုအောင်ကလည်း ထိုနည်းလည်းကောင်း။ အတော်များများသောက်ခဲ့သော်လည်း စိတ်ကို မလွှတ်စေရန် အားတင်းထားသည်။ ပါးကြောနှင့် မေးရိုးအကြောများ ထောင်နေအောင် အံကိုတင်းထားလေသည်။

သန်းဌေး တစ်ယောက်သာ ထည့်ပေးသောအရက်ကို တစ်ခွက်နှစ်ခွက် မျှသာသောက်ပြီး ကျန်တာကို သွန်ပစ်လိုက်သောကြောင့် မမူးဘဲ ရှိနေသည်။



www.burmeseclassic.com

ရောက်တတ်ရာရာများ ပြောကြဆိုကြရင်း သိန်းမောင်က ညိုအောင့်အား အမျိုးမျိုး ခနဲ့နေသည်။ သိန်းမောင်က စီးကရက် တွင်တွင်ဖွာလျက် ညိုအောင့်အား မျက်စိမှေးကာ ကြည့်နေပြီး …

"ငြိမ်းချမ်းရေး တကယ်လိုတာလား၊ ပျော့ညံ့တာလားဗျ ကိုညိုအောင်"

ဆိုသည်ကို ထပ်တလဲလဲ မေးနေသည်။

ညိုအောင်က တုံ့ပြန်ပြောဆို ခြင်းမပြုလိုသဖြင့် နှုတ်ဆိတ်နေရာမှ ကိုသိန်းမောင်ဘက် လှည့်ကာ …

"ဒီမယ် ကိုသိန်းမောင်၊ ခင်ဗျား သိပ်စကားမပြောရင် ကောင်းလိမ့်မယ်ဗျ။ ခင်ဗျား တကယ်လက်တွေ့ အလုပ်လုပ်နိုင်တဲ့အခါကျတော့ ပြောပါ။ ဒီလို လက်တွေ့ကြိုးစားပြတုန်း ကိုသိန်းမောင် ကျဆုံးတယ်ဆိုရင် အမိပတိလမ်းထိပ်မှာ ဗိုလ်အောင်ကျော် ကျောက်ရုပ်စိုက်ထူရင်း ခင်ဗျား ကျောက်ရုပ်ကိုပါ စိုက်ထူဖို့ ကျွန်တော်တို့ တာဝန်ယူပါတယ်"

ညိုအောင်က သူ့ထုံးစံအတိုင်း ခပ်ရှင်ရှင် ပြောလိုက်လေသည်။ သည်တော့ အောင်မောင်းက ကြားဝင်၍ …

"ယပင်းနဲ့ ကျောက်ရုပ်လား၊ ယရစ်နဲ့ ကြောက်ရုပ်လား" ဟု ဝင်သောပြန်သည်။

သည်တော့ ခေါင်းစိုက်နေရာမှပင် ဒါမျိုးကို ကြားကာ ချစ်ဦးက ကိုသိန်းမောင် ဘက်သို့ လက်ညှိုးထိုးလျက် …

"သောက်ရုပ်"

ပြောပြီး သိန်းမောင်က စိတ်ဆိုးမာန်ဆိုးနှင့် လှမ်းကြည့်သောအခါ အာသာသို့ သူ့လက်ညှိုးကို ပြောင်းထိုးလိုက်လေသည်။ အာသာကမူ ချစ်ဦးနှင့် အောင်မောင်းတို့ကို သတိ လုံးလုံးမရှိတော့ဘဲ ခေါင်းစိုက်နေပေပြီ။

ဘူးသီးကြော်ဆိုင်မှ အားလုံး ထပြန်ကြသောအခါ ဘတ်(စ်)ကားများ သိမ်းနေပေပြီ။ အားလုံးပင် ကျောင်းဆောင်သို့ ခြေလျင်ပြန်ကြရသည်။ ည အမှောင်က နက်ရှိုင်းနေသည်။

လူစုစု ခြောက်ယောက်ကို ပူညံပူညံနှင့် တွေ့ရသော ဝင်ဒါမီယာ





သံကြိုးဝင်းမှ အစောင့်များက မီးမောင်းနှင့် ထိုးကြည့်လေသည်။ သည်တော့ ချစ်ဦးက ဒယိမ်းဒယိုင်နှင့် …

"မအေ၊ ဘယ်သူလဲ ဆလိုက်ထိုးတာ၊ နင်တို့အမေ့လင် မှတ်လို့လား ဟေ့ ရီး" ဟုပြောရင်း ထပ်ဆင့် ဆဲရေးပြန်သည်။

အောင်မောင်းက …

"ယူဖူး(လ်)၊ ဆန်းအော့(ဖ်) ဆလပ်(တ်) မိန်းမရှင်သား အဓိပ္ပာယ်နှင့် အင်္ဂလိပ်လို ဆဲရေးပြန်သည်။

မီးမောင်းကို မရုပ်သိမ်းဘဲ ဆက်ထိုးနေလျှင် အောင်မောင်းက ကွေးနေအောင် က,ပြလေသည်။ ချစ်ဦးကမူ ပိုရွတ်လာကာ ပုဆိုးလှန်ပြလေသည်။ ညိုအောင် လှမ်းဆွဲသည့်ကြားထဲကပင် ဖွတ်လုပ်လိုက်ခြင်း ဖြစ်သည်။

"ယော့ကောင် မလုပ်နဲ့" ဟု ညိုအောင်က ဟန့်တားလည်း ချစ်ဦးက လျှာလေးသံကြီးနှင့် …

"ဘာလို့ မလုပ်ရမှာလဲ၊ သူတို့က ဆလိုက်ထိုးပြီး သေနတ်နဲ့ပစ်မလို့ မတွေ့ဘူးလား၊ ဒီတော့ ငါက အမြောက်နဲ့ ပြန်ပစ်လိုက်မှာပေါ့၊ ဘူ"

ပြောရင်းဆိုရင်း ဖင်ကုန်းပြနေပြန်သည်။ ကြာတော့ မီးမောင်းမှာ အလျှော့ပေးကာ ရုပ်သိမ်းသွားရလေသည်။ ညိုအောင်တို့လည်း ဖြည်းဖြည်းချင်း လျှောက်လာလေသည်။

သို့နှင့်ပင် ပြည်လမ်းဘက်မှ ကျောင်းတံခါးပေါက်သို့ ရောက်လာကြလေသည်။ အာသာမှာ ခြေဒရွတ်ဆွဲနေသဖြင့် ချစ်ဦးနှင့် အောင်မောင်းတို့က တွဲလာရလေသည်။ ချစ်ဦးက …

"အင်း၊ ပြောတော့ ငါ့ကို ထမ်းမထုတ်ရစေနဲ့ ဘာနဲ့၊ ထမ်းထုတ်ရတာ သူ့ကို"

"အာသာ ဒီနေ့ တော်တော်ဒေါင်းနေတာပဲ" ဟု သန်းဌေးက ရယ်ရင်း မှတ်ချက်ချနေသည်။

တဖြည်းဖြည်းနှင့် ဘင်တန်အဆောင်ရှေ့ ရောက်လာသော ချစ်ဦးက သိန်းမောင်ဘက် လှည့်ကြည့်ရင်း …



www.burmeseclassic.com

"အင်း၊ သင်းသင်းအေးလို မဒီအလှလေးတွေရှေ့မှာ ကိုယ့်ကိုယ်ကို ကိုယ်ရည်သွေးရင်း ကိုယ့်ရဲဘော် ရဲဘက်အချင်းချင်း မပုတ်ခတ်ကြနဲ့နော်၊ ဒါပဲ ငါပြောမယ် အောင်မောင်း"

အောင်မောင်းက အာသာကို ထိန်းထားရင်း ချစ်ဦးကို ပြုံးတုံ့ပြုံတဲ့နှင့် ကြည့်လိုက်လေသည်။ သန်းဌေးက သိန်းမောင်ကို ထိသဖြင့် နာကာ …

"တော်ကွာ ဟေ့ ချစ်ဦး၊ အစွန်းမလွတ်တာတွေ မပြောနဲ့"

"ပြောတော့ မင်းက ဘာလုပ်ချင်တုံး"

ချစ်ဦးက ဂြိုဟ်လုပ်နေသည်။ အောင်မောင်းက စကားနည်းရန်စဲ ဖျန်ဖြေလေသည်။ ထို့နောက် ချစ်ဦးကို အာသာနှင့်အတူ ဘင်တန်ကျောင်းဆောင် မြစ်ဉည်းရိုးနားသို့ တိုးကပ်စေပြီး …

"ကိုင်း၊ အသုံးတော်ခံလိုက်ကြဦးစို့"

အောင်မောင်းက ပြောရင်း သီချင်းဟစ်လိုက်လေသည်။

*ရွှေလမှုန်မှုန်×× ပန်းခြံဝဆီက×× ပုဆိုးခြုံကာ လှပုံပြပါလို့××*
*ခွန်းသလျက် တကျော့်ကျော့ ချိုးမှတ်လို့ခေါ်တယ်လေလေ့။*

မှုးသံကြီးနှင့် မပီမသ ဆိုနေသည်။ သိန်းမောင်က ဘင်တန်ဂိတ်ဝနား သို့အရောက်တွင် ညိုအောင်အား လှည့်ကာ တမင် ချိုးလို၍ …

"ဟေ့ ချစ်ဦး၊ မင်းကိုတော့ အဖက်လုပ်ပြီး ငါဘာမှ မပြောလိုပါဘူး၊ ငါက မိန်းမကောင်းလေးတွေကို ဖာအဖြစ် ဆက်ဆံတတ်တော့ သင်းသင်းအေးကို ဖာလို ဆက်ဆံမယ်လို့ စိတ်ကူး"

ပြောမဆုံးမီပင် လျင်မြန်ဖျတ်လတ်သော ညိုအောင်က သိန်းမောင် အနီးသို့ ဘယ်သို့ဘယ်ပုံ ရောက်လာမှန်းမသိ။ ဖြန်းစားကြီး ရောက်လာကာ သိန်းမောင်၏ မေးရိုးကို ပင့်ကော်၍ ထိုးလိုက်လေသည်။

ရုတ်တရက် မမျှော်လင့်ဘဲ အလဲထိုးခံရသော သိန်းမောင်သည် မြေခွေလဲကျသွားသည်။ မူးကလည်းမူးနေသဖြင့် ရုတ်တရက် မထနိုင်။ သန်းဌေးက ညိုအောင်ကို လှမ်းဆွဲလိုက်ဆဲ အောင်မောင်းက သိန်းမောင်အား ဆွဲထူ မလိုက်လေသည်။ ညိုအောင်က စိတ်မြန်လက်မြန် လုပ်မိသော သူ့ကိုယ်သူ





နောင်တရနေဆဲ ကျားနားလို ဖြစ်သွားသော သိန်းမောင်က ပြန်အထတွင် ညိုအောင့်အား ပြန်ထိုးလိုက်လေသည်။ ညိုအောင်၏ နှာခေါင်းကိုထိကာ သွေးများဖျာဆင်း ကျလာလေသည်။

အောင်မောင်းကြီးက သိန်းမောင်ကို ဆွဲထားရပြန်သည်။ သန်းဌေး ကလည်း ညိုအောင့်ရှေ့မှ ရပ်ကာ …

"ဟေ့ ကောင်တွေ တော်ကြကွာ တော်ကြ၊ အချင်းချင်းတွေဖြစ်ရတာ မကောင်းဘူးကွ" ဟု ဟန့်တားလိုက်လေသည်။

နောက်တော့ သိန်းမောင်ကို အောင်မောင်းက သူ့ခွန်အားဗလ အသုံးပြု၍ ဆွဲခေါ်သွားကာ ညိုအောင်ကို သန်းဌေးက တွဲခေါ်လာလေသည်။ ချစ်ဦးနှင့် အာသာမှာ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ကာ နောက်မှ ဒယိမ်းဒယိုင်နှင့် လိုက်ပါလာလေသည်။

ကိုယ့်အခန်းကိုယ် အသီးသီးရောက်ကြသော် အဝတ်အစားများ မလဲကြတော့ဘဲ အသီးသီး ထိုးအိပ်ကြလေသည်။ အောင်မောင်းက အားလုံး နတင်ပေါ် ဖရိုဖရဲ အိပ်နေကြသူများ၏ ဖိနပ်များကို လိုက်ချွတ်ကာ စောင်များ တစ်ထည်စီ လိုက်လွှမ်းခြုံပေးကာ …

"အေပေးတွေ လူမှန်းမသိကြဘူး၊ မသာဖြစ်နေလိုက်ကြတာ၊ ကြည့်စမ်း အတုံးအရုန်းပဲ" ဟု ပါးစပ်မှ ဗျစ်တောက်ဗျစ်တောက် ပြောနေသည်။

သန်းဌေးကမူ ညိုအောင်၏ နှာခေါင်းမှ သွေးစများကို သူ့လက်ကိုင် ပဝါနှင့် သုတ်ပေးနေသည်။ ညိုအောင်သည် ခြေပစ်လက်ပစ်နှင့် ပက်လက်လှန် အိပ်လိုက်လေသည်။

* * *



www.burmeseclassic.com

## (၂၅)

ပြက္ခဒိန်စာရွက်များကို မြန်မြန်ဆွဲဆုတ်ပစ်လိုက်သည့် အလွှားအချိန်တွေမှာ ရုတ်ခြည်း ကုန်လွန်ခဲ့လေသည်။

ညိုအောင်တို့အဖို့ အချိန်တွေမှာ အလဟဿ ကုန်ခမ်းသွားခြင်းမျိုး မဟုတ်ဘဲ ပြောပြစရာတွေနှင့် ပြည့်နေသောကြောင့် ကျေနပ်နှစ်သိမ့်မှုကို ခံစားကြလေရသည်။

တ.က.သ,တွင် သုံးနှစ်သုံးမိုး ကြီးစိုးခဲ့သော သန့်ရှင်းသောကျောင်းသားထုသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်လေသည်။ တိုးတက်သော ကျောင်းသားအင်အားစု၊ တက္ကသိုလ်လူငယ်အဖွဲ့နှင့် သန့်ရှင်းမှ ပဲ့ထွက်လာသော ကိုကိုကြီး၊ ကိုကိုလေး အဖွဲ့ သုံးဖွဲ့ပေါင်းသော အဖွဲ့မှ အနိုင်ရလာလေသည်။

စစ်ပြီးခေတ်မှ အစပြု၍ တက္ကသိုလ်တွင် ကျောင်းသားများ အုပ်စုနှင့် ကွဲပြားလျက်ရှိလေသည်။ ကွန်မြူနစ်တည်းဟူသော လက်ဝဲအုပ်စုနှင့် အစိုးရက ထောက်ခံအားပေးသော ဆိုရှယ်လစ်တည်းဟူသော လက်ျာအုပ်စုတို့ဖြစ်သည်။ သို့လျှင် တ.က.သ အမှုဆောင်နေရာကို ထိုနှစ်ဦး ပြိုင်ဆိုင်နေရာမှ ပါတီနိုင်ငံရေးနှင့် သီးခြားကင်းလွတ်သော 'သန့်ရှင်းသောကျောင်းသားအုပ်စု'ဟူ၍ တတိယအုပ်စုတစ်စု ပေါ်လာပြန်သည်။

သည့်နောက် သန့်ရှင်းသော ကျောင်းသားအုပ်စုသည် တ.က.သ အမှုဆောင်နေရာကို သုံးနှစ်မျှ ရရှိရေးပင် တက္ကသိုလ်တွင် လက်ဝဲအုပ်စုသော တိုးတက်သော ကျောင်းသားအသွင်၊ လက်ျာအုပ်စုက ဒီမိုကရက်တစ်



www.burmeseclassic.com

ကျောင်းသားအသွင်နှင့် ရွေးကောက်ပွဲဝင်ခဲ့လေသည်။ နောင်တွင် ဒီမိုကရက်သည် အစိုးရ၏ လက်ကိုင်တုတ် အဖွဲ့အစည်းဖြစ်လာကာ မကြာခဏ ကျောင်းသားများနှင့် ပဋိပက္ခ ဖြစ်လျက်ရှိလေသည်။ သည့်နောက် တက္ကသိုလ်လူငယ်အုပ်စု ဟူ၍ အုပ်စုတစ်စု ပေါ်ပေါက်လာခဲ့သေးသည်။

ယခု ၁၉၅၂–၅၃ ခုနှစ်တွင်မူ တ·က·သ ခေါင်းဆောင်မှု အသွင်ပြောင်းလဲလာခဲ့လေသည်။ ဥက္ကဋ္ဌမှာ ကိုကိုကြီးဖြစ်လာပြီး ညီအောင်တို့ လူသိုက်မှ သိန်းမောင်၊ သန်းဌွေး၊ အောင်မောင်းနှင့် တင်ကြည်တို့သည် တ·က·သ အမှုဆောင်များ ဖြစ်လာကြလေသည်။

သည့်နောက် ညီအောင်တို့မှာ ပို၍ အလုပ်များလျက် ရှိပြန်သည်။ သန်းဌွေးမှာ ညီအောင်အား အားကိုးမြဲ အားကိုးရပြန်သည်။ အစစအရာရာ၌ ညီအောင့် အကြံဉာဏ်ကို ရယူလျက်ရှိလေသည်။ ညီအောင် လုပ်ကိုင်ပေးရသရွေ့ အောင်မြင်သည်သာ ဖြစ်သောကြောင့် ညီအောင်က ပို၍ပျော်လေသည်။

သို့ကြောင့်လည်း သည်နှစ် ညီအောင်တစ်ယောက် ဂုဏ်ထူးတန်း မတက်ဖြစ်တော့။ ဆရာဦးဖေအောင်ကမူ ညီအောင့်ကို နှမြောလျက်ရှိသည်။ နောက်တီးနောက်တောက် ချစ်ဦးပင်လျှင် ရင်ဘတ်စည်တီး နှမြောနေမိသည်။ ညီအောင်က မတတ်သာသည့်အဆုံး သက်ပြင်းတစ်ချက်ချကာ ပခုံးတွန့်ပြလျက် …

"ဒါတွေ ဘေးချိတ်ထားလိုက်စမ်းပါကွာ" ဟုသာ ပြောလိုက်သည်။ ချစ်ဦးက …

"ဒီလို ချက်ကောင်းမှာ အသံကောင်းဟစ်ရတယ် ငါ့လူ၊ အသံကောင်း ဟစ်ရတယ်၊ ကိုယ်ရေးကိုယ်တာတွေ စွန့်လွှတ်တာတို့ ဘာတို့ကို ပုံကြီးချဲ့ ပြောတတ်ရတယ်။ ဒါမှ မင်းကို လူအထင်ကြီးမှာပေါ့ဟ"

"မအေပေး၊ ဘာလုပ်ဖို့တုံး"ဟု ညီအောင်က ပြောပြီး သူ့ဝသီအတိုင်း ထုံပေပေနှင့် ငိုင်နေပြန်သည်။

"အထူးသဖြင့် သင်းသင်းအေး ရှေ့မှာ"

ချစ်ဦးက ဆက်ပြောလေသည်။





"သင်းသင်းအေးဆိုလို့ ငါနဲ့ သင်းသင်းအေး မတွေ့ကြတာ ရွေးကောက်ပွဲ ပြီးကတည်းကပဲကွ၊ တစ်လကျော်သွားပြီ ထင်တယ်"

"ကလပ်(စ်)တော့ မှန်မှန်တက်နေတာပဲ"

"ငါမှ ကလပ်(စ်) မတက်ဖြစ်ဘဲ"

ရွေးကောက်ပွဲမှာ သင်းသင်းအေးလေးက အင်တိုက်အားတိုက်ပဲ၊ သူ့ကို ဒီလို လာလိမ့်မယ်လို့တောင် မထင်မိဘူးကွ"

"အေးကွ၊ သူ့စိတ်ကလေးကလည်း ခပ်ထက်ထက်ပဲ၊ တင်တင်ဝင်း ခွယ်လို့ချည်း ဟုတ်ဟန်မတူဘူး၊ သူ့သဘောနဲ့ သူပဲ တူပါတယ်၊ တစ်ခုတော့ ရှိရဲ့၊ ဒီနှစ် သင်းသင်းအေးနဲ့ ရီရီမြ အလှပဂေး နှစ်ယောက်ကတော့ သိန်းမောင်နဲ့ သန်းဌွေးဩဇာ မကောင်းဘူးကွ"

"အေး ဒါပဲနော်၊ ဒါလောက်အချိန်ကြာပြီး သမာဓိပိုးကြီး လုပ်မနေနဲ့၊ သူ့များလက်ထဲပါသွားလို့ ရင်ကျိုးနေရဦးမယ်၊ အထူးသဖြင့် သိန်းမောင် လက်ထဲ"

"ပါလည်းပါပေါ့ကွာ၊ ဒါတော့ သင်းသင်းအေး သဘောပေါ့"

"တကယ်၊ မင်း တကယ်ပြောနေတာလား"

"တကယ်မပြောလို့ ငါ ဘာပြောရမလဲ"

ညီအောင်က ဆေးလိပ်ကို တအား ဖွာရှိုက်နေသည်။

ချစ်ဦးက ညီအောင့် ခုတင်ထက် ညီအောင် အိပ်နေသောဘေးတွင် လာထိုင်ကာ ညီအောင်၏ ပေါင်ကို ပုတ်လျက် …

"မင်း သင်းသင်းအေးကို မချစ်ဘူးလား" ဟု မေးလိုက်လေသည်။

"ချစ်တာပေါ့ကွ၊ ငါသူ့ကို သိပ်ချစ်တယ်လို့ ထင်တယ်"

ညီအောင်က လှိုက်လှဲစွာ ဖြေလိုက်လေသည်။ ချစ်ဦးက ရယ်လျက်…

"ညည်းပုံကတော့ မင်းသားကြီးစတိုင်ပဲ၊ ချစ်ရင် ပြောပေါ့ကွ"

"မင်း မပြောခင်က ငါ အကြိမ်ကြိမ် စဉ်းစားပြီးပြီ၊ ဒါပေမဲ့ ငါ မပြောရက်ဘူး"

"မပြောရက်ဘူး၊ ဘာဖြစ်လို့"



www.burmeseclassic.com

"ကောင်မလေးက ငယ်တယ်ကွ"

"မင်းနဲ့ အလွန်ဆုံးကွာလှ လေးငါးနှစ်ပေါ့၊ ဒါများ ငယ်သေးလား"

"ပြီးတော့ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းလေး၊ သူ့အသက်နဲ့ မလိုက်အောင် သိက္ခာလည်းရှိတယ်၊ စာလည်းတော်တယ်၊ လိမ်လည်းလိမ္မာတယ်၊ ငါလိုကောင်နဲ့ မလိုက်ပါဘူးကွာ"

"ဘာဖြစ်လို့ မလိုက်ရမှာလဲကွ၊ မင်းလည်း အစွမ်းအစနဲ့ လူပဲ၊ ပြီးတော့ မင်း သူ့ကို တစ်သက်လုံးစောင့်ရှောက်မယ့် ကိစ္စပဲဟာ၊ ကောင်မလေးမှာ မိဘလည်းမရှိတော့ သနားစရာလေးဖြစ်နေပြီ၊ ဒီတော့ မင်းဆက်ပြီး အုပ်ထိန်းသူ လုပ်လိုက်ပေါ့ကွ"

"အုပ်ထိန်းသူ၊ ဟား… ဟား… ဟား"

သည်တော့ ညိုအောင်က ချစ်ဦး ပြောစကားကို သဘောကျစွာ ရယ်မောနေသည်။ ထို့နောက် ဆေးလိပ်မီးနီးရင်း မှုန်ငေးငေးနှင့် ငိုင်ကာ သူ့ ရောင်းရင်းများ မရှိသခိုက် ချစ်ဦးအား …

"ငါ့ဘဝဟာ ကစဉ့်ကလျားဖြစ်ခဲ့ပေမဲ့ ငါ့စိတ်က ဗရမ်းဗတာ မဟုတ်ပါဘူး၊ မိန်းမတွေကို လိုက်လိုက်လှဲလှဲ ချစ်တတ်တဲ့နှလုံးသား ငါ့မှာရှိနေတယ်၊ ချစ်မိရင် အသည်းစွဲဆိုတာ ငါပဲ၊ ဒီတော့ ငါ မိန်းမတွေကို ရှောင်ခဲ့မိတယ်၊ ဟိုတစ်ကြိမ် ထိခိုက်ခဲ့ရထဲကပဲ"

ဖွင့်ဟ ဝန်ခံမိလေသည်။ ချစ်ဦးကပင် မနောက်တော့ဘဲ …

"မင့် မမစိမ်းလား၊ သန်းဌွေး ပြောပြောနေတာလေ"

"အေးကွ၊ ငါဒီအကြောင်း ဘယ်သူ့မှ မပြောခဲ့ဘူး၊ ပြောလည်း မပြောချင်ဘူးလေ၊ ဟိုကကောင်တွေဆီက သိန်းမောင်သိရပြီး သိန်းမောင် ပြောတာပဲ ဖြစ်မယ်"

"ဒါပေမဲ့ မင်းရဲ့ မမစိမ်းက သေပြီပဲ"

"မမစိမ်းကိုတော့ ငါ မတမ်းတတော့ပါဘူး၊ မမစိမ်းနဲ့ သေကွဲ ကွဲခဲ့ကြတာ သုံးနှစ်တောင် ရှိခဲ့ပြီပဲ၊ ဒါပေမဲ့ ငါထပ်ပြီး အချစ် မဝင်ချင်ဘူး၊ ချစ်ကြပြီး သာယာမှုကို ခံစားရတာထက် ကွဲကြပြီး စိတ်ကြေကွဲထိခိုက်ရမှာကို





ငါကြောက်တယ်၊ ငါ့ဘဝမှာ မလွမ်းချင်ဘူး သူငယ်ချင်း၊ မလွမ်းချင်လို့လည်း မချစ်ဘဲ နေနေတာပေါ့၊ ချစ်ပြီး လွမ်းကြတာထက် မလွမ်းကြရအောင် အချစ် မဝင်တာဘဲ ကောင်းပါတယ်"

"ခုလည်း ဘာထူးလဲ၊ မင်း သင်းသင်းအေးကို ချစ်နေတာပဲ၊ အံ့ပုန်းပူကြီး ပူနေတော့၊ လူကို ညှိုးခြောက်နေတာပဲ"

"ချစ်နေပေမယ့် တစ်ယောက်ကို တစ်ယောက် မနှောင်ဖွဲ့သေးဘူး၊ မရင်းနှီးကြသေးဘူး၊ သင်းသင်းအေးကလည်း ငါ့ကို တွယ်တာသင့်သလောက် တွယ်တာနေတာ ငါသိသားပဲ၊ ဒါပေမဲ့ ငါ ရှေ့ဆက်မတိုးချင်ဘူး၊ သူ့ကို အရိပ်ပဲ ကြည့်ချင်နေတယ်"

"ဟား…ဟား…ဟား"

ချစ်ဦးက ရယ်လျက် …

"တော်နေ ဝယ်လင်တန် နောက်ဖက်က ဆရာဦးလှရွှေ ပျိုးထားတဲ့ ပန်းကလေးတွေလို ဖြစ်နေဦးမယ်နော်၊ ဆရာက ပန်းပင်ချစ်တဲ့သူမို့ ဆရာ့မှာဖြင့် အဆောင်နောက်ဖေး ရေချိုးခန်းနဲ့ အဆောင်စွန်း မြေကွက်လပ်ကြား တကုတ်ကုတ် ပန်းပင်တွေပျိုးလို့၊ သူ့အပင်က ပန်းတွေပွင့်ရင်ဖြင့် ဘယ်တော့မှ သူ ခူးရတယ် မရှိဘူး၊ စောစောထဲက အောင်မောင်းကြီးလိုကောင်က မျက်စောင်းထိုးထားပြီး ချစ်သူရှေ့မှောက် အရောက်ဆက်ကြတော့ ဆရာဦးလှရွှေခမျာ နှမြော တတ,တနဲ့၊ အဆောင်သားတွေက ဆရာ့ကို ပါရမီဖြည့်ဘက်လို့ မကြားတကြား ပြောတတ် ကြသည်။ မင်းလည်း သတိထားဦး၊ သင်းသင်းအေးအပေါ် ချစ်ပင်တွေပျိုးလို့ သင်းသင်းအေးက ချစ်စိတ်တွေ ဖြိုးဖြိုးဝေပြီး ချစ်ပန်းပွင့်ချိန်ကျတော့ သိန်းမောင်လို ကောင်က လက်ဦးရောဆိုရင် သေရော"

"ဒီလိုဖြစ်လာလည်း ဘယ်တတ်နိုင်မလဲ၊ သင်းသင်းအေးက သိန်းမောင်လိုကောင်ကို ကြိုက်လောက်အောင်လည်း အမြော်အမြင် မနည်းသေး ဘူးလို့ ထင်ပါတယ်"

"ဒါတော့ ဘယ်ပြောနိုင်မလဲ၊ သိန်းမောင်ဆိုတာ အင်မတန် အနံ့ ကောင်းတဲ့ အကောင်မျိုး၊ မင်း အမြင်ကပ်တာနဲ့ကို ပိုပြီးကပ်မှာ၊ သင်းသင်းအေး



www.burmeseclassic.com

ဆိုတာလည်း ဒါမျိုး အတွေ့အကြုံမရှိတဲ့ မိန်းကလေး”

ညိုအောင်သည် မြှုန်းဆို အိပ်နေရာမှ ထလိုက်လေသည်။ ဆေးပေါ့လိပ်ပါးစောင်တွင်တပ်လျက် တန်းလန်းနှင့် စွပ်ကျယ်ပေါ်မှ ရှပ်အင်္ကျီလက်ရှည်တစ်ထည်ကို လှမ်းယူ ကောက်စွပ်လိုက်လေသည်။ ပလေကပ်လုံချည် အဖြူခံတွင် အစိမ်းစင်းကို လဲလိုက်လေသည်။ ပလေကပ် အဖြူခံနှင့် အစိမ်းစင်းမှာ ညိုအောင်၏ သင်္ကေတတစ်ခုပင်ဖြစ်သည်။ တောသို့ စခိုသောနေ့က ဒီလုံချည်။ မမြစိမ်းနှင့် အတူတကွ နှောင်ဖွဲ့ကြစဉ်က ဒီလုံချည်။ ဒီညတွင်ပင် ဒဏ်ရာရကာ လုံချည်မှာ သွေးစွန်းခဲ့လေသည်။

နောက် ဒီလို လုံချည်မျိုး သိမ်ကြီးဈေး ထိပ်က ဆိုင်တစ်ဆိုင်တွင် ကောက်ဝယ်နေပြန်သည်။ အိန္ဒိယလုပ်အစစ်၊ အသားက ခပ်ချောချော ညက်ညက်၊ အနံ့အောက်ကောင်းကောင်း၊ အမျိုးကောင်းမို့ ရွေးချယ်ခဲ့သည်။ သင်းသင်းအေးနှင့် စတွေ့သောညက ဒီလုံချည်။ အင်းလျားရေကန်တွင် ဆုံကြတုန်းကလည်း ဒီလုံချည်။ သင်းသင်းအေးက ဘင်တန်ဆောင်သို့ စာရေးခေါ်တုန်းကလည်း ဒီလုံချည်။ ရွေးကောက်ပွဲနေ့ကလည်း တစ်နေ့လုံး ဒီလုံချည်။

ဒီလုံချည်ကို ဝတ်ထားမိလျှင် သင်းသင်းအေး၏ မျက်လုံးများက လုံချည်ဆီသို့ ရောက်ရောက် လာတတ်သည်။ သို့ကြောင့်ပင် ညိုအောင်သည် ဒီပလေကပ်ဆင်နှင့် တစ်ဆင်တည်းကို သုံးထည်လောက် တစ်ပြိုင်ထဲ ဝယ်ထားလေသည်။ ဓာတ်မသိသူများက ညိုအောင်ကို အနေစုတ်သည် ထင်ကြမည်လားမသိ။ ညိုအောင်ကတော့ ထုံးစံအတိုင်း ဘာကိုမှ မမှုပေ။

ယင်း ပလေကပ်လုံချည်ကို ချစ်ဦးနှင့် အောင်မောင်းကို ခွဲယူဝတ်ခွင့်မပေး။ တွန့်တိုကာ ရှန့်လိုနေသည်။ တခြား မြောက်ပြင်ပိုးလုံချည်၊ ဘန်ကောက်လုံချည်နှင့် ယောလုံချည်များကိုပင် ရက်ရက်ရောရော ယူဝတ်စေသည်။ သည်လုံချည်ကိုတော့ လုံးဝ မငှား။

ညိုအောင်က လုံချည် လဲပြီးသည်နှင့် “သွားမယ်” ဟု ဆိုင်းမပါဘုံမပါ ထွက်ဟန်ပြင်လေသည်။

“ဘယ်လဲ”





“သင်းသင်းအေးဆီကို”

“ဟ၊ လုပ်လှချေလား ငါ့လူရ”

ညိုအောင်က စားပွဲပေါ်မှ ဆေးပေါ့လိပ် အသစ်နှစ်လိပ်ကို လှမ်းယူကာ ရှပ်အင်္ကျီအိတ်ထဲ မီးခြစ်နှင့်အတူ ကောက်ထည့်လိုက်လေသည်။

“အဆင်သင့်ပဲ၊ အောက်မှာ အာသာ့ကား ရောက်နေတယ်၊ ခုဆယ်နာရီ ရှိသေးတာကွ”

“ဟော့၊ အာသာ တစ်မနက်ခင်းလုံး ပျောက်နေတယ်၊ ဘယ်ရောက်နေသလဲ၊ ငါ အိပ်ရာနိုးထဲက မရှိတော့တာ”

“ဘောလုံးကွင်းလေ၊ မင်းကို ပြောမသွားဘူးလား၊ ဒီဆန်းဒေးက စပြီး ဘောလုံးလေ့ကျင့်မယ်လို့ သူ ပြောနေတာပဲ။ အာသာ့ဆီက သော့ယူပြီး သူ့ကားကို ဆွဲရမယ်၊ ပြီးတော့ အောင်မောင်းကို သမဂ္ဂဘက် လှည့်ခေါ်”

ညိုအောင်က သူ့ခေါင်းထဲရှိရာ အစီအစဉ်ကို တစ်ပိုင်းတစ်စ ပြောပြီးနောက် သွက်လက်စွာ ထွက်ခဲ့လေသည်။

* * *



www.burmeseclassic.com

## (၂၆)

ညိုအောင် မောင်းနှင်လာသော လင့်ရိုဗာကားသည် ပြည်လမ်းမပေါ်တွင် ညိုအောင်၏ လျှင်မြန်သော စိတ်နှင့်အတူ အမြန်နှုန်းအားဖြင့် ပြေးနေသည်။ ညိုမှိုင်းအုံ့ဆိုင်းသော သစ်ပင်တို့သည် လမ်းဘေးတွင် တရိပ်ရိပ်ပြေးကာ ကျန်ရစ်လေသည်။ အောင်မောင်းက ညိုအောင့်ဘေးမှ ထိုင်လိုက်လျက် …

"ဟေ့ကောင်၊ မိုင်လေးဆယ်ကျော်နေပြီကွ၊ အံမယ်၊ ဒီကောင် ကားမောင်းတာကို လိုက်ရတာ ခပ်ကြောက်ကြောက်ပဲ"

ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလိုက်လေသည်။ တင်တင်ဝင်းက ရယ်လျက် …

"ဖြည်းဖြည်းရှင့် ကိုညိုအောင်၊ သင်းသင်းအေးက ကြောက်နေပြီ"

ပြောသောအခါ သင်းသင်းအေးက …

"အမယ် မကြောက်ပါဘူး၊ မိတင်ဝင်းကလည်း အလကား ရှေ့နေ လိုက်နေတယ်" ဟု ခပ်သွက်သွက်လေး ဖြေလိုက်လေသည်။

"တကယ် မကြောက်ဘူးလား"ဟု ညိုအောင်က နောက်ကြည့်မှန်ထဲမှ သင်းသင်းအေးအား လှမ်းကြည့်ကာ မေးရင်း ကားမိုင်နှုန်းကို တင်လိုက်လေသည်။ အောင်မောင်းက ညိုအောင်၏ ကျောကိုပုတ်ကာ …

"ပညာစွမ်းတွေ သိပ်ပြမနေနဲ့ငါ့လူ၊ တို့အကုန် အသုဘဖြစ်ကုန်မယ်"

"သေရမှာ ကြောက်သလား အောင်မောင်းရ"

"ခုနေတော့ မသေချင်သေးဘူးကွ၊ ချစ်သူနဲ့ မပေါင်းရခင် သေရမယ် ဆိုရင် အသည်းနာစရာကြီးပဲ"



www.burmeseclassic.com

တင်တင်ဝင်းက ရယ်နေသည်။

သို့နှင့်ပင် အောင်မောင်းကြီး လမ်းပြရာ (၇)မိုင် ပြည်လမ်းဘေးမှ လမ်းချိုးလေးတစ်ခုသို့ ဝင်လာပြီး အင်းလျားကန်စပ်တစ်ခုတွင် ကားကို ထိုးဆိုက်လိုက်လေသည်။ အောင်မောင်းနှင့် တင်တင်ဝင်းတို့သည် တိုင်ပင်ထားသည့်အလား ကားပေါ်မှ အလျင်အမြန် ဆင်းကြကာ အောင်မောင်းက ...

"ငါနဲ့ တင်တင်ဝင်း တိုးတိုးတိတ်တိတ် နှစ်ကိုယ်ကြား တိုင်ပင်စရာလေး ရှိလို့ သွားဦးမယ်ဟေ့၊ သည်းခံပါနော် သင်းသင်းအေး၊ ကျွန်တော်တို့ ဟိုဘက်နားခဏသွားမလို့" ဟု လေသံပြစ်ကာ ထွက်လာခဲ့လေသည်။

"မိသင်းရေ ခဏလေးနော်"

တင်တင်ဝင်းက ကရောသောပါး ပြောပြီးနောက် တစ်ချိုးထဲ လစ်ကြလေသည်။ သင်းသင်းအေးက မျက်နှာနီလျက် မျက်နှာထားတင်းကာ ...

"ဒါ ကိုညိုအောင်တို့ အကြံပေါ့ ဟုတ်လား၊ ကိုအောင်မောင်းကြီးနဲ့ မိတင်ဝင်းတို့ကလည်း တစ်ကျိတ်တည်း တစ်ဉာဏ်ထဲပဲ ဟင်း"

သင်းသင်းအေးက ကားပေါ်မှဆင်းရင်း ကားနံရံတွင် ကပ်ရပ်ရင်း ပြောလိုက်လေသည်။ ညိုအောင်က ကားသော့ကို လက်ညှိုးတွင်ချိတ်ကာ သင်းသင်းအေးအနီး ကားရှေ့ 'မတ်ကတ်'ပေါ် လက်ထောက်တင်ပြီးနောက်...

"ကျွန်တော့် အကြံပါ သင်းသင်းအေး၊ အောင်မောင်းကို ခုံ,သမဂ္ဂမှာ ဝင်ခေါ်ပြီး အကျိုးအကြောင်းပြောပြပြီး အကူအညီ တောင်းရပါတယ်၊ စိတ်မဆိုးပါနဲ့ သင်းသင်းအေး၊ သင်းသင်းအေးနဲ့ လွတ်လွတ်လပ်လပ် စကားပြောချင်လို့ပါ"

"သြော်၊ သိပ်ကောင်းတဲ့ အကြံပေါ့၊ 'ပါလာ'မှာပြောရင် ပြီးမယ့် ကိစ္စကို ဘာဖြစ်လို့ ကျွန်မကို ဒီလို ခေါ်ထုတ်လာရတာလဲ"

"ပါလာမှာ လူတွေရှိတယ်မဟုတ်လား၊ ကျွန်တော် အရေးကြီးတာ ပြောမလို့ပါ သင်းသင်းအေး၊ ကျွန်တော့်အပေါ် အထင်မလွဲပါနဲ့"

"အို၊ အထင်လွဲစရာကို မလွဲနဲ့ဆိုလို့ ရမလား"

"ဒီတစ်ခါတော့ ကျွန်တော့်ကို ရန်မထောင်ပါနဲ့တော့ သင်းသင်းအေးရယ်၊





ခုကျွန်တော့်ရင်ထဲကို သင်းသင်းအေး ဝင်ကြည့်မယ်ဆိုရင် သင်းသင်းအေး ရန်ထောင်ရက်မယ် မဟုတ်ဘူး၊ ကျွန်တော် လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ပြောနေပါတယ် သင်းသင်းအေး၊ ကျွန်တော် ပြောမှာတွေကို တစ်ဆိတ်လေး နားထောင်ပါဦး"

သင်းသင်းအေးက ငြိမ်နေကာ မျက်လုံးများက မြေပြင်စိုက်ငေးနေသည်။ ညိုအောင်က သင်းသင်းအေး အနီးတွင် မတ်တပ်ရပ်ကာ ...

"ဒီမယ် သင်းသင်းအေး၊ ကျွန်တော့်ကို ကြည့်ပါဦး"

သင်းသင်းအေးက ညိုအောင်၏မျက်နှာကို မျက်လွှာပင့်ကြည့်လိုက်လေသည်။ စူးရှတောက်ပြောင်သော ညိုအောင်၏ မျက်လုံးများက သင်းသင်းအေး၏ မျက်လုံးများကို စိုက်ကြည့်လိုက်လေသည်။ စပါးကြီးမြွေ ညို့ထားသည့်ပမာ သင်းသင်းအေး၏ မျက်လုံးများသည် ညိုအောင့် မျက်လုံးများထံမှ ရုတ်တရက် မခွာနိုင်ဘဲ ကြောင်ငေးနေပြီးမှ မျက်စိကိုလွှဲကာ မြေပြင်ပေါ် စိုက်ငေးကြည့်နေပြန်သည်။

"ကျွန်တော့် စေတနာကို သင်းသင်းအေး နားလည်စေချင်တယ်၊ နားလည်ပါလို့လည်း တောင်းပန်ချင်တယ်၊ သင်းသင်းအေးမှာ အုပ်ထိန်းသူ မိဘရယ်လို့ မရှိတော့ဘူး၊ သင်းသင်းအေးကိုယ်ကို သင်းသင်းအေး ထိန်းနေရတယ်၊ ကိုယ့်ကိုယ်ကို ထိန်းနေရတဲ့ သင်းသင်းအေးရဲ့ အရွယ်ကလည်း အသက်နှစ်ဆယ် တောင်မပြည့်သေးဘူး၊ ခုမှ ဆယ့်ရှစ်နှစ်လား ရှိသေးတယ်၊ ဒါကြောင့် သင်းသင်းအေးကို ကျွန်တော်သနားတယ်"

သည်တော့ သင်းသင်းအေး၏ မျက်လုံးအိမ်တွင် မျက်ရည်များနှင့် စိုစွတ်လာကာ ...

"သနားလို့ ဒီလို မလိမ့်တပတ် ခေါ်လာတာပေါ့"

"ဒီလို မပြောပါနဲ့ သင်းသင်းအေးရယ်၊ ကျွန်တော် သင်းသင်းအေးကို ဒီလိုစကားတွေကို လူတွေရှေ့မှာ သိပ်မပြောချင်ဘူး၊ စာနဲ့လည်း ရေးမပြောချင်ဘူး၊ ဒါကြောင့် သင်းသင်းအေးကို ဒီလိုခေါ်လာရတာပါ၊ သင်းသင်းအေးကို ပြင် နည်းနဲ့ အပြင်ခေါ်လို့ လိုက်မှာမှမဟုတ်ဘဲ၊ 'အရေးကြီးတာက



www.burmeseclassic.com

သင်းသင်းအေး ဒီမှာ၊ သင်းသင်းအေး ယောကျ်ားတွေနဲ့ ဆက်ဆံတဲ့ နေရာမှာ ခြေလှမ်း မမှားရအောင် ပြောချင်လို့ပါ''

''အို ဒီက ဘယ်သူ့ကို ဆက်ဆံလို့''

''သင်းသင်းအေးနဲ့ ဆက်ဆံတဲ့လူ များများစားစား မရှိပါဘူး၊ ကျွန်တော်သိပါတယ်၊ အလွန်ဆုံးရှိလှ ကိုထိုက်အောင်၊ သိန်းမောင်၊ အာသာ သန်းဌေး၊ ကျွန်တော် ဒါပဲ၊ ဒီထဲမှာ သင်းသင်းအေး နည်းနည်းသတိထားစေချင်တာက သိန်းမောင်ပါပဲ၊ ကျွန်တော်တို့ ရဲဘော်အချင်းချင်းမို့၊ ဘာကြောင့် ရယ်လို့တော့ ကျွန်တော် ထုတ်ဖော်မပြောချင်ဘူး၊ ဒါပေမဲ့ သတိတော့ထားပါ''

သင်းသင်းအေးက သူ တွေးထင်မျှော်လင့်ထားသော စကားများ မဟုတ်သောကြောင့် ညိုအောင့်မျက်နှာကို ရဲရဲတင်းတင်းပင် ငေးကြည့်ကာ…

''ကိုသိန်းမောင်က သူ့ဘာသာသူ ရိုးရိုးပါ၊ သူလာရင်လည်း ကိုသန်းဌေးနဲ့ အတူတူလာတာပဲ''

''ခုတော့ မှန်ပါတယ်လေ၊ ကျွန်တော်က နောင်အရှည်ကိုပြောတာပါ။ ပုဂ္ဂိုလ်အနေနဲ့ ကိုထိုက်အောင်နဲ့ သန်းဌေးလို လူမျိုးဆိုရင် ကျွန်တော့်အနေနဲ့ သင်းသင်းအေးကို ဘာမှ ကန့်ကွက်စရာ မရှိပါဘူး''

''ကျွန်မစိတ်ထဲတော့ ကိုသိန်းမောင် ကျွန်မကိုဆက်ဆံတာ ရိုးရိုးပဲလို့ ထင်တာပဲ၊ ပြီးတော့လည်းလေ ကျွန်မ ကလေးမှ မဟုတ်ဘဲ''

''ကလေးမဟုတ်ပေမဲ့ သင်းသင်းအေးဟာ ကလေးလို အပြစ်ကင်းစင်တယ်၊ သန့်ရှင်းတယ်၊ ရိုးဖြောင့်တယ်၊ ပရိယာယ်မာယာတွေ မရှိဘူး၊ ကိုယ်က မရှိတော့ သူများတွေကို ယုံမယ်၊ ယုံမိပြီး ထောင်ချောက်ထဲ ဆင်းလိုက်မှာကို စိုးရိမ်မိတာပဲ၊ သင်းသင်းအေး ဒီလို ထောင်ချောက်နင်းမိမှာကို တွေးမိတိုင်း ကျွန်တော် စိတ်ဆင်းရဲမိတယ်''

သည်တစ်ခါတော့ ညိုအောင်က သူ့ဝသီအတိုင်း ပြောလေ့ရှိသော မထေမဲ့မြင်စကားများ ကွယ်ပျောက်ကာ လှိုက်လှဲလေးနက်သော စကားများကို ဆိုနေမိလေသည်။ ထုံပေပေနှင့် ဘာကိုမှ မမှုဟန်နှင့် လောကကို မထေမဲ့မြင်ပြုတတ်သော ညိုအောင့်မျက်နှာပင် အနည်းငယ် ပျက်ချင်ချင် ဖြစ်နေလေသည်။





သင်းသင်းအေးက ညိုအောင့်မျက်နှာကို လှမ်းငေးကြည့်ပြီး…

''ဒီလို စေတနာနဲ့ သတိပေးတယ်ဆိုတော့ ကျွန်မ ကိုညိုအောင် ပြောတာတွေ နားထောင်ပါ့မယ်''

''နောက်တစ်ချက် ကျွန်တော် ပြောချင်တာကတော့''

ညိုအောင်သည် သူ့စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ကာ ရေပြင်ကို ငေးစိုက်ကြည့်နေသည်။ အင်းလျားရေပြင်သည် လေနှင့်အတူ လှိုင်းတွန့်လေးများ လှုပ်ရှားနေသည်။ ရေလွှာမှာ မြသားပြကတော့ စိမ်းလျက် နံနက်ခင်းနေခြည်မှာ မလင်းတလင်း အရိပ်ထိုးနေသည်။ မိုးရိပ် မကင်းချင်သောကြောင့် နေ၏ အရောင်မှာ အုံ့ပျပျနှင့် မလင်းတစ်လှည့် လင်းတစ်လှည့် ဖြစ်နေလေသည်။

သရက်ပင်နှင့် ကုက္ကိုတို့သည် အင်းလျား မြစိမ်းရောင်ကို အံတုလျက် ငှက်ကျေးတမာ အတောင်ဖြန့်လျက် ထားဘိသကဲ့သို့ ရှိလေသည်။ နံနက်ခင်း လေညင်းသည် ညှို့သက်စွာ တိုက်ခိုက်လာလေသည်။ သာရကာ ကျေးငှက် ဒွိယံအစုံ၊ ဖိုမတို့သည် ချစ်တေးဖွဲ့သီလျက် ရှိလေသည်။ ညိုအောင်က သင်းသင်းအေး၏ မျက်နှာကို စိမ်းစိမ်းစားစား ကြည့်လျက်…

''ပြောချင်တာတော့ ကြာပါပြီ၊ သင်းသင်းအေးကို သနားပြီး မပြော ရက်တာနဲ့ပဲ ချိန်ဆနေရတာ၊ မပြောရက်ဘူး ဆိုတာက ဒီလိုလေ၊ သင်းသင်းအေးရဲ့ ဘဝလေးက ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းလေး မဟုတ်လား၊ ကျွန်တော့် ဘဝက ဗရုတ်သုတ်ခ ဘဝ၊ သင်းသင်းအေးသိတဲ့အတိုင်း ဗရမ်းဗတာနဲ့ မုန်တိုင်းကျခဲ့ရတဲ့ဘဝ၊ အဲဒီဘဝနှစ်ခုပေါင်းစပ်မှုကို ကျွန်တော် မမျှော်မှန်းရဲအောင် ဖြစ်နေခဲ့တာမို့ ကျွန်တော် ပြောလို့မထွက်အောင် ဖြစ်နေခဲ့ရတာယ် သင်းသင်းအေး''

ကြိုတင်တွက်ဆထားခဲ့သော သင်းသင်းအေးမှာ သိပ်မအံ့သြလှ သော်လည်း စိတ်ထဲလှုပ်ရှားလျက် မျက်နှာမှာ နီရဲသွားလေသည်။ ညိုအောင်၏ မျက်နှာမှာလည်း နီမြန်းလျက်…

''သံယောဇဉ် ဖြစ်မိတာတော့ သင်းသင်းအေးကို စတွေ့တဲ့ညက ကပါပဲ၊ ဒီနောက်တော့ ဆက်တိုက် နှောင်ကြိုးဖွဲ့မိတော့တာပဲ သင်းသင်းအေး''

သင်းသင်းအေးမှာ အတန်ကြာ ငြိမ်သက်နေရာမှ လှုပ်ရှားလာ



www.burmeseclassic.com

ပြီးနောက် ခေါင်းကိုခါရမ်းကာ …

"ကျွန်မ ပညာသင်နေတုန်းမှာ ဒီလို စကားတွေကို မကြားချင်ဘူး"

"ကျွန်တော် စိတ်ကူးတာက ဒီလိုလေ သင်းသင်းအေး၊ သင်းသင်းအေး သဘောကို ကျွန်တော်သိရရင် သင်းသင်းအေးရဲ့ မိဘကိုယ်စားရှိနေတဲ့ အစ်ကိုဖြစ်စေ၊ အဒေါ်သားချင်းဖြစ်စေပေါ့၊ သူတို့ကို ဒီနွေကျောင်းပိတ်ရက်မှာ ကျွန်တော်နဲ့ ကျွန်တော့်မိဘ လိုက်လာပြီးဖြစ်ဖြစ် ခွင့်တောင်းမလားလို့"

"အို၊ မဟုတ်တာ"

"ဒီစကားတွေဟာ ကျွန်တော် သင်းသင်းအေးအတွက် လေးလေးနက်နက် ခံစားပြီး လေးလေးနက်နက် ပြောတဲ့စကားပါ၊ ကျွန်တော် သင်းသင်းအေးအပေါ် ဘယ်လောက် မြတ်နိုးကြောင်း သက်သေထူတာပဲ၊ ရန်ကုန်တက္ကသိုလ်ဆိုတာက သင်းသင်းအေးလည်း ကြားဖူးနားဝရှိသားပဲ၊ ကျောင်းသားကျောင်းသူတွေဟာ သမီးရည်းစားဖြစ်ကြဖို့ အင်မတန် လွယ်ကူသလောက် လက်ထပ်ဖို့ကျတော့ ခဲယဉ်းကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေဟာ မိန်းမတွေကို လက်ထပ်ဖို့စိတ်မကူးဘဲ အပျော်ရည်းစားထားကြတာကိုး၊ သင်းသင်းအေး ကျွန်တော်ပြောတာတွေကို သဘောပေါက်ရဲ့ မဟုတ်လား"

သင်းသင်းအေးက ဘာပြောရ ဆိုရမှန်းမသိအောင် ငိုင်နေသည်။ ရင်ထဲ၌လည်း ခုန်နေရှာသည်။ သူ့ရင်ခုန်သံပင် သူကြားရလေမည်လား မသိ။ ညီအောင်က ဆက်၍ ညင်သာနူးညံ့သော လေသံနှင့် …

"သင်းသင်းအေး ပညာတွေသင်ပြီးတဲ့အထိ ကျွန်တော်စောင့်မှာပေါ့၊ နှစ်နှစ်လောက် အချိန်ဟာ ခဏလေး ကုန်သွားမှာပဲဟာ၊ မိဘားဖသားစကား ပြောထားပြီးရင် ပြီးနေတာပဲ၊ ပြီးတော့ သင်းသင်းအေးကို ဒီလို အပြင်တွေ ဘာတွေ ဘယ်တော့မှ မခေါ်ဘူး၊ ကျွန်တော်က ခေါ်တယ်ဆိုရင်လည်း သင်းသင်းအေးကို ပထမဦးဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ခေါ်တာပဲ၊ ကျွန်တော် သင်းသင်းအေးအပေါ် ထားရှိနေတဲ့ ကျွန်တော့်အချစ်ဟာ မှန်မြတ်ပါတယ်၊ နိုင်လည်း နိုင်မာပါတယ်၊ ယုံတယ် မဟုတ်လား"

သင်းသင်းအေးက နှုတ်ဆိတ်နေပြန်သည်။ သူ့မျက်လုံးအိမ်တွင်





မျက်ရည်များ ဝဲနေပြန်သည်။ ညီအောင်ကမူ သင်းသင်းအေး၏ မျက်နှာလေးကို မမိုတ်မသုန် ငေးစိုက်ကြည့်နေပြန်သည်။

ထိုအခိုက် ဝဿန်မိုးနှောင်း၏ နှုတ်ဆက်မိုးတို့သည် ဟောဟောဒိုင်းဒိုင်း ရွာချလိုက်လေရာ သင်းသင်းအေးနှင့် ညီအောင်တို့သည် ကားပေါ်တက်ထိုင် ရလေသည်။

ညီအောင်က ကားကူရှင်ပေါ်သို့ သင်းသင်းအေး အနီးတွင် ထိုင်ချလိုက်သောအခါ သင်းသင်းအေးက ဖျတ်ခနဲ တုန်သွားပြီး မျက်နှာထား ပျက်ပျက်နှင့် …

"အနားမကပ်နဲ့၊ ဒီက ကြောက်တယ်"

သည်တော့လည်း ညီအောင်က ပြုံးလျက် …

"ဩော် သင်းသင်းအေးရယ်၊ ကျွန်တော်က ဘာကြောက်စရာရှိလဲ"

"ဟင့်အင်း ကြောက်တယ်"

သင်းသင်းအေးက ကားအထဲသို့ ကိုယ်ကိုရွှေ့ထိုင်ရင်း ပြောလိုက်လေသည်။ ညီအောင်က ရယ်လျက် သင်းသင်းအေး အနီးသို့ အသာတိုးကပ်ထိုင်ကာ …

"သင်းသင်းအေးကလည်းဗျာ၊ ကြောက်စရာ မဟုတ်တာကို၊ ဒီမှာ ကျွန်တော့်ကို ကြည့်ပါဦး"

"မကြည့်ဘူး၊ မကြည့်ဘူး"

"ဩော်၊ ကြည့်စမ်းပါဦးလို့ ဆိုနေ"

"မကြည့်ချင်ပါဘူး၊ မကြည့်ချင်ပါဘူး"

"ဩော်၊ ဒါလောက်တောင် ကျွန်တော့်ကို ချစ်တယ်လား၊ ဖူးစာရေး မိုးနတ်သားကလည်း မိုးတွေ လှိုင်လှိုင်ရွာချပေးနေပြီ၊ အောင်မောင်းကြီးနဲ့ တင်တင်ဝင်းတို့လည်း တစ်နေရာရာမှာ အရိပ်ခိုစရာ တွေ့နေပြီ၊ ပြီးတော့ သင်းသင်းအေးရဲ့ ဝမ်းထဲမှာ စကားလေးတစ်ခွန်း ပြောနေတယ်၊ အဲဒီစကားက"

သင်းသင်းအေးက မျက်နှာလေးအိုအိုနှင့် ကုလားထိုင်ခုံကို လက်သည်းနှင့် ထုကာ …



www.burmeseclassic.com

"မဟုတ်တာတွေ မပြောပါနဲ့၊ ဒီက စိတ်ညစ်လို့ပါဆို"

"စိတ်မညစ်ပါနဲ့ သင်းရယ်၊ ဒါလောက် ပျော်စရာကောင်းတာဂွို၊ သင်းရဲ့ဝမ်းထဲက တီးတိုးစကားကို ကိုယ် ကြားနေရတယ်၊ အစ်ကို့ကို သင်း ချစ်တယ်၊ ဒါပေမဲ့ ရှက်တယ်တဲ့ ဟုတ်ရဲ့လား"

"သွားဆိုသွားနော်၊ ဟို အဝေးကြီးမှာ သွားထိုင်ချေ"

"ကဲ့ သင်း၊ ကိုယ့်ကို မကြည့်ချင်ဘူးလား၊ ဒီလိုဆိုရင် ကိုယ် သွားမယ်"

ညိုအောင်က မိုးရေ ဒလဟောကြားထဲသို့ ကားပေါ်မှ အဟုတ်ဆင်းကာ မိုးရေထဲလျှောက်သွားနေသည်။ သင်းသင်းအေးက ဟှာဟှာသလဲလဲ အမူအရာနှင့်…

"ကိုညိုအောင်၊ ကိုညိုအောင် လာပါ၊ လာလို့ဆိုနေတာ၊ မိုးရေတွေထဲမှာ ဘာ အရူးထတာလဲ"

ညိုအောင်က မိုးစက်လက်စိုသော ကိုယ်နှင့်ကားထဲ ဝင်လာပြန်လေသည်။ သင်းသင်းအေးက မျက်မှောင်လေးကုတ်ကာ သက်ပြင်းချလျက် ခေါင်းကို ခါရမ်းပြီး

"ငါ့နှယ်နော်၊ ဘာတွေ လျှောက်လုပ်နေမှန်း မသိပါဘူး၊ သူများ မိုးရွာလို့ စိတ်ညစ်ရတဲ့ကြားထဲ" ဟု ချူသံပါအောင် ညည်းနေရှာလေသည်။

ညိုအောင်က စိတ်လက်ပေါ့ပါးကာ ရွှင်လန်းစွာရယ်လျက် သူ့စိုနေသောကိုယ်ကို လက်ကိုင်ပဝါနှင့်သုတ်ကာ ကိုယ်ကို တုန်ပြပြီးနောက် မေးခိုက်သံတမင်လုပ်၍ 'ချမ်းတယ် ချမ်းတယ်' ဟု အသံတုန်တုန်နှင့် ပြောနေသည်။ သင်းသင်းအေးက ညိုအောင်အား စိုးရိမ်ပူပန်သော မျက်နှာထားလေးနှင့် လှမ်းကြည့်နေရာ ညိုအောင်သည် သင်းသင်းအေး၏ ကိုယ်လုံးလေးကို ရုတ်ခြည်း လှမ်းဖက်၍

"ချမ်းလွန်းလို့ ဖက်ထားစမ်းပါ သင်းရယ်၊ 'ကိုယ်' တကယ် ချမ်းနေတာယ်" ဟု ပြောပြီးနောက် သင်းသင်းအေးအား တင်းကြပ်သည်ထက် တင်းကြပ်အောင် ဖက်နေသည်။

သင်းသင်းအေးက ညိုအောင်၏ ကျောပြင်ကို ထုရိုက်ကာ





"သိပ်ဆိုးတာပဲ၊ သူ ဒီကကို ချစ်တယ်ဆိုပြီးတော့ အမျိုးမျိုး စိတ်ညစ်အောင်လုပ်တယ်၊ အမျိုးမျိုး ညှဉ်းတယ်" ဟု ပြောပြီး ငိုလေသည်။

ညိုအောင်က သင်းသင်းအေး၏ မျက်ရည်များကို သူ့ပါးနှင့် လိုက်သုတ်ပြီး နဖူး၊ မေး၊ ပါးတို့ကို နမ်းလိုက်လေသည်။

* * *



www.burmeseclassic.com

## (၂၇)

ဖြစ်နိုင်လျှင် သည်အချိန်တုန်းက ပြက္ခဒိန်စာရွက်များကို ဆွဲမဆုတ်ချင်ဘဲ ဒီအတိုင်းပင် ထားချင်လေသည်။ သည်မျှ အောင်မြင်မှုတွေနှင့် ပြည့်နေသော ပျော်စရာရွှင်စရာတွေ အထွေထွေနှင့် နေခဲ့ရသည့်အချိန်အတိုင်းအတာကို လက်နှင့်တားလို့ရလျှင် တားချင်ပါသေးသည်။

ထုံးစံအတိုင်း ညိုအောင်သည် ကျောင်းသားအရေးကိစ္စတွေနှင့် အလုပ်များလျက် ရှိပြန်ချေသည်။ သမဂ္ဂအစည်းအဝေးများကို နေ့လယ်မှ ည(၁၀) နာရီ (၁၁)နာရီအထိ၊ တစ်ခါတစ်ရံ ညလုံးပေါက်နီးပါး ဆွေးနွေးကြသည်။ ဝေဖန်ကြသည်။

ညိုအောင်သည် 'အိုးဝေ' မဂ္ဂဇင်းကော်မတီဝင်အဖြစ် အိုးဝေ ဖြစ်မြောက်အောင် တာဝန်ယူရသောအခါ၌ တစ်နေ့လုံး မြို့လုံးပတ်လည် ခြေလျင်တစ်မျိုး၊ ဘတ်(စ်)ကား တစ်သွယ်၊ ဂျစ်ကားနှင့် တစ်လှည့် ခရီးလှည့်ပြီး ညကျတော့လည်း အလုပ်အမှုဆောင်အစည်းအဝေးတွင် ပါရပြန်သည်။ နံနက်လင်းအားကြီးတွင်မှ သမဂ္ဂအဆောက်အဦ အပေါ်ထပ် အစည်းအဝေးခန်းမမှ စားပွဲကြီးပေါ်တွင် သန်းဋ္ဌေး၊ အောင်မောင်းကြီးတို့နှင့်အတူ ကုလားသေ ကုလားမော အိပ်ကြပြန်သည်။ သမဂ္ဂခန်းမအတွင်း စာငယ်လေးများ၏ တကျီကျီသံကို သားချော့တေးပမာနာခံရင်း အိပ်လည်း အိပ်နိုင်ကြပေသည်။

ထိုမှတစ်ဖန် ပညာသင်ကြားရေး မပြည့်စုံ မလုံလောက်ခဲ့သည့် တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် ၁၉၅၁–၅၂ ခုနှစ်သမဂ္ဂအမှုဆောင်



www.burmeseclassic.com

အဖွဲ့မှ အစပျိုး လုပ်ကိုင်လာသော ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်ပေးရေးကို အကောင်အထည် ဖော်ခဲ့လေသည်။ အမြန်ဆုံး အကောင်အထည်ပေါ်ရန် ညိုအောင်တို့က ကြိုးပမ်းကြရင်းပင် တချို့ အုတ်မြစ်ချပြီး၊ တချို့ဆောက်ဆဲ ကျောင်းဆောင် အဆောက်အဦများကိုကြည့်ကာ ပီတိဖြာခဲ့ရပေသည်။ နောင်တစ်ခေတ် ညီငယ်ညီမငယ်များအတွက် တောင်ငူဆောင်၊ ရာမည၊ အမရ၊ မန္တလေး၊ မာလာနှင့် ရတနာ တည်းဟူသော အမည်တွင်ရစ်မည့် ကျောင်းဆောင်သစ်များပေါ်ပေါက်လာစေသော လုပ်ဆောင်ချက်တွေကိုတော့ မှတ်တမ်းတင်ရစ်ချင်လေသည်။

နောက်တစ်ခု မှတ်တမ်းတင်ရစ်စရာ လုပ်ငန်းကြီးတစ်ခုကား တက္ကသိုလ်ကျောင်းသားပွဲတော် ကျင်းပခြင်းပင်ဖြစ်လေသည်။ ရန်ကုန်တက္ကသိုလ်သမိုင်း၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်လေသည်။

၁၉၅၂ ခုနှစ် ဩဂုတ်လ (၅)ရက်နေ့မှစ၍ (၁၉)ရက်နေ့အထိ (၁၅) ရက်တိုင်တိုင် အရှေ့ဂျာမနီ ဘာလင်မြို့တော်တွင် တတိယအကြိမ် ကမ္ဘာ့လူငယ်ပွဲသဘင်ကြီး ကျင်းပခဲ့လေရာ ငြိမ်းချမ်းရေး၊ မိတ်ဆွေဖြစ်ရေး၊ ယဉ်ကျေးမှုမြှင့်တင်ရေးကို ဦးတည်လျက် ရန်ကုန်တက္ကသိုလ် ကျောင်းသားပွဲတော်ကြီးတစ်ရပ်ကျင်းပရန် စိုင်းပြင်းလာခဲ့ကြလေသည်။

သို့ စိုင်းပြင်းလာခဲ့ကြရင်းပင် ရန်ကုန်တက္ကသိုလ်ရှိ လူမျိုးစုံ ကျောင်းသားအသင်းများ၊ ခရိုင်အသင်းများ၊ သဟာယနှင့် စာဖတ်အသင်းများနှင့် လူမျိုးခြား ကျောင်းသားအသင်းများကို ဖိတ်ခေါ်ကာ တ·က·သ အမှုဆောင်အဖွဲ့မှ ကျင်းပမည်ဖြစ်သော ကျောင်းသားပွဲတော်တစ်ရပ်ကို (၁) ငြိမ်းချမ်းရေး (၂) အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးနှင့် ထိန်းသိမ်းရေး၊ (၃) ယဉ်ကျေးမှုလဲလှယ်ရေး၊ (၄) ကျောင်းသားအချင်းချင်း ရင်းနှီးရေးနှင့် မိတ်ဆွေဖြစ်ရေး၊ (၅) ကျောင်းသားညီညွတ်ရေး စသည့် ရည်ရွယ်ချက်များကို တင်ပြခဲ့လေသည်။

တက္ကသိုလ်ကျောင်းသားပွဲတော် ကျင်းပရေးတွင် (၁) ပြပွဲပြိုင်ပွဲကော်မတီ၊ (၂) ယဉ်ကျေးမှု ကပွဲကော်မတီ၊ (၃)ကစားခုန်စား ကော်မတီ၊ (၄) အခမ်းအနား ပြင်ဆင်ရေးကော်မတီ၊ (၅) ဘဏ္ဍာရေးကော်မတီများ





ဖွဲ့စည်းကာ တာဝန်အသီးသီး ခွဲဝေလျက် ရှိလေသည်။

ညိုအောင်မှာ တက္ကသိုလ်ပွဲတော်ကျင်းပရေး ကော်မတီတစ်ယောက်အနေနှင့် စာမေးပွဲအတွက် ဘာမှ လှည့်မကြည့်နိုင်တော့ဘဲ အလုပ်များလျက်ရှိလေသည်။ စာမေးပွဲကလည်း နီးကပ်လှချေပြီ၊ သို့ကြောင့်လည်း ပွဲတော်အခန်းများတွင်ပါဝင်ရန် အထူးသဖြင့် ကျောင်းသူတို့က အင်တင်တင် ဖြစ်နေကြလေသည်။ သိန်းမောင်၊ သန်းဌေး၊ ညိုအောင်၊ အောင်မောင်း၊ ချစ်ဦး၊ အာသာ၊ တင်ကြည်တို့ လူစုသည် ခွဲကောင်းကောင်းနှင့် ကျောင်းသူကျောင်းသားများအဆောင်များကို သွားရောက်ကာ တရားဟောပြီး တောင်းပန်နေရသည်။

ညိုအောင်သည် ပွဲတော်အတွက် အလုပ်လည်း တကယ်များကာ တစ်နေ့မမြင်ရ မောင်တစ်လ ထင်တယ် စိတ်တွေနှင့် ဘင်တန်ဆောင်သို့ ညနေတိုင်း ရောက်လျက်ရှိနေခဲ့လေသည်။ သို့နှင့်ပင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားပြောကြရုံနှင့် သာယာကြည်နူးမှု လှိုင်းတွေမှာ ရင်ဝယ် ရိုက်ခတ်နေခဲ့လေသည်။ တစ်ခါတစ်ရံ စကားပြောချိန်ပင် မရကြ။ တစ်ယောက်နှင့်တစ်ယောက် ဖျတ်ခနဲဖျတ်ခနဲ မြင်တွေ့ရပြီး မျက်လုံးချင်းဆိုင်ကြည့်ရုံနှင့်ပင် ကျေနပ်နှစ်သိမ့်မှုကို ရနေရပေသည်။

တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးတွင် ပြုလုပ်မည့် ပန်းချီကာတွန်း ဓာတ်ပုံ ပြပွဲပြိုင်ပွဲ၊ ကစားခုန်စားရေးကော်မတီမှ ကျင်းပသော မြင်းယိုင်ခတ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပင်ပေါက်ရိုက်ပြိုင်ပွဲများ စသည်တို့အပြင် စာပေနှင့် ဂီတပြိုင်ပွဲ၊ အိုးစည်နှင့် ဒိုးပတ်ပြိုင်ပွဲ စသည်များကိုလည်း စီစဉ်ရှိလေသည်။

အခမ်းအနား ပြင်ဆင်ရေးကော်မတီကလည်း မုခ်နှင့် ပြပွဲအတွက် တဲများ စတင်ဆောက်လုပ်လေသည်။ လျှပ်စစ်ဓာတ်ကြိုးများသွယ်ကာ မီးများကို စမ်းသပ်တွန်းကြလေသည်။

ရက်တိုတို အချိန်ပိုင်းနှင့်ပင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဇွဲင်တိုက်အားတိုက် လုပ်ကိုင်ကြရင်းပင် ဘယ်ပုံထမင်းစားလို့ ဘယ်ပုံအိပ်မှန်းမသိ။ ညိုအောင်တို့ ဆံပင်တွေမှာ ဆီမရှိ ဖွာနေကာ မျက်တွင်းများ လက်ဆစ်နိုက်



www.burmeseclassic.com

ချောင်ကျနေတော့သည်။ ဆေးလိပ်ကိုပင် မမှိန်းနိုင်။ ပါးစပ်တွင် အစဉ်အမြဲ တပ်ထားလေ့ရှိသော ဆေးလိပ်မှာ မီးပင် သေနေပေပြီ။

* * *



(၂၈)

သို့နှင့်ပင် ငွေနှင်းမှုန်ဝေသော တက္ကသိုလ် ဆောင်းညများတွင် ကျောင်းသားပွဲတော် ကျင်းပခဲ့လေသည်။

လပြာသိုတွင် နှယ်ချာညို မြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းခဲ့လေပြီ။ တက္ကသိုလ် အဓိပတိလမ်းဘေး မြက်ခင်းများသည် နှင်းရည်တို့ဖြင့် စိုစွတ်နေသည်။

ဇန်နဝါရီလ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်နေ့များ။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် တက္ကသိုလ်ကောင်စီမှ တက္ကသိုလ် ကျောင်းသားပွဲတော်အတွက် နေ့တစ်ဝက် ကျောင်းပိတ်ခဲ့လေသည်။ အဓိပတိလမ်းဘေး မြက်ခင်းပေါ်ရှိ မဏ္ဍပ်များတွင် ဆိုဗီယက်-မြန်မာယဉ်ကျေးမှု လဲလှယ်ရေးအသင်း၊ တရုတ်-မြန်မာ မိတ်ဆွေအဖြစ်အသင်း၊ အိန္ဒိယသံရုံး ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်(မြန်မာ)တို့မှ ပြပွဲများရှိလေသည်။

ထို့ပြင် လမ်းဘေးရှိ စားသောက်ဆိုင်များမှာ စည်ကားလျက်ရှိလေသည်။ လျှပ်စစ်ရောင်စုံမီးတို့သည် တက္ကသိုလ်ဝန်းကျင်၌ နေ့အလား လင်းထိန်လျက်ရှိလေသည်။ ကျောင်းသားပွဲတော် ကျင်းပနေသည့်ရက်အတွင်း ကျောင်းသူများကိုလည်း ကျောင်းဆောင်မှ ထွက်ခွင့်ပေးထားလေသည်။ သို့ကြောင့် အဓိပတိလမ်းမတစ်လျှောက်တွင် ကျောင်းသားကျောင်းသူများ တိုးဝှေ့လျက်ရှိလေသည်။ တက္ကသိုလ်ကောင်စီ ခန်းမတွင်းရှိ ပြပွဲပြိုင်ပွဲများကို တိုးဝှေ့ကြည့်ကြလေသည်။

နဂါးဘတ်(စ်)ကားများပြေးရာ ကားမှတ်တိုင်များ တည်ရာလမ်းတစ်လျှောက်တွင် ...

www.burmeseclassic.com

အချော်ကြယ် တာဝေ

"တက္ကသိုလ် ကျောင်းသားပွဲတော် လိုက်မလား ဆရာ"

စပယ်ယာများ၏ ခေါ်သံနှင့်အတူ ဘတ်(စ်)ကားတွေမှာ လူများ တိုးဝှေ့တက်နေကြလေသည်။

ဝိဇ္ဇာဌာန မြက်ခင်းပေါ်တွင် ယဉ်ကျေးမှုကပွဲစာတ်ခုံ ရှိလေရာ ည(၇)နာရီအချိန်တွင် ကျောင်းသားကျောင်းသူများ အုံးအုံးထကာ စုဝေးနေကြလေသည်။

၁၀ ရက်နေ့ည (၈) နာရီအချိန်တွင် တက္ကသိုလ်ကျောင်းသားပွဲတော် ယဉ်ကျေးမှုကပွဲကို ကမ္ဘာ့ကျောင်းသားများသမဂ္ဂသီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာထင်အောင်မှာ ဝတ်ရုံ အစုံအလင်ဖြင့် တက်ရောက်၍ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့လေသည်။

ယဉ်ကျေးမှုကပွဲ ပထမအခန်းပေါင်း နှစ်ဆယ်ကျော် တင်ပြခဲ့ရာ အိန္ဒိယအမျိုးသမီး ဘာရသီဂန္ဒီ၏ အိန္ဒိယယဉ်ကျေးမှုအကမှာ ကျောင်းသူ ကျောင်းသားတိုင်းကို စွဲမက်စေခဲ့လေသည်။

ထို့နောက် ရှမ်းကျောင်းသူကျောင်းသားများ၏ ရှမ်းကိန္နရာအက၊ ရခိုင်ကျောင်းသားများ၏ ဒုံးယိမ်းအက၊ ကရင်ကျောင်းသားများ၏ စကောအက၊ တရုတ်ကျောင်းသားများ၏ 'ယန်ကို'ခေါ် အမျိုးသားယဉ်ကျေးမှုအက၊ ဒဂုန် ကျောင်းဆောင်သားများ၏ ကုလားယိမ်း စသည်တို့သည် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍကို စတင်ခဲ့လေပြီတည်း။ ဒဂုန်ကျောင်းဆောင်သားတို့၏ ကုလားယိမ်းမှာ ဟာသမြောက်သဖြင့် ပွဲကြည့်ပရိသတ်များ တဝါးဝါး ပွဲကျ နေလေသည်။

ဒုတိယနေ့ ယဉ်ကျေးမှုကပွဲကို ချင်းတွင်းခရိုင် ကျောင်းသူကျောင်းသား များအသင်းက ငြိမ်းချမ်းရေးသီချင်းဖြင့် ဖွင့်လှစ်ခဲ့လေသည်။ ထို့နောက် ကယား ကျောင်းသားများ၏ တံခွန်စိုက်အက၊ အိန္ဒိယကျောင်းသူတစ်ဦး၏ မြွေအက ဘင်တန်ကျောင်းသူ ရင်ရင်ကြင်၏ တပင်တိုင်အက၊ ဒဂုန်ကျောင်းဆောင်သား တို့၏ ရှင်မွေးလွန်း မင်းနန္ဒာ ဟာသပြဇာတ်တို့ ပါဝင်စေခဲ့ပြီး ရှင်မွေးလွန်းအဖြစ် သရုပ်ဆောင်ခဲ့သူ မစ္စတာကေဆင်း၏ အမူအရာ အပြောအဆိုကို ကျောင်းသားတို့





တဝါးဝါး ပွဲကျကြပြန်လေသည်။

ထို့ပြင် ထားဝယ်ခရိုင် ကျောင်းသူကျောင်းသားများအသင်းမှ ထားဝယ် ဒိန်းသီချင်း သီဆိုခဲ့ကြ၍ ကိုကျော်ဆန်းက ထားဝယ်သံ ဝဲဝဲနှင့် သီဆိုခဲ့လေသည်။ ဒဂုန်ကျောင်းဆောင်မှ အသိုးကြီး ယိမ်းကိုလည်း ကျောင်းသားများ ပွဲကျကြ ပြန်သည်။

ဇန်နဝါရီလ ၁၂ ရက်၊ တတိယနေ့ည။

တတိယနေ့ ယဉ်ကျေးမှုကပွဲကို ဂီတမိခင်ကြီး အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည် ဦးစီးကာ စောင်းကောက်ရှစ်လက်ဖြင့် တီးခတ်ဖွင့်လှစ်ခဲ့ လေသည်။ ကယား ကျောင်းသူများအက၊ တရုတ်ကျောင်းသူများ၏ အလံ အက၊ ကချင်ကျောင်းသူများ၏ ကချင်အမျိုးသားအက၊ ချင်းလူမျိုးစု ဝါးညှပ် အက၊ ရှမ်းချစ်ကြည်ရေးအက၊ ဘင်တန်ကျောင်းသူ ကက်သရင်း၏ အာရေဗျ အက စသည်တို့လည်း ပါဝင်ဆင်နွှဲခဲ့လေသည်။

ယဉ်ကျေးမှုကပွဲ တင်ဆက်သည့်အချိန်နှင့် တစ်ပြိုင်တည်း တခြား နေရာများ၌ အိန္ဒိယသံရုံး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် အစိုးရသံရုံး၊ ဆိုဗီယက်သံရုံးတို့မှ ရုပ်ရှင်ကားများအပြင် အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ ကိုကျော်ဆွေ၊ မေမြတို့ ပါဝင်သော ရဲတံခွန်ရုပ်ရှင်ကားများ ပြသလေသည်။ ညီညွတ်ရေး အငြိမ့်အဖွဲ့မှလည်း အငြိမ့်ပြလျက် ရှိလေသည်။

တင်တင်ဝင်းနှင့် သင်းသင်းအေးတို့၏ မြိုင်ထနှစ်ပါးသွားကို ကျောင်းသူကျောင်းသားများက စွဲလမ်းနှစ်သက်နေသည်။ သင်းသင်းအေးက သူ အထက်တန်းကျောင်းသူ ဘဝတုန်းက ဆိုကဖူးသော မြိုင်ထနှစ်ပါးသွားကို တင်တင်ဝင်းကို မင်းသားအဖြစ် စင်တင်ကာ ကခဲ့လေသည်။ ဇာတ်တိုက် ကြစဉ်ကတော့ သူက ဇာတ်ဆရာပင် ဖြစ်လေသည်။

ညိုအောင်က ဇာတ်စင်သား တမာပင်အောက်မှ ပွဲကြည့်ပရိသတ်ကိုလည်း အကဲခတ်ရင်း သင်းသင်းအေးအား တသသနှင့် မက်စွဲကာ ငေးကြည့်နေမိသည်။ မျက်တောင်ခတ်ရန်ပင် မေ့နေသည်ထင်သည်။ ချစ်ဦးက သူ့မျက်စိရှေ့မှ လက်နှင့် လာသပ်ချ၍ နောက်ပြောင်နေမှ သတိရကာ ပြုံးနေမိပြီး...



www.burmeseclassic.com

"ခွေးမသား ဖယ်စမ်းပါ၊ လောကအားလုံးရဲ့ ကျက်သရေကို ငါ ခုမှမြင်တယ်၊ ဒီလို ချစ်စရာလှပတဲ့ရုပ်နဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာရပ်ကို ပေါင်းစပ်လိုက်တဲ့ ရလဒ်က သင်းသင်းအေးပဲ"

"ဟား....ဟား....ဟား"

ချစ်ဦးက တအား အော်ရယ်နေသည်။ ညီအောင်က ချစ်ဦး၏ခေါင်းကို လှမ်းပုတ်ကာ ...

"မသောပါနဲ့ကွာ၊ ငါ အကောင်းပြောနေတာကို၊ သွားစမ်းကွာ သွားစမ်း၊ ငါ စိတ်ကူးပျက်တယ်"

ပြောပြီး ချစ်ဦးကို တွန်းထုတ်လိုက်လေသည်။ ချစ်ဦးသည် ယက်ကန် ယက်ကန်နှင့် ဇာတ်စင်ဘက်သို့ ထွက်ခွာသွားလေသည်။

မကြာမီပင် 'ဒါလင်' တစ်ခန်းရပ်ပြဇာတ်ဟု ချစ်ဦးနှင့် အာသာတို့ ခေါင်းဆောင်ကာ ထွက်လာလေသည်။ ချစ်ဦးက ထဘီဆင် ဟာဝေယံရှပ်အင်္ကျီနှင့် ဘောင်းဘီအနက်ပေါ်မှ ဇာအင်္ကျီပန်းရောင် ခပ်ပါးပါး၊ ပိုးတွန့်လုံချည် အနီရဲရဲခံတွင် အဖြူပွင့်ရိုက် ဝတ်ထားလျက် ကန့်ကလျလေး ထွက်လာလေသည်။

ချစ်ဦးနှင့် အာသာက လင်မယားလုပ်ရလေသည်။ ခေတ်ကိုသရော်သော ပြဇာတ်ဖြစ်သည်။ လင်သည်က စာရေး၊ မယားက အရာရှိကတော်ဂိုက်ဖမ်းသည်။ ရသော လခနှင့် မလောက်သည့်အပြင် ကြွေးတွေပတ်လည်ဝိုင်းနေသည်။ ကုန်ဈေးနှုန်းကြီးမြင့်ရသည့်ကြားထဲ မယားက အသုံးအဖြုန်းကြီးတော့ ပိုဆိုးသည်။ နေ့တိုင်း ဟင်းကောင်းချက်မကျွေး၊ မယားကို မကျေနပ်သော်လည်း 'ဒါလင်'ဟု တစ်ခွန်းခေါ်လိုက်လျှင် ချစ်ဦးမှာ အရည်ပျော်သွားရသည်။

တစ်နေ့လာလည်း ဘဲဥဟင်း။ ဘဲဥဟင်းမို့ ကြာတော့ ချစ်ဦးမှာ သည်းမခံနိုင်ဖြစ်ပြီး လင်မယားရန်ဖြစ်ကြသည်။ သည့်နောက်တော့ အိမ်နောက်ဖေးမှ ရှိရှိသမျှ ဘဲဥတွေယူလာကာ ပေါက်ခွဲပစ်သည်။ အာသာကလည်း ခြေကို ဆောင့်ကာဆောင့်ကာနှင့် ဘဲဥကိုယူကာ ခွဲပြန်သည်။ ထိုစဉ် တစ်ကျပ်ရှစ်လုံးနှင့် ရသော ဘဲဥဖိုး အနည်းဆုံး သုံးကျပ်ဖိုးခန့်ရှိမည်ကို ဇာတ်စင်ပေါ်တွင် ခွဲပစ်ကြလေသည်။





ပရိသတ်တို့မှာ တအုံးအုံး ပွဲကျနေသည်။ ချစ်ဦး၏ ခြေတံရှည်ရှည်နှင့် လက်ကားရား ခြေကားရား အမူအရာကိုလည်းကောင်း၊ ရင်တု၊ တင်တုတွေနှင့် မိန်းမဟန်ပန်မူယာလုပ်သော အာသာ၏ သရုပ်ဆောင်မှုကိုလည်းကောင်း တဝေါဝေါ ဖြစ်နေသည်။ နှစ်ဦးတွဲ၍ ကသော အရွှေးချေးပန်းအကကိုလည်း ပတ်မ,တုတ်မရဘဲ ရှိလေသည်။

ကားလိပ်ချအပြီးတွင် ဘဲဥခွံတွေကိုကောက်ရပြီး ဘဲဥအနှစ်အကာ ပေကျံသမျှကို ရေဝတ်နှင့် လိုက်သုတ်ရသော အောင်မောင်းနှင့် တင်ကြည်တို့က ချစ်ဦးနှင့် အာသာတို့ကို မအေနမ ဆဲရေးလေသည်။

* * *

ဇန်နဝါရီ (၁၃) ရက်နေ့ ညကတော့ ဆုပေးပွဲ အခမ်းအနား ဖြစ်လေသည်။

ဝိဇ္ဇာဌာန မြက်ခင်းတွင် ည(၈)နာရီအချိန်၌ တက္ကသိုလ် ကျောင်းသားပွဲတော် ပြပွဲပြိုင်ပွဲ ဆုရသူများ၊ ယဉ်ကျေးမှုကပွဲတွင် ပါဝင်ဆင်နွှဲကြသူများကို တက္ကသိုလ်ကျောင်းသားပွဲတော် ကျင်းပရေးကော်မတီမှ ဆုများချီးမြှင့်ခဲ့လေသည်။

ဆုပေးပွဲအခမ်းအနားပြီးလျှင် ယမန်နေ့က တက္ကသိုလ်စာကြည့်တိုက်ဘေးရှိ မြက်ခင်းပြင်ပေါ်တွင် ကိုယ့်စရိတ်နှင့်ကိုယ် လာရောက်ကူညီကပြခဲ့သော ရဲမေကြည် အငြိမ်အဖွဲ့မှ ရဲမေကြည်က တပင်တိုင်အကဖြင့် ကူညီပြန်သည်။ လူမျိုးစုနှင့် နိုင်ငံခြားသားများကလည်း မိမိတို့ယဉ်ကျေးမှုအက တစ်ခုစီဖြင့် တင်ပြကြပြန်သည်။

အင်းလျားကျောင်းသူ မလှသန်း၏ ခုနှစ်တွေအကကို ပွဲကြည့်ကျောင်းသူ ကျောင်းသားများက သဘောကျလျက်ရှိလေသည်။ မလှသန်းသည် ဇာတ်စင် ပါရမီပါသူ ဖြစ်သောကြောင့် ယောက်ျားရုပ် သရုပ်ဆောင်ကောင်းလေသည်။ မစန်းလွင်နှင့် တွဲဖက်၍ နှစ်ပါးသွားအက ကပြပြန်ရာ နှစ်သက်ကြလျက် မရင်ရင်ကြင်နှင့် မစိုးစိုးတို့၏ ပြက်လုံးများမှာလည်း ပွဲကျလျက်ရှိလေသည်။

နောက်ဆုံးတော့ သင်းသင်းအေး၏ ယိုးဒယားအက။



www.burmeseclassic.com

သင်းသင်းအေးသည် ကျောင်းသားပွဲတော်တွင် မငြင်းမဆန်ဘဲ အင်တိုက်အားတိုက် ပါဝင်ကူညီလေသည်။ တခြား မိန်းကလေးများလို သိပ်မပြောရခင်ကပင် ပညာတတ်မိန်းကလေး တချို့၏ ဟန်ပန်မူရာလုပ်တာမျိုး မရှိဘဲ …

"သင်း ကူမယ်လေ၊ ဘာကူရမလဲ ပြော၊ သင်း ကျောင်းနေတုန်းက ယိုးဒယားလည်း ကဖူးတယ်၊ နှစ်ပါးသွားလည်း ကဖူးတယ်၊ ဇာတ်တိုက်ဖို့တောင် မလိုပါဘူး၊ တီးလုံးနဲ့ တိုက်ရုံပါပဲ၊ ပြီးတော့ သင်းမှာ ထိုင်မသိမ်းအင်္ကျီရော၊ ထဘီရော ချုပ်ပြီးသား အဆင်သင့်ရှိတယ်"

အရိုးခံနှင့် ပြောရှာသည်။ သင်းသင်းအေးသည် ဤမျှ ချစ်စရာကောင်းလေသည်။ ထိုင်မသိမ်းဆိုလို့ ကပွဲအတွက် အဝတ်အစားရှာရတာကလည်း လွယ်ကူသော ကိစ္စမဟုတ်။ ဇာတ်အဖွဲ့တွေ ရုပ်ရှင်ကုမ္ပဏီတွေဆီ မျက်နှာငယ်ခံကာ လိုက်ငှားသော်လည်း အဟောင်းသာရမည်။ အသစ်ကို ဘယ်သူမှ မငှားချင်ပေ။ သူသူငါငါ ထုံးစံပင်။ ချွေးသံတွေထွက်ကာ အဝတ်သည် ခဏချင်းပင် ကြေမွသွားတတ်သည် မဟုတ်ပါလော။ ထိုင်မသိမ်းတစ်စုံကိုတော့ ရုပ်ရှင်မင်းသမီး မေရှီမြင့်ဆီမှ ငှားလို့ ရခဲ့လေသည်။

စာမှန်မှန်ကျက်လေ့ရှိသော သင်းသင်းအေးအဖို့ သူများထက် ပိုချစ်စရာကောင်းသည်က …

"သင်းက မှန်မှန်ကျက်တော့ ခုလောက်ဆို ပိုင်နေပါပြီ၊ နီးတော့ ပြန်နွှေးရုံပါပဲ၊ ဒီ ဇန်နဝါရီလ လေးငါးဆယ်ရက်တော့ သင်း အချိန်ပေးနိုင်ပါလိမ့်မယ်"

သင်းသင်းအေးသည် သူ့ကျောင်းစာအပေါ်ရော သူ့ရဲ့ဘက် ကျောင်းသားပွဲတော် ကော်မတီတွေအပေါ်ရော တာဝန်ကျေလျက် ရှိလေသည်။

သင်းသင်းအေးကို မလိုသူ ကျောင်းသူတချို့ကတော့ ဤမျှ လွယ်လွယ်ကူကူ မငြင်းမဆန် ခေါင်းညိတ်လိုက်ပါခြင်းမှာ တက္ကသိုလ်သူတို့ ထုံးစံကိုဖျက်သည်ဟု ကွယ်ရာ မေးငေါ့ကြသည်။ မကြားတကြားလည်း ပြောကြသည်။ ဒီလိုပြောသမျှကို တင်တင်ဝင်းက ကားကား ကားကားနှင့်





ဒိုင်ခံ ရန်ဖြစ်ပေးလေသည်။

စင်စစ်တော့ သင်းသင်းအေးသည် ကလေးမျှသာတည်း။ ကလေးလို ဆိုတော့ ကလေးစိတ်ထားနိုင်ခြင်းဖြစ်ကာ စင်စစ် ရိုးဖြောင့်ခြင်း မည်လေသည်။ ဟန်ဆောင်မှု ကင်းခြင်းလည်း ဖြစ်လေသည်။

မနာလိုမှု ထုံးစံကတော့ ညွှိအောင်တို့လို ယောက်ျားပိုင်းတွင်ပင် ဖြစ်လေ့ဖြစ်ထရှိပေရာ မိန်းမပိုင်းဆိုလျှင် မပြောနှင့်တော့။ ကိုယ်ကလည်း မစွမ်းနိုင်၊ သူများ စွမ်းဆောင်တာကို မနာလို အတိုမှုပွားခြင်းသည် စင်စစ်အားဖြင့် သဘောထားနုံချာ သေးနုပ်ခြင်းပင် ဖြစ်လေသည်။

သင်းသင်းအေးကို ပိုး၍မရသောကြောင့် မစားရတဲ့အမဲ သဲနှင့် ပက်ချင်သော ဟင်နရီကလည်း အတင်းပြောလေသည်။ တစ်ဖန် ညွှိအောင်ကို စွဲလမ်းတသခဲ့ဖူးသော အိုင်ဗီကလည်း သင်းသင်းအေးအား အပြစ်တင်လျက် ရှိလေသည်။ သင်းသင်းအေးနှင့် ညွှိအောင်ကို အမျိုးမျိုး ပုတ်ခတ်ပြောဆိုနေသည်။

ညွှိအောင်ကမူ ယနေ့တိုင် သူ့လက်ထဲတွင် အပြစ်ကင်းစင် သန့်ရှင်းသေးသော၊ လင့်ရှိဗာကားပေါ်တွင် နှစ်ကြိမ်သုံးကြိမ်သာ နမ်းခဲ့ရဖူးသော သင်းသင်းအေးလေးကို သနားလျက်ရှိလေသည်။ သည့်နောက်တော့ သင်းသင်းအေးနှင့် ဘယ်မှ ထွက်မလည်ဖြစ်။ သူကခေါ်လည်း လိုက်မည်မထင်။ သူကလည်း မခေါ်ရက်။ သူ့စိတ်ကိုသူ မနိုင်သည့်အခါ၌ သင်းသင်းအေးလေး နွမ်းသွားမည်ကို စိုးရိမ်မိသည်။ တစ်ကြိမ်ကလည်း 'မမစိမ်း' ကို နွမ်းစေခဲ့ဖူးပြီ။ ယခုတော့ ကြီးစွာ နောင်တရလျက် ရှိလေသည်။ သင်းသင်းအေးအတွက် သူ မဖြူစင်နိုင်ခြင်းကိုပင်တည်း။

သို့တွေးရင်းပင် သင်းသင်းအေးအပေါ် ကြင်နာခြင်းရေအယဉ် သွယ်ဖြာစီးလျက် ချစ်စိတ်ဒီဂရီ တက်လျက်ရှိလေသည်။ "ငါ သင်းသင်းအေးကို သိပ်ချစ်တာပဲ၊ သူ့ကိုချစ်ရတာ ငါ ကောင်းတာပဲ" ဟု ကြိတ်၍ ပီတိတွေ ဖြာဝေလျက် ရှိလေသည်။

ဆောင်းညသည် မြူနှင်းမှုန်မှုန် နှင်းငွေမျှင်အစက်တို့ ခပ်ဖွဲဖွဲကျနေလေသည်။ လမကွယ်ခင်ညမို့ လရောင် လုံးဝမရှိ။ ကြယ်အရောင်သာ မှိန့်တမှိန်



www.burmeseclassic.com

လင်းနေသည်။ လျှပ်စစ်မာတ်မီးရောင်အားကတော့ ဖြာ၍ ထိန်လင်းဆဲ။

နှင်းပွင့်လို ဖြူဆွတ်သော ထိုင်မသိမ်းအင်္ကျီ မထူမပါး၊ ငွေချည်ထိုး ထဘီအဖြူ၊ ဇာပါးပဝါက အဖြူ၊ ခေါင်းထက် ဆံထုံးသေးသေး၊ ဆံမြိတ်ရှည်မှ သဇင်ပန်းအစစ်များနှင့် သင်းသင်းအေး။

ညလေက တိုက်ခတ်လာလေသည်။ လေညင်း တသုန်သုန်နှင့် ပန်းဝတ်လွှာအထပ်ကို လေအဟုန်လာခတ်စဉ်က ကညာနုတ်ထွက်သည့်ပမာလို သင်းသင်းအေးသည် နွဲ့ပျောင်းသော ယိုးဒယား ကဟန်နှင့် ဇာတ်စင်ပေါ်တွင် က,နေလေသည်။ တီးဝိုင်းမှ 'ခိုင်ပန်းစုံ' ယိုးဒယားကို သာယာငြိမ့်ညောင်းစွာ တီးပေးနေသည်။ အားလုံးက သင်းသင်းအေးအား မက်ငြိုး ငေးနေကြသည်။ နိုင်ငံခြားသားများပင် အချင်းချင်း ခေါင်းချင်းရိုက်လျက် မေးမြန်းနေကြသည်။

ညိုအောင်ကမူ နိုင်ငံခြားသားတို့၏ မေးခွန်းကိုလည်း ဖြေလျက် မျက်လုံးကလည်း သင်းသင်းအေးဆီမှ မခွာနိုင်ဘဲ ရှိလေသည်။ နိုင်ငံခြားသား ဧည့်သည်များနှင့် အတူထိုင်လျက်ရှိသည်မို့ သောက်ရသော စီးကရက်အရသာ ပေါ့ပျက်သည့်နည်းတူ သင်းသင်းအေး အကကို ကြားကဝင်နှောင့်သဖြင့် ကြည့်ရသည်မှာ အရသာပျက်သလို ဖြစ်သွားမိသေးသည်။ တစ်ဖက်ကလည်း သင်းသင်းအေးအတွက် ဂုဏ်ယူဝမ်းသာလျက် ရှိလေသည်။

* * *

လျှပ်စစ်ဓာတ်မီးရောင် ပျောက်ကွယ်သွားသောနေရာတွင် အရောင်ဖျော့သော ကြီးစိုးနေလေသည်။ ကြယ်ရောင်ကလည်း မှုန်ပြေပြေ။ ခုနစ်စင်ကြယ်ပြောင်ပင် အမြီးထောင်လုပေပြီ။ ညဉ့်နက်ခဲ့ပေပြီ။

တင်တင်ဝင်းက အပြင်းဖျားသဖြင့် သည်ညတော့ သင်းသင်းအေးကို ညိုအောင် လိုက်ပို့ရချေပြီ။ တခြားသော ဘင်တန်ကျောင်းသူများကား အစောကြီး ထဲက ပြန်သွားကြလေသည်။ သင်းသင်းအေး၏ ယိုးဒယား အကခန်းကလည်း နောက်ဆုံးခန်း။

သို့ကြောင့် ရေဇတ်သူ ရေတွင်းထဲကျချေပြီ။ ညိုအောင့် ရင်ထဲတွင် ဘုရားပွဲလှည့်လျက် ရှိလေသည်။ သင်းသင်းအေးကလည်း တလေးငယ်မော





ညိုအောင်နှင့်အတူ ပြန်ရသည်ကို ပျော်ကာ ညိုအောင်နှင့်အတူ လျှောက်လာလျက် စကားတွေဖောင်ဖွဲ့ ပြောဆိုလာလေသည်။ ညိုအောင်က သောက်လက်စ စီးကရက်ကို တွင်တွင် ဖွာရှိုက်လာသည်။

ချမ်းအေးသောရာသီမို့ သင်းသင်းအေး၏ ပါးစပ်မှ အငွေ့များထွက်နေသည်။ ဖြူဖွေးသော နိုင်လွန်အင်္ကျီပေါ်မှ ပန်းနုရောင်ပြေပြေတွင် ရင်ဘတ်နေရာ၌ ဆီကွင်ခေါ် ပန်းကြယ်စုလေးများထိုးထားသော နိုင်လွန်ဆွယ်တာကို ပတ်ထားလျက်၊ မီးခိုးဖျော့ဖျော့ အင်္ကျီလေး ပြောင်လုံချည်ကို ဝတ်ထားသော သင်းသင်းအေးမှာ ကြော့ရှင်းလှပမြဲ ဖြစ်လေသည်။

လက်တစ်ဝါးခန့်သာရှိသော ငွေရောင်လက်ပွေ့အိတ်လေးနှင့် အဖြူရောင် သဲကြိုးသေးသေးနှင့် ဖိနပ်ပြားလေးမှာလည်း သင်းသင်းအေးအတွက် တမင် ဖန်ဆင်းထားသည့်နှယ်။

ကြော့ရှင်းသော လည်တိုင်တွင် ပန်းနုရောင် ပုလဲသွယ်လေးကို လည်တွင်ကပ်လျက် ဆွဲထားလေသည်။ သင်းသင်းအေးနားမှ သုံးပွင့်ဆိုင် စိန်နားပွင့်လေးမှာ ပြိုးပြက်လျက် တစ်ပတ်လျှို ဆံပင်ထက်မှ သဇင်ခက်ကလည်း ကနွဲ့ကလျ ရှိလေသည်။

ပွဲကြည့်သော ဘင်တန်သူများသည် ခပ်စောစောကပင် ပြန်သွားကြပေပြီ။ သို့ကြောင့် လမ်းသွားလမ်းလာ မရှိသလောက်ပင်၊ အဓိပတိလမ်းမှ တဖြည်းဖြည်း လျှောက်လာကြရင်း ဒဂုန်ဆောင်သို့ ဝင်သည့်လမ်းအတိုင်း ဝင်လာခဲ့ကြလေသည်။ ညိုအောင်က သတ္တုလပ်ကုတ်အင်္ကျီကို လက်နှိုက် လာလေသည်။ လမ်းလျှောက်တိုင်း မြောက်ပြင်ပိုးလုံချည်အသံမှာ တရှမ်းရှမ်း မြည်နေသည်။ ညိုအောင်သည် သင်းသင်းအေးအား စိမ်းစိမ်းစားစား ကြည့်ရင်း...

"သင်းရေ ကိုယ်တို့နှစ်ယောက် ကြည့်စမ်း၊ ဝတ်ကောင်းစားလှတွေနဲ့ မင်္ဂလာဆောင်ပြီးစ သတို့သား သတို့သမီးလေးတွေနဲ့ မတူဘူးလား"

"အမယ်လေး၊ ယဉ်လိုက်တာ သူ့စိတ်ကူးက"

"ခု အိပ်မက်လှလှတွေ 'ကိုယ်' တော်တော်မက်နေပြီ သင်းရဲ့၊



www.burmeseclassic.com

ကိုယ်ဖြစ်ချင်တာကလေ ခု သင်းလည်း ဘင်တန်ကိုမပြန်နဲ့၊ ကိုယ်လည်း နေ့ာသ်ယောကို မပြန့်ဘူး၊ နှစ်ယောက်သား အတူတူ လမ်းလျှောက်ကြ၊ လူမရှိတဲ့ သစ်သားအိမ်လေး တစ်အိမ်ကိုဝင်၊ အဲဒီအိမ်က လူမရှိပေမယ့် စားစရာတွေ စုံစုံလင်လင် ထားလို့ပေါ့၊ သင်းနဲ့ ကိုယ်နဲ့ ကော်ဖီအတူတူ ဖျော်သောက်ကြ၊ ပြီးတော့ ဒီအိမ်မှာပဲ တစ်သက်လုံး အတူတူနေလိုက်ကြရော"

သင်းသင်းအေးက ရယ်နေသည်။ သင်းသင်းအေး၏ ရယ်သံသည် ကန္တဲ့ကလျ ရယ်သံလေးလည်း မဟုတ်။ ပရိယာယ်နှောသော ရယ်သံလို မဟုတ်။ လှိုက်လှိုက်လှဲလှဲ ဝမ်းထဲကလာသော ရယ်သံမျိုး။ ကလေးငယ်၏ လက်ခုပ် လက်ဝါးတီး ရယ်သံမျိုးလို အူလှိုက်သည်းလှိုက် ရှိလေသည်။

"သိပ်လှတဲ့ အိပ်မက်ပဲ"

သင်းသင်းအေးက မှတ်ချက်ချနေသည်။

"တကယ်ပါ သင်းရယ်၊ ဒီလိုပဲ နေကြပါစို့လား"

ညိုအောင်က ခပ်လွှမ်းလွှမ်း ပြောမိလေသည်။ သည်တော့လည်း သင်းသင်းအေးက လူကြီးသူမလေးလို ...

"ဩော်၊ လူ့ဘဝမှာ အိပ်မက်ဆိုတာ အစဉ် ဘယ်လှနိုင်ပါ့မလဲ 'ကိုယ်'ရယ်၊ ကိုယ့်မှာလည်း ထမ်းရွက်ရတဲ့ 'တာဝန်'က အကြီးကြီး၊ သင်း မှာလည်း သင်းတာဝန်နဲ့ သင်း၊ ဒီလူမှုရေးတာဝန်တွေဟာ သင်းတို့ပခုံးပေါ်မှာ အမြဲရှိနေတာပဲ၊ စိတ်အလိုလိုက်လို့တော့ မဖြစ်ဘူး" ဟု ညည်းညည်းညူညူ ပြောရှာလေသည်။

"သင်းက လှသလောက် ပညာလည်းရှိသားပဲ"

"သင်းက လှသလောက် ပညာရှိတာကို ပိုမက်တယ် ကိုယ်ရဲ့"

"ကိုယ်ကတော့ သင်းကို နှစ်ခုစလုံး ပိုင်နေတာကိုပဲ သဘောကျ နေတယ်၊ ဒီနေ့ည သင်းက ခါတိုင်းထက်ကို ပိုလှတယ်"

"အိုင်ဗီတို့လောက် လှမယ်မထင်ပါဘူး၊ ဒီနေ့ည အိုင်ဗီ 'ဘဲလေး' အက,ကတာ သိပ်ကောင်းတာပဲနော်၊ ကိုယ်တို့ ငေးနေတာပဲ မဟုတ်လား"

"ကြည့်ရုံ ကြည့်တာပါ၊ သင်း က,တာကျတော့ ကိုယ့်မှာ အသက်ရှူ





မေ့သွားတယ်"

"သိပ်ပိုတာပဲ"

သင်းသင်းအေးက ပြောရင်း နှုတ်ခမ်းစူနေသည်။ ညိုအောင်က သင်းသင်းအေး၏ လက်ကလေးကို လှမ်းကိုင်ဆွဲကာ ...

"တကယ်ပါ သင်းရဲ့"

သင်းသင်းအေး၏ လက်ကလေးများသည် ဆောင်းငွေ့နှင့် မလိုက်အောင်ပင် နွေးနေသည်။ ညိုအောင်က သူ့ အေးချင်ချင်လက်နှင့် သင်းသင်းအေး၏လက်ကို ဆုပ်နယ်လိုက်လေသည်။

ဘင်တန်ဂိတ်သို့မရောက်ခင် ဂျပ်ဆင်ဘုရားရှိခိုးကျောင်းရှေ့သို့ ရောက်လာခဲ့ကြလေသည်။ ဘုရားရှိခိုးကျောင်းတံခါးမှာ ညမို့ ပိတ်ထားသည်။ အဝင်ဝ တစ်ဖက်တစ်ချက်စီတွင် ဝါးရုံပင်များ ပေါက်ရောက်နေသည်။ ဝါးရုံပင် ရိပ်အောက်သို့ရောက်သောအခါ ညိုအောင်သည် သင်းသင်းအေးကို ရုတ်တရက် ဆွဲခေါ်လိုက်ပြီး သင်းသင်းအေး၏ ခါးကို ဖက်လိုက်လေသည်။

အမှောင်ရိပ်ဝယ် သင်းသင်းအေးသည် ဖျတ်ခနဲ ရင်ခုန်ကာ တုန်လှုပ် နေသည်။

"ဟင်၊ သင်း ပြန်မယ်လေ"

"ပြန်ရပါတယ် သင်းရဲ့၊ သင်းနဲ့ ကိုယ်နဲ့ ဒီညကစပြီး အကြာကြီး ခွဲရဦးမှာ၊ သင်းရော ကိုယ်ရော စာကျက်ရမယ်၊ စာမေးပွဲဖြေကြရမယ်၊ စာမေးပွဲ ပြီးတာကျတော့လည်း တစ်ယောက်နဲ့တစ်ယောက် မတွေ့၊ သင်း ပြီးတဲ့အချိန် ကျတော့ ကိုယ်က မပြီးသေးဘူး၊ သင်းက အိမ်ကိုပြန်ရော၊ ကိုယ်က သထုံကို လိုက်ခဲ့ပါရစေဆိုတော့လည်း သင်းက သဘောမတူ၊ ဒီတော့ နှစ်လကျော်ကျော် ခွဲကြရမှာမို့ ကိုယ် သင်းကို ငါးမိနစ်လောက် စကားပြောပါရစေ သင်းရယ်"

ပြောပြီး သင်းသင်းအေး၏ ပါးနှစ်ဖက်ကို နမ်းလိုက်လေသည်။ သင်းသင်းအေးက ရှန်းလျက် ...

"စကားပြောရင် ကောင်းကောင်း ပြောပါလား၊ သင်း ကြောက်တယ်၊ ဖယ်...ဖယ်"



www.burmeseclassic.com

"ကိုယ့်ကို မကြောက်ပါနဲ့ သင်းရယ်၊ သင်းက ကိုယ့်ကိုကြောက်တယ်ဆိုတော့ ကိုယ် စိတ်မကောင်းဘူး၊ ဝမ်းလည်းနည်းတယ်"

ညိုအောင်က ပြောပြီး သင်းသင်းအေးကို လွှတ်လိုက်ကာ မျက်နှာသုန်သုန်မှုန်မှုန်နှင့် ခေါင်းငိုက်စိုက်ချနေသည်။ သည့်တော့လည်း သင်းသင်းအေးက ကြင်နာရိပ်သန်းသော မျက်နှာနှင့် ညိုအောင်၏ လက်နှစ်ဖက်ကို ဆွဲကာ သူ့ခါးလေးကို ပြန်ဖက်စေပြီးနောက် ...

"ကဲ...ကဲ...ပြော ပြော...ဒါဖြင့်"

ညိုအောင်က ပြုံးကာ သင်းသင်းအေး၏ ခါးလေးကို ဖက်ထားရင်း...

"ကိုယ်တို့ ကျောင်းသားပွဲတော်ကြီးလည်း အောင်အောင်မြင်မြင်နဲ့ ပြီးသွားပြီ၊ ကျောင်းသားထုတစ်ရပ်လုံးအတွက် ယဉ်ကျေးမှုပွဲတော်လည်း ခေါ်လောက်တယ်၊ ငြိမ်းချမ်းရေးပွဲတော်ကြီးလည်းဖြစ်တဲ့ ပွဲတော်မျိုးမှာ သင်းရဲ့ အကူအညီကို မတောင်းဘဲနဲ့ ရတဲ့အတွက် ဂုဏ်လည်းယူတယ်၊ သင်းကို ပိုပြီးတော့လည်း ချစ်မြတ်နိုးတယ်။ ပြီးတော့ ချစ်တယ်၊ သင်းကိုချစ်တယ်၊ ပြီးတော့ ချစ်"

"ဟင်း... ဒါပဲ ပြောနေတာပဲ"

သင်းသင်းအေးက မျက်စောင်းထိုးကာ ပြောလိုက်လေသည်။ ညိုအောင်မှာ သင်းသင်းအေးအား တင်းကြပ်စွာ ဖက်ထားကာ နမ်းပြန်သည်။ သင်းသင်းအေးက အနည်းငယ် ရုန်းကာ ...

"ငါးမိနစ် မပြည့်သေးဘူးလား၊ သင်း ပြန်တော့မယ်"

"ဟား ဟား... မပြည့်သေးဘူး သင်းရဲ့၊ နှစ်မိနစ်ခွဲလောက်ပဲ ရှိဦးမယ်၊ လာပါ သင်းရယ်၊ မပြန်ကြပါစို့နဲ့၊ ကိုယ် သင်းကို ပြန်မလွှတ်တော့ဘူး၊ ဒီအရိပ်အောက်မှာ ထိုင်ပြီး စကားပြောနေရအောင် သင်းရယ်၊ 'စကားလက်ဆုံ ပြောလို့မကုန် ချစ်ခြင်းပီသ လောကဤရှုအုံ'ဆိုတာ သင်း မကြားဖူးဘူးလား"

"မဟုတ်တာတွေ မပြောပါနဲ့ ကိုယ်ရယ်၊ သင်း ပြန်ချင်လှပြီ၊ အိပ်လည်း အိပ်ချင်တယ်၊ ညနက်နေပြီ ဥစ္စာ"

"ပြန်ရပါတယ် သင်းရယ်၊ ကိုယ် အလကား စတာပါ။ သင်းကလည်း သူ့ ပြန်မလွှတ်ဘူးဆိုတာနဲ့ ကိုယ်လေးကို တုန်နေတာပဲ၊ ဒါလောက်ပဲ ကြောက်သလား ကိုယ့်ကို၊ ကိုယ် သင်း နစ်နာအောင် အကျိုးမဲ့အောင် ဘယ်တော့မှ မလုပ်ဘူးဆိုတာ ယုံပါ သင်း"

ညိုအောင်က သင်းသင်းအေး၏ နဖူးပြင်ကလေးကို နမ်းပြီးနောက်...

"ကဲ... သင်း ပြန်၊ သင်းကို ကိုယ် တစ်ခါတည်း နှုတ်ဆက်တယ်"

သင်းသင်းအေးက ပြန်ရန် ခြေလှမ်းပြင်လေသည်။ ညိုအောင်က ဖျတ်ခနဲ သင်းသင်းအေး၏ လက်ကိုဆွဲကာ ...

"နေဦးလေ၊ ပြန်မယ်ဆိုတာနဲ့ လစ်တော့မလား၊ ကိုယ့်ကို နှုတ်ဆက်သွားဦးမှပေါ့"

သည့်တော့ သင်းသင်းအေးသည် ပုလဲသွယ်လေးများကို လှစ်ကာ ပြုံးလျက် ...

"ပြန်ပါဦးမယ် မောင်ကြီးရှင့်၊ ကဲ နှုတ်ဆက်ပြီးပြီ၊ ပြန်မယ်"

"ဒီလို နှုတ်ဆက်လို့ ဘယ်ဖြစ်မလဲ သင်းရဲ့"

ညိုအောင်က သင်းသင်းအေး၏လက်ကို မလွှတ်ဘဲ ပြောလိုက်လေသည်။

"ဟင်၊ ဘယ်လို နှုတ်ဆက်ရမလဲ"

"သင်း ကိုယ့်ကို ချစ်တယ်ဆိုရင် အမှတ်တရလေး နှုတ်ဆက်မှပေါ့"

ညိုအောင်က ပြောပြီး ညာဘက်ပါးကို လက်ဝါးနှင့် ထိုးပြလေသည်။ သင်းသင်းအေးက ခေါင်းကို တွင်တွင်ခါရမ်းလျက် ...

"ဟင့်အင်း၊ နှုတ်မဆက်ဘူး"

"ဒါဖြင့်ရင် မလွှတ်ဘူး၊ သင်း မသွားနဲ့"

'လွှတ်ပါ၊ သင်း သွားမယ်"

"လွှတ်စေချင်ရင် နှုတ်ဆက်သွားလေ"

"သင်း သွားပါရစေ"

"သွားချင်ရင် နှုတ်ဆက်လို့ဆိုနေ"

"သိပ်ဆိုးတာပဲ၊ တော်တော့်ကို ဆိုးတယ်၊ ကဲ ကဲ"







www.burmeseclassic.com

သင်းသင်းအေးသည် ညိုအောင့် မေးရိုးနှစ်ဖက်ကို သူ့လက်လေးနှစ်ဖက်နှင့် လှမ်းကိုင်ကာ ခြေဖျားထောက်လျက် ညိုအောင်၏ပါးကို အသာမထိတထိ နမ်းပြီး ညိုအောင့်အနီးမှ ကရောသောပါး ထွက်ပြေးသွားလေသည်။

ညိုအောင်သည် ဖျတ်ခနဲ ရင်ဖိုလိုက်ပြီး ဝါးရုံပင်အောက်တွင် ရပ်နေကာ သင်းသင်းအေး၏ နောက်ကျောလေးကို ငေးကြည့်ရင်း ကျန်ရစ်လေသည်။ ပြည်လမ်းမှချိုးဝင်သော ဘင်တန်ကျောင်းဆောင်ရှေ့ လမ်းချိုးကို သင်းသင်းအေးက ဖြတ်ပြေးပြီး ဘင်တန်ဂိတ်တံခါးဝမှ အစောင့်ကိုပြောကာ အထဲဝင်သွားသည်အထိ ညိုအောင်က ငေးမောကြည့်၍ ကျန်ရစ်ခဲ့လေသည်။

ဘုရားရှိခိုးကျောင်းဆောင်း အရိပ်တွင် အတန်ကြာအောင်ပင် မမှိတ်မသုန်ရပ်ကာငိုင်နေပြီး နောက်မှချမ်းအေးသည်ကို သတိရ၍ ကုတ်အင်္ကျီအိတ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်လျက် သောက်နေမိလေသည်။ မိမိကိုယ်ကို ရင့်ကျက်လေဟန် ထင်စားသော်လည်း အသက် (၂၄)နှစ်အရွယ် လူငယ်တို့၏ တုန်ယင်လှုပ်ရှားသော စိတ်နှင့် ဘုရားရှိခိုးကျောင်းလှေကားတွင် နာရီဝက်နီးပါးခန့်ထိုင်ကာ အလွန်တရာ ခမ်းနားလှပသော အိပ်မက်တစ်ခုကို ဖန်ဆင်းလျက်ရှိလေသည်။

* * *

(၂၉)

လူ့ဘဝ၌ အချိန်ကိုခဏနှင့် မကုန်စေချင်သည့် ကာလအပိုင်းအခြားရှိခဲ့သလို၊ အမြန်ဆုံး ကုန်လွန်စေချင်သော ကာလအပိုင်းအခြားလည်း ရှိခဲ့လေသည်။ ပိတ်ကားပေါ်တွင် ရုပ်ရှင်ပြသလိုပင် အတိတ်ဇာတ်ကြောင်း ဖလင်ပေများကို မြန်မြန် ဆွဲချလို့ရလျှင် ဆွဲချလိုက်ချင်သည်။

စင်စစ်အားဖြင့် မမျှော်လင့်သော အဖြစ်တွေက မြန်းစားကြီး ဖြစ်လာကာ မြန်လည်းမြန်ဆန်လျက် ဘယ်တော့မှ မေ့ပျောက်ခြင်းငှာ မတတ်နိုင်သည့် ဒဏ်ချက်တွေနှင့် ပြည့်နှက်နေလေသည်။

တကယ်တော့ ၁၉၅၃-၅၄ ခုနှစ်တည်းဟူသော အချိန်ပိုင်းသည် ပြန်၍တသ,စရာလည်း မကောင်း၊ ယောင်လို့မှ မတွေးကောင်းသော အိပ်မက်ဆိုးများနှင့် ပြည့်နှက်နေလေသည်။

ညိုအောင်အနေနှင့် သန်းဌေးတို့အား ကြိုတင်သတိပေးထားသည့်အတိုင်းပင် သမဂ္ဂအမှုဆောင်အတွင်း ကွဲပြားလာခဲ့လေသည်။ ဥက္ကဋ္ဌကိုကိုကြီးက တစ်ဖက် ကျန်အမှုဆောင်များက တစ်ဖက် အကြိတ်အနယ် ဖြစ်ကြရလေသည်။

တက္ကသိုလ်တွင် အပြင်အာဏာရပါတီမှ စိုးမိုးချယ်လှယ်ခြင်းကို ကျောင်းသားထုက မခံမရပ်နိုင် ဖြစ်နေကြလေသည်။ အာဏာ၊ ငွေအားနှင့် ပေါက်၍ ကျောင်းသားအခွင့်အရေးတွင် ဝင်ရောက် တွင်ကျယ်လာသောအခါ ယယ်ရှယ်သော ကျောင်းသားထု၏စိတ်ဓာတ်မှာ သွေးဆူတက်ကြွနေကြလေသည်။

သို့လျှင် ရွေးကောက်ပွဲအချိန် တိုင်လာသောအခါ၌ ရွေးကောက်ပွဲတွင်



www.burmeseclassic.com

တိုးတက်သော ကျောင်းသားအင်အားစု၊ သန့်ရှင်းသော ကျောင်းသားထုနှင့် ဒီအက်စ်အိုခေါ် ဒီမိုကရက်တစ်ကျောင်းသားအဖွဲ့ သုံးဖွဲ့ယှဉ်ပြိုင်ကြလေသည်။ ရွေးကောက်ပွဲတွင် မဲလိမ်မဲခိုးခြင်းများ ပေါ်ပေါက်ခဲ့ပြီး ထိန်းမရဖြစ်ကာ မဲပုံး ရိုက်ခွဲကြပြီး တ-က-သ ရွေးကောက်ပွဲပျက်သွားသည်။ ဤတွင် ကျောင်းသားထု တစ်ရပ်လုံးက လှည့်လည်ဆန္ဒပြကာ တိုင်တည်ကြလေသည်။

ညိုအောင်တို့လူစုမှာ စာမေးပွဲအောင်မြင်ကြ၍ ဝိဇ္ဇာ(ခ)တန်းသို့ တက်ကြရသော်လည်း ဒီနှစ် စိတ်တွေကမတင်မကျနှင့် မပျော်နိုင်ဘဲ လိပ်ခဲတည်းလည်း ဖြစ်နေကြလေသည်။

ထိုအတောအတွင်း အောက်တိုဘာ ကျောင်းတစ်လပိတ်ရေး အရေးတော်ပုံ ပေါ်ပေါက်လာလေတော့သည်။

အစိုးရဘက်မှ ကျောင်း ၁၅ ရက် ပိတ်ရေးနှင့် ကျောင်းသားဘက်မှ ကျောင်းတစ်လပိတ်ရေး လွန်ဆွဲကြသည်ဖြစ်သော်လည်း စင်စစ်တော့ ကျောင်းသားဘက်မှ ကျောင်းသားအခွင့်အရေးတစ်ရပ် တိုက်ပွဲပင်ဖြစ်လေသည်။

အစိုးရဘက်မှ ကြည့်လျှင် ကွန်မြူနစ်ကျောင်းသားတွေ သက်သက် လှုံ့ဆော်၍ ကျောင်းသားတွေ အုံကြွစေတာပဲ တွေးထင်ကာ ပိုမို ဖိနှိပ်ချုပ်ချယ် သည်ဟု ယူဆဖွယ်ရှိသော်လည်း ကျောင်းသားထုတစ်ရပ်လုံးနှင့် ကွန်မြူနစ် အဖွဲ့အစည်းမှ မဟုတ်သော ကျောင်းသားတွေ အပါအဝင်မှ၊ ပြင်ပ အာဏာနှင့် စိုးမိုးမှု၊ ချုပ်ချယ်မှုတို့ကို မလိုတမာ ဖြစ်ကြခြင်းပင်တည်း။

စက်တင်ဘာလ (၂၆)ရက်နေ့ကပင်၊ ရန်ကုန်တက္ကသိုလ်ခန်းမကြီးတွင် ကျောင်းသူကျောင်းသားထုသည် ခဲကျုပ်နေသည်။ သူတို့ မျက်လုံးများသည် ဝင်းထိန်တောက်ပနေသည်။ တရားဟောစင်မြင့်ပေါ်တွင် တရားဟောနေကြသော သန်းဋ္ဌေး၊ သိန်းမောင်နှင့် အောင်မောင်း တို့၏စကားကို ကျောင်းသားထုသည် တစ်ခဲနက် ဩဘာပေးကြလေသည်။ အစည်းအဝေးအပြီးတွင် ကျောင်းသားထုသည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ စီတန်းလှည့်လည် ဆန္ဒပြကြသည်။

ညိုအောင်မှာ လမ်းလျှောက်လာရင်း မူးတူးမော်တော် ဖြစ်နေသည်။ မနေ့ညက တစ်ညလုံး မိန့်ခွန်းအတွက် အချက်အလက်စုဆောင်းရ၊ စာစီကုံးရနှင့်





ညနက်မှသည် နံနက် (၃)နာရီအထိ မအိပ်ရဘဲ ရှိခဲ့လေသည်။ ရုတ်တရက် မူးကာ ယိုင်သွားသောကြောင့် အောင်မောင်း၏ပခုံးကို အားပြုမှီလိုက်ရလေသည်။

အောင်မောင်းက ညိုအောင်အား ယုယကြင်နာစွာ မှီတွဲလျက် ...

"မင်း ပင်ပန်းနေပြီထင်တယ် ညိုအောင်၊ ဟော(လ်)ကို ပြန်မလား ငါ လိုက်ပို့ပေးမယ်"

ညိုအောင်က ခွဲကောင်းကောင်းနှင့်ပင် မေးကြောများ ထောင်နေအောင် အံကိုကြိတ်ကာ ခေါင်းကို ခါရမ်းလိုက်လေသည်။

တက္ကသိုလ်ကျောင်းသားများသမဂ္ဂ မရှိတော့သဖြင့် ရန်ကုန်တက္ကသိုလ်ရှိ အဖွဲ့အစည်းပေါင်းစုံက ကြီးမှူးကာ (၂၉)ရက်နေ့တွင် ကျောင်းမတက်ဘဲ တစ်ရက် ဆန္ဒပြကြရန် ဆုံးဖြတ်ကြလေသည်။

ထိုညနေက သမဂ္ဂ အရေးပေါ်အစည်းအဝေးတစ်ခု လုပ်သည်။ အစည်းအဝေးသည် တဖြည်းဖြည်း သွေးပူလာကာ လက်သီးလက်မောင်း တန်း၍ အော်ဟစ် ဆူပူကြလေသည်။

"ကျောင်းတစ်လပိတ်ရေး ထောက်ခံကြ ထောက်ခံကြ"

"ပြည်ထောင်စု ကျောင်းသား ဒီအက်စ်အို အရေးခြံ"

"ဒီမိုကရက်တစ် သစ္စာဖောက် သစ္စာဖောက်"

"လာမစမ်းနဲ့ မီးပွင့်သွားမယ်"

စသည်ဖြင့် ကြွေးကြော်နေကြသည်။

ထိုနေ့ ကျောင်းသားတွေသည် ပြည်လမ်းမပေါ်၌ ကမာရွတ်ဘက်သို့ သွားမည့် ကားမှန်သမျှကို လက်တားကာ ရပ်ခိုင်းပြီး စုပြုံ တက်စီးကြသည်။ "ဆေးသိပ္ပံက နက်ဖြန်ကျောင်းမတက်ဘဲ ဆန္ဒပြရန်ဆုံးဖြတ်ပြီ" ဟူသော ပိုစတာ များကို အရေးပေါ်ရေးကာ ဘတ်(စ်)ကားများ၌ ကပ်ကြလေသည်။

ခရီးသည်များသည်လည်း ဆန္ဒပြသူများနှင့်အတူ ရောယောင်ပါကုန် ကြလေသည်။ ဘတ်(စ်)ကား၊ ကိုယ်ပိုင်ကားများ စုံလင်လှသော ကားတန်းကြီးသည် ရန်ကုန်တက္ကသိုလ်ဝင်းတွင်း၌ လှည့်လည်ကာ ဆန္ဒပြပွဲကြီးတစ်ခု ဖြစ်သွား လေသည်။

www.burmeseclassic.com

ခရီးသည် ကော်ရင်ဂျီကုလားကြီး တစ်ယောက်ပင် အလိုလို မြူးပျော်ကာ မပီကလာ ပီကလာနှင့် …

"ကျောင်းတစ်လ၊ ကျောင်းတစ်လ၊ ပိတ်ပီ ပိတ်ပီ" ဟု အော်ဟစ်နေရာ ကျောင်းသားကျောင်းသူတို့ ပွဲကျနေကြလေသည်။

ဘတ်စ်ကား တစ်စင်းပေါ် ပါလာသော ချစ်ဦးကပင် ကုလားကြီးလေသံအတိုင်း "ကျောင်းတစ်လ၊ ကျောင်းတစ်လ၊ ပိတ်ပီ ပိတ်ပီ" ဟု လိုက်အော်နေလေသည်။

ခေါင်းကို တဘက်နွမ်းနှင့် ပေါင်းထားသော အသက်ငါးဆယ်ခန့် နှုတ်ခမ်းမွေးကားကားနှင့် ကျေးတောသားကြီးကလည်း သံချပ်ကိုတိုင်ကြွေးနေသည်။ ထို့နောက် အခြေအနေကို ရိပ်မိသိရှိလာပုံရသော ကျေးတောသားကြီးက …

"၁၅ ရက်ထဲနဲ့ အလကား ကပ်သပ်နေတယ်ကွယ်၊ ပိတ်ပေးလိုက်ရောပေါ့၊ ကလေးတွေဆိုတာ ကလေးစိတ်ပဲ ရှိကြတာ"

သူ့မျက်စိထဲတွင် တက္ကသိုလ်ကျောင်းသားကြီးတွေကို ကလေးအရွယ်ပဲ မြင်နေပုံရသည်။ ထို့နောက် သူ့စကားကို ဆက်၍ …

"တို့များ ငယ်ငယ်ကလည်း ကျောင်းပိတ်တယ်ဆို သိပ်ပျော်တာ၊ လူငယ်စိတ်ဟာ ဒီလိုပေါ့။ လိုတာမရရင် အော်ကြ ဟစ်ကြ ဆူကြ ပူကြ လုပ်ကြမှာပဲ၊ လူကြီးက လူငယ်ကို နည်းနည်းတော့ လျှော့ရတယ်ကွဲ့၊ ပြီးတော့မှ ကိုယ်လိုရာဆွဲယူရင် လွယ်လွန်းလို့ ခု ကျုပ်သားတွေဆိုရင် အပိုးကိုသေနေတာပဲ၊ ကျုပ်ပြောရင် တစ်ခွန်းပဲ၊ တစ်ခွန်းပေါ့ ကျုပ်က သူတို့ကို ဘာမှ မတရားလုပ်မထားဘူး၊ ဒီတော့ ကျုပ်သြဇာ ကိုက်တာပေါ့၊ မောင်အောင်ဆန်းလေးကို ကျုပ်တို့လူထုကြည်ညိုတာ ဒီသဘောတရားပေါ့"

ကျေးတောသား အဘိုးကြီးက မခေပါ။ သူက သူ့အဘိဓမ္မာနှင့်သူ။ အနီးရှိ ချစ်ဦးက အဘိုးကြီး၏ လက်မောင်းကို ကိုင်လှုပ်ကာ …

"ဘကြီးက ပညာရှိတယ်၊ ဘကြီး အစိုးရတက်လုပ်ဖို့ ကောင်းတယ်၊ ဘကြီးသာ အစိုးရဖြစ်ရင် ဒီပြဿနာမျိုး ပေါ်မှာမဟုတ်ဘူးနော်၊ ဘယ်သူ့မှ





မတင်မြှောက်ချင်နေ ဘကြီးကို ကျွန်တော် တင်မြှောက်တယ်"

"မလုပ်ပါနဲ့ မောင်ရယ်၊ ကျုပ် ဒုက္ခရောက်အောင်"

အဘိုးကြီးက ကွမ်းတံတွေးကို ပစ်ခနဲထွေးကာ ပျာပျာသလဲပြောလိုက်သဖြင့် ခရီးသည်အားလုံးက တသောသော ရယ်မောနေကြသည်။

* * *

ရန်ကုန်တက္ကသိုလ်၊ ဆေးသိပ္ပံ၊ အင်ဂျင်နီယာ ကောလိပ်များကား ကျီးနှင့်ဖုတ်ဖုတ် ဖြစ်ချေပြီ။ ဆန္ဒပြသပိတ်မှာ အောင်မြင်လျက် ရှိလေသည်။ ကျောင်းသား ၇၀၀၀ ကျော် ရှိသည့်အနက် ၅၀ မျှသာ ကျောင်းတက်ကြသည်။ ကျောင်းသားများ အတန်းတစ်တန်းတွင် နှစ်ယောက် သုံးယောက် လေးယောက်မျှသာ။ တာဝန်တစ်ဖက်မို့ ကျောင်းလာတက်သော ကျောင်းသားတစ်ယောက်တည်းကို ကထိကတစ်ဦးက စာသင်နေရရှာလေသည်။

စက်တင်ဘာလ ၃၀ ရက်နေ့။

ထိုညက တက္ကသိုလ်အဓိပတိ ဦးနုနှင့် ကျောင်းသားခေါင်းဆောင်တို့ ဆွေးနွေးကြသည်။ ဦးနုက "မင်းတို့ လျှော့ပေးကြပါ။ ဒီနှစ်တော့ ဆုံးဖြတ်ချက်ချမှတ်ပြီးလို့ ဆုံးဖြတ်ချက်ကို တို့မပြင်နိုင်တော့ဘူး" ဟုပြောသဖြင့် ဆွေးနွေးပွဲကျိုးရလေသည်။

ဤတွင် ကျောင်းသားများသည် တက္ကသိုလ်ဝင်းတစ်ခုလုံး လှည့်လည်ကာ "ကျောင်းတစ်လပိတ်ရေးကို အာဏာပိုင်တွေက မလိုက်လျောတဲ့အတွက် တ-က-သ ကျောင်းတစ်လ ပိတ်လိုက်ပြီ၊ ကိုယ့်နေရပ်ဌာနီကို ပြန်နိုင်ကြပါပြီ" ဟု ကြွေးကြော်ကြလေသည်။

ကြီးမားသော ဒိုးပတ်ဝိုင်းကြီးများဖြင့် ဘင်တန်ဆောင်ရှေ့တွင် ရပ်တန့်ကာ ကြွေးကြော်ရင်း တခြိမ့်ခြိမ့် တီးကြလေသည်။ ဒိုးပတ်ဝိုင်းကြီးတွင် ပါဝင်သော ကျောင်းသားထုမှာ တစ်ရာကျော်မျှ ရှိလေသည်။

ချစ်ဦး၊ အာသာနှင့် အောင်မောင်းတို့သည် ဒိုးပတ်ကို မရပ်မနား စိတ်အားထက်သန်စွာ တီးနေကြသည်။ ညိုအောင်က လမ်းလေးမြက်ခင်းပေါ်တွင် ထိုင်ကာ ဆေးပေါ့လိပ်သောက်နေသည်။ သန်းဌွေးကမူ ညိုအောင် အနီးတွင်



www.burmeseclassic.com

ထိုင်လျက် ငိုင်နေသည်။

များမကြာမီ ကျောင်းသူများ လင်ဗန်းများနှင့်လည်းကောင်း၊ ဒီတိုင်းလည်းကောင်း၊ မုန့်မျိုးစုံနှင့် လက်ဖက်ရည်၊ ကော်ဖီများ သယ်ယူလာကြလေသည်။ တင်တင်ဝင်းက ရှေ့ဆုံးကဖြစ်သည်။ အောင်မောင်းအနီးရောက်လျှင် ဒိုးပတ်တီးနေသော အောင်မောင်း လက်ကို စူးစူးစိုက်စိုက် ကြည့်ကာ …

"ဟင်၊ ကိုအောင်မောင်း လက်မှာ ဘာတွေ ပေနေတာလဲ"

"ဘာဖြစ်လို့လဲ"

သည်တော့မှ သူ့လက်ကို သူကြည့်မိသည်။ အောင်မောင်းလက်မှာ သွေးချင်းချင်း နီနေသည်။ လက်များသည် ဒိုးပတ်သားရေဖြင့် ရိုက်ခတ်ဖန်များလွန်း၍ ပေါက်ပြဲကာ သွေးတွေ ထွက်နေခြင်းဖြစ်သည်။ စိတ်ခတ်က ပြင်းထန်လွန်းသဖြင့် စပ်လည်း မစပ်၊ နာလည်းမနာ၊ အောင်မောင်းက သူ့ဘာသာသူ အံ့ဩနေသည်။

"သွေးတွေနဲ့ပါလား၊ တော်တော့လေ- မတီးနဲ့တော့"

"စိုးပါနဲ့ မေရယ်"

အောင်မောင်းက အပြုံးမပျက် ပြောလိုက်လေရာ၊ ချစ်ဦးတို့က တသောသော ရယ်နေကြသည်။

သင်းသင်းအေးက လင်ဗန်းလေး ကိုင်လျက် ရှာဖွေသောမျက်စိနှင့် ကြည့်ဆဲ "ရှူး….သင်းရေ" ဟုခေါ်မှ ထိုင်နေသော ညိုအောင်ကို မြင်မိသည်။

ညိုအောင်နှင့် သန်းဌေးတို့မှာ ဆာလောင်နေပြီဖြစ်သောကြောင့် မုန့်နှင့် လက်ဖက်ရည်များကို အားရပါးရ စားသောက်နေကြလေသည်။ သင်းသင်းအေးသည် ညိုအောင် အနီးတွင် ဒူးထောက်လျက် ထိုင်ကာ …

"သင်း မနက်ဖြန် အိမ်ပြန်မယ်"

ညိုအောင်က လက်ဖက်ရည်ကို မော့သောက်ချပြီးနောက် ပန်းကန်ကို လင်ဗန်းထဲ ထည့်ကာ …

"ပြန်လေ သင်း၊ ပြန်ရမှာပေါ့"

"အားလုံးတော့ အထုပ်အပိုး ပြင်ပြီးကြပြီ"





"ဒါပေါ့၊ အတန်းတွေလည်းရှိမှ မရှိတော့ဘဲ၊ ခုနေတော့ ကိုယ်တို့ အခြေအနေတွေလည်း တင်းမာနေတာပဲ၊ အစိုးရကလည်း မလျှော့၊ ကျောင်းသားတွေဘက်ကလည်း အရှုံးမပေးဘူး၊ ကိုယ်တို့ အနေနဲ့ကတော့ ဒီတိုက်ပွဲကို ဝင်နေရဦးမှာပဲ သင်း"

သင်းသင်းအေးက ညိုအောင့် မျက်နှာကို ငေးစိုက်ကြည့်နေပြီးနောက် သက်ပြင်းလေးချကာ …

"သင်းဖြင့် ပြန်တောင် မပြန်ချင်ဘူး" ဟု ခပ်လေးလေး ပြောလိုက်လေသည်။

ညိုအောင်က သင်းသင်းအေး၏ မျက်လုံးလေးများကို စိုက်ကြည့်ပြီး…

"ဘာဖြစ်လို့လဲ သင်း"

"သင်းလေ"

သင်းသင်းအေးသည် သူ့စကားကို မဆက်။ နှုတ်ခမ်းမှ တစ်ခုခုကို ပြောချင်သလို တလှုပ်လှုပ် တရွရွ ဖြစ်နေသည်။ မျက်လုံးတွင် မျက်ရည်များကလည်း ဝိုင်းနေသည်။ သည်တော့ ညိုအောင့် အနီးတွင်ထိုင်နေသော သန်းဌေးက အလိုက်တသိ အပါးမှ ထွက်သွားလေသည်။

"သင်း ကိုယ့်ကို ဒီလို မထားခဲ့ရက်ဘူး"

"အများနဲ့ပဲ သင်းရယ်၊ ဖြစ်စရာရှိလည်း အများနဲ့အတူတူခံပေါ့။ ဒါတွေ ကိုယ်တို့လုပ်ရမယ့် အလုပ်တွေပဲ"

"သင်း မပြန်ချင်ဘူး၊ အဟုတ် မပြန်ချင်တာ"

ပြောပြောဆိုဆို သင်းသင်းအေးက ငိုလေသည်။ ညိုအောင်က ပျာပျာသလဲ အမူအရာနှင့် သင်းသင်းအေး၏ နူးညံ့ပျောင်းအိသော လက်မောင်းအိုးကို အသာကိုင်လှုပ်ကာ …

"မငိုပါနဲ့ သင်းရယ်၊ သင်းငိုရင် ကိုယ်လည်း စိတ်မကောင်းဘူး၊ သင်း မပြန်လို့ ကျောင်းသူတွေထဲက သင်းတစ်ယောက်တည်း ဒီမှာကျန်နေရစ်မှာပေါ့၊ သင်းက လိမ္မာပါတယ်၊ တိတ်…တိတ် မျက်ရည်တွေ သုတ်လိုက်ဦး၊ ဟိုမှာ ချစ်ဦးတို့ လှမ်းကြည့်နေကြတယ်"



www.burmeseclassic.com

သင်းသင်းအေးက မျက်ရည်များကို သူ့လက်ထဲမှ လက်ကိုင်ပဝါလေးနှင့် သုတ်လိုက်လေသည်။ ညိုအောင်က အတန်ကြာ ဖျောင်းဖျချော့မော့မှ သင်းသင်းအေးသည် လက်ဖက်ရည်ပန်းကန်များ သိမ်းကာ ပြန်သွားလေသည်။ ညိုအောင်က သင်းသင်းအေး နောက်ကွယ်တွင် မျက်နှာညိုကာ သက်ပြင်းရှည်ကြီး ချလိုက်မိလေသည်။

ဒိုးပတ်ဝိုင်းကြီးကလည်း ညအချိန်ရောက်သည်အထိ အားကောင်းဆဲဖြစ်သည်။ ထိုအခိုက် ကားတစ်စီးသည် မီးဖွင့်၍ ဒိုးပတ်ဝိုင်းကြီးထဲသို့ အတင်းမောင်းဝင်လာလေသည်။ ဒီအက်(စ်)အို ကျောင်းသားတစ်စု၏ ရန်စခြင်း သက်သက်သာဖြစ်လေသည်။ ကျောင်းသားတွေက ပြေးလွှားရှောင်တိမ်းရလေသည်။ ဘင်တန်ဆောင် ပေါ်တီကို ပြေးထွက်ကြည့်နေသော ကျောင်းဆောင်သူများက စိုးရိမ်တကြီးနှင့် အော်ဟစ်ကြလေသည်။ ဒူးပွန်းရုံ ရှမိရုံဒဏ်ကလွဲ၍ ဘယ်သူမှ ဘာမှမဖြစ်၍ တော်ပါသေးသည်။

အရေးထဲ နောက်တိနောက်တောက် ကျောင်းသားတစ်ယောက်က ကျောင်းသား မောင်ဘယ်သူ ဒူးကျိုးသည်ဟု ပြောဆိုသောကြောင့် ထိုကျောင်းသား၏ရည်းစား ဘင်တန်သူမှာ တစ်ညလုံးငိုမဆုံး ဖြစ်ရလေသည်။ စင်စစ် 'ကျောင်းသား' ဘာမှမဖြစ်။

သို့နှင့် တဖြည်းဖြည်း ဒိုးပတ်ဝိုင်းကြီးမှာ လူအုပ်ကွဲကာ ပြန်ကြလေသည်။ ညိုအောင်သည် အောင်မောင်းနှင့်အတူ ဥတ္တရဆောင်သို့ ပြန်လာကြရာ ဝိုင်ယာလက် ကားနှစ်စီးသည် ဥဩပေးကာ အပြင်းမောင်းနှင်လာပြန်သည်။ အဆောင်နံဘေး အုတ်နံရံတွင် ညိုအောင်တို့ ကပ်လိုက်ရလေသည်။ သို့စဉ် အဆောင်၏ ထိပ်ဆုံးအထပ်မှ ပစ်ချလိုက်သော ခုံတန်းရှည်ကြီးများသည် ဝိုင်ယာလက် ကားပေါ်သို့ တည့်မတ်စွာ ကျလာလေသည်။

"ဒိုင်း....ဂွမ်း" ဟူသော အသံများနှင့်အတူ ဥဩသံများလည်း ရပ်စဲသွားကာ ဝိုင်ယာလက်ကားကြီးမှာ မီးမှိတ်၍ ထွက်ပြေးသွားကြလေသည်။

* * *

အောက်တိုဘာလ (၂)ရက်နေ့တွင် နံနက်အရုဏ်မကျင်းမီပင်





တက္ကသိုလ် နယ်မြေတစ်ခုလုံး ရဲသားများ တုတ်နှင့် အစောင့်ချထားလေသည်။ ကျောင်းသားခေါင်းဆောင်များကိုလည်း ဖမ်းဆီးကြသည်။ 'ရဲဘော် ရဲဘော်' ဟူသော ခေါ်သံအကြား အိပ်မှုန်စုံမွှားဖြင့် ထလာသော ကျောင်းသားတွေကို စောင်ဖြင့်အုပ်ကာ ဖမ်းကြလေသည်။ အချို့ အကာင်းဝါးသော ကျောင်းသားအချို့သည် တံခါးကိုဖွင့်မပေးဘဲ တင်းခံနေသည်။

ကျောင်းသားတစ်ယောက်ကမူ အိပ်ရာမှလန့်နိုးလာကာ ရဲသားများကို မြင်ရသော် ထမင်းစားသံချောင်းကို ပြေးကာခေါက်လေသည်။ ကျောင်းသားအများ နိုးသဖြင့် ရဲတို့ လက်လျှော့ရလေသည်။

ကော်ရစ်ဒါ ထောင့်ချိုးတစ်ခုတွင် နံပတ်တုတ်ကိုင် ရဲသားတစ်စုနှင့် ပုဆိုးတန်းလန်း မဝတ်ဘဲ လက်ကကိုင်ထားသော ချစ်ဦးနှင့် ပက်ပင်းဆုံမိကြပြန်လေသည်။ ချစ်ဦးက ရှေ့ကပြေးကာ ရဲက နောက်ကလိုက်လေသည်။ ချစ်ဦးမှာ ခြေကားယား လက်ကားယား ပြေးရင်း ...

"ကယ်တော်မူပါဗျို့၊ ကယ်တော်မူပါ၊ ကျွန်တော့်ကို တုတ်နဲ့လိုက်ရိုက်နေပါတယ်" ဟု အသံကုန် အော်ဟစ်သဖြင့် ကျောင်းဆောင်သားတို့ နိုးလာကာ ရဲများ ပြန်၍လစ်ပြေးကြရလေသည်။ ငိုအားထက် ရယ်အားသန် ဖြစ်လေသည်။ အောင်မောင်းကြီးကမူ ချစ်ဦး၏ ဘိုကေဆံစကိုဆွဲကာ တဟားဟား အော်ရယ်နေသည်။

ကျောင်းသား လေးငါးယောက်ကို ဖမ်းဆီးသွားလေပြီ။ တက္ကသိုလ် နယ်မြေတစ်ခုလုံး ရဲတပ်ကြီး ဝိုင်းရံထားသည်။ ဘွဲ့နှင်းသဘင်ခန်းမကြီးအား ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေး၏ လက်အောက်ခံ ခေတ္တ ပုလိပ်ရုံးကြီး ပြုလုပ်ထားလေပြီ။

ကျောင်းသားကျောင်းသူတို့သည် စုရုံးကာ-တ-က-သ ခန်းမဆီသို့ ချီတက်လာကြသည်။ အရေးပေါ်အစည်းအဝေး ပြုလုပ်ကာ လောလောဆယ် အရေးများကို အာဏာပိုင်များ ဖြေရှင်းပေးရန် တောင်းဆိုကြလေသည်။

ထိုနေ့ နံနက်(၁၀) နာရီခန့်တွင် မီးသတ်ကား၊ အချုပ်ကား၊ ရဲကား အမျိုးသမီးရဲများ အပြည့်တင်ထားသော ကားတန်းကြီးများဖြင့် ချီတက်လာ



www.burmeseclassic.com

ကြလေသည်။ ဒေါသနှင့် သွေးပူနေသော ကျောင်းသားများကို သန်းဆွေး၊ ညိုအောင်နှင့် အောင်မောင်းတို့လို ကျောင်းသားခေါင်းဆောင်တွေက အခြေအနေကို အတော်ထိန်းထားသဖြင့် လမ်းဘေး တစ်ဖက်တစ်ချက် အပြည့်အနက်ရှိသော ကျောင်းသားထုသည် စည်းကမ်းသေဝပ်စွာဖြင့် လမ်းဖယ်ပေးကြလေသည်။ ထိုနေ့က တွေးထင်ထားသော အဓိကရုဏ်းကြီးမှာ ဖြစ်မလာခဲ့ပေ။

ထိုနေ့ ညနေ၌ ရန်ကုန်တက္ကသိုလ် နယ်မြေတွင် ပုဒ်မ (၁၄၄)ထုတ် ပြန်လေသည်။

* * *

အောက်တိုဘာလ (၃)ရက်။ စနေနေ့။

ထိုနေ့က ပုဒ်မ(၁၄၄) ထုတ်ထားသဖြင့် ကျောင်းသားများသည် အပြင်သို့ မထွက်ကြဘဲ ဝင်းတံခါးများ ပိတ်လျက် ကျောင်းဆောင်များတွင်၌သာ စုဝေးနေထိုင်ကြပေသည်။

နေ့လယ် (၁၂)နာရီတွင် အင်းဝတံခါးရှေ့သို့ ရဲကားများ ရောက်လာပြီး ကျောင်းတက်လိုသော ကျောင်းသားများအထဲတွင် ရှိနေ၍ တံခါးဖွင့်ပေးရန် တောင်းဆိုကြသည်။ ထိုနေ့က စနေနေ့ဖြစ်၍ နေ့ခင်း (၁၂)နာရီဆိုလျှင်ပင် အတန်းများ ကုန်ဆုံးနေပြီ ဖြစ်ရကား ကျောင်းသားများက သံသယရှိနေသည်။ လူသွားမလွယ်တံခါးလည်း ရှိနေသောကြောင့် သက်သက် ရန်ရှာချင်သည်ဟု ထင်နေကြလေသည်။

မကြာမီပင် ကရိန်းကားကြီးများ ရောက်လာကြကာ မီးသတ်ကားများလည်း ရောက်လာသည်။ ခတ်ငွေ့ကာ မျက်နှာဖုံးတပ် ရဲကားများသည် အင်းဝဂိတ်တွင် အဆင်သင့်ဖြစ်နေသည်။

ဒေါသထွက်နေသော ကျောင်းသားတချို့သည် မီးဖိုဆောင်သို့ ပြေးကာ ငရုတ်သီးများကြိတ်၍ အရည်ဖျော်ယူခဲ့ကြလေသည်။ မကြာမီပင် ကရိန်းကားကြီးနှင့် အင်းဝတံခါးတိုင်ကို ဆွဲကာနှုတ်လေပြီ။ တံခါးကြီးသည် ပွင့်သွားသည်။ မီးသတ်ပိုက်များမှ ရေများသည် ဖြာ၍ကျလာလေသည်။ ကာဘိုင်သေနတ် ပစ်ဖောက်အချက်ပေးသည်နှင့် မျက်ရည်ယိုဗုံးငွေ့များအောက်တွင် ကျောင်းသား





အများအပြား မူးမေ့လဲကုန်ကြသည်။

ကျောင်းသားတစ်ယောက်သည် မျက်နှာကို ရေဆွတ်ထားသော လက်ကိုင်ပဝါနှင့် အုပ်ကာမီးသတ်ကားပေါ်သို့ ပြေးတက်ပြီး ရေပိုက်ကို ဓားနှင့် ခုတ်ဖြတ်ပစ်လေသည်။ 'ကျောင်းသား' ကား ရာဇဝတ်ဝန်တစ်ယောက်၏ သားပင်တည်း။ ကျောင်းသားအချို့ကမူကား ကားကို မီးတင်ရှို့ကြသည်။

ရဲသားများ ပစ်လိုက်သော မပေါက်ကွဲသည့် မျက်ရည်ယိုဗုံးများကို လက်ကိုင်ပဝါနှင့် အုပ်ကာ ရဲများဘက်သို့ ပြန်လည်ပစ်ခတ်ကြသည်။ ငရုတ်သီး ရည်များကလည်း ရဲသားအချို့အား တပ်လန်စေသည်။

မျက်ရည်ယိုဗုံးအငွေ့နှင့် မူးမေ့နေသော ကျောင်းသားအချို့ကို ပတ်ဝန်းကျင်မှ ကျောင်းသားများက အတင်းဝင်ရောက် ပွေ့ချီကာ အင်းလျားဆောင်ဘက်သို့ ခေါ်ဆောင်သွားကြလေသည်။ အင်းလျားဆောင်သူတို့မှာ ပျာပျာသလဲလဲ ပြုစုကြရှာသည်။ ယပ်ခပ်ပေးသူ၊ စိုရွှဲနေသော မျက်နှာများကို မျက်နှာသုတ် ပဝါဖြင့် သုတ်ပေးသူ၊ အကောင်းဆုံး ရေမွှေးပုလင်းများဖြင့် နှာဝတော့ကာ နှာနှပ်သူ စသည်ဖြင့် အင်တိုက်အားတိုက် ပြုစုသူများ ဖြစ်ကြလေသည်။

သည့်နောက်တော့ အင်းဝကျောင်းဆောင်ရှေ့ မြက်ခင်းပြင်ဝယ် ယမ်းနံ့ မီးခိုးနံ့များ စူးရှစွာ တဝေဝေ တက်နေသည်။ မီးခိုးလုံးများဖုံးလွှမ်းကာ မှောင်မည်း နေလေသည်။ အင်းဝတံခါးမကြီးသည် ကျိုးပဲ့နေသည်။ နေရာအနှံ့အပြား၌ အုတ်ခဲကျိုးများ၊ ပုလင်းများ ပြန့်ကျဲနေသည်။ တစ်ဝက်တစ်ပျက် မီးလောင်သော မီးသတ်ကားသည် ထီးထီးကျန်ခဲ့လေသည်။

* * *



www.burmeseclassic.com

## (၃၀)

သည်ညနေက ညိုအောင်သည် ထမင်းလုံးဝ စားလို့မရ၊ စားလို့ရမှာ မဟုတ်သည့်အတူတူ မစားဘဲနေခဲ့သည်။ အားလုံး ရှန်းရင်းဆန်ခတ် ဖြစ်ကျန်ရစ်ကာ၊ မျက်ရည်ယိုဗုံးငွေ့က အနည်းငယ် ပြေကျန်ရစ်သလိုရှိသော်လည်း ည ၈ နာရီတိုင် မျက်နှာကို ရေစိုအဝတ်နှင့် အုပ်ထားရလေသည်။ စိမ်းရွှေရွှေအနံ့က အော်ဂလီဆန်သလို ဖျို့နေသည်။

အာသာလည်း ဆေးရုံရောက်နေသည်။ အာသာသည် သူနေထိုင်ရာ ဆေးကျောင်းမှ ညိုအောင်တို့ဆီ လာနေရာမှ နံနက်ဘက်ကပင် သူ့မိတ်ဆွေ တစ်ယောက်ရှိရာ အင်းဝဆောင်သို့လာခဲ့လေသည်။ သည့်နောက်တော့ အာသာမှာ ဗုံးဒဏ်မိတော့သည်။ သူများတကာလို ရုတ်တရက် နှာနှပ်မရသဖြင့်၊ ဆေးရုံ ပို့ရသူတွေ လေးငါးဆယ်ယောက် ပေါ်လာခဲ့လေသည်။ အခြေအနေ ရှုန်းရင်း မဖြစ်မီကပင် ညိုအောင်နှင့် အောင်မောင်းတို့သည် အာသာနှင့်အတူ အင်းဝဆောင်သို့ လာခဲ့မိလျက်သား ဖြစ်နေသည်။ သည့်နောက်တော့ အဓိကရုဏ်းတွင် ပါဝင် လှုပ်ရှားမိလျက်သား ဖြစ်နေသည်။ ပြန်လည်တွေးတောချင်စရာ မကောင်းလောက် အောင်ပင် ရှုပ်ယှက်ခတ်နေသည်။

သတိကြီးစွာ ထားတတ်သည့်မို့ ရေစိုလက်ကိုင်ပဝါကို မျက်နှာအုပ်လျက် ရေဖန်ခွက်များ ကိုင်ကာ ပစ်ခတ်နေခဲ့လေသည်။ မကြာမီ မိုက်ခနဲ မူးလဲ ခဲ့လေသည်။ လက်ဖဝါးတွင် ဖန်ခွက်ရှသဖြင့် ပူခနဲဖြစ်တာသာ သတိရပြီးနောက် ဘာမှမသိတော့။

"ကိုညီအောင် ခင်ဗျား အပြင်မထွက်နဲ့တော့။ ရှောင်နေမှဖြစ်မယ်" ဟူသော တစ်စုံတစ်ဦး ပြောသံကို သဲ့သဲ့မျှ ကြားရပြီးနောက် အင်းဝဆောင် အပေါ်ဆုံးထပ် ခုတင်တစ်လုံးပေါ်တွင် အသာ လှဲလျောင်းနေရလေသည်။

ညနေဘက်တွင်တော့ တစ်သုတ်ပြီး တစ်သုတ် ဖမ်းဆီးပွဲပင်တည်း။ ဒီမိုကရက်တစ် ကျောင်းသားတချို့ လက်ညှိုးထိုးရာသို့ အမဲလိုက်သလို လိုက်လံဖမ်းဆီးလေသည်။ ညနေ ၆ နာရီခွဲခန့်တွင် တင်ကြည်က မျက်စိမျက်နှာမကောင်းဘဲ ညီအောင့်ဆီ ပေါက်လာကာ ညီအောင့်လက်ကို လှမ်းကိုင်လျက် ...

"ချစ်ဦးနဲ့ ကိုအောင်မောင်း ပါသွားပြီး"

ညီအောင် ဘာမှ မပြောနိုင်။ အေးစက်နေသော တင်ကြည့်လက်ကို လှမ်းဆုပ်ကိုင်ကာ နှစ်သိမ့်ရင်း မျက်စိကို ပြန်မှိတ်ပြီးနောက် သက်ပြင်းချလိုက်လေသည်။ ထို့နောက် နှစ်ယောက်သား စကားမပြောနိုင်ကြ။ တင်ကြည်ကမူ မျက်ရည်ကျနေသည်။

"ပြီးတော့ ကိုအောင်မောင်းရဲ့ တံတောင်ဆစ်မှာ ဘာနဲ့ထိတယ် မသိဘူး၊ ဒဏ်ရာကြီးနဲ့ သွေးတွေရဲနေတာပဲ"

တင်ကြည်က သူ့ရဲဘော်ရဲဘက်များအတွက် စိတ်မကောင်း။ ဟာဖျစ်တောက်တောက် ပြောနေသည်။

ည ၁၀ နာရီ။

လူခြေ တိတ်ဆိတ်နေသည်။ တက္ကသိုလ် နယ်မြေကြီးတစ်ခုလုံးတွင် အသံဗလံများ တိတ်ကာ သုသာန်တစ်စပြင်လို ဖြစ်နေသည်။ ညီအောင်နှင့် တင်ကြည်တို့မှာ ဝမ်းထဲဟာကာ ရင်ထဲတုန်နေသဖြင့် ကျောင်းဝင်းအတွင်း လက်ဖက်ရည်ဆိုင်သို့ နှစ်ယောက်သား ဆင်းခဲ့ကြလေသည်။

တော်သလင်းလဆုတ် ၁၀ ရက်နေ့ ညမို့ အမှောင်သည် နက်ရှိုင်းနေသည်။ လက်ဖက်ရည်ဆိုင်က မီးအရောင်သာ ဖြာ၍လင်းနေသည်။ လက်ဖက်ရည်ဆိုင်တွင် လူသိပ်များများ မရှိ။ ကျောင်းသား လေးငါးဆယ်ယောက်ခန့်သာ ကျိုးတိုးကျဲတဲ ထိုင်နေကြလေသည်။

ညီအောင်နှင့် တင်ကြည် မှာလိုက်သော အချေ့တထောင်းထောင်းနှင့်





လက်ဖက်ရည် ရောက်လာကာ သောက်မည်ပြုစဉ်တွင် ကားကြီးတစ်စင်းသည် အရှိန်ပြင်းစွာ ကျွီခနဲ ဘရိတ်အုပ်လျက် ထိုးဆိုက်လာလေသည်။ ကာကီရောင်ဝတ် ယူအမ်ပီ တပ်သားများနှင့် သူတို့နောက်၌ ထောင်ထောင်မောင်းမောင်း ဗလ ကောင်းကောင်းနှင့် ဘောင်းဘီရှည်ဝတ် ကျောင်းသားတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဘုမသိဘမသိ လက်ဖက်ရည်သောက်နေကြသော ခပ်ငယ်ငယ် ကျောင်းသားလေးတို့သည် ဖရိုဖရဲ ထွက်ပြေးကြလေသည်။ ဤတွင် ယူအမ်ပီတို့သည် ကျောင်းသားများကို တုတ်နှင့်ရိုက်၍ လိုက်လံဖမ်းဆီးလေသည်။ ဆိုင်ရှင်နှင့် စားပွဲထိုးလေးများက တအံ့တဩ ငေးမောကြည့်နေကြသည်။ ညီမောင်သည် ဘာမှ မပြောနိုင်မီ သူထိုင်ခဲ့သော ကုလားထိုင်ကို ကိုင်မြှောက်ကာ လှမ်းပေါက်မည်ပြုဆဲ သူ့နောက်မှ တစ်စုံတစ်ယောက်သောသူက ရိုက်လိုက်သောကြောင့် မိုက်ခနဲဖြစ်ကာ မှောက်လျက်လဲလေသည်။

ညီအောင် ဘေးနှစ်ဖက်တွင် သေနက်ပြောင်းဝနှစ်ခုက ချိန်ထားသည်။ ကားနံရံတွင် မှီကာလှဲနေသော ညီအောင်မှာ ခေါင်းထဲနောက်နေသည်။ ကားသည် အရှိန်ပြင်းစွာ မောင်းနှောင်ရင်း ချိုင့်ခွမ်းများကို ဖြတ်ကျော်လာရသဖြင့် ကားမှာဆောင့်နေသည်။ ကားဆောင့်တိုင်း ညီအောင့် နောက်စေ့မှ ဒဏ်ရာမှ သွေးများစိမ့်ယိုကာ နာနေသည်။ ညီအောင်သည် အံကိုကြိတ်ထားလေသည်။ ညီအောင့် နံဘေးမှ ကျောင်းသားတစ်ယောက် ကြိတ်ရှိုက်နေသည်။ တင်ကြည့် အသံဟု ထင်လေသည်။

မီးရောင်မှိန်မှိန်ကြားတွင် ယူအမ်ပီ တပ်တစ်ခု၏ ဌာနဆိုင်းဘုတ်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။

* * *

"နာမည် ဘယ်သူလဲ"

"ညီအောင်"

"မင်းနာမည် ညီအောင် မဟုတ်ဘူး"

အခုတ်တိုက်တစ်ခု၏ အတွင်း၌ ဗိုလ်နှင့်တူသူက မေးလိုက်လေသည်။



www.burmeseclassic.com

ညိုအောင် အမည်ကိုပြောတော့ မယုံသလို ခေါင်းကို ခါရမ်းပြလေသည်။ ညိုအောင်က သူ့ဝသီအတိုင်း ထုံပေပေ နေတတ်သည်မို့ ဘာမှ ဆက်မပြောဘဲ နေသည်။ သည်တော့လည်း ယူအမ်ပီ ဗိုလ်လုပ်သူက ညိုအောင်အား ဂိုမသင်္ကာဖြစ်ကာ မျက်မှောင်ကျုံ့ ကြည့်ကာ ...

"မင်း ဘယ်သူလဲ" ထပ်ဆင့် မေးလိုက်ပြန်သည်။

"ညိုအောင်"

"မင်း အမှန်မဖြေဘူး၊ အမှန်တိုင်း ဖြေပါကွ"

သည်တော့ ညိုအောင်က ရှည်ရှည်ဝေးဝေး ပြန်မပြော။

ဗိုလ်က ဆက်၍ ...

"မင်းနာမည် ဘာလဲ"

"ညိုအောင်"

ထိုသူက သူနှင့် မလှမ်းမကမ်းတွင်ရှိသော စားပွဲတွင် စာရွက်ဖိုင်ထဲမှ တစ်စုံတစ်ခု ရှာဖွေနေသူ အရပ်ပြတ်ပြတ် ကာကီဝတ်တစ်ဦးအား လှမ်း၍...

"ဟေ့ အေးမြင့်၊ ညိုအောင်နာမည် စာရင်းထဲရှာစမ်း၊ တွေ့လားလို့"

အရပ်ပြတ်ပြတ် အေးမြင့်ဆိုသူက ကမန်းကတန်း ရှာဖွေပြီး ခေါင်းကို ခါရမ်းကာ ...

"ညိုအောင် မတွေ့ဘူး ဗိုလ်ကြီး"

ဖြေလိုက်ရာ ထိုသူက ဒေါသထွက်ကာ နီမြန်းသော မျက်နှာနှင့်...

"မင်း မှန်မှန် မပြောဘူးလား ပြောမလား"

"ကျုပ်နာမည်ကို ဘာလို့ လိမ်ရမှာလဲဗျ"

"ဒါဖြင့်ပြော မင်းဘယ်သူလဲ"

"ညိုအောင်"

ဤတွင် အနားရှိ အစောင့်များအနက် တစ်ယောက်က လက်ကို လှမ်းချုပ်ကာ တစ်ယောက်က ညိုအောင်၏ပါးကို ဖြန်းခနဲ ရိုက်လိုက်လေသည်။ နောက် မေးခွန်းများဆက်တိုက် မေးလိုက်လေသည်။ အနီးရှိအစောင့်များက အရန်သင့်စောင့်နေကြလေသည်။





"သန်းဌွေး ဘယ်မလဲ"

"မသိဘူး"

နောက်ထပ် တစ်ချက် ရိုက်ပြန်သည်။

"သိန်းမောင်ကော ဘယ်မလဲ"

"မသိဘူး"

နောက်တစ်ချက် အရိုက်ခံရကာ ညိုအောင် လဲကျအသွားတွင် တစ်စုံတစ်ယောက်က ခြေထောက်နှင့် လှိမ့်ကန်လိုက်လေသည်။

"ကောလိပ်ကျောင်းသား ကန်ဖူးတယ်ရှိအောင် ကန်ထားကြဟေ့"ဟု ကန်ကြလေသည်။ စောစောက သူ့အရင် စစ်ဆေးတုန်းကလည်း သည်လို အသံမျိုးတွေကို ကြားနေရဝေသည်။

"အများနဲ့ပဲ သင်းရယ်၊ ဖြစ်စရာရှိလည်း အများနဲ့ပဲ အတူတူခံပေါ့"

တစ်ခါတုန်းက သင်းသင်းအေးကို ပြောလိုက်မိသော စကားများကိုပင် ပြန်တွေးမိကာ ကိုယ့်ဘာသာကိုယ် အားတင်းလိုက်ရလေသည်။

ထိုသူက သူ့ခါးကိုလက်နှင့် ထောက်ကာ လဲနေသော ညိုအောင်အား...

"မင်း မကွယ်နဲ့ကွ၊ ဟိုဘက်က မင်းမိတ်ဆွေတွေက အကုန်ဖော်လိုက်ပြီ၊ ပြောစမ်းဟေ့ မင်းဘယ်သူလဲ"

"ညိုအောင်၊ ဒါ နောက်ဆုံးဖြေခြင်းပဲ"

"သန်းဌွေး ဘယ်မလဲ"

"မသိဘူး"

အစောင့်များ ဝိုင်းလာပြန်ရာ သည်တစ်ခါ ကျားနာလို ဖြစ်နေသော ညိုအောင်က လဲနေရာမှ အားယူထကာ အစောင့်တစ်ယောက်ကို ဆွဲထိုးလိုက်လေသည်။ ဤတွင် ညိုအောင်၏ ခေါင်းကို သေနတ်ဒင်နှင့် အဆောင့်ခံရပြီး နောက် ထိုင်လျက် လဲကျသွားပြန်သည်။ အစောင့်က သေနတ်ဒင်နှင့် ရိုက်ပြီး ရင်ဝကို လက်နှင့်ခပ်ကြမ်းကြမ်း ဆောင့်တွန်းလိုက်သောကြောင့် ဖြစ်လေသည်။

"ပြောစမ်းဟေ့ မင်းဘယ်သူလဲ"

ညိုအောင်က မဖြေ။ ရှေ့သို့တိုးလာသော အစောင့်ကို ထိုသူက



www.burmeseclassic.com

လက်ဝါးကာပြပြီးနောက် …

“မင်း တိုးတက်မဟုတ်လား”

“ဟုတ်တယ်”

“အဲလိုမှပေါ့ ငါ့လူရ”

ညိုအောင်၏ပခုံးကို လှမ်းကိုင် လှုပ်လိုက်လေသည်။ ထို့နောက်…

“မင်း ကွန်မြူနစ် မဟုတ်လား”

“ဟုတ်တယ်”

“ဒါဖြင့် မင်းအဖော်တွေ ဘယ်သူလဲ”

“မပြောဘူး”

ထိုသူ့ မျက်လုံးများသည် တောက်ပြောင်လာ ပြန်သည်။

“မင်း တိုးတက်ကွန်မြူနစ်၊ မင်းမှာ အဖော်တွေ မရှိဘူးလား”

“ရှိတယ်”

“ဘယ်သူတွေလဲ”

“မပြောဘူး”

နောက်တစ်ကြိမ် ခပ်ပြင်းပြင်း ရိုက်ပြန်သည်။ သည်အခါတော့ ညိုအောင်မှာ မိုက်ခနဲ ဒူးထောက်လဲကျသွားကာ ရုတ်တစ်ရက် မထနိုင်တော့ပေ။

“သန်းဋ္ဌေး ဘယ်မလဲ”

“မသိဘူး”

တစ်စုံတစ်ယောက်က ရင်ဝကို ကန်လိုက်ပြန်သည်။ ထို့နောက် ညာလက်ကို ဖိနပ်နှင့် တက်နင်းလိုက်လေသည်။ ညိုအောင်သည် အသည်းခိုက်အောင် နာကျင်ကာ စုပ်သပ်ပြီးနောက် တောက်တစ်ချက် ခေါက်လိုက်လေသည်။

“မင်း ညိုအောင် မဟုတ်ဘူး သိန်းမောင်တဲ့၊ တို့ သိပြီးပြီ၊ သိန်းမောင် မဟုတ်လား”

“မဟုတ်ဘူး၊ သိန်းမောင် မဟုတ်ဘူး”

“တယ် ခေါင်းမာတဲ့ကောင်၊ မင်းအမှန် မပြောဘူးလား ပြောမလား မင်း သိန်းမောင် မဟုတ်လား”





“မဟုတ်ဘူး မဟုတ်ဘူး၊ မဟုတ်ဘူးဆိုတာ ဘယ်နှခါ ဖြေရမလဲ”

ညိုအောင်သည် ဖြေပြီး အံကြိတ်ကာ မျက်စိကို မှိတ်ထားလိုက်လေသည်။ နောက်တစ်ချက်အရိုက်ကို အဆင်သင့် စောင့်လိုက်ခြင်းသာ ဖြစ်လေသည်။ ရိုက်လည်းရိုက်လိုက်သည်။ ညိုအောင်၏ မျက်လုံးများ မီးပွင့်ကာ တစ်ခါတည်း လောကတစ်ခုလုံး အမှောင်ဖုံးသွားလေသည်။ သတိလစ်သွားခြင်း ဖြစ်လေသည်။

သတိပြန်လည်လာသောအခါ၌ နာရီသံချောင်းက ညတစ်ချက်တီတိ ခေါက်လိုက်လေသည်။ ညိုအောင်၏ တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲပြီး နောက် ခေါင်းတစ်ခုလုံး နာကျင်ကာ မူးဝေနောက်ကျိနေသည်။ နှုတ်ခမ်းများ ခြောက်သွေ့အက်ကွဲကာ …

“ရေ၊ ရေ” ဟု ညိုအောင်က တောင်းလိုက်လေသည်။

“ရေ ရပါတယ်ကွ၊ မေးတာ အရင်ဖြေပါဦး”

“ရေပေးပါ”

ထိုသူက မျက်ရိပ်ပြကာ ရေကို ယူလာစေပြီးနောက် ဒန်ခွက်အစုတ် တစ်ခုနှင့်ထည့်ယူလာသော ရေကိုပါးစပ်နား ထိုးပေးမလိုလုပ်ပြီးမှ ပြန်ယူလျက်…

“မင်း သိန်းမောင် မဟုတ်လား၊ သန်းဋ္ဌေးနဲ့ မင်းနဲ့ သူငယ်ချင်း မဟုတ်လား၊ ဖြေးစမ်းပါကွ၊ ဖြေစမ်းပါ”

ညိုအောင်က မဖြေ။ ရေလည်း မတောင်းတော့ပေ။ ထိုသူက ညိုအောင်၏ မေးစေ့ကို ကိုင်လှုပ်ကာ …

“ဘာလို့ မိုက်ရူးရဲ လုပ်ချင်တာလဲ၊ အမှန်ကို ဝန်ခံစမ်းပါကွ၊ ပြောစမ်း မင်း ဘယ်သူလဲ”

ညိုအောင်က မဖြေ။ နောက်တစ်ချက် အရိုက်တွင် သတိလစ်သွားပါစေဟုသာ ဆုတောင်းနေသည်။ ထို့နောက် သေခြင်းကို တောင့်တကာ သေမင်းကို လက်ယပ်ခေါ်မိလေသည်။ သို့ပေမဲ့ ဆုတောင်းမပြည့်။

ထိုအတောအတွင်း အပြင်ဘက်၌ ကားတစ်စီး ထိုးရပ်သံ ကြားရလေသည်။ တိုက်ပုံအင်္ကျီ မီးခိုးရောင်နှင့် လူတစ်ယောက်၊ ရှပ်အင်္ကျီလက်တိုနှင့် လူတစ်ယောက်သည် ကပျာကယာနှင့် ကရောကပါး ဝင်လာလေသည်။



www.burmeseclassic.com

"သူ သိန်းမောင် မဟုတ်ဘူး၊ လွှတ်လိုက် လွှတ်လိုက်"

"ဟေ"

ပခုံးဒေါက်တွင် အပွင့်များနှင့် ယူအမ်ပီ ဗိုလ်လုပ်သူက အံ့ဩသလို ကြောင်သွားလေသည်။ တိုက်ပုံအင်္ကျီ မီးခိုးရောင်နှင့် လူက …

"သိန်းမောင်က အသားဖြူတယ်၊ ပြီးတော့ အရပ်ရှည်ရှည် နှုတ်ခမ်းမွှေး ပြောင်ပြောင် ဆံပင်ကောက်တယ်"

"ဟာ သောက်ရူပါပဲ၊ သောက်ရမ်း လုပ်လာကြတာကိုး၊ ငါ(သား)မတွေ"

ဟု ဆဲရေးနေသည်။

"ဟိုဘက်မှာလည်း တချို့ လူမှားလို့ ပြန်လွှတ်လိုက်ရတယ်"

ထိုသူက ညိုအောင့် ဘက်လှည့်ကာ အချိုသာဆုံး မျက်နှာထားနှင့် ပြုံးကာ …

"လူမှားလို့ ဖြစ်ရတာပါဗျာ၊ အများကြီး တောင်းပန်ပါတယ်၊ ခင်ဗျား ပြန်နိုင်ပါပြီ"

ညိုအောင်သည် ဒယီးဒယိုင်နှင့် ထလိုက်လေသည်။ ရင်ထဲ၌ လှပ်လှပ်နှင့် ခုန်ကာ စိတ်ထဲ၌ ပေါ့သွားလေသည်။

"ဘယ်သူ့မှ ပြန်မပြောလိုက်ပါနဲ့ဗျာ"

ထိုသူက ဆက်၍ တောင်းပန်နေသည်။ ညိုအောင်က အပြုံးယဲ့ယဲ့နှင့်သာ ပြုံးလိုက်မိလေသည်။ ထို့နောက် အုတ်တိုက်အပြင်သို့ ယိမ်းယိုင်သော ကိုယ်နှင့်သာ ထွက်ခဲ့လေသည်။

ပတ်ဝန်းကျင်သည် ညအမှောင်အောက်တွင် ဝိုးတဝါး ရှိလှလေသည်။ လကမိုက်သဖြင့် အလင်းရောင်က စိုးစိမှ မရှိ။ လျှပ်စစ်မီးက ခပ်မှိန်မှိန်သာ လင်းနေသည်။ လမ်းမကြီးပေါ်တွင် ကားတွေက တဝေါဝေါနှင့် ပြေးနေသည်။ ပြည်လမ်းမကြီးပဲဟု ညိုအောင်က တွက်ဆလေသည်။ ခေါင်းကဆောက ရင်ထဲ တုန်လှိုက်ကာ မောနေသဖြင့် ခေတ္တ ထိုင်ချလိုက်လေသည်။

မီးနှစ်လုံး အလင်းရောင်ကို အားကုန်ဖွင့်ကြသော ကားတွေကတော့ တဝီဝီ ပြေးနေကြလေသည်။ သို့သော်လည်း မီးအလင်းရောင် ကွယ်သည်နှင့်





အမှောင်က ကြီးစိုးမြဲ ကြီးစိုးပြန်သည်။ ပြည်လမ်းမ၏ ဘယ်ဘက်မှ သွားရမည်လား ညာဘက်မှ သွားရမည်လား စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။ စိတ်ကလည်းဝေနေ ဒဏ်ရာဒဏ်ချက်တွေကလည်း ရှိနေတော့ ဦးနှောက်အတွေးက မကြည်လင်။ ရေကလည်း ငတ်နေသည်။

သို့ပေမဲ့ ညိုအောင် စိတ်မပူလှတော့ပါ။ နာကျင်သောဒဏ်ရာ ခေါင်းခဲသော ဒဏ်ရာတွေနှင့်ပင် လွှတ်လပ်ပေါ့ပါးစွာ လျှောက်လာနိုင်ခဲ့ပြီတည်း။

* * *



www.burmeseclassic.com

(၃၁)

သထုံ

နေ့စွဲ ၂၈-၁၀-၅၃

ကို

သင်း စာနှစ်စောင် ထည့်လိုက်ပြီး ရတ်တရက် စာပြန်မရတော့ အတော်ကို စိတ်ပူသွားမိသည်။ ခု ကိုယ့်စာရမှ စိတ်အေးသွားပြီး ရရချင်းပဲ စာပြန်ရေးလိုက်တာ။ ကိုယ်နဲ့ သင်းကိစ္စ ဒေါ်လေးကို ဖွင့်ပြောပြီးပြီ။ ဒေါ်လေးက ဓမမေ့ညီမ အတွေးဆုံး သင်းတို့နဲ့ အတူတူနေတယ်။ ဒေါ်လေးက သင်းကို ချစ်တယ်။ သင်း ခုကျောင်းနေနိုင်တာတောင် သူ့အထောက်အပံ့လည်း မကင်းဘူး။ သင်းတို့ စီးပွားရေးကလည်း ယိုင်နေပြီလေ။ ရာဘာခြံတွေ ဒူးရင်းခြံတွေ အကုန်ရောင်းပစ်ရတယ်၊ လုပ်မယ့်လူကလည်း မရှိဘူး။ အစ်ကိုကြီးကလည်း ဒီအလုပ်မျိုး သိပ်နားမလည်ဘူး။ မက်ထရစ်ကျတာလည်း သုံးနှစ်ရှိပြီ။ တပ်ထဲ ဝင်ခဲ့တာ ခုတော့ တပ်ကြပ်ဖြစ်နေပြီ ကိုလှဒင်တဲ့။ သူက စိတ်ထက်တယ်၊ သူ့ကို ဒေါ်လေးက ပြောပေးရမှာ။

ခု အစ်ကိုကြီးလည်း ဒီမှာမရှိဘူး။ ရှေ့တန်းစစ်မြေမှာ၊ ဟိုမှာ တရုတ်ဖြူနဲ့ အကြိတ်အနယ်ပဲ။ ၁၉၅၃ ခုနှစ်ဆန်းကစပြီး တရုတ်ဖြူတပ်တွေက မိုင်းရှူး၊ လွိုင်ကော်၊ မိုင်းပန်၊ မူဆယ်၊ ကြူကုတ်၊ မုန်းယု ဆိုတဲ့ နယ်တွေနဲ့ တောင်ကြီး ကျိုင်းတုံ လမ်းမကြီးပါ တိုက်သတဲ့။ အစ်ကိုကြီးစာအရ သင်း စိတ်ပူရပြန်ရော။ တပ်သားတွေ တပ်ကြပ်တွေ ကျကြတဲ့အပြင် သင်တန်းဆင်းအာစ



www.burmeseclassic.com

ဗိုလ်လေးတွေလည်း ကျသတဲ့။ မြေတစ်လက်မအတွက် သွေးချောင်းစီးနေတာပဲတဲ့။ အစ်ကိုကြီးက ကိုယ့်လိုပဲ သတ္တိရှိတယ်။ သတ္တိရှိတဲ့လူဟာ အရေးဆိုရင် စွန့်စားတာပဲ။ ဒီတော့ သင်းမှာ ကိုယ့်အတွက်လည်း ပူရ၊ အစ်ကိုကြီးအတွက်လည်း ပူရနဲ့ တစ်ပူပေါ် နှစ်ပူဆင့်ရပြန်တာပေါ့ ကိုယ်ရယ်။

ကိုယ်က သင်းကို လွမ်းတယ်တဲ့လား။ ဒီတော့ သင်းက နှစ်ဆပိုပြီး လွမ်းတယ်လို့ ပြောပါရစေ။ ကိုယ့်လိုစကားမတတ်လို့ စာကိုတော့ တီတီတာတာတွေ မရေးတတ်ပါဘူး။ ဒါပေမဲ့ ဒီလောကမှာ သင်း အချစ်ဆုံးဟာ ကိုယ်ပဲလို့တော့ ပြောနိုင်ပါတယ်။

သင်းလည်း ရန်ကုန် လာရတော့မယ်။ ကတိခံဝန်ချက်တွေရဲ့ လက်မှတ်ထိုးပြီးမှ ကျောင်းတက်ရမယ်ဆို။ မျက်နှာငယ်ကြတာပေါ့လေ။ အားကြီးသူနဲ့ အားနည်းသူဆိုတော့ ခံရစမြဲပေါ့။ သင်းကတော့ ကျောင်းလာရင် ကိုယ်နဲ့တွေ့ရမှာမို့ ပျော်နေမိတယ်။ မနက်ဖြန်မှ စာတစ်စောင် ထပ်ရေးမယ်။ ခုတော့ အိမ်အလုပ်တွေ လုပ်စရာရှိနေလို့ စာကို ရပ်နားလိုက်တော့မယ်။

ဘေးမထိ ရန်မခနဲ့ ကိုယ်စိတ်နှစ်ပါးလုံး ရွှင်လန်းပါစေ။

ကိုယ့်ရဲ့ သင်း

* * *



(၃၂)

သီတင်းကျွတ်ကျောင်းပိတ်ရက် ကုန်ဆုံးခဲ့လေပြီ။ ကျောင်းသူကျောင်းသားများသည် မျက်နှာငယ်လေးများဖြင့် ကျောင်းသို့ပြန်လာကြ၏။ ကျောင်းသားအချို့လည်း အချုပ်ထောင်များထဲတွင် ရှိနေသေးသည်။ ကတိခံဝန်ချက်များကို ကျောင်းသားတိုင်းအား ရေးထိုးခိုင်းလေသည်။

ကျောင်းသူကျောင်းသားပေါင်း သုံးဆယ်ကို ရာသက်ပန် ကျောင်းထုတ်ပစ်သည်။ ဆယ်ယောက်အား တစ်နှစ် ထုတ်ပယ်၍ ငါးယောက်အား သတိပြင်းထန်စွာ ပေးလေသည်။ မန္တလေးတက္ကသိုလ်တွင်လည်း ဆယ့်ကိုးယောက် ရာသက်ပန် ထုတ်ပစ်လိုက်လေသည်။

သိန်းမောင်၊ သန်းဌေး၊ ညိုအောင်၊ အောင်မောင်းနှင့် အာသာတို့လည်း ရာသက်ပန် ကျောင်းထုတ်ခံရသော သူတွေစာရင်းထဲ ပါလာလေသည်။ မိန်းကလေးထဲမှ သင်းသင်းအေးတို့ လူစုတွင် တင်တင်ဝင်းမှာ ရာသက်ပန် အထုတ်ခံရလေသည်။ ဝင်းဝင်းမော်ကိုမူ တစ်နှစ်ထုတ်ပယ်၍ ချစ်ဦးနှင့် တင်ကြည်လည်း တစ်နှစ်ထုတ်ပယ်ခြင်းခံရလေသည်။

ညိုအောင်၊ အောင်မောင်းနှင့် သန်းဌေးတို့သည် "သင့်အား ရာသက်ပန် ကျောင်းထုတ်ပစ်သည်" ဟူသော တက္ကသိုလ်ကောင်စီ၏ ဆင့်စာကိုရရှိပြီးနောက် စိတ်ညစ်ရမည့်အစား တသောသော ရယ်မောကြလေသည်။

"ရာသက်ပန် ရာသက်ပန်"ဟု သန်းဌေးက ပြုံးတုံးတုံးနှင့် ညည်းညူဆဲ အောင်မောင်းက ...



www.burmeseclassic.com

"ဩော်၊ ရာသက်ပန်ဆိုတာ သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာတည်း ဖြစ်ပါလိမ့်မယ်" ဟု ပြုံးဖြီးဖြီး မျက်နှာထားနှင့်ပေမင့် သံဝေဂသံ နှော၍ ပြောလိုက်လေသည်။

သည်နေ့ အောင်မောင်းတို့အားလုံး အထုပ်အပိုးတွေပြင်ကာ ကျောင်းဆောင်မှ ထွက်ရမည်ဆိုတော့ ကျောင်းဆောင်၌ နောက်နှစ်တွင် တစ်ယောက်တည်း ကျန်ရစ်မည့် ချစ်ဦးက မျက်နှာပျက်ပျက်နှင့် ငြိမ်နေရှာသည်။ ခါတိုင်းလို ရွှတ်တီးရွှတ်တက် စကားတွေကိုမဆိုနိုင်ဘဲ ငိုင်လျက် မျက်ရည်များပင် လည်နေသည်။ အောင်မောင်းက အခြေအနေ ရိပ်စားမိကာ …

"လာဟေ့ ဒီနေ့ ဖဲ(လ်)ဝဲ(လ်) ပါတီလုပ်မယ်၊ တစ်ယောက် ငွေနှစ်ဆယ်စီ ထည့်ကြ၊ ငါနဲ့ ညိုအောင်တို့ကတော့ တင်တင်ဝင်းနဲ့ သင်းသင်းအေးကို ခေါ်မှာမို့လို့ ငွေလေးဆယ်ဆီ ထည့်မယ်၊ အားလုံးပေါင်း တစ်ရာလေးဆယ် ရမယ်၊ ငွေလေးဆယ်ကို တို့ခုနစ်ယောက် ရုပ်ရှင်ကြည့်ဖို့နဲ့ ဓာတ်ဆီဖိုးဖယ်ထား၊ ငွေတစ်ရာကျန်မယ်၊ အဲဒီ ငွေတစ်ရာကို ရှစ်မိုင်ဟိုတယ်မှာ စားကြသောက်ကြမယ်၊ သဘောတူသလား"

ဦးဆောင်လိုက်လေသည်။

"တူတယ်" ဟု အာသာနှင့် သန်းဒွေးက အော်လိုက်လေသည်။

ညိုအောင်က …

"ဒါ တို့တစ်တွေ နောက်ဆုံး ပေါင်းဆုံခြင်းနဲ့ ပထမဦးဆုံး ကွဲကွာခြင်းပဲ၊ လွတ်လွတ်လပ်လပ် သွားမယ်၊ ပျော်မယ်" ဟု မှတ်ချက်ချလိုက်လေသည်။

ချစ်ဦးက ခုတင်တိုင်မှီကာ ဘာမှမပြော။ တွေဝေနေရာမှ မျက်ရည်များ ရစ်ဝိုင်းသော မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ အောင်မောင်းက ချစ်ဦး၏ ပခုံးကိုပုတ်လျက် …

"ဟေ့ ထလေကွာ၊ အဝတ်လဲ"

မျက်ရည်ပေါက် တစ်ပေါက်သည် ဖျတ်ခနဲ ခုန်လွှင့်လာကာ အောင်မောင်းလက်ပေါ် ကျလာလေသည်။ အောင်မောင်းက …

"ငါ့လခွေးတဲ့၊ တင်တင်ဝင်း လောက်တောင် စိတ်ကမခိုင်ဘူး၊





ဟိုကောင်မလေးက တဟားဟားနဲ့၊ ဟိုမှာလည်း ငိုနေတာက သင်းသင်းအေး၊ ကိုယ့်အတွက် ကိုယ့်အတွက်"

ညိုအောင့်အား မေးငေါ့ပြရင်း ပြောလိုက်လေသည်။ အာသာက ချစ်ဦး၏ အနီးသို့တိုးကာ ပခုံးကိုဖက်ရင်း …

"လာပါ ဒါလင်ရယ်၊ ဒါလင်ကို 'မ' ချစ်လွန်းလို့ပါ ချီနေတာ၊ ဒါလင်ကို ချစ်တယ်၊ သိပ်ချစ်တာပဲ" ဟုပြောကာ တရှုတ်ရှုတ်နှင့် ချစ်ဦး၏ ပါးကို နမ်းနေသဖြင့် ချစ်ဦးက ရှန်းကန်ရင်း ရယ်မောလာလေသည်။

အာသာက ချစ်ဦးကို မျက်စောင်းတစ်ချက်ထိုး၍ ခြေကိုဆောင့်ကာ ဆောင့်ကာနှင့် …

"တစ်ခါတည်း ချစ်လို့သာနမ်းရတယ် အာပုပ်စော်နံလိုက်တာ၊ သူ သိပ်ညစ်ပတ်တာပဲ၊ ကိုညစ်ပတ်အိုးကြီး၊ ဒီက လက်ထဲရောက်တော့မှပဲ ပြုပြင်ပေးရမှာပဲ ဟင်း"

အားလုံး တသောသောရယ်ကာ အဝတ်အစား လဲပြီးကြလေသည်။

* * *

အာသာ ဒလကြမ်း မောင်းနှင်လာသော ကားသည် ရှစ်မိုင်ဟိုတယ် ရှေ့တွင် ထိုးဆိုက်လိုက်လေသည်။ ဟိုတယ်အတွင်းခန်းသို့ ဝင်သွားကြပြီးနောက် ချစ်ဦးနှင့် သန်းဒွေးက စားပွဲခန်းသို့ ဝင်သွားကြပြီးနောက် အောင်မောင်းနှင့် တင်တင်ဝင်းတို့က စားပွဲခုံတစ်ဘက်၊ ညိုအောင်နှင့် သင်းသင်းအေးတို့က တစ်ဖက် ထိုင်ကြလေသည်။ အာသာကမူ ချစ်ဦးနှင့် အောင်မောင်းကြား စားပွဲထောင့်စွန်းတွင် ထိုင်နေသည်။

ညိုအောင်က လက်တစ်ဖက်က ဆေးပေါ့လိပ် ကိုင်ကာ ရှိုက်ဖွာပြီး ကျန်လက်တစ်ဖက်က ခဲတံကိုင်လျက် မီးနူး (ဟင်းလျာစာရင်း)ကို ဖတ်ရှုရင်း…

"ဘာစားကြမလဲ ပြော ပြော" ဟု မေးလိုက်လေသည်။

"ကျောင်းဆောင်ကြီး သဘော၊ ကျောင်းဆောင်ကြီး သဘော"

အာသာက ဖြေသည်။ ညိုအောင်က သင်းသင်းအေး၏မျက်နှာ ညိုညိုကလေးကို ဖျတ်ခနဲ မျက်လုံးဝင့်ကြည့်ကာ …



www.burmeseclassic.com

"သင်း ငါးမန်းတောင် စားတတ်သလား"

"ဟော့ ဟော့၊ ဘာသင်းလဲ၊ ဘာသင်းလဲ၊ ဒီလို မလုပ်နဲ့။ ခေါင်းဆောင်လုပ်ပြီး ချစ်သူတစ်ဦးထဲ ကောင်းစားရေးကို မလုပ်နဲ့၊ တရားသဖြင့် လုပ်၊ အယုံအကြည်မရှိ အဆိုတင်သွင်းရမယ်"

အာသာနှင့် အောင်မင်းတို့က သင်းသင်းအေး အဖြေမပေးနိုင်မီ ဝိုင်းအော်ကြလေသည်။ သင်းသင်းအေးက ခေါင်းကိုငုံ့ကာ မျက်လုံးများက စားပွဲကို ငေးစိုက်နေသည်။ ညိုအောင်က ရယ်လျက် …

"မင်းတို့ပဲ ငါ့သဘောဆို၊ သင်းကိုမေးတာ ဘာဖြစ်တုံးကွ"

ပြောရင်း စားပွဲအောက်မှ သင်းသင်းအေး၏ လက်ကလေးကို လှမ်းဆုပ်ကိုင်လိုက်လေသည်။ ဒါကို ကပ်ကပ်သပ်သပ် မြင်သော ချစ်ဦးက…

"ဟော့ စားပွဲအောက်က လက်မကိုင်နဲ့၊ ခိုးကြောင်ခိုးဝှက် မလုပ်ကြနဲ့၊ ဟိုကောင် အောင်မောင်းကြီးလည်း သတိထား"

အားလုံးက ရယ်မောကြလေသည်။ သင်းသင်းအေး၏ မျက်နှာမှာ တမုဟုတ်ချင်း နီသွားလေသည်။ ညိုအောင်က ရုတ်ခြည်း တည်သွားသော မျက်နှာနှင့် …

"မင်းတို့ကောင်တွေ သိပ်မနောက်နဲ့ကွ"

တင်တင်ဝင်းကပါ ဆက်၍ …

"ဟုတ်သားပဲ ရှင်တို့က၊ သိပ် မပြောင်ကြပါနဲ့။ သင်းက ရှက်တတ်တယ်၊ ရှင်တို့နဲ့သာ လိုက်လာရတယ်၊ သင်းက ခပ်လန့်လန့်ရယ်၊ ရှင်တို့က ကောင်းတဲ့လူတွေမှမဟုတ်တာ" ဟု ဝင်ဟန့်လေသည်။

"အလိုဗျာ၊ ကျွန်တော်တို့က မကောင်းရအောင် ဘာဖြစ်လို့တုံး။ ပြောစမ်းပါ"

"ရှင်တို့က သရဲတွေပဲ"

တင်တင်ဝင်းက ရယ်လျက် ဖြေလိုက်သည်။

"ဒါဖြင့် ခင်ဗျားလည်း သရဲလက်ထဲ ရောက်နေတာပေါ့"

ချစ်ဦးက ပြုံးတူးပြဲတဲ မေးလိုက်လေသည်။ တင်တင်ဝင်းက …





"ဟင့်အင်း၊ ကျွန်မ ဘီလူးလက်ထဲ ရောက်နေတာ" ဟု ရယ်လျက် ဖြေရင်း အောင်မောင်း၏ ကျောပြင်ကို ဖြန်းကနဲ လှမ်းရိုက်လိုက်လေရာ အောင်အောင်းက ကျောကော့ကာ မျက်နှာကြီး ရှုံ့ထားလိုက်ပြီး …

"အမယ် အမယ်၊ ဖြည်းဖြည်း အချစ်ရယ်။ အဆုပ်ကွာသွားလို့ မသာဖြစ်ပြီး အချစ်နဲ့ မပေါင်းလိုက်ရဘဲ ရှိနေပါ့မယ်"

သည်တော့ သင်းသင်းအေးက ပြုံးဖော်ရလာလေသည်။ ချစ်ဦးက သင်းသင်းအေးအား ကြည့်ပြီး ညိုအောင်အား လှမ်းကြည့်ကာ …

"အဲလို ပြုံးပြုံးလေးနေမှပေါ့ သင်းရယ်။ သင်း ပြုံးနေမှ ကိုယ်စိတ်ချမ်းသာမှာ" ဟု သူ့အသံ အက်တက်တက် ကွဲတဲတဲကို ညိုအောင့်အသံကို တု၍ တမင်အသံသြလုပ်ကာ ပြောလိုက်လေသည်။ ညိုအောင်က စားပွဲပေါ်ရှိ ပဲငံပြာရည်ပုလင်းနှင့် ချစ်ဦး၏ နဖူးကို လှမ်းထုလိုက်လေသည်။

သန်းဌေးနှင့် အာသာက ရယ်နေသည်။ အာသာက ရယ်နေရာမှ…

"မှာဗျို့ မြန်မြန်မှာ၊ ဆာလှပြီ။ ငါးမန်းတောင်တွေ ဘာတွေ လုပ်မနေနဲ့ ဈေးကြီးတယ်။ ဒါလုပ်ဖို့လည်း ချန်ထားဦး"

ပြောပြီး လက်မကို ပါးစပ်တွင်တေ့၍ မော့ပြလိုက်လေသည်။ ညိုအောင်က …

"ရပါတယ် ငါ့လူ၊ ရပါတယ်။ ဒီပွဲမှာ ငါရယ်၊ အောင်မောင်းရယ်၊ သန်းဌေးရယ် သိပ်လုပ်မှာ မဟုတ်ဘူး။ မင်းနဲ့ချစ်ဦး နှစ်ကောင် ရေတဲ့လျှောက်လိုတွယ်ကြ။ တစ်ခါတည်း ဆိုင်မှာထားခဲ့မယ်"

ညိုအောင်ကို ချစ်ဦးက လှမ်းအကဲခတ်သလို ကြည့်ပြီး …

"ဟော့၊ ဘေးတိုက်ထိုင်ပြီး၊ မျက်စိစွေစွေ ကြည့်မနေနဲ့။ ကြာရင် ချောက်စောင်းဖြစ်သွားလိမ့်မယ်။ ကြည့်ချင်ရင် တည့်တည့်လှည့်ကြည့်။ ဟို အောင်မောင်းကြီးလည်း အတူတူပဲ"

ခနဲ့နေရာ ညိုအောင်က ချစ်ဦးအား "ခွေးမသား" ဟု ဆဲရေးနေသည်။

ထို့နောက် စားပွဲသောက်ပွဲကို စတင်ကြလေသည်။ သန်းဌေးက အားနာသလို မျက်နှာထားနှင့် သင်းသင်းအေးအား လှမ်းကြည့်ကာ …



www.burmeseclassic.com

"ကိုင်း၊ မတင်တင်ဝင်းနဲ့ မသင်းသင်းအေးတို့ ကျွန်တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ။ ဒါ ကျွန်တော်တို့အဖို့ နောက်ဆုံးပျော်ခြင်းပဲ၊ ရန်ကုန်တက္ကသိုလ်ရဲ့ နောက်ဆုံးဘဝပဲ။ Academic Freedom ဆိုတဲ့ ပညာရေးလွတ်လပ်ခွင့်နဲ့ ကျောင်းသားထုရဲ့ဒီမိုကရေစီ ဆုံးရှုံးခဲ့ပြီ။ ဒီတော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်နဲ့ ပျော်ပါရစေ။ ခွင့်လွှတ်ပါ ခင်ဗျာ'

'မှန်တယ်၊ မှန်တယ်၊ ကိုသန်းဆွေကို ထောက်ခံတယ်'

အာသာက ကပျာကယာ ဝင်ပြောလိုက်လေသည်။ အောင်မောင်းက အာသာ ခေါင်းကို လှမ်းပုတ်ကာ …

'မအေပေးမျိုး၊ ဒါမျိုးဆိုရင် လျှာက ခပ်သွက်သွက်။ အမ်စီ(MC) ဘက်ရောက်လို့ နားကြပ်တောင် မကိုင်ရသေးဘူး၊ ဟိုလူဒီလူတွေ သားဖွားရုံမှာ ဖင်ဖြဲကြည့်တာကို လိုက်သွားရေယို၊ ချစ်ဦးကို ဖောက်သည်ချ၊ ချစ်ဦးက ဒါတွေ နားထောင်ပြီး'

'ဟေ့ကောင်တွေ တော်ကွာ တော်ကွာ၊ သင်းတို့ ရှေ့မှာ'

ညိုအောင်က စားပွဲကိုရိုက်ကာ ဟန့်လိုက်လေသည်။ သင်းသင်းအေးက ခေါင်းကို ငုံ့ထားလေသည်။ တင်တင်ဝင်းကမူ ယောက်ျားတစ်ပိုင်း စိတ်နှင့် မထူးဆန်းတော့သလို ရယ်မောနေသည်။

ထိုနေ့ကတော့ ခပ်ရွှင်ရွှင်သာ ရယ်မောနေကြရသည်။ အာသာနှင့် ချစ်ဦးတို့က ကြွက်တွင်းလို သောက်နေကြသည်။ သန်းဆွေကလည်း သည်တစ်ခါ အချိန်အဆ မရှိဘဲ သောက်လေသည်။ သူတို့က သောက်လို့ကောင်းကြဆဲ။ သင်းသင်းအေးနှင့် ညိုအောင်က တီးတိုးစကားဆိုနေကာ အောင်မောင်းနှင့် တင်တင်ဝင်း တို့ကတော့ ဟောင်ဖွာဟောင်ဖွာနှင့် စကားစမြည် ပြောနေကြလေသည်။

နေ့ ဆယ့်နှစ်နာရီခွဲပွဲ ရုပ်ရှင်ဝင်ကြည့်ကြတော့ အားလုံးရီတီတီ ဖြစ်နေကြသဖြင့် နီးရာ ကုလားကားပြသော ရာဇ်ရုံဝင်ကြည့်ကြလေသည်။ ဘာရယ်မဟုတ်။ အပျော်သက်သက်သာ ဖြစ်သည်။ အာသာ ခေါင်းစိုက်နေသဖြင့် ညိုအောင်ကပင် ကားမောင်းလာခဲ့ရပေသည်။





ရာဇ်ရုံ သုံးကျပ်ခွဲအထူးတန်းတွင် ညိုအောင်တို့ လူစုသာ ရှိလေသည်။ ရုံထဲသို့ ရောက်ကြသောအခါ အတန်းတစ်တန်းကို တစ်ယောက်စီ ထိုင်နေပြီး မီးမှိတ်သည်နှင့် သန်းဆွေ၊ အာသာနှင့် ချစ်ဦးတို့မှာ ခုံတန်းများကို ကန့်လန့်ဖြတ် ခြေတင်ကာ အိပ်ပျော်နေကြတော့သည်။ အောင်မောင်းနှင့် တင်တင်ဝင်း၊ ညိုအောင်နှင့် သင်းသင်းအေးတို့မှာကား စကားလက်ဆုံ ပြောမကုန်။

ရာဇ်ရုံမှ အောက်တောက်တောက် အနံ့နှင့် အရက်နံ့ ရောစွက်သည့် ကြားထဲမှပင် တင်တင်ဝင်းနှင့် သင်းသင်းအေးတို့ ကိုယ်မှ သင်းပျံ့ကာ မွှေးနေသော ရှာဒ်လေး ကိုယ်လိမ်းပေါင်ဒါနံ့နှင့် ပဲရစ် ညနေခင်းရေမွှေးနံ့တို့မှာ အောင်မောင်းနှင့် ညိုအောင်တို့၏ နှာဝကို ချူလျှက်ရှိလေသည်။

"သင်းရေ၊ ကိုယ် မူးတယ်ကွာ"

ညိုအောင်၏ ခေါင်းမှာ သင်းသင်းအေး၏ ပခုံးပေါ် တင်ထားလေသည်။ သင်းသင်းအေးက တီးတိုးလေသံနှင့် …

"ဘာဖြစ်လို့ ဒါလောက်မူးအောင် သောက်ရတာလဲ ကိုယ်၊ သင်းက အရက်သောက်တဲ့လူကို သိပ်မုန်းတာပဲ၊ ကိုယ်တို့ ဒီနေ့ နောက်ဆုံးနေ့ဆိုလို့ သင်း ခွင့်လွှတ်တာ"

"ဟုတ်ပါတယ် သင်းရယ်၊ နောက်ဆုံးနေ့မို့ပါ။ ချစ်ဦးကြီးကလည်း ငိုတယ်. မဟုတ်လား၊ အားလုံး စိတ်မကောင်းလည်း ဖြစ်ကြလို့"

"အင်း ဒါကြောင့်မို့ပေါ့၊ နောက်တော့ မသောက်ရဘူးနော်၊ သင်း မကြိုက်ဘူး"

"မသောက်ပါဘူး သင်းရယ်၊ မသောက်ပါဘူး"

ညိုအောင်က ကြို့ထိုးရင်း ဖြေလိုက်လေသည်။

"ပြီးတော့ ရုပ်ရှင်ကြည့်ဖို့လာတာ ရုပ်ရှင်လည်း မကြည့်ကြဘူး၊ ဘယ်လိုလဲ မသိဘူး။ ဟိုမှာ အကုန်အိပ်နေကြပြီ ထင်တယ်"

"ကိုယ်က ရုပ်ရှင်မကြည့်ချင်ဘူး၊ သင်းကိုပဲ ကြည့်ချင်တယ်။ သင်း မျက်နှာလေးကလွဲလို့ ဘာမှ မကြည့်ချင်ဘူး။ ဒီဘက် မျက်နှာလှည့်စမ်းပါ သင်း၊ အို ကျွန်တော့်ရဲ့ မမသင်း"



www.burmeseclassic.com

"နောက်တီး နောက်တောက်နဲ့ ကိုယ်ကလည်း၊ မှောင်ထဲမှာ ဘယ်က သင်း မျက်နှာကို မြင်ရမှာလဲ ဖယ်စမ်းပါ။ ဟိုမှာ ရုပ်ရှင်ကိုကြည့်စမ်းပါ၊ ကုလားမင်းသမီး မဒ္ဒူဘာလာက မလှဘူးလား ကြည့်စမ်း။ သိပ်လှတာပဲ Close UP (အနီးကပ်) ရိုက်ပြရင် ပိုလှတယ်နော်"

"သင်းလောက် ဘယ်သူမှ မလှဘူး၊ ဘယ်သူမှ သင်းလောက် ချစ်စရာ မကောင်းဘူး"

"စကားကောင်း ပြောပါ"

"စကားကောင်း ပြောနေတယ်လေ၊ ကျွန်တော့်ရဲ့ အရှင်သခင်မလေးကို ချစ်လွန်းလို့ စကားကောင်းပြောနေတာပေါ့၊ နို့မဟုတ်ရင် ကျွန်တော် ဘယ်ပြောမလဲ"

"ကိုယ်က မူးနေတာကိုး၊ သိပ်မသောက်ပါနဲ့လို့ သင်း ပြောတာ နားမှမထောင်ဘဲ။ ခုတောင် နားမထောင်ရင် နောက်ဘယ်လိုလုပ်မလဲ"

သင်းသင်းအေးက မာန်သလို ပြောလိုက်ရာ ညိုအောင်က သင်းသင်းအေး ၏ပခုံးလေးကို ကိုင်လှုပ်ကာ …

"နားထောင်ပါ့မယ် ချစ်ချစ်လေးရယ်၊ နောက်ကို နားထောင်ပါ့မယ်။ သင်းက ဒါ မသောက်နဲ့ဆို ဘယ်တော့မှ မသောက်ဘူး၊ ဒါ သောက်လို့ပြောရင် အဆိပ်မှန်းသိရဲ့သားနဲ့တောင် သောက်မှာပဲ"

"သိပ်ပိုတာပဲ၊ သင်းက အဆိပ်ကို သောက်ခိုင်းပါ့မလားလို့၊ စကားပြော သိပ်ချွဲတာပဲ"

"မချွဲတတ်ပါဘူး သင်းရယ်၊ ကျွန်တော် ရိုးရိုးကြီးပါ။ ရိုးလွန်းလို့ ပစ်တော့ မသွားပါနဲ့နော်"

သင်းသင်းအေးက ခပ်အုပ်အုပ်လေး ရယ်နေသည်။

ညိုအောင်က သင်းသင်းအေး၏ ပါးလေးကို အသာဖွဖွနမ်းရင်း ခေါင်းကလည်း အောက်စိုက်နေသည်။ သင်းသင်းအေးက ညိုအောင်၏ ခေါင်းကို ပြန်မတ်ပေးကာ …

"ဟော နားထောင်စမ်း ကို၊ ဟိုရှေ့က ဟောက်သံကြားတယ်။





ကိုအောင်မောင်းကြီးလား မသိဘူး"

"အင်း အစစ်ပေါ့။ အောင်မောင်းကြီးလည်း မသာဖြစ်ပြီ"

ညိုအောင်က လျှာလေးလေးနှင့် ပြောလိုက်လေသည်။ ညိုအောင် ပြောသည့်အတိုင်းပင် အောင်မောင်းသည် တင်တင်ဝင်း၏ ရင်ခွင်၌ ခေါင်းစိုက်ကာ တခေါခေါ ဟောက်လျက် အိပ်ပျော်နေပေပြီ။ တင်တင်ဝင်းက အောင်မောင်း၏ ကိုယ်လုံးကြီးကို ကလေးငယ်ပွေ့ထားသလို လက်နှင့်ထိန်းပွေ့ကာ သိပ်ထား ရလေသည်။

"ကိုယ်လည်း အိပ်ချင်ပြီ သင်းရယ်၊ အပေါ်က ပန်ကာလေတိုက်တော့ ပိုအိပ်ချင်တယ်။ ကိုယ့်ကိုပွေ့ပြီး သိပ်ပါလား၊ သင်း ရင်ခွင်မှာ မှေးမယ်နော်"

"ကိုယ့်ဘာသာကိုယ် အိပ်ပါလား၊ သင်း ဆီမှာတော့ မအိပ်နဲ့၊ သင်း တွန်းချပစ်လိုက်မယ်နော်၊ ဘာမှတ်သလဲ"

"ရက်စက်တော့မှာလား အချစ်ရယ်"

"ရက်စက်မယ်"

"ချစ်တယ်ဆို သင်းရဲ့"

"မုန်းတယ်"

"သိပ်ချစ်တယ်လား"

"မုန်းတယ်လို့ ပြောနေတာ"

"သြော် အသက်ပေးချစ်တယ်လား" ဟု ညိုအောင်က ပြောလိုက်ရာ သင်းသင်းအေးက ရယ်နေသည်။ ညိုအောင်က နောက်သလို ပြောင်သလို ပြောရင်းပင် ခေါင်းကလည်း သင်းသင်းအေး ရင်ခွင်ထဲသို့ အဟုတ် စိုက်ကျသွား လေသည်။ ပထမသော် သင်းသင်းအေးက နောက်သည့်ထင်၍ တွန်းလိုက်မိရာ ညိုအောင်၏ ခေါင်းသည် အောက်ကြမ်းပြင်ဘက်သို့ အောက်စိုက်သွားပြီး ရှေ့တန်းကထိုင်ခုံနှင့် ခေါင်းကို ဆောင့်မိလေသည်။ သည်တော့ သင်းသင်းအေးက မှာဟှာသလဲလဲ ညိုအောင်၏ ခေါင်းနှင့်ကိုယ်ကို မနိုင်မနင်း ပွေ့ထူကာ ညိုအောင်၏ခေါင်းကို ဘေးတိုက် သူ့ရင်ဘတ်ပေါ်တွင် မှီထားစေပြီး အသာ သိပ်ထားရလေသည်။



www.burmeseclassic.com

ညိုအောင်သည် ချက်ချင်းပင် အသက်ရှူသံ ပြင်းပြင်းနှင့် အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

* * *



(၃၃)

ဆောင်းရာသီလည်း မပီတတ်သေး။ ဝိုးဝါးထွေးဆဲ။ ရန်ကုန်ဇာတ္တသိုလ်ကို နှင်းမှုန်ရှုရှုက ခြုံတသသနှင့် ဆောင်းရိပ်လွှမ်းစ ပြုသော်လည်း ထေးကားမအေး။

ရာသက်ပန် ကျောင်းထုတ်ခြင်းခံရသော ညိုအောင်တို့ လူစုလည်း ကွဲခဲ့လေပြီ။ သန်းဋ္ဌေးသည် သူ့မိဘများရှိရာ မကွေးသို့ ပြန်၍၊ အာသာက မှော်ဘီသို့ ပြန်လေသည်။ အောင်မောင်းကလည်း ပုသိမ်သို့ အမြန်ဆုံးပြန်သည်။ အောင်မောင်း ဖခင်ကလည်း အောင်မောင်းကို ကြေးနန်းရိုက်ခေါ်သည်။ ညိုအောင်လည်း မနက်ဖြန်ဆိုလျှင် မကွေးသို့ ပြန်ရမည်။ ချစ်ဦးသည်သာ လွှစွလမ်းရှိ သူ့ဦးလေးနေအိမ်၌ မျက်စေ့သူငယ်နှင့် ကျန်ရစ်သည်။

သည်ညနေက တိမ်ရောင်စုံ တောက်ပသော ညနေခင်းဖြစ်လေသည်။ ကင်တန်ဆောင်သို့ သင်းသင်းအေးနှင့် တွေ့ရန် သွားခဲ့လေရာ သင်းသင်းအေးကို မတွေ့။ နော်စီစီက အသင့်စောင့်လျက် ...

"အင်းလျားကန်ဘက်ကို လိုက်သွား ကိုညိုအောင်၊ သူ အဲဒီက စောင့်နေမယ်လို့ ပြောတယ်"

ညိုအောင်က နော်စီစီအား နှုတ်မဆက်နိုင်တော့ဘဲ သင်းသင်းအေး ရှိရာသို့ ကရော်သောပါး လာခဲ့လေသည်။ ညိုအောင်၏ ခြေလှမ်းများသည် လွှက်လက်ပေါ့ပါးနေသည်။ ကန်သာစိမ်းလဲ့ သရက်ညိုရိပ်အောက်တွင် သရက်ပင်ကိုမှီကာ ရေစပ်ကို ငေးနေသော သင်းသင်းအေးကို ညိုအောင်က



www.burmeseclassic.com

ရွှင်ကြည်နူးစွာ ပြုံးလျက် လှမ်းကြည့်လိုက်လေသည်။ ဗရုတ်ဗရက် ဖြစ်ပြီး ကျောင်းဖွင့်စမို့ လူသူလေးပါး ကင်းလျက်ရှိလေသည်။ အစိမ်းနုရောင် ရိုဘီယာ ရှန်သားအင်္ကျီလက်ပြတ်၊ အစိမ်းခံ အဖြူစက်သေးသေးနှင့် တိုဘာရက်ကိုးလုံချည် တို့မှာ သင်းသင်းအေး ဝတ်နေကျ။

"သင်း"

မျက်နှာပြည့်ပြည့်လေးကို မြင်လိုက်ရသည်ခဏ၌ ညိုအောင်သည် ကျင်စက်မီသူပမာ ဖျတ်ခနဲတုန်လျက် ပခုံးနှစ်ဖက်ကို ကိုင်ထားသော လက်များ ကပျာကယာ ဖြေချလိုက်လေသည်။ တစ်သက်နှင့်တစ်ကိုယ် ဤမျှ မတုန်လှုပ်စဘူး။ ဤမျှ စိတ်မထိခိုက်စဘူး။ ဤမျှထိုမျှ မကြေကွဲစဘူး။

"ဟင် မမစိမ်း"

မမြစိမ်း၏ မျက်လုံးအိမ်တွင် ထိန်းထားသော မျက်ရည်များကဝဲနေပြီ၊ နှုတ်ခမ်းထောင့်စွန်း အသာကွေးကာ ပါးချိုင့်လေးများပေါ်အောင် အားယူ ပြုံးလျက် ...

"ဟုတ်ပါတယ်၊ တစ်ခါတုန်းက မမစိမ်းပါ။ ဒါပေမဲ့ ခု မမစိမ်း မဟုတ်တော့ပါဘူး။ သင်းရဲ့ဒေါ်လေး မခင်သက်အဖြစ်နဲ့ စကားပြောဖို့လာတာပါ၊ သင်းဟာ"

ထိုအခိုက် ရှိုက်သံတစ်ချက် ဝေ့လာလျက် သရက်ပင် ပင်စည်ကို ကွယ်ကာထိုင်ပြီး ငိုနေသော သင်းသင်းအေးကို မြင်မိလေသည်။ သည်တော့ ညိုအောင်သည် သင်းသင်းအေး၏ အနီးတွင် ဒူးထောက်ထိုင်ချကာ သင်းသင်းအေး၏ လက်ကို လှမ်းဆုပ်ကာ နှစ်သိမ့်လိုက်သဖြင့် ...

"သင်း"

သင်းသင်းအေးက သူ့လက်ကို ဆောင့်ဖယ်လျက် ...

"သင်းကို မထိနဲ့" ဟု ရှိုက်ငိုရင်း ပြောလိုက်လေသည်။

ညိုအောင်သည် နားမလည်သော အမူအရာတွေနှင့် မခင်သက်အား မော့ကြည့်ကာ ...

"ဘယ်လိုဖြစ်တာလဲ မမစိမ်း၊ ကျွန်တော်ဖြင့် နားကိုမလည်နိုင်အောင်ဘဲ၊





ကျွန်တော့်စိတ်ထဲ မမစိမ်း သေပြီလို့ သိခဲ့ရတယ်၊ သိခဲ့ရလို့လည်း မမစိမ်းကို ရှာဖို့တွေ့ဖို့ မကြိုးစားခဲ့ဘူး"

"မမစိမ်း၊ သေခဲ့ပါပြီ မောင်ညိုအောင်"

"မသေဘူး မသေဘူး၊ ဒေါ်လေး မသေပါဘူး၊ ဒီလိုစကားတွေနဲ့ အမှန်ကို မဖုံးပါနဲ့၊ အမှန်ကို ဖုံးတယ်ဆိုတာ လိမ်တာနဲ့အတူတူပဲ၊ သင်းက လိမ်တာ ကလိမ်ကျတာကို သိပ်မုန်းတယ်၊ ဒီမယ် ကိုညိုအောင်၊ သင်းနဲ့ ကိုညိုအောင်နဲ့ ဒီနေ့ ဒီအချိန်ကစပြီး ဘာမှ မဆိုင်တော့ဘူး၊ ပြတ်ကြပြီ၊ ဒါပဲ"

သင်းသင်းအေးက ညိုအောင်အား မျက်ရည်တွေကြားထဲမှ ဝမ်းနည်း ဒေါသသံနှင့် ပြောလိုက်ရာ ညိုအောင်က ...

"ဘယ်လိုက ဘယ်လို ပြဿနာဖြစ်လာရတာလဲ သင်းရယ်၊ ကိုယ့်ကို ရှင်းပြဦးမှပေါ့"

သင်းသင်းအေးက ခေါင်းကို ခါရမ်းလျက် ...

"အဲဒါ ပြဿနာမဟုတ်ဘူး။ အင်မတန် ရှင်းပါတယ်၊ သင်းကိုလေ အင်မတန် ချစ်မြတ်နိုးပါတယ်ဆိုတဲ့ ကိုညိုအောင်က ကလိမ်စေ့ ဉာဏ်ဆင်ပြီး သင်းအပေါ် ဖုံးကွယ်ထားတဲ့ကိစ္စ ပေါ်လာရတာပါ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး ကိုညိုအောင်"

"ဒီလို မပြောပါနဲ့ သင်းရယ်၊ စိတ်မကောင်းအောင်"

"သင်းကို ပတ်ချွဲနှပ်ချွဲ စကားတွေ မပြောနဲ့ သင်း မကြားချင်ဘူး၊ သင်း ရူးလို့မိုက်လို့ အ,လို့ ဒီလိုစကားတွေကို သင်း မိခဲ့တာပါ၊ မိရွှေသင်း အလိမ်မိခဲ့တာပါရှင်"

သင်းသင်းအေးက သူ့ရင်ဘတ်ကို လက်သီးနှင့် ထုကာပြောရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာလေသည်။ ညိုအောင်က မျက်နှာညှိုလျက် သင်းသင်းအေး ကိုတစ်လှည့်၊ မခင်သက်ကိုတစ်လှည့် ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။ သူတို့အနီးတွင် ရပ်နေသော မခင်သက်က မျက်ရည်များ မျက်လုံးအိမ်တွင် ရစ်ဝဲလျက် ...

"နေပါဦး သင်းရယ်၊ ဒေါ်လေး အားလုံးလိပ်ပတ်လည်အောင်

www.burmeseclassic.com

ရှင်းပါရစေဦး၊ တစ်ဖွတ်ထိုး ကိုယ်ပြောချင်တာတွေ လျှောက်ပြောမနေပါနဲ့၊ ခုရှုပ်မှ နောင်ရှင်းတဲ့”

“အို ခုလည်းရှုပ် နောင်လည်းရှုပ်မှာပဲ၊ နောက်ဘယ်တော့မှ ရှင်းမှာ မဟုတ်ပါဘူး၊ မရှင်းတဲ့ အတူတူတော့ လေကုန်ခံ ရှင်းမနေနဲ့”

သင်းသင်းအေးက ဝင်ပြောဆဲ မခင်သက်က သင်းသင်းအေး၏ အနီးတွင် ထိုင်ကာ သင်းသင်းအေး၏ ပခုံးကို လှမ်းကိုင်ကာ …

“ဒေါ်လေး ရှင်းပါရစေ သင်းရယ်၊ ဒီလို မောင်ညိုအောင်၊ မမတို့ မောင်ညိုအောင်နဲ့ ကွဲပြီးတဲ့နောက်မှာ နော်ဖော့လူနဲ့အတူတူ ပြေးကြလွှားကြရင်း မမရဲ့လွယ်အိတ် လွယ်ထားတဲ့ နော်ဖော့လူ ရုပ်ပျက်ဆင်းပျက်သေတာကို မမ အမှတ်နဲ့ပဲ သတင်းပို့ကြတယ်၊ ဒီတော့ မမလည်း အမှုမဲ့ မြို့ကိုလာခိုတယ်၊ သထုံဆိုတာကလည်း မမတို့ ဆွေမျိုးချည်းလိုပဲ၊ ပြီးတော့ အဲဒီတုန်းက ဗရုတ်ဗရက် ကာလကြီးမဟုတ်လား၊ မမက သင်းတို့အိမ်မှာနေတယ်၊ ဟောဒီ သင်းဟာ မမနဲ့ အသက် (၉)နှစ်လောက်ကွာပေမယ့် မမလက်ပေါ်မှာ ကြီးတဲ့ ကလေးပါ၊ သင်း ငယ်ငယ်က သိပ်ချူချာတယ်၊ မမ နာ့(စ်)မလုပ်ခင်ထဲက သင်းရဲ့ကိုယ်ပိုင် နာ့(စ်)တစ်ယောက် ဖြစ်ခဲ့ရတယ်”

“ခု ဒေါ်လေးကို သင်း ဘာအပြစ်တင်လို့လဲ၊ ဒေါ်လေးကျေးဇူးတွေ သင်း သိပါတယ်လို့ ပြောနေတာ”

“နေပါဦးလေ၊ ဒေါ်လေး ဆုံးအောင်ပြောပါရစေဦး၊ သင်းမေမေ ဆုံးတော့ မမပဲ သူတို့အိမ်ထောင်ကို ဦးစီးခဲ့ရတယ်၊ ခုဆိုရင် စီးပွားရေး အခြေအနေက မကောင်းတော့ သင်း တက္ကသိုလ်စရိတ်ကို ကာမိအောင် မနည်းကြိုးစားကြရတယ်၊ မောင်လှဒင်ကလည်း ထောက်တော့ ထောက်ပါရဲ့ သူ့လခလေးက နည်းနည်းလေး၊ ပိုက်ဆံဆိုတာ ထိုင်စားရင် ခဏလေး ကုန်သွားမှာ၊ ဒီတော့ မမလည်း ရန်ကုန်မှာ Blue Staff (ထဘီပြာသူနာပြု) သင်တန်း ဆက်တက်မယ်ဆိုပြီး လာရင်းနဲ့ ပရိုက်ဗိတ် အပြင်လိုက်ရင် ငွေလည်းစည်မှာပဲ ဆိုပြီး၊ သူ့အတွက် လုံးပမ်းနေရတာ ဒါတွေ သူမသိဘူး၊ သိပ်မိုက်တဲ့ မိန်းကလေး”



သည်တော့ မခင်သက်မှာ စကားပြောရင်း အသံတွေ တုန်အက်လာလေသည်။ မျက်ရည်များလည်း ပြည့်လျှံလာကာ …

“မှန်တဲ့အတိုင်းပြောရရင် မမနဲ့ မောင်ညိုအောင်တို့ဟာ ဘဝခြားခဲ့ကြပြီပဲ၊ မောင်ညိုအောင်ကို ပြန်တွေ့ဖို့ ဘယ်တော့မှ မမျှော်လင့်ခဲ့ဘူး၊ ဟိုတုန်းက မောင်ညိုအောင်ဟာ အသက်အများကြီး ငယ်တယ်၊ နိုင်ငံရေးအသိအမြင် ဘယ်လိုပဲရှိရှိ၊ အသက်ငယ်တော့ မိုက်တာဟာ မိုက်တာပဲ၊ ကြီးသူတွေတောင် မိုက်ကြသေးတာ ငယ်သူဆိုတော့ မမ ခွင့်လွှတ်ခဲ့ပါတယ်”

“ဒေါ်လေး ချစ်လို့ ခွင့်လွှတ်တာ မဟုတ်လား၊ ဝန်ခံစမ်းပါ ဒေါ်လေးရဲ့၊ ကိုညိုအောင်ကို ဒေါ်လေး ချစ်တယ်မဟုတ်လား၊ ဒေါ်လေးကိုလည်း ဟောဒီက သိပ်ချစ်တယ် မဟုတ်လား”

“ဒေါ်လေးကို ဒီလိုမပြောနဲ့ သင်း၊ ဒေါ်လေး မကြိုက်ဘူး”

မခင်သက်သည် မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာပြီး မျက်နှာထိ မျက်နှာထားနှင့် သင်းသင်းအေးအား မာန်လိုက်လေရာ သင်းသင်းအေးသည် မခင်သက်သို့ လက်အုပ်ချီကာ …

“ဒေါ်လေးကို စော်ကားသလိုဖြစ်ရင် ခွင့်လွှတ်ပါ၊ သင်း ပြောချင်တာ ပြောပါရစေ။ ရှိခိုးပါရဲ့ ဒေါ်လေးရယ်၊ ဒေါ်လေးကို သင်း ရှိခိုးပါတယ်။ နောက်မှ ဒေါ်လေး သင်းကို ရိုက်ချင်ရိုက်ပေါ့၊ သတ်ချင်လည်းသတ်ပေါ့။ သင်းမှာ အမေမရှိတော့ ဒေါ်လေးက သင်း အမေပဲ။ ဒေါ်လေး မကျေနပ်ရင် လုပ်ချင်ရာ လုပ်နိုင်ပါတယ်။ ကိုညိုအောင်ကို ဒေါ်လေးချစ်တာ သင်း သိပါတယ် ဒေါ်လေးရယ်။ ဒေါ်လေး သင်းကို မညာပါနဲ့”

ညိုအောင်သည် တစ်သက်နှင့်တစ်ကိုယ် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လျက်နေသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ လက်အုပ်ချီလျက် ရှိနေသော သင်းသင်းအေးအား စိုက်ကြည့်ပြီး …

“သင်းရေ၊ သင်း…သင်း”

“သင်းကို မခေါ်ပါနဲ့ရှင်။ ကိုညိုအောင်နဲ့ သင်း ဘာမှ မပတ်သက်တော့ ဘူးလို့ ပြောထားတယ်မှတ်လား။ ကိုယ့်အပြစ် ကိုယ်မသိဘူးလား။ ဘာဖြစ်လို့

www.burmeseclassic.com

ဒီအကြောင်းတွေကို သင်းကို အစတုန်းထဲက ပြောမပြတာလဲ။ ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ''

''ကိုယ် မပြောနိုင်လို့ပေါ့ သင်း၊ ပြောလည်း မပြောချင်ခဲ့ဘူး သင်းရယ်''

''ဪ၊ ဖြစ်တုန်းက ဖြစ်ခဲ့ပြီး မပြောချင်ဘူးလား။ သိပ်တော်တာပေါ့။ ကိုယ့်အပြစ်ကို ကိုယ်ဖုံးကွယ်ပြီး မိန်းကလေးတစ်ယောက်ကို ကြံစည်တာ သိပ်တော်တာပေါ့။ ခု သင်းဘာသာ သင်းသိရတာ။ သင်းနဲ့ ဒေါ်လေးရဲ့ အတူတူ သထုံက ရန်ကုန်ကိုလာကြရင်း နှစ်ယောက်သား ပစ္စည်းတွေအတူတူ သိမ်းကြတော့ ဒေါ်လေးရဲ့ ဗလာစာအုပ်လေးတစ်အုပ်က သင်းဆီ ပါလာခဲ့တယ် သင်းလည်း ကိုယ့်ဒေါ်လေး စာအုပ်ပေတဲ့ စပ်စပ်စုစု ဖွင့်မကြည့်ခဲ့မိဘူး။ မနေ့ညကမှ သင်း စာကြည့်စားပွဲပေါ်မှာ ရေတွေဖိတ်လို့ မင်တွေပြန့်တော့ သင်းက စိုးရိမ်ပြီး ပြန်ကူးတော့မှ အဲဒီက ရှုပ်ထားတဲ့ ဓာတ်လမ်းကို''

''သင်း၊ သင်းစကား လွန်တယ်။ ဒေါ်လေးပြောတာ နားထောင်ပါဦး၊ သင်းရယ်။ ဒီကိစ္စကို ဒေါ်လေး ကြားချပြောရရင် မောင်ညိုအောင်ရဲ့ အပြစ်လည်း မရှိပါဘူး''

သည်တော့ သင်းသင်းအေးက မခင်သက်၏ မျက်နှာကို တည့်တည့် စိုက်ကြည့်ကာ ခပ်သဲ့သဲ့ရယ်လျက် ...

''ဪ၊ ဒေါ်လေးချစ်သူကို ဒေါ်လေး ကာကွယ်တယ်ပေါ့'' ဟု ပြောပြီး ရယ်ရာမှ မဲ့လာသော မျက်ရည်များလည်း ကျနေလျက်မှ ...

''ကာကွယ်ပါ ဒေါ်လေးရယ်၊ ဒေါ်လေးစိတ်နဲ့ ဒေါ်လေး ကာကွယ်နိုင်ပါတယ်။ ဒါပေမဲ့ သင်းကတော့ သူ့ကို နှမ်းစေ့လောက်တောင် အထင်မရှိပါဘူးရှင်။ ဒေါ်လေးနဲ့ သူ့အကြောင်း အစကထဲက ဖွင့်ပြောခဲ့ရင် သင်း သူ့ကို လက်မခံပါဘူး။ သူက ဒေါ်လေး သေပြီထင်တယ်၊ ခု ဒေါ်လေးမသေဘူး ဆိုတော့ သူ ဘာတတ်နိုင်လဲ၊ သင်းကို ဒေါ်လေး နားမချနဲ့၊ သူ့ကို သင်၊ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး၊ ပြီးတော့ ကိစ္စက အရှင်းကြီးပဲ၊ သူနဲ့ ဒေါ်လေး ယူလိုက်ကြရုံပေါ့''

''သင်း ဒေါ်လေးကို ခွေးစကား မပြောနဲ့၊ သင်းဟာ လိမ္မာမလို့နဲ့





မိုက်တယ် မောင်ညိုအောင်၊ သင်း ဒီမနက် မမဆီကို အမြန်ဆုံးလာခဲ့ပါ ဖုန်းဆက်ခေါ်တယ်၊ မမကလည်း (၂၄)နာရီမှာ အိပ်ချိန်ကလွဲလို့ အားတာ မဟုတ်ဘူး၊ ဒီညတောင် နိုက်ဂျူတီရှိတာ သူ ပူဆာတာနဲ့ လာခဲ့ရတာ၊ ဒီရောက်တော့ ဒီကိုခေါ်ပြီး မမကို အမျိုးစုံရန်တွေ့ပြီး ဖက်ငိုတယ်၊ စာအုပ်နဲ့ ဓာတ်ပုံကိုပြပြီး မမကိုလည်း ပြောလိုက်တာ ရစရာမရှိဘူးကွယ်၊ သိပ်မိုက်တဲ့ ကလေး၊ ခု ဒီကိစ္စကို ခပ်တိုတိုနဲ့ မြန်မြန်ရှင်းရအောင်၊ မောင်ညိုအောင်နဲ့ ဒေါ်လေး ဘာမှမပတ်သက်တော့ဘူး၊ မောင်ညိုအောင့် ဘဝမှာ ဒေါ်လေးဆိုတာ ရှိကိုမရှိတော့ဘူး၊ အမျိုးမျိုးနှစ်သိမ့်တယ်၊ ဘယ်လိုပြောလို့မရဘူး၊ သိပ်ခေါင်းမာပြီး သိပ်ဆိုးတာပဲကွယ် လောကကြီးမှာ ခေါင်းမာပြီဆိုတဲ့ လူတွေဟာ ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ရတာတတ်တယ် သင်း''

မခင်သက်က အသံကို အေးဆေးတည်ငြိမ်အောင် ထိန်းရင်းပြောလိုက်လေသည်။ မခင်သက်၏ အမူအရာနှင့် အပြောအဆိုတို့သည် ရင့်ကျက်တည်ငြိမ်လှပေသည်။ ရုပ်ရည်ကတော့ သင်းသင်းအေးနီးပါး နုပျိုဆဲပင်တည်း။ ငယ်စဉ်ကထက် ပိန်နေသဖြင့် ကိုယ်ဟန်မှာ ခပ်တုတ်တုတ် မဟုတ်။ သွယ်နွဲ့နေသည်။

မခင်သက်နှင့် မျက်နှာချင်းဆိုင် မြက်ခင်းပေါ်တွင် သင်းသင်းအေးက ထိုင်နေသည်။ ပန်းနုရောင် ချည်ချောအင်္ကျီလက်ပြတ်၊ အနီရင့်ရင့်တွင် ရွှေရောင် အရုပ်နားနှင့် ချည်လုံချည် ခပ်ဟောင်းဟောင်းကို ဝတ်ထားလေသည်။ ခေါင်းကို ဘာမှပြုပြင်ခြင်းမရှိ၊ အလွန်သေသပ်သော သင်းသင်းအေး၏ ခေါင်းမှာ မသပ်မရပ် ဖြစ်နေသည်။ ကပိုကရို ဆံပင်ကို လျှော့ရဲရဲနှင့် တစ်ပတ်လျှိုထုံးထားသည် ဆိုရရုံသာ။

ညိုအောင်က သူတို့နှစ်ယောက်နှင့် သုံးပွင့်ဆိုင်ထိုင်ကာ ဒူးနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ပိုက်လျက် ...

''ဒီကိစ္စကို စဉ်းစဉ်းစားစားနဲ့ ဖြေရှင်းကြတာပေါ့ သင်းရယ်၊ မမစိမ်း ပြောတာကိုလည်း သင်း စဉ်းစားစေချင်တယ်''

သင်းသင်းအေးက ညိုအောင့်အား ဇတ်ခနဲ လှမ်းကြည့်ကာ မျက်နှာထားကို တင်းထားလျက် ...



www.burmeseclassic.com

"ဘာမှ ဝင်မပြောပါနဲ့ရှင်၊ အဲဒီကနဲ့ သင်းနဲ့ ဘယ်လိုမှ မသက်ဆိုင်တော့ပါဘူး၊ ခု သင်း သဘောနဲ့ သင်းဆုံးဖြတ်ပြီးပြီပဲ၊ ခု အဲဒီကကို သင်း စိတ်ပျက်ပါပြီ"

"သင်းက စိမ်းစိမ်းကားကား စကားတွေ သိပ်ပြောတာပဲကွယ်၊ သင်း ဘာဖြစ်လို့ ကိုယ့်ကို ရက်စက်ချင်ရတာလဲ ဟင် ပြောပါဦး"

သည်အခါတွင် သင်းသင်းအေးသည် ထိုင်ရာမှ ဖြုန်းဆိုထကာ ညိုအောင်အား မျက်ရည်များပြည့်လျှံသော မျက်လုံးများနှင့် ဖျတ်ခနဲ လှမ်းငဲ့ကြည့်ပြီးနောက် …

"ရက်စက်တယ် ရက်စက်တယ်၊ ရက်စက်မှ ကြေကွဲတယ်၊ အချစ်ကြီးတော့ အမျက်ကြီးတယ်၊ ခု ကိုညိုအောင် နားမလည်သေးဘူးဆိုရင် ထပ်ပြောရဦးမယ်၊ ခု ကိုညိုအောင်ကို သိပ်မုန်းတယ်၊ မုန်းလိုက်ပါပြီရှင်၊ သင်းဆီကို ဘာအကြောင်းနဲ့ဖြစ်ဖြစ် ဘယ်တော့မှ မဆက်ဆံပါနဲ့တော့၊ သင်းသွားမယ်"

သင်းသင်းအေးက လျှင်မြန်စွာ ထွက်ခွာသွားရာ …

"သင်း…သင်း"

ညိုအောင်က ဖြုန်းဆိုထ၍ နောက်မှလိုက်ခေါ်လည်း သင်းသင်းအေးက လှည့်မကြည့်။ ညိုအောင်က နောက်မှ ဒလကြမ်း ပြေးလိုက်ကာ မီလုလုတွင် သင်းသင်းအေး၏ လက်ကလေးကို ဖျတ်ခနဲ လှမ်းဆွဲပြီး …

"နေပါဦး သင်းရယ်"

"အို၊ မနေဘူး၊ သင်းကို လွှတ် ခုလွှတ်"

"မလွှတ်ဘူး မလွှတ်ဘူး၊ သင်း ဒီလိုသစ်စိမ်းချိုး ချိုးတာကို ကိုယ်မကြိုက်ဘူး၊ သင်း ဖြတ်ချင်ရင် အေးအေးဆေးဆေး ဖြတ်ပေါ့ သင်း"

"သင်းကို လွှတ်ဆိုရင် လွှတ်နော်"

ညိုအောင်က မလွှတ်သည့်အပြင် သင်းသင်းအေး၏ ပခုံးနှစ်ဖက်ကို ဆွဲကိုင်လိုက်ရာ သင်းသင်းအေးသည် ညာလက်ဝါးကိုမြှောက်၍ ညိုအောင့်ပါးကို ဖြန်းခနဲ ချလိုက်လေသည်။ အဖြစ်အပျက် အခြေအနေတို့သည် လျှပ်တစ်ပြက်





သကဲ့သို့ မြန်ဆန်လွန်းလှပေသည်။ ညိုအောင်က အမှုမဲ့ဖြစ်ပြီး ခေါင်းယိုင်သွားဆဲ သင်းသင်းအေးသည် ညိုအောင်၏လက်မှ အပြေးအလွှား ထွက်သွားလေသည်။ ရိုက်သံတစ်ချက် ပျံ့လွင့်ကျန်ခဲ့ပြီးနောက် ညိုအောင့်ပါးတွင် စပ်ဖျင်းသော ဝေဒနာနှင့် ပါးကို အသာစမ်းကိုင်လိုက်မိသည်။

နောက်မှ အပြေးလေးလိုက်လာသော မခင်သက်က "အို၊ သင်း"ဟု အလွန်နောက်ကျမှ ဆိုနိုင်တော့သည်။ ညိုအောင်သည် သစ်ပင်အောက်တွင် ငိုင်လျက် ရပ်နေပြီးမှ မျက်ရည်ဝဲလျက် မခင်သက်အား လှမ်းကြည့်ပြီး မခင်သက်၏ ပခုံးနှစ်ဖက်ကို အားပြုကိုင်၍ မခင်သက်၏ ခေါင်းပေါ်တွင် သူ့ပါးကို တင်လိုက်ကာ …

"မောင့်ကို ခွင့်လွှတ်ပါ မမစိမ်း၊ မောင် မမစိမ်းကိုချစ်သလို သင်းကိုလည်း ချစ်နေမိပြီ" ဟု လှိုက်လှိုက်လှဲလှဲ သက်ပြင်းရှိုက်လျက် ညည်းနေမိလေသည်။

မခင်သက်သည် ညိုအောင်၏ ရင်ဘတ်တွင် သူ့ခေါင်းကို မှီကာ ရှိုက်ငိုလျက် …

"ခွင့်လွှတ်ပါတယ် မောင်ရယ်၊ မောင့်ကို မမစိမ်း အမြဲခွင့်လွှတ်နေပါတယ်၊ သင်းနဲ့ မောင့်ကို မမစိမ်း အနူးအညွတ် သဘောတူပါတယ်၊ သင်းဟာ သနားစရာလည်း အလွန်ကောင်းတဲ့ မိန်းကလေးပါ။ သင်းဟာ လက်ရှိလူလည်း ဖြစ်တယ်၊ လက်ရှိလူကိုတော့ အချစ်ပိုသင့်တယ် မောင်၊ ဒါမှလည်း နည်းလမ်းကျမယ်"

"ဒီလို မပြောပါနဲ့ မမစိမ်းရယ်၊ ကျွန်တော် မမစိမ်းကို သင်းလိုပဲ ချစ်ပါတယ်၊ ခု ကျွန်တော် စိတ်ညစ်တယ်၊ ခု လောလောဆယ်မှာ ဆုံးရှုံးခဲ့ပြီလေ၊ ဒီလို အမှောင်ဖုံးတဲ့ အချိန်ဘဝမှာ သင်းက ကျွန်တော်ကိုပစ်သွားပြီ၊ မမစိမ်းကလည်း ပစ်ဦးမှာပဲ၊ မမရယ် ကျွန်တော် ဘာဖြစ်မယ်ဆိုတာ ကျွန်တော့်တာသာ ကျွန်တော် သိတာပေါ့။ သိလို့လည်း ကျွန်တော် စိတ်ထိခိုက်ရတယ်၊ ကြေကွဲရပါတယ် မမစိမ်း"

ညိုအောင်က ပြောရင်း အသံတုန်နေသည်။ အံကြိတ်ထားသဖြင့်



www.burmeseclassic.com

နားထင်အကြောများ ထောင်နေသည်။ မျက်ရည် မလွယ်တတ်သူမို့ မျက်ရည်တော့ မကျပေ။ ရင်ထဲနာနေသဖြင့် ဝဲချင်သော မျက်ရည်နှင့် မျက်လုံးအိမ်မှာ မျက်ထောင့်များ နီနေသည်။ မခင်သက်သည် ညိုအောင့်အား ကရုဏာစိတ်နှင့် လှမ်းကြည့်ကာ ...

"ဪ၊ မောင်...မောင်၊ လေသံတွေဟာ အရင်တုန်းကအတိုင်းပဲ နည်းနည်းမှ မပြောင်းဘူး၊ မောင်ပြောတာ မှန်ပါတယ်၊ မောင်ဟာ လူငယ်ပေမဲ့ ပညာရှိပါတယ်၊ မောင် တွေးတာဟာ မမှားပါဘူး၊ မမစိမ်းကတော့ မောင့်ကို ချစ်တာထက် အသနားပိုမိတယ်၊ သင်းကိုလေ မမစိမ်း မရရအောင် ဖျောင်းဖျ ပါဦးမယ်၊ ကိုင်း ဒီကလမ်းခွဲကြဦးမှတော်မယ် မောင်၊ ရှေ့ကို မောင့်ဘဝ ဖြောင့်ဖြူးပါစေလို့ မမစိမ်း ဆုတောင်းပါတယ်"

မခင်သက်သည် ညိုအောင်၏လက်ထဲမှ ရုန်းထွက်လေသည်။ ဤတွင် ညိုအောင့် မမစိမ်း (ဝါ) မခင်သက်မှာ ညိုအောင့်ကို လမ်းခွဲခဲ့ပြန်လေ သည်။ ညိုအောင်သည် အထီးကျန်တော့သလို တစ်ယောက်တည်း မလှုပ်မယှက် ကျန်ရစ်လေသည်။

သည်တစ်ကြိမ်သည် ညိုအောင့်အဖို့ အချစ်အတွက် ဒုတိယအကြိမ် ရင်ကွဲခဲ့ရခြင်း ဖြစ်လေသည်။ အသည်းကွဲသည်ဟု ဆိုချင်လည်းဆိုပါတော့။ သူ့ဘဝတွင် အသည်းကွဲရသည်ကတော့ အချစ်တစ်ခုတည်းအတွက်လည်း မဟုတ်။ မြင့်ဦး ကျဆုံးရခြင်းက တစ်ကြိမ်၊ ဖမ်းဆီးအစစ်ဆေးခံရစဉ်က တစ်ကြိမ်၊ ယခု ရာသက်ပန် ကျောင်းထုတ်ခံရစဉ်က တစ်ကြိမ်တို့တွင် ဖြစ်ပေသည်။

သို့ပေမဲ့ သူသည် ထုံပေသောစိတ်နှင့် အကျင့်ပါနေသည်မို့ ရင်ထဲ နာသော်လည်း မငို။ သူ့ရုပ်အင်္ကျီအိတ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်ကာ စောစော က သောက်ရန် မေ့နေခဲ့သောကြောင့် မီးညှိဖွာရှိုက်ကာ သောက်လိုက်လေသည်။

* * *



(၃၄)

အနှစ် နှစ်ဆယ်။

ရှေးကျသော ရုပ်ရှင်ကားများပမာ 'အနှစ်နှစ်ဆယ် ကြာသောအခါ' စာတမ်းရေးထိုးနည်းမျိုးနှင့် ရေးထိုးရမည်လားဟု ညိုအောင်က ရွှေဘိုဆောင် အရောက်တွင် တွေးနေမိလေသည်။

ကြည့်စမ်း။ ဘာလိုလိုနှင့် အနှစ်နှစ်ဆယ် ကြာခဲ့ပေပြီ။ ၁၉၅၀ ခုနှစ်ကပဲ စတွက်ကြည့်။ ယခု ၁၉၇၀ ဆိုတော့ (၂၀)နှစ်ကာလပင်။ နည်းတဲ့ နှစ်တွေမှ မဟုတ်ဘဲ။ မကြာပါဘူးဆိုလျှင်လည်း မနေ့တစ်နေ့က ဖြစ်ခဲ့သလို ထင်နိုင်ပြီး ကြာပြီဆိုလျှင်လည်း ကြာပြီပေါ့။

ယခင်က သင်းသင်းအေးအရွယ် မိန်းမငယ်များ (ဝါ) ကျောင်းသူလေးများ၊ ဆံပင်ကို ဖားလျားလျားနှင့် လွယ်အိတ်ကိုယ်စီ လွယ်၍ ယုဒသန်ဘုရားရှိခိုးကျောင်း ရှေ့မှ ဖြတ်သန်းသွားသည်ကို တွေ့ခဲ့ရသောအချိန်၌ ယခု မိမိအဖို့ သမီးအရွယ် ဖြစ်နေသည်နေသည်ကို ဖျတ်ခနဲသတိရပြီး အချိန်၏ ဝါးမျိုခြင်းကို တအံ့တသြ ထိပ်လန့်သံဝေဂ ဖြစ်မိလေသည်။

သံဝေဂ ဖြစ်ရုံမက မိမိအဖို့ ပြန်လည်၍ တွေးချင်စရာ မကောင်းသော အတိတ်ဖြစ်ရပ်များနှင့် ပြည့်နှက်နေခဲ့ပေသည်။

သင်းသင်းအေး၊ မမြစိမ်းတို့နှင့် ကွဲကွာပြီးနောက် မကွေးသို့ပြန်ခဲ့သော အချိန်တွင်တော့ အားမာန်တင်းကာ ဆောင်ထားရသော စိတ်နှလုံးတို့သည် ဘုံးဘုံးကျ ညှိုးနွမ်းကာနေသည်။ သည်ကြားထဲ အမေလုပ်သူက ရင်ဘတ်စည်တီး



www.burmeseclassic.com

ငိုယိုကာ နမတွေကလည်း 'အစ်ကို' လူဆိုး ကောလိပ်သားရယ်' ဟူ၍ တီးတိုးစကားဆိုပြီး အမေ့နည်းတူ မျက်ရည်ပြိုင်ကြလေသည်။

အလုပ်ဒဏ်၊ အရိုက်အနှက်ဒဏ်၊ ခရီးပန်းသည့်ဒဏ်၊ စိတ်ပင်ပန်းသည့်ဒဏ်တွေနှင့် အိပ်ရာထဲ သုံးရက်လုံးလုံး ဘုံးဘုံးလဲကာ ဆေးရုံသို့တင်ရပြီး (၃)လတိတိ လူမမာလုံးလုံး ဖြစ်ခဲ့လေသည်။ ညိုအောင်က အရှုရောင်ဇန်းများ ဝေဒနာကို ပြင်းပြစွာခံစားရင်း သေခြင်းတရားကို သိပ်မရောက်ချင်ဘဲ သွေးအေးအေးနှင့်ရှိလေသည်။ ထုံးစံအတိုင်း သူ့ထုံပေခြင်းက သေမင်းအပေါ်တွင် အကျင့်ပါလျက်နေလေသည်။

မမာသည့် အတောအတွင်း မမြစိမ်း (ဝါ) မခင်သက်ထံမှ သူ မှတ်ပုံတင်အရာရှိတစ်ဦးနှင့် စေ့စပ်ကြောင်းလမ်းပြီးကြောင်း နှစ်ယောက်တွဲ ဓာတ်ပုံနှင့်တကွ စာတစ်စောင် ပို့လိုက်လေသည်။ မမြစိမ်း၏ ခင်ပွန်းလောင်းက လူရည်ခပ်သန့်သန့်ပင်။ ရန်ကုန်တက္ကသိုလ်တုန်းက မြင်းဖူးသလိုလည်း ရှိလေသည်။ သဘောသကာယ် ပြည့်ဝပုံလည်း ရှိလေသည်။ မစိမ်းတစ်ယောက် 'သူချစ်ကို ရှာလေပြီ'ဟု ညိုအောင်က ရသေ့စိတ်ဖြေတွေးသည်။ ဓာတ်ပုံထဲမှ ပါးချိုင့်ပေါ်အောင်ပြုံးနေသော မမစိမ်း၏ အပြုံးမှာ ခပ်ငေးငေး။ သူ့မျက်လုံးတွေက ညှိုးရိပ်ပြနေသည်ဟု ထင်စားမိလေသေးသည်။

ညိုအောင် နေကောင်းလာတော့ ရန်ကုန်ဆင်းလာကာ သင်းသင်းအေးကို တွေ့ဖို့ နှစ်ခါသုံးခါ ကြိုးစားကြည့်သည်။ မရ။ လုံးဝ အတွေ့မခံတော့။ သူ မမာ၍ သုံးလမျှကြာခဲ့သည်ကို မသိသဖြင့် စိတ်ခုလေသလား။ သူ့ခေါ်လေ၊ ယောကျ်ားတစ်ယောက်နှင့် စေ့စပ်မှ သူ့ကိုပြန်ဆက်သည်ဟု အထင်လွဲရှေ သလား မသိ။ ညိုအောင်ပေးပို့သမျှ စာတွေလည်း ဖတ်ဖြစ်ဟန်မတူ။ ညိုအောင် လက်ရေးမြင်တာနှင့် ယတိပြတ် ဆွဲစုတ်ပစ်သည် ထင်သည်။

သည့်နောက်တော့ ညိုအောင်သည် သင်းသင်းအေး စိတ်ပြေရန် အနှောင့်အယှက် မပေးဘဲ စိတ်လက်ရှည်ရှည် စောင့်စားလျက် မကွေးနှင့် ရန်ကုန်ကို အိမ်ဦးနှင့် ကြမ်းပြင်လို ကူးကာ အလုပ်လည်းရှာဖွေရင်း အချိန်ကုန် ခဲ့လေသည်။ ၁၉၅၅-၅၆ ခုနှစ်တွင် ရာသက်ပန် ကျောင်းထုတ်ခံရသော





ကျောင်းသားများ ကျောင်းပြန်ဝင်ခွင့် ရရှိခဲ့သောအချိန်၌ ကျောင်းဆက်မနေ ဖြစ်ဘဲ မန္တလေးပရိုက်ဗိတ် အလွှတ်ပညာသင်ကျောင်းတွင် သင်္ချာနှင့်အင်္ဂလိပ်စာ သင်သော အထက်တန်းပြဆရာ ဝင်ရောက်လုပ်ကိုင်နေပေပြီ။

တစ်ချိန်တည်းမှာပင် မောင်လူလှ နာမည်နှင့် ကလောင်သွေးနေသည်။ ထို့နောက် သူ့လို ကျောင်းပြန်မနေသော အောင်မောင်းကြီးနှင့် တွဲကာ ၁၉၅၅ ခုနှစ် နိုဝင်ဘာလထဲတွင် လက်ဝဲအင်အားစုတွေ စုပေါင်းပြီး ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေး တပ်ပေါင်းစုအဖြစ်နှင့်ရှိသော ပ·မ·ည·တ တပ်ဦးကြီးတွင် ပါဝင်ကြပြန်သည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီ (၁)နေ့တွင် လူငယ်တစ်ဦးတပ်ဦး ဖွဲ့စည်း တည်ထောင်ခဲ့ရာ လှုပ်ရှားမှု လုပ်ငန်းများတွင် ညိုအောင်နှင့် အောင်မောင်းကြီး တို့မှာ တက်ကြွစွာ ဆောင်ရွက်ကြပြန်သည်။ အောင်မောင်းက ခေါင်းဆောင်ပိုင်း နေရာယူလျက်၊ ညိုအောင်က ထုံးစံအတိုင်း တပ်ဦးတွင် နေရာမယူဘဲ ဦးဆောင် မှုကို ပေးခဲ့လေသည်။ အလုပ်လည်း လုပ်ဖြစ်လေသည်။

သည်လို လုပ်ရင်းကိုင်ရင်း အောင်မောင်းကြီးက အချုပ်တစ်လှည့်၊ ထောင်ထဲတစ်လှည့်၊ ကိုကိုးကျွန်း တစ်လှည့်၊ အိမ်လုပ်ကာနေပြီး၊ ညိုအောင် ကလည်း ထောင်နှင့် ဆေးရုံကို အိမ်လုပ်နေခဲ့ရသည်။

သည်အချိန်၌ သင်းသင်းအေးလည်း အမ်အေဘွဲ့ယူရန် အမေရိကန် ပြည်သို့ ပညာတော်သင် သွားပေပြီ။ သည်တွင် ညိုအောင်က သူ့နှင့် သင်းသင်းအေး ရေစပ်ကုန်ကြပြီဟု ဝမ်းနည်းစွာတွေးပြီး ဘဝခြားကြပြီဟုလည်း ရင်ထဲနာမိလေ သည်။ သည့်နောက် အမေတို့က သားခြေသလုံးအိမ်တိုင် လေလွင့်သည့်ဘဝ ကို စိုးရိမ်တကြီးဖြစ်ပြီး မိမိ နှမဝမ်းကွဲလည်းတော်ကာ အိမ်ချင်းကပ်လျက်လည်း နေသော မရင်ကြည်ဆိုသည့် ရိုးအအ၊ ရှက်ကြမ်းရေကြို ရုပ်ရည်ရှိသော မိန်းကလေးနှင့် လက်ထပ်ပေးစားလေသည်။ မိန်းကလေးသည် ညိုအောင်၏ ဝင့်ကြွေးပါသည့်ပမာ ညိုအောင်၏ အနွံ့အတာဟူသမျှ သည်းညည်းခံလျက် အပြုံးမပျက် စိတ်ရှည်လက်ရှည် ပေါင်းရှာလေသည်။

သည့်နောက်တော့ ညိုအောင်အဖို့ စိတ်ကူးယဉ် စခန်းတွေ ပြီးဆုံးလျက်



www.burmeseclassic.com

အချစ်ဆိုတာ ကိုယ့်အပေါ် အနွံအတာခံတဲ့ လက်ရှိ မယားပေါ်မှာပဲ ရှိတာပဲဟု တွေးလည်းတွေးကာ မရင်ကြည်လေးအပေါ်၌ ကြင်နာမြတ်နိုးမှုတွေ စုပုံလို့ နေပြန်သည်။ သည်အချိန်၌ သမီးတစ်ယောက်နှင့် သားတစ်ယောက် သံယောဇဉ် ကြိုးကလည်း နှောင်ဖွဲ့၍ နေပေပြီ။

သည်ကြားထဲ၌ ကိုယ့်ဉာဏ်ပါရမီ အားကိုးကာ မန္တလေးတက္ကသိုလ် ပြန်တက်ရင်း ဒီဂရီယူဖြစ်သေးသည်။ ထုံးစံအတိုင်း တရော်သောပါးနှင့် တစ်နှစ်ပတ်လုံး စာအုပ်ကိုင်ရသည် မရှိဘဲ တစ်လလောက်နှင့် စာမေးပွဲကျက်ကာ အောင်ခဲ့ခြင်းဖြစ်သောကြောင့် ဘယ်သူမှ ထုတ်ဖော်ဝင့်ကြွားခြင်း မရှိသော်လည်း ကိုယ့်အရည်အချင်း အစွမ်းအစတွေကို တစ်သက်ပတ်လုံး ယုံကြည်အားကိုးလျက် ရှိနေတော့သည်။

"ဒါပေမဲ့ ငါ တစ်ခါက ရည်မှန်းခဲ့တဲ့ တက္ကသိုလ်က ဒေါက်တာ (ပါရဂူ) ဘွဲ့တွေကိုတော့ အခြေအနေက ပေးမှာ မဟုတ်တော့ပါဘူး" ဟုတော့ ဝမ်းနည်းစွာ တွေးမိလေသည်။

* * *



(၃၅)

ညိုအောင်၏ အတွေးများသည် ဆေးပေါ့လိပ်က မီးနှင့်အတူ ငြိမ်းသွား ပြန်သည်။ ရွှေဘိုဆောင် ရှေ့မျက်နှာစာ ကော်ရစ်ဒါတွင် ထိုင်ခုံပေါ်ထိုင်လျက် ဆေးလိပ်ကို မီးညှိရှိုက်ဖွာလိုက်ပြန်သည်။ ထိုအခိုက် သူနှင့် စောစောက တွေ့ခဲ့ရသော ကျောင်းသားတစ်ယောက် အပေါ်မှဆင်းလာကာ …

"ကိုအောင်တွေး ရေချိုးနေလို့ ခဏစောင့်ပါတဲ့ ခင်ဗျ၊ သူ လာပါ လိမ့်မယ်" ဟု ညိုအောင့်ရှေ့ တရိုတသေ ခြေစုံရပ်ကာ ပြောလိုက်သဖြင့် ညိုအောင်က …

"အေးအေး၊ ဒီလိုခေါ်ပေးတာ ကျေးဇူးပါပဲကွာ"

ပြန်ပြောပြီးနောက် ကျောင်းသားလေး ထွက်ခွာသွားတော့ မျက်နှာမှာ ဖျတ်ခနဲညိုပြီး တစ်ချက်တည်း ငိုင်သွားမိပြန်လေသည်။ ရင်ထဲ၌ စစ်ခနဲ နာကျင်ပြီးနောက် …

"အောင်မောင်း အောင်မောင်း" ဟု နှလုံးသားတွင် ရိုက်ခတ် ညည်းနေမိလေသည်။

အောင်မောင်းကြီးကို မျက်စိထဲ၌ မြင်ယောင်မိနေသည်။ အောင်မောင်းသည် တောထဲ၌ ဘဝဇာတ်သိမ်းခဲ့ရှာသည်။ အောင်မောင်းကို သူ့အမေက သူ့သား ဒီလို ပစ်စလက်ခတ်သေဖို့ မွေးခဲ့ရလေသလားဟု တွေးမိလျှင် နှလုံးကြေကွဲ မိလေသည်။

တောတွင်း ကျွန်မြူနှစ်တို့ ဇာတ်တူသား စားကြရာ၌ အောင်မောင်းသည်



www.burmeseclassic.com

အဆစ်ပါခဲ့ရှာလေသည်။ ပဲနွယ်ကုန်း ရွာတစ်ရွာတွင်လား မသိ။ အချိန်က တောင်စွယ်နေကွယ်လုလုအချိန်။ ခရီးဝေးက ပြန်လာသော အောင်မောင်းကို သူ့ရဲဘော်များက သေနတ်နှင့်ချိန်တော့ သူ့ထုံးစံအတိုင်း ကျောင်းနေစဉ်တုန်းက ချစ်ဦးနှင့် အာသာ ပြောနည်းကားမျိုးနှင့် " အံမယ် အံမယ်၊ ဒါဘာလုပ်တာလဲ ငါ အမြောက်နဲ့ ပြန်ဆော်ထည့်မနော်" ဟု နောက်ပြောင်သည် ထင်အမှတ်နှင့် ဟားတိုက် ရယ်မောနေသေးသည်။

နောက်မှ သူ့ကို လက်ပြန်ကြိုး တကယ်တုပ်နှောင်တော့မှ သူ့အဖြစ်ကို သူ ရိပ်စားမိလေသည်။ အောင်မောင်းနှင့် သူ့အဖော်တစ်ယောက်ကို ကြိုးများနှင့် အထပ်ထပ် တုပ်လိုက်သောအခါ ဒူးထောက်လျက်သား ထိုင်ချလိုက်ရရင်း အောင်မောင်း၏ အဖော်က ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်နေရှာလေသည်။ ဘယ်တော့မှ သတ္တိမနည်းခဲ့သော အောင်မောင်းက သူ့ကိုဝိုင်းနေသော သူများ၏ မျက်နှာတွေကို စေ့စေ့စိုက်ကြည့်ကာ ...

"ဩော် ဒီလိုလား၊ မင်းတို့က မင်းတို့ဝိုင်းသတ်ရင်တော့ ငါသေရမှာပေါ့ကွာ" ဟု ဒေါသသံနှင့် ပြောမိသေးသည်။ ရှိုက်စပီးယား၏ ဂျူလီးယက်ဆီဇာ ပြဇာတ်မှ ဆီဇာက သူ့မိတ်ဆွေ ဘရူးတပ်ကို ပြောနည်းကားမျိုး ပြောရင်း လိုက်လှဲဝမ်းနည်းခြင်းလည်း ဖြစ်မိလိမ့်မည်ထင်သည်။

အောင်မောင်း၏အဖော် သက်ထွန်းဆိုသူကတော့ ဒူးများတဆတ်ဆတ် တုန်ကာ မျက်ရည်များကျရင်း "ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲဗျာ၊ မသတ်ပါနဲ့ဗျာ၊ မသတ်ပါနဲ့" ဟု အထပ်ထပ် တောင်းပန်နေသည်။

အောင်မောင်းက သူ့ဘေးမှ အဖော်ကို လှမ်း၍ "ဟေ့၊ မတောင်းပန်နဲ့ သတ်မယ့်အတူတူ ဘာလို့ တောင်းပန်ရမှာလဲ၊ တစ်သက်မှာ နှစ်ခါ မသေပါဘူးကွ၊ မင်း ခု မသေလည်း နောက်သေရမှာပဲ" ဟု အားပေးရင်း အံကိုကြိတ်ထားလေသည်။

ထို့နောက် ဝါးရင်းတုတ်များနှင့် ရိုက်နှက်ခြင်းခံရသောအခါ တအွန့်အွန့် အသံများမြည်လျက် ပါးစပ်ထဲမှ သွေးများ တပွက်ပွက်စီးယိုကာ ထွက်လာသည်။

သက်ထွန်းက "အောင်မယ်လေးဗျ" အခါခါတ,ကာ မချိမဆံ့





အော်ဟစ်နေဆဲ အောင်မောင်းကမူ 'တအင်းအင်း' နှင့် မချိမဆန့် ဝေဒနာကို အံကြိတ်၍ခံနေသည်။ မားမြောင်နှင့် လည်မျိုကို ထိုးစိုက်ခြင်းခံရသောအခါ၌မူ အောင်မောင်း နှုတ်မှ 'အမေ' ဟု တစ်ချက်သာ တ,သွားခြင်း ဖြစ်လေသည်။

သည်အချိန်၌ ကိုယ်ဝန်ကိုးလ ဆယ်လလွယ်ခဲ့ကာ ပုသိမ်မြို့ ဇာတ်ပွဲရုံ ဝမ်းနာပြီး အိမ်အပြန်လမ်းခရီးတွင် မွေးခဲ့ရသော အောင်မောင်းလေး၏ မိခင် ဖြစ်သူသည် မျက်ခမ်းများ လှုပ်ရှာလေသလား။ အိမ်မက်ဆိုးများ မက်နေရှာလေသလား။ ခလုတ်တိုက် လဲလေသလား။ ထမင်းအိုးငှဲ့ရင်း ထမင်းရည်ပူလောင်လေသလား။ ကံကြမ္မာဆိုးကတော့ အောင်မောင်းတို့ မိသားစုအပေါ် ဝင်လျက်ရှိလေသည်။ သို့နှင့်ပင် အောင်မောင်းသည် တိရစ္ဆာန်အရိုင်းတစ်ကောင် လိုပင် အသက်ပျောက်ခဲ့ရရှာသည်။

ချစ်သူနှင့် မပေါင်းရခင် မသေချင်သေးပါဘူး တဖွဖွ ပြောရင်းကပင် ချစ်သူ တင်တင်ဝင်းနှင့် လွဲခဲ့ရလေသည်။ အောင်မောင်း၏ ဘဝကလည်း မိန်းမတစ်ယောက်ကို အတည်တကျ ယူနိုင်စရာ အကြောင်းလည်းမရှိ။ သို့နှင့်ပင် တင်တင်ဝင်းသည် သူ့မိဘများက ဖွတ်အတင်း နားချပေးစားသော အင်ဂျင်နီယာ တစ်ယောက်နှင့် ယူလိုက်ရလေသည်။ အောင်မောင်းကြီး သေပြီဆိုသည်ကို သိရတော့ ကလေးငါးယောက် မိခင်တင်တင်ဝင်းသည် သူ့ယောကျ်ားရှေ့မှာပင် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် လေးငါးရက် ထမင်းစားလို့မရဘဲ ရှိသည်။ တင်တင်ဝင်း၏ လင်ကလည်း ဘဝတစ်ပါးပြောင်းသွားသော ချစ်သူကို နောက်ဆုံး တမ်းတခြင်းဖြင့် တမ်းတသော မယားကို စကားနာတွေပင် မထိုးတော့ရက်ဘဲ ချော့မော့ရလေသည်။

* * *



www.burmeseclassic.com

## (၃၆)

"အစ်ကိုက ဘယ်သူလဲ ခင်ဗျာ"

ညီအောင်က အိမ်မက်ဆိုးမှ တစ်ရေးထ နိုးကာ သူ့အနီးသို့ ခြေသံမကြားရဘဲ ရောက်လာသော မောင်အောင်ထွေးအား လှမ်းမော့ကြည့်လိုက်လေသည်။ အောင်မောင်းမှ တကယ် အောင်မောင်း အသေးစားလေး။ အသားဖြူ တာရော၊ ထောင်ထောင်မောင်းမောင်းနှင့် ထွားကျိုင်းတာရော၊ မျက်ပေါက်ကျဉ်း၍ နှာတံမြင့်တာရော၊ မျက်နှာသွယ်လျက် မေးရိုးကားတာရော အောင်မောင်း၏ ညီအထွေးဆုံးသည် အောင်မောင်းကြီး၏ အရိပ်ထင်လျက်ရှိသောကြောင့် ရုတ်တရက် စကားမပြောနိုင်။ ညီအောင်၏ မျက်လုံးများတွင် မျက်ရည်များ လည်လာလျက် နဂိုကအကြောင်း အမျိုးမျိုးတို့ကြောင့် အထပ်ထပ်ကွဲလျက် ရှိခဲ့သော သူ့အသည်းနှလုံးသည် ယခုတော့ နှစ်ပိုင်းဖြန်းကနဲကွဲသလို ခံစားရပြီးနောက် ...

"အစ်ကိုက မင်းအစ်ကိုကြီး အောင်မောင်းရဲ့ အချစ်ဆုံးသူငယ်ချင်း ညီအောင်ပါ၊ ဒီရွှေဘိုဆောင်မှာ တစ်ခန်းတည်း အတူတူနေ သွားကြဖူးတယ်"

တစ်လုံးစီ အားယူပြောရင်းပင် အသံက တုန်နေသည်။ အံကြိတ်ကာ စိတ်တင်းထားသော်လည်း မျက်ရည်က လည်မြဲ။ မောင်အောင်ထွေးကလည်း ညီအောင်ကို ကြည့်ကာ ဖျတ်ခနဲ မျက်နှာအပျက်ပျက်နှင့် မျက်ရည်များ ရစ်ဝိုင်းလာပြီးနောက် ...

"ကျွန်တော် မှတ်မိပါပြီ၊ အစ်ကိုညီအောင့် ဓာတ်ပုံတွေအောင်



www.burmeseclassic.com

ကျွန်တော်တို့ အယ်လ်ဘာနီမှာ ရှိတယ်၊ အစ်ကိုကြီးက အစ်ကို့အကြောင်းကို ခဏခဏ ပြောပြတယ်။ ပြီးတော့ အစ်ကို့ကိုလည်း သိပ်ချစ်ပုံရတယ်"

ပြောရင်း နှုတ်ခမ်းများတုန်လာလျက် ...

"တိရစ္ဆာန်သေသလို သေရတာပါ အစ်ကိုရာ"ဟုပြောရင်း မျက်ရည်များကျလာလေသည်။

ညိုအောင်က ရုတ်တရက် နှစ်သိမ့်စရာ စကားကို ရှာမရပြီးနောက် တဒင်္ဂပဟာန်မျှ ငေးနေမိရာမှ ...

"ဘယ်တတ်နိုင်မလဲကွာ၊ တို့တတ်နိုင်တဲ့ ကိစ္စမှမဟုတ်ဘဲ"

သည်တော့ မောင်အောင်ထွေးသည် ညိုအောင့် ဘေးတွင်ရပ်လျက် အုတ်နံရံကို မျက်နှာပြုကာ လူငယ်စိတ်နှင့် နံရံကို လက်သီးနှင့် ထုကာ ထုကာသာ ...

"ကျွန်တော်တော့ မကျေနပ်ဘူးအစ်ကို၊ ကျွန်တော် ကလဲ့စားချေမယ်၊ အစ်ကို့ကို သတ်တဲ့လူတွေကို ကလဲ့စားချေမယ်၊ တစ်ယောက်စီ အကုန်ပြန်သတ်ချင်တယ်၊ 'နီဗါဒါစမစ်' လို လက်စားချေမယ်"

ပြောရင်း အုတ်နံရံကို ခေါင်းဆိုက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။ ညိုအောင်က ထိုင်နေရာမှ ရုတ်တရက် ထ,ကာ မောင်အောင်ထွေး၏ ပခုံးကို ညင်သာစွာကိုင်လျက် နှစ်သိမ့်သလို ပခုံးကိုလက်နှင့် အသာပုတ်လိုက်လေသည်။ အနီးမှ လေတချွန်ချွန်နှင့် ဖြတ်လျှောက်လာသော ကျောင်းသားငယ်တစ်စုက ညိုအောင်နှင့် မောင်အောင်ထွေးတို့ကို စူးစမ်းသလို သေချာစွာ လှည့်ကြည့်သွားကြလေသည်။

"လက်စားချေဖို့ မလိုပါဘူး ငါ့ညီရာ၊ မကောင်းမှု ပြုတဲ့လူဟာ သူ့ဘာသာသူ လက်စားချေပြီးသားဖြစ်တယ်၊ သူများကို ရက်ရက်စက်စက် သတ်ရင် ကိုယ်လည်း ရက်ရက်စက်စက် သေရမယ်၊ သူများပစ္စည်းခိုးရင် ကိုယ့်ပစ္စည်းဟာ တစ်နည်းနည်းနဲ့ ပျက်စီးဆုံးရှုံးမယ်၊ သူများကို မတရားလုပ်ရင် ကိုယ်လည်း မတရားအလုပ်ခံရတတ်တယ်၊ နိုင်ငံသမိုင်းစဉ်ကို ငါတို့မင်းတို့ ဆက်လေ့လာရင် ဒီတရားမှန်ကို တွေ့ကြရမှာပဲ၊ မငိုနဲ့ ငါ့ညီ၊ ငိုတာ မင်းရှုံးတယ်၊





အောင်မောင်းဟာ ငိုမသွားဘူး၊ ဒါကြောင့်မို့ သူ အရှုံးပေးမသွားဘူးလို့ ဆိုရမယ်၊ အောင်မောင်းက သတ္တိရှိတယ်၊ သတ္တိရှိတဲ့လူဟာ ဘာကိုမှ အရှုံးမပေးဘူး"

သည်တော့လည်း မောင်အောင်ထွေး အငိုတိတ်လေသည်။ တမင်အငိုတိတ်အောင်လည်း ရည်ရွယ်လေသည်။ အငိုတိတ်သွားသော်လည်း ယခုသမ္မတရုံတွင် ပြနေသော Nevada Smith (နီဗာဒါစမစ်) ရုပ်ရှင်ကားထဲမှ ဇာတ်လိုက်ကောင်လေးလို လက်စားချေမည်ချည်း ပြောနေသည်။ မနေ့ညကပင် ညိုအောင်လည်း ဒီရုပ်ရှင်ကားကို ကြည့်ခဲ့ရသေးသည်။

သည်ကားတွင် မက်ဆန်အမည်ရှိ လူနီစပ် လူငယ်လေးတစ်ဦးသည် သူ့မိဘများအိမ်ကို လူဆိုးသုံးယောက် ရောက်လာ၍ အဖေကို ဓားနှင့်မွန်းအမေကို မုဒိမ်းကျင့်ပြီး မိဘနှစ်ပါးစလုံးကို ရက်ရက်စက်စက် ဓားနှင့် အပိုင်းပိုင်းဖြတ်လှီးသတ်ခဲ့သောကြောင့် ထိုလူဆိုးများကို တစ်ယောက်ပြီး တစ်ယောက်ကိုယ်တိုင် လက်နှင့်လိုက်သတ် လက်စားချေသော ဇာတ်လမ်းဖြစ်သည်။

ရုပ်ရှင်မျက်စိနှင့် အတော်ကြည့်ကောင်းသော အမေရိကန်ကားတစ်ကားဖြစ်သော်လည်း တုံးလုံးပတ်လက် အညှီအဟောက် ခန်းတွေလည်းပါလျက် အကြမ်းအရမ်း သတ်ဖြတ်မှုတွေလည်း ဒလကြမ်းထည့်ကာ နောက်ဆုံးလူငယ်တို့အဖို့ ဘာသင်ခန်းစာမှ မကျန်ရစ်စေဘဲ ခေတ်ဟောင်းခေတ်ဆွေးမှ ဟမ္မူရာဘီ ဘုရင်ကြီး၏ ဥပဒေဖြစ်သော မျက်လုံးတစ်လုံးကို တစ်လုံး၊ သွားတစ်ချောင်းကို တစ်ချောင်း (An Eye For An Eye, A Tooth For A Tooth) တည်းဟူသော ရက်စက်မှုလမ်းမှားကို လိုက်စေရန် သွေးထိုးသော ရုပ်ရှင်ကားအဖြစ်နှင့်သာ မြင်နေမိလေသည်။

"ဒါတွေတော့ အားမကျနဲ့ ငါ့ညီရာ၊ သိပ်နည်းလမ်း မကျပါဘူး၊ မင့်အစ်ကိုကြီး ကိုယ်တိုင်က ဒီလိုလမ်းမှားမျိုးကို သူသာအသက်ရှိရင် လက်ခံနိုင်မယ်မထင်ဘူး၊ မင်းအစ်ကိုကြီးတို့နဲ့ တို့ခေတ်တုန်းက လူငယ်တစ်စုကတော့ ဒီလိုအနှစ်သာရ မရှိတဲ့ လုပ်နည်းလုပ်ရပ်တွေရယ်၊ ဒါတွေကို အသားပေးပြတဲ့ ရုပ်ရှင်တွေရယ်ကို တို့ ဝေဖန်ပုတ်ခတ်ခဲ့ကြတာပဲ၊ မင်းအစ်ကိုကြီးကို တကယ်ချစ်တယ်ဆိုရင် ဒီလိုစကားမျိုးတွေကို မပြောနဲ့ငါ့ညီရ၊ မင်း ပညာကိုသာ



www.burmeseclassic.com

ဆက်သင်၊ သူနဲ့ ငါနဲ့ နောက်ဆုံးတွေ့တဲ့ညက မင်းတို့ နောင်ရေးတွေကို သူ ဆွေးနွေးသွားခဲ့တယ်''

အောင်မောင်းနှင့် နောက်ဆုံးတွေ့သော ညက တစ်ညလုံးနီးပါး မအိပ်နိုင်ကြဘဲ စကားပြောမိကြလေသည်။

သည်တုန်းက ညိုအောင် ယခု သူနေထိုင်သော ရန်ကင်းမှအခန်းတွင် ဖြစ်သည်။ မရင်ကြည်နှင့် ကလေးတွေက မကွေးသို့ ပြန်နေသောအခိုက် ဖြစ်သောကြောင့် ရုတ်တရက် တောထဲမှ ရုပ်ဖျက်ရောက်လာသော အောင်မောင်းသည် သူနှင့်အတူ လင်မယားနှစ်ယောက်အိပ်ရာ နှစ်ယောက်အိပ် ခုတင်ပေါ် အတူအိပ်ကြပြီး တစ်ယောက်ခါးပေါ် တစ်ယောက်လက်တင်ကာ ညားကာစ လင်မယားပမာ စကားလက်ဆုံ ပြောမကုန်ဖြစ်ခဲ့လေသည်။

သူ့စကားတွေတွင် နိုင်ငံရေးလည်းပါ၊ သူ့အိမ်တွင်းရေး အခြေအနေလည်းပါ၊ ညိုအောင်၏ ကျန်းမာရေးကိုပါ သူက ပူပင်လိုက်သေးသည်။ ဆေးရုံကဆင်းကာစ ပိန်၍ချည့်နေသော ညိုအောင့်ကို ငေးကြည့်ကာ မျက်စိမျက်နှာမကောင်းဖြစ်၍…

''ကျန်းမာရေးတော့ ဂရုစိုက် သူငယ်ချင်း၊ တို့တစ်တွေ အသက်(၄၀) မပြည့်ကြသေးခင်ဆိုတော့ လူငယ်တွေပဲ ရှိကြသေးတာပဲ၊ အာသာလည်း ရန်ကုန်ဆေးရုံကြီးမှာ သမားတော်ကြီး ဖြစ်နေပြီဆို၊ မင်း သူနဲ့ပဲကုနေတာ မဟုတ်လား၊ အခြေအနေအရ ငါသူနဲ့ မတွေ့နိုင်ပေမဲ့ သတိရကြောင်းတော့ တိုးတိုးတိတ်တိတ် ပြောလိုက်စမ်းပါ''

ပြောပြီး ကျန်းမာရေးဂရုစိုက်ရန် စကားကိုတော့ ထိုတစ်ညထဲ လေးငါးခါလောက် ပြောသွားခဲ့လေသည်။ စကားပြောရင်း ဆာလာကြသောအခါ နှစ်ယောက်သား ကော်ဖီဖျော်သောက်ကြသည်။ အဆောင်မှာ နေကြစဉ်တုန်းက လိုပင် ညိုအောင့်အား သက်တောင့်သက်သာ လှဲစေ၍ ဆေးလိပ်တစ်လိပ်နှင့် ဓိမ်ယူစေပြီး သူကပင် ရေနွေးအိုးတည်ကာ ဖျော်တိုက်လေသည်။ ထို့နောက် ညိုအောင့်ကို ကလေးငယ်လို ဂရုစိုက်နေလေသည်။

''အာသာကလည်း ငါ့ကို ဆေးလိပ်ဖြတ်ခိုင်းတယ်၊ ငါလည်း သေခါမှ သေရော ဆေးလိပ်ကိုမဖြတ်နိုင်'' ဟု ညိုအောင်က ဆိုသည်နှင့် အောင်မောင်းက





ညိုအောင် သောက်လက်စ ဆေးလိပ်ကိုပင် လွှင့်ပစ်ခဲ့သေးသည်။

ထိုညက သန်းခေါင်ကျော်၍ နှစ်ချက်တီးမှ အိပ်ဖြစ်ကြလေသည်။ နံနက်နေခြည်လင်းပွင့်၍ အိပ်ရာမှထတော့ အောင်မောင်း မရှိတော့ပေ။ ဘယ်အချိန်က ထသွားသည် မသိ။ သံဇကာ ကာထားသော အိမ်ရှေ့မျက်နှာစာမှ တံခါးကို သော့ခလောက်နှင့် သံကြိုးတွဲကာ ပိတ်ပေးသွားခဲ့လေသည်။ ထို့နောက် စာကြည့်စားပွဲပေါ်တွင် မင်အိုးနှင့် ဖိသွားခဲ့သော စာကလေးတစ်စောင်ကို

*အစစအရာရာ ကူညီစောင့်ရှောက်တာ ကျေးဇူးပဲ သူငယ်ချင်း။*

*အောင်မောင်း*

ဟူသော သင်္ကေတနှင့် သူလက်မှတ်ရေးထိုးပြီး ထားခဲ့လေသည်။

သည်ကိစ္စနှင့်ပတ်သက်လို့ ညိုအောင်သည် ခဏမဆိုင်း နှစ်နှစ်နီးပါး ခန့်မျှ အထိန်းသိမ်းခံခဲ့ရသေးသည်။ ညိုအောင်မှာ အကျင့်ပါနေသော ထုံပေ စိတ်နှင့်ပင် နောက်ပိုင်းကို သိပ်မစဉ်းစားဘဲ အေးအေးလူလူ ခေါ်ရာသို့လိုက်ပါ သွားလေသည်။

သည်အကြောင်းတွေကိုတော့ မောင်အောင်ထွေးကို ပြောမပြတော့။ မောင်အောင်ထွေး ပညာကြိုးစားရန်သာ အထပ်ထပ် ဖျောင်းဖျသတိပေးရင်း သားစိတ်နှင့် အိပ်ရာထဲ ဘုံးဘုံးလဲနေသော အောင်မောင်း၏ မိခင်ကြီးကို ဂရုစိုက်ရန်လည်း ပြောရလေသည်။ ထို့နောက် မောင်အောင်ထွေး၏ လက်ထဲသို့ စာအိတ်နှင့် ပိတ်ထည့်ထားသော ငွေတစ်ရာကို ထိုးပေးခဲ့ပြီး ထပြန်ခဲ့လေသည်။

ရွှေဘိုဆောင်မှအထွက် အဓိပတိလမ်းဘက်သို့သွားရန် လမ်းချိုးကလေးကို လျှောက်လာသောအခါ အောင်မောင်း၏ သီချင်းဆိုသံကို နားထဲတွင် တရိပ်ရိပ် ကြားနေမိလေသည်။ လွန်ခဲ့သော အနှစ် နှစ်ဆယ်နီးပါးကာလက အောင်မောင်း ရှင်မြူးစိတ်နှင့် သီဆိုခဲ့သော တေးသီချင်းပေတကား။

*ရွှေလမင်းမှုန်မှုန် ပန်းခြံဝဆီက× ပုရစ်ခြင်္သေ့ကာ လှုံ့ပြပါလို့ ခွန်းသလျှက်*

*သံတကြော်ကြော်၊ ချိုးမှုတ်လို့ ခေါ်တယ်လေတော့ ××။*

* * *



www.burmeseclassic.com

## (၃၇)

လမ်းလာရင်း ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်တဖျတ်ဖျတ် ပုတ်ခတ်ပစ်လိုက်ရလေသည်။ အောင်အောင်နှင့် တွဲနေကျဖြစ်သော ချစ်ဦးကို သတိရပြန်တော့လည်း မျက်ရည်စတို့ ပျက်ပြယ်ကာ ပြုံးလာနိုင်လေတော့သည်။

ချစ်ဦးတစ်ယောက် အထက်မြန်မာပြည် မြို့နယ်ဒေသတစ်ခုတွင် အရေးပိုင် ဖြစ်နေပေပြီ။ ညိုအောင်နှင့် တင်ကြည် နှစ်ယောက်သား ချစ်ဦး၏ နယ်မြေသို့ အလည်အပတ်သွားရင်း ရောက်ခဲ့ကြသေးသည်။ ညိုအောင်နှင့် တင်ကြည်တို့ကို မြင်ရသည့်ခဏ၌ ချစ်ဦး၏ ရှစ်ခေါက်ချိုး တင်းမာနေသော မျက်နှာမှာ ရုတ်ခြည်းပြေလျော့ကာ ရုံးခန်းတွင် ထိုင်နေရာမှ ဖြုန်းဆို ထ၍ ပျာပျာသလဲလဲ နှုတ်ဆက်လေသည်။

ဝရန်တာတွင် ထွက်ရပ်၍ စကားပြောကြလေသည်။ ချစ်ဦးမှာ မှုလည်းမပြောင်း၊ ဗိုက် အနည်းငယ်ရှူ၍ ဆံပင်ဖြူသည်မှအပ လူရုပ်လည်း မပြောင်း။ ဒါနှင့်ပင် ချစ်ဦးကို စလိုသော ညိုအောင်နှင့် တင်ကြည်တို့က သူ့ရုံးသားတွေရှေ့မှာပင် ချစ်ဦးခေါင်းကို ပုတ်ကာပုတ်ကာ စကားပြောကြလေသည်။ အထဲမှာ ချစ်ဦး၏ ရုံးသားတွေက ညိုအောင်နှင့် တင်ကြည်ကို ထူးဆန်းသော သတ္တဝါတွေလို ငေးမောကြည့်နေကြပေသည်။ ဘယ်သူမှ သူတို့အရေးပိုင်၏ ခေါင်းကိုပုတ်၍ စကားပြောကြသည်ကို မမြင်ခဲ့စဘူး၊ အမြင်ထူးလှသည်။ ပြီးတော့ သူတို့အရေးပိုင်ကလည်း အပြုံးမပျက်သည့်အပြင်



www.burmeseclassic.com

တဟားဟားပင် အော်ရယ်နေသေးသည်။

ချစ်ဦးအိမ်သို့ ညနေ ထမင်းစားချိန် ရောက်ကြသောအခါ ချစ်ဦးက 'မြင့်ရေ'ဟု လှမ်းခေါ်ပြီး ပုတ်လောက်ကြီးရှိသော ဖနီးသည်နှင့် သူ့ရုပ် ပုံတူထုထားပြီး၊ သူ့လိုလည်း မျောက်ပမာ အဆော့သန်ပုံရသော သား(၆)ယောက်ကို တွေ့ဆုံမိတ်ဆက်ပေးလေသည်။ ချစ်ဦး၏ ချစ်ဇနီးမြင့်ကလည်း သူ့ချစ်လင်၏ မိတ်ဆွေများအပေါ် ဖော်ဖော်ရွေရွေ ရှိပေသည်။

ထမင်းဝိုင်းတွင် သိန်းမောင် အတင်းကို ချစ်ဦးက စပြောသေးသည်။

"အလကား ကောင်ပါ၊ အေးလေ နဂိုထဲက အလကားကောင်မှန်း ငါတို့သိခဲ့သားပဲ၊ ဒီလို သူငယ်ချင်းရေ၊ ငါ့ရုံးကိစ္စနဲ့ပါပဲ၊ သူ့တွေ့ဖို့သွားတာ သူ့ကို အစည်းအဝေးတွေနဲ့ ဖမ်းလို့ကို မမိဘူး။ ငါကလည်း အရေးတကြီး နက်ဖြန်လိုပြန်မယ်၊ မင်းကြီးကလည်း သူ့ကို တွေ့သွားစေချင်နဲ့ ညနေဘက် လိုက်ရပြန်တော့ ရေကူးကန်မှာ သူ့သမီးတွေနဲ့ ရောက်နေတာကိုး၊ ဘီယာလေး တမြမြ စိမ်သောက်ပြီး ရေကူးလို့ပေါ့ကွာ၊ ငါတို့ကောင်တွေထဲမှာ ဒါလောက် စည်းစိမ်ကြီးတာ ဒီတစ်ခါထဲ တွေ့ဖူးသေးတယ်၊ ပြည်သူတွေရဲ့ အဆိပ်အပင်းကို နေ့တိုင်း မျိုဆို့ပြီး သူမှာတော့ ဘီယာဆီတွေ ယစ်လို့ ဝလုနေတာပဲ"

"ဒါပေါ့ကွ၊ နိုင်ငံသမိုင်းစဉ်မှာ ဒီလို လူမျိုးတွေတော့ ရှိရမယ်လေ၊ မရှိရင် ငါတို့ ဆဲစရာလူ မရှိတော့ဘဲ ပျင်းနေကြမှာပေါ့" ဟု ညိုအောင်က ရယ်လျက် ပြောလိုက်လေသည်။ ချစ်ဦးက ဆက်၍ …

"သူ့ဆီ ငါလိုက်သွားတော့ မျက်နှာက ရှုတင်းတင်းနဲ့ အိုက်တင် အပြည့်ပဲမောင်၊ ငါ့ကို တစ်ခါမှ မမြင်ဘူးတော့သလို၊ နောက်တော့မှ နှုတ်ခမ်း ထောင့်လေးကွေးပြီး လေးပုံ တစ်ပုံလောက် ပြုံးပြတယ်၊ ဟောလို့"

ပြောပြီး ချစ်ဦးက သူ့မျက်နှာကို ရယ်စရာကောင်းအောင် နှုတ်ခမ်း တွန့်မဲ့ပြကာ သိန်းမောင် ပြုံးသလို ပြုံးပြနေသည်။ တင်ကြည်က ရယ်နေသည်။ ချစ်ဦးက သူ့စကားကို ဆက်ကာ …

"အေပေး ခွေးသူခိုး၊ ငါလည်း သောက်မြင်ကပ်တာနဲ့ ပါးစပ်ကလည်း ခပ်ဆော့ဆော့ဆိုတော့ ဘယ့်နှယ် ကိုသိန်းမောင် ခင်ဗျားလည်း ဘီယာရေစင်ပြီး မျက်နှာပန်းရောင် ဖြစ်နေပါလားလို့ ပြောတော့ မျက်နှာက ခပ်ပျက်ပျက် ဖြစ်သွားတယ်"

"ဒီကောင် Ultraopportunist (အလွန်အကျွံ ရေသာခိုသမား) ပါကွာ" ဟု တင်ကြည်က ဝင်ထောက်လိုက်သည်။

"ပါးစပ်ကလည်း ဖာသယ်ပါးစပ်လို ခုတစ်မျိုး ခုတစ်မျိုးနဲ့၊ အပြောနဲ့ အလုပ် အမြဲတခြားစီပဲ" ဟု ချစ်ဦးက ပက်ပက်စက်စက် ဝေဖန်ဆဲ တင်ကြည်က …

"ဟေ့ ငါတော့ ငါတို့ကောင်တွေကို လူ့ဘဝအမြင်နဲ့ သုံးမျိုးသုံးစား ခွဲထားချင်တယ်၊ ခေတ်အဆက်ဆက် ကြီးပွားချင်ရင် သိန်းမောင်လို ကျင့်ကြ၊ မွဲချင်ရင်တော့ ညိုအောင်တို့၊ ငါတို့၊ အောင်မောင်းတို့လို ကျင့်ကြ၊ အဲ မွဲလည်း မမွဲချင်ဘူး သိန်းမောင်လိုလည်း အချောင်သမားမဖြစ်ဘဲ မရှိုမပဋိပဒါ အလယ်လတ် အချောင်သမား ပေါက်စလေးဖြစ်ချင်ရင်တော့ ဟောဒီမသာ ချစ်ဦးနဲ့ အသာလို ကျင့်ကြ"

"ခွေးမသား"ဟု ချစ်ဦးက တင်ကြည့် ခေါင်းကို လှမ်းပုတ် လိုက်ပြီး…

"ငါလည်း မွဲပါတယ်ကွာ၊ လခ ထောင့်တစ်ရာလေးနဲ့"

"ဟေ ဟေ ဟေ၊ လခလေး ထောင့်တစ်ရာတဲ့၊ ဖြစ်မှ ဖြစ်ရလေ အသုဘရယ်"

တင်ကြည်က သရော်ကာ ရယ်နေသည်။

"ဩော်၊ မင်းတို့ပဲ တွက်ကြည့်လေ၊ အိမ်လခက တစ်ရာ၊ အသက် အာမခံနဲ့ ကားကြွေးနဲ့၊ ကလေးက ခြောက်ယောက် မြင့်လို ပုတ်ကြီးက နှစ်ယောက်"

မြင့်က မီးဖိုဆောင်မှ "အို၊ ကိုကိုကလည်း" ဟု လှမ်းဟန့်လိုက်ကာ ရယ်နေသည်။ ချစ်ဦးက ဆက်၍ …

"ကျားကြီးတော့ ခြေရာကြီး၊ စားစရိတ်တွေက တက်နဲ့၊ အမြီးနှုတ် ခေါင်းနှုတ်နဲ့ တို့မိသားစုဟာ မနက်တိုင်း ပဲပြုတ်နဲ့ ထမင်းကြော်ချည်း စားနေရတာပါ၊





www.burmeseclassic.com

မယုံရင် မြင့်ကို မေးကြည့်၊ တကယ်မွဲပါတယ်၊ ကလေးတွေဆိုတာ အဝတ်အစား ပြည့်စုံအောင်ကို မရှိပါဘူး"

"ဟာဟ၊ သနားစရာပဲ"

သည့်နောက်တော့ ရောက်တတ်ရာရာများ ပြောကြသေးသည်။ ချစ်ဦးက ထုံးစံအတိုင်း ညစ်တီးညစ်ပတ်တွေကို နောက်ပြောင်နေသည်။ တင်ကြည်က သူ့ထက် (၁၀)နှစ်လောက်ကြီးသော၊ သူ့ဆရာမလည်းဖြစ်သော မိန်းမအသက်ကြီးကြီး ယူပြီးနောက် သူ့ထက်များစွာငယ်သော သမီး၊ မြေးအရွယ် အမျိုးသမီးငယ်များကို နေ့စဉ် ပြစ်မှားလျက်ရှိသည်ကို …

"ဒီကောင် ဘက်ထရီအေါင်းတာ၊ ချာဂျင်လိုတယ်" ဆိုသည့် ရွှတ်တီး ရွှတ်ပြက်တွေနှင့် တသောသော ရယ်မောခဲ့ကြလေသည်။

* * *

"ဒေါက်တာ သန်းဌေး"

နဂိုတုန်းကတော့ သန်းဌေးဆီဝင်ဖို့ စိတ်မကူး။ သန်းဌေး အလွန်အလုပ်များလိမ့်မည်ဟုလည်း ထင်သည်ကတစ်ကြောင်း။ သန်းဌေးနေသော ခြံကျယ် ဝန်းကြီး အိမ်ကလည်း ကားမပါသော ညိုအောင့်အဖို့ အဝင်ခက်သလို လှမ်းချောက်လှန့်လေသည်။ ယခုတော့ မောင်အောင်ထွေးအတွက် ထောက်ပံ့ကြေး လျှောက်ရန် မေးမြန်းလိုသည့်အတွက် ဝင်ခဲ့ရပေသည်။

အယ်(လ)ဆီရှင်း ခွေးတွေကလည်း (၇)ကောင်ထက်မနည်း ရှိနေကာ တဝုန်းဝုန်းနှင့် ထိုးဟောင်လိုက်လေသည်။ တချို့ကို ကြိုးနှင့်ချည်ထားပြီး တချို့ကို အိမ်ရှိလူတွေက လည်ပတ်ဆွဲထားရလေသည်။

"ဒေါက်တာသန်းဌေး ရှိသလား"

"ရှိပါတယ်၊ အထဲဝင်ပါ"

အသက် အစိတ်နီးပါးခန့် လူငယ်တစ်ဦးက ပေါ်တီကို (ဆင်ဝင်) အောက်တွင် အသင့်ထိုးဆိုက်ထားသော ကားကို အဝတ်စုတ်နှင့် သုတ်နေရာမှ ပျူငှာစွာ ပြောလိုက်လေသည်။ နောက်မှ ညိုအောင့်မျက်နှာကို သေသေချာချာ စိုက်ကြည့်ပြီး …





"အစ်ကို ကျွန်တော့်ကို မမှတ်မိတော့ဘူး ထင်တယ်၊ အဲလေ၊ ဘယ် မှတ်မိပါ့မလဲ၊ ဟိုတုန်းက ကျွန်တော်က ကလေးပဲဥစ္စာ၊ အစ်ကိုနဲ့ ကျွန်တော်နဲ့ တစ်ညအစီပတီလမ်းမှာ ဆုံကြပြီး မုန့်ဖိုးပေးခဲ့တယ်လေ၊ အဲဒီနောက် အစ်ကို ကျွန်တော်ကို တွေ့တိုင်း မုန့်ဖိုးပေးပေးသွားတယ်၊ ကျွန်တော် တိုးချစ်ပါ"

"သြော်၊ မောင်တိုးချစ်လား"

အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် တိုးချစ်က ခေါင်းကို ညိတ်ပြလိုက်လေသည်။

"မင်းဒီမှာ ဘာလုပ်နေသလဲ"

"ဆရာသန်းဌေးအိမ်မှာ ကားမောင်းနေတယ်"

"သြော်၊ ကျောင်းမနေဖြစ်ဘူးလား"

"နေပါသေးတယ် အစ်ကို ၊ ရှစ်တန်းမှာ နှစ်ခါကျတာနဲ့ ကျောင်းထွက် လိုက်ရတာ၊ ခု ညကျောင်းတက်နေတယ် မက်ထရစ်ဖြေတာ နှစ်ခါရှိပြီ၊ ဘီနဲ့ချည်း အောင်တာနဲ့"

"သြော်၊ အေး အေး၊ ကြိုးစားပေါ့ကွာ ကြိုးစားပေါ့"

ညိုအောင်က အိမ်ထဲဝင်ခဲ့လေသည်။ သားနားသော ဆိုဖာကုလားထိုင် ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။ ဧည့်ခန်းထောင့်စွန်း စာအုပ်ဘီရိုနားတွင် ရပ်ကာ လိုက်(ဖ်)မဂ္ဂဇင်းကို လှန်၍ အရုပ်ကြည့်နေသော သန်းဌေးလို မညိုပေမဲ့ သန်းဌေးရုပ်နှင့် ချွတ်စွပ်တူသည့် (၁၀)နှစ်ရွယ် မိန်းကလေးကို ဝတ်ကောင်းစားလှ ဂါဝန်အင်္ကျီနှင့် သားရေအိတ်လွယ်ကာ တစ်နေရာသွားမည့်ဟန်ပန်နှင့် တွေ့ရ လေသည်။

"ကလေး၊ ဒီမယ် မင်းဖေဖေကို ဧည့်သည်ရောက်နေတယ်လို့ ပြောပေးပါ"

ကလေးမက သူ့မျက်လုံးများကို စာအုပ်နှင့် မခွာ။ နေရာမှလည်း မရွေ့ဘဲ "ဒက်ဒီရေ၊ ဧည့်သည် ရောက်နေတယ်" ဟု လှမ်းအော်လိုက် လေသည်။ ညိုအောင်က ပြုံးလျက် …

"ကလေးက ဒေါက်တာသန်းဌေး သမီးလား"



www.burmeseclassic.com

"ဟုတ်တယ်"

ညွှန့်သည်ကို မကြည့်ဘဲ ဖြေသည်။

"ခု ဘယ်သွားမလို့လဲ"

"ရေကူးသွားမလို့လေ"

"ဘယ်သူ လိုက်ပို့မှာလဲ ကလေးကို"

"ကိုတိုးချစ်ပေါ့"

"ကလေးနာမည်က"

"လှိုင်ဥမ္မာဆွေး"

"ကလေးက အကြီးလား အငယ်လား"

"အလတ်၊ ခု သူတို့ကို စောင့်နေရလို့ပေါ့၊ လှိုင်ဥမ္မာ မသွားရတာ။ ကိုကိုက ဂျူဒိုသင်တန်းသွားမယ်၊ ပေါက်ပေါက်က ကျူရှင်သွားမယ်၊ မာမီက ဂျာမနီစာ သွားသင်မယ်" ဟု ညီအောင့် ဘက်လှည့်ကာ နှုတ်ခမ်းစူလေးနှင့် ပြောလိုက်လေသည်။ ပြောရင်း ဆိုရင်းပင် သားအမိတစ်တွေ ထွက်လာကာ မအေဖြစ်သူက ညီအောင်အား တစေ့တစောင်း ကြည့်ပြီးနောက် …

"လာဟေ့ ဆန်နီ၊ မြန်မြန်သွားမယ်၊ မင်း ဒက်ဒီလည်း သွားစရာ ရှိသေးတယ်" ဟုပြောပြီး ကရောသောပါး ထွက်ခွာသွားကြလေသည်။ သူတို့ ထွက်သွားကြပြီး (၅)မိနစ်ခန့်ကြာမှ စွပ်ကျယ်အင်္ကျီပေါ်တွင် အမွေးပွ မျက်နှာသုတ်ပဝါ လည်ပင်းသိုင်းလျက် ရခိုင်လုံချည် ကျောက်စိမ်းတုံးအကွက်နှင့် သန်းဆွေး ထွက်လာလေသည်။ သန်းဆွေးမှာ အသားတွေ သိသိသာသာဖြူကာ ဝဖြိုးနေသည်။ ပထမတော့ ညီအောင်အား မျက်မှောင်ကျုံ့ ကြည့်ပြီးနောက်မှ ပြုံးယောင်သန်းကာ 'ဩော်' ဟု ဆိုလိုက်လေသည်။

သန်းဆွေးတွင် လိုက်လှဲသော အမူအရာ မတွေ့ဟု ထင်ရသောကြောင့် ညီအောင်က ဆေးပေါ့လိပ် ပါးစပ်ဖျားတွင် တပ်ရင်း သန်းဆွေးအား မပြုံးမရယ် မျက်နှာထားနှင့်ပင် လှမ်းကြည့်လိုက်လေသည်။ သည်တော့လည်း သန်းဆွေးက ရင်းနှီးသော အမူအရာမျိုးနှင့် ညီအောင်၏ ပေါင်ကို ဖျတ်ခနဲပုတ်ကာ …

"ဆိုစမ်းပါဦး၊ ဘယ်ကဘယ်လို မျက်စိလည်လာတာလဲ"





"ကိစ္စရှိလို့ပေါ့ကွ၊ မင်းဆီ အလည်လာတယ် ထင်လို့လား၊ အားအား ယားယား"

ညီအောင်က ဘုမှုတ်လိုက်လေသည်။ သန်းဆွေးက ရယ်လျက် …

"လုပ်စမ်းမယ်၊ ဘာကိစ္စလဲ ဆို"

ညီအောင်က မောင်အောင်ထွေး ထောက်ပံ့ကြေးကိစ္စကို ဘယ်သို့ လျှောက်ရန် မေးမြန်းလေသည်။ သန်းဆွေးက စတိုင်ပင်ပေးရေးကိစ္စ သူ့ ကော်မတီထဲတွင် မပါသဖြင့် မသိရကြောင်း၊ စုံစမ်းမေးမြန်းပေးမည်ဖြစ်ကြောင်းကို ပြောပြလေသည်။

"အေးကွာ၊ အောင်မောင်းကြီး အကြောင်းကြားရတာ စိတ်မကောင်း စရာဘဲ၊ သနားဖို့ ကောင်းတယ်" ဟု သန်းဆွေး ပြောလိုက်လျှင် အပြစ်မြင်နေသည်မို့လား မသိ။ သာမန်ကာ လျှံကာပြောသည်ဟု ညီအောင် ထင်ပြီး …

"ကြေကွဲစရာ အကောင်းဆုံးပါ၊ ဒါလောက် ကြေကွဲစရာကောင်းတာ ဘာမှမရှိဘူး" ဟု ပြောမိအောင် ပြောလိုက်လေသည်။

သန်းဆွေးကမူ အမှုမဲ့ပင် တောင်တောင် မြောက်မြောက် စကားတွေ ဆိုနေသေးသည်။ သန်းဆွေး၏လေသံမှာ ငယ်စဉ်ကလို ခပ်ရူးရူးဝါးဝါး မဟုတ်တော့၊ နူးညံ့ပျော့ပျောင်းနေသည်။ စကားပြောရင်း တစ်စုံတစ်ရာ သတိရသလို…

"မနှစ်ကလား၊ မင်း အမျိုးသမီး ဘယ်သူ"

"မရင်ကြည်"

"အဲ အဲ၊ မရင်ကြည်ဆုံးတာ သတင်းစာထဲတွေ့ရပေမယ့် ငါစာတမ်း တွေအတွက် မအားတာနဲ့ မလာနိုင်ခဲ့ဘူး။ ခွင့်လွှတ်ပါ သူငယ်ချင်းရာ"

"ကိစ္စမရှိပါဘူး"

"ဘာရောဂါနဲ့ ဆုံးတာလဲ"

"သားအိမ်ရောဂါပဲ၊ သားအိမ်ခွဲစိတ်ပြီး ဆုံးတာ"

"ဖြစ်ရလေကွာ၊ ငယ်ငယ်ပဲ ရှိဦးမယ်"

"ငါ့ထက် ခုနှစ်နှစ်ငယ်တယ်။ ခု ငါက လေးဆယ့်နှစ်နှစ်ဆိုတော့



www.burmeseclassic.com

သုံးဆယ့်ငါးနှစ်ပဲ ရှိသေးတာပေါ့။ သူက ငါ့ခဏခဏ မမာတော့ ငါသေမယ်လို့ ထင်ခဲ့တာ၊ ငါညှဲ့တယ်လို့ ဖေဒင်က ဟောတော့ ငါ မယုံမှန်းသိလို့ ငါမသိအောင် တိတ်တိတ် ငါ့အတွက် ယတြာတွေ ဘာတွေ ချေသေးတယ်၊ နောက် သူက ဖျတ်ခနဲ ဆုံးတာပဲ"

"သားသမီး ကျန်ရစ်တယ်နော်"

"သားတစ်ယောက် သမီးတစ်ယောက်"

"ဘယ်ကျောင်းထားလဲ"

"မြို့မကျောင်းပေါ့၊ ငါ ငယ်ငယ်ကနေခဲ့တဲ့ ကျောင်းလေ၊ မှ ဘာဒေသစိတ် အမှတ်ဘယ်လောက် ဆိုလား။ အကြီးကောင်က ရှစ်တန်း၊ အငယ်မလေးက ခုနစ်တန်း၊ စာတော့ ကြိုးစားကြပါတယ်၊ အဲဒါတော့ ငါနဲ့ မတူဘူး"

ညီအောင်က ရတ်တရက် ဟာသဉာဏ်ပွင့်လာပြီး ရယ်မိလေသည်။

သန်းဋ္ဌေးက ပြုံးလျက် …

"ခု ကလေးတွေက တို့လို မဟုတ်ဘူး။ ကြိုးစားတဲ့အပိုင်းက တော်တော့်ကို ကြိုးစားကြပါတယ်"

စကားပြောဆိုပြီးနောက် ညီအောင်က ပြန်မည်ထဆဲ၊ အငွေ့ တထောင်းထောင်းနှင့် ကော်ဖီနှစ်ခွက် ရောက်လာသဖြင့် ထိုင်ရပြန်လေသည်။ စောစောက သန်းဋ္ဌေး မီးဖိုဆောင်ဘက်သို့ လှမ်း၍ လက်နှစ်ချောင်း ထောင်ပြသည်ကို မြင်လိုက်မိသလို ရှိလေသည်။ သန်းဋ္ဌေးက သူ့အပေါ် ဂရုတော့ အစိုက်သားဟု ကျေနပ်နှစ်သိမ့်ရပြီး သန်းဋ္ဌေးကို ယခင်ရှေးကလို ရင်းနှီးခွင့် မရှိသည့်အတွက်မူ စိတ်မကောင်း ဖြစ်လေသည်။

"စာအုပ်ထုတ်တဲ့ လုပ်ငန်းရော အဆင်ပြေရဲ့လား"

"ဒါတော့ အဆင်ပြေပါတယ်"

"ဘာတဲ့၊ ဒေါင်းသူရိန် စာပေတိုက်၊ ဟုတ်လား။ ဒီနာမည်ကို ငါ သဘောကျသား၊ ဒေါင်းရယ် နေသူရိန်ရယ် ပေါင်းစပ်ထားတာပဲ။ တံဆိပ်က ဘာတံဆိပ် လုပ်ထားသလဲ"





"ခွပ်ဒေါင်းပေါ့ကွ"

"ဘယ်ဆိုးလို့တုန်း၊ မင်းကလည်း အတိတ်ကို တမ်းတကာတ်သားပဲ"

"ငါကတော့ လွမ်းတတ်တဲ့လူကိုးကွ"

သည်တော့ သန်းဋ္ဌေးက ပြုံးလျက် …

"မင်းရဲ့ သင်းသင်းအေးလည်း မော်လမြိုင် ဥပစာကောလိပ်ကနေ ကို ပြောင်းလာပြီကွ သိလား"

"ကြားပြီးပါပြီကွာ"

"ကထိကတောင် ဖြစ်သွားပြီ၊ သွားမတွေ့ဘူးလား၊ အပျိုပဲရှိသေးတယ်၊ အိမ်ထောင်မကျသေးဘူး"

သန်းဋ္ဌေးက မနောက်စဘူး၊ နောက်တောက်တောက် စကားတွေဆိုနေ သဖြင့် ညီအောင်က ခပ်ယဲ့ယဲ့လျက် …

"ငါနဲ့ သင်းသင်းအေးနဲ့ ဘဝခြားကြပြီကွ၊ မတူတော့တဲ့ ဘဝနှစ်ခု ပေါင်းစပ်မှုကို သွားပေါင်းလို့ ရမလား။ မင်းနဲ့ငါနဲ့ မိတ်ဆွေဘဝချင်းတောင် ဘယ်လောက် ကွာခြားနေသလဲ။ အိမ်ထောင်ဘက်ဆိုတော့ မပြောနဲ့တော့ သူငယ်ချင်း"

"ဒီလို မပြောပါနဲ့ကွာ မင်းကလည်း"

သန်းဋ္ဌေးက မျက်နှာညှိုးလျက် ဆိုလိုက်လေသည်။ ညီအောင်က ထိုင်ရာမှ ဖြုန်းဆိုထကာ ပြန်ရန် နှုတ်ဆက်လိုက်လေသည်။ သန်းဋ္ဌေးကပါ လိုက်ထရင်း …

ညီအောင် မင်း ကားဝယ်တယ်ကြားတယ်၊ ဘယ်မလဲ၊ ဒီအတိုင်း ခြေကျင်လာသလား" ဟု သန်းဋ္ဌေးက အံ့သြသလို မေးလိုက်လေသည်။

"ဟ ကားစီးမိတာနဲ့ မြေကြီးပေါ် ခြေမချရဘူးလား။ ငါ လမ်းပေါ် ကလူပါကွ၊ ဘဝနဲ့ နီးစပ်တုန်းပါပဲ။ ကားကလည်း ချေးနဲ့စာလေးနဲ့ ပိုက်ဆံစု ဝယ်တာပါ။ မာဇဒါပစ်ကပ်လေးကွာ၊ သောင်းခြောက်ထောင်တန်ဟာ စာအုပ် တင်လို့ကောင်းတယ်၊ ငါရယ်၊ ကိုထိုက်အောင်ရယ်၊ တင်ကြည်ရယ် ငွေ ၆၀၀၀ စီထည့်ဝယ်ကြတာ၊ နာမည်ကတော့ ငါ့နာမည်နဲ့ပေါ့၊ သုံးဦးစပ် အသုံးပေါ့၊



www.burmeseclassic.com

ကိုထိုက်အောင်က စာစီစာကုံးတို့ ကျောင်းသုံး အင်္ဂလိပ်စာတွေ ဘာတွေပေါ့။ တင်ကြည်က စုံထောက်ဝတ္ထုနဲ့ ဘာသာပြန်၊ ကိုယ့်စာအုပ်အမြတ် ကိုယ်ယူကြေးပေါ့။ လုပ်တော့ ဗိုင်းလုပ်ပေါ့ကွာ”

“ဟန်ကျသားပဲ၊ သူဌေးဖြစ်နေပြီပေါ့”

“ချစ်ဦးနဲ့ အောင်မောင်းတို့ကတော့ ငါတို့ ငွေပင်ငွေရင်း စိုက်ထုတ်တဲ့ အလုပ်လုပ်ကြလို့ အရင်းရှင်ပေါက်စလို့ ခနဲ့တာပဲ၊ ငါကတော့ ဘာပဲဖြစ်ဖြစ် ဒီအလုပ်ကို ဝါသနာလည်းပါ၊ ပျော်လည်းပျော်တယ်။ အရင်ကတော့ ငါပြောချင်တာကို တရားဟောပြောတယ်၊ ခုတော့ ငါပြောချင်တာကို စာနဲ့ရေးပြောတယ်ပေါ့ကွာ၊ ငါ့အဖို့ ကလောင်လောက် ချစ်စရာကောင်းတဲ့အဖော် မရှိတော့ဘူး”

ပြောပြီး ပြန်ခဲ့လေသည်။ သန်းဌေးက ခြံဝအထိ လိုက်ပို့လေသည်။

* * *

(၃၈)

ညိုအောင်သည် ဌာနတစ်ခု၏ ဆင်နားရွက်တံခါးကို အသာလတ်နှင့် ခေါက်လိုက်လေသည်။ အချိန်ကတော့ သန်းဌေးဆီကအပြန် နံနက်ဆယ်နာရီ ခန့်လောက် ရှိပေမည်။ အတန်းတက်ချိန်မို့ အပြင်ကော်ရစ်ဒါ၌ လူတွေရှင်းနေသည်။ ဌာနအတွင်း၌ ဆရာ ဆရာမတွေလည်း မရှိကြ။ အတန်းတွေသို့ စာပြ သွားကြဟန်တူသည်။ ဆင်နားရွက် အတွင်းခန်းထဲမှ စာရွက် တဖျတ်ဖျတ် လှန်လှောသံကြားရမှ ညိုအောင်က ယတိပြတ် ဆုံးဖြတ်ချက်နှင့် တံခါးခေါက် လိုက်ခြင်းဖြစ်သည်။

“ဘယ်သူလဲ၊ ဝင်ခဲ့လေ”

လွန်ခဲ့သော အနှစ်နှစ်ဆယ်က ကြားနေကျ အသံကလေး။ သည်အသံသည် အနှစ် နှစ်ဆယ်ကြာခဲ့လည်း မပြောင်းလွဲဘဲ ယခင်အတိုင်းပဲ ရှိနေသည်။ အသံ နည်းနည်းပိုကျယ်၍ မာလာသည် တစ်ခုပါပဲ။ သင်းသင်းအေး အသံမှ သင်းသင်းအေးအသံ။

အစက ဝင်မည် စိတ်မကူးသော်လည်း သင်းသင်းအေး ဘယ်လို နေမည်လဲ ကြည့်ချင်သည်။ သူ့အပေါ် ဘယ်လို သဘောထားသေးသလဲ ဆိုတာလည်း သိချင်နေသည်။ နိုင်ငံခြား ပညာသင်သွားပြီး ပြောင်းလွဲလာလေ မည်လား အနောက်တိုင်းဆန်နေမည်လား။ တင်ပလ္လင်ချိတ်ထိုင်လျက် ပန်းရောင်ဆိုးထားသော ခြေသည်းအရှည်နှင့် ခြေထောက်ကို လှုပ်ယမ်းကာ စကားပြောနေလေမည်လား။ သားရေလက်ကိုင်အိတ်မှ စီးကရက်ဗူး ထုတ်ကာ


အရှေ့ကြယ် စာပေ
www.burmeseclassic.com

စီးကရက်ကို ဆူဆန်ပေါးဝဒ်လို မျက်စိမှေးကာ ဟန်ပါပါနှင့် သောက်နေလေမည်လား။

ပြီးတော့ သင်းသင်းအေးသည် သူနှင့် တွေ့စတုန်းကလို ဖြူစင်သေးရဲ့လား။ သင်းသင်းအေး၏ ပါးပြင်ပေါ်မှ ရွှေရောင်ပေါက်နေသော မွေးညှင်းနုနုကလေးများ ရှိသေးရဲ့လား။

မိမိမှာ အမျိုးမျိုးအဖုံဖုံ ဘဝစုံ ကျင်လည်၍ ကလေးနှစ်ယောက်ဖအေဖြစ်ကာ ပြောင်းလွဲခဲ့သော်လည်း သင်းသင်းအေးကို မပြောင်းလွဲစေချင်ပါ။ အရင်တုန်းက သင်းသင်းအေးအတိုင်း ရှိစေချင်ပါသေးသည်။ တစ်ချိန်တုန်းကတော့ ‘ကိုယ့်’ရဲ့ သင်းပေါ့။ သင်းသင်းအေးက လောကကြီးတွင် ‘ကိုယ့်’ ကိုသာ အချစ်ဆုံးဟု ပြောခဲ့လေသည်။ ခုကော ခုကော အရင်တုန်းကလိုပဲလားဟု စိတ်ကူးနုနုနှင့် တွေးရင်း တံခါးခေါက်လိုက်သောကြောင့် မိမိခေါက်လိုက်သော အသံကို ကျယ်သလို ထင်မိသေးသည်။

ထို့နောက် ‘ဘယ်သူလဲ၊ ဝင်ခဲ့လေ’ ဟူသော အသံနှင့်အတူ ဖျတ်ခနဲ တိုးတိတ်ရင်ခုန်ကာ တံခါးကို အသာတွန်းဟ ဝင်ခဲ့လေသည်။ ရင်ခုန်သံက တော်တော်နှင့် မပျောက်။ သင်းသင်းအေးကို မြင်ရသည့် အချိန်အထိပင်။ သင်းသင်းအေး နှုတ်ဖျားမှ …

“ဟော” ဟု အာမေဋိတ် တစ်လုံးတည်းသာ ဆိုနိုင်တော့သည်။

ညိုအောင်က နှုတ်ခမ်းစေ့ကာ ပြုံးလျက် …

“သရဲလာခြောက်တယ်လို့ မထင်ဘူးလား။ သေသေချာချာ ကြည့်ပါဦး၊ သရဲဖြစ်နေပါဦးမယ်”

သင်းသင်းအေးသည် ပြုံးပြီး မျက်လုံးများက ဝေမှိုင်းကာ ခေါင်းကို ခါရမ်းလျက် …

“သရဲလို့တော့ မထင်မိပါဘူး။ ဒါပေမဲ့ အိမ်ကနေ အကြာကြီး ထွက်သွားတဲ့ အိမ်သားတစ်ယောက်ဟာ နှစ်ပေါင်းအတော်ကြာမှ ဖြုန်းစားကြီး ပြန်လာသလိုပဲ ထင်မိတယ်”

ပြောလိုက်ရာ သင်းသင်းအေး၏ ပညာရှိစကားကို တွေးစရာတွေ





ဖြစ်လာလေသည်။ ‘သူ’ ဆိုလိုတာက ငါ့ကို ရင်းရင်းနှီးနှီး အိမ်သားတစ်ယောက်နဲ့ နှိုင်းပြီး သူချစ်နေသေးတဲ့ လူလို့ ဆိုလိုတာလား” ဟု အတွေးယဉ်နေမိသေးသည်။ ညိုအောင်သည် သင်းသင်းအေး စားပွဲရှေ့က ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။

အရင်ဆုံး စားပွဲပေါ် လက်ကလေးနှစ်ဖက် ယှက်ထားသည်ကို လှမ်းကြည့်လိုက်တော့ လက်သည်းရှည်လည်း မထား။ တိတိညီ ဖြတ်လှီးကာ ဆေးလည်းမဆိုးဘဲ နေသောကြောင့် ကျေနပ်နှစ်သိမ့်ရလေသည်။ ဆင်ယင်ထုံးဖွဲ့မှုကလည်း ငယ်စဉ်ကလိုပင် ခပ်ရှင်းရှင်း။ ကလက်ခြင်းလည်း မရှိ။ ရှေ့မှ ဆံပင်တွေတော့ အနည်းငယ် ဖြတ်ထားလျက် လှိုင်းတွန့်ကလေးများ လုပ်ထားပေမဲ့လည်း အမြင်မဆန်း။ ဆံပင်ကိုတော့ သေသပ်လှပစွာ ထုံးထားလေသည်။ ဆံထုံးထက်မှ ပန်းနုရောင် နှင်းဆီပွင့်တစ်ပွင့်မှာ ငုံအာ လန်းဆန်းကာ သင်းပျံ့မွှေးနေလေသည်။

မျက်နှာတွင် ပေါင်ဒါအနည်းငယ် မှုန်သလျက် ပန်းရောင်နုနု နှုတ်ခမ်းနီပြေပြေကလေး ဆိုးထားသည်။ ချော့ကလက် ဖျော့ဖျော့အရောင် လှိုင်းကြီးခရိတ်လက်စက ထူပွပွ၊ ပန်းနုရောင် ပြောင်ချည်ချော လုံချည်ကို ဝတ်ထားလေသည်။ သုံးပွင့်ဆိုင် ပတ္တမြားကျောက်နီနားပွင့်နှင့် ရွှေနံကြိုးသေးသေး ခပ်တိုတိုတွင် ကျောက်နီ မှုန်မှုန်ကလေးများတွင် ဆွဲထားလေသည်။ ပန်းနုရောင် သဲကြိုးသေးသေးနှင့် ဖိနပ်ပြားကလေး စီးထားသော ခြေသည်းတွေကလည်း ဆေးမဆိုး။ နဂိုပကတိ အရောင်။

• “ကိုညိုအောင်က အရင်အတိုင်းပဲနော်၊ ရုပ်မကျဘူး၊ နည်းနည်းပိန်တာတစ်ခုပဲ”

“သင်းသင်းအေးကကော”

သင်းသင်းအေးက ပြုံးနေသည်။ ညိုအောင်သည် သင်းသင်းအေးကို လွန်ခဲ့သော အနှစ်နှစ်ဆယ်က ရုပ်မျိုးပဲဟု မညာချင်သော်လည်း နည်းနည်းအရိုးအခံစ် ကြီးလာတာကလွဲလို့ သူ့ရှိရင်းစွဲအသက်ထက် ဆယ်နှစ်ခန့် ပို၍နုပျိုနေတာတော့ အမှန်ပင်တည်း။



www.burmeseclassic.com

"စာရေးဆရာအဖြစ် တော်တော် အောင်မြင်နေတာပေါ့ ဟုတ်လား။ 'မောင်လှလှ' နာမည်နဲ့ ရေးတဲ့ နိုင်ငံရေးနောက်ခံ ဝတ္ထုတွေကိုတော့ သင်း တပည့်တွေက တော်တော် ကြိုက်နေကြတယ်။ သင်းကိုတောင် သူတို့က လာဖတ်ခိုင်းနေတာ"

"သင်းသင်းအေးက မဖတ်ဘူးလား"

"တချို့ဝတ္ထုတွေတော့ သင်း ဖတ်ဖြစ်ပါတယ်၊ ကြိုက်လည်း ကြိုက်ပါတယ်။ 'နေလွင်' နာမည်နဲ့လည်း ရေးသေးတယ်ဆို"

"ဘယ်သူပြောလဲ"

"ဒီလိုပေါ့"

ပြောကာ သင်းသင်းအေးက ရယ်နေသည်။ ထို့နောက် …

"လူသတင်း လူချင်းဆောင်ပေါ့။ သင်းအားလုံး ကြားပြီးပါပြီ။ ကိုညိုအောင်တို့၊ ကိုချစ်ဦးတို့ အကြောင်းတွေကို။ ဝင်းဝင်းမော်လည်း မန္တလေး တက္ကသိုလ်မှာ ကထိက ဖြစ်နေပြီနော်၊ သူ့ယောကျ်ားက နယ်ပိုင်ဝန်ထောက်တဲ့၊ နော်စီစီကတော့ အပျိုကြီးပဲ၊ ကျောင်းအုပ်ဖြစ်နေပြီ၊ ကနေဒါ သွားပြီး အမ်အီးဒီ (M. Ed ) ဘွဲ့တောင် ယူလာသေးတယ်၊ ခုချိန်ထိ နဖူးပြောင်တင်းနဲ့ ကရင်လုံချည်ကြီးဝတ်လို့ အသွားအိုပေါက်စလေးပဲ၊ တွေ့သေးလား"

မတွေ့တော့ဘူး၊ ဆီးဖြူသီးကို ဆန့်ကောထဲ လှိမ့်သလိုပေါ့။ လူတွေလည်း ဟိုရောက်ဒီရောက်ပဲ၊ ကိုယ်ကတော့ ဗရမ်းဗတာဖြစ်ရတဲ့ဘဝမို့ ဆန့်ကော အပြင်ဘက်ကိုတောင် ရောက်သွားလေသလား မသိပါဘူး သင်းသင်းအေးရယ်၊ ဒါကြောင့်မို့ သင်းသင်းအေးနဲ့ ဒါလောက်အကြာကြီး ကွဲခဲ့ရတာပေါ့" ဟု အမှတ်မထင် ပြောမိပြီး ဝမ်းနည်းသလို ဖြစ်လာ၍ သက်ပြင်းတစ်ချက်ချကာ ငိုင်နေမိလေသည်။

သင်းသင်းအေးက စားပွဲကို စိုက်ငေးကြည့်ကာ စားပွဲပေါ် တံတောင် နှစ်ဖက်ထောက်လျက် လက်များကို ယှက်မြဲယှက်ထားပြီး …

"ဟုတ်တယ်၊ အကြာကြီးပဲနော်၊ သင်း စိတ်ထဲမယ် ဒါလောက် ကြာလိမ့်မယ်တောင် မထင်မှတ်မိဘူး၊ တစ်ဘဝမှာ လူလာဖြစ်ရတာ ခဏလေးပဲနော်၊





ဒီကြားထဲ ကိုအောင်မောင်းလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဖျတ်ခနဲ သေသွားတယ် ဆိုတော့ နေရတဲ့အချိန်က ဘယ်မတုံး"

သင်းသင်းအေးကလည်း သံဝေဂသံနှင့်ပြောရင်း အသံကတုန်နေသည်။ ညိုအောင်က သင်းသင်းအေး၏ မျက်နှာကလေးကို စိုက်ကြည့်ပြီး …

"အဲလောက် အချိန်တိုတာတောင် ကိုယ်တို့မှာ ရှုန်းကန်နေရတာပဲ၊ အချိန်များရှည်ရင် အခက်ပဲလို့ ကိုယ်အမြဲတွေးတယ်၊ ဒုက္ခတွေများလွန်းလို့ သေရမှာကို မကြောက်တော့ဘူး၊ ကိုယ့်ဘာသာကိုယ်လည်း သက်ဆိုးရှည်မယ် မထင်ခဲ့တာ၊ ဟော၊ မရင်ကြည်က ဖြုန်းစားကြီး သေသွားရတယ်၊ ဒီတော့ ကလေးနှစ်ယောက်နဲ့ ကိုယ်နဲ့ ဒုက္ခပင်လယ်ထဲ နစ်ခဲ့ပြန်တာပေါ့ သင်းသင်းအေးရယ်"

ဘာကြောင့်ရယ် မသိ။ ညိုအောင်က သင်းသင်းအေးကို ခရေစေ့တွင်းကျ ဖွင့်ဟပြောမိလေသည်။ အသံကလည်း နည်းနည်း တုန်နေလိမ့်မည်ထင်သည်။ သင်းသင်းအေး၏ မျက်လုံးအိမ်မှာ စိုစွတ်လာပြီး မျက်ရည်များ လည်လာလေသည်။ ထို့နောက် ငယ်စဉ်ကလို မဟုတ်မူဘဲ ရင့်ကျက်တည်ငြိမ်သော အမူအရာနှင့်…

"သင်း ဒီသတင်းကြားရတော့ စိတ်မကောင်းဖြစ်မိတယ်၊ အဲ့ဒီမတိုင်မီ ကိုအောင်မောင်းကြီး ကိုညိုအောင်တို့အိမ် လာအိပ်တာရယ်၊ ကိုညိုအောင် အဲဒါကြောင့် ထိန်းသိမ်းခံရတာရယ်၊ အို အကုန်ပါပဲ၊ သင်း သိနေရတယ်"

"ဒါတွေလည်း သိတယ်"

"လူတွေကတော့ တစ်ယောက်အကြောင်း တစ်ယောက်ပြောနေကြ တာကိုး သင်းသိတာပေါ့၊ ပြောစရာကလည်း ကောင်းသတင်း မကောင်းသတင်း သတင်းနှစ်မျိုးပဲ ရှိတယ်မဟုတ်လား၊ မကောင်းသတင်းဆိုတာတောင် လာဘ်စားတာတို့၊ အကျင့်စာရိတ္တချွတ်ယွင်းပြီး သူများ သားပျိုသမီးပျို ဖျက်ဆီးတာ၊ နောက်မီးလင်းတာတို့၊ ကောက်ကျစ်စဉ်းလဲတာ၊ အချင်းချင်း မကောင်းကြံတာ၊ မတရား အခွင့်အရေးယူချင်တာ၊ သူများကို အဆင်းတွန်းတာတို့ အဲဒါမျိုးတွေ မဟုတ်ရင်တော့ သတင်းဆိုးတော့ မယူဆနိုင်ဘူး"

"ဒါပေါ့လေ၊ သတင်းမွှေးတာနဲ့ ပုပ်တာ ကွာခြားတာပေါ့။ အများကြီး ကွာခြားတာပဲ၊ သင်းသင်းအေးကတော့ အမြဲပဲ သင်းသင်းပျံ့မွှေးနေမှာပဲနော်၊



www.burmeseclassic.com

ကိုယ်တော့ သင်းသင်းအေး သတင်းမွှေးတာကို စောင့်နားထောင်ရင်း ဝမ်းသာနေရတယ်''

သည်တော့ သင်းသင်းအေးက ရယ်နေသည်။ ငယ်စဉ်က ရယ်သလိုပင် လှိုက်လှိုက်လှဲလှဲ ဟက်ဟက်ပက်ပက် ရယ်ရင်း ...

''သိပ်ဆိုပါလား'' ဟု ပြောလိုက်လေသည်။

ညိုအောင်က လှိုက်လှဲစွာ ရယ်မောနေသော သင်းသင်းအေး၏ မျက်နှာလေးကို စိမ်းစိမ်းစားစား ကြည့်ပြီးနောက် ရုတ်တရက် ပြစ်မှားစိတ်တွေ ဝင်ပြီး ''ငါ ဒီမျက်နှာလေးကိုပေါ့ အကြိမ်ကြိမ် နမ်းခဲ့ရတာ၊ သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ၊ ခုတောင် နမ်းခွင့်ရရင် နမ်းချင်ပါသေးရဲ့''ဟု ဖျတ်ခနဲ ရင်ဖိုကာ တွေးမိရင်း ယခင် ငယ်ရွယ်သူတို့ ဖျတ်လတ်အတင့်ရဲပုံကို မြင်ယောင်မိပြန်လေသည်။ ယခုတော့ ကလက်ရမှာကို ရှက်နေပေပြီ၊ သင်းသင်းအေးကလည်း ငယ်ရွယ်စဉ်က (၁၇)နှစ်သမီးအရွယ် တက္ကသိုလ်မယ်သစ်လွင်လေး မဟုတ်တော့ပေ။ ယခု အသက် (၃၆)နှစ်အရွယ် ကထိက ဆရာမကြီး ဒေါ်သင်းသင်းအေး။

''ကိုညိုအောင် ရင်ဘတ် အောင့်အောင့်နေတယ်ဆို''

''ဟုတ်တယ် သင်းသင်းအေး၊ ဓာတ်မှန်လည်း ရိုက်ကြည့်ပြီးပြီ၊ ရောဂါရှာမရဘူး၊ အာသာရော ဆရာဝန်တွေရော ဗမာနည်းနဲ့ စမ်းကြည့်လည်း မပျောက်ဘူး၊ လူကြီးတွေပြောသလို ဝဋ်နာပဲ ထင်ပါရဲ့''

သင်းသင်းအေးက ကြင်နာသော လေသံလေးနှင့် ...

''အဲ့လို ရင်ဘတ်အောင့်တဲ့အခါ ဘယ့်နှယ့်နေသလဲ''

''သိပ်နာတယ်၊ အသက်ရှူ ရပ်ရပ်သွားတယ်၊ တစ်ခါတလေ အသက်ပါပါခမန်းပဲ''

''အို''

သင်သင်းအေးက ကရုဏာသက်စွာ စုပ်သပ်ပြီးနောက် ...

''ပင်ပန်းတဲ့ဒဏ်တွေပဲ ထင်ပါရဲ့နော်၊ အနားယူကြည့်ပေါ့၊ နောက်တစ်ခုက ကိုညိုအောင် ဝိပဿနာတရား ထိုင်ကြည့်ပါလား၊ သင်းကို





မကြည့်ပါနဲ့၊ ရုပ်ဝါဒသမားကို ဗုဒ္ဓဘာသာဖြစ်လာအောင် ဆွယ်တာမဟုတ်ပါဘူး၊ ဘာသာရေးလိုက်စားအောင် ဆွယ်ရတယ်ဆိုတာ အဆွယ်ခံရတဲ့လူ သိက္ခာကျစေတာပေါ့။ ကိုယ့်ဘာသာကိုယ် သဘောပေါက်အောင် လေ့လာပြီး သက်ဝင်ယုံကြည်လာမှ ကောင်းတယ်၊ ပြီးတော့ ဗုဒ္ဓဘာသာ တရားတော်ဟာ လက်တွေ့အစစ်ဆေးခံနိုင်တဲ့ ဘာသာတစ်ရပ်ပဲ''

''မှတ်ပါဘူး၊ ကိုယ်ကြည့်တာက သင်းသင်းအေး အသက်နဲ့ ဝိပဿနာအကြောင်း ပြောနေလို့ပါ''

''အသက်နဲ့ မဆိုင်ပါဘူး၊ သေမင်းဟာ အသက်ငယ်လို့ မခေါ်ဘဲ ထားသွားတာမှ မဟုတ်ဘဲ၊ ကိုအောင်မောင်းဆို သေသင့်တဲ့အရွယ်မှ မဟုတ်ဘဲ၊ ပြီးတော့ သေရတာလည်း အသေဆိုး၊ အရှင်လတ်လတ် ငရဲကျပြီးမှ သေရတာ မဟုတ်လား၊ သေပြီး ဘယ်ဘုံနဲ့ ဘဝကူး ဘဝဆက်တွေ သင်းက ယုံတယ်လေ၊ ရေဖူးနဲ့ ဖိနပ်မပါ နွေခါမှသိ၊ သီလနဲ့ ဒါနမပါ သေခါမှသိတဲ့၊ ဒီတော့ သင်း ဝိပဿနာတရားကို အားထုတ်ဖြစ်တာပေါ့၊ အနည်းဆုံး သမာဓိတော့ တည်နိုင်တာပေါ့လေ''

ညိုအောင်က ပြုံး၍သာနေသည်။

''အဲလို သင်းကို မပြုံးပါနဲ့''

''သင်း စကားပြောပုံလေးကို သဘောကျလို့ပါ၊ မယ်သီလရင်တစ်ပါး တရားဟောတာနဲ့များ တူနေမလားလို့''

''သင်းကို မလှောင်ပါနဲ့''

''မလှောင်ပါဘူး သင်းသင်းအေးရယ်၊ ကိုယ် ဘာလို့လှောင်ရမလဲ၊ စေတနာနဲ့ ပြောတာကို''

''တကယ် စေတနာနဲ့ ပြောတာပါ၊ ကိုညိုအောင့်ဘဝနဲ့ ခံစားရတာတွေကို သင်း သနားလို့ပါ၊ စောစောက စကားဆက်ရဦးမယ်၊ သင်း မိတ်ဆွေတစ်ယောက်က ညိုညိုမြင့်တဲ့၊ အထက်တန်းပြ ဆရာမ၊ နှလုံးရောဂါရှိတယ်၊ သင်း တောင်ဥက္ကလာပ မွှာရုံကို ကမ္မဋ္ဌာန်းထိုင်ဖို့ ခေါ်သွားတာ ခြောက်လပဲ ထိုင်ရတယ်၊ တစ်သက်လုံး မပျောက်ခဲ့တဲ့ နှလုံးရောဂါ ခု အရှင်းပျောက်သွားပြီ။



www.burmeseclassic.com

နောက်တစ်ယောက်က သင်းသင်း လက်အောက်က နည်းပြဆရာမလေး၊ ပင်စီနူးလေ၊ တရုတ်အစစ်ဆိုတော့ ဘာသာရေး စိတ်သန်တာမဟုတ်ဘူး၊ သူလည်း ရင်ဘတ် အောင့်တာပဲ၊ ခု ပျောက်သွားပြီ၊ သူ့ခေါ်မေးကြည့်၊ ကင်ဆာတို့ ဘာတို့လို ကုမရတာမျိုးတော့လည်း မဟုတ်ဘူးပေါ့။ ဒီမယ် ကိုညိုအောင်၊ သင်း ပြောမယ်၊ သင်းကိုကြည့်''

ညိုအောင်က သင်းသင်းအေးအား ဆရာမသဖွယ် သူ့လက်များကို ပိုက်လျက် သင်းသင်းအေးအား မချိုမချဉ် ကြည့်ရင်း ...

''ဟုတ်ကဲ့ ဆရာမ''

''မနောက်နဲ့၊ သင်း တကယ်ပြောနေတာ''

''ကဲ ကဲ၊ ပြော ပြော''

''ဒီ နှာသီးဖျားပဲဖြစ်ဖြစ် ရင်ဝမှာပဲဖြစ်ဖြစ် စိတ်ကိုထား၊ စိတ်က လွင့်ချင်ရာ လွင့်လိမ့်မယ်၊ အလွင့်မခံနဲ့၊ သတိထက်ကြပ်ထား စိတ်ကို ပြန်ခေါ်၊ တခြား ဘာမှလုပ်ဖို့ မလိုပါဘူး၊ တစ်နေရာတည်းကိုပဲ အာရုံစိုက်နေရတာ၊ 'စွန်းလွှန်း'နည်းကတော့ သမာဓိရလွယ်တယ်၊ ဒါပေမဲ့ အသက်ပြင်းပြင်း ရှုရတော့ ပင်ပန်းတယ်၊ ဒါကတော့ သက်သာတယ်၊ စိတ်တော့ ပျံ့လွယ်တယ်၊ မပြန့်အောင် ပြန်ထိန်းပေါ့၊ ကိုညိုအောင့် စိတ်ကခိုင်မာသားပဲ၊ သမာဓိရလွယ်မှာပါ''

''ဪ ဟုတ်လား''

''နောက်ပြန်ပြီ''

''အကောင်းပြောတာပါ''

''ထားပါတော့လေ၊ အဲလို ရင်ဝမှာ စိတ်ကငြိမ်ပြီး စွဲမြဲလာရင် သမာဓိ ဖြစ်လာလိမ့်မယ်၊ အဲဒီတော့ ခန္ဓာကိုယ်ကြီး ဖောက်ပြန်တာ ရင်ထဲဝမ်းထဲ ပူတာ၊ အေးတာ၊ လေးတာ၊ ပေါ့တာ၊ တရှိန်ရှိန် တသုတ်သုတ်၊ တလှုပ်လှုပ် တရွရွနဲ့ ရင်ထဲဆူပွက်လာမယ်၊ တစ်ခါတလေ မိုးဖွဲတွေကျသလို ခံစားရမယ်၊ လူ့စရိုက်ကို လိုက်ပြီး တချို့ကလည်း သက်သက်သာသာ တွေ့တယ်၊ တချို့က ပြင်းပြင်းထန်ထန် တွေ့တယ်၊ ကိုညိုအောင် စမ်းကြည့်ပါလား၊ တစ်နေ့ကို တစ်နာရီဖြစ်ဖြစ်ပေါ့ ကိုညိုအောင်။ မယုံကြည်တဲ့တရားကိုလည်း စဉ်းစားဖို့





မလိုပါဘူး၊ ဗုဒ္ဓဘုရားကို တ,ပြီး အာရုံပြုဖို့ မလိုပါဘူး။ ဒါလေးတစ်ခုထဲ လက်တွေ့စမ်းကြည့်ပါလေ၊ သမာဓိရရုံတင်ပါ Exercise(အလေ့အကျင့်ယူတဲ့) သဘောမျိုးပေါ့''

သင်းသင်းအေးက တရားတွေနှင့် သူချစ်သူ ဒိဋ္ဌိကို တရားပြရှာလေသည်။ ညိုအောင်က သင်းသင်းအေး၏ မျက်နှာလေးကိုသာ ချစ်မြတ်နိုးစွာ စိုက်ငေး ကြည့်နေမိသည်။ သင်းသင်းအေးက သူ့ကိုစကား ပြန်မပြောသော ညိုအောင်အား ပြန်ကြည့်၍ ...

''သင်း ပြောတာတွေ ကြားကောကြားရဲ့လား၊ သင်းက ကိုညိုအောင် ရင်ဘတ် အောင့်အောင့်နေတတ်တယ်ဆိုတာ ကြားရထဲက စိတ်မကောင်းဖြစ်နေတာ။ ခေါ်ပြီး ပြောမလို့ဟာ တစ်ယောက်နဲ့ တစ်ယောက်က အဆက်အသွယ်ကလည်း မရှိ''

''ကြားပါတယ် သင်းသင်းအေးရယ်၊ ကိုယ် စမ်းကြည့်ပါဦးမယ်''

မင်းတိုင်းကျေ ဖြေလိုက်မိလေသည်။ ညိုအောင့်စိတ်ကမူ တိတ်တခိုး လှိုင်းထကာ ''သင်း 'ကိုယ်'ကိုအရင်လို ချစ်သေးရဲ့လား'' ဟူသော စကား တွေနှင့် နှစ်ကိုယ်ချင်း ချစ်တင်းဖွဲ့ဆိုချင်လေသည်။ အနည်းဆုံး သင်းသင်းအေး၏ လက်ကလေးဖြစ်ဖြစ် ကိုင်လျက် ''သင်းရယ် ကိုယ်တို့ ဟိုတုန်းကမက်ခဲ့သလို အိမ်မက်လှလှကလေးတွေ မက်ကြရအောင်'' ဟူသော စကားအလှတွေနှင့် စိတ်ကူးလည်း ယဉ်မိသေးသည်။

အခန်းအပြင်မှ အားလပ်ချိန်ရ၍ တစ်နေရာရာသို့သွားပြီး ပြန်လာသော သင်းသင်းအေး၏ လက်အောက်မှ ဖြစ်ဟန်တူသော ဆရာနှစ်ယောက် စကား ပြောသံကြားရတော့ ညိုအောင့် စိတ်ကူးများသည် တမုဟုတ်ချင်း ပျယ်ပြယ် လေသည်။

ညိုအောင်သည် မြုန်းဆို ထိုင်ရာမှ ထကာ ...

''ကိုယ် ပြန်ဦးမှ၊ သင်းသင်းအေးလည်း အလုပ်ရှိလိမ့်မယ်''

''ဟုတ်ကဲ့၊ နောက် အကြောင်းသင့်လည်း လာလည်နိုင်ပါတယ်''

''လာတာပေါ့လေ လာတာပေါ့၊ ကိုယ့်ကို ကမ္ဘာ့ဌာန်းကျောင်းကော



www.burmeseclassic.com

ပို့ပေးဦးမလား"

ညိုအောင်က သဲ့သဲ့ရယ်ရင်း မေးလိုက်လေသည်။ သင်းသင်းအေးက မဆိုင်းမတွပင် ...

"အို ပို့ဆိုရင် ပို့ပေးမှာပေါ့၊ လာခဲ့လေ"

"ကိုင်း ပြန်မယ် ဒေါ်သင်းသင်းအေး၊ ဝါဝင်တော့မယ်နော်၊ အဖိုးကြီး ဘယ့်နှယ် သိပ်စဉ်းစားနေတုန်းပဲလား၊ ရွှေစရာလူတွေကလည်း များနေပြီထင်ပါ့"

အမှတ်တမဲ့ စ,လိုက်ခြင်းသာ ဖြစ်လေသည်။ သင်းသင်းအေးက ပြုံးငေးငေးလေးနှင့် ...

"ဒီဝါအဝင်တော့ သေချာပါပြီ" ဟု တုံ့ဆိုင်းစွာ ဆိုလိုက်လေသည်။

"တကယ်"

"တကယ်ဆို ရက်တောင် သတ်မှတ်ပြီးပြီ"

ညိုအောင်က ဖျတ်ခနဲ ရင်ဖိုကာ ...

"ဘယ်သူနဲ့တဲ့လဲ"

"သမဝါယမ ဌာနက ကိုမျိုးသန့်ပါ"

"လူငယ်ချင်းတွေ့တာလား လူကြီးတွေ စီစဉ်တာလား"

"နှစ်မျိုးစလုံးပေါ့၊ သင်းကို သူ သဘောကျနေတာ ကြာပါပြီ။ မော်လမြိုင်မှာ နေထဲကပဲ။ သင်းက စဉ်းစားနေတာနဲ့ပဲ ကြာနေတာ။ သင်းထက် နှစ်နှစ်ငယ်တယ်၊ ဂရက်ဂျူဝိတ် ဖြစ်ကြတာတော့ အတူတူပဲလို့ ပြောတယ်၊ ကျောင်းတုန်းကတော့ ဘာသာတွဲချင်း မတူလို့ မဆုံဖြစ်ကြဘူး ခုမှ"

"သင်း ကံကောင်းပါတယ်လေ၊ ဖိတ်စာပို့လိုက်နော် တစ်ခုခု လက်ဖွဲ့ချင်လို့ပါ၊ ကိုယ်ပြန်မယ် သင်း"

သင်းသင်းအေးက ညိုအောင်ကို မော့ကြည့်ပြီး မျက်ရည်များဝိုင်းနေသော မျက်လုံးများကို မျက်လွှာချလိုက်လေသည်။ သင်းသင်းအေးက ထိုင်နေရာမှထ၍ ညိုအောင်ကို တံခါးဝအထိ လိုက်ပို့လေသည်။ ညိုအောင်သည် သင်းသင်းအေး၏ မျက်လုံးများကို စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက်ချလျက် ...

"ဘဝနှစ်ခုဟာ တစ်ခုက အတက်၊ တစ်ခုက အဆင်း၊ ဘယ်ပေါင်းဆုံ





နိုင်ပါ့မလဲ သင်းရယ်၊ သင်းက ကံကောင်းတဲ့မိန်းကလေး၊ ကိုယ်က ကံဆိုးတဲ့လူ။ မတူတဲ့နှစ်ခုဟာ ပေါင်းဖို့ မကြိုးစားသင့်ဘူး၊ ကြိုးစားရင်လည်း မတရားရာ ကျမှာပဲ" ဟု ပြောရင်း အသံတွေတုန်ကာ မြန်းဆို ထွက်ခွာလာခဲ့လေသည်။

သင်းသင်းအေးတစ်ယောက် မျက်ရည်ကျနေရစ်မည်ထင်သည်။ ညိုအောင့် ရင်ထဲ၌လည်း ငိုချင်းချနေလေသည်။ ဪ ဝတ္ထုတွေထဲကလို သင်းသင်းအေးက သူလက်ထပ်မည့် လူကိုဖယ်ခွာပြီး ကိုယ့်ဆီပြေးလာပါတော့မည်လား။ ကိုယ်ကလည်း သူ့ရဲကောင်းကြီးလုပ်၍ သင်းသင်းအေး လက်ကို အတင်းဆွဲပြီး ကားနှင့် တင်ပြေးရမည်လား။ လက်တွေ့မှာတော့ မဖြစ်နိုင်ပြီတည်း။

အဓိပတိလမ်းမကြီးပေါ်တွင် လျှောက်လို့လျှောက်မှန်း မသိဘဲ လျှောက်လာခဲ့လေသည်။ အစိမ်းနုနု ဖင်မလီယာကားပေါ်မှ 'ဟစ်ပီ' လိုလို ဆံရှည်ကိုယ်တော်လေးများက လမ်းမလယ်ခေါင် လမ်းလျှောက်လာသော ညိုအောင်အား ဝိုင်းအော်ကာ နောင်ပြောင်လိုက်သည် ထင်မိသည်။

ခံ့ထည်သော ငွေမင်ရောင် သံတံခါးကို တွေ့မြင်ရပြန်သည်။ ယခု သည်တံခါးပေါက်က ထွက်ခွာခဲ့ရလေပြီ။ အဓိပတိလမ်းဘေး တစ်ဖက်တစ်ချက်မှ စိမ်းလန်းစိုပြည်မြဲ ဖြစ်သော တမာပင်များက တရိပ်ရိပ် ကျန်ရစ်ခဲ့ပြီတည်း။

ခင်ဆွေဦး



www.burmeseclassic.com